# ဝိညာဉ်တော်၌ရှိသော
# အသက်

## ခရစ်တော်၏ပြည့်စုံမှုကို
## ထိတွေ့ခံစားခြင်း

Paul J. Bucknell
ဘာသာပြန်သူ–Bee Htan

## Paul J Bucknell ရေးသားသောစာအုပ်များ

## ယနေ့မိမိတို့အသက်တာအတွက် သမ္မာကျမ်းစာကို အခွင့်ပေးပါ

၁။ စိုးရိမ်မှုကို ကျော်လွှားခြင်း - ငြိမ်သက်ခြင်းကို တွေ့ရှိခြင်း၊ ဘုရားသခင်ကို တွေ့ရှိခြင်း
၂။ ဝိညာဉ်တော်၌ရှိသောအသက် - ခရစ်တော်၏ပြည့်စုံမှုကို ခံစားခြင်း
၃။ သင့်အနာကို ငြိမ်းစေသောသခင်ဘုရား - သူ၏အနာငြိမ်းစေခြင်းကို ထိတွေ့ပါ
၄။ အလယ်အလတ်ကို ကျော်လွှားခြင်း - အောင်နိုင်သူဖြစ်ခြင်း
၅။ အသက်၏အနှစ်သာရ - စိတ်နှလုံးလေ့ကျင့်မှုကို ရှာဖွေတွေ့ရှိခြင်း
၆။ ဘုရားသခင်၏လူ - လူတစ်ဦး၏အသက်တာကို ဘုရားသခင်တို့ထိသောအခါ
၇။ ကျမ်းချက်များနှင့် လေ့လာမှုလမ်းညွှန်မှတဆင့် ရွေးနှုတ်ခြင်း
၈။ မိသားစုအတွက် ဘုရားတရားကြည်ညိုခြင်း အစများ
၉။ ကျမ်းစာအုပ်ထိန်းခြင်းဆိုင်ရာ အခြေခံမှုများနှင့်အလေ့အကျင့်များ
၁၀။ ကြီးမြတ်သောအိမ်ထောင်ရေး တည်ဆောက်ခြင်း
၁၁။ အတိုင်ပင်ခံများအဖို့ ခရစ်ယာန်အိမ်ထောင်ရေးဆိုင်ရာ အကြံဉာဏ်လက်စွဲ
၁၂။ တပည့်တော်ဖြစ်ခြင်း ဆက်နွယ်မှု - ဖြတ်ကျော်လေ့ကျင့်ရေး
၁၃။ အပြေးပြိုင်ပွဲ - လိင်စိတ်တပ်မက်မှုကို ကျော်လွှားခြင်း
၁၄။ ကမ္ဘာဦးကျမ်း အနက်ဖွင့်ချက်
၁၅။ ရောမသြဝါဒစာ အနက်ဖွင့်ချက်
၁၆။ အသက်တာပြောင်းလဲခြင်း - ရော၊၁၂၉-၂၁ ကိုအခြေပြု၍ လစဉ်ဆည်းကပ်ခြင်း
၁၇။ စည်းလုံးမှုအတွက် ဝိညာဉ်ရေးမြေပုံ
၁၈။ ရောမသြဝါဒစာ - သမ္မာကျမ်းစာ လေ့လာမှုများ
၁၉။ ဧဖက်သြဝါဒစာ - သမ္မာကျမ်းစာ လေ့လာမှုများ
၂၀။ ခရစ်တော်၌ တည်နေခြင်း - ယေရှုနှင့်အတူ လျှောက်လှမ်းခြင်း
၂၁။ တိတုကျမ်းရှိ ခြုံငုံသောကျမ်းစာလေ့လာမှုများ
၂၂။ ၁ပေကျမ်း လေ့လာမှုမေးခွန်းများ - ပျက်စီးနေသောကမ္ဘာ၌ အသက်ရှင်ခြင်း
၂၃။ သာသနာသို့ ခြေလှမ်း လှမ်းလိုက်ပါ
၂၄။ သာသနာအတွက် ခေါင်းဆောင်များကို လေ့ကျင့်ပေးခြင်း
၂၅။ စာတန်၏ခြေကုတ်စခန်း လေးခု - ဖျက်ဆီးသူ ဖျက်ဆီးခံရပြီ
၂၆။ ယောနအတွက် လေ့လာရန် မေးခွန်းများ - ဘုရားသခင်၏နှလုံးသားကို နားလည်ခြင်း

ကျွန်ုပ်တို့၏ဒီဂျစ်တယ်စာကြည့်တိုက်များတွင် ဤစာအုပ်များအပြင် ဆလိုက်များ၊ လက်ကမ်းစာစောင်များ၊ အသံ/ဗီဒီယိုဖိုင်များနှင့် အခြားအရာများလည်း ပါဝင်သည်။ ပိုမိုသိရှိလိုပါက www.founsationsforfreedom.net တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# ဝိညာဉ်တော်၌ ရှိသောအသက်

## ခရစ်တော်၏ပြည့်စုံမှုကို ထိတွေ့ခံစားခြင်း




Paul J. Bucknell
ဘာသာပြန်သူ - Bee Htan

# စာအုပ်မှတ်တမ်း

## ဝိညာဉ်တော်၌ရှိသောအသက် - ခရစ်တော်၏ပြည့်စုံမှုကို ခံစားခြင်း

Copyright © 2017 by Paul J. Bucknell

Translator – Bee Htan

Digital eBook
ISBN : 978-1-61993-168-8

Printed
ISBN : 978-1-61993-169-5

All rights reserved. Limited production is acceptable without prior permission for home and educational use.
For extensive reproduction or translation contact the author at info@foundationsforfreedom.net.

# ချီးကျူးဂုဏ်ပြုခြင်း

သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ကိုယ်တော်ရဲ့တန်ခိုးကြီးတဲ့ရွေးနုတ်ခြင်းလုပ်ငန်းထဲမှာ သူနှင့်အတူ ပူးပေါင်းဆောင်ရွက်ဖို့ သူ့လူတွေထဲမှာ နက်နက်ရှိုင်းရှိုင်းလှုပ်ရှားခြင်းဆိုင်ရာ သူ့ရဲ့ကောင်းမွန်သောနည်းလမ်းတွေအတွက် ကျွန်ုပ်တို့သည် သခင်ယေရှုကို ချီးမွမ်းလျက် သူနှင့် ပိုမိုနီးကပ်နိုင်ဖို့အတွက် နည်းလမ်းတွေကို နှိမ့်ချစွာရှာဖွေကြတယ်။ လေက ကျွန်ုပ်တို့အသက်ရှင်ဖို့အတွက် အောက်ဆီဂျင်ကို ယူဆောင်ပေးသလိုပါပဲ သန့်ရှင်းသောဝိညာဉ်တော်ကလည်း ကျွန်ုပ်တို့အသက်တာထဲကို ဝိညာဉ်ရေးရာအသက်တာ၊ လိုအင်ဆန္ဒ၊ မျှော်လင့်ချက်၊ ချစ်ခြင်းနှင့်တန်ခိုးတွေကို ယူဆောင်ပေးပြီး ကျွန်ုပ်တို့ကို ခရစ်တော်နှင့် ပိုမိုသဏ္ဍာန်တူစေပါတယ်။

# အသိအမှတ်ပြုခြင်း

ဒီအကြောင်းအရာတွေကို ပထမဆုံးသင်ကြားပေးတဲ့အချိန် မြေပုံဒီဇိုင်းတွေအတွက် ကျွန်ုပ်နှင့်အလွန်နီးကပ်စွာလုပ်ဆောင်ပေးခဲ့သူ Rev. Hugo Cheng ကို အထူးကျေးဇူးတင်ရှိပါတယ်။ ပြီးတော့ Dr. Ridge Orr၊ Jessie McLaughlin နှင့် Calvin Chiang အပြင် ငါ့သမီး Allison Bucknell Herrera တွေဟာ ငါ့အတွက်အမြဲတမ်းအခိုင်အမာရှိတဲ့လူတွေပါပဲ။ အထူးသဖြင့် ငါ့သမီး Bucknell Herrera၊ ဟာ ဒီစာအုပ်အပါအဝင် ကျွန်ုပ်စာအုပ်တွေကို တည်းဖြတ်လိုသောဆန္ဒဖြင့် ကျွန်ုပ်ကို ကူညီပေးနိုင်ခဲ့တယ်။

# နိဒါန်း

ကောလိပ်တက်တုန်းက ပထမဆုံးရွက်လှေနဲ့ ရွက်လွှင့်တဲ့အခါ ကြုံတွေ့ခဲ့တဲ့အဖြစ်အပျက်တော်တော်များများက ငါ့ကို စွဲလန်းစေခဲ့တယ်။ အဲဒီတုန်းက ဘာကိုမှမကြောက်မရွံ့ဘဲ ခေါင်းဆောင်က ရွက်လွှင့်ခြင်းကို အပြန်ပြန်အလှန်လှန်လှည့်ပတ်ပြီးတော့ ငါတို့ကို စိတ်ချလက်ချလမ်းပြနိုင်ခဲ့သလို ဖလော်ရီဒါရေကန်ကြီးကိုလည်း ဒီလှေနဲ့ ဖြတ်ကူးခဲ့ကြရတယ်။ ငါတို့တွေဟာ လေရိုင်နဲ့မောင်းနှင်တဲ့အတွက် မြန်မြန်ခရီးရောက်တယ်။ ကျွန်တော်လည်း တကယ်အံ့အားသင့်သွားမိတယ်။ အလုံးစုံအံ့သြဖွယ်ကောင်းအောင် ပံ့ပိုးပေးတဲ့အထူးအတွေ့အကြုံတစ်ခုဖြစ်လာခဲ့တဲ့အတွက် ယုံကြည်သူတိုင်းရဲ့အသက်တာထဲမှာ ဘုရားသခင်ရဲ့ဝိညာဉ်တော်ပြုလိုတဲ့ပုံစံကို ဖော်ညွှန်းစေပါတယ်။ ပူပြင်းတဲ့နေရောင်အောက်မှာ လွင့်မျောဖို့ ကျွန်တော်တို့ကို စေလွှတ်ထားပေမယ့် တန်ခိုးကြီးတဲ့ဝိညာဉ်တော်အားဖြင့် ခရစ်တော်နဲ့ပြည့်စုံတဲ့အသက်တာနဲ့ အသက်ရှင်ဖို့ ကျွန်တော်တို့ကို ခွန်အားနဲ့ ခိုင်ခံ့စေပါတယ်။

ရုပ်ပိုင်းဆိုင်ရာအရ ဟိုးလွန်ခဲ့တဲ့အချိန်က လှေကိုကျွမ်းကျင်စွာရွက်လွှင့်ခဲ့တဲ့ငါ့ရဲ့ရေကြောင်းပြသူမိတ်ဆွေ Jess လိုမျိုးဖြစ်ဖို့အတွက် ငါအရာများစွာကို ကျွမ်းကျင်အောင်လုပ်ရမယ်။ ဝိညာဉ်တော်ထံမှ အတွေ့အကြုံနှင့်သင်ယူခြင်းအတွက်လည်း အလားတူပါပဲ။ ကိုယ့်ရဲ့အသက်တာမှစ၍ သခင်ဘုရားကို စစ်မှန်စွာသိတဲ့သူတွေရဲ့အသက်တာအားလုံးဟာ ဒီဝိညာဉ်ရေးခရီးစဉ်မှာ စတင်လုပ်ဆောင်နေရတာပါ။ ခရစ်ယာန်မိတ်သဟာယဖွဲ့ခြင်းနဲ့ ဓမ္မအမှုမှာ ကုန်ဆုံးခဲ့ရတဲ့ကျွန်တော့်ဘဝရဲ့ဆယ်စုနှစ်ပေါင်းများစွာကို ပြန်ကြည့်တဲ့အခါ ဘုရားသခင်ရဲ့ဝိညာဉ်တော်က အပေါ်ယံအဆင့်မှာတင်မဟုတ်ဘဲ ငါ့ရဲ့နှလုံးသားထဲမှာရှိတဲ့ လှေလာရေးခရီးတွေကနေ စိတ်ဝင်တစားနဲ့ ပညာရှိစွာလမ်းညွှန်ပေးပြီး ခွန်အားပေးသွားတာကို မြင်နိုင်ပါတယ်။ နက်နဲတဲ့မျှော်လင့်ချက်တွေကိုလှုံ့ဆော်ဖို့အတွက် မရင်းနှီးတဲ့အတွေ့အကြုံတွေကိုအသုံးပြုခြင်း၊

အဆုံးမှာ ဝိညာဉ်တော်ဟာ  ကျွန်ုပ်တို့အား ယုံကြည်မှုအတွက် ယုံကြည်ခြင်း သာမက ခမည်းတော်ရဲ့အလိုတော်ရှိသမျှကို တောင့်တ၊ လိုချင်၊ နာခံဖို့နှင့် ပြီး မြောက်စေဖို့ ကျွန်ုပ်တို့ကို ပေးထားကြောင်း ကျွန်ုပ်တွေ့ရှိခဲ့တယ်။ ဒီစာအုပ် ကို သင်ဖတ်နေစဉ်မှာပဲ  သင်ဟာ သန့်ရှင်းသောဝိညာဉ်တော်ရဲ့တန်ခိုးကြီးတဲ့ ဦးဆောင်မှုအောက်တွင် သင့်ဝိညာဉ်ရေးလှေကို အံ့ဖွယ်နည်းဖြင့် ကျွမ်းကျင် စွာသင်ယူနိုင်မယ်လို့ ယုံကြည်ပါတယ်။

## ခရစ်တော်ရဲ့ပြည့်စုံခြင်းကို ထိတွေ့ခံစားခြင်း

သန့်ရှင်းသောဝိညာဉ်တော်အကြောင်း သွန်သင်ဖို့ နည်းလမ်းများစွာရှိ ပါတယ်။ အချို့က အထက်အောက်ရှုထောင့်မှသင်ကြားပြီး သုံးပါးတစ်ဆူလို ဓမ္မအယူအဆတွေကို စိတ်အားထက်သန်စွာကိုင်တွယ်ဖြေရှင်းတဲ့ “မြင့်မြတ် တဲ့ဓမ္မပညာကို” ဦးစွာသင်ကြားကြတယ်။ တချို့ကတော့ “ဝိညာဉ်တော်နှင့် ပြည့်ဝခြင်း” လိုမျိုးသက်ဆိုင်ရာအကြောင်းအရာတွေကို အာရုံစိုက်ကြတယ်။ ဒီပန်းတိုင်နှစ်ခုစလုံးကို လေးစားပါတယ်။ ဒါပေမယ့် ကျွန်ုပ်တို့ကတော့ ကိုယ်တော် ရဲ့အမှုတော်ကို လုပ်ဆောင်နိုင်ဖို့အတွက် ဝိညာဉ်တော်နှင့် အနီး ကပ်လျှောက်လှမ်းခြင်းဆိုင်ရာ ခိုင်မာတဲ့ကျမ်းစာရှုထောင့်ကနေ သင့်ကို ဖြည့်ဆည်းပေးဖို့အတွက် ရှာဖွေပေးနေရတာပါ။ ဝိညာဉ်တော်၌ အသက်ရှင် ခြင်းက သန့်ရှင်းသောဝိညာဉ်တော်ကို မိတ်ဆက်ပေးတဲ့ အောက်ခြေအဆင့် နည်းစနစ်ကိုအသုံးပြုပြီး   ခရစ်ယာန်တွေရဲ့အသက်တာတစ်လျှောက်လုံးမှာ ဝိညာဉ်တော်နဲ့ဆိုင်တဲ့အသိပညာတိုးပွားလာမှု  အတွေ့အကြုံတွေကို မိတ် ဆက်ပေးတာဖြစ်ပါတယ်။ မွေးကင်းစကလေးက သူ့ရဲ့အသိဉာဏ် တဖြည်း ဖြည်းကြီး ထွားလာသလိုပါပဲ ယုံကြည်သူတွေလည်း သန့်ရှင်းသောဝိညာဉ် တော်ကို ထိတွေ့ခံစားခြင်းနှင့် သိရှိမှုတွေမှာ တဖြည်းဖြည်းကြီးထွားလာရ တယ်။ ဝိညာဉ် ရေးရာကို သဘောမပေါက်ဘဲ ဓမ္မပညာသင်ယူနေခြင်းဟာ အန္တရာယ်ဖြစ်စေ နိုင်ပါတယ်။  ကျွန်ုပ်တို့ရဲ့ပန်းတိုင်မှာ အတွေ့အကြုံတွေကို အသိပညာနှင့် ပေါင်းစပ်ပြီး မိမိတို့ရဲ့အသက်တာနှင့် သာသနာတွေမှာ သန့် ရှင်းသောဝိညာဉ် တော်နဲ့ အစွမ်းထက်တဲ့တွေ့ဆုံမှုကို ဖန်တီးဖို့ ဖြစ်ပါတယ်။

သခင်ဘုရားက ကျွန်တော့်အပေါ် ဘယ်လိုစွဲမှတ်စေခဲ့လဲဆိုတာကို အနည်းငယ်ရှင်းပြနိုင်ပါတယ်။ အသက် ၄၅ နှစ်ရှိ သင်ရိုးညွှန်းတမ်းတစ်ခုကို ကျွန်ုပ်ရှာဖွေတွေ့ရှိတဲ့အခါမှာ ဒီနည်းလမ်းမျိုးစုံက ကျွန်တော့်ကို ပြန်လည်မိတ်ဆက်ခဲ့ပါတယ်။ ကျွန်ုပ်ကယ်တင်ခြင်းခံရပြီး အသက် ၁၃ နှစ် လောက်မှာ တနင်္ဂနွေနေ့နေ့လည်ပိုင်း ကျမ်းစာသင်ကြားပေးတဲ့ခမ္မဆရာတစ် ပါးဆီကနေ ခမ္မပညာသင်ယူခဲ့တယ်။ ဒီဆရာကြီးဆီကနေ သင်ယူခဲ့တာတွေ မနည်းဘူး။ ကျွန်တော့်ရဲ့စိတ်ထဲမှာ ကျမ်းစာနဲ့ဆိုင်တဲ့အချက်အလက်များစွာ ကိုထည့်ပေးခဲ့တယ်။ ဒါပေမယ့် အမှတ်ရစရာများစွာနဲ့ နောက်တစ်ခုမမေ့နိုင်တဲ့ အရာက သူ့ဇနီးကို စွန့်ပစ်လိုက်တဲ့ ရိုင်းဆိုင်းတဲ့အပြုအမူပါပဲ။ ကျွန်ုပ်တို့ရဲ့နှလုံးသားကိုဆေးကြောမပေးတဲ့ဩဝါဒတွေဟာ ဘာကောင်းကျိုးမှမရှိပါဘူး။ ကျွန်ုပ်တို့တွေဟာ သမ္မာတရားအပေါ်မှာ ခိုင်ခံ့နက်ရှိုင်းစွာရပ်တည်ပြီး ဒီသမ္မာတရားတွေက ငါတို့ရဲ့နှလုံးသားတွေကို မှန်မှန်ကန်ကန်ဦးဆောင်စေကာ အကျိုးရှိစေမှာဖြစ်ပါတယ်။

ဘုရားသခင်ဟာ ယုံကြည်သူတိုင်းကို သခင်ယေရှုလို သူ့ရဲ့ဝိညာဉ်တော်နဲ့ ပြည့်ဝစေချင်တယ်လို့ ကျွန်တော်အပြည့်အဝယုံကြည်ပါတယ်။ မှန်ပါတယ်၊ ကျွန်ုပ်တို့ရဲ့အလုပ်နှင့်တာဝန်တွေဟာ ကွဲပြားပေမဲ့ ကျွန်ုပ်တို့ရဲ့ဘဝနေထိုင်ပုံက ခရစ်တော်ရဲ့ပုဂ္ဂိုလ်ဖြစ်ခြင်းကို ဖော်ထုတ်ပေးခြင်းနဲ့ တူညီရမှာပါ။ သန့်ရှင်းသောဝိညာဉ်တော်က ကျွန်ုပ်တို့ရဲ့အသက်တာကို အမြင့်မားဆုံးဖြစ်အောင် ကူညီပေးပါစေ။ သို့မှသာ ကျွန်ုပ်တို့ရဲ့ရှေ့မှောက်တွင် သခင်ယေရှုချမှတ်ထားသောလမ်းစဉ်အတိုင်း သစ္စာရှိရှိလျှောက်လှမ်းနိုင်မှာဖြစ်တယ်။ မိတ်ဆွေကောင်းသင်းအုပ်တစ်ပါးက သန့်ရှင်းသောဝိညာဉ်တော်ရဲ့တန်ခိုးကြီးတဲ့အမှုတော်အားဖြင့် ခရစ်တော်ရဲ့သဏ္ဍာန်သို့သွားလာနိုင်တဲ့မြေပုံတစ်ခု ငါ့ကိုပေးထားပါတယ်။

Island #၁ - ခရစ်ယာန် အစပိုင်းတွေ - အသက် & ယုံကြည်မှု
Island #၂ - ခရစ်ယာန်ကြီးထွားခြင်း - ခွန်အား & ဆက်ကပ်အပ်နှံခြင်း
Island #၃ - ခရစ်ယာန်အမှုတော် - ယုံကြည်ခြင်း & ပြည့်ဝခြင်း
Island #၄ - ခရစ်ယာန်ဩဝါဒ - မေးခွန်းတွေ & သီအိုလော်ဂျီ

## ခရစ်တော်ရဲ့ဝိညာဉ်တော်နဲ့ ပြည့်ဝခြင်းဆိုင်ရာ ဒီစွန့်စားခန်းမှာ ကျွန်ုပ်တို့နဲ့အတူ ထိတွေ့ခံစားကြည့်ပါ။

ကျွန်ုပ်တို့ရဲ့ချဉ်းကပ်မှုဟာ အခြေခံကျတဲ့သမ္မာတရားတွေကို ငါတို့အား ဂရုတစိုက်ပိုင်းခြားသိမြင်စေနိုင်ပြီး နောက်ပိုင်းမှာ အပြည့်အဝနားလည်သဘောပေါက်ဖို့ လိုအပ်တဲ့အခြေခံကျသမ္မာတရားတွေကို အသုံးချနိုင်မည်မှာဖြစ်ပါတယ်။

**“ဝိညာဉ်တော်မှာရှိတဲ့အသက်”** ဆိုတဲ့ဒီစာအုပ်နဲ့ပတ်သက်ပြီးတော့ ဆလိုက်တွေ၊ ရုပ်သံတွေ၊ သင်ကြားရေးအထောက်အကူပြုတွေပါရှိပြီး D3 (BFF Discipleship #3 Digital) စာကြည့်တိုက်ကိုလည်း အော်လိုင်းကနေ ရရှိနိုင်ပါတယ်။

Paul J. Bucknell
Pittsburgh, PA, USA 15212
2017

# မာတိကာ

## အပိုင်း ၁ - ခရစ်ယာန် အစပိုင်းများ - အသက် & ယုံကြည်မှု


#၁ ဝိညာဉ်တော်၏လမ်း ........................................................ ၁၅
#၂ ဝိညာဉ်တော်၏ကွန်ရက် ................................................... ၂၉
#၃ ဝိညာဉ်တော်၏အပြစ်ဖော်ပြခြင်း ....................................... ၄၇
#၄ ဝိညာဉ်တော်အားဖြင့် မွေးဖွားခြင်း ..................................... ၆၅
#၅ ဝိညာဉ်တော်အားဖြင့် ယုံကြည်စိတ်ချမှု .............................. ၇၇


## အပိုင်း ၂ - ခရစ်ယာန်ကြီးထွားခြင်း - ခွန်အား & ဆက်ကပ်အပ်နှံခြင်း


#၆ ဝိညာဉ်တော်၏ပို့ဆောင်ခြင်း .............................................. ၉၀
#၇ ဝိညာဉ်တော်အားဖြင့် သန့်ရှင်းစင်ကြယ်ခြင်း ....................... ၁၀၇
#၈ ဝိညာဉ်တော်အားဖြင့် လျှောက်လှမ်းခြင်း ........................... ၁၁၇
#၉ ဝိညာဉ်တော်နှင့် ပြည့်ဝခြင်း .............................................. ၁၂၉
#၁၀ ဝိညာဉ်တော်၏သွန်သင်ခြင်း ............................................ ၁၅၁


## အပိုင်း ၃ - ခရစ်ယာန်အမှုတော် - ယုံကြည်ခြင်း & ပြည့်ဝခြင်း


#၁၁ ဝိညာဉ်တော်၏စကား .................................................... ၁၆၇
#၁၂ ဝိညာဉ်တော်စေလွှတ်ခြင်း ................................................ ၁၇၉
#၁၃ ဝိညာဉ်တော်၏ဆုကျေးဇူးတွေ - ၁ .................................. ၁၈၇
#၁၄ ဝိညာဉ်တော်၏ဆုကျေးဇူးတွေ - ၂ .................................. ၂၀၃

## အပိုင်း ၄ - ခရစ်ယာန် ဩဝါဒ - မေးခွန်းများ & သီအိုလော်ဂျီ

#၁၅ ဝိညာဉ်တော်၏ဘိသက်ခြင်း ........................................... ၂၂၃
#၁၆ ဝိညာဉ်တော်၏အထူး ထိတွေ့ခြင်း .................................. ၂၃၃
#၁၇ သန့်ရှင်းသောဝိညာဉ်တော်၏ပုဂ္ဂိုလ်ဖြစ်ခြင်း ..................... ၂၄၇
#၁၈ သုံးပါးတစ်ဆူဆိုင်ရာဝိညာဉ်တော် .................................... ၂၅၆

**# နိဂုံး** ......................................................................... ၂၇၃
**# စာရေးသူအကြောင်း** ........................................................ ၂၇၅

# အပိုင်း ၁

## ခရစ်ယာန်အစပိုင်းများ -
## အသက် & ယုံကြည်မှု




“ထိုနည်းတူ ဝိညာဉ်တော်မွေးသောသူ
ဖြစ်သည်ဟုမိန့်တော်မူ၏”
(ယော၊ ၃:၈)။

ခရစ်ယာန်တွေဟာ သန့်ရှင်းသောဝိညာဉ်တော်အတူပါရှိမှုနှင့် တန်ခိုးတော်ကို ပုံမှန်တွေ့ကြုံခံစားရမှာဖြစ်ပြီး ယေရှုကဲ့သို့ပင် သူတို့ရဲ့ဝိညာဉ်ရေးအသက်တာနှင့် လုပ်ဆောင်မှုတွေအတွက် ဝိညာဉ်တော်ကို အဆက်မပြတ်အားကိုးဖို့ ဖန်ဆင်းခံရတာဖြစ်ပါတယ်။ ဒါဆိုရင် သန့်ရှင်းသောဝိညာဉ်တော်က ဘယ်သူလဲ။ လူတစ်ယောက်က သူ့အကြောင်းကို ဘယ်လိုလေ့လာပြီး သူ့ကို ဘယ်လိုအားကိုးနိုင်မှာလဲ။သူက ယုံကြည်သူတွေကို ဘယ်လိုဦးဆောင်သလဲ။ ဒီမေးခွန်းတွေဟာ ခရစ်ယာန်တွေအတွက် နှစ်ပေါင်းတော်တော်ကြာစိတ်အနှောင့်အယှက်ဖြစ်စေတဲ့မေးခွန်းပါ။ ကျွန်ုပ်တို့ဟာ ဝိညာဉ်တော်ရဲ့မျက်မှောက်တော်နှင့် တန်ခိုးတော်အားဖြင့် ကောင်းချီးအပြည့်အဝခံစားလျက်လျှောက်လှမ်းနိုင်ရန် ဝိညာဉ်တော်မှာ ရှိတဲ့အသက်က စိတ်လှုပ်ရှားဖွယ်ခရီးတစ်ခုတွင် ကျွန်ုပ်တို့ကိုလမ်းညွှန်ပေးသွားတယ်။ ပထမမှတ်တိုင်က ကျွန်ုပ်တို့ကို ခရစ်ယာန်တစ်ဦးရဲ့ဘဝသစ်နှင့် ကနဦးယုံကြည်ချက်ကို ရှာဖွေလေ့လာတဲ့ခရစ်ယာန်အစပြုခြင်းကျွန်းဆီကို ခေါ်ဆောင်သွားပါတယ်။ မှန်ကန်စွာစတင်ခြင်းဖြင့် ယုံကြည်သူအသစ်ဟာ သန့်ရှင်းသောဝိညာဉ်တော်ရဲ့တန်ခိုးအားဖြင့် ခရစ်တော်၌ရှိတဲ့ သူ့ရဲ့အသက်တာသစ်နဲ့ ရှေ့ကို ခုန်တက်သွားနိုင်တယ်။

# အခန်း ၁
# ဝိညာဉ်တော်၏လမ်း

**“ငါတို့သည် ဝိညာဉ်ပကတိကြောင့် အသက်ရှင်လျှင် ဝိညာဉ်ပကတိအတိုင်း ကျင့်ကြကုန်အံ့” (ဂလာ၊ ၅:၂၅)။**

သခင်ယေရှုနှင့် တမန်တော်များသည် ဓမ္မဟောင်းကျမ်းပိုဒ်များကို အကြိမ်များစွာကိုးကားပြီး သန့်ရှင်းသောဝိညာဉ်တော်အကြောင်း များစွာပြောခဲ့သည်။ သန့်ရှင်းသောဝိညာဉ်တော်၏ရှုတ်ထွေးသောအသွင်အပြင် များစွာရှိပြီး ၎င်း၏သွန်သင်ချက်များကို မသိနားမလည်ခြင်းသည် ကျွန်ုပ်တို့ကို ထိုင်းမှိုင်းစေမည်ဖြစ်သည်။ စစ်မှန်သောယုံကြည်သူတိုင်းအား ဘုရားသခင်ကတိပြုထားပြီး ပေးထားသည့်အရာကိုရရှိရန် ကျွန်ုပ်တို့အာရုံစိုက်ရမည်ဖြစ်သည်။ အသင်းတော်တစ်ခုတွင် ဘုရားသခင်၏ဝိညာဉ်တော်နှင့် ပြည့်ဝလျက်ရှိသည့် ယုံကြည်သူတိုင်းက မိမိတို့၏စကားများ၊ သဘောထားများနှင့် ဆုံးဖြတ်ချက်များမှတစ်ဆင့် ခရစ်တော်၏အသက်တာ ထင်ရှားလာသည်ကို မြင်ယောင်ကြည့်ပါ။ ထို့နောက်တွင် ဒေသန္တရအသင်းတော်များ၌ ဝိညာဉ်တော်နှင့်ပြည့်ဝပြီး ခရစ်တော်သည် ၎င်းတို့၏အသက်တာတစ်လျှောက် တန်ခိုးကြီးစွာအုပ်စိုးခွင့်ရရှိမည်ဖြစ်သည် (ဗျာဒိတ်၊၂-၃)။

ဤစာအုပ်သည် သန့်ရှင်းသောဝိညာဉ်တော်နှင့်ပတ်သက်၍ ရေးသားခဲ့ကြသောစာအုပ်များစွာနှင့် များစွာကွဲပြားသည်။ သန့်ရှင်းသောဝိညာဉ်တော်

၏ရှုပ်ထွေးသော သီအိုလော်ဂျီဆိုင်ရာအယူအဆများကို ဦးစွာမိတ်ဆက်မည့် အစား ယုံကြည်သူအသစ်များအနေဖြင့် သန့်ရှင်းသောဝိညာဉ်တော်ကို သတ ပြုမိလာစေမည့်လမ်းကြောင်းကိုခြေရာခံပါသည်။ ကျွန်ုပ်တို့သည် သမ္မာကျမ်း စာသွန်သင်ချက်အပေါ် ခိုင်မာစွာဆုပ်ကိုင်ထားနေစဉ် အလားတဏ္ဍာန်တူညီ သည့် ဘုရားသခင်၏ဝိညာဉ်တော် ထိတွေ့ခံစားခြင်းများကို သင်ယူခြင်းအား ဖြင့် ယုံကြည်သူများသည် ကွဲပြားသောလမ်းစဉ်များနောက်လိုက်နေကြောင်း ကို ကျွန်ုပ်တို့ဝန်ခံပါသည်။

စစ်မှန်သောယုံကြည်သူများအားလုံးတို့သည် ကယ်တင်ခြင်းခံရသော် လည်းငင်းတို့၏အတွေ့အကြုံများသည် အလွန်ကွာခြားသည်။ ကျွန်ုပ်တို့၏မ တူညီသောဘဝအတွေ့အကြုံတစ်ခုစီက ရှင်းလင်းစွာသက်သေခံနေရသည် ဖြစ်၍ ဘဝခရီးတွင် မရေတွက်နိုင်သောလမ်းကြောင်းများရှိပါသည်။ သို့သော် ကျွန်ုပ်တို့လိုအပ်သည်ဟု ကြိုတင်မှန်းဆထားသောလမ်းတစ်ခုထက် မိမိတို ၏ဝိညာဉ်ရေးဆိုင်ရာ တိုးတက်မှုကိုစဉ်ဆက်မပြတ်သင်ယူမှု အတွေ့အကြုံ များကို လမ်းကြောင်းတစ်ခုအဖြစ် ပိုမိုကြည့်ရှုခြင်းက အထောက်အကူဖြစ်စေ ပါသည်။ ဝိညာဉ်တော်ကိုယ်တိုင်ဦးဆောင်၍ သွန်သင်ပေးသည့် သာ၍အရေး ကြီးသော ဆက်လက်လုပ်ဆောင်ရမည့်အပိုင်းကို အလေးပေးမည့်အစား အ တွေ့အကြုံတစ်ခု သို့မဟုတ် သင်ခန်းစာတစ်ခုအား မိမိတို့၏ဘဝအထွတ် အထိပ်အဖြစ် ခံယူခြင်းသည် တစ်ခါတစ်ရံကံမကောင်းပါပေ (ယော၊ ၁၄:၂၆)။ သန့်ရှင်းသောဝိညာဉ်တော်သည် မြင်ကွင်းများ၏နောက်ကွယ်၌ ခရစ်ယာန် အားလုံးအတွက် သူ၏အထူးကယ်တင်ခြင်းလုပ်ငန်းကို အမြဲမပြတ်လုပ် ဆောင်နေပါသည်။ အားလုံးနှင့်ဆိုင်သည့်ကယ်တင်ခြင်းနှင့် သန့်ရှင်းစင်ကြယ် ခြင်း အတွေ့အကြုံများကို မိမိတို့နားလည်နိုင်မှသာ သန့်ရှင်းသောဝိညာဉ် တော်နှင့်ပတ်သက်သော သင်ယူခြင်းဆိုင်ရာ ပိုမိုနက်နဲပြီး စိန်ခေါ်မှုများသော လမ်းကြောင်းများဆီသို့ ကျွန်ုပ်တို့ရှေ့ဆက်သွားနိုင်မည်ဖြစ်သည်။ ယုံကြည် သူအများအပြား၊ သင်ကိုယ်တိုင်ပင်လျှင် သန့်ရှင်းသောဝိညာဉ်တော်အပေါ် မှားယွင်းသောသွန်သင်ခြင်းကြောင့် အလွန်စိတ်ထိခိုက်ခဲ့ကြသည်။ ကျွန်ုပ်တို့ သည် မိမိတို့အတွက် ယေရှုကိုယ်တော်တိုင် ချပြခဲ့သည့်အလွန်အံ့သြဖွယ် ကောင်းသောစံနမူနာနောက်ကိုသာ လိုက်လျှောက်လိုပါသည်။

## က) ဝိညာဉ်တော်ကို အဓိပ္ပါယ်ဖွင့်ဆိုခြင်း

ဝိညာဉ်တော်နှင့်ပတ်သက်၍ ရှုပ်ထွေးလှသည့်ပထမအချက်တစ်ခုမှာ "ဝိညာဉ်တော်" ဟူသောစကားလုံးကို နားလည်ရန် ခက်ခဲခြင်းပင်ဖြစ်ပါသည်။ အင်္ဂလိပ်သမ္မာကျမ်းစာတွင် "Spirit" and "spirit" စကားလုံးအကြီးနှင့် အစပြုသည့်အရာနှင့် အသေးနှင့် အစပြုသည့်အရာ ဟူ၍ကွဲပြားသည်။ ဤစကားလုံးများကို ခွဲခြားသိမြင်ရန် လိုအပ်ပါသည်။ စကားလုံးအကြီးနှင့် စရေးသော "ဝိညာဉ်" သည် ဘုရားသခင်ကိုယ်တော်တိုင်ကို ရည်ညွှန်းပြီး စာလုံးအသေးနှင့် စသော "ဝိညာဉ်" သည် လူတစ်ဦး၏စိတ်နေစိတ်ထား သို့မဟုတ် အတွင်းစိတ်ကို ဖော်ပြခြင်းဖြစ်သည်။ မူရင်းလက်ရေးစာမူများဖြစ်သည့် ဓမ္မဟောင်းနှင့်ဓမ္မသစ်ကျမ်းများတွင် စာလုံးအကြီးအသေးဟူ၍မတွေ့ရပါ။ သို့သော် အင်္ဂလိပ်ကျမ်းအရ 's' အကြီးနှင့်အသေးကို ခွဲခြားသိမြင်ခြင်းသည် ဝိညာဉ်တော်နှင့် လူ၏အတွင်းစိတ် ခြားနားချက်ကို ပိုမိုကောင်းမွန်စွာနားလည်ရန်ဖြစ်သည်။

စာလုံးအကြီးမခွဲခြားဘဲ "ဝိညာဉ်" ဟူသောစကားလုံးကို သမ္မာကျမ်းစာထဲတွင် ၅၁၉ ကြိမ်၊ ဓမ္မဟောင်းကျမ်းတွင် ၂၀၀ (၎င်းထဲမှ ၈၀ ကြိမ်သည် ဘုရားသခင်နှင့်ဆက်စပ်)၊ ဓမ္မသစ်ကျမ်းတွင် ၃၁၉ (၎င်းထဲမှ ၂၂၃ ကြိမ်သည် ဘုရားသခင်နှင့်ဆက်စပ်) ကြိမ်အသုံးပြုထားသည်။ မူရင်းဘာသာစကားများတွင် စာလုံးကြီးမထည့်ဘဲ၊ အဓိပ္ပါယ်အားဖြင့်သာ ပိုင်းခြားနားလည်ရသည်။ အမှန်မှာ ဘုရားသခင်ကိုရည်ညွှန်းသောစာလုံးကြီး 'S' ကို ပိုင်းခြား နားလည်ရန် မခဲယဉ်းပါ။

## ခ) ဝိညာဉ်တော်၏လမ်းကို စူးစမ်းခြင်း

ဝိညာဉ်၏အဓိပ္ပာယ်နှင့်ပတ်သက်လာလျှင် ရှုပ်ထွေးမှုများအများအပြားရှိနေသောကြောင့် ရှင်းလင်းရန်အတွက် တူညီသောစကားလုံးတစ်လုံးတည်းကို နားလည်နိုင်သည့်နည်းလမ်းများစွာဖြင့် လက်တွေ့ဥပမာများအသုံးပြုခြင်းသည် အကောင်းဆုံးဖြစ်သည်ဟု ယူဆသော်လည်း အကြောင်းအရာပေါ်မူတည်၍ အမျိုးမျိုးဘာသာပြန်သင့်ပါသည်။

"မြေကြီးသည် အဆင်းသဏ္ဍာန်မရှိ၊ လွတ်လပ်လဟာဖြစ်၏။နက် နဲရာ အရပ်ကို မှောင်မိုက်ဖုံးလွှမ်း၍ ဘုရားသခင်၏ဝိညာဉ်တော်သည် ရေမျက်နှာပြင်ပေါ်မှာ လှုပ်ရှားတော်မူ၏" (က၊ ၁:၂)။

သမ္မာကျမ်းစာ၌ ဦးစွာအသုံးပြုသော "ဝိညာဉ်" သည် ဘုရားသခင်၏ ဝိညာဉ်တော်ကို ရည်ညွှန်းခြင်းဖြစ်ပြီး စိတ်ဝင်စားဖွယ်ကား ပဌမကျမ်းစာထဲ၌ ၁၆ လုံးမြောက် စကားလုံးဖြစ်ပါသည်။ ၎င်း၏စကားလုံးတည်ဆောက်မှုသည် "ဘုရားသခင်၏ဝိညာဉ်တော်" သို့မဟုတ် ဘုရားသခင်ကိုယ်တော်တိုင်ကိုရည်ညွှန်းခြင်းဖြစ်ပြီး လေ (wind)မဟုတ်ပေ။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ဝိညာဉ်တော်ကား အဘယ်သူနည်း၊ သူဘာလုပ်နေသနည်း ဟုတွေးမိလေသည်။ "ဘုရားသခင်၏ဝိညာဉ်တော်သည် ရေမျက်နှာပြင်ပေါ်၌ လှုပ်ရှားတော်မူ၏" ဟူသောအချက်သည် အဘယ်အရာဆိုလိုသည်ကို မိမိတို့အာရုံထွေပြားခြင်းမှရှောင်ကြဉ်ရပါမည်။ ဤကမ္ဘာကြီးသည် အက်တမ်များနှင့်မော်လီကျူးများထက်ပို၍ ဖွဲ့စည်းထားသည်ကို ဝိညာဉ်တော်နှင့်ဝိညာဉ်ကမ္ဘာသည် စကြာဝဠာကြီးတွင် အရေးပါသောအခန်းကဏ္ဍမှပါဝင်ကြောင်း ဤကျမ်းပိုဒ်က ဖော်ပြခြင်းဖြစ်သည်။

တစ်ခါတစ်ရံ ဘုရားသခင်၏ဝိညာဉ်တော်သည် ဝိညာဉ်ဆိုးကိုဆန့်ကျင်တတ်သည်။ "ထာဝရဘုရား၏ဝိညာဉ်တော်သည် ရှောလုမှထွက်သွား၍ ထာဝရဘုရားထံတော်က ဆိုးသောဝိညာဉ်သည် နှောင့်ယှက်တတ်၏" (၁ရာ၊ ၁၆: ၁၄-၁၅)။ ထိုဝိညာဉ်ဆိုးသည် ဘုရားသခင်ထံကဖြစ်သော်လည်း 'S' စာလုံးကြီးဖြင့် မရေးပေ။ အကြောင်းမှာ ထိုဝိညာဉ်သည် ဆိုးသောဝိညာဉ်ဖြစ်သောကြောင့်ဖြစ်သည်။ ဘုရားသခင်သည် နတ်ဆိုးကိုမကောင်းဆိုးဝါးအဖြစ်လည်းကောင်း၊ ဖြောင့်မတ်ခြင်းနေရာ၌ ဟာကွက်တစ်ခုကိုလည်းကောင်း ဖန်ဆင်းသောကြောင့် ရှောလုကိုစွန့်ခွာခဲ့သည်ဟုမဖော်ပြပေ။

အကြိမ်များစွာ 'spirit' 'ဝိညာဉ်' အသေးနှင့်စသည့် စာလုံးကို သုံးပြီး လူတစ်ဦး၏အတွင်းစိတ်ကို ရည်ညွှန်းသည်။ အတွင်းစိတ်သည် ထိတွေ့၍မရသောအပိုင်းဖြစ်၍ "သူသည် စားသဖြင့် သူ၏အတွင်းစိတ်သည် အားပြည့်ပြန်လေ၏" (၁ရာ၊ ၃၀:၁၂) ဟုဖတ်ရသည်။ ၎င်းသည် ဝိညာဉ်ရေးရာထက် လူပုဂ္ဂိုလ်ကို ရည်ညွှန်းကြောင်း ထင်ရှားပေသည်။ မူရင်းကျမ်းဟေဗြဲနှင့်ဂရိကျမ်းတွင် 'spirit' ဟူသောစကားလုံးကို အတူတူအသုံးပြုထားသည်။ ယောဟန်အ

ခန်းကြီး ၃ ၌ ဖော်ပြသည့် သခင်ယေရှုနှင့်နိကောဒင် တွေ့ဆုံခြင်းအကြောင်းကို မိမိတို့လေ့လာသောအခါ လေသည် ဘုရားသခင်၏ဝိညာဉ်တော်နှင့် ပုံဥပမာခိုင်းနှိုင်းခံရကြောင်း တွေ့ရှိလေသည်။ ဤစာအုပ်သည် ဝိညာဉ်တော်သွားရာလမ်းကိုထင်ဟပ်စေသည့်လေ သို့မဟုတ် လေစီးကြောင်းများကဲ့သို့ ပုံဖော်ရေးသားထားသည်။ကျွန်ုပ်တို့သည် "ဝိညာဉ်တော်နှင့်ပြည့်သောအခါ" (ဧဖက်၊ ၅:၁၈) လုပ်ဆောင်သမျှဖြစ်မြောက်လာပါသည်။

'ဝိညာဉ်'ဟူသောစကားလုံးသည် လူတစ်ဦး၏ဖြစ်တည်မှုကို ရည်ညွှန်းသည့်နေရာသာ အသုံးပြုခြင်းမဟုတ်ဘဲ အခြားကဏ္ဍ၌လည်း အသုံးပြုနိုင်သည်။"ငါတို့သည် လောကီဝိညာဉ်ကိုမခံရကြ။ ဘုရားသခင်ပေးတော်မူသောအရာတို့ကို သိခြင်းအလိုငှာ ဘုရားသခင်ထံမှ ကြွလာသောဝိညာဉ်ကိုခံရကြပြီ (၁ကော၊ ၂:၁၂) ဟုဖတ်ရသည်။ ဒီနေရာမှာ သတိထားရမှာက 'ဝိညာဉ်' ဟူသောစကားလုံးကို အင်္ဂလိပ်ကျမ်းတွင် 's' အသေးနှင့်အကြီးဖြင့် အသုံးပြုပြီး ဂရိမူရင်းမှာမူ (pneuma) အတူတူပင်ဖြစ်သည်။ 's' အသေးနှင့် အစပြုသည့် ပထမ 'ဝိညာဉ်' သည် လောကအရာနှင့်ဆိုင်သည့်အရာကို ရည်ညွှန်းပြီး 'S' အကြီးနှင့် အစပြုသည့်ဒုတိယ 'ဝိညာဉ်'မူကား ဘုရားသခင်ထံမှလာသော ဝိညာဉ်တော်ကိုရည်ညွှန်းသည်။

## ဝိညာဉ်တော်ဘုရားသည် ကျွန်ုပ်တို့အသက်တာ၌ အစွမ်းထက်စွာအလုပ်လုပ်လျက်နေ

ယုံကြည်သူများ၏အသက်တာ၌ ဘုရားသခင်၏ဝိညာဉ်တော် အလုပ်လုပ်ကြောင်း သတိပြုကြပါစို့။ ထိုဘုရားသခင်သည် ကျွန်ုပ်တို့၏အသက်တာထဲတွင် ကျိန်းဝပ်တော်မူသည်။ ဥပမာအားဖြင့် "ဘုရားသခင်ထံမှ ဆင်းသက်သောဝိညာဉ်တော်ကိုခံယူခဲ့သည်" ဟူသောစကားစုက ယုံကြည်သူများသည် ရင်းနှီးစွာသိကျွမ်းရမည်ဟူ၍ သွန်သင်ညွှန်ကြားပေးသည်။ အခြားကျမ်းချက်က "သခင်ဘုရား၌ မှီဝဲသောသူသည် ထိုသခင်နှင့်တစ်စိတ်တစ်ဝိညာဉ်တည်းဖြစ်၏" ဟူ၍ (၁ကော၊ ၆:၁၇) ဘုရားသခင်နှင့်ရင်းနှီးခြင်းကို ဖော်ပြထားသည်။ သူသည် ကျွန်ုပ်တို့နှင့်အတူ ရှိသော်လည်း မိမိတို့အသက်တာ၌ သာ၍နက်ရှိုင်းသောလွှမ်းမိုးမှုကိုရှာဖွေသည့်အပြင် တန်ခိုးရှိစွာအလုပ်လုပ်ရန်ရှာဖွေ

လျက်နေသည်။ သူအဘယ်သို့ပြုမည်နည်း၊ မည်သည့်အရာကိုပြုမည်နည်းဟူသည်ကို မိမိတို့သေချာမသိသော်လည်း မိမိတို့အသက်တာ၌ သူပြုမည့်အမှုများကို အပြည့်အဝယုံကြည်နိုင်ပါသည်။

## ၈) မှားယွင်းသောဝိညာဉ်များကြောင့် ရှုပ်ထွေးခြင်း (၁ယော၊ ၄း၁)

ချစ်သူတို့၊ ခပ်သိမ်းသောစိတ်ဝိညာဉ်တို့ကို မယုံကြနှင့်။ စိတ်ဝိညာဉ်တို့သည် ဘုရားသခင်နှင့်စပ်ဆိုင်သည် မစပ်ဆိုင်သည်ကို စုံစမ်းကြလော့။ အကြောင်းမူကား မိစ္ဆာပရောဖက်အများတို့သည် ဤလောကသို့သွားကြပြီ” (၁ယော ၄း၁)။

ကျွန်ုပ်တို့နှင့် ပေါင်းသင်းဆက်ဆံလျက် မိမိတို့ကို လမ်းလွဲစေလိုသော မိစ္ဆာဝိညာဉ်များကို အထူးသတိထားပါ။ ယောဟန်က ကျွန်တော်တို့ကို အမိန့်နှစ်ခုနှင့်ရှင်းပြချက်တစ်ခု ပေးထားသည်။

**မှာကြားချက် #၁** “စိတ်ဝိညာဉ်တိုင်းကို မယုံကြနှင့်” ဟူသောမိန့်မှာချက်ဖြစ်သည်။ မည်သည့်စိတ်ဝိညာဉ်ကိုမျှ အလွယ်တကူမယုံကြည်ပါနှင့်။ လူတို့သည် ရှိရှိသမျှသောဝိညာဉ်အတွက် မသိနားမလည်သော်လည်း မိမိတို့၏စိတ်နှလုံးကိုဖွင့်ထားကြသည်။ စိတ်ဝိညာဉ်အားလုံးကောင်းသည်ဟု ယုံကြည်ကြသည်။ ဝိညာဉ်အားလုံးကို မိမိတို့မယုံသင့်ပါ။ လောက၌ ရေတွက်၍မကုန်နိုင်သောနတ်ဆိုးများစွာရှိသည်။ သမ္မာကျမ်းစာအရ ကောင်းသောဝိညာဉ်များနှင့်ဆိုးသောဝိညာဉ်များဟူ၍ နှစ်မျိုးရှိသည်။

ဤနှစ်မျိုးကြားခြားနားချက်ကို ပို၍ရှင်းလင်းရန်ကောင်းသောဝိညာဉ်အုပ်စုတွင် သန့်ရှင်းသောဝိညာဉ်တော်၊ ကောင်းကင်တမန်များ၊ ဆိုးသောဝိညာဉ်အုပ်စုတွင် နတ်ဆိုးဝိညာဉ်ဆိုး၊ မာရ်နတ်၊ ကျရှုံးသောကောင်းကင်တမန်များဟူ၍ဖြစ်သည်။ တမန်တော်ယောဟန်လက်ထဲကပင် ဂိညာဉ်ရေးရာသည်ကောင်း၍ ရုပ်ဝတ္ထုမူကား ဆိုးသည်ဟူသောဂရိတွေးခေါ်ပညာရှင်များ၏ယူဆမှုက လွှမ်းမိုးခဲ့သည်။ ပစ္စည်းဥစ္စာသည်မကောင်း။ ယနေ့ခေတ်၌လည်း ထိုသို့သောယူဆချက်အောက်တွင် 'ဝိညာဉ်လောက' လိုက်စားမှုအမျိုးအစားအားကောင်းလာသည်။ ခရစ်ယာန်များပင်လျှင် ဝိညာဉ်ရေးရာ၌ မျက်စိကွယ်

လျက် ဟိန္ဒူဘာသာဝင်များကျင့်သုံးသည့်‘yoga‘ ဟူသောမိမိခန္ဓာကိုယ်၊ စိတ်နှင့်အလိုဆန္ဒများကို ဖိနှိပ်ချုပ်ချယ်သည့်အလေ့အထကို အသင်းတော်ထဲသို့ ယူဆောင်လာကြပြီ။ ဤလုပ်ရပ်သည် အတုအယောင်ဘုရားဝတ်ပြုခြင်းနှင့် ဆက်စပ်နေပြီး နတ်ဆိုးဝိညာဉ်ဆိုးများ၏လွှမ်းမိုးမှု ပါဝင်နေသည်ကို သတိမထားကြတော့ပေ။ နောက်ကွယ်၌ နတ်ဆိုးတို့၏လုပ်ဆောင်မှုနှင့် တိုက်ရိုက်ဆက်စပ်နေပါသည်။ ထိုဝိညာဉ်ဆိုးများကို အကဲဖြတ်ပြီး ပိုင်းခြားသိမြင်ဖို့ အမှန်လိုအပ်ပေသည်။

**မှာကြားချက် #၂** “စိတ်ဝိညာဉ်တိုင်းကို စုံစမ်းကြလော့” ဟူသောမိန့်မှာချက်သည် ဒုတိယမှာကြားချက်ဖြစ်ပြီး စစ်မှန်သောစမ်းသပ်မှုဖြင့် မိမိတို့၏သတိကို ဖြည့်စွက်ရန် ညွှန်ကြားခြင်းဖြစ်သည်။ ကိုယ့်ကိုယ်ကို စောင့်ရှောက်ရန် အခြားသူများကို မယုံကြည်နိုင်သည်ဖြစ်၍ မိမိတို့၏တစ်နေ့တာလုံး နတ်ဆိုးများနှင့်သန့်ရှင်းသောဝိညာဉ်တော်ကို ကြားပိုင်းခြားနိုင်သည့်အဆင့်သို့ တက်လှမ်းရန်လိုအပ်ပါသည်။ သို့ဖြစ်၍သန့်ရှင်းသောဝိညာဉ်တော် အကြောင်းကို သင်ယူခြင်းမှာ ယုံကြည်သူများအဖို့ မရှိမဖြစ်သည့် အမှုကိစ္စဖြစ်ပြီး အခြေခံကျကျသိရှိရန်လည်း အထူးလိုအပ်လှသည်။




ယောဟန်ပထမစာစောင်က ဝိညာဉ်များကိုစုံစမ်းရာမှာ သုံးနိုင်သည့် စမ်းသပ်ချက် (၃) ကို ဖော်ပြပေးသည်။ ၎င်းတို့မှာ

• မေတ္တာကို စမ်းသပ်ခြင်း - မာန၊ နာကြည်းမှု၊ တစ်ကိုယ်ကောင်းဆန်မှု၊ ဒေါသ၏လက္ခဏာများကို ရှာဖွေခြင်း

• အလင်းကို စမ်းသပ်ခြင်း - သွေးဆောင်မှုအရိပ်အမြွက်များ၊ လှည့်ဖြားသောစိတ်နှင့် မုသာများကို ရှာဖွေခြင်း

• သင်ကြားမှုကို စမ်းသပ်ခြင်း - ကျမ်းစာနှင့်ယေရှုခရစ်တော် အပေါ်မှန်ကန်သည့်ဖော်ပြချက်များထက် ချဲ့ကားပြောဆိုမှုများကို ရှာဖွေခြင်း

အကယ်၍ လူတစ်ဦးသည် ကျမ်းချက်မပါဘဲ သူသင်ယူခဲ့သည့်အရာများကို စိတ်လှုပ်ရှားစွာပြောလျက် ၎င်းကို လက်ဆင့်ကမ်းရန် ကြိုးစားနေပါ

က သတိနှင့်ပယ်ချရမည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်အတိုင်း အမြဲလိုက်နေမည်ဖြစ်သော်လည်း၊ လျှို့ဝှက်ခြင်းနှင့် အကြောက်တရား၏အစိတ်အပိုင်းများသည် အမှောင်နှင့် ပေါင်းသင်းခြင်းကို ဖယ်ရှားပေးသည်။ ဝိညာဉ်များကို ပိုင်းခြားသိမြင်နိုင်ရန် ကူညီပေးသည့်စမ်းသပ်မှုများစွာကို ကျမ်းချက်များက ပေးသည်။ ဆိုလိုသည်မှာ လူတို့နှင့် တွေးတောကြံဆမှုများကို ဆန်းစစ်ပြီး ထိုကျမ်းချက်များက အဆုံးအဖြတ်လုပ်ပေးပါလိမ့်မည်။

**ရှင်းလင်းချက် -** "မိစ္ဆာပရောဖက်အများတို့သည် ဤလောကသို့ သွားကြပြီ" ဟူသောကျမ်းစကားက ကျွန်ုပ်တို့သတိထားရန် လိုအပ်ကြောင်း မီးမောင်းထိုးပြပေးနေသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ဘုရားသခင်ထံတော်မှ ထွက်ပေါ်လာသကဲ့သို့ မိစ္ဆာပရောဖက်များနှင့် ၎င်းတို့အပေါင်းအပါများသည်လည်း မာရ်နတ်မှထွက်ပေါ်လာကြသည်။ မာရ်နတ်သည် သွန်သင်ချက်များ၊ အယူဝါဒများ၊ ဘာသာတရားများနှင့်အတွေးအခေါ်များကို ပံ့ပိုးကူညီသူဖြစ်ပါသည်။ ထိုအရာကို မိမိတို့ယုံကြည်ပါက ထိုပရောဖက်အတုအယောင်ကို တုပခြင်းမဟုတ်လော။ ယနေ့မိစ္ဆာပရောဖက်များဟု ခေါ်သင့်သောဘာသာတရားခေါင်းဆောင်များစွာရှိသည်။

သို့သော်လည်း ဣသရေလအမျိုးသားတို့သည် ရုပ်တုရှေ့မှာ ပူဇော်သောယဇ်ကောင်ကို စားစေခြင်းငှာ လည်းကောင်း၊ မတရားသောမေထုန်ကို ပြုစေခြင်းငှာလည်းကောင်း၊ ထိမိ၍ လဲစရာအရာကို သူတို့ရှေ့၌ ချထားမည်အကြောင်း၊ ဗာလက်မင်းကို အကြံပေးသောသူတည်းဟူသော ဗာလမ်၏အယူကို စွဲလမ်းသောသူတို့သည် သင်၏နေရာ၌ရှိကြသည်ဖြစ်၍၊ သင်၌ အနည်းငယ်သောအပြစ်တင်စရာရှိ၏။ ထိုအယူနှင့်သဘောတူသော နိကောလတပည့်တို့၏ အယူကို စွဲလမ်းသောသူတို့သည် ထိုနည်းတူ သင်၌ရှိကြ၏။ ထိုကြောင့် နောင်တရလော့။ မရလျှင် သင်ရှိရာသို့ငါသည် အလျင်အမြန်လာမည်။ ထိုသူတို့ကို ငါ့ခံတွင်း၏သန်လျက်နှင့် စစ်တိုက်မည် (ဗျာ၊ ၂:၁၄-၁၆)။

လူအချို့သည် ဗာလမ်၏သွန်သင်ချက်များကို ဖြန့်ကျက်လျက် အခြားသူများမှာ နီကိုးလပ်စ် ဟုခေါ်သောပရောဖက်အတုအယောင်တစ်ဦးနောက်ကို လိုက်ခဲ့ကြသည်။ တမန်တော် ၆:၅ အရ ထိုသူတို့ကို နီကိုလာတန်များဟု ခေါ်ဝေါ်ကြသည်။ လူတစ်ဦးသည် မှားယွင်းသောသင်ကြားမှုကို သင်ကြား

မည်ဆိုပါက ၎င်းသည် အတိုင်းအတာတစ်ခုအထိ စနစ်ကျသည်ဟုထင်ရသော်လည်း ကြီးစွာသောလှည့်ဖြားခြင်းသို့ တွန်းပို့သည်။ ထို့ကြောင့် တမန်တော်ယောဟန်က အချို့သောပရောဖက်အတုအယောင်တို့သည် ဤလောကသို့သွားကြပြီဟုပြောဆိုခြင်းဖြစ်သည်။

နတ်ဆိုးသည် ဘုရားသခင်၏သားသမီးများ ဝိညာဉ်တော်နှင့်ပြည့်ဝခြင်း အသက်တာဖြင့် ကျင်လည်ခြင်းမှကင်းဝေးစေရန် အရာခပ်သိမ်းကို လုပ်ဆောင်သည်။ အကြောင်းမှာ နတ်ဆိုးသည် မြေကြီးတပြင်လုံး ခရစ်တော်၏သူငယ်များ (ခရစ်ယာန်များ) ပြန့်ပွားမှုကို အလွန်ကြောက်ရွံ့သောကြောင့်ဖြစ်သည်။ ယုံကြည်သူများသည် ဝိညာဉ်တော်ကိုမကြောက်ရွံ့ဘဲ သူ၏ပေါင်းဖော်ခြင်းကို အလွန်တောင့်တသင့်သည်။ ထိုဝိညာဉ်တော်အားဖြင့် ကယ်တင်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ချစ်ခြင်းတို့ကို ဆောင်ကြဉ်းပေးနိုင်သည့် ဘုရားသခင်၏နိုင်ငံတော်ကြီးထွားလာသောကြောင့်ဖြစ်သည်။

## ဃ) ကျွန်ုပ်တို့၏မတူညီသော ယုံကြည်ချက်များကို နားလည်ခြင်း

"ကိုယ်တစ်ကိုယ်၊ ဝိညာဉ်တစ်ဝိညာဉ်တည်းရှိ၏" (ဧ၊ ၄:၄)။ အသင်းတော်များက ထုံးတမ်းစဉ်လာနောက်မလိုက်ဟု ဆိုထားသော်လည်း ယုံကြည်သူတိုင်းသည် တစ်ခုမဟုတ် တစ်ခုထက်ပိုသော လွှမ်းမိုးမှုအောက်မှကြီးပြင်းလာကြသည်။ ကလေးတစ်ယောက်၏လွှမ်းမိုးခံရမှုမှာ အလွန်ကြီးမားပေသည်။ ဘာသာစကား၊ စကားပြောဆိုပုံ၊ စားသောက်မှုအ လေ့အထတို့သည် တစ်စုံတစ်ဦး၏စိတ်သဘောကို ပုံဖော်ပေးနေသည်။ ထိုသို့ ကျွန်ုပ်တို့၏ယုံကြည်ချက်များကို လေ့လာပြီး အမှန်အတိုင်းအကဲဖြတ်ပါက ကျမ်းချက်များနှင့်ဆန့်ကျင်ဘက်ဖြစ်သည်။ ယုံကြည်သူများက အသင်းတော် ၌သူတို့မြင်သောအရာကို အကဲဖြတ်ပြီး နားလည်နိုင်သည်။ အသင်းတော်တစ်ပါးတွင် ၎င်းတို့တွေ့ကြုံခဲ့ရသည့်အရာများကို အခြေခံ၍ နှစ်သိမ့်မှုကို အလွယ်တကူရှာဖွေနိုင်သည်။

သန့်ရှင်းသောဝိညာဉ်တော်အကြောင်းကို ဖော်ပြသောအခါ လူများစွာက အတိတ်ကဒုက္ခများ၊ စိတ်ဝမ်းကွဲစေသောအခြေအနေများ၊ အသင်းတော်ကွဲပြားခြင်း၏ထိခိုက်နစ်နာမှုများဖြင့် ပြန်လည်နှိုးဆော်ခြင်းခံကြသည်။

ဤကျမ်းပိုဒ်မှဦးစွာသတိထားရမည့်အချက်မှာ ဘုရားသခင်၏လူတို့ကြားတွင် ဘုရားသခင်၏ဝိညာဉ်တော်ကို နားလည်သဘောပေါက်မှုနှင့် အတွေ့အကြုံ အမျိုးမျိုးရှိသော်လည်း "တစ်ဆူတည်းသောဝိညာဉ်" သာရှိကြောင်း သတိပြု ရမည်။ များစွာကွဲပြားနေသောအသင်းတော်များက မိမိတို့သည် တစ်ဝိညာဉ် တည်းမှဆင်းသက်လာသည်ဟု ပြောဆိုခြင်းမှာ မမှန်ကန်ပေ။ ကျွန်ုပ်တို့သည် လူသား၏လုပ်ရပ်များကို ဘုရားသခင်ပြုသည့်အတိုင်း အလျင်အမြန်တရားမျှ တစေရန် ငြင်းဆိုသင့်သည်။ အကြောင်းမှာ သန့်ရှင်းသောဝိညာဉ်တော်သည် ဤနည်းဖြင့် မပို့ဆောင်သောကြောင့်ဖြစ်သည်။

အလားတူ အရေးကြီးသည်မှာ "တစ်ကိုယ်တည်း" ဖြစ်ခြင်း၏ဒုတိယ သွန်သင်ချက်ဖြစ်သည်။ ၎င်းသည် ဘုရားသခင်၏လူများဖြစ်သည့် အသင်း တော်ကို ရည်ညွှန်းပါသည်။ အသင်းတော်နှင့်ဂိုဏ်းခွဲများစွာတို့သည် မိမိတို့၌ ကိုယ်စီသင်းအုပ်များရှိကြသော်လည်း သတို့သမီးများအတွက် အသင့်ဖြစ်သူ သတို့သားယေရှုခရစ်တော်တစ်ပါးတည်းသာ ရှိသည်။ ဘုရားသခင်၏လူမျိုး တို့သည် စည်းလုံးညီညွတ်စွာနေထိုင်ပြီး တစ်ယောက်နဲ့တစ်ယောက် မခွဲခြား ဘဲ အချင်းချင်းတန်ဖိုးထားရန် အလွန်အရေးကြီးပေသည်။ ပိုင်းခြားသိ မြင်မှု သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ဖြစ်ပေါ်သောနိုးကြားမှု၊ အနာငြိမ်းခြင်း၊ ဆုကျေးဇူးများကို လွတ်လွတ်လပ်လပ်လုပ်ဆောင်ရန် အခွင့်ပေးရမည်။

အသင်းတော်တွင် စည်းလုံးညီညွတ်မှုကို ထိန်းသိမ်းစောင့်ရှောက်ခြင်း နှင့်ပတ်သက်၍ သန့်ရှင်းသောဝိညာဉ်တော်၏ဦးဆောင်မှုကို လက်တွေ့ကျ သောဥပမာကိုပေးပါရစေ။ အသင်းတော်နှင့်ခရစ်တော်သည် လက်ထပ်ပြီး သောဇနီးမောင်နှံများကဲ့သို့ စည်းလုံးမှုရှိသင့်သည် (ဖေက်၊ ၅:၂၁-၃၃)။ ပြဿ နာမှာ ဝိညာဉ်ရေးခေါင်းဆောင်များသည် သဘောထားကွဲလွဲမှုများကို ဖြေရှင်း ရာတွင် အသင်းသူအသင်းသားများအား သဟဇာတဖြစ်အောင် ဦးဆောင်ရန် ဘုရားသခင်ကို အပြည့်အဝကိုးစားခြင်းမရှိခြင်းဖြစ်သည်။ ခေါင်းဆောင်များ သည် ဝိညာဉ်တော်နောက်လိုက်နေကြသည်ဟု အခိုင်အမာပြောသော်လည်း ကွဲလွဲနေသောစိတ်ထားနှင့် သူတို့၏သွန်သင်ချက်များကို ကြည့်ခြင်းအားဖြင့် သူတို့သည် ဝိညာဉ်တော်ကို ခုခံနေသူများဖြစ်ကြောင်း သိရှိနိုင်သည်။

**လေ့ကျင့်ခန်း #၂**

သန့်ရှင်းသောဝိညာဉ်တော်လုပ်ဆောင်ပုံနှင့်မလုပ်သောအရာတို့ကို ပိုမိုကောင်းမွန်စွာမြင်နိုင်ရန် သမ္မာကျမ်းစာသို့ပြန်သွားရန်လိုအပ်သည်။ လေ့ကျင့်ခန်း#၂ (နောက်ဆက်တွဲ ၂) ၌ပါရှိသည့်ကျမ်းချက်များက ဘုရားသခင်ဝိညာဉ်တော်၏လုပ်ဆောင်ချက်များကို အမျိုးမျိုးချပြထားသည်။

ထိုတာဝန်ကို ပြီးမြောက်သောအခါ ဘုရားသခင်၏ဝိညာဉ်တော် သည် ကျွန်ုပ်တို့အဖို့ ကြိုတင်ပြင်ဆင်ထားသည့်လမ်းခရီးအတိုင်း သူ့အလုပ်လုပ်လိမ့်မည်။ ဘုရားသခင်၏ပါရမီတော်သည် ကြီးမြတ်လှသည်။ သူ၏တန်ခိုးသည် အလွန်အံ့သြဖွယ်ကောင်းပေသည်။ ကိုယ်တော်သည် သူ၏ချစ်ခြင်းမေတ္တာနှင့်တန်ခိုးကို ပြသရန် နှစ်သက်ပြီး မိမိတို့၏နေ့စဉ်ဘဝအသက် တာ၌ မဖြစ်နိုင်သည့်အခြေအနေများစွာထဲမှ ထူးခြားစွာလုပ်ဆောင်လိုသည်။ ဥပမာအားဖြင့် တစ်ဦးချင်းစီ၏နာမည်စာရင်းသွင်းရန် ခေါ်ဆိုမှုကြောင့် ယောသပ်နှင့်မာရိတို့သည် ဗက်လင်မြို့ကိုရောက်လာပြီး ခရစ္စမတ်၏အဓိကအစိတ်အပိုင်းတစ်ခုဖြစ်လာရသည်။ ၎င်းသည် ဘုရားသခင်သာလျှင် ပြုနိုင်သောအမှုဖြစ်သည်။ တစ်ဖက်မှာ ၎င်းသည် သခင်ဘုရားကို ကြည်ညိုလေးစားရန် သတိပေးခြင်းဖြစ်သည်။

သန့်ရှင်းသောဂိညာဉ်တော်သည် အရာတစ်ခု သို့မဟုတ် အခြားတစ်ခု လုပ်ဆောင်မည် မလုပ်ဆောင်မည်ကို မိမိတို့အလျှင်စလိုမဖော်ပြသင့်ပေ။ သို့သော် ကျွန်ုပ်တို့လုပ်နိုင်သောအရာတစ်ခုမှာ ဝိညာဉ်များကို စုံစမ်းစစ်ဆေးခြင်းဖြစ်သည်။ အကြောင်းမှာ ပရောဖက်အတုအယောင်များစွာပေါ်ထွန်းနေသောကြောင့်ဖြစ်သည်။ ထိုသူတို့ထဲတွင် သင်အကြိုက်ဆုံးတရားဟောဆရာ သို့မဟုတ် အဆိုတော်ဖြစ်နိုင်သည်။ ဝိညာဉ်တော်နှင့်ပတ်သက်၍ သင်၏အတိတ်က နားလည်မှုများကို စူးစမ်းလေ့လာခြင်းသည် တန်ဖိုးရှိသည့်အချိန်ကုန်ဆုံးနိုင်သည်ဖြစ်၍ သင့်အနာဂတ်အတွက် ဘုရားသခင်က မည်သည့်နေရာ၌ နေစေလိုသည်ကို စုံစမ်းခြင်းသည် ပို၍အကျိုးရှိသည်။ သန့်ရှင်းသောဝိညာဉ်တော်အကြောင်းကို တစ်ခန်းပြီးတစ်ခန်း သင်ယူရာတွင် အကောင်းဆုံးသင်ယူနိုင်ရန် မိမိတို့၏အတွေးနှင့်စိတ်နှလုံးကို အဆက်မပြတ်စောင့်ကြည့်နေရန် လိုအပ်ပါသည်။ ဥပမာအားဖြင့် သင့်စိတ်လုံး၌ အတိတ်က ကျူးလွန်ခဲ့သည့်အိမ်ထောင်ရေးဖောက်ပြန်မှုပေါ်လာလျှင် နောင်တစိတ်နှင့် ဝန်ခံရမည်။

ဝိညာဉ်တော်သိမြင်စေခြင်းဖြစ်သည်။ထိုအမှုသည် သန့်ရှင်းသောဝိညာဉ်တော် လုပ်ဆောင်သည့် နည်းလမ်းတစ်ခုဖြစ်သည်။ ကျွန်ုပ်တို့သည် ဝိညာဉ်တော်၏ ထိုးဖောက်သိမြင်ခြင်းကို ကြောက်စရာ မလိုအပ်ပါ။ အကြောင်းမှာ ၎င်းက ခွင့်လွှတ်ခြင်းနှင့်လွတ်မြောက်ခြင်းသို့ ပို့ဆောင်ပေးသောကြောင့်ဖြစ်သည်။

## င) ခရစ်တော်၏ပြည့်စုံခြင်းကို ထိတွေ့ခံစားခြင်း

သန့်ရှင်းသောဝိညာဉ်တော်ထံမှ သင်ယူခြင်းသည် ဘဝတစ်သက်တာ အတွက်ဖြစ်သည်။ ကယ်တင်ခြင်းသို့ရောက်ရှိအချိန်၌ သန့်ရှင်းသောဝိညာဉ် တော်ကို ရရှိပြီးဖြစ်သည်။ ထိုခရစ်တော်ကို ယုံကြည်ပြီးမှ ကတိတော်နှင့်ယှဉ် သော သန့်ရှင်းသောဝိညာဉ်တော်၏တံဆိပ်ခတ်ခြင်းကို ခံရကြပြီ” (ဧ ၁:၁၃) ဖြစ်သော်လည်း မမြင်နိုင်သောဝိညာဉ်တော်၏နည်းလမ်းများကို သင်ယူခြင်း မှာ အခြားအရာဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ဤလောက၌ ကျွန်ုပ်တို့အား မည်သို့ပို့ဆောင်နေသည်ကို သိတတ်ရန် အရေးကြီးပေသည်။ သန့်ရှင်းသောဝိညာဉ်တော်အကြောင်းကို ကမ္ဘာဦးကျမ်းမှဗျာဒိတ်ကျမ်း အထိ တွေ့ရပါသည်။ ကျွန်ုပ်တို့သည် ဤသင်ယူမှုနည်းလမ်းအတိုင်း လျှောက်လှမ်း ပါက သန့်ရှင်းသောဝိညာဉ်တော်သည် မိမိတို့၏အသိပညာနှင့်အတွေ့အကြုံ ကို တိုးမြှင့်ပေးမည်။ ဤဆက်နွယ်မှု တိုးတက်ခြင်းတစ်လျှောက်လုံး၌ သတိ ထားရမည့်အရေးကြီးသောအချက်ခြောက်ချက်ပါရှိသည်။

• ကျမ်းစာစိတ်ထားလိုအပ်သည်။ ဓမ္မဟောင်းနှင့်ဓမ္မသစ်တို့ကို ကောင်းစွာနား လည်မှုမရှိဘဲ ဝိညာဉ်များ၏သွေးဆောင်မှုများကို ပိုင်းခြားသိမြင်နိုင်သည့် နည်းလမ်းမရှိပါ။ သန့်ရှင်းသောဝိညာဉ်တော်သည် ဘုရားသခင်၏နှုတ်ကပတ် တော်နှင့် အလုပ်လုပ်သောကြောင့် ကျွန်ုပ်တို့၏သင်ယူမှုကို ရည်ရွယ်ချက်ရှိရှိ ဖြစ်စေ သို့မဟုတ် မသိဘဲဖြစ်စေ ကျမ်းစာနှင့် ခွဲခြားထားခြင်းသည် မိုက်မဲမှု ဖြစ်ပေသည်။

• နားလည်ခြင်း ခရီးလမ်းသည် အခြေခံကျသည့်ကယ်တင်ခြင်းမှ စတင်ပြီး သန့်ရှင်းစင်ကြယ်ခြင်းသို့ ဆက်သွားကာ သန့်ရှင်းသောဝိညာဉ်တော်၏နက်နဲ သောအရာများဆီသို့ဆက်သွားရသည်။ ဤသည်မှာ ဘုရားသခင်သွန်သင်ပေး သည့်နည်းလမ်းဖြစ်ပြီး ဝိညာဉ်တော်ကိုလေ့လာရန် လက်တွေ့ကျသောနည်း

လမ်းဖြစ်သည်။ ၎င်းတို့အားလုံးသည် အရေးကြီးသော်လည်း အဆင့်တစ်ခုစီတိုင်း၌ မှန်ကန်သောသင်ယူမှုသည် သင့်ဝိညာဉ်ရေးဖွံ့ဖြိုးမှုကို မြန်ဆန်စေမည်ဖြစ်သည်။

• အသက်တာသစ်သည် စွမ်းအားအပြည့်နှင့် အမှုတော်ဆောင်ခြင်းကို ဆိုလိုပါသည်။ ဘုရားသခင်သည် မိမိတို့အသက်တာ၌ ပျော်ရွှင်စရာအတွေ့အကြုံများနှင့်နက်နဲသောနားလည်မှုကို ဤအတိုင်းပေးမည်ဟုမထင်ပါနှင့်။ နာခံမှုရှိရှိ အစေခံရန် ကျွန်ုပ်တို့ကို တပ်ဆင်ပေးထားသည်။ ကျွန်ုပ်တို့၏ဇာတ်လမ်းများသည် ထာဝရကာလတွင် ပြန်လည်ပြောပြရန် အံ့မခန်းဖွယ်ဖြစ်ရပ်များဖြစ်လာလိမ့်မည်။ သို့ရာတွင် ဘုရားသခင်၏ပိုမိုမြင့်မားသောရည်ရွယ်ချက်များကို နှိမ့်ချသောအသက်တာဖြင့် ထမ်းဆောင်ရမည်ကို မေ့မထားသင့်ပါ။

• ဗဟုသုတနှင့်အတူ ချိန်ခွင်ညီသောအတွေ့အကြုံရှိရမည်။ အတွေ့အကြုံနှင့်အသိပညာသည် သီးခြားမဟုတ်ဘဲ အတူတကွကြီးထွားလာရမည်။ လူတို့၏အသက်ရှင်ခြင်းတွင် ပါဝင်ရန်နှင့် (၁ကော၊ ၁၃း၁) ဝိညာဉ်တော်နှင့်ပြည့်ဝသောအသက်တာဖြင့် အသက်ရှင်ရန် စီစဉ်ပါ။

• လုပ်ဆောင်ချက်သည် ဝိညာဉ်တော်၏တည်ရှိခြင်းနှင့်အတူ လိုက်ပါလာရသည်။ ဝိညာဉ်တော်သည် တက်ကြွစွာလုပ်ဆောင်သောအခါ အကြီးမားဆုံးသောအပြောင်းအလဲများ ဖြစ်ပေါ်လေ့ရှိသော်လည်း လုပ်ဆောင်ချက်အပေါ်တစ်ခုတည်းကိုသာ အာရုံစိုက်မနေဘဲ ဝိညာဉ်တော်အားဖြင့် သခင်နှင့်သင်၏ဆက်နွယ်မှုကို သတိပြုရမည်။

• စဉ်ဆက်မပြတ်လေ့လာသင်ယူမှုသည် စဉ်ဆက်မပြတ် အားကိုးမှု လိုအပ်သည်။ ၎င်းသည် ကြည်နူးဖွယ်ခရီးဖြစ်ပြီး ဘုရားသခင်နှင့် ရင်းနှီးမှုဖြစ်သည်။ အတိတ်က ရှုပါရုံနှင့်အံ့ဖွယ်ရာများရှိပါစေ ရှေ့အနာဂတ်၌ သခင်ဘုရားပြုမည့်အရာကို ဆက်လက်စောင့်မျှော်ကြည့်ရှုပါ။

## ဆွေးနွေးမေးခွန်းများ

၁။ လေ့ကျင့်ခန်း ၁ နှင့် ၂ ကို (နောက်ဆက်တွဲတွင်) လုပ်ပြီးနောက် သန့်ရှင်းသောဝိညာဉ်တော်အကြောင်းနှင့်ပတ်သက်၍ တစ်ခုခုသင်ယူခဲ့သည်ကို သတိပြုပါ။

၂။ ဝိညာဉ်များကို စမ်းသပ်ရန် အဘယ်ကြောင့် အရေးကြီးသနည်း။ သင့်ကို မည်သည့်ဝိညာဉ်က ဒုက္ခအပေးဆုံးနည်း။

၃။ သန့်ရှင်းသောဝိညာဉ်တော်နှင့်ပတ်သက်၍ ယနေ့တိုင်အောင် သင့်အား အကောင်းမြင်/အပျက်သဘောသက်ရောက်စေသည့်အရာက မည်သည့်အရာနည်း။

၄။ မှားယွင်းသောသွန်သင်ချက်သည် မှားယွင်းသောပရောဖက်များ၊ နတ်များနှင့်မည်သို့ဆက်စပ်သနည်း။

၅။ သခင်ဘုရားနှင့် တွေ့ဆုံခြင်း၌ သင်သည် အတွေ့အကြုံများ သို့မဟုတ် အခွင့်အရေးများကို ရှာဖွေသလော။

၆။ သင့်အသက်တာ၌ သန့်ရှင်းသောဝိညာဉ်တော်အတွက် အဘယ်အရာကို မျှော်လင့်ချက်ရှိပါသနည်း။ ၎င်းက သူ့ကို ရှာသည့်ပုံစံကို ပုံဖော်နိုင်ပါသလား။

# အခန်း ၂
# ဝိညာဉ်တော်၏ကွန်ရက်အလုပ်

**"ဘုရားသခင်၏နက်နဲသောအရာကို ဘုရားသခင်၏ဝိညာဉ်တော်မှတစ်ပါး အဘယ်သူမျှမသိ" (၁ကော၊ ၂:၁၀-၁၆)။**

ကျွန်ုပ်တို့၏ခရစ်ယာန်အသက်တာ အစောပိုင်းတွင် အရာအားလုံး သိသိသာသာကွဲပြားလာသည်ကို မိမိတို့သိရှိလာကြသည်။ စိတ်လှုပ်ရှားဖွယ် အကောင်းဆုံးဖော်ပြချက်များမှာ မျက်စိကန်းသောသူ အမြင်အာရုံပြန်လည်ကောင်းမွန်လာပုံ၊ နားပင်းသူများ ရုတ်တရက်ကြားနိုင်ခြင်း စသည်အရာများဖြစ်မည်ဟုယူဆပါသည်။ အများသောအစိတ်အပိုင်းတို့သည် ရုတ်တရက်ပြောင်းလဲသွားသော်လည်း ဆိုလိုရင်းအဓိပ္ပါယ်ကို အစပိုင်းတွင် မိမိတို့နားမလည်နိုင်ပေ။ ကျွန်ုပ်တို့မိသားစုမှာ အရောင်စုံရုပ်မြင်သံကြားစက်မရခင် အဖြူအမည်းရုပ်မြင်သံကြားကိုပဲ ကြည့်ကြသည်။ ရောင်စုံရုပ်မြင်သံကြားကို စိတ်ကူးမယဉ်နိုင်သေးပါ။ နောက်ပိုင်းရောင်စုံရုပ်မြင်သံကြားပေါ်လာပြီး မိမိတို့လက်ဝယ်ရောက်လာသောအခါ "ထူးခြားချက်က ဘာလဲ" ဟူ၍ တွေးမိလေတော့သည်။

## အသစ်အဆန်းတစ်ခုခု

၁ ကောရိန္သု ၂ တွင် ပေါလုသည် ယုံကြည်သူအသစ်အတွက် ဘဝအသက်တာ၏အခြေခံကွဲပြားမှုကိုရှင်းပြထားသည်။ ယုံချင်မယုံချင်နေ ယေရှုသေခြင်းမှထမြောက်ပြီးနောက် ပထမဆုံးပင်တေကုတ္တေပွဲနေ့မှာ ဖြစ်ပျက်ခဲ့သည်နှင့်ဆက်စပ်နေပါသည်။ ဘုရားသခင်၏ဝိညာဉ်တော်သည် နေရာအနှံ့၌ရှိသည့်ယေရှုကို ယုံကြည်သူတစ်ဦးချင်းစီထံသို့ ကြွလာကာ ၎င်းတို့၏အသက်တာ၌ အဓိကအခန်းကဏ္ဍမှပါဝင်ခဲ့သည်။ အတွေ့အကြုံတစ်ခုလုံးသည် သိမ်မွေ့ပြီး အံ့သြဖွယ်ကောင်းသည်။ ၎င်းသည် လူတစ်ဦးအား ပိုမိုလေးလံသောအရာဝတ္ထုများကို အသက်ပြန်ရှင်စေသည့် စက်ရုပ်လက်တံမဟုတ်ဘဲ လုံးဝအသစ်သော လည်ပတ်မှုစနစ်ဖြစ်သည်။ ကွန်ပြူတာစက်တစ်လုံးအား အင်တာနက်နှင့် ချိတ်ဆက်သည့်အခါ အသက်ဝင်လာသည့်ပုံစံက အကောင်းဆုံးဥပမာပင်ဖြစ်သည်။ ဝိညာဉ်တော်ပါရှိခြင်းသည် ဘုရားသခင်ထံမှသင်ယူနိုင်စေရန် မိမိတို့၏အသက်တာအတွက် အထူးစွမ်းအားများယူဆောင်လာကာ ကွန်ရက်အသစ်တစ်ခုလုံးကို မိတ်ဆက်ပေးသည်။

သန့်ရှင်းသောဝိညာဉ်တော်နှင့်ပတ်သက်၍ သတိထားရမည့်သွန်သင်ချက်သည် ယခုမျက်မှောက်ခေတ်တွင် အလွန်လိုအပ်နေပြီး ဘုရားသခင်တည်ရှိခြင်းအပါအဝင် ဝိညာဉ်လောကတည်ရှိမှုမှန်သမျှကို လောကီတရားကပြောင်ပြောင်တင်းတင်းငြင်းဆိုလျက်နေသည်။ ဤကဏ္ဍသည် ကမ္ဘာပေါ်တွင်သန့်ရှင်းသောဝိညာဉ်တော်၏လုပ်ဆောင်ပုံ၊ အထူးသဖြင့် ယုံကြည်သူများအသက်တာ၌ တန်ခိုးရှိသည့်ဆန်းသစ်လွင်မှုများနှင့် မည်သို့လုပ်ဆောင်ဟူသောအရေးကြီးသောအချက်အလက်များကို ပေးပါသည်။ ၎င်းကား ကိုယ်ရေးကိုယ်တာဖြစ်သည်၊ ဆက်သွယ်ပြောဆိုနိုင်သည်၊ ဝိညာဉ်ရေးရာဖြစ်သည်။

ပေါလုသည် ၁ကော၊ ၁၂:၁၁-၁၄ ၌ ဝိညာဉ်လောကတည်ရှိခြင်းကို ပုံစံအမျိုးမျိုးဖြင့် ရည်ညွှန်းသည်။ လူသားများနှင့်ဘုရားသခင်၌ တွေ့မြင်ရသည့် ဝိညာဉ်လောကတည်ရှိမှုကို မည်သည့်ကျမ်းပိုဒ်၌အစပြုသည်ကို စတင်ပါစို့။

## က) လူနှင့်ဘုရားသခင်၏သဘာဝများ (၁ကော၊ ၂:၁၁)

လူ၏နက်နဲသောအရာကို လူ၌ရှိသော မိမိစိတ်ဝိညာဉ်မှတစ်ပါး အဘယ်သူသိသနည်း။ ထိုနည်းတူ ဘုရားသခင်၏နက်နဲသောအရာကို ဘုရားသခင်၏ ဝိညာဉ်တော်မှတစ်ပါး အဘယ်သူမျှမသိ။ (၁ကော၊ ၂:၁၁)။

## ၁) လူ၏ကိုယ်ပိုင်သဘာဝ

အပိုဒ်ငယ် ၁၁ တွင် ပေါလုက လူတစ်ဦး၏ဦးနှောက်၊ စိတ်ဝိညာဉ်နှင့်ရောယှက်နိုင်စွမ်းရှိသည့် အထူးအတွင်းစိတ်ကွန်ရက်တစ်ခုဖြစ်သည့် လူသား၏ဝိညာဉ်ကို ရည်ညွှန်းသည်။ ကျွန်ုပ်တို့၏အတွေးများသည် ကျွန်ုပ်တို့၏ ဖြစ်တည်မှုနှင့် မကင်းကွာဘဲ ခန္ဓာကိုယ်နှင့် ပေါင်းစည်းထားသည်။

ရှင်ပေါလုသည် အပိုဒ်ငယ် ၁၁ တွင် ဤပေါင်းစည်းမှု၏အခြေခံ ဖော်ပြချက်အား "လူ၏နက်နဲသောအရာကို လူ၌ရှိသော မိမိစိတ်ဝိညာဉ်မှ တစ်ပါး အဘယ်သူသိသနည်း။" "လူ၏ဝိညာဉ်" သည် ကိုယ်ခန္ဓာကိုရည်ညွှန်းခြင်းမဟုတ်ဘဲ အတွင်းလူကိုရည်ညွှန်းသည်။ ဝိညာဉ်ဟူသော (pneuma) ကို အသုံးပြုခြင်းသည် လျှို့ဝှက်ဆန်းကြယ်ပြီး မမြင်နိုင်သောစိတ်၊ ဝိညာဉ်နှင့်အတွေးများကြားရှိသည့်ကွန်ရက်ကို ဖော်ထုတ်ရန်ဖြစ်သည်။ ငါသည် ငါ့အတွေးများနှင့်မတူသော်လည်း ငါ့အတွေးများက ငါမည်သူနည်းဟူသည်ကို သိရှိရန် လိုအပ်သောအစိတ်အပိုင်းတစ်ခုဖြစ်သည်။

လူတစ်ယောက်၏စိတ်ဝိညာဉ်က သူ့အတွေးများကို ရိပ်မိနိုင်သည်။ ဥပမာအားဖြင့် ကျွန်ုပ်သည် အိမ်နီးချင်းတစ်ဦးအား ပြုံးပြုံးရွှင်ရွှင်နှင့်ပင် လက်ပြနှုတ်ဆက်နေနိုင်သော်လည်း သူ့ကို အလွန်မုန်းတီးကြောင်း မိမိကိုယ်ကို တွေးတောမိနိုင်ပါသည်။ လူတစ်ဦးသည် မိမိအတွေးကို ထုတ်ဖော်မပြောလျှင် သူတစ်ဦးသာသိသည်။ ဤသည်မှာ လူတစ်ဦးအတွင်း၌ လည်ပတ်နေသော ဝိညာဉ်-ခန္ဓာကွန်ရက်၏ရိုးရှင်းသောဖော်ပြချက်ဖြစ်ပြီး မကြာခဏဝိညာဉ်ဟုလည်းခေါ်ကြသည်။

ကျွန်ုပ်တို့သည် ဘုရားသခင်ပိုင်ဆိုင်သည့်ပုဂ္ဂိုလ်တစ်ဦး၏ရုပ်ပုံကို ဖော်ပြရလျှင် ဤလောကသည် ရုပ်ဝါဒအတွေးများနှင့် စွန်းထင်းနေပါသည်။ အီလက်ထရွန်းနစ်ပစ္စည်းများက ဤကဏ္ဍများကို သက်သေအနေနှင့် ရှင်းပြနေ

ပါသည်။ ကျွန်ုပ်တို့သည် လူသားတို့အကြောင်းကို သေသေချာချာဆန်းစစ် ကြည့်လျှင် သူတို့သည် တွေးရုံမျှသာမဟုတ်ဘဲ ထိုအတွေးများကို ဖမ်းဆုပ် လျက် အကဲဖြတ်နေကြသည်။ ကျွန်ုပ်တို့သည် ဘုရားပုံသဏ္ဍာန်နှင့်အညီ ဖန် ဆင်းထားသောကြောင့် ကျွန်ုပ်တို့၏စိတ်ဝိညာဉ်စွမ်းရည်သည် ရှဉ့်နှင့်ခွေးများ ကဲ့သို့သော အခြားသောသတ္တဝါများနှင့် ကင်းကွာစေသည် (က၊ ၁:၂၇)။ ဤ ဝိညာဉ်ကွန်ရက်သည် သေစေတတ်သောဗိုင်းရပ်စ်ပိုးဖြစ်သည့်အပြစ်ကြောင့် ကျွန်ုပ်တို့သည် ဘုရားသခင်၏မဟာကွန်ရက်တန်ခိုးနှင့် ဖြတ်တောက်ခြင်းခံရ ကြောင်းကိုလည်း ဝန်ခံရပါမည်။ မည်သို့ပင်ဆိုစေကာမူ အခြေခံလုပ်ဆောင် ချက်သည် ကျန်ရှိနေသေးသည်။

စိတ်ဝင်စားစရာမှာ လူတစ်ဦးသည် သူ့အတွေးအမြင်များကို စကား လုံးများဖြင့် ပုံဖော်လိုက်သောအခါ အခြားတစ်ဦးနှင့် ဆက်သွယ်နိုင်ပါသည်။ အပိုဒ်ငယ် ၁၁ တွင် ဖော်ပြထားသည့်အတိုင်း ကျွန်ုပ်တို့၏အတွင်းစိတ်အကြံ အစည်များကို မျှဝေသည့်အခါ လူတစ်ဦးနှင့်တစ်ဦးကို သိခွင့်ရသည်။ လူတစ် ဦးသည် အခြားလူတစ်ဦး၏အတွေးများကို နားလည်ရုံသာမက သူအဘယ် ကြောင့် ဤနည်းလမ်းဖြင့် တွေးတောသည်ကိုလည်း သိရှိသည်။ လူတစ်ဦး၏ လုပ်ရပ်များကို တချို့သောအရာများမှ သိနိုင်ပါသည်။ သို့သော် ဆိုရှယ်အက် ပလီကေးရှင်းများမှ သူတို့၏ပြောဆိုဆက်ဆံမှုသည် အခြားလူများကို သိစေ နိုင်ပါသည်။ ကျွန်ုပ်တို့သည် စကားလုံးများထက် များစွာပို၍မျှဝေနေသော ကြောင့်၊ ပုံမှန်အားဖြင့် လူချင်းမတွေ့မချင်း သူတို့ကို သိသည်ဟု ဝန်ခံမပြော ဆိုဝံ့ပေ။၎င်းသည် လူသားများနှင့်ပတ်သက်သည့်ကိစ္စဖြစ်သည်။ ဘုရားသခင် နှင့်ပတ်သက်၍ မည်သို့နည်း။ ကိုယ်တော်သည် မည်သူနှင့်တူသနည်း။

## ၂) ဝိညာဉ်တော်၏ပင်ကိုယ်သဘောသဘာဝ

ဆက်မသွားမီ 'ဝိညာဉ်' ဟူသောစကားလုံး၏အခြေခံလုပ်ဆောင်မှု ဆိုင်ရာ အဓိပ္ပါယ်ဖွင့်ဆိုချက်ကို အခိုင်အမာတောင်းဆိုရပါမည်။ သို့မဟုတ်ရင် စာဖတ်သူများက စကားလုံးကို ကွဲလွဲစွာနားလည်နိုင်ပါလိမ့်မည်။ အပိုဒ်ငယ် ၁၁ တွင် 'ဝိညာဉ်' ဟူသောစကားလုံးကို နှစ်ကြိမ်အသုံးပြုကြောင်းသတိပြုပါ။ မူရင်းဂရိဘာသာစကားမှာ “ဝိညာဉ်”ဟူသော “spirit” and “Spirit” စကား လုံးအကြီးနှင့်အသေးသည် အတူတူပင်ဖြစ်သည်။ အင်္ဂလိပ်စကားလုံး ဒုတိယ

'Spirit' အကြီးသည် ဘုရားသခင်ကိုရည်ညွှန်းသည်ဖြစ်၍ ၎င်းက မိမိတို့အား လူတစ်ဦး၏ဝိညာဉ်ရေးသဘာဝကို ဘုရားသခင်နှင့်မတူကွဲပြားစေရန် လွတ်လပ်ခွင့်မပေးပေ။

ပေါလုသည် လူနှစ်ဦးထက်ပိုသော ကွန်ရက်ချိတ်ဆက်ခြင်း၏ဖြစ်နိုင်ခြေနှင့်ဘုံတူညီမှုကို အလေးပေးရန် တူညီသောစကားလုံး (pneuma) ကို အသုံးပြုသည်။ သို့သော် ဘုရားသခင်နှင့်လူတို့ကြား ဆက်သွယ်မှုဆိုင်ရာ ဤအကြောင်းအရာကို နောင်သောအခါအတွက် သိမ်းဆည်းကြပါစို့။

ဘုရားသခင်၏ဝိညာဉ်တော်နှင့် လူ၏ဝိညာဉ်ကြား၌ ကြီးမားသော ကွာခြားချက်ရှိသည်။ ကျွန်ုပ်တို့သည် ကွန်ရက်၏ဘုံတူညီမှုကို အလေးပေးကြသည်။ ဤသည်မှာ ပေါလု၏အဓိကအချက်ဖြစ်ပြီး လူများစွာသည် ဤလုပ်ဆောင်ချက်ကို ငြင်းဆိုကြသည် သို့မဟုတ် အခြားနည်းဖြင့် သတ်မှတ်ရန်ကြိုးစားသည်ကို သတိပြုရန် အလွန်အရေးကြီးပါသည်။ ဝိညာဉ်ရေးသည် လူတစ်ဦးအတွင်း သို့မဟုတ် အခြားသူများနှင့် အတွေးအမြင်များပေါင်းစပ်မိခြင်းဖြစ်သော်လည်း ယင်းက ပုံမှန်ထက်စောစေနိုင်ကာ မိမိတို့အား လူသားသည် ဘုရားသခင်နှင့် သဘာဝအလျောက်ပြောဆိုဆက်ဆံနိုင်သည်ဟူ၍ မှားယွင်းသည့်ကောက်ချက်တစ်ခုဆီသို့ ဦးတည်သွားစေမည်ဖြစ်သည်။ ယခုတွင် လူနှင့်ဘုရားသခင်သည် အခြားသူများ၏အတွေးအမြင်များကို သိရှိနိုင်သည်ဟူသောအချက်ကို ထူထောင်ရန် အရေးကြီးသည်။

## ၃) လူသားနှင့်ဘုရားသခင်ကြား ကွဲလွဲမှု

စစ်မှန်သောဝိညာဉ်ရေးဆိုင်ရာ အကြောင်းအရာကို အာရုံမစိုက်မီ ရှေ့သို့ခြေလှမ်းတစ်လှမ်းလှမ်းကြပါစို့။ ဤကျမ်းပိုဒ်တွင် ဘုရားသခင်နှင့်ဆိုင်သောအရာများ မည်သို့ခြားနားသည်ကိုသတိပြုပါ။ "ထိုနည်းတူ ဘုရားသခင်၏နက်နဲသောအရာကို ဘုရားသခင်၏ဝိညာဉ်တော်မှတစ်ပါး အဘယ်သူမျှမသိ။ (၁ကော၊ ၂:၁၁)။ လူသည် သူ၏အတွေးအမြင်များ (ဝိညာဉ်ရေးရာဆွေးနွေးမှု) ကို နားလည်နိုင်သည်။ ဘုရားသခင်၌ သူ၏ကိုယ်ပိုင်အတွေးအမြင်များရှိ၍ ယင်းကို သူသာလျှင် နားလည်နိုင်သည်။ သန့်ရှင်းသောဝိညာဉ်တော်၏အကူအညီမှတပါး၊ လူတို့သည် ဘုရားသခင်၏အကြံအစည်များကို မသိနားမလည်နိုင်ပေ။

လူသားတို့၌ အစွမ်းတန်ခိုးဆုံးရှုံးသောကြောင့် စိတ်ဝိညာဉ်အတွင်း၌ မကျေနပ်မှုများ ဖြစ်ပေါ်လာရသည် (ရောမ၊ ၁:၂၀-၂၁)။ အကြောင်းမှာ လူသားသည် အာဒံနှင့်ဧဝ အကြောင်းနှင့်စပ်လျဉ်း၍ ကမ္ဘာဦးကျမ်း ၁-၂ တွင် တွေ့ရသည့်အတိုင်း လူသားသည် ဤကွန်ရက်၏မူလအစိတ်အပိုင်းဖြစ်သည်။ လူသည် ပြိုလဲပြီးမှသာ ဝိညာဉ်ရေးရာ၌ သေဆုံးသောသူဖြစ်၍ ဘုရားသခင်နှင့် တူညီသောအဆင့်တွင် မဆက်ဆံနိုင်တော့ပေ။ ဘုရားသခင်၏အကြံအစည်များကိုမသိဘဲ လူတို့သည် ဘုရားသခင်ကို မသိနိုင်ကြပေ။ ဝိညာဉ်ရေးရာဆက်သွယ်မှုမရှိသောကြောင့် တိကျသောအသိပညာမရှိပေ။ ဝိညာဉ်တော် မရှိလျှင် လူနှင့်ဘုရားသခင်သည် မဆက်သွယ်နိုင်ပေ။ လူတို့သည် ဘုရားသခင်ကိုမသိနိုင်သောကြောင့် ဝိညာဉ်ရေးရာ၌ သေလျက်နေကြသည် (ဧ၊ ၂:၁-၂)။

ကျိုးပဲ့နေသောဝိညာဉ်ရေးကွန်ရက်သည် ဘုရားသခင်ပါဝင်ခြင်းမရှိသည့်ဘာသာတရား၊ အတွေးအခေါ်၊ ဆုံးဖြတ်ချက်များနှင့် သက်သေထူသည်။ ဘာသာတရားများ၊ ယုံကြည်ချက်များနှင့် အတွေးအမြင်အမျိုးမျိုးတို့သည် လူသား၏ဝိညာဉ်ရေးဆိုင်ရာကို အတည်မပြုရုံသာမက ဝိညာဉ်ရေး၌ ဖန်ဆင်းရှင်နှင့် အဆက်အစပ်မရှိပေ။ ယင်းအစား ထိုသူသည် ဘုရားသခင်နှင့် ခွဲခွာသူသာဖြစ်သည်။ အကြောင်းမှာ ဘုရားသခင်၏သမ္မာတရားများကို လက်မခံဘဲ အခြားအရာများကို ရှာဖွေ၍ ယုံကြည်သောကြောင့်ဖြစ်သည်။

“အဘယ်ကြောင့်နည်းဟူမူကား လူအပေါင်းတို့သည် ဒုစရိုက်ကိုပြု၍ ဘုရားသခင်ရှေ့တော်၌ အသရေပျက်ကြပြီ” (ရောမ၊ ၃:၂၃)။

ဘုရားသခင်၏အကြံအစည်များကိုမသိဘဲ မိမိတို့သည် ဘုရားသခင်ကိုမသိနိုင်ပါ။ ဘုရားသခင်၏ဝိညာဉ်တော်မရှိလျှင် ဘုရားသခင်ကိုမိမိတို့မသိနိုင်ပါ။ လူတို့သည် ဘုရားသခင်ကို မသိသောကြောင့် ဘုရားသခင်သိရှိခြင်း၏အကျိုးကျေးဇူးကို မခံစားကြပေ။

တူညီသောတန်ဖိုးများမရှိခြင်းက ဘုရားသခင်အား လူများမုန်းတီးစေသည်ဟု ပေါလုက အခြားတစ်နေရာတွင် ဖော်ပြထားသောကြောင့် အဆိုပါပြဿနာသည် နားလည်မှု နည်းပါးခြင်းမျှသာမဟုတ်ပေ။ လူတို့သည် ဖန်ဆင်းသောအရာများကို ထောက်ရှု၍ ဘုရားသခင်ကို သိနိုင်သော်လည်း သူ၏အကြံအစည်များကို ငြင်းပယ်ကြသည်။

"ဓာတိပကတိစိတ်သဘောသည် သေခြင်းအကြောင်း ဖြစ်၏။ ဝိညာဉ် ပကတိစိတ်သဘောသည် အသက်ရှင်ခြင်းအကြောင်းနှင့် ငြိမ်သက်ခြင်းအကြောင်း ဖြစ်၏။- အဘယ်ကြောင့်နည်းဟူမူကား၊ ဓာတိပကတိ စိတ်သဘောသည် ဘုရားသခင်နှင့် ဆန့်ကျင်ဘက်ဖြစ်၏။ ဘုရားသခင်၏ တရားတော်အလိုသို့ မလိုက်တတ်။ ထိုမျှမက မလိုက်နိုင်။ ထိုကြောင့် ဓာတိပကတိ၌ ကျင်လည်သော သူတို့သည် ဘုရားသခင်၏ စိတ်တော်နှင့် မတွေ့နိုင်ကြ" (ရောမ၊ ၈:၆-၈)။

လူတို့၌ ဝိညာဉ်သဘောသဘာဝ၊ အတွင်းမမြင်နိုင်သောကွန်ရက်တစ်ခုရှိကြပြီး ပေါင်းစည်းထားသောကြောင့် သူတို့ထင်မြင်ယူဆချက်များကို အခြားသူများနှင့် ဝေမျှနိုင်သည်။ ဥပမာအားဖြင့် လူတစ်ယောက်သည် သူ၏အတွေးအမြင်များ၊ ဆဲလ်ဖ်ပုံနှင့်အခြားအရာများကို ဖေစ်ဘုခ်ပေါ်တွင် အခြားသူများနှင့် မျှဝေနိုင်သည်။ သို့သော် ဘုရားသခင်သည် ထိုကွန်ရက်၏အစိတ်အပိုင်းမဖြစ်သောကြောင့် ၎င်းတို့ကို ဝိညာဉ်ရေးဟု မယူဆသင့်ပါ။ ၎င်းတို့၌ ဝိညာဉ်တော်မပါဝင်၍ ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့ခွင့်လည်း မရှိပေ။

ဘုရားသခင်၏အကြံအစည်များမှ ပိတ်ထားခံရခြင်းသည် လူတို့ကို ကိုယ်တော်ကို သိခြင်းမှ ကင်းဝေးစေပါသည်။ ခရစ်ယာန်အသက်တာသည် ယေရှုခရစ်မှတစ်ဆင့် ဘုရားသခင်၏ကိုယ်ပိုင်ကွန်ရက်နှင့် ချိတ်ဆက်သကဲ့သို့ တူညီသောကွန်ရက်တွင် ပါဝင်သည့်အခြားသူများနှင့်လည်း ချိတ်ဆက်ခြင်းဖြစ်သည်ဟုဖော်ပြသည်။ယင်းက ဘုရားသခင်နှင့်လူတစ်ဦးချင်း၊ အသင်းတော်အဖွဲ့အစည်းကြားတွင် ပုဂ္ဂိုလ်ရေးဆိုင်ရာဆက်ဆံရေးဖြစ်နိုင်ခြေကို ဖြစ်ပေါ်စေသည်။

ဤအရာသည် သင်နှင့်ဘုရားသခင်စပ်ကြား၌သာ ရှိသည့်အရာဖြစ်ကြောင်း သတိပြုရပါမည်။ ခေတ်သစ်ဝါဒ၏တစ်ဖက်ခြမ်းမှ ပေါက်ဖွားလာသောအရာသည် အန္တရာယ်ရှိသောကြောင့် သတိပြုရမည်။ ဘုရားသခင်သည် သူ့လူအပေါင်းတို့အား သူ၏ဖြစ်ခြင်းနှင့်သူ့ကို သိရှိနိုင်ရန် သူ့ကိုယ်သူ ဖွင့်ပြထားသည်။ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် ကြီးမားသောမိသားစုတစ်ခုအနေဖြင့် ကိုယ်တော်ကို သိရှိပြီး တူညီသောဝိညာဉ်ရေးကွန်ရက်ကို မျှဝေနိုင်ကြသည်။ ခမည်းတော်ဘုရားသည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ကျွန်ုပ်တို့အား နှစ်သိမ့်မှု၊ လမ်းညွှန်မှုနှင့်အသိပညာတို့ကို ထင်ရှားစွာမျှဝေပေးပါသည်။

ဤမျှဝေထားသောအသိပညာသည် *koinonia* ဟူသောမူရင်းစကား မှ မိတ်သဟာယဟုဘာသာပြန်ဆိုထားခြင်းဖြစ်သည်။ ယုံကြည်သူအချင်းချင်း ကြား၊ ယုံကြည်သူနှင့်ဘုရားသခင်၊ သားတော်ယေရှုခရစ်နှင့် မိတ်သဟာယဖွဲ့ ခြင်းဖြစ်ပါသည်။ “ငါတို့သည် ခမည်းတော်နှင့်လည်းကောင်း၊ သားတော်ယေရှု ခရစ်နှင့်လည်းကောင်း၊ မိတ်သဟာယဖွဲ့ရသည်ဖြစ်၍၊ သင်တို့သည် ငါတို့နှင့် မိတ်သဟာယဖွဲ့စေခြင်းငှာ ငါတို့ကြားမြင်ရသောအရာကိုသင်တို့အားပြသကြ ၏” (၁ယော၊ ၁း၃)။ ဤသည်မှာ ကျွန်ုပ်တို့သည် ယခင်က အခြားယုံကြည်သူ များနှင့် တစ်ခါမှမတွေ့ဖူးသော်လည်း ချက်ချင်းအဆက်အသွယ်ရှိရခြင်း အ ကြောင်းရင်းဖြစ်သည်။

## ခ) ဘုရားသခင်ကို သိကျွမ်းခြင်း

ထိုအရာတို့ကို ဘုရားသခင်သည် မိမိဝိညာဉ်တော်အားဖြင့် ငါတို့အား ဖော်ပြတော်မူ၏။ ဝိညာဉ်တော်သည် ဘုရားသခင်၏နက်နဲသောအရာတိုင် အောင် ခပ်သိမ်းသောအရာတို့ကို စစ်တော်မူ၏။ လူ၏နက်နဲသောအရာကို လူ ၌ရှိသော မိမိစိတ်ဝိညာဉ်မှ တစ်ပါး အဘယ်သူသိသနည်း။ ထိုနည်းတူ ဘုရား သခင်၏နက်နဲသောအရာကို ဘုရားသခင်၏ဝိညာဉ်တော်မှတစ်ပါး အဘယ် သူမျှမသိ။ ငါတို့သည် လောကီဝိညာဉ်ကို မခံရကြ။ ဘုရားသခင်ပေးတော်မူ သောအရာတို့ကို သိခြင်းအလိုငှာ ဘုရားသခင်ထံမှ ကြွလာသောဝိညာဉ်ကိုခံရ ကြပြီ။ ဘုရားသခင်ပေးတော်မူသော အရာတို့ကို ငါတို့သည် လူပညာကိုအမှီ ပြု၍ နားလည်သောစကားနှင့် မဟော။ သန့်ရှင်းသောဝိညာဉ်တော်သည် ဝိ ညာဉ်နှင့်စပ်ဆိုင်သောအရာကို ဝိညာဉ်စကားအားဖြင့် ဖွင့်ပြ၍ ပဲ့ပြင်တော်မူ သောစကားနှင့် ငါတို့သည် ဟောကြ၏” (၁ကော၊ ၂:၁၀-၁၃)။

## အသိတော်မူသောဝိညာဉ်တော်

အစိုးရများက ဖေ့စ်ဘုခ်နှင့်ဂိုဂေလ်မှ သူလျှိုလုပ်ခြင်းနှင့်ပတ်သက်၍ အချို့သောလူများကြားတွင် စိုးရိမ်ထိတ်လန့်မှုများစွာရှိသည်။ စိတ်ဝင်စားစ ရာကောင်းသည်က ဤကုမ္ပဏီကြီးများက ငါတို့ကြည့်ရှုသည့်ဗီဒီယိုများ၊ ငါတို့ ဖတ်သည့်အရာများ၊ ငါတို့ပြောစကားများကိုစောင့်ကြည့်နိုင်သော်လည်း ငါတို့

၏စိတ်ကို သူတို့မသိနိုင်ပေ။ ကျွန်ုပ်တို့၏လှုပ်ရှားမှုများကို ခြေရာခံပြီး ခန့်မှန်းခြင်းမှတစ်ပါး ငါတို့၏စိတ်သဘောထားအမှန်ကို မသိရှိနိုင်ကြပေ။ သို့သော် ဘုရားသခင်၏ဝိညာဉ်တော်သည် ကျွန်ုပ်တို့၏စိတ်ထဲသို့ဝင်ရောက် စစ်ဆေးနိုင်သည်။ "ဝိညာဉ်တော်သည် ဘုရားသခင်၏နက်နဲသောအရာတိုင်အောင် ခပ်သိမ်းသောအရာတို့ကို စစ်တော်မူ၏။" ခပ်သိမ်းသောအရာဟုဆိုရာတွင် ကျွန်ုပ်တို့၏တွေးတောမှုများလည်း ပါဝင်ပြီး ဘုရားသခင်၏တရားစီရင်ခြင်းသည် ဤအရာအပေါ်အခြေခံမည်ဖြစ်သည်။ ဆာလံဆရာက ကိုယ်တော့်စိတ်သဘောထားကို သိရှိရန် မည်သို့ဆုတောင်းခဲ့သည်ကို သတိပြုပါ။

"အိုဘုရားသခင်၊ အကျွန်ုပ်ကိုစစ်ကြော၍၊ အကျွန်ုပ်၏နှလုံးကို သိမှတ်တော်မူပါ။ စုံစမ်း၍ စိတ်အထင်များကိုလည်း သိမှတ်တော်မူပါ။ ဆိုးသောလမ်းသို့ အကျွန်ုပ်လိုက်သည် မလိုက်သည်ကိုကြည့်ရှု၍၊ ထာဝရလမ်းထဲသို့ သွေးဆောင်တော်မူပါ'' (ဆာ၊ ၁၃၉:၂၃-၂၄)။

ဘုရားသခင်သည် ဝိညာဉ်တော်အားဖြင့် "ခပ်သိမ်းသောအရာတို့ကို စစ်တော်မူ၏" ဟုဆိုရာတွင် သူဖန်ဆင်းထားသည့်လူအပေါင်းတို့၏စိတ်နှလုံးလည်းပါဝင်သည်။ လူသားတို့၏စိတ်နှလုံးကို သိရှိရုံသာမက စစ်ဆေးတော်မူ၏။ လုပ်ဆောင်သမျှ ရှေ့တော်မှောက်၌ ကွယ်ဝှက်စရာနေရာမရှိပေ။ ကျွန်ုပ်တို့၏စိတ်ထားကို သူတစ်ပါးထံမှဖုံးကွယ်နိုင်သော်လည်း ဝိညာဉ်တော်ဘုရားရှေ့မှာ မည်သူမျှမဖုံးကွယ်နိုင်ပေ။ "ဝိညာဉ်တော်သည် ဘုရားသခင်၏နက်နဲသောအရာတိုင်အောင် ခပ်သိမ်းသောအရာတို့ကို စစ်တော်မူ၏" (အပိုဒ်ငယ် ၁၀)။ ဘုရားသခင်၏နက်နဲသောအရာများကိုလည်း သိရှိတော်မူသည်။

စာရာသည် တဲကန့်လန့်ကာနောက်ကွယ်၌ ရှိနေစဉ် ထာဝရဘုရား၏ ကောင်းကင်တမန်က အသက်ကြီးရင့်သောစာရာအား သားတစ်ယောက်ရမည်ဟု ကတိပေးသောအခါ သူ့ကိုယ်သူမယုံနိုင်သဖြင့် စိတ်ထဲမှရယ်ခဲ့သည်ကို ထာဝရဘုရားသိရှိသည့်ဥပမာမှာ သတိပြုမိစရာပင်ဖြစ်သည်။

သင်၏မယားစာရာက အကယ်၍ ငါသည်အိုပြီးမှ သားကို ဖွားလိမ့်မည်လောဟုဆိုလျက်အဘယ်ကြောင့်ရယ်သနည်း။ ထာဝရဘုရားမတတ်နိုင်သောအမှုတစ်စုံတစ်ခုရှိသလော။ ချိန်းချက်သောဖွားချိန်စေ့သောအခါ သင့်ဆီသို့ငါပြန်လာ၍ စာရာသည် သားကို ရလိမ့်မည်ဟု ထာဝရဘုရားသည် အာဗြဟံ

အား မိန့်တော်မူ၏။ စာရာကလည်း ကျွန်မမရယ်ပါဟု ကြောက်၍ ငြင်းလေ၏။ မဟုတ်ဘူး။ သင်ရယ်ပြီဟု မိန့်တော်မူ၏” (က၊ ၁၈:၁၃-၁၅)။

## ဘုရားသခင်၏စိတ်တော်ကို သိခြင်း

ဘုရားသခင်၏ဝိညာဉ်တော်သည် လူတို့၏အတွေးအမြင်များသာမ က ဘုရားသခင်၏စိတ်သဘောထားကို သိရှိတော်မူ၏။ “ဘုရားသခင်၏နက်နဲသောအရာ” ကိုပင်သိသည်။ ဤအရာက ကျွန်ုပ်တို့ကို အလွန်အရေးကြီးသော နိဂုံးတစ်ခုဆီသို့ ဦးတည်စေသည်။

ဤအရာသည် မိမိကိုယ်ကို သက်သေပြနေသော်လည်း ဘုရားသခင်၏အကြံအစည်များကို မိမိတို့မသိနိုင်ပေ။ အကြောင်းမှာ မိမိတို့၏အပြစ်ရှိသောသဘာဝကြောင့်ဖြစ်သည်။ ဘုရားသခင်၏အကြံအစည်များကို သိသည်ဟုပြောသူများနည်းပါးသည်။ သူတို့၏ပြဿနာကား များသောအားဖြင့် ဘုရားသခင်ရှိမရှိကို သိခြင်းမရှိသည့်အရာပေါ်မှာ အခြေခံသည်။ ဘုရားသခင်ဖန်ဆင်းထားသည့် သဘာဝသက်သေများဝန်းရံလျက်ပင် ၎င်းတို့ကို မြင်တွေ့ရန် ငြင်းဆန်ကြသည် (ရောမ ၁:၂၀-၂၁)။

လူအနည်းငယ်က သူတို့ကိုယ်သူတို့ ဘာသာမဲ့ဟုမခေါ်ကြပေ။ သူတို့သည် ဘုရားသခင်နှင့်ဆိုင်သောအရာများကို မသိရှိသာမက ကြိုးစားခြင်းကို စွန့်လွှတ်လိုက်ကြသည်။ Agnostic ၏ဆိုလိုရင်းကား "အသိပညာမရှိ" ဟုဆိုလိုသည်။ သမ္မာကျမ်းစာအရ ပြောရလျှင် မယုံကြည်သူ၊ ဘာသာတရားနှင့် အတွေးအခေါ်သမားတို့၏နှလုံးသားပြဿနာဖြစ်သည်။ သူတို့သည် ဘုရားသခင်မည်သို့ဖြစ်မည်ကို မှန်းဆနေကြသော်လည်း အမှန်တကယ် မသိကြပါ။ သိဒ္ဓတ္ထဂေါတမသည် နောက်ပိုင်းတွင် ဗုဒ္ဓဘာသာဟုခေါ်ဝေါ်သည့်အရာကို မသိနားမလည်မှုဖြင့် ခရီးစတင်ခဲ့သည်။ သူသည် သူ၏အသိပညာ (သို့) ဉာဏ်အလင်း လုံးဝမရှိခဲ့ဟုဝန်ခံခဲ့သည်။ ဇင်ဗုဒ္ဓဘာသာဝင်များနှင့် ဟိန္ဒူဘာသာဝင်အချို့တို့သည် တရားအားထုတ်ခြင်း၊ ယောဂကျင့်စဉ်တွင် ဝိညာဉ်လောကနှင့် ချိတ်ဆက်ရန် လုပ်ဆောင်ကြသည်။ သူတို့အားလုံးက တစ်စုံတစ်ခုကို မှန်ကန်စွာခံစားမိသောကြောင့် ရှာဖွေနေကြသည်။ သို့ရာတွင် ဘုရားသခင်၏ဝိညာဉ်တော်မရှိဘဲ၊ လူသားများသည် ဘုရားသခင်နှင့်ဆိုင်သောအရာများကို မသိနိုင်ပေ။

## ဘုရားသခင်၏အကြံအစည်များကို လက်ခံခြင်း

ပေါလုက "ထိုအရာတို့ကို ဘုရားသခင်သည် မိမိဝိညာဉ်တော်အားဖြင့် ငါတို့အား ဖော်ပြတော်မူ၏" (အငယ် ၁၀)။ ဘုရားသခင်သည် မိမိအကြံအစည်များကို ရွေးချယ်ထားသောအုပ်စု"ကျွန်ုပ်တို့အား" ဖော်ပြတော်မူသည်။ ငါတို့သည် "ဘုရားသခင်ထံမှကြွလာသောဝိညာဉ်ကို ခံရကြပြီ" (အငယ် ၁၂)။ ဘုရား၏ကွန်ရက်သည် ဝိညာဉ်ရေးဖြစ်သောကြောင့် ဝိညာဉ်တော်အားဖြင့် ဘုရားသခင်၏အကြံအစည်များနှင့် လူ၏အကြံအစည်များကို ပေါင်းစပ်လျက် ကျွန်ုပ်တို့အား သိခွင့်ပေးသည်။ ဒုတိယအကြိမ်မွေးဖွားခြင်း၊ အသက်တာသစ်ရရှိခြင်း စသည်တို့သည် သန့်ရှင်းသောဝိညာဉ်တော်ကို ရရှိခြင်းပင်ဖြစ်သည်။

ဘာသာတရားနှင့်အတွေးအခေါ်များသည် ဘုရားသခင်ကို ပိုင်ဆိုင်ခြင်းအားဖြင့် လုံးလုံးလျားလျားပြောင်းလဲခြင်းထက် ဘုရားသခင်အကြောင်းဆည်းပူးခြင်းသာဖြစ်သည်။ လူသားတိုင်းသည် အလင်းအနည်းငယ်ထွန်းလင်းစေသည့်သြတ္တပ္ပစိတ်ဖြင့် မွေးဖွားလာကြသည်။ မယုံကြည်သူများသည်လည်း အမှားအမှန်ကို ပိုင်းခြားသိမြင်နိုင်သည်။ သန့်ရှင်းသောဝိညာဉ်တော်ကို လက်ခံသောအခါ ကျွန်ုပ်တို့သည် ဘုရားသခင်၏သွန်သင်ခြင်းသာမက ထိုဝိညာဉ်တော်၏အတူပါရှိခြင်းကို ရရှိလေသည်။ အမှန်တကယ်တည်ရှိခြင်း ဖြစ်သည်။ ဝိညာဉ်တော်သည် ခန္ဓာကိုယ်၌ အကန့်အသတ်မရှိသောကြောင့် သူသည် နေရာတိုင်း၌ တစ်ပြိုင်နက်ရှိနေနိုင်ပြီး စစ်မှန်သောယုံကြည်သူတိုင်းတွင် အပြည့်အဝကျိန်းဝပ်သည်။

ဘုရားသခင်၏ဝိညာဉ်တော်သည် ဘုရားသခင်နှင့်ဆိုင်သောအရာများကို သိရုံသက်သက်မဟုတ်ဘဲ၊ ၎င်းတို့ကို ကျွန်ုပ်တို့အား ပေးလိုပါသည်မှာ အံ့သြဖွယ်ကောင်းပေသည်။ အပိုဒ်ငယ် ၁၂ ၏အဆုံးတွင် တမန်တော်ပေါလုက "ဘုရားသခင်ပေးတော်မူသောအရာတို့ကို သိခြင်းအလို့ငှာ ဘုရားသခင်ထံမှကြွလာသောဝိညာဉ်ကိုခံရကြပြီ"ဟုဆိုသည်။အငယ် ၁၃ တွင် "ဘုရားသခင်ပေးတော်မူသောအရာတို့ကို ငါတို့သည် လူပညာကိုအမှီပြု၍ နားလည်သောစကားနှင့် မဟော။ သန့်ရှင်းသောဝိညာဉ်တော်သည် ဝိညာဉ်နှင့်စပ်ဆိုင်သောအရာကို ဝိညာဉ်စကားအားဖြင့် ဖွင့်ပြ၍ ပဲ့ပြင်တော်မူသောစကားနှင့် ငါတို့သည် ဟောကြ၏" ဟုဆိုသည်။ ပေါလုက သူသိသောအရာကို ရည်ညွှန်းရုံသာမက

ကျွန်ုပ်တို့ကိုယ်ပိုင်အဖြစ် ဝိညာဉ်တော်၏နှုတ်ကပတ်တော်များကို ရောယှက်ခြင်းလည်း ပါဝင်သည်။




မကြာသေးမီက ကျွန်ုပ်ခရီးတစ်ခုအတွက် ပြင်ဆင်သောအခါ ကျွန်ုပ်၏ဒက်စတော့ကွန်ပြူတာမှ လက်ပ်တော့သို့ ဖိုင်အချို့ကို ရယူလိုပါသည်။ ကံကောင်းထောက်မစွာဖြင့် Air Drop ဟုခေါ်သောလုပ်ဆောင်ချက်တစ်ခုမှတစ်ဆင့် ဖိုင်အချို့ကို လွယ်ကူစွာလွှဲပြောင်းနိုင်ခဲ့သည်။ ကွန်ပျူတာတစ်ခုစီ ကွန်ရက်က ထို Airdrop ထိုကွန်ရက်ကို အသိအမှတ်ပြုသည့်အတွက် အသုံးပြုနိုင်ခြင်းဖြစ်သည်။ ဝိညာဉ်တော်သည် မိမိတို့အထဲ၌ ကျိန်းဝပ်နေသောကြောင့် ဝိညာဉ်ရေးရာကွန်ရက်သည် ထိုကဲ့သို့ဖြစ်သည်။ ဝိညာဉ်တော်သည် ကွန်ရက်နှင့်ဘုရားသခင်၏လူကို သိသူဖြစ်သဖြင့် ဆက်နွယ်မှုကို မည်သည့်အရာကမျှ မပဟန့်တားနိုင်ပေ။ အကြောင်းမှာ ဘာသာစကားနှင့်ကွန်ရက်သည် ဝိညာဉ်တော်ဖြစ်သောကြောင့်တည်း။

ယုံကြည်သူအသစ်တစ်ယောက်ဖြစ်လာသောအခါ ဆုတောင်းခြင်းဖြင့် ဘုရားသခင်နှင့်စကားပြောခွင့်ရလာသည်။ ဘုရားသခင်ကိုမသိသောသူတို့၏ အဓိပ္ပါယ်မဲ့ ဆုတောင်းခြင်းမျိုးမဟုတ်ပေ။ အသက်တာမပြောင်းလဲမီ ဘုရားရှိခိုးကျောင်း၌ စကားလုံးများအထပ်ထပ်ဖြင့် ဆုတောင်းခဲ့သည်။ ထိုသို့သော ဆုတောင်းချက်များသည် အချည်းနှီးဖြစ်ကြောင်း ယခုသိရှိလာရသည်။ ယနေ့ များစွာသောလူတို့သည် ဘာသာတရားရေးကိုင်းရှိုင်းသော်လည်း အများစုမှာ ဘုရားသခင်ကို အမှန်မသိကြပေ။ သို့သော် လူတစ်ဦးသည် စစ်မှန်သောယုံကြည်သူဖြစ်လာသောအခါ သူ့ဆုတောင်းခြင်းလည်း အသက်ရှင်လာရသည်။

အနန္တတန်ခိုးရှင်ဘုရားသခင်သည် ထိုသူ၏ဆုတောင်းသံကို နားထောင်လျက် ထိုသူနှင့်မိတ်သဃာယဖွဲ့ကာ ကွဲပြားသောအရာများကို သိစေတော်မူမည်။

ပေါလုက ဝိညာဉ်ရေးရာကွန်ရက်သည် ကွန်ရက်တစ်ခုထက်ပိုသည်ဟုဆိုသည်။ "ဘုရားသခင်ထံမှကြွလာသောဝိညာဉ်တော်"ဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ကွန်ပျူတာရှာဖွေရေးအစွမ်းနှင့် ခိုင်းနိူင်းခြင်းမဟုတ်၊ ဘုရားသခင်ကိုယ်တော်တိုင်၏တိုးချဲ့မှုအဖြစ် ခိုင်းစေခြင်းဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော်သည် လုပ်ဆောင်မှုတန်ခိုးသက်သက်မဟုတ်ဘဲ ပုဂ္ဂိုလ်ဖြစ်သည်။ ဤကျမ်းပိုဒ်သည် သန့်ရှင်းသောဝိညာဉ်တော်၏ပုဂ္ဂိုလ်ဖြစ်ခြင်းကို ရှင်းလင်းစွာမဖော်ပြသော်လည်း သူ၏လုပ်ဆောင်ချက်နှင့်သဘောဘာဝကို သေချာဖော်ပြထားသည်။

အဖဘုရားသခင်ကိုယ်တော်တိုင် ထုတ်ဖော်ပြသသည့်ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့သည် သူနှင့် အကန့်အသတ်မရှိ ဆက်ဆံနိုင်စေရန်ဖြစ်ပြီး သူကိုယ်တိုင် မိမိတို့အား ထင်ရှားစွာဝေမျှသွားပေမည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အား ကျေးဇူးပြုလျက် ကရုဏာထားတော်မူ၏။ မူရင်းစကားသည် *Charis* ဟူသောစကားမှဆင်းသက်လာပြီး ကျေးဇူးပြုခြင်းခံသောယုံကြည်သူအားလုံးကို ဆိုလိုပါသည်။ ဘုရားသခင်၏ရည်ရွယ်ချက်မှာ လွတ်လပ်စွာဆက်သွယ်ပြောဆိုရန်နှင့် သူ့ကို သိသည့်ဉာဏ်ပညာကို မိမိတို့အား ပေးသနားရန်ဖြစ်သည်။ ယုံကြည်သူတိုင်း ဘုရားသခင်ကို ပိုမိုသိရှိလိုစိတ်ရှိရန် နှိုးဆော်ခံရခြင်းသည် ဘုရားသခင်၏သာ၍လေးနက်သောရည်ရွယ်ချက်ဖြစ်သည်(၂ပေ၊ ၃:၁၈)။ ဤအရာက ကျွန်ုပ်တို့အား ဝိညာဉ်တော်၌ တစိုက်မတ်မတ်လျှောက်လှမ်းစေပြီး ဝိညာဉ်တော်၌ ဆုတောင်းခြင်း၊ သူ၏သန့်ရှင်းခြင်း အတွေ့အကြုံများကို တွေ့ကြုံခံစားစေခြင်း၊ ဘုရားသခင်နှင့် အမြဲမိတ်သဟာယဖွဲ့စေခြင်း၊ အဆက်မပြတ်ဆုတောင်းများကို ဖြစ်ပေါ်စေသည် (၁တိ၊ ၅:၁၇)။

## ၈) ဆန့်ကျင်ဘက်ဖြစ်သော ဇာတိနှင့်ဝိညာဉ်ရေးရာ

"ဇာတိပကတိလူသည် ဘုရားသခင်၏ဝိညာဉ်တော်အရာတို့ကို မခံမယူ။ ထိုအရာတို့သည် မိုက်မဲသောအရာဖြစ်သည်ဟု ထင်တတ်၏။ ထိုအရာတို့ကို ဝိညာဉ်အားဖြင့်သာ ပိုင်းခြား၍နားလည်နိုင်သောကြောင့် ဇာတိပကတိလူသည် နားမလည်နိုင်။ ဝိညာဉ်လူမူကား ထိုအရာအလုံးစုံတို့ကို ပိုင်းခြား၍ နားလည်

တတ်၏။ သို့သော်လည်း ထိုလူကို အဘယ်သူမျှ ပိုင်းခြား၍ မသိနိုင်။ ထိုလူကို သွန်သင်နိုင်မည်အကြောင်း အဘယ်သူသည် ထာဝရဘုရား၏စိတ်တော်ကို သိသနည်း။ ငါတို့မူကား ခရစ်တော်၏စိတ်ကို ခံရကြ၏" (၁ကော ၂:၁၄-၁၆)။

ရှင်ပေါလုက ဤအပိုဒ်များတွင် ဇာတိနှင့်ဝိညာဉ်ရေးရာတို့၏ခြားနားချက်ကို ဖော်ပြခဲ့သည်။ အစောပိုင်းအပိုဒ်များတွင် ဝိညာဉ်ရေးရာများကို ဖြစ်ပေါ်စေသောသူသည်သန့်ရှင်းသောဝိညာဉ်တော်ဖြစ်ပြီး ဇာတိလူသည် ဝိညာဉ်တော်ကိုမပိုင်ဆိုင်ကြောင်း ရှင်းပြခဲ့သည်။ ဘုရားသခင်၏ဝိညာဉ်တော်တစ်ပါးတည်းကသာ ဝိညာဉ်ရေးရာဖြစ်စေသည်။ သို့သော် ဝိညာဉ်ရေးရာသည် အရင်မဖြစ်ပေါ်ဘဲ ဇာတိသည် အရင်ဖြစ်သည်။ ဝိညာဉ်ရေးရာသည် နောက်မှဖြစ်လာပါသည် (၁ကော၊ ၁၅:၄၆)။ "ဝိညာဉ်ရေး" ဟူသောစကားလုံးသည် သန့်ရှင်းသောဝိညာဉ်တော်၏သက်ရောက်မှုနှင့် အမြဲဆက်နွယ်သည်။ ဧဖက်၊ ၆:၁၂ ၌သာ 'သွေးသာဇာတိရှိသောနတ်ဆိုး' ဟူ၍ "spiritual forces of wicked ness" တစ်ကြိမ်ဖော်ပြသည်။

"အကြောင်းမူကား ငါတို့သည် အသွေးအသားရှိသော ရန်သူတို့နှင့် ဆိုင်ပြိုင် တိုက်လှန်ရကြသည်မဟုတ်။ အထွဋ်အမြတ်တို့နှင့်လည်းကောင်း၊ အာဏာစက်တို့နှင့်လည်းကောင်း၊ လောကီမှောင်မိုက်၌ အစိုးတရပြုလုပ်သော မင်းတို့နှင့်လည်းကောင်း၊ မိုးကောင်းကင်၌နေသော နတ်ဆိုးတို့နှင့်လည်းကောင်း ဆိုင်ပြိုင်တိုက်လှန် ရကြ၏" (ဧဖက်၊ ၆:၁၂)။

သမ္မာကျမ်းစာသည် ဘုရားသခင်ထက် ယုတ်ညံ့သော ဝိညာဉ်သတ္တဝါများအကြောင်းကိုပင် ပြောဆိုသောကြောင့် ဝိညာဉ်ရေးရာသည် သန့်ရှင်းသောဝိညာဉ်တော်ကို အမြဲရည်ညွှန်းသည်ဟု မိမိတို့မပြောနိုင်ပါ။ ထိုဝိညာဉ်များသည် မကောင်းသောဝိညာဉ်များ၊ မှောင်မိုက်နှင့်ဆိုင်သောဝိညာဉ်များ၊ သန့်ရှင်းခြင်းကိုစွန့်ပြီး ဘုရားသခင်ကို ပုန်ကန်သောဝိညာဉ်ဆိုးများသာဖြစ်သည်။ ဇာတိလူသည် စာတန်ထိန်းချုပ်ထားသည့် ဤမှောင်မိုက်သတ္တဝါများနှင့် မကြာခဏဆက်စပ်နေသည် (ဟေဗြဲ၊ ၂း၁၄-၁၅)။

## ဇာတိလူ

"ဇာတိလူ"သည် ဘုရားသခင်၏ဝိညာဉ်တော် ကင်းမဲ့သူများကို ရည်ညွှန်းသည်။ သူတို့သည် ဝိညာဉ်လူများမဟုတ်၊ ဝိညာဉ်တော်မှ မွေးဖွားလာသူများမဟုတ်ပေ။ ပေါလုက ဇာတိလူနှင့်ပတ်သက်၍ အချက်လေးချက်ကို ဖော်ပြခဲ့သည် (၁ကော၊ ၂:၁၄)။

- ဘုရားသခင်၏ဝိညာဉ်တော်နှင့်ဆိုင်သောအရာများကို လက်မခံပါဟူသော စကားစုက လူသားသည် မိမိ၏အစွမ်းဖြင့် ဘုရားသခင်၏အလိုတော်ကို ဆောင်ရန် ဆန္ဒရှိသည်ဟုဆိုလိုသည်။ ဇာတိလူသည် ဘုရားသခင်၏အလိုတော်နှင့် မချိတ်ဆက်နိုင်ပေ။ မိမိ၏ဆန္ဒကိုသာ စိတ်ဝင်စားသောကြောင့် ဘုရားသခင်၏အလိုတော်ကိုဂရုမစိုက်ဘဲ ဆန့်ကျင်တတ်သည်။
- ဇာတိလူသည် ဘုရားသခင်၏ဝိညာဉ်တော်နှင့်ဆိုင်သောအရာများ၌ ကောင်းမြတ်မှု၊ ဉာဏ်ပညာကို လေးမြတ်နိုင်စွမ်းမရှိပေ။ သူ့အတွက် ၎င်းတို့သည် မိုက်မဲခြင်းဖြစ်သည် (အငယ် ၁၄)။ လူတစ်ဦးကို နိုင်ငံခြားငွေဖြင့် ပေးကမ်းခြင်းနှင့် တူသည်။ အကြောင်းမှာ ပိုင်းခြားနိုင်စွမ်းမရှိသောကြောင့်ဖြစ်သည်။ ကောင်းချီးများဆောင်ကြဉ်းပေးသည့် ဘုရားသခင်၏စည်းမျဉ်းများသည်လည်း လူ့အဖွဲ့အစည်းနှင့်မိသားစုအတွက် သဘောမတွေ့ခြင်းရှိလာသည်။
- "ဇာတိပကတိလူသည် ဝိညာဉ်တော်နှင့်ဆိုင်သောအရာများကို နားမလည်နိုင်" (၎ယ် ၁၄)။ ဘုရားသခင်နှင့်ဆိုင်သောအရာများကို မိုက်မဲသောဟုမှတ်ယူသဖြင့် တန်ဖိုးမထားတတ်ပေ။ သူတို့၏နားလည်နိုင်စွမ်းမရှိသည်ကို ပေါလုက ဤနေရာတွင် ထုတ်ဖော်ခဲ့သည်။
- သူတို့သည် ဝိညာဉ်ရေးရာ၌ အကဲဖြတ်ခံရသည်။ လူတို့သည် ဝိညာဉ်တော်၏အထူးကယ်တင်ခြင်း အမှုကိုမပါဘဲ ဝိညာဉ်တော်နှင့်ဆိုင်သော အရာများကို နားလည်နိုင်စွမ်းမရှိကြပါ။

ပေါလုက ဇာတိလူသည် ဘုရားသခင်၏လမ်းစဉ်များကို နားလည်နိုင်စွမ်းမရှိသလို တန်ဖိုးမထားနိုင်ကြောင်း ဖော်ပြခဲ့သည်။ ဇာတိလူသည် အလိုဆန္ဒရှိသော်လည်း ဘုရားသခင်၏အလိုတော်ကို လိုလိုလား လားမလိုက်နာနိုင်ပေ။

## ဝိညာဉ်လူ

ဇာတိလူသည် ဘုရားသခင်၏ဝိညာဉ်တော် မရရှိသောသူဟု ဖော်ပြနေသည့်အကြောင်းရင်းမှာ ဘုရားသခင်၏ဝိညာဉ်တော်ကို မခံယူ ရသေးသောကြောင့်ဖြစ်သည် (အငယ် ၁၂)။ ဝိညာဉ်လူများသည် ဝိညာဉ်တော်ရရှိကြသည်။ ပေါလုသည် ဤလူများနှင့်ပတ်သက်သော မှတ်ချက်လေးခုကို ထုတ်ဖော်ပြသသည်။

- ဝိညာဉ်လူကား (၁ကော၊ ၂:၁၅) ခရစ်တော်ကိုယုံကြည်၍ ဝိညာဉ်တော်၏ဩဇာလွှမ်းမိုးမှုခံသောသူဟုဖော်ပြသည်။ နောက်အပိုဒ်မှာ ပေါလုကတစ်ခါတစ်ရံ ယုံကြည်သူများသည် ဘုရားသခင်ဝိညာဉ်တော်မရှိပါက ဇာတိဆန်ဆန်ပြုနိုင်သည်ဟု ဆိုသည်။ "ညီအစ်ကိုတို့၊ အထက်က ငါသည် ဝိညာဉ်လူတို့အား ဟောပြောသကဲ့သို့ သင်တို့အား ဟောပြောရသောအခွင့်မရှိဘဲ၊ ဇာတိပကတိလူတို့အားလည်းကောင်း၊ ခရစ်တော်၌ သူငယ်ကလေးတို့အားလည်းကောင်း၊ ဟောပြောသကဲ့သို့ဟောပြောရ၏။ (၁ကော၊ ၃:၁)။ လူသည် ဘုရားသခင်၏ဝိညာဉ်တော်ကို လက်ခံရရှိသောအခါ ဝိညာဉ်လူအဖြစ် အမှန်တကယ်ပြောင်းလဲလာရသည်။
- ဝိညာဉ်လူသည် ဇာတိလူနှင့်မတူဘဲ "ခပ်သိမ်းသောအရာတို့ကို ပိုင်းခြားနားလည်တတ်၏" (အငယ် ၁၅)။ ဘုရားသခင်နှင့်ဆိုင်သောအရာများ သိနိုင်သောစွမ်းရည်အသစ်ကို ရည်ညွှန်းသည်။ ဤခြားနားမှုသည် သန့်ရှင်းသောဝိညာဉ်တော်မှ ပေါက်ဖွားလာသောအဆင့်မြှင့်တင်မှုတစ်ခုဖြစ်သည်။ လူတို့သည် မိမိတို့၏ဝိညာဉ်ရေးရာနှင့်ပတ်သက်၍ ကြွားဝါစရာ ဘာမျှမရှိပေ။ အကြောင်းမှာ ဝိညာဉ်ရေးရာကြီးထွားမှုတိုင်းသည် ဝိညာဉ်တော်၏လုပ်ဆောင်မှုအားဖြင့် သူ၏ကျေးဇူးတော်ကြောင့်ဖြစ်သည်။
- ဝိညာဉ်လူသည် သန့်ရှင်းသောဝိညာဉ်တော်ထံမှ "ခရစ်တော်၏စိတ်" (အငယ် ၁၆) ကိုရရှိခြင်းဖြင့် အမှတ်အသားပြုပါသည်။ အငယ် ၁၅ သည် ဘုရားသခင်နှင့်လူကြား ဝိညာဉ်ရေးဆက်ဆံခြင်းအကြောင်းကို ပြောဆိုသည်။ သို့သော် အငယ် ၁၆ သည် ဘုရားသခင်ကို သိခြင်း၏ကြီးစွာသောအကျိုးကျေးဇူးများကို မျှဝေပါသည်။ ခရစ်တော်၏စိတ်သဘောရရှိခြင်းသည် ခရစ်တော်၏တပည့်များဖြစ်လာနိုင်သည့်အကြောင်းရင်းဖြစ်သည်။

ရှင်ယောဟန် အခန်းကြီး ၁၆ တွင် ဤအကြောင်းကို ပို၍နက်နဲစွာပြော ပေလိမ့်မည်၊ ခရစ်တော်ကိုသိခြင်းဖြင့် ဘုရားသခင်သိလာရသည်ဟူသော အခြေခံအုတ်မြစ်ကို သတိပြုကြပါစို့။

• ပေါလုသည် ဝိညာဉ်လူကို တိုက်ရိုက်ဖော်ပြခြင်းမရှိသော်လည်း သူ၏နိမ့်ချသောတန်ဆာကို ဖြည့်သွင်းသည်။ "မည်သူသည် ထာဝရဘုရား၏စိတ်တော်ကိုသိ၍ သူ့ကိုသွန်သင်လိမ့်မည်နည်း" (အငယ်၁၆)။ ကျွန်ုပ်တို့ သည် ဘုရားသခင်ကို သိနားလည်နိုင်စွမ်းရှိပြီး ခရစ်တော်၏စိတ်သဘောကို ရရှိထားသော်လည်း ကျွန်ုပ်တို့သည် ဘုရားသခင်ဖြစ်သည်/ဘုရားသခင်ကို ညွှန်ပြနိုင်သည်ဟုမဆိုလိုပါ။ ဝိညာဉ်ရေးရာမှာ မိမိတို့၏ကောင်းမြတ်ခြင်းသို့မဟုတ် လိမ္မာပါးနပ်မှုကြောင့်မဟုတ်ဘဲ သန့်ရှင်းသောဝိညာဉ်တော်ရှိခြင်းကြောင့်သာဖြစ်သည်။

ကျွန်ုပ်တို့သည် "ခရစ်တော်၏စိတ်သဘောကို"ရရှိသူများဖြစ်၍ ဝိညာဉ်ရေးကွန်ရက်အသစ်ကို အလွန်တန်ဖိုးထားသင့်ပေသည်။ ရင့်ကျက်သောယုံကြည်သူများနှင့်ဝိညာဉ်လူများကို ခွဲခြားခြင်းမှာ မှားယွင်းပေသည်။ စစ်မှန်သောယုံကြည်သူအားလုံးသည် ဘုရားသခင်၏ဝိညာဉ်တော် ရရှိသူများဖြစ်သည်။ အချို့သောယုံကြည်သူများသည် သူတို့၏အသက်တာ၌ ဝိညာဉ်တော်၏တည်ရှိခြင်းကို ပိုမိုကောင်းမွန်စွာထင် ဟပ်စေသည့်အချိန်များရှိသည်။

## အနှစ်ချုပ် အချက်များ

• လူတိုင်း၌ တစ်ဦးကိုတစ်ဦး "ဝိညာဉ်ရေး" ကွန်ရက်ရှိသော်လည်း သူတို့သည် ဘုရားသခင်နှင့်မချိတ်ဆက်နိုင်ကြပေ (ဘုရားသခင်—သဘာဝလူ)။
• စစ်မှန်သောဝိညာဉ်ရေး (ဘုရားသခင့်လူများသာ) သည် ဘုရားသခင်၏ဝိညာဉ်တော်ခံယူသူများကိုရည်ညွှန်းပြီး ခရစ်တော်၏စိတ်ထားကို ရရှိကာ ဘုရားသခင်၊ အသင်းတော်နှင့် မိတ်သဟာယဖွဲ့ကြသည်။
• ယုံကြည်သူကျွန်ုပ်တို့သည် ခရစ်တော်ပြသကဲ့သို့ ကျွန်ုပ်တို့၏အသက်တာအတွက် အလိုတော်အတိုင်း အသက်ရှင်နေထိုင်နိုင်ရန် ဘုရားသခင်ထံမှ မိမိတို့လိုအပ်သမျှ (သတိပေးချက်၊ အားပေးမှု၊ အသိပညာ) တို့ကို သိရှိနိုင်သည်။

- စာတန်သည် ကျွန်ုပ်တို့အား သူ၏စကားကို နားဆင်ရန် (အခြားသောဝိညာဉ်များဖြင့်) ဘုရားသခင်၏အချက်ပြမှုကို ပိတ်ဆို့ရန် ဤဝိညာဉ်ရေးကွန်ရက်အတွင်းသို့ ဝင်ရောက်ရန် ကြိုးပမ်းမည်ဖြစ်သည်။
- ဘုရားသခင်သည် ဝိညာဉ်တော်အားဖြင့် ကျွန်ုပ်တို့အား ထုတ်ဖော်ပြသသည့်သမ္မာတရားများတွင် ကျွန်ုပ်တို့၏ယုံကြည်စိတ်ချမှုကို ယုံကြည်ခြင်းက ဖော်ပြသည်။

## ဆွေးနွေးမေးခွန်းများ

- သန့်ရှင်းသောဝိညာဉ်တော်မပါဘဲ ဘုရားသခင်အကြောင်းအရာများကို သင်ယူနိုင်ပါသလား။ အဖြေကို အထက်ပါကျမ်းပိုဒ်များအရ ရှင်းပြပါ။
- သူငယ်ချင်းများ၊ ဘုရားသခင်၊ သို့မဟုတ် web စာမျက်နှာနှင့် ပိုမိုချိတ်ဆက်လိုပါသလား။ အဘယ်ကြောင့်နည်း။
- ဇာတိလူနှင့်ဝိညာဉ်ရေးလူကြားတွင် အနည်းဆုံးကွာခြားချက်သုံးခုကို စာရင်းပြုစုပါ။
- စစ်မှန်သောဝိညာဉ်ရေးဆိုသည်မှာ အဘယ်နည်း။
- သခင်ဘုရားကို သိကျွမ်းလာပြီး သင့်ဆုတောင်းသံနားညောင်းခဲ့နေရာ ကို ပထမဆုံးဆုတောင်းချက်များကို မှတ်မိပါသလား။ မည်သို့နည်း။
- ကျွန်ုပ်တို့အား ဝိညာဉ်ရေးသမားဟုအခေါ်ခံသည့်အခါ မိမိတို့၏စိတ်နှလုံးထဲတွင် မာနကိုတားဆီးရန် အဘယ်အရာက ကူညီပေးနိုင်သနည်း။
- ဘုရားသခင်သည် သင်လုပ်ဆောင်သမျှနှင့်ပြုလုပ်ရသည့်အကြောင်းရင်းများကို သိရှိတော်မူ၏။ နောင်တရစရာတစ် ခုခုရှိပါသလား။
- ကျွန်ုပ်တို့အား ဘုရားသခင်ပြောဆိုဆက်ဆံသောအခါ မည်သည့်အရာများက အနှောင့်အယှက်ဖြစ်စေသနည်း။

# အခန်း ၃
# ဝိညာဉ်တော်၏အပြစ်ဖော်ပြခြင်း
(ယော၊ ၁၆း၇-၁၁)

## ယုံကြည်ချက် အထောက်အထား

သန့်ရှင်းသောဝိညာဉ်တော်သည် လူသန်းပေါင်းများစွာ၏စိတ် နှလုံးကို တို့ထိခဲ့ပြီး ပထမဆုံးယေရှု၏အသက်တာတစ်လျှောက်တွင် လုပ်ဆောင်ပြီး ယနေ့ ကမ္ဘာမြေကြီးစွန်းတိုင်အောင် သူ၏လူများမှတစ်ဆင့် လုပ်ဆောင်ခဲ့သည်။ ဘုရားသခင်၏ဝိညာဉ်တော်သည် သူ၏မေတ္တာနှင့် သမ္မာတရားတည်မြဲအောင် ယနေ့တိုင် အစွမ်းတန်ခိုးရှိစွာလုပ်ဆောင်နေဆဲဖြစ်သည်။

မယုံကြည်သူများ၏အသက်တာ၌ သန့်ရှင်းသောဝိညာဉ်တော်၏လုပ်ဆောင်မှုကို လေးလေးနက်နက်တန်ဖိုးထားမှု ရရှိရန် အရေးကြီးသည်မှာ ဤနေရာသည် လူအများစု၏မမြင်နိုင်သောအမှုတော်ကို ပထမဆုံးခံစားရမည့်နေရာဖြစ်သောကြောင့်ဖြစ်သည်။ ရှင်ယောဟန်၊ ၁၆ မှ အပိုဒ်ငယ်များသည် ယေရှုက မြေကြီးပေါ်ရှိ သူ၏နောက်ဆုံးအဖိုးတန်အချိန်များကို မည်သို့အသုံးပြုခဲ့သည်ကို ထင်ရှားစေခဲ့ပြီး သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် သူမည်သို့ဆက်လက်လုပ်ဆောင်မည်ကို ဖော်ပြပါ။ သန့်ရှင်းသောဝိညာဉ်တော်ကား မည်သူနည်း။ သန့်ရှင်းသောဝိညာဉ်တော်သည် မည်သည့်အမှုကို လုပ်ဆောင်သနည်း။ ယေရှုသည် သန့်ရှင်းသောဝိညာဉ်တော်နှင့် မည်သို့ဆက်စပ်သနည်း။

ဤမေးခွန်းအားလုံးကို ဤစာအုပ်ထဲမှာ ဖြေကြားပေးပါမည်။ ဤအခန်း၏ဆွေးနွေးချက်တွင် ဝိညာဉ်တော်အကြောင်း နားလည်မှုဖြင့် အစပြုပါသည်။ သခင်ယေရှုသည် အဖော်အဖြစ် ရှိနေဆဲဖြစ်သော်လည်း ယခင်ပုံစံနှင့် မတူပေ။

## က) သန့်ရှင်းသောဝိညာဉ်တော်၏အပြစ်ဖော်ပြခြင်း (ယော ၁၆:၇-၈)

အပိုဒ်ငယ် ၇ တွင် ယေရှုသည် သူမရှိတော့သည့်နောက်ပိုင်း ဘာဖြစ်မည်ကို ရှင်းပြခဲ့သည်။ သူထွက်ခွာသွားခြင်းအကြောင်း၊ သူဤလောကမှ ထွက်ခွာမည့်လမ်းကိုပင် မပြောဘဲ မနေပေ။ ထွက်ခွာသွားပြီးနောက် တပည့်များ၏လိုအပ်ချက်များကို အာရုံစိုက်ခဲ့သည်။ သူထွက်ခွာသွားခြင်းသည် အမှန်ပင် တပည့်တော်များအတွက် အကျိုးကျေးဇူးတစ်ခုဖြစ်လာလျက် ကူညီမစသူ (ဂရိစကား parakletos; Paraclete) ရောက်ရှိလာနိုင်မည်ဖြစ်သည်။ သခင်ယေရှုသည် ထိုစကားကို မိန့်တော်မူပြီး လပိုင်းအတွင်း၌ပင် ဧဝံဂေလိတရားသည် တပည့်တော်အများအပြားဖြင့် ကမ္ဘာသို့ပျံ့နှံ့သွားခဲ့သည်။ သခင်ယေရှုသည် ကိုယ်ခန္ဓာတစ်ခုတည်းဖြင့် အကန့်အသတ်ရှိသော်လည်း ဝိညာဉ်တော်အားဖြင့် တပည့်တော်များနှင့်အတူ ပါရှိနိုင်ခဲ့သည်။ ကိုယ်တော်သည် သူ့မျက်မှောက်တော်နှင့်အသံတော်ကို"ဥပဒေ္ဒျာယ်ဆရာသည် သင်တို့ဆီသို့ရောက်လာသောအခါ" ဟူ၍ ဖော်ပြခဲ့သည် (ယော၊ ၁၆:၈)။ သန့်ရှင်းသောဝိညာဉ်တော်သည် မိမိတို့၏ဝိညာဉ်ရေးအသက်တာကို တန်ခိုးနှင့်ပြည့်စေလျက် နှစ်လိုဖွယ်အကျိုးရှိစေမည်ကို ယေရှုအပြည့်အဝနားလည်ခဲ့သည်။ ထို့ကြောင့် ကိုယ်တော်သည် အသေမခံမီ ဝိညာဉ်တော်၏အမှုတော်အကြောင်း ရှင်းပြရန် အချိန်ကုန်ဆုံးစေခဲ့သည်။

ဝိညာဉ်တော်သည် မိမိတို့၏ဝိညာဉ်များပါဝင်သည့် ဤလောက၏ဝိညာဉ်ရေးနယ်ပယ်တွင် တက်ကြွစွာလုပ်ဆောင်သည်။ အပြစ်ဖော်ပြခြင်း၊ ဆုံးမခြင်း၊ သွန်သင်ခြင်းတို့ကို လုပ်ဆောင်ခဲ့သည်။ ဤကျမ်းပိုဒ်သည် မယုံကြည်သူများကြားတွင် အတိအကျပြောသည့်အလုပ်ဖြစ်ပြီး တစ်ချိန်ချိန်၌ ကမ္ဘာသည် ကျွန်ုပ်တို့အားလုံးပါဝင်မည့် ခရစ်ယာန်မိသားစုများတွင် ကြီးပြင်းလာသူများပင်ဖြစ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့မွေးစကပင် မိမိတို့၌ အလုပ်လုပ်ဆောင်ရန် ဆန္ဒရှိကြောင်း ပြသရခြင်းမှာ ကောင်းမွန်ပါသည်။ ယေရှု

သည် ကျွန်ုပ်တို့၏အပြစ်အတွက် အသေခံခဲ့သော်လည်း ဆုံးရှုံးသွားသူများ၏ စိတ်နှလုံးထဲသို့ မသက်ရောက်ပါက ဝမ်းနည်းစရာမဟုတ်ပေလော။ သခင်ယေရှု၏သာသနာလုပ်ငန်းသည် လက်ဝါးကပ်တိုင်၌ အသေခံပြီးနောက်ပိုင်းတွင် ဆက်လက်တည်ရှိနေမည်ဖြစ်သော်လည်း ကျွန်ုပ်တို့၏အသက်တာနှင့် မယုံကြည်သူများ၏အသက်တာ၌ ဘုရားသခင်၏ဝိညာဉ်တော်အားဖြင့်သာ အလုပ်လုပ်မည်ဖြစ်သည်။ ကျွန်ုပ်တို့၏သခင်သည် အပြစ်ဖော်ပြခြင်း သုံးမျိုးအကြောင်း ပြောသော်လည်း ဝိညာဉ်တော်၏အလုပ်ကို ယေဘူယျအားဖြင့် ဦးစွာသုံးသပ်ကြည့်ကြစို့။

အပြစ်ဖော်ပြခြင်းသည် သြတ္တပ္ပစိတ်တွင် စတင်သော်လည်း ဝိညာဉ်တော်သည် ဘုရားသခင်၏စံနှုန်းများကို ထုတ်ဖော်ပြသသောအခါ ကျွန်ုပ်တို့၌ ကျရှုံးမှုနှင့်အပြစ်ရှိကြောင်းလျင်မြန်စွာနားလည်စေသည်။ဤသည်မှာ ဝိညာဉ်တော်၏ပြောင်းလဲခြင်းလုပ်ငန်းစဉ် ပထမပိုင်းမျှသာ ဖြစ်သည်။ (စစ်မှန်သောပြောင်းလဲခြင်းမှာ လူတို့ထံမှမဟုတ်ဘဲ ဝိညာဉ်တော်အားဖြင့် ဖြစ်ကြောင်း မှတ်သားထားသင့်သည်)။ ဝိညာဉ်တော်သည် မယုံကြည်သူများ၏ကိုယ်ကျင့်တရားဖောက်ပြန်မှုများနှင့် သူတို့၏ကိုယ်ကျင့်တရားဆိုင်ရာ မျှော်လင့်ချက်များကို မြှင့်တင်ပေးသည့်ဘုရားသခင်၏နည်းလမ်းကိုလည်း ဖော်ပြပြီး နောင်တရခြင်းဖြင့် ကယ်တင်ခြင်းသို့ ဦးတည်စေပါသည်။ ဤအပြစ်ဖော်ပြခြင်းလုပ်ငန်းသည် ကာလအတိုင်းအတာတစ်ခုအထိ လွှမ်းမိုးလာပြီး ယေဘူယျအားဖြင့် ခရစ်တော်၏တံခါးကို တွေ့ရှိခြင်းတည်းဟူသော ထာဝရအသက်လမ်းသို့ ပျောက်ဆုံးသူများကို ပို့ဆောင်ပေးသည်။ ဧဝံဂေလိတရားဟောသည့် ရှေးရိုးစွဲအသင်းတော်၌ တစ်ဦးချင်းစီကြီးပြင်းလာသော်လည်း ဝင်ပေါက်မှ စတင်ရန် လိုအပ်နေသေးသည်။ အပြင်မှကြည့်ရင် ခရစ်ယာန်တစ်ယောက်လိုယူ ဆရသော်လည်း မိမိတို့၏စိတ်နှလုံးသည် မပြောင်းလဲဘဲ သန့်ရှင်းသောဝိညာဉ်တော်၏အပြစ်ဖော်ပြခြင်း စကားများကို နှစ်သက်လက်ခံခြင်းမရှိသူများဖြစ်နိုင်ပါသည်။

ဘုရားသခင်၏ဝိညာဉ်တော်သည် ကယ်တင်ခြင်းမခံရသောလူများ၌ ကယ်တင်ခြင်းလုပ်ငန်းကို စတင်လုပ်ဆောင်နှင့်သည်။ ဧဝံဂေလိတရားဟောပြောခြင်း၊ အမျိုးမျိုးသောဧဝံဂေလိလုပ်ငန်း၊ အသင်းတော်တည်ထောင်ခြင်း၊ သာသနာပြုခြင်း လုပ်ငန်းအားလုံးတို့၌ မိမိတို့၏ယုံကြည်မှုအားလုံးသည်

ဝိညာဉ်တော်၏အဓိကအလိုဆန္ဒအပေါ် အခြေခံသည် (ရောမ၊ ၃:၁၁)။ အစမူလတွင် လူတို့သည် ကိုယ်တော်ကို မရှာဖွေသူများသာဖြစ်သည်။ ဤသည်မှာ ဘုရားသခင်သည် ဝိညာဉ်တော်အားဖြင့် သူ့လူတို့အား မျှော်လင့်ချက်နှုတ်ကပတ်တော်ကို ပြန့်ပွားစေရန် ဆုကျေးဇူးများကို မျှဝေပေးလိုက်ခြင်းဖြစ်သည်။

သန့်ရှင်းသောဝိညာဉ်တော်နှင့်ပတ်သက်၍ ယေရှု၏အရေးကြီးသောစကားများကို ယခုနှလုံးသွင်းကြပါစို့။ "သမ္မာတရားနှင့်ပြည့်စုံသောထိုဝိညာဉ်တော်သည် ရောက်လာသောအခါ သမ္မာတရားကို သင်တို့အား အကြွင်းမဲ့သွန်သင်ပြလိမ့်မည်" (ယော၊ ၁၆:၁၃)။ ဤကျမ်းပိုဒ်သည် သန့်ရှင်းသောဝိညာဉ်တော်က မယုံကြည်သူများကို ကယ်တင်ခြင်းသို့ ချော့မြှူပေးသည့်နည်းလမ်းသုံးသွယ်ကို မိတ်ဆက်ပေးခဲ့သည်။ "ဥပဇ္ဈာယ်ဆရာသည် ရောက်လာလျှင် ဒုစရိုက်အပြစ်ကိုလည်းကောင်း၊ အပြစ်ကင်းခြင်းကိုငှင်း၊ အပြစ်စီရင်ခြင်းကိုငှင်း လောကီသားတို့အား ထင်ရှားစွာဖော်ပြမည်" (ယော၊ ၁၆:၈)။

## ခ) သန့်ရှင်းသောဝိညာဉ်တော်၏အပြစ်ဖော်ပြခြင်း (ယော၊ ၁၆:၉)၊

အပြစ်ဖော်ပြခြင်း၏ပထမ ပုံစံသည် လူတစ်ဦး၏ကိုယ်ပိုင် အပြစ်ကိုဖော်ပြသည် (၁၆:၈)။ ယေရှုသည် အခန်းငယ် ၉ တွင် ပထမတစ်ပိုင်းမှစတင်ကာ"ငါ့ကိုမယုံကြည်ကြသောကြောင့် ဒုစရိုက်အပြစ်ကိုဖော်ပြမည်" ဟူ၍ဖတ်ရသည်။ အပိုဒ်ငယ်နှစ်ခုစလုံးတွင် အသုံးပြုသည့်ဂရိစကားလုံး (harmartia) အပြစ်သည် ပစ်မှတ်လွဲခြင်းကို ရည်ညွှန်းပြီး ရောမဩဝါဒစာ၊ ၃:၂၃ တွင်လည်း အလားတူအသုံးပြုထားသည်။ ၎င်းကို မြှားနှင့်ပစ်လိုက်သည့်အခါ ပစ်မှတ်လွဲခြင်းကို သရုပ်ဖော်နိုင်သည်။

ထို့ကြောင့် ဝိညာဉ်တော်သည် ဘုရားသခင်တောင်းဆိုသော အရာကို လူတစ်ဦးမလုပ်ဆောင်သည့်နည်းလမ်းများကို ထောက်ပြသည်။ ထိုလူသည် ဘုရားသခင်၏မျှော်လင့်ချက်များနှင့် လွဲချော်ခဲ့သည်။ ထိုလွဲ ချော်နေသော မျှော်လင့်ချက်သည် ထိုလူ၏သတိမမူမိမှုနှင့်စံမမီခြင်း နှစ်ခုစလုံးကျရှုံးမှုကို (ရောမ၊ ၂:၁၄-၁၅) ရည်ညွှန်းသည့်အပြင် သန့်ရှင်းသောဝိညာဉ်တော် ထောက်ပြနေသည့် ဘုရားသခင်၏စံနှုန်းများကို မလိုက်နာကြောင်းလည်း ပါဝင်သည်။

ဝိညာဉ်တော်သည် လူတစ်ဦးရောက်ရှိနေသည့်နေရာမှ စတင်သော်လည်း အချိန်ကြာလာသည်နှင့်အမျှ လူတစ်ဦး၏ကျရှုံးမှုများကို မီးမောင်းထိုးပြခြင်းသည် လူကို နောက်တစ်ဆင့်သို့ပို့ဆောင်နိုင်စေမည့်သန့်ရှင်းသောဝိညာဉ်တော်၏စုံလင်သော အပြစ်ဖော်ပြခြင်းကို တိုးပွားစေ၏။ အပြစ်ဖော်ပြခြင်းသည် ဝန်ခံသောစံနှုန်းတစ်ခုရရှိရန် ပျက်ကွက်ခြင်းနှင့် ဘုရားသခင်ရှေ့တော်၌ လူတစ်ဦး၏ကိုယ်ကျင့်တရား မလုံလောက်ခြင်း၊ ကျရှုံးခြင်းတို့ကို နားလည်သဘောပေါက်ခြင်းဖြစ်သည်။ ဤအပြစ်ဖော်ပြခြင်းသည် အပြစ်၏ခံစားချက်ကို ပေါ်လွင်စေသောကြောင့် လူတစ်ဦးသည် ယခင်က သူ၏အပြစ်ကို ဖုံးကွယ်ထားသော်လည်း စံနှုန်းကို ချိုးဖောက်ကြောင်း အသိအမှတ်ပြုရမည်ဖြစ်၍ သူ၏အပြစ်သည် အလွန်ထင်ရှားလာပါသည်။ ဤသည်မှာ ဂန္ထဝင်စာအုပ်ဖြစ်သည့် The Pilgrim's Progress တွင် ခရစ်ယာန်တစ်ဦးထမ်းဆောင်ထားသည့် "ဝန်ထုပ်ဝန်ပိုး" ဖြစ်သည်။




စိတ်ဝင်စားစရာမှာ သခင်ယေရှုသည် အပြစ်ဖော်ပြခြင်းကို အထီးကျန်ဖြစ်အောင် လုပ်ဆောင်ခြင်းမဟုတ်ဘဲ သန့်ရှင်းသောဝိညာဉ် တော်၏အခြားလုပ်ဆောင်မှုများနှင့်ချိတ်ဆက်ထားသည်။ ဤသဘော ဖြင့်အပြစ်ဖော်ပြခြင်းကို ဖြစ်စဉ်တစ်ခုအဖြစ် မှန်ကန်စွာရှုမြင်နိုင်သည်။ ထိုသို့သောပြောင်းလဲမှုကို ကျွန်ုပ်တို့တွေ့မြင်ရလျှင် ကျေနပ်နိုင်သော်လည်း အပြစ်ဖော်ပြခြင်း၏စွမ်းအားအပြည့်ကို သခင်ဘုရားသည် သုံးမျိုးသောလုပ်ငန်းစဉ်နှင့် ထောက်ပြထားသည်။

အပြစ်အပေါ် အလေးထားမှုမှာ လူတစ်ဦးသည် ကောင်းမွန်စွာမပြီးမြောက်သေးသည့်အချို့သောလုပ်ဆောင်ချက်များအပေါ် အာရုံစိုက်သည်။ သူတို့သည် ဘုရားသခင်၏စံနှုန်းများကို မလိုက်နာကြပေ။ ဥပမာ ကလေးတစ်ယောက်က တနင်္ဂနွေညတိုင်း သူ့မိဘတွေကို ဖုန်းခေါ်သင့်တယ်လို့ သူ့ကိုယ်သူပြောကောင်းပြောနိုင်ပေမဲ့ မိဘတွေကို သူမခေါ်ခင် သုံးပတ်ကြာသွားတာကို တွေ့ရတယ်။

# ဒုစရိုက်ကို ဖော်ပြခြင်းသည် ပိုင်ဆိုင်ထားသည့်စံနှုန်းပျက်ကွက်ခြင်း အပေါ် ပြင်းထန်သည့်သတိပေးမှုဖြစ်သည်


အသင်းတော်မှာ ကြီးပြင်းလာတဲ့ကလေးလေးတွေနဲ့ အဲဒါကို ဘယ်လို အသုံးချရမလဲ။ ခရစ်ယာန်မိဘများသည် မိမိတို့၏သားသမီးများ သခင်ဘုရား ကိုသိလာစေရန် စိတ်အားထက်သန်ကြသည်။ သို့သော် ထိုစိတ်အားထက်သန် မှုသည် သူတို့ကို မျက်စိကွယ်စေနိုင်သည်။ ကယ်တင်ခြင်းသို့ရောက်ကြောင်း ဖော်ပြဖို့အတွက် ကလေးတစ်ဦးအား လက်မြှောက်ထားရန် မှားယွင်းစွာပြော လေ့ရှိသည်။ ကလေး၏စိတ်နှလုံးသည် အပြစ်ဖော်ပြခြင်းထက် ဤအပြင်ပန်း အမူအရာများကို ရှာဖွေကြသည်။ ဆရာမိဘတို့အနေနှင့် ကလေးကို လက် မြှောက်ရန် ပြောပြမည့်အစား သူ့နှလုံးသား၌ အပြစ်ဖော်ပြခြင်းကို အနီးကပ် ရှာဖွေသင့်သည်။ ကလေးရှစ်ယောက်နှင့်အတူ ကျွန်ုပ်သည် ဝိညာဉ်တော်၏ လုပ်ဆောင်မှု ပထမဆုံးနိမိတ်လက္ခဏာကို ပုံမှန်မြင်တွေ့နိုင်ခဲ့သည်။ ကျွန်ုပ် ၏အငယ်ဆုံးသည် မကြာသေးမီက သူမ၏အပြစ်အတွက် အလွန်ဝန်ထုပ်ဝန် ပိုးဖြစ်ပြီး ဝိညာဉ်တော်၏အပြစ်ဖော်ပြခြင်း ရလဒ်ကိုမြင်သောအခါမှသာ သူမ ကို သခင်ထံပို့ဆောင်ခဲ့သည်။ ကလေးများအား နှစ်ခြင်းခံခြင်းကဲ့သို့သောအ ပြင်ပန်းပြောင်းလဲမှုများကို လုပ်ဆောင်ရန် တိုက်တွန်းခြင်းကို မိဘများနှင့်ဦး ဆောင်သူများအနေနှင့် မလုပ်သင့်သောအရာဖြစ်သည်။ စိတ်နှလုံး မပြောင်း ဘဲ လုပ်ဆောင်ပါက အသင်းတော်၌ ကြီးပြင်းလာသောကလေးများစွာကို လွန်စွာစိတ်ရှုပ်ထွေးစေပြီး သေနေသောအသင်းတော်များဆီ သို့ဦးတည်စေ သည်။ မိဘများအနေဖြင့် ကျွန်ုပ်တို့သည် ကလေးအပေါ် သက်ရောက်သော အပြစ်ဝန်ထုပ်ဝန်ပိုး သို့မဟုတ် ထိုကိစ္စအတွက် မည်သူတစ်ဦးတစ်ယောက် အပေါ်တွင် သက်ရောက်စေမည့် ဤအပြစ်ကို ဂရုတစိုက်စောင့်ကြည့်နေရန် လိုအပ်ပါသည်။

အပြစ်ကို ဖော်ပြခြင်းသည် ဘုရားသခင်၏ဖြောင့်မတ်ခြင်းကို ပျက်ပြား စေသည်ဟု နားလည်သဘောပေါက်ခြင်းဖြစ်သည်။ သို့သော် ကျွန်ုပ်တို့အ တွက် ဘုရားသခင်ပေးထားသည့် ဤမျှော်လင့်ချက်များနှင့် ပတ်သက်သည့် စံနှုန်းသည် မည်သည့်အရာကိုမျှ မပြောပေ။ ဤသည်မှာ အပိုဒ်ငယ် ၁၀ တွင် သခင်ယေရှုပြောခဲ့သော ဖြောင့်မတ်ခြင်း၏ဒုတိယ ရှုထောင့်ဖြစ်သည်။

## ၈) ဖြောင့်မတ်ခြင်းနှင့်စပ်လျဉ်း၍သန့်ရှင်းသောဝိညာဉ်တော်၏ဖော်ပြခြင်း (ယော၊ ၁၆:၁၀)

ငါသည် ခမည်းတော်ထံသို့ သွားမည်ဖြစ်၍၊ သင်တို့သည် နောက်တစ်ဖန် ငါ့ကိုမတွေ့မမြင်ရသောကြောင့် အပြစ်ကင်းခြင်းကို ဖော် ပြမည်” (ယော၊ ၁၆း၁၀)။

အငယ် ၈ တွင် ဝိညာဉ်တော်၏အဆင့်သုံးဆင့်ဖြင့် အပြစ်ဖော်ပြခြင်း လုပ်ငန်းကို ဆက်လက်ဖော်ပြထားသည်။ သို့သော်လည်း အထူးသဖြင့် ဖြောင့်မတ်ခြင်းနယ်ပယ်တွင် ပို၍တိကျပါသည်။ကျွန်ုပ်တို့အများစုသည် မယုံကြည်သူများအပေါ် ဝိညာဉ်တော်၏သီးခြားလုပ်ဆောင်မှုကို ဂရုတစိုက်မစဉ်းစားကြပေ။ လူတို့သည် ဘုရားသခင်အား မှန်ကန်စွာတုံ့ပြန်ရန် ဘုရားသခင်သည် လူတို့၏နှလုံးသား၌ စတင်လုပ်ဆောင်သူဖြစ်ကြောင်း ထင်ရှားသည်။ အပြစ်သည် လူတစ်ဦးအား ဘုရားသခင်၏ဖြောင့်မတ်သောစံနှုန်းများကို သိရှိစေခြင်းမဟုတ်ပေ။




ဖြောင့်မတ်ခြင်းသည် မယုံကြည်သူ၌ သန့်ရှင်းသောဝိညာဉ် တော်၏လုပ်ဆောင်မှု သုံးဆင့်ထဲမှဒုတိယအဆင့်ဖြစ်သည်။ မယုံကြည်သူသည် ဤအလုပ်ကို သတိပြုမိမည်လား။ သတိပြုမည်မဟုတ်သော်လည်း အတွင်းပိုင်းရုန်းကန်မှုကို သတိပြုမိလိမ့်မည်။ "ငါ့မှာ ဘာဖြစ်နေတာလဲ" ဟုမေးနိုင်သည်။ ဘာလို့ဒီလိုခံစားရတာလဲ။ ဘာလို့ ငါ့ကိုယ် ငါအရမ်းစိတ်ဆိုးနေရတာလဲ။” ဤရုန်းကန်မှုသည် မိမိကိုယ်ကို တန်ဖိုးထားရှိမှု၏ပေါ်ပြူလာသွန်သင်ချက်နှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ ဆိုလိုသည်မှာ လူတိုင်းသည် အမှန်တရားပင်ဖြစ်ပါစေ မိမိကိုယ်တိုင်အတွက် ကောင်းမွန်စွာတွေးတောသင့်သည်။

ဤဒုတိယရှုထောင့် အပြစ်ဖော်ပြခြင်းသည် လူတစ်ဦးအား မည်သည့်နေရာ၌ ရှိသင့်သည်ကို သတိပြုစေသည်။ ပထမအဆင့်သည် လူတစ်ဦး၏မလုံလောက်မှုကို ထောက်ပြသော်လည်း ဖြောင့်မတ်ခြင်း ရှိနေခြင်းသည် ဘုရားသခင်၏စံနှုန်းနှင့် မည်မျှအထိလွဲချော်စေခဲ့သည်ကို ထောက်ပြခြင်းဖြင့် မလုံလောက်မှုရှိကြောင်း သိရှိလာစေသည်။ အပြစ်ဖော်ပြခြင်းသည် ကျရှုံးမှု

စာရင်းကို ဖော်ပြနေချိန်တွင် ဖြောင့်မတ်ခြင်း၏အပြစ်ဖော်ပြခြင်းသည် မြင့်မြတ်သောစံနှုန်းဖြစ်သည့် ဘုရားသခင်၏စံနှုန်းကို ဝိညာဉ်တော်အား ထုတ်ဖော်ပြသခွင့်ပေးသည်။ ဤသည်မှာ အပြစ်၏ဝန်ထုပ်ဝန်ပိုးကိုပိုတိုးစေပြီး အလွန်စိတ်မသက်မသာဖြစ်စေသည်။

ကောင်းသောအကျင့်ကို သွန်သင်ခြင်းသည် မကောင်းသော အကျင့်ကို သာလွှန်စေနိုင်သည်ဟူသောမုသာစကားကို အလေးပေးဖော် ပြသောကြောင့် လူတို့သည် မိမိတို့ရရှိသောအရာကို အာရုံစိုက်ခြင်းဖြင့် မိမိတို့၏အပြစ်နှင့် ပတ်သက်သောအပြစ်ကို လျစ်လျူရှုနိုင်မည်ဖြစ်သည်။ ဤသည်မှာ ဘာသာတရားအားလုံး၏အခြေခံ သွန်သင်ချက်တစ်ခုဖြစ်သည်။ သို့ရာတွင် ၎င်းတို့သည် ယခင်က လုံးဝသတိမထားမိခဲ့သော၍ ဖြောင့်မတ်ခြင်း စံနှုန်းသစ်တစ်ခုလုံးကြောင့် လူအများ အံ့အားသင့်သွားကြသည်။ ထို့ကြောင့် မကောင်းသော အကျင့်ကို ပြုပြင်ရန် ကောင်းသောအကျင့်အားဖြင့် မဖြစ်နိုင်ကြောင်း ဝိညာဉ်တော်သည် မာနကို ထုတ်ဖော်ခြင်းဖြင့် ဆက်လက်ဖြိုခွင်းသည်။ ဘုရားသခင်၏စံနှုန်းများရှေ့မှောက်မှာ မြင်တွေ့ရသောအခါဖြစ်နိုင်သည့်မကောင်းမှုသည် မကောင်းမှုဖြစ်လာသည်။ ဖြောင့်မတ်ခြင်းစံနှုန်းသည် မည်သို့မျှလျစ်လျူရှု၍ မရနိုင်ပေ။

ယေရှု၏တောင်ပေါ်တရားတော်တွင် မြှင့်တင်ထားသောစံနှုန်းကို ဥပမာတစ်ခုတွေ့နိုင်သည် (သန့်ရှင်းသောဝိညာဉ်တော်သည် ယေရှု၏ဖြောင့်မတ်ခြင်းစံနှုန်းများကို ရှင်းလင်းဖော်ပြခြင်းဆိုင်ရာ ယေရှု၏အမှုတော်ကို မည်သို့ဆက်လက်လုပ်ဆောင်ခဲ့သည်ကို သတိပြုပါ)။ လူသတ်ခြင်းကို ရှောင်ကြဉ်ရမည်သာမက အခြားသူတို့အပေါ် ဒေါသထွက်ခြင်းသည်ပင် မှားသည်ဟု ယေရှုမိန့်တော်မူ၏ (မဿဲ၊ ၅း၂၁-၂၂)။ တစ်ချိန်က ကျွန်ုပ်တို့သည် အခြားသူများအပေါ် ကျွန်ုပ်တို့၏ယုတ်မာမှုကို တရားမျှတစွာသက်သေပြနိုင်သည့်အခါ ယခုအခါ ဖုံးအုပ်ထားသည်များကို ဆွဲထုတ်လိုက်ပြီး မိမိတို့၏အပြစ်နှင့် ဒေါသကို ထုတ်ဖော်လိုက်လေသည်။ မာနကြီးသူက လူမသတ်ဘူးဆိုပြီးကြွားတတ်သည်။ သို့သော် နှိမ့်ချသောသူသည် ဘုရားသခင်၏ပုံသဏ္ဍာန်တော်နှင့် ဖန်ဆင်းထားသူများကို ဒေါ သဖြစ်ရုံမျှဖြင့် သူသည် စီရင်ခြင်းခံထိုက်သည်ဟု သိမြင်လာရသည်။

စိတ်ဝင်စားစရာမှာ ယောဟန်က အပိုဒ်ငယ် ၁၀ ၌ ဖြောင့်မတ်ခြင်း အကြောင်းကို အကျယ်ချဲ့ဖော်ပြထားသည်။ "ငါသည် ခမည်းတော်ထံသို့ သွားမည်ဖြစ်၍ သင်တို့သည် နောက်တစ်ဖန် ငါ့ကိုမတွေ့မမြင်ရသောကြောင့် အပြစ်ကင်းခြင်းကို ဖော်ပြမည်။" သခင်ယေရှုက သူ့ကိုယ် သူ ဤလောကတွင် မူလစံနှုန်းအဖြစ် ဖော်ပြသည်။ ကိုယ်တော်ရှင်ပြန် ထမြောက်ပြီးနောက် ထိုသို့သောသန့်ရှင်းသောစံနှုန်းများကို ဖော်ပြရန် ဝိညာဉ်တော်သည် စေလွှတ်ခြင်းခံရသည်။ ဝိညာဉ်တော်သည် ဖြောင့်မတ်ခြင်းတရားကို ဟောပြောရန် သင်းအုပ်ဆရာတစ်ဦးကို မကြာခဏနှိုးဆော်လျက်ဘုရားသခင်၏စိတ်တော်နှင့်မကိုက်ညီသည့်မယဉ်ကျေး သောကလေးကို သူ့မိဘအား ဆုံးမစေတတ်သည်။

ဖြောင့်မတ်သောအသက်တာ၏အရေးကြီးမှုကို မေ့ပစ်ရန်နှင့် ပယ်ပစ်ရန် လွယ်ကူကြောင်း ဝန်ခံပါသည်။ "ငါက သိပ်မဆိုးပါဘူး။ အနည်းဆုံးတော့ ငါက သူ့ထက် ပိုကောင်းတယ်။" ထိုသို့သောစကားများကို ပြောဆိုသူများသည် ဖြောင့်မတ်ခြင်းဆိုင်ရာ ဝိညာဉ်တော်၏အပြစ် ဖော်ပြခြင်းအပေါ် စိတ်နှလုံးခိုင်မာတတ်သူဖြစ်သည်။ ထိုအစား ယုံကြည်သူများသည် သန့်ရှင်းသောဝိညာဉ်တော်၏အကဲဖြတ်မှုကို သဘောတူပြီး နောင်တရကာ ဧဝံဂေလိတရားကို ယုံကြည်ရန် လိုအပ်သည်။

ကယ်တင်ခြင်းပြီးနောက် ဝိညာဉ်တော်သည် ယုံကြည်သူ၏ဖြောင့်မတ်သောအသက်တာကို သန့်ရှင်းသောစံနှုန်းသယ်ဆောင်ရန် မြှင့်တင်ပေးလိမ့်မည်။"ဝိညာဉ်ပကတိ၏အကျိုးမူကား၊ ချစ်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်း၊ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ ကောင်းမြတ်ခြင်း၊ သစ္စာစောင့်ခြင်း ... (ဂလာ၊ ၅း၂၂-၂၃)။

## သီအိုလော်ဂျီဆိုင်ရာမေးခွန်းများ

ကယ်လ်ဗင်ဝါဒီများ ပြောဆိုသည့်အတိုင်း ဝိညာဉ်တော်၏အ လုပ်ဖြစ်သောအပြစ်ဖော်ပြခြင်းသည် မည်သို့မျှတားမရသည်ကို စူးစမ်းရန် လိုအပ်နေသေးသည်။ ယောဟန်၊ ၁း၉ တွင် လူတိုင်းကို ထိမိသောအလင်းအကြောင်းကို ပြောထားသည်။ "ဟုတ်မှန်သောအလင်းမူကား ဤလောကသို့ကြွလာလျက် ခပ်သိမ်းသောလူအပေါင်းတို့အား အလင်းကို ပေးသောသူဖြစ်သတည်း။" သို့ရာတွင် ဤအလင်းသည် အမြဲတစေကောင်းသောတုံ့ပြန်မှုကို မဖြစ်ပေါ်စေ

ပေ။ "သူသည် မိမိဒေသအရပ်သို့ ကြွလာသော်လည်း မိမိလူမျိုးတို့သည် သူ့ကိုလက်မခံဘဲ နေကြ၏။ ထိုသူကိုလက်ခံသမျှသောသူတည်းဟူသော ကိုယ်တော်ကို ယုံကြည်သောသူတို့အား ဘုရားသခင်၏သားဖြစ်ရသောအခွင့်ကို ပေးတော်မူ၏"(ယော၊ ၁:၁၁)။ သို့သော် မီးမောင်းထိုးအလင်းပေးခြင်းသည် အပြစ်ဖော်ပြခြင်းနှင့် အတူတူပင်ဖြစ်သည်ဟု အလျင်အမြန်ကောက်ချက်မချရန် သတိပြုပါ။

ဖြောင့်မတ်ခြင်း အလံကို လွှင့်ထူခြင်းသည် ကြီးမားသောခြေ လှမ်းတစ်ရပ်ဖြစ်သော်လည်း ဘာသာတရားက ၎င်းကို မည်သည့်အခါမျှ ပြီးမြောက်နိုင်မည်မဟုတ်ပေ။ အဆင့်နှစ်ဆင့်မဟုတ်ဘဲ အဆင့်သုံးဆင့်ရှိ ကြောင်းသတိရပါ။ တရားစီရင်ခြင်းကို ဆင်ခြင်ခြင်းအားဖြင့် သန့်ရှင်းသောဝိညာဉ်တော်၏ အပြစ်ဖော်ပြခြင်းဆိုင်ရာတတိယအလုပ်ကို ဂရုတစိုက်ခြေရာခံကြပါစို့။

## ဃ) သန့်ရှင်းသောဝိညာဉ်တော်၏တရားစီရင်ခြင်းဆိုင်ရာအပြစ်ဖော်ပြခြင်း (ယော ၁၆:၁၁)

"ဤလောကကို အစိုးရသောမင်းသည် အပြစ်စီရင်ခြင်းကို ခံရသောကြောင့် အပြစ်စီရင်ခြင်းကို ဖော်ပြမည်။"

အပြစ်နှင့်ဖြောင့်မတ်ခြင်း နောက်သို့လိုက်ခြင်းသည် အပြစ်ဖော်ပြခြင်း၏တတိယအပိုင်းမှာ တရားစီရင်ခြင်းဖြစ်သည်။ မြည်တွန်တောက်တီးသော တရားဟောဆရာအချို့က လူတို့အား လှည့်ဖြားသည့်နည်းနှင့် ကြိုးကိုင်ဖို့ရန် မီးငရဲ သို့မဟုတ် တရားစီရင်ခြင်းအကြောင်းကို ဟောပြောတတ်ကြသည်။ အကြောင်းမှာ တရားစီရင်ခြင်းဆိုင်ရာသွန် သင်ချက်ကို ကဲ့ရဲ့လိုသူများအား ပြစ်တင်ဆုံးမရန်ဖြစ်သည်။ ကယ်တင်ခြင်းဖြစ်စဉ်နှင့်ပတ်သက်၍ မိမိတို့၏နုံအသောစိတ်ကူးများသည် အရေးကြီးသောသင်ကြားမှုကို ဘေးဖယ်ထားရန် မိမိတို့၏လိုလားမှုကို အားပေးသည်။ ၂၀၀၃ ခုနှစ်တွင် အမေရိကန်နိုင်ငံသားများနှင့်ပတ်သက်၍ Barna Group က ဤသို့အစီရင်ခံခဲ့သည်။ အရွယ်ရောက်ပြီးသောလူထု၏ ၃၈% ကသာ သူတို့၏အပြစ်များကို ဝန်ခံပြီး ခရစ်တော်ကို ကယ်တင်ရှင်အဖြစ် လက်ခံခဲ့ကြသော်လည်း ၉၉% က သူတို့သေပြီးနောက် ငရဲသို့မသွားနိုင်ဟုဆိုသည်။အမှန်မှာ အမေရိကန်လူမျိုးအများစုသည် စာတန်

ရှိသည်ကို မယုံကြည်သလိုအရွယ်ရောက်ပြီးသူအများစုကလည်း ငရဲတည်ရှိမှုနှင့်ပတ်သက်ပြီး အယုံအကြည်မရှိကြပေ။

လူများစွာက ရားစီရင်ခြင်းနှင့်ငရဲအကြောင်း ပွင့်ပွင့်လင်းလင်းပြောဆိုခြင်းမှ ရှောင်ကြဉ်ကြသော်လည်း ယေရှုနှင့်သန့်ရှင်းသောဝိညာဉ်တော်သည် ထိုအကြောင်းကို ဧဝံဂေလိသတင်းတရား၏အရေးကြီးသော အစိတ်အပိုင်းတစ်ခုအဖြစ် သတ်မှတ်ခဲ့သည်။ အပြစ်ဖော်ပြခြင်း၏ပထမ ရှုထောင့်နှစ်ရပ်သည် လူတစ်ဦးအား သူ၏ယခင်က ကျေနပ်ခဲ့ရသောကိုယ်ကျင့်တရားအခြေအနေမှကျဆုံးခြင်း သေချာမှုဆီသို့တွန်းပို့သည်။ တရားစီရင်ခြင်း၏တတိ ယရှုထောင့်သည် လူများကို ဘုရားသခင်၏သန့်ရှင်းသောတရားစီရင်ခြင်းပလ္လင်တော်ရှေ့၌ ပျောက်ဆုံးသွားသည့်နေရာ သို့တည့်တည့်ပို့ဆောင်ပေးသည်။

ယနေ့လူများစွာက တရားစီရင်ခြင်းသည် ဘုရားသခင်၏မေတ္တာတော်နှင့်မကိုက်ညီဟုယုံကြည်ကြသည်။ သခင်ယေရှုသည် ဘုရားသခင်၏ကရုဏာတော်နှင့်တရားစီရင်ခြင်းတို့ကိုအခိုင် အမာပြောဆိုသည်။ ယောဟန် ၁၆ တွင် ယေရှုသည် အပြစ်ဖော်ပြခြင်းဆိုင်ရာပထမနှစ်ချက်ဖြင့် မရပ်တန့်ခဲ့ပေ။အပြစ်ကိုသိခြင်း (ရှုထောင့် ၁) သည် လူတစ်ဦးအား သူ၏ကိုယ်ပိုင်စံနှုန်း ချို့ယွင်းချက်များကိုသိမြင်လာစေသည်။ ဖြောင့်မတ်ခြင်းဆိုင်ရာ အပြစ်ဖော်ပြခြင်း (ရှုထောင့်၂) သည် ဘုရားသခင်၏သန့်ရှင်းသောစံနှုန်းကို ထောက်ပြခြင်းဖြင့် ဤဆုံးရှုံးမှုကို တိုးပွားစေသည်။တတိယအပြစ်ဖော်ပြခြင်း ရှုထောင့်သည် လူတစ်ဦးအား “ကယ်တင်ခြင်းသို့ရောက်အံ့သောငှာ အဘယ်သို့ပြုရပါမည်နည်း” ဟု (တမန်၊ ၁၆:၃၀) အရေးကြီးသောမေးခွန်းကို မေးစေသည်။

ကျွန်ုပ်တို့သည် ဧဝံဂေလိတရားအားဖြင့် ကယ်တင်ခြင်းရရှိရန် အပြစ်စီရင်ခြင်းသည် အပြစ်ဖော်ပြခြင်း၏ခြိမ်းခြောက်မှုနှင့်ထာဝရသေခြင်းကို ပြင်းထန်စွာရည်ညွှန်းသည်။ သခင်ယေရှုက ပညာရှိစွာပြောခဲ့သည့်အတိုင်း ဖျားနာသူများသာ ဆေးဆရာဝန်ထံသွားကြသည် (မဿဲ၊ ၉:၁၂)။ အပြစ်ဖော်ပြခြင်းမရှိလျှင် လက်ဝါးကပ်တိုင်တရားသည် ဘာမျှအဓိပ္ပာယ်မရှိပေ။ ကျွန်ုပ်တို့၏အပြစ်ရှိခြင်း မသိဘဲ ကယ်တင်ရှင်ကို ရှာဖွေနိုင်မည်မဟုတ်ပေ။ ထို့ကြောင့် ကျွန်ုပ်တို့သည် ခရစ်တော်၊ အသက်နှင့်ငြိမ်သက်ခြင်းကို ရှာဖွေနိုင်စေရန်အတွက် သန့်ရှင်းသောဝိညာဉ်တော်သည် တရားစီရင်ခြင်းဆိုင်ရာ အသိဉာဏ်ကို ပညာရှိစွာဆောင်ကျဉ်းပေးပါသည်။

ကျွန်ုပ်တို့သည် ငရဲကို တရားစီရင်ခြင်းနှင့် ဆက်စပ်သော်လည်း တရားစီရင်ခြင်းဆိုင်ရာ သင်ကြားခြင်း၏နောက်ဆုံးကဏ္ဍတစ်ခုသာဖြစ်ပါသည်။ တရားစီရင်ခြင်းသဘောတရားတစ်ခုလုံးတွင် အစိတ်အပိုင်းများစွာရှိပါသည်။ စီရင်ချက်သည် ကျွန်ုပ်တို့၏အမှုကို ဦးစွာကြားနာသည်။ ကျွန်ုပ်တို့၏အပြစ်နှင့် မျှော်လင့်ထားသောအရာ လုပ်ဆောင်ရန် ပျက်ကွက်မှုကို မီးမောင်းထိုးပြသည်။ ထို့နောက် ကျွန်ုပ်တို့၏ချို့ယွင်းမှုကို ပြသ၍ ဘုရားသခင်ကို တာဝန်ခံစေသည်။ ခုခံချေပမှုတစ်ခုခုကို ကြားနာပြီးမှသာ ထာဝရသေဒဏ်ချမှတ်ခြင်းနှင့်အတူ အပြီးသတ်စီရင် ချက်ထုတ်ပြန်မည်ဖြစ်သည်။

အခြားဘာသာတရားအားလုံးကို ခြုံငုံပြောရလျှင် အပြစ်နှင့် ၎င်း၏ပြစ်ဒဏ်နှင့်ပတ်သက်၍ အလွန်မရေမရာဖြစ်နေပါသည်။ ကိစ္စအများစုတွင် အပြစ်ကို အခြားနည်းဖြင့် သတ်မှတ်သည်။ သို့ရာတွင် သမ္မာကျမ်းစာ၌ အပြစ်၏အမှန်တရားကို အလွန်ထင်ရှားစေသည်။ တရားစီရင်ရမည့်သန့်ရှင်းသောဘုရားသခင်၏တင်းမာမှုကို ကျမ်းချက်များက ဖော်ပြသည်။ သူ၏အခွင့်အာဏာကို ပုန်ကန်မှုမှန်သမျှနှင့်သူတို့စိတ်နှစ်သက် သည့်အတိုင်းအသက်ရှင်များကို ချေမှုန်းပစ်မည်။ လက်ဝါးကပ်တိုင်ပေါ်မှ ဘုရားသခင်၏ရွေးနှုတ်ခြင်းဖြင့် နောင်တနှင့်လွတ်မြောက်ခွင့်ပေးသဖြင့် ဝိညာဉ်တော်၏တရားစီရင်ခြင်း လုပ်ငန်းသည် ဘုရားသခင်၏ကျေးဇူးတော်တစ်စိတ်တစ်ပိုင်းဖြစ်သည်။

စီရင်ချက်သည် ပြစ်မှုထင်ရှားစီရင်ခြင်းမှ ထုတ်ပေးသောပြစ်ဒဏ်ကို ဖော်ပြသည်။ တရားသူကြီးသည် သက်သေအထောက်အထားများကို လေ့လာကြည့်သောအခါ “မင်းမှာ အပြစ်ရှိလို့ စီရင်ခံထိုက်တယ်” ဟူ၍ပြောနိုင်သည်။ တရားစီရင်ခြင်းသည် ပြစ်ဒဏ်ပေးခြင်း၏နောက် ဆုံးထုတ်ပြန်ချက်ဟု မယူသင့်ပေ။ သို့သော် ဘုရားသခင်၏စည်းမျဉ်းများနှင့်အညီ မနေထိုင်ခြင်း၏ အကျိုးဆက်များပါဝင်သည်။ တရားစီရင်ခြင်းနှင့်ပတ်သက်သည့်အဖြစ် ဖော်ပြခြင်းသည် ပြစ်ဒဏ်ပေးခြင်းနှင့်ညီ မျှသည်မဟုတ်။ အမှန်စင်စစ်အားဖြင့် တစ်စုံတစ်ယောက်အား မီးအိုင်သို့ ပို့ဆောင်ခြင်းဖြစ်သော်လည်း ၎င်း၏သေချာမှုကို ပြင်းပြသောသတိရှိခြင်းကြောင့် လူတစ်ဦးကို အချိန်နှင့်ယုံကြည်ခြင်းကို ပေးသည်။

သခင်ယေရှုကဲ့သို့ သန့်ရှင်းသောဝိညာဉ်တော်သည် လူတို့ကို ကယ်တင်ခြင်းသို့ပို့ဆောင်ပေးသည်။ အပြစ်ဖော်ပြခြင်း၏အဆင့်သုံးဆင့် ရည်ရွယ်

ချက်မှာ လူတို့၏စိတ်နှလုံးကို နှိမ့်ချ၍ ကယ်တင်ခြင်းသို့ရောက်စေရန်ဖြစ်၏။ လူတစ်ဦးအား ၎င်း၏တိကျသေချာသောစီရင်ချက်ဖြင့် ပြစ်ဒဏ်ချမှတ်ခြင်းခံရသော်လည်း စီရင်ချက်မချရသေးသည့်အခါ လာမည့်အန္တရာယ်မှ လွတ်မြောက်ရန် အချိန်ရှိသည်။ ထို့ကြောင့် သခင်ယေရှုသည် မျှော်လင့်ခြင်း သတင်းတရားနှင့်မင်္ဂလာတရားကို ဟောကြားခဲ့၏။ "စိတ်ဝိညာဉ်ဆင်းရဲနွမ်းပါးသောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား ကောင်းကင်နိုင်ငံတော်သည် သူတို့၏နိုင်ငံဖြစ်၏" (မဿဲ၊ ၅:၃)။

တရားစီရင်ခြင်းကို ကြေငြာခြင်းသည် ဘုရားသခင်၏ကျေးဇူးတော် တစ်စိတ်တစ်ပိုင်းဖြစ်သည်။ အကြောင်းမူကား ၎င်းသည် နောက်ဆုံးတရားစီရင်ခြင်းကို ရှေ့ရောက်ပြီး လက်ဝါးကပ်တိုင်တရားအားဖြင့် နောင်တရခြင်းနှင့်ရွေးနှုတ်ခြင်းကို ခွင့်ပြုထားသည်။

## နက်နဲသောကြည့်ရှုခြင်း (ယော၊ ၁၆:၁၁)

ယေရှုက သေချာသောရှင်းလင်းချက်ကို အငယ် ၁၁ တွင် ထပ်လောင်းဖော်ပြထားသည်။ "ဤလောကကို အစိုးရသောမင်းသည် အပြစ်စီရင်ခြင်းကို ခံရသောကြောင့် အပြစ်စီရင်ခြင်းကိုဖော်ပြမည်။" အစပိုင်း၌ ရှုပ်ထွေးသည်ဟု ထင်ရသော်လည်း ကျွန်ုပ်တို့၌ တရားစီရင်ခြင်းဆိုင်ရာ ကျယ်ကျယ်ပြန့်ပြန့်နားလည်မှုမရှိသောကြောင့်သာဖြစ်သည်။ ဤကျမ်းပိုဒ်တွင် ဖော်ပြထားသောသမ္မာတရားများကို ကြည့်ကြပါစို့။

ယေရှုသည် အသေမခံမီနှင့်မထမြောက်ခြင်းမီတွင် ဤလောကကို အုပ်စိုးသောမင်း၏တရားစီရင်ခြင်းအကြောင်း ပြောခဲ့သည်။ "ယခုတွင်ဤလောကသည် တရားစီရင်ခြင်းကိုခံရ၏။ ယခုတွင်ဤလောကကို အစိုးရသောမင်းသည် ပြင်သို့နှင်ထုတ်ခြင်းကိုခံရလိမ့်မည်" (ယော၊ ၁၂: ၃၁)။ ယေရှု၏အလုပ်သည် ဆိုးညစ်သူကို ပြစ်ဒဏ်စီရင်ခြင်းပြီး အပြီးသတ်ချေမှုန်းရန်ဖြစ်သည်။ ဘုရားသခင်၏ကျေးဇူးတော်မပါလျှင် တရားစီရင်ခြင်းခံရပြီး လူတိုင်းအလွန်ကြောက်ရွံ့ရမည့်အရာဖြစ်သည်။

ဤခြိမ်းခြောက်မှုကို ပိုမိုဆိုးရွားစေသည့်အချက်ကား လူသားတို့၏တရားစီရင်ခြင်းကို မကောင်းဆိုးဝါး၏တရားစီရင်ခြင်းသို့ ခေါက်သွင်းလိမ့်မည်။

ဘုရားသခင့်လူတို့၏ကယ်တင်ခြင်းသည် သခင်ယေရှု၏ထမြောက်ခြင်းနှင့် ကောင်းကင်သို့တက်ကြွခြင်းနှင့် ဆက်စပ်သကဲ့သို့ လူသားတို့၏တရားစီရင်ခြင်းသည် စာတန်၏တရားစီရင်ခြင်းနှင့် ဆက်စပ်မှုရှိသည်။

"တစ်ဖန်တုံ၊ ဖြူသောပလ္လင်ကြီးကိုလည်းကောင်း၊ ပလ္လင်ပေါ်မှာ ထိုင်တော်မူသောသူကိုလည်းကောင်း ငါမြင်၏။ ကောင်းကင်နှင့် မြေကြီးသည် မျက်နှာတော်ရှေ့မှ ပြေးလွင့်၍ သူတို့ နေစရာအရပ်မရှိ။ သေလွန်သောသူအကြီးအငယ်တို့သည် ပလ္လင်တော်ရှေ့မှာ ရပ်နကြသည်ကို ငါမြင်၏။ စာစောင်များကို ဖွင့်ထား၏။ အသက်စာစောင်တည်းဟူသော အခြားတစ်ပါးသော စာစောင်ကိုလည်း ဖွင့်လေ၏။ သေလွန်သောသူတို့သည် မိမိတို့အကျင့်အတိုင်း၊ စာစောင်တို့၌ ရေးထားချက်များနှင့်အညီ တရားစီရင်ခြင်းကို ခံရကြ၏။ သမုဒ္ဒရာသည် မိမိ၌ရှိသောလူသေတို့ကို အပ်ပေး၏။ မရဏာနှင့်မရဏာနိုင်ငံသည်လည်း မိမိတို့၌ရှိသောလူသေတို့ကို အပ်ပေးကြ၏။ လူအသီးအသီး တို့သည် မိမိတို့အကျင့်အတိုင်း တရားစီရင်ခြင်းကို ခံရကြ၏။ ထိုအခါ မရဏာနှင့် မရဏာနိုင်ငံကို မီးအိုင်ထဲသို့ချပစ်လေ၏။ ထိုသေခြင်းကား ဒုတိယသေခြင်းဖြစ်သတည်း။ အသက်စာစောင်၌ စာရင်းမဝင်သောသူ ရှိသမျှတို့ကိုလည်း မီးအိုင်ထဲသို့ချပစ်လေ၏" (ဗျာ၊ ၂၀:၁၁-၁၅)။

## သီဩလော်ဂျီဆိုင်ရာ ရောင်ပြန်ဟပ်မှုများ

ဝိညာဉ်တော်၏အပြစ်ဖော်ပြခြင်းသည် လူသား၏တစ်စက္ကန့် မျှတုံ့ပြန်စဉ်တွင် အဓိကအလုပ်ဖြစ်သည်ဟူသော ကျွန်ုပ်တို့၏ပြောဆိုချက်ကို သဘောမတူနိုင်သူအချို့ရှိသည်။ သို့သော် လောကလူသားတို့သည် သခင်ကိုမရှာကြောင်း ထင်ရှားသည်။ ဘုရားသခင်၏ဝိညာဉ်တော်သည် မယုံကြည်သူအား အသက်တာသစ်ဖြင့် ဖန်ဆင်းရာတွင် အဓိကဦးဆောင်သူဖြစ်ပြီး အပြစ်ဖော်ပြခြင်းဖြင့် စတင်ကာ ဘုရားသခင်၏တန်ဖိုးများကို နားလည်ခြင်းဖြင့် လူတစ်ဦး၏အားနည်းချက်ကို ဖော်ထုတ်၏။ လူတစ်ဦးသည် ဝိညာဉ်တော်အတူပါရှိခြင်းကို ခံစားရပေမည်။ သို့သော် သူသည် လိမ်လည်ပြောဆိုမှုများကြောင့် မိမိ၏အပြစ်ကိုခံစားရပြီး မိမိ၏မရိုးသားမှုအပေါ် ပြစ်တင်ဆုံးမခြင်းကို ခံရစေသည်။

သန့်ရှင်းသောဝိညာဉ်တော်သည် လူတစ်ဦးကိုချဉ်းကပ်ပြီး သူလုပ်နေသောအရာသည် မှားယွင်းကြောင်းကို သိရှိစေပါသည်။ အပြစ်ဖော်ပြခြင်းဆိုသည်မှာ အရိပ်ကို ဖြစ်စေသည့်အလင်းရောင်နှင့်တူသည်။ ထိုအလင်းသည် ဘုရားသခင်၏ကယ်တင်ခြင်းကို ခြုံငုံထားသည့် တစ်စိတ်တစ်ပိုင်းဖြစ်သော်လည်း ကယ်တင်ခြင်းမဟုတ်ပေ။ အကြောင်းမှာ လူတစ်ဦး၏လုပ်ဆောင်မှုကို သခင်ဘုရားမည်သို့မျှမနှစ်သက်သောကြောင့်ဖြစ်ပေသည်။ လူတို့က ယင်းသည် အဘယ်အရာဖြစ်သည်ကို မသိကြပေ။ အကြောင်းမှာ သူတို့၏အသက်တာ၌ ဝိညာဉ်တော်၏လုပ်ဆောင်မှုကို အာရုံမခံတတ်ကြသောကြောင့်ဖြစ်၏။

ကျွန်ုပ်ဘဝတွင် ပြီးပြည့်စုံသောကယ်တင်ခြင်း လုပ်ငန်းစဉ်သည် သုံးမိနစ်ဝန်းကျင်ခန့်သာ ကြာခဲ့သော်လည်း အချို့ကိစ္စများတွင် နှစ်ပေါင်းများစွာ ကြာခဲ့သည်။ ထိုအချိန်တိုလေးအတွင်းမှာပင် ကျွန်ုပ်၏အပြစ်ကို သိရှိနားလည်မှု၊ ဘုရားသခင်၏ဖြောင့်မတ်သောစံနှုန်းများနှင့် ကျွန်ုပ်ထိုက်တန်သောတရားစီရင်ခြင်း အပါအဝင်အားလုံးကို သိရှိလာခဲ့သည်။ ကိုယ့်ကိုကိုယ် မီးတွင်းထဲသို့လဲကျသွားသည်ဟု မြင်မိသည်။ ဤအကြောင်းအရာကို ရှင်းပြစရာများစွာမလိုအပ်ပေ။ အကြောင်းမူကား ငါမပြောမီကပင် ငါ့အပြစ်များစွာမှာ ငါ့ကိုစွပ်စွဲပြီး ငါထိုက်တန်သောတရားစီရင်ခြင်းကို ပြသနေသောကြောင့်ဖြစ်သည်။ ထိုအချိန်တွင် ကျွန်ုပ်အား ကယ်တင်ရန် ဘုရားသခင်ထံအော်ဟစ်ခဲ့ပြီး ယေရှုသည် ကယ်တင်ရှင်ဖြစ်ကြောင်း ကျွန်ုပ်အား ကြင်နာစွာပြသခဲ့သည်။ ထိုသို့ ကျွန်ုပ်ယုံကြည်ပြီး ကျွန်ုပ်၏အပြစ်၊ ဤဆိုးရွားလှသောဝန်ထုပ် ဝန်ပိုးနှင့်တရားစီရင်ခံရမည့်ခြိမ်းခြောက်မှုကို စွန့်ပစ်ခဲ့သည်။ ငါဘယ်ကို သွားနေမှန်းမသိသော်လည်း တရားစီရင်ခြင်းမှ လွတ်မြောက်ဖို့ ရှာဖွေရမည်ဟူသည်ကို ငါသိပါသည်။ အပြစ်ဖော်ပြခြင်းသည် ကယ်တင်ခြင်းသို့ဦးတည်စေသည်။ ၎င်းသည် ကျွန်ုပ်တို့၏အသက်တာ ကယ်တင်ခြင်းလုပ်ငန်းစဉ်၌ ဝိညာဉ်တော်၏ကြင်နာစွာအသက်သွင်းသည့် နည်းလမ်းဖြစ်သည်။

အပြစ်ဖော်ပြခြင်း လုပ်ငန်းစဉ်သည် လူတို့အသက်တာ၌ ဘုရားသခင်၏အမှုတော် အစသာဖြစ်သည်။ ကျွန်ုပ်တို့က "ဝိညာဉ်တော်မှ ထိုသို့သောအလုပ်သည် ကယ်တင်ခြင်းသို့ အမြဲပို့ဆောင်သလော" ဟုမေးနိုင်သည်။ ကျမ်းပိုဒ်ပါစကားလုံးအသုံးအနှုန်းသည် ဤနေရာ၌ မရှင်းလင်းသော်လည်း ကျယ်ပြောသောအကြောင်းအရာက ဘုရားသခင်သည် သူ၏ရည်ရွယ်ချက်များအ

တွက် ကျွန်ုပ်တို့အား ကောက်ချက်ချရန် အားပေးပုံရသည်။ သခင်ယေရှုက ဝိညာဉ်တော်သည် လူတို့အား ကယ်တင်ခြင်းလုပ်ငန်းစဉ်တွင် ဆက်လက် လုပ်ဆောင်ပြီး တစ်ဖန်မွေးဖွားခြင်းအတွက် ပြင်ဆင်ပေးထားကြောင်း ရှင်း လင်းစွာပြောဆိုခဲ့သည်။

## ဆွေးနွေးမေးခွန်းများ

၁။ သင့်ဘဝမှာ ဤအပြစ်ဖော်ပြခြင်းမျိုး ကြုံဖူးပါသလား။ သင့်အပြစ်နှင့် ကျူးလွန်မှုကို သတိပြုမှု တိုးများလာခဲ့သည်ကို မျှဝေပါ။

၂။ ဆုံးရှုံးမှုသိရှိခြင်းနှင့်ကယ်တင်ရှင် လိုအပ်ခြင်းကြောင့် သို့မဟုတ် ဘာသာ ရေး၊ နိုင်ငံရေး/အဆင်ပြေစေရန်အတွက် သင်ယုံကြည်ပါသလား။

၃။ ဘုရားသခင်သည် သင့်ကိုယ်ရေးကိုယ်တာအပြစ်များကို တရားစီရင်ပိုင် ခွင့်ရှိသည်ဟု သင်ယုံကြည်ပါသလား။

၄။ ခရစ်တော်၌ အသစ်မွေးဖွားချိန်မှစ၍ တစ်ခုခု၌ သင်သတိပြုမိခဲ့သော ဖြောင့်မတ်ခြင်းနယ်ပယ်နှစ်ခုကို ချရေးပါ။

၅။ သင့်ဘဝအသက်တာ၌ ခရစ်တော်၏စံနှုန်း၊ သင်၏အပြောအဆို၊ ကိုယ် ဟန်အမူအရာ၊ လုပ်ရပ်များစသည်တို့ကို လူတို့မြင်နိုင်ပါသလား။ တစ်ခု ရွေးပြီး ဘုရားသခင်က သင့်အား အခြားသူများအသက်တာ၌ မည်သို့အ သုံးပြုခဲ့သည်ကို မျှဝေပါ။

၆။ "ဝိညာဉ်တော်၏အသီး" တစ်ခုကို (ဂလာ၊ ၅:၂၂-၂၃) ရွေးချယ်ပြီး သင့် အသက်တာကို ဆန်းစစ်ပါ။ ဝိညာဉ်တော်၏စံနှုန်းကား အဘယ်နည်း။ ထိုအဆင့်ရောက်ဖို့ ဘာတွေကို ပြောင်းလဲဖို့ လိုအပ်လဲ။

၇။ သန့်ရှင်းသောဝိညာဉ်တော်၏အပြစ်ဖော်ပြခြင်းအပေါ် ကလေးသူငယ်များ တုံ့ပြန်မှုကို ဂရုတစိုက်သတိပြုမိပါသလား။ ရှင်းပြပါ။ ၎င်းကို သင်မသိပါက ဘာလုပ်သင့်သနည်း။

၈။ တရားစီရင်ခြင်းနှင့်ငရဲအကြောင်း ဖော်ပြရာတွင် ကယ်တင်ခြင်းသည် မည်သည့်အပိုင်း၌ ပါဝင်သနည်း။ လူတစ်ဦးသည် ထိုအရာမပါဘဲ သခင်ယေရှုကို သိရှိလာနိုင်မည်လော။ ရှင်းပြပါ။

၉။ မယုံကြည်သူများတွင် သန့်ရှင်းသောဝိညာဉ်တော်၏လုပ်ဆောင်ချက် ထင်ရှားခြင်းသည် ယုံကြည်သူများနှင့် မည်သို့သက်ဆိုင်သနည်း။ ယေရှုသည် ကျွန်ုပ်တို့ကို အဘယ်ကြောင့် ဤသို့ပြောဆိုသနည်း။

၁၀။ ဘုရားသခင်၏တရားစီရင်ခြင်း သို့မဟုတ် ထာဝရတရားစီရင်ခြင်း၏ တစ်စိတ်တစ်ပိုင်းအဖြစ် အခြားသူများအား သူ၏တရားစီရင်ခြင်းကို သင်ဖော်ပြသောအခါ သန့်ရှင်းသောဝိညာဉ်တော်နှင့် အလုပ်လုပ်ဆောင်သူအဖြစ် သင့်ကိုယ်သင်ထင်မြင်ပါသလား။ ရှင်းပြပါ။

၁၁။ ဘုရားသခင်၏ချစ်ခြင်းမေတ္တာသည် လူတို့အား သူတို့၏တရားစီ ရင်ခြင်းကို သိမြင်စေရန် ဝိညာဉ်တော်အား အဘယ်ကြောင့် အနိုင်အထက်သွေးဆောင်သနည်း။

# အခန်း ၄
# ဝိညာဉ်တော်အားဖြင့် မွေးဖွားခြင်း

**ထိုနည်းတူ ဝိညာဉ်တော်မွေးသောသူဖြစ်သည်ဟု မိန့်တော်မူ၏။**
**(ယော၊ ၃:၃-၈)**

## ဒုတိယမွေးဖွားခြင်း၊ ပြန်မွေးခြင်း၊ အသက်တာသစ်

ဝိညာဉ်တော်၏အပြစ်ဖော်ပြခြင်းသည် လူတစ်ဦးကိုအချိန်မီကယ်တင်သောဘုရားသခင်အားဖြင့် ဖြစ်ပေါ်သည့်ပြောင်းလဲခြင်း လုပ်ငန်းစဉ်၏အစပင်ဖြစ်သည်။ ဝိညာဉ်တော်သည် သူတို့အား အသက်သစ်ကို ပေးအပ်ခြင်းဖြင့် ဝိညာဉ်ရေးရာအသက်တာအသစ်ကို မွေးဖွားပေးသောအခါတွင် ဖြစ်စဉ်အားလုံးပြည့်ဝလာရပါသည်။ ထိုအသက်သည် ကိုယ်တော်အတူပါရှိခြင်းဖြင့် သက်ဝင်လှုပ်ရှားလာသည်။

ယေရှုသည် သခင်ဖြစ်သည့်နှင့်အညီ ဖွားမြင်လာသည့်ကလေးငယ်တစ်ဦးအား ဘုရားသခင်၏ဝိညာဉ်တော်လျှို့ဝှက်သောကယ်တင်ခြင်း လုပ်ငန်းစဉ်နှင့်ဂရုတစိုက်ချိတ်ဆက်ပေးသည်။ယနေ့ခေတ်မီကင်မရာများကို သားအိမ်ထဲသို့ထည့်ပြီး ချောင်းကြည့်နိုင်ပါသည်။ သခင်ယေရှု၏စကားတော်အားဖြင့် ကျွန်ုပ်တို့သည် ဤလျှို့ဝှက်ဆန်းကြယ်ဆုံးနှင့် ယနေ့မိမိတို့အလယ်၌ဖြစ်ပျက် နေသောဘုရားသခင်၏အံ့သြဖွယ်ဖန်ဆင်းခြင်းကို ထူးခြားစွာမြင်တွေ့ရသည်။ ယေရှုမြွက်ဆိုခဲ့သည့် ဝိညာဉ်ရေးရာဖွားမြင်ခြင်းအကြောင်းကို ယောဟန်ခရစ် ဝင်ကျမ်း ၃း၄ နှင့်သြဝါဒစာများတွင် တွေ့ရပါသည်။

## က။ ဝိညာဉ်ရေးရာ ပြန်လည်မွေးဖွားခြင်း (ယော၊ ၃:၃-၈)

"ယေရှုက ဒုတိယမွေးခြင်းကို မခံသောသူမည်သည်ကား ဘုရားသခင်၏နိုင်ငံတော်ကို မမြင်ရဟု ငါအမှန်အကန်ဆိုသည်ဟု ပြန်၍မိန့်တော်မူ၏။ နိကောဒင်ကလည်း အသက်ကြီးသောသူသည် မွေးခြင်းကိုအဘယ်သို့ခံနိုင်ပါမည်နည်း။ အမိဝမ်းထဲသို့ တစ်ဖန်ဝင်၍ မွေးခြင်းကို ခံနိုင်ပါမည်လောဟု လျှောက်၏။ ယေရှုကလည်း ရေနှင့်ဝိညာဉ်တော်မမွေးသောသူမည်သည်ကား ဘုရားသခင်၏နိုင်ငံတော်သို့မဝင်ရဟု ငါအမှန်အကန်ဆို၏။ ဇာတိပကတိမွေးသောအရာသည် ဇာတိပကတိဖြစ်၏။ ဝိညာဉ်တော်မွေးသောအရာသည် ဝိညာဉ်ဖြစ်၏။ ဒုတိယမွေးခြင်းကိုခံရမည်ဟု ငါဟောပြောသည်ကို အံ့ဩခြင်းမရှိနှင့်။ လေသည် အလိုရှိတိုင်းသွားလာ၏။ လေ၏အသံကို သင်သည်ကြားရသော်လည်း အဘယ်အရပ်ကဖြစ်သည် အဘယ်အရပ်သို့သွားသည်ကို မသိနိုင်။ ထိုနည်းတူ ဝိညာဉ်တော်မွေးသောသူဖြစ်သည်ဟု မိန့်တော်မူ၏။"

## အခြေခံသင်ခန်းစာများ

သခင်ယေရှုသည် ဝိညာဉ်တော်၏အပြစ်ဖော်ပြခြင်း လုပ်ဆောင်မှုကို တုံ့ပြန်ခြင်းခံရသော နိကောဒင်နှင့်စကားပြောဆိုခြင်းမှတဆင့် အသက်နှင့်ကယ်တင်ခြင်းအတွက် အခြေခံကျသောသွန်သင်ချက်များကို ဂရုတစိုက် ချမှတ်ခဲ့၏။ နိကောဒင်သည် အမှန်ပင် ညအချိန်၌ ယေရှုထံသို့ချဉ်းကပ်သော်လည်း ယေရှုသည် သူနှင့် ပို၍ဝေမျှလိုစိတ်ရှိခဲ့သည် (ယာ၊ ၄:၈)။ ခရစ်ယာန်များသည် များသောအားဖြင့် ကယ်တင်ခြင်းကို ဘုရားသခင်အမြင်ရှုထောင့်မှမဟုတ်ဘဲသူတို့၏ကိုယ်ပိုင်ရှုထောင့်အပေါ် သာ၍အာရုံစိုက်ကြသည်။သို့သော်ရှင်ယောဟန် ၃:၃-၈ တွင် ယေရှုက ကယ်တင်ခြင်းနှင့်ဆိုင်သည့် ယုံကြည်ခြင်းကို ခက်ခက်ခဲခဲမဖော်ပြစေလိုပေ။ ကယ်တင်ခြင်းအတွက် ယုံကြည်ခြင်း၏အရေးပါမှုကို နောက်ပိုင်းအပိုဒ်ငယ်များတွင် တွေ့ရလိမ့်မည် (ယောဟန်၊ ၃:၁၄)။ "ယုံကြည်သောသူ အပေါင်းတို့သည်..." (ယော ၃:၁၆)။ ယောဟန်သည် ကယ်တင်ခြင်း တံခါးဝကို မေးမိန်စေခြင်းမဟုတ်ဘဲ လူတစ်ဦးကယ်တင်ခြင်း ရရှိခြင်းမှာ ကောင်းသောအကျင့်များကို ပြုစုပျိုးထောင်ခြင်းမဟုတ်ဘဲ ကယ်တင်ခြင်း၌ ဘုရားသခင်၏အခန်းကဏ္ဍကို ဖော်ပြခြင်းဖြစ်သည်။

ယုံကြည်ခြင်းအားဖြင့် လူတစ်ဦးသည် ဝိညာဉ်ရေးရာ၌ ပြန်လည်မွေးဖွားခြင်းမရှိမီ ကျွန်ုပ်တို့ကို ပိုမိုနားလည်သဘောပေါက်ရန်နှင့်ဖြစ်ပေါ်လာမည့်အရာများကို သိရှိနားလည်စေရန် ကူညီပေးရန်အတွက် ယေရှုသည် ဤလျှို့ဝှက်သောသမ္မာတရားများကို မျှဝေပေးသည်။ နိကောဒင်မှစ၍ များစွာသောဂျူးဘာသာရေးသမားများနှင့် ကျွန်ုပ်တို့အားလုံးတို့သည် ဝိညာဉ်တော်မပါရှိလျှင် ယုံကြည်ခြင်းနှင့်ဝိညာဉ်ရေးဆိုင်ရာ စိတ်ဝင်စားမှုရှိမည်မဟုတ်ပေ။ လူသားတို့သည် ဘုရားသခင်၏အထူးကျေးဇူးတော်မရှိဘဲ ဘုရားသခင်ကို မသိနိုင်ကြပေ။ လေမရှိရင် စွန်မပျံသန်းနိုင်သကဲ့သို့ ဝှက်ထားသောမျိုးစေ့အသစ်မရှိလျှင် ဒုတိယမွေးဖွားခြင်း မရှိနိုင်ပေ။ ဘာသာတရားက မကယ်တင်သလိုမှန်မြတ်သော ဘာသာရေးအလုပ်များသည်လည်း ဘုရားသခင်၏ဝိညာဉ်ရေးရာအသက်တာကို အစားထိုး၍မရပါ။ လူသားများသည် စစ်မှန်သောဝိညာဉ်ရေးများကို မိမိတို့ကိုယ်တိုင် စိတ်ဝင်တစားမလုပ်ဆောင်နိုင် (ရော၊ ၃:၁၁-၁၂)။

## ဝိညာဉ်ရေးရာမွေးဖွားခြင်း

“ဒုတိယမွေးဖွားခြင်း” ဟူသောစကားစုကို ယောဟန် ၃ တွင် ထပ်ခါတလဲလဲ သုံးနှုန်းထားသည်။ ဤဆွေးနွေးမှုသည် ထူးခြားမှုမရှိသော်လည်းနက်နဲလှသည်။ ရှင်ယောဟန်သည် အစောပိုင်းတွင် ယောဟန်၊ ၁:၁၃ တွင် “ဘုရားသခင် ဖြစ်ပွားစေသောသူ” ဟူ၍ဖော်ပြထားသည်။ “ထိုသားတို့မူကားလူမျိုးနှင့်စပ်ဆိုင်၍ ဖွားသောသားမဟုတ်။ မေထုန်သံဝါသအားဖြင့် ဖွားသောသားမဟုတ်။ လူအလိုအလျောက် ဖွားသောသားမဟုတ်။ ဘုရားသခင်ဖွားတော်မူသောသားဖြစ်သတည်း။” ကယ်တင်ခြင်းသည် ကျွန်ုပ်တို့၏မိသားစုအမွေအနှစ်/ယုံကြည်ခြင်းနှင့်မသက်ဆိုင်ဘဲ မိမိတို့အပေါ် ဘုရားသခင်၏လုပ်ဆောင်နှင့် သက်ဆိုင်သည်။ ယေရှုသည် လူသား၏စိတ်နှလုံးတွင် လုပ်ဆောင်ရမည့်ဝိညာဉ်ရေး အလုပ်သစ်ကို ရည်ညွှန်းနေခြင်းဖြစ်သည်မှာ သံသယဖြစ်စရာမရှိပါ။ နိကောဒင်နှင့်ဆွေးနွေးမှုတွင် သခင်ယေရှုသည် ဂျူးလူမျိုးယဇ်ပုရောဟိတ်တို့၏ဖောက်ပြန်ခြင်း အကြောင်းကို ဖော်ပြသည်။

“စိတ်နှလုံးအရေဖျားလှီးခြင်း” ဟူသောစကားစုဖြင့် ဓမ္မဟောင်း၌ ပထမဆုံးထည့်သွင်းထားခြင်းသည် လိုအပ်နေသောဝိညာဉ်ရေး အသက်တာသစ်လုံးဝမဟုတ်ပေ။ ဤစကားစုကို တရားဟောရာကျမ်းနှင့်ယေရမိတွင် အသုံး

ပြုထားသည် (တရား၊ ၁၀:၁၆၊ ၃၀:၆၊ ယေရ၊ ၄:၄၊ ရော၊ ၂:၂၉)။ ရုပ်ပိုင်းဆိုင်ရာအရေ ဖျားလှီးခြင်း ပဋိညာဉ်ကိုရည်ညွှန်းသည်။ လိင်အင်္ဂါထိပ်ပိုင်း အရေဖျားကို လှီးဖြတ်ခြင်းဖြစ်သည်။ “သင်သည် အသက်ရှင်မည်အကြောင်း သင်၏ဘုရားသခင်ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ချစ်စေခြင်းငှာ သင့်နှလုံးနှင့်သင့်အမျိုး၏နှလုံးအရေဖျားကို လှီးဖြတ်တော်မူလိမ့်မည်” (တရား၊ ၃၀း၆)။ “သင်တို့၏ဘုရားသခင်ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ချစ်လော့” ဟူသောနည်းဖြင့် ဘုရားသခင်သည် သူတို့၏စိတ်နှလုံးတွင် မည်သို့လုပ်ဆောင်သည်ကို ဤနေရာတွင် သတိပြုပါ။ ယေဇကျေလကလည်း “စိတ်နှလုံးသစ်ကို ငါပေးမည်။ သဘောသစ်ကို သွင်းထားမည်။ သင်တို့ကိုယ်ခန္ဓာထဲက ကျောက်နှလုံးကို နုတ်၍ အသားနှလုံးကို ပေးမည် (ယေဇ၊ ၃၆:၂၆)။

ကျမ်းစာက တစ်ခါတစ်ရံ ဘုရားသခင်သည် ကျွန်ုပ်တို့အား နှလုံးအသစ်ပေးသည် သို့မဟုတ် ကျွန်ုပ်တို့အား အရေဖျားလှီးပေးမည်ဟု ပြောသော်လည်း အခြားကျမ်းပိုဒ်များတွင် “အသစ်သောနှလုံး၊ အသစ်သောစိတ်သဘောကို ပြင်ဆင်ကြလော” ဟုဖော်ပြထားသည် (ယေဇ၊ ၁၈:၃၁)။ စိတ်နှလုံးအသစ်ပြင်ဆင်ရမည်ဟု ကျွန်ုပ်တို့အား မိန့်ကြားထားသော်လည်း ၎င်းကို မိမိတို့ကိုယ်တိုင် ကြိုးစားလုပ်ဆောင်ပြီး အကောင်အထည်ဖော်၍မရနိုင်ပေ။ ဓမ္မဟောင်းကျမ်းသည် သနားစရာကောင်းသည့် ကျွန်ုပ်တို့၏စိတ်နှလုံးအခြေအနေကို ပွင့်လင်းစွာမဖော်ပြပေးပေ (တရား၊ ၂၀)။ ယောဟန် ၃ တွင် ကယ်တင်ခြင်းသည် ကျွန်ုပ်တို့၏လုပ်ဆောင်မှု သို့မဟုတ် ကြိုးစားမှုများကြောင့်မဟုတ်ဘဲ ကျေးဇူးတော်ကြောင့်သာ ဖြစ်ကြောင်း ကျွန်ုပ်တို့သိနိုင်မည်အကြောင်း ယေရှုသည် ကျွန်ုပ်တို့၏စိတ်နှလုံးထဲတွင် ဘုရားသခင်၏သာ၍ကြီးမြတ်သောအမှုတော်ကို ကျွန်ုပ်တို့ရှေ့မှောက်တွင် ရှင်းလင်းစွာချမှတ်ထားသည်။

ထို့နောက် သခင်ယေရှုက ယောဟန်၊ ၁:၁၃ တွင် ဘုရားသခင်သည် ကျွန်ုပ်တို့အား စိတ်နှလုံးသစ်များ မည်သို့ပေးမည်ကို မိန့်တော်မူပြီး ပေတရုက “ငါတို့ကို တဖန်မွေးဖွားစေတော်မူသော” (၁ ပေ၊ ၁:၃) ဟူ၍ ဖော်ပြထားသည်။ ရှင်ပေါလုသည် ဇာတိပကတိအားဖြင့် နှစ်ကြိမ်မွေးဖွားခြင်းကို ရည်ညွှန်းသည် (ဂလာ၊ ၄:၂၃၊ ၂၉)။ ပေတရုက သူ၏ပထမစာတွင် “တဖန်မွေးဖွားခြင်း” ဟူသောစကားစုကို နှစ်ကြိမ်အသုံးပြုသည် (၁ပေ၊ ၁:၃၊၂၃)။ သို့သော်

ယောဟန်သည် သူ၏ပထမပေးစာ၌ ၎င်းကို ခြောက်ကြိမ်တိုင်တိုင်ဖော်ပြထားသည် (၁ ယော၊ ၂:၂၉၊ ၃:၉၊ ၄:၇၊ ၅:၁၊ ၄၊ ၁၈)။

## ခ) ဩဝါဒစာများတွင် ဝိညာဉ်ရေးရာပြန်လည်မွေးဖွားခြင်း

ယောဟန်၏ဩဝါဒစာများတွင် ဝိညာဉ်ရေးမွေးဖွားခြင်းကို ရည်ညွှန်းသောကိုယ်ဝန်ဆောင်စကားလုံး "တဖန်မွေးဖွားခြင်း" ဟူသောစကားစုကို ဆယ်ကြိမ်အသုံးပြုခဲ့ပြီး ဝိညာဉ်ရေးရာမွေးဖွားခြင်းနှင့်ပတ်သက်၍ ကျွန်ုပ်တို့၏နားလည်မှုကို ခိုင်မာစေပြီး ခရစ်ယာန်အသက်တာတွင် ၎င်း၏အသုံးချမှုကို တိုးချဲ့ခဲ့သည်။

- ပေတရုက ဘုရားသခင်ရွေးချယ်ခြင်းနှင့် သူ့လူတို့အား တန်ခိုးပေးခြင်းတွင် ဘုရားသခင်၏အရေးပါခြင်းအစိတ်အပိုင်းကို နှစ်ကြိမ်ဖော်ပြခဲ့သည်။ (၁ပေ၊ ၁:၃၊ ၂၃)။

  "အသက်ရှင်ခြင်းနှင့် စပ်ဆိုင်သောမျှော်လင့်ခြင်း အကြောင်းရှိစေခြင်းငှာ ဖောက်ပြန်ခြင်း၊ ညစ်စွန်းခြင်း၊ ညှိုးနွမ်းခြင်းနှင့်ကင်းစင်သောအမွေတော်ကို ငါတို့သည် ခံရစေမည်အကြောင်း ယေရှုခရစ်ကို သေခြင်းမှထမြောက်စေတော်မူသောအားဖြင့် ကြီးစွာသောကရုဏာတော်နှင့်အညီ ငါတို့ကို တစ်ဖန်ဖြစ်ဖွားစေတော်မူသော၊ ငါတို့သခင်ယေရှုခရစ်၏ခမည်းတော်ဘုရားသခင်သည် မင်္ဂလာရှိတော်မူစေသတည်း" (၁ပေ၊ ၁:၃)။

  ဘုရားသခင်သည် ကျွန်ုပ်တို့ကို "တဖန်မွေးဖွားခြင်း" ဖြစ်စေခဲ့သည်။ ရုပ်လောကသာမက ဝိညာဉ်လောကကို ဖန်ဆင်းတော်မူသောဘုရားသခင်သည် ဝိညာဉ်တော်အားဖြင့် ဝိညာဉ်ရေးရာအသက်တာသို့ ခေါ်တော်မူ၏။ သခင်ဘုရားသည် အရာခပ်သိမ်းအတွက် ကြီးမြတ်သောအကြောင်းတရားဖြစ်ပြီး ဝိညာဉ်ရေးဖွားခြင်း၏မိခင်အဖြစ်လည်း လုပ်ဆောင်သည်။

  "မဖောက်ပြန်မပျက်စီးတတ်သောမျိုးစေ့တည်းဟူသော အသက်ရှင်၍ အစဉ်အမြဲတည်တော်မူသော ဘုရားသခင်၏နှုတ်ကပတ်တော်အားဖြင့် ဖြစ်ဖွားသောကြောင့် ညီအစ်ကိုများကို ချစ်ယောင်မဆောင်၊ အမှန်ချစ်ခြင်းအလိုငှာ စိတ်ထဲမှာသမ္မာတရားကို နားထောင်လျက် ကိုယ်စိတ်နှလုံးကို စင်ကြယ်စေပြီးသည်နှင့်အညီ၊ စင်ကြယ်သောစိတ်နှင့် အချင်းချင်း အားကြီးသောချစ်ခြင်းမေတ္တာရှိကြလော့" (၁ပေ၊ ၁:၂၃)။

အသစ်မွေးဖွားခြင်းသည် အသက်ရှင်၍ တည်ကြည်သောဘုရားသခင်၏ နှုတ်ကပတ်တော်မှဖြစ်၏။ သန့်ရှင်းသောဝိညာဉ်တော်သည် ဘုရားသခင် ၏နှုတ်ကပတ်တော်၊ သမ္မာကျမ်းစာအတိုင်းသာ ကျွန်ုပ်တို့ကို ညွှန်ကြားပါ သည်။ ကျွန်ုပ်တို့သည် ဝိညာဉ်တော်၌ ကြီးပွားလိုပါက ကျမ်းစာကို ကျွန်ုပ် တို့ကိုယ်တိုင် စားသုံးမှီဝဲရမည်။ ဘုရားသခင်၏အသံကို ပိုင်းခြားသိမြင်နိုင် ရန် ယုံကြည်သူများ အသုံးပြုရမည့်ပထမဆုံးစည်းမျဉ်းက ကျွန်ုပ်တို့ကြားရ သည့်အရာက ကျမ်းစာနှင့်အညီ ဖြစ်မဖြစ် သိမြင်ရန်ဖြစ်သည်။

- ပေါလုသည် ဘုရားသခင်၏အသက် ရရှိသည့်နည်းလမ်းကို အလေးပေးရန် အတွက် အသစ်မွေးဖွားခြင်းသဘောတရားကို အသုံးပြုသည် (ဂါ၄:၂၃၊ ၂၉)။

"ထိုအခါ ဇာတိပကတိအားဖြင့် ဖွားသောသားသည် ဝိညာဉ်တော်အားဖြင့် ဖွားသောသားကို ညှဥ်းဆဲသကဲ့သို့ ထိုနည်းတူ ယခုပင်ဖြစ်၏" (ဂါ ၄:၂၉)။

ပထမမွေးခြင်းသည် အကျင့် သို့မဟုတ် ကုသိုလ်၏အသက်ကို ကိုယ်စားပြု သည်။ ဆိုလိုသည်မှာ ဇာတိပကတိ၊ လုံခြုံမှုလွဲမှားသောစိတ်ဖြင့် ဖြစ်ပေါ် လာသောဘာသာရေးကို ကိုယ်စားပြုသည်။ ဝိညာဉ်တော်မှမွေးဖွားခြင်း ဒု တိယမွေးဖွားခြင်းသည် ကျွန်ုပ်တို့အထဲ၌ ဘုရားသခင်၏အမှုတော်ဆိုင်ရာ ကတိတော်အားဖြင့် ဖြစ်သည်။ ဝိညာဉ်တော်သည် ယုံကြည်ရန် ကျွန်ုပ် တို့အား ယုံကြည်ခြင်းကိုပေးသည်။

- ယောဟန်သည် ဝိညာဉ်ရေးရာမွေးဖွားခြင်းမှ သဘာဝအလျောက် ဖြစ်ပေါ် လာသည့်ဝိညာဉ်ရေးအသက်တာကို အလေးပေးဖော်ပြသည် (၁ ယော၊ ၂: ၂၉၊ ၃:၉၊ ၄:၇၊ ၅:၁၊ ၄၊ ၁၈)။

"ဘုရားသခင်ဖြစ်ဖွားစေတော်မူသောသူမည်သည်ကား ဒုစရိုက်ကို မပြု တတ်။ အကြောင်းမူကား ထိုသူ၌ မျိုးစေ့တော်တည်လျက်ရှိ၏။ ထိုသူသည် ဘုရားသခင်ဖြစ်ဖွားစေတော်မူသောသူဖြစ်သောကြောင့်ဒုစရိုက်ကိုမပြုနိုင်" (၁ယော၊ ၃:၉)။

ကျွန်ုပ်တို့သည် ဘုရားသခင်ဖြစ်ပွားစေသောသူဖြစ်ပါက ကောင်းသောအ ရာကို ချစ်မြတ်နိုးပြီး မကောင်းမှုကို ရှောင်ကြဉ်ကာ ဘုရားသခင်၏သန့်ရှင်း သောသဘောကို မျှဝေခံစားကြမည်ဖြစ်သည်။ စစ်မှန်သောယုံကြည်သူတို့ ၏ဝိညာဉ်ရေးသည် ဘုရားသခင်နှင့်ဆိုင်သောအရာများကို ချစ်မြတ်နိုးပြီး ဘုရားသခင်၏သဘောသဘာဝကို ပိုင်ဆိုင်ထားသူဖြစ်သည်။ "ဘုရားသခင်

ဖြစ်ပွားစေခြင်း” ဟူသောစကားစုကို နှစ်ကြိမ်သုံးနှုန်းပြီး ပထမအကြိမ်မှာ ယုံကြည် သူကိုပုံဖော်ရန်၊ ဒုတိယရှင်းလင်းချက်ကား သူသည် အပြစ်မရှိတော့ကြောင်း ရှင်းပြရန်ဖြစ်သည်။

“ချစ်သူတို့၊ ငါတို့သည် အချင်းချင်းချစ်ကြကုန်အံ့။ အကြောင်းမူကား၊ ချစ်ချင်းမေတ္တာသည် ဘုရားသခင်နှင့် စပ်ဆိုင်၏။ ချစ်တတ်သောသူ မည်သည်ကား ဘုရားသခင်ဖြစ်ဖွားစေတော်မူသောသူ ဖြစ်၏။ ဘုရားသခင်ကို သိသောသူလည်း ဖြစ် ၏” (၁ယော၊ ၄:၇)။



ဝိညာဉ်ရေးဖွားခြင်းတစ်ခုစီက အဘယ်ကတိကဝတ်ပြုသနည်း။ ယုံကြည်သူတိုင်း၏အသက်တာမှ ဘုရားသခင်အလိုရှိသောအရာက အဘယ်နည်း။


ဘုရားသခင်၏ဝိညာဉ်တော်မှ တဖန်မွေးဖွားလာသူများသည် အချင်းချင်းချစ်ကြပြီး ဘုရားသခင်ကို သိကြသည်။ အစောပိုင်းက ယောဟန်သည် သန့်ရှင်းသောသဘောသဘာဝအသစ်နှင့် မကောင်းမှုအကြောင်းကို အလေးပေးပြောဆိုခဲ့သည့်အပြင် ဘုရားသခင်၏ချစ်ခြင်းသဘောသဘာဝအကြောင်း သူ့သားသမီးများသည် ဘုရားသခင်၏မေတ္တာသဘာဝကို မျှဝေသောကြောင့် တစ်ကိုယ်ကောင်းဆန်သောအပြုအမူကို မနှစ်သက်ကြကြောင်းတွေ့ရသည်။

## ၈) မီးဖြင့် နှစ်ခြင်းခံသည်

ယေရှု၏တပည့်များဖြစ်လာရန် ဘုရားသခင်ထံမှ သာ၍ကြီးမြတ်သောအလုပ်ဖြစ်ရမည်။ ဗတ္တိဇံဆရာယောဟန်သည် ဤအမှုအရာကို ဘုရားသခင်၏ဝိညာဉ်တော်ကျိန်းဝပ်တော်မူခြင်း (တမန်တော် ၂:၃) နှင့်မီးဟူ၍ ရည်ညွှန်းသည်။ ငါတို့သည် တဖန်မွေးဖွားရမည်။ ဘုရားသခင်၏ဉာဏ်ပညာ၊ အသစ်ဖန်ဆင်းဖြင့် ကျွန်ုပ်တို့သည် အသက်ရှင်ခြင်းအသစ်ကို ရှာဖွေတွေ့ရှိရန် လိုအပ်ပါသည်။

“ယောဟန်သည် လူအပေါင်းတို့အား ပြန်ပြောသည်ကား၊ ငါသည် သင်တို့အား ရေ၌ ဗတ္တိဇံကိုပေး၏။ ငါ့ထက်တတ်စွမ်းနိုင်သောသူသည် ကြွလာ

သေး၏။ ထိုသူ၏ ခြေနင်းတော်ကြိုးကိုမျှ ဖြည်ခြင်းငှာ ငါမထိုက်။ ထိုသူသည် သန့်ရှင်းသော ဝိညာဉ်တော်၌လည်းကောင်း၊ မီး၌လည်းကောင်း သင်တို့ကို ဗတ္တိဇံပေးမည်” (လု၊ ၃:၁၆)။




နှစ်ခြင်းဆရာယောဟန်သည် လူများကို နောင်တရရန် ခေါ်လျက် ရေဖြင့်နှစ်ခြင်းပေးခဲ့သည်။ ထိုသူတို့သည် အသစ်သောအသက်တာသစ်များဖြင့် အ သက်ရှင်ရမည်အကြောင်း သူတို့၏အသက်တာဟောင်းကို သေခြင်း၌ မြှုပ်နှံထားသည့်သင်္ကေတဖြစ်သည်။ ထို့ပြင် မီးဖြင့် သန့်စင်ခြင်းဆိုင်ရာ ကဏ္ဍများနှင့်ချိတ်ဆက်သင့်သည်။ မီးသည် ဗတ္တိဇံကို ပုံဖော်ထားသည့် ဝိညာဉ်တော်၏အပြစ်ဖော်ပြခြင်းနှင့်နောင်တရခြင်းအားဖြင့် အပြစ်ရှိသောမိမိကိုယ်ကို စေ့စေ့စပ်စပ်သန့်စင်ပစ်ခြင်းကို ကိုယ်စားပြုသည် (ရော၊ ၆:၂-၄၊ ပေ၊ ၂:၂၄)။

ဗတ္တိဇံ၏ဒုတိယရှုထောင့်သည် ရေမှထွက်လာခြင်းကို ပုံဆောင်သည်။ ဤပုံရိပ်က အသစ်မွေးဖွားခြင်း၊ ယူဆောင်လာသောအသက်သစ်ကို ရရှိခြင်းနှင့်ယုံကြည်သူအသက်တာ၌ ဝိညာဉ်တော်လုပ်ဆောင်နေသောအလုပ်အပေါ် မှီခိုအားထားခြင်းကို ပုံဆောင်သည်။ သို့ဖြစ်၍ “ဝိညာဉ်ရေးရာအသက်” ဟူ၍ သရုပ်ဖော်သောစကားစုဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော်နှင့်မီး အတူပါရှိခြင်းဖြင့် ယေရှု၏သာ၍ကြီးသောအမှုတော်ကို ပုံဆောင်လိမ့်မည်။

“ထိုသို့မနေရ။ အပြစ်တရားမှ စုတေ့သောသူတို့သည် ထိုတရား၌ အ
ဘယ်သို့ ရှင်ရဦးမည်နည်း။- 3ယေရှုခရစ်၌ ဗတ္တိဇံကိုခံသောသူရှိသမျှတို့သည်
အသေခံတော်မူခြင်း၌ ဗတ္တိဇံကိုခံကြသည်ဟု သင်တို့ မသိသလော။- 4ထို
ကြောင့်၊ အသေခံတော်မူခြင်း၌ ဗတ္တိဇံကို ခံသောအားဖြင့်၊ ထိုသခင်နှင့်အတူ
သင်္ဂြိုဟ်ခြင်းကို ခံကြ၏။ အကြောင်းမူကား၊ ခရစ်တော်သည် ခမည်းတော်၏
ဘုန်းတန်ခိုးအားဖြင့် သေခြင်းမှ ထမြောက်တော်မူသည်နည်းတူ၊ ငါတို့သည်
လည်း အသစ်သောအသက်၌ ကျင်လည်ရကြသတည်း” (ရော၊ ၆:၂-၄)။

ရေဗတ္တိဇံသည် ကယ်တင်ခြင်း နောင်တကို ယူဆောင်လာမပေးနိုင်သော်လည်း သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့၏အပြစ်ကိုဖော်ပြပေး၍ တရားစီရင်ခြင်းခံထိုက်သော ကျွန်ုပ်တို့၏ဆိုးညစ်မှုများကို ထုတ်ဖော်ပြသကာ လက်ဝါးကပ်တိုင်မှခွင့်လွှတ်ခြင်းကို မျှော်လင့်စေလျက် ထာဝရအသက်၏ကတိတော်ကို မိမိတို့အား အာမခံသည်။ ဤအမှုသည် ဘုရားသခင်၏အလုပ်ဖြစ်သည်။ ရေဗတ္တိဇံနှင့်ဓလေ့ထုံးတမ်းများကိုသာ အားကိုးနေပါက ဘုရားသခင်နှင့် လုံးလုံးလျားလျားလွဲသွားမည်ဖြစ်သည်။ ယေရှုသည် "သင်တို့ကို သန့်ရှင်းသောဝိညာဉ်တော်နှင့်မီး"ဖြင့် နှစ်ခြင်းပေးခဲ့ပြီး ဝိညာဉ်အသက်တာ၏မွေးဖွားခြင်းကို ဆိုလိုသည်။

ခရစ်ယာန်များသည် ခွင့်လွှတ်ခြင်းခံရရုံသာမက ဘုရားသခင်၏သန့်ရှင်းသောအလိုတော်နှင့်ရည်ရွယ်ချက်ဖြင့် လှုပ်ရှားစေသည့်နှလုံးသားအသစ်နှင့်အသက်တာအသစ်ကို ပေးပါသည်။ ကယ်တင်ခြင်းနှင့်ခရစ်ယာန်အသက်တာနှစ်မျိုးလုံးသည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ဘုရားသခင်၏ကျေးဇူးတော်အပေါ်၌ လုံးဝမူတည်ပါသည်။ ထွက်ပေါ်လာသောအပြောင်းအလဲများသည် နောက်ပိုင်းကျွန်ုပ်တို့ကြည့်ရှုရမည့်သက်ရောက်မှုများစွာကို ဆောင်ကြဉ်းပေးသော်လည်း ၎င်းတို့၏စဉ်ဆက်မပြတ် စွမ်းအားနှင့်ရည်ရွယ်ချက်တို့ကို မိမိတို့အထဲ၌ လုပ်ဆောင်နေသော ဘုရားသခင်၏ဝိညာဉ်တော်နှင့် တိုက်ရိုက်သက်ဆိုင်သောသမ္မာတရားများအားဖြင့် တွန်းအားပေးပါသည်။

တမန်တော်၊ ၂:၃၊ ၁၉ ၌ သန့်ရှင်းသောဝိညာဉ်တော်နှင့်ဆက်စပ်သော "မီး" ဟူသောစကားလုံးကို တမန်တော်ဝတ္ထုများတွင် နောက်ပိုင်းအသုံးမပြုတော့ပေ။ အကြောင်းမှာ ပင်တေကုတ္တေပွဲ၌ "သန့်ရှင်းသောဝိညာဉ်တော်နှင့်မီး" နှစ်ခြင်းသည် အလွန်ထူးခြားသောဖြစ်ရပ်တစ်ခုအဖြစ် ရှိနေသောကြောင့်ဖြစ်သည်။ သို့သော် ယုံကြည်သူတိုင်းသည် သူတို့အပေါ်၌ ဝိညာဉ်တော်အားဖြင့် ဝိညာဉ်ရေးခွဲစိတ်မှုပြုလုပ်ပြီး အသက်တာ၌ နောင်တရခြင်းနှင့် ဘဝသစ်ထဲ၌ မွေးဖွားလာစေရန် လိုအပ်နေသေးသည်။

## ဃ) လေနှင့်အသက် ပုံဥပမာ (ယောဟန်၊ ၃:၇-၈)

“ဒုတိယမွေးခြင်းကို ခံရမည်ဟု ငါဟောပြောသည်ကို အံ့သြခြင်းမရှိနှင့်။ လေသည် အလိုရှိတိုင်းသွားလာ၏။ လေ၏အသံကို သင်သည်ကြားရသော်လည်း အဘယ်အရပ်ကဖြစ်သည်၊ အဘယ်အရပ်သို့သွားသည်ကို မသိနိုင်။ ထိုနည်းတူ ဝိညာဉ်တော်မွေးသောသူဖြစ်သည်ဟု မိန့်တော်မူ၏” (ယော၊ ၃:၇-၈)။

ယေရှုသည် လျှို့ဝှက်ဆန်းကြယ်သောဝိညာဉ်ရေး မွေးဖွားမှုဖြစ်စဉ်ကို လေပုံဥပမာဖြင့် မီးမောင်းထိုးပြသည်။ လေကို မမြင်နိုင်သလို ဘုရားသခင်၏ ဝိညာဉ်တော်ကိုလည်း မမြင်နိုင်ပါ။ သို့သော် နှစ်ခုစလုံးသည် လှုပ်ရှားသက်ဝင်မှုကိုဖြစ်စေသည်။ ဝိညာဉ်တော်မှမွေးဖွားလာသူတိုင်းသည် ကြီးစွာသော ပြောင်းလဲမှုများကို တိတ်တဆိတ်နှင့်သိမ်မွေ့စွာဆောင်ကြဉ်းပေးသည့် ဘဝသစ်၏ကျိုး သက်ရောက်မှုများဖြင့် သိကြသည်။ ဤရွေ့လျားမှုနှင့်သန့်ရှင်းသောဝိညာဉ်တော်မှတန်ခိုးများကို အသစ်သောအသက်၊ ထာဝရအသက်ဟု ခေါ်သည်။

ဘဝအသက်တာသစ်၏အံ့ဖွယ်အမှုသည် မိခင်၏ဝမ်းနောက်ကွယ်တွင် ဖြစ်ပျက်သည်။ မွေးဖွားခြင်းတစ်ခုစီသည် ဘဝသစ်၏သရဖူဖြစ်၍ လောကသို့ကြီးကျယ်ခမ်းနားသောဂင်ပေါက်တစ်ခုကို ဖြစ်ပေါ်စေသည်။ ဘုရားသခင်သည် အမှောင်ထုထဲမှဝိညာဉ်တော်အားဖြင့် လောကကို ဖန်ဆင်းကာ အစီအစဉ်နှင့်အသက်ကို ယူဆောင်လာခဲ့သည်။ ထိုနည်းတူ ဝိညာဉ်တော်သည် ဝိညာဉ်ရေး မွေးကင်းစကလေးများမွေးဖွားခြင်းအပေါ် စိုးစံသည်။ ပေတရုက “အသက်ရှင်ခြင်းနှင့်စပ်ဆိုင်သောမျှော်လင့်ခြင်း အကြောင်းရှိစေခြင်းငှာ … ယေရှုခရစ်ကို သေခြင်းမှ ထမြောက်စေတော်မူသောအားဖြင့် ကြီးစွာသောကရုဏာတော်နှင့်အညီ ငါတို့ကို တစ်ဖန် ဖြစ်ဖွားစေတော်မူသော၊ (၁ပေ၊ ၁:၃) ဟူ၍ဖော်ပြပါသည်။

# ဆွေးနွေးမေးခွန်းများ

၁) သင်တဖန်မွေးဖွားသောအခါ ဖြစ်ပျက်ခဲ့သမျှကို ပြန်သုံးသပ်ပါ။ တကယ် မပြောင်းလဲပါက ခရစ်တော်၏ခွင့်လွှတ်ခြင်းကို လက်ခံပါ။

၂) သင်တဖန်မမွေးဖွားမီနှင့်မွေးဖွားပြီးနောက်ပိုင်း မည်ကဲ့သို့ကွာခြားသည်ကို ယှဉ်တွဲကြည့်ပါ။

၃) သင့်အသက်တာမှာ ဝိညာဉ်တော်၏အလုပ်ကို တွေးတောဆင်ခြင်ပါ။ လေက ဘာလုပ်နေသနည်း။ အလားတူ ဘုရားသခင်သည် ယခု ဝိညာဉ်တော်အားဖြင့် သင့်အသက်တာတွင် အဘယ်အရာလုပ်ဆောင်နေသနည်း။

၅) တစ်ဖန်မွေးဖွားခြင်းသည် ကယ်တင်ခြင်းခံရခြင်းနှင့် မည်သို့ဆက်စပ်သနည်း။

၆) ကျွန်ုပ်တို့သည် ခရစ်ယာန်ဟူသည်ကို သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် အသက်ရှင်သောယုံကြည်သူအုပ်စုများထက် လူသားဘာသာအဖြစ် သဘောထားသောအခါ ဘာဖြစ်သွားသနည်း။ လူသေသည် သေနေသောအသင်းတော်နှင့် တူကြောင်း ဖော်ပြပါ။

၇) အချို့ယုံကြည်သူများသည် သခင်ဘုရားကို သိရှိသောအခါ အခြားသူများကဲ့သို့မဟုတ်ဘဲ အဘယ်ကြောင့် တမူထူးခြားသည်ဟုသင်ထင်သနည်း။

၈) မီးနှင့်လေ၏ပုံဆောင်ချက်များသည် သင့်ဘဝတွင် ဘုရားသခင်ဝှက်ထားသောဝိညာဉ်ရေးလုပ်ဆောင်မှုကို နားလည်ရန်အတွက် အဘယ်ကြောင့် အထောက်အကူဖြစ်စေပါသနည်း။

# အခန်း ၅
# ဝိညာဉ်တော်၏အာမခံချက်

(ရောမ၊ ၈:၁၄-၁၇)

ယုံကြည်သူအသစ်သည် ထိခိုက်လွယ်ခြင်း၊ ပျောက်ဆုံးသွားခြင်း (သို့) ခေါ်ဆောင်သွားနိုင်သည့်ကလေးသူငယ်နှင့် ခိုင်းနှိုင်းထားပါသည်။ နုနယ်သေးသောယုံကြည်သူသည် စိတ်ထဲတွင် ပိုင်းခြားသိမြင်နိုင်စွမ်း အချက်အလက်များ အားနည်းနေသေးသောကြောင့် အထူးသဖြင့် ထိခိုက်လွယ်သလို သြဇာလွှမ်းမိုးလွယ်သည်။ သူတို့သည် သခင်ဘုရားနှင့်သက်ဆိုင်သော်လည်း ဂရုတစိုက်မကြည့်ရှုပါက မကောင်းဆိုးဝါးအတွက် ချက်ချင်းပစ်မှတ်များဖြစ်လာကြသည်။ ခရစ်ယာန်အခြေခံသမ္မာတရားများကဲ့သို့သောယုံကြည်စိတ်ချမှုသည် အခြေခံ ကျသောယုံကြည်မှုကို တည်ဆောက်ပေးကာ ကောင်းမွန်စွာဟန်ချက်ညီပြီး ခိုင်ခံ့သောခရစ်ယာန်တစ်ဦးဆိုသို့ ပို့ဆောင်ပေးသည်။

"ငါတို့သည် ဘုရားသခင်၏သားဖြစ်ကြသည်ဟု ဝိညာဉ်တော်သည် ငါတို့၏ဝိညာဉ်နှင့်အတူ သက်သေခံတော်မူ၏"(ရော၊ ၈:၁၆)

ကယ်တင်ခြင်း အာမခံချက်က ယေရှုကို သူတို့၏သခင်နှင့်ကယ်တင်ရှင်အဖြစ် ယုံကြည်သူများသည် ဘုရားသခင်၏ဝိညာဉ်ရေးမိသားစု၌ ထာဝစဉ်ပိုင်ဆိုင်ကြောင်း သွန်သင်သည်။ ထိုအဆင့်အတန်းကို မည်သည့်အရာကမျှ မပြောင်းလဲစေနိုင်သည့်အာမခံချက်ဖြစ်ပါသည်။ လဲကျသောအခါ၌ပင် သူတို့

သည် ထာဝစဉ် ဘုရားသခင်နှင့်ဆိုင်ကြသည်။ ယုံကြည်သူတိုင်းက ကယ်တင်ခြင်း၏ယုံကြည်စိတ်ချမှုကို မယုံကြည်ကြပေ။ အကြောင်းမှာ ကယ်တင်ခြင်းသည် သူတို့၏ကောင်းမှုကုသိုလ်အပေါ် အခြေခံသည်ဟုယုံကြည်ကြသည်။

ကယ်တင်ခြင်းသည် လက်ဝါးကပ်တိုင်ပေါ်ခရစ်တော်၏ကယ်တင်ခြင်းအလုပ်၌ မိမိတို့၏ယုံကြည်ခြင်းအပေါ် အခြေခံသည်။ ဤနေရာတွင် ကျွန်ုပ်တို့သည် ယုံကြည်သူအား အာမခံချက်ပေးရာ၌ သန့်ရှင်းသောဝိညာဉ်တော်၏ရှင်းလင်းပြတ်သားသောသမ္မာကျမ်းစာသွန်သင်ချက်များကို အာရုံစိုက်ရပါမည်။ ကယ်တင်ခြင်းမှာ အာမခံချက်မရှိလျှင် စိတ်ချရန် အဘယ်အရာရှိသနည်း။ ရင့်ကျက်သောခရစ်ယာန်များအတွက် ဤသမ္မာတရားသည် အရေးကြီးသည်။ တပည့်၊ သွန်သင်သူ၊ မိဘ၊ ခရစ်ယာန်မိတ်ဆွေ သို့မဟုတ် သင်းအုပ်ဆရာအနေဖြင့် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ယုံကြည်သူလူငယ်များအား ယုံကြည်စိတ်ချမှုပေးလျက်ရှိသည်ကို သတိပြုရမည်။

မကြာခဏဆိုသလိုသန့်ရှင်းသောဝိညာဉ်တော်၏အလုပ်သည် မမြင်ရဘဲ ဘုရားသခင်လူတို့ကို တည်ဆောက်ရာတွင် သူ၏အရေးပါသောအခန်းကဏ္ဍကို မိမိတို့အား နေရာပေးသည်။ ကျွန်ုပ်၏ယုံကြည်ချက်မှာ ကျွန်ုပ်တို့၌ သူ၏လုပ်ဆောင်ပုံနှင့်အခြားသူများအပေါ် လုပ်ဆောင်ပုံကို သိရှိနားလည်မှုတိုးလာသောအခါ ကျွန်ုပ်တို့သည် ဘုရားသခင်၏လူများကို အားပေးရန် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် သခင်ဘုရားနှင့် ပိုမို၍လုပ်ဆောင်နိုင်သည်ဟု မိမိတို့ယုံကြည်ကြသည်။

သန့်ရှင်းသောဝိညာဉ်တော်သည် ယုံကြည်သူများအား ဘုရားသခင်၏ ဝိညာဉ်ရေးမိသားစုတွင် ထာဝရကာလအတွက် လုံခြုံစွာပိုင်ဆိုင်ထားသည်ကို ယုံကြည်စိတ်ချမှုတည်ဆောက်ရန် သူတို့၏ကယ်တင်ခြင်းအကြောင်းကို အာမခံထားသည်။ ဘုရားသခင်၏မိသားစုနှင့်သက်ဆိုင်ခြင်းသည် ကျွန်ုပ်တို့၏ တည်မြဲသောဝိညာဉ်ရေးရာအသက်တာအတွက် အရေးပါသောအကျိုးသက်ရောက်မှုများစွာရှိသည်။

## က။ ဝိညာဉ်တော်၏အာမခံချက် လိုအပ်မှု (ရောမ၊ ၈:၁၄)

"ဘုရားသခင်၏ဝိညာဉ်တော် ဆုံးမပဲ့ပြင်တော်မူသမျှသောသူတို့သည် ဘုရားသခင်၏သားဖြစ်ကြ၏" (ရော၊ ၈:၁၄)။

ပေါလုသည် မိသားစုနှင့်သားဖြစ်ခြင်းအကြောင်းကိုပြောဆိုသည်။ "ဤသူတို့သည် ဘုရားသခင်၏သားများ"ဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏မိသားစုတွင် ထာဝရပိုင်ဆိုင်ကြောင်း အာမခံချက်သည် ယုံကြည်သူများအား နှစ်သိမ့်မှု၊ ခွန်အားနှင့် ကျွန်ုပ်တို့၏ဝိညာဉ်ရေးရာ ဖွံ့ဖြိုးတိုးတက်မှုအပေါ် အာရုံစိုက်စေပါသည်။ ဘုရားသခင်၏ဝိညာဉ်တော် ဦးဆောင်မှုမှာ ကျွန်ုပ်တို့သည် သူ့မိသားစု၏အစိတ်အပိုင်းဖြစ်ကြောင်း သက်သေပြသည့်အမှတ်အသားဖြစ်ပြီး ဘုရားသခင့်မိသားစု၌ ပါဝင်ခြင်း၏အခွင့်ထူးများကို အသိအမှတ်ပြုခြင်းလည်းဖြစ်သည်။

အပိုဒ်ငယ် ၁၄ တွင် ပေါလုက အကယ်၍ ဘုရားသခင်၏ဝိညာဉ်တော်သည် ကျွန်ုပ်တို့ကို ခရစ်ယာန်အသက်ထဲ၌ ဦးဆောင်နေကြောင်း မိမိတို့တွေ့ရှိပါက မိမိတို့၏ခရစ်ယာန်ဖြစ်ခြင်းသည် မည်မျှပင်ကြာစေကာမူ မိမိတို့သည် ဘုရားသခင်၏သားသမီးများဖြစ်ကြောင်း စိတ်ချနိုင်သည်ဟုဆိုထားပါသည်။

## ကျွန်ုပ်တို့သည် ဝိညာဉ်တော်၏ဦးဆောင်မှုခံရပါက ဘုရားသားသမီးများဖြစ်ကြသည်။

သကြားလုံးတွေကို မကိုင်ဖို့ပြောပြီး သူ့ဘေးနားကို ကပ်ဖို့ သားသမီးတွေကို စတိုးဆိုင်ထဲခေါ်သွားတဲ့ မိခင်တစ်ယောက်အကြောင်း စဉ်းစားကြည့်ပါ။ သူမမှာ သူတို့အတွက် တာဝန်ရှိသောကြောင့် သူတို့ကို အသံနှင့်ရုပ်ပိုင်းဆိုင်ရာ လမ်းညွှန်ပေးသည်။ ကလေးတယောက်ကို လက်နဲ့ကိုင်ပြီး နောက်တယောက်ကို ကိုင်ထားတာမျိုးဖြစ်နိုင်တယ်။ "ဦးဆောင်ခံရခြင်း" ဟူသောစကားလုံးသည် များစွာသောအဓိပ္ပာယ်ရှိနိုင်သောကြောင့် နောက်အခန်းတွင် မည်သို့မည်ပုံရှိနိုင်သည်ကို ဆက်လက်ဆွေးနွေးပါမည်။ သို့သော် ဤနေရာတွင် ယုံကြည်သူ၏အသက်တာ၌ ဘုရားသခင်၏လုပ်ဆောင်ချက်သက်သေများကို မိမိတို့ရှာဖွေနေခြင်းဖြစ်သည်။ ဘုရားသခင်၏သားဖြစ်ခြင်းတွင် ယုံကြည်သူ၏ယုံကြည်မှုကို ခိုင်ခံ့စေရန်အတွက် ပေါလုသည် ခရစ်ယာန်အသက်တာ၏အခြေခံသွင်ပြင်လက္ခဏာကို အသုံးပြုသည်။ သူတို့၏အသက်တာ၌ မည်သို့ပင်ကြုံတွေ့ရပါစေ၊ အဖ ဘုရားသခင်သည် သူတို့ကို ဂရုတစိုက်ကြည့်ရှုတော်မူသည်။ ဤသမ္မာတရားသည် အထူးသဖြင့် အိမ်ထောင်ရေးကွာရှင်း

ပြတ်စဲသော/တနည်းတဖုံ ပျက်စီးနေသောမိသားစုများတွင် ကြီးပြင်းလာသူများအတွက် အထူးအရေးကြီးပါသည်။

နတ်ဆိုးသည် ယုံကြည်သူအသစ်များ သန့်မာကြီးထွား၍ ခရစ်တော်နှင့်တူသောအသက်တာနှင့် အသက်ရှင်နေထိုင်လျက်နေသည်ကို အလွန့်အလွန်ကြောက်ရွံ့သောကြောင့် သူသည် ယုံကြည်သူအသစ်တိုင်းကို နစ်နာစေမည့်ဗျူဟာကို ရှာဖွေလျက်နေသည်။ သူတို့သည် စာတန်အတွက် အဓိကပစ်မှတ်များဖြစ်သည်။ အကြောင်းမှာ တပည့်တော်လေ့ကျင့်ရေးရင်းမြစ်များနှင့်ဧဝံဂေလိဆရာများပင်လျှင် ကယ်တင်ခြင်း၏အာမခံချက်ကို အခိုင်အမာအလေးပေးဖော်ပြသည်မှာ အတွေ့အကြုံအားဖြင့်လည်းကောင်း၊ ဘုရားသခင်၏နှုတ်ကပတ်တော်အားဖြင့်လည်းကောင်း သိကြသည်။ ယုံကြည်သူများ၏ဝိညာဉ်ရေးရာကို ချို့တဲ့စေသည့်အလွယ်ကူဆုံးနည်းလမ်းမှာ သူတို့၏ယုံကြည်စိတ်ချမှုကို ခိုးယူခြင်းပင်ဖြစ်သည်။ သူတို့၏ယုံကြည်ခြင်း တစ်ခါအားနည်းသွားသောအခါ ထိုအခြေခံယုံကြည်မှုကို ပြန်လည်ထူထောင်ရန် အလွန်ခက်ခဲသည်။ ဤသည်မှာ ယုံကြည်သူအသစ်များကို ဟန့်တားရန်အတွက် စာတန်လှုံ့ဆော်ပေးမည့် စုံစမ်းနှောင့်ယှက်မှုအချို့ ဥပမာများဖြစ်သည်။

- ဘုရားသခင်က မင်းကို မချစ်ဘူး။ သူချစ်တယ်ဆိုတာမဟုတ်ပါဘူး။
- မင်းလို အပြစ်သားတွေကို ဘုရားသခင်က လက်မခံဘူး။ မင်းဘယ်လိုလဲဆိုတာ ကြည့်လိုက်ပါဦး။

ထို့ကြောင့် နတ်ဆိုးတို့သည် ယုံကြည်သူတို့၏ကယ်တင်ခြင်း၌ သူတို့၏ယုံကြည်စိတ်ချမှုကို ဆန့်ကျင်တိုက်ခိုက်ပြီး အဆိုပါမှားယွင်းသောပြောဆိုချက်များသည် ဘုရားသခင့်နှုတ်မြွက်စကားတော်ထက် ပိုမိုမှန်ကန်ကြောင်း ယုံကြည်စေရန် ကြိုးပမ်းကြသည်။ သို့သော် သမ္မာတရားသည် ရှင်းရှင်းပင်။ “ယုံကြည်ပြီး ထာဝရအသက်ကိုရသည်” ဟူသောသမ္မာတရားသည် ကယ်တင်ခြင်းသို့ရောက်သောအခါ ကြည်နူးစွာအသံထွက်သည်ကို သတိရမိသည်။ ထို့ကြောင့် စစ်မှန်သောယုံကြည်သူများ၏ယုံကြည်ခြင်းကို မည်မျှသံသယပွားစေကာမူ သူတို့သည် သခင်ဘုရား၏သားသမီးများအဖြစ် သူ၏ပုံသဏ္ဍာန်တော်နှင့် ဖွဲ့စည်းထားကြောင်း သတိရသင့်သည်။ အငယ် ၁၄ တွင် ဤအချက်ကိုဖော်ပြသည်။ ပေါလုသည် ဤနေရာ၌ လူတစ်ဦးက ဘုရားသခင်ကို မည်

သို့သိက္ခမ်းသည်ကို မဖော်ပြသော်လည်း (ရောမ၊ ၃-၅ တွင်) အတွေ့အကြုံ အားဖြင့် ယုံကြည်သူ၏ယုံကြည်စိတ်ချမှုကို ကိုယ်တော်၌ ခိုင်ခံ့စေသည်။

## ဘုရားသခင်သည် သူ၏သားသမီးများကို မိဘမဲ့များကဲ့သို့မထားရစ်ပေ။

Joy ဟုခေါ်သောယုံကြည်သူသည် သူ့ကိုယ်သူ အလွန်စိတ်အားငယ်သဖြင့် သူ့ကို တစ်နည်းတစ်ဖုံ ကူညီပေးရန် ဘုရားသခင်ထံ တောင်းလျှောက်ခဲ့သည်။ ထိုနေ့၌ပင် သခင်ဘုရားသည် သူမအား အမှန်တကယ်ကျမ်းပိုဒ်အချို့ကိုဝေမျှ၍ အားပေးမည့်သူငယ်ချင်းတစ်ဦးကိုစေလွှတ်ပေးခဲ့သည်။ ဝိညာဉ်တော်သည် သူ့ကို ဦးဆောင်၍ ပြုစုစောင့်ရှောက်ခဲ့သည်။ ဘုရားသခင်သည် သူမ၏ဆုတောင်းချက်ကို ပြတ်ပြတ်သားသားဖြေကြားပေးသောကြောင့် မကောင်းဆိုးဝါးသည် ဖျက်ဆီးရန် ကြိုးစားသော်လည်း ခမည်းတော်သည် သူမ၏ဆုတောင်းချက်ကို ဖြေကြားပုံအား အမှတ်ရနေသဖြင့် သူမ၏ယုံကြည်ခြင်းကို ခိုင်မာစေပါသည်။ ဤပဋိပက္ခသည် ခရစ်ယာန်တစ်ဦး၏အသက်တာ၌ အကောင်းနှင့်အဆိုး စွမ်းအားများကြား၌ လူပ်ရှားကစားခြင်းကိုပုံဖော်ပါသည်။

### ခ) ဝိညာဉ်တော်၏အာမခံချက် (ရော၊ ၈:၁၅-၁၆)

“အကြောင်းမူကား သင်တို့သည် တစ်ဖန်ကြောက်ရွံ့တတ်သောကျွန်၏သဘောကို ရကြသည်မဟုတ်။ အဗ္ဗအဘဟုခေါ်ရသောအခွင့်နှင့်သားဖြစ်ခြင်း၏သဘောကိုရကြပြီ။ ငါတို့သည် ဘုရားသခင်၏သားဖြစ်ကြသည်ဟု ဝိညာဉ်တော်သည် ငါတို့၏ဝိညာဉ်နှင့်အတူ သက်သေခံတော်မူ၏”(ရော၊ ၈:၁၅-၁၆)။

အငယ် ၁၅ တွင် “အကြောင်း” ဟူသောစကားလုံးဖြင့် အစပြုခြင်းကို ဝိညာဉ်တော်က ယုံကြည်သူများအား မည်သို့အာမခံကြောင်းကို ပေါလု၏ဂရုတစိုက်ရှင်းလင်းချက်ကို တွေ့မြင်ရသည်။ “ဝိညာဉ်” ဟူသောစကားလုံး၏ သာဓက လေးခုသည် တူညီသောဂရိစကားလုံး (pneuma) ဖြစ်သော်လည်း စာလုံးကြီးဖြင့် ကျွန်ုပ်တို့သတိပြုသည်နှင့်အညီ ဘာသာပြန်သူသည် ထိုဖြစ်

ရပ်များထဲမှ တစ်ခုကိုခံစားပြီး သန့်ရှင်းသောဝိညာဉ်တော်ကိုရည်ညွှန်းသည် (အငယ် ၁၆))။

- ကျွန်စိတ်သည် ကျွန်ုပ်တို့၏ဒုစရိုက်များ၊ အပြစ်ရှိခြင်း၊ သေခြင်းနှင့် တရားစီရင်ခြင်းတို့ကြောင့် ကြောက်ရွံ့ခြင်းကို ဖြစ်ပေါ်စေသည်။

- အမွေခံစိတ်သည် ကျွန်ုပ်တို့၏ "အဖေ" ဘုရားသခင်နှင့် ပုဂ္ဂိုလ်ရေးအရ ရင်းနှီးမှု၊ ချစ်ခင်မှုနှင့်ရင်းနှီးမှုကို ဖြစ်ပေါ်စေသည်။

- "ဝိညာဉ်တော်ကိုယ်တိုင် သက်သေခံသည်" (၁၆) ကျွန်ုပ်တို့သည် ကိုယ်တော်နှင့်စပ်ဆိုင်ကြောင်းကို စိတ်နှလုံးထဲတွင် ရဲရင့်စွာအတည်ပြု၍ ကိုယ်တော်ကို ယုံကြည်နိုင်သည်။ သူသည် ကျွန်ုပ်တို့ထံသတင်းစကားတစ်ခု ထည့်သွင်းပေးသဖြင့် သခင်ဘုရား၏နည်းလမ်းများကို တိုးများလာစေရန် ယုံကြည်စိတ်ချမှုရှိလာစေသည်။

- "ကျွန်ုပ်တို့၏ဝိညာဉ်" က (၁၆) သန့်ရှင်းသောဝိညာဉ်တော်သည် ထိုသတင်းစကားကို မိမိတို့၏အတွင်းစိတ်သို့ယူဆောင်လာကြောင်း ဖော်ပြသည်။ သူသည် သက်သေခံခြင်းအားဖြင့် ဤယုံကြည်မှုကိုကျပန်းမသွင်းဘဲ ယုံကြည်သူတစ်ဦးချင်းစီအတွင်း လုပ်ဆောင်ကာ သူတို့သည် အမှန်ပင်ဘုရားသခင်၏ သားသမီးများဖြစ်ကြောင်း သူတို့၏ယုံကြည်ခြင်းကို တည်ဆောက်ပေးသည်။

ကျွန်ုပ်တို့၏အတွင်းစိတ်သည် ကျွန်ုပ်တို့၏အတွေးများ၊ စိတ်နေစိတ်ထားနှင့်ခံစားချက်များ ရောနှောခြင်းဖြင့် ဖြစ်ပေါ်လာပြီး ကျွန်ုပ်တို့၏ဆုံးဖြတ်ချက်များကို ထိခိုက်စေပါသည်။ "ကျွန်ခံစိတ်" သည် ကြောက်စိတ်များကို ဖြစ်ပေါ်စေသည့်အတွေးအမြင်များကို ဖော်ထုတ်ပေးသည့် ကိုယ်ရေးကိုယ်တာရော နှောမှုကို ဖော်ပြသည်။ ငါတို့၏အပြစ်ကြောင့် အမွေးခံစိတ်သည် ဆန့်ကျင်ဘက် သဘောကိုထုတ်ပေးသည်။ ကျွန်ုပ်သည် ယုံကြည်သူမဖြစ်မီကပင် ဘုရားသခင်တည်ရှိမှုကို ယုံကြည်သော်လည်း မိမိသည် ဘုရားသခင်နှင့်ဆိုင်ကြောင်း မသိရှိဘဲ ဝေးကွာနေခဲ့သည်။ ချီးမွမ်းသီချင်းများကို စိတ်နှလုံးထဲမှ မသီဆိုဘဲ ဘာသာရေးတာဝန်ဝတ္တရားအနေနှင့်သာ သီဆိုခဲ့သည်။ ရှင်းနေသည်မှာ ဘုရားသခင်၏ဝိညာဉ်တော်သည် ကျွန်ုပ်အထဲ၌ မည်သည့်ခံစား

ချက်မျှပဲ့တင်ထပ်ခြင်းမရှိပေ။ ဘုရားသခင်နှင့်ချိတ်ဆက်ရန်လည်း ဆန္ဒမရှိခဲ့ပေ။ သို့သော် ကျွန်ုပ်ယုံသည့်အခါ ဘုရားသခင်နှင့်ဆိုင်သည့်ဆန္ဒနှင့်သိလိုစိတ်များသည် လုံးလုံးလျားလျား ပြောင်းလဲသွားသည်။ ဘုရားသခင်သည် သူ၏အထူးကယ်တင်ခြင်းကို မိမိတို့အတွက် လုပ်ဆောင်ခဲ့ပြီး သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် မိမိကိုယုံကြည်စေကာ ယေရှုခရစ်အားဖြင့် ဘုရားသခင်ကို သိကျွမ်းခြင်း၌ ရွှင်လန်းစေပါသည်။

ကျွန်ခံစိတ်သဘောကဲ့သို့သောအမွေခံစိတ်သဘောသည် အထူးစေတမန်မဟုတ်သော်လည်း အမျိုးမျိုးသောဝိညာဉ်ရေးရာ အဖြစ်အပျက်များဖြင့် လွှမ်းမိုးခြင်းခံရသည့် ကျွန်ုပ်တို့၏အတွင်းစိတ်ကို ဖော်ပြသည်။ ကယ်တင်ခြင်းသည် ဝိညာဉ်ကယ်တင်ခြင်း၏အမှန်တကယ်ဖြစ်စဉ်ကို ဖော်ပြပြီး နတ်ဆိုး၏နယ်ပယ်မှနှုတ်ယူကာ (ကော၊ ၁:၁၃)။ ဘုရားသခင်၏လက်တော်ဘေးကင်းရာသို့အပ်နှံခဲ့သည်။ သို့သော် ယုံကြည်ခြင်း၏အာမခံချက်သည် အတွင်းယုံကြည်ခြင်းကို ဖော်ပြပြီး သင်သည် ထာဝရဘုရားသခင်နှင့်သက်ဆိုင်ကာ သူ၏မိသားစုဝင်အဖြစ် အမွေခံစေပါသည်။

အငယ် ၁၆ မှာ ပြောခဲ့သည်များကို ပြန်သုံးသပ်ထားပါသည်။ "ငါတို့သည် ဘုရားသခင်၏သားဖြစ်ကြသည်ဟု ဝိညာဉ်တော်သည် ငါတို့၏ဝိညာဉ်နှင့်အတူသက်သေခံတော်မူ၏။" ကျွန်ုပ်တို့အထဲ၌ ကျိန်းဝပ်သောဘုရားသခင်၏ဝိညာဉ်တော်သည် ကျွန်ုပ်တို့ကို ရှေးအပြစ်ဒုစရိုက်၏လွှမ်းမိုးမှုမှ လွတ်မြောက်စေခဲ့ပြီး ယခုကျွန်ုပ်တို့သည် ဘုရားသခင်၏သားသမီးများဖြစ်ကြောင်း ထင်ရှားစေပါသည်။ ငြင်းပယ်ခြင်းနှင့်အထီးကျန်ခြင်းအတွက် နေရာမရှိတော့ပေ။ အဖဘုရားသခင်သည် ငါတို့၏ခမည်းတော်ဖြစ်ပြီး ငါတို့ကိုချစ်တော်မူကြောင်း ကိုယ်တိုင်ခံစားသင့်သည်။ ကျွန်ုပ်သည် ခံစားချက်များကို ပုံဖော်စရာမလိုအပ်သော်လည်း ကျွန်ုပ်အား အမွေခံစေသည့်အတွက် သူ့သားအနေနှင့် တုံ့ပြန်ရမည်။

## ၈) ပိုင်ဆိုင်ခြင်းဆိုင်ရာ အာမခံချက်များ (ရော၊ ၈:၁၇)

"သားမှန်လျှင် အမွေခံ၊ ဘုရားသခင်၏အမွေခံဖြစ်ကြ၏။ ခရစ်တော်နှင့်အတူ ဘုန်းဝင်စားမည်အကြောင်း ထိုသခင်နှင့်အတူ ဆင်းရဲဒုက္ခကိုခံရလျှင် ထိုသခင်နှင့်ဆက်ဆံသောအမွေခံလည်း ဖြစ်ကြ၏" (ရော၊ ၈:၁၇)။

သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့၏အတွင်းလူများကို စကားလုံးများဖြင့်သာမကဘဲ တန်ခိုးကြီးသောနောက်ကွယ်မှ လုပ်ဆောင်မှုများဖြစ်သည့် အသစ်တဖန်မွေးဖွားခြင်း၊ ဖြောင့်မတ်ခြင်း၊ သန့်ရှင်းစင်ကြယ်ခြင်းနှင့် ဘုန်းအသရေထင်ရှားခြင်း ကဲ့သို့သောအခြေခံဩဝါဒတရားများဖြင့် လွတ်မြောက်စေခဲ့သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အား သူ၏သားသမီးများအဖြစ် အမှန်တကယ်မည်သို့အမွေခံဖြစ်စေခဲ့သည်ကို ဖော်ပြသည်။

ကျွန်ုပ်တို့၏ယုံကြည်စိတ်ချမှုသည် ကျွန်ုပ်တို့၏အတွင်းစိတ်ဝိညာဉ်နှင့် ကျွန်ုပ်တို့၏အသက်တာ၌ ဖြစ်ပွားခဲ့သည့်ကြီးမားသောဝိညာဉ်ရေးပြောင်းလဲမှုများကြားတွင် ပဋိပက္ခမရှိကြောင်း သက်သေခံပါသည်။ ကျွန်ုပ်တို့၏အတွင်းစိတ်ဝိညာဉ်သည် ပွင့်လင်းမြင်သာမှုနှင့်ချစ်ခင်မှုကို ဦးစွာသတိပြုမိမည်ဖြစ်ပြီး ယင်းနောက်ယုံကြည်စိတ်ချမှုဖြင့် ကျွန်ုပ်တို့၏ဝိညာဉ်ရေးအသက်တာအသစ်ကို ဖော်ပြရန် နည်းလမ်းအားလုံးကို ထုတ်ပေးသည်။

သူတို့ကိုယ်သူတို့ ဘုရားသခင်၏သားသမီးများဟု ထင်ကြသော်လည်း မဟုတ်သူများစွာရှိသည်။ မှားယွင်းသောယုံကြည်ချက်ကို ခံယူသူများတွင် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် အမှန်တကယ်ပြန်လည်မွေးဖွားခြင်း ဟူ၍ မရှိဘဲဘာသာတရားထုံးတမ်းစဉ်လာအရ ထုတ်ဖော်ချက်သာဖြစ်သည်။အသင်းတော်၌ ပါဝင်နေခြင်းကြောင့် အခြားသောသူများက ဘုရားသခင်၏သားသမီးများဟု ခေါ်ဝေါ်ခြင်းသည် လှည့်စားမှုသာဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် အသစ်မွေးဖွားခြင်းဆိုသည်မှာ ခရစ်တော်ကို ယုံကြည်ခြင်းအားဖြင့်သာ ဖြစ်နိုင်သည်။ ထိုသို့ပြောင်းလဲပြီးမှသာ ကျွန်ုပ်တို့၏အဆင့်အတန်းအသစ်ကို အတည်ပြုပေးရန် သန့်ရှင်းသောဝိညာဉ်တော်၏အလုပ်သည် ကျွန်ုပ်တို့၏နှလုံးသားတွင် လုပ်ဆောင်လာရသည်။ ကျွန်ုပ်သည် ယုံကြည်သူဖြစ်လာသောအခါ ကျွန်ုပ်၏စိတ်နှလုံးသည် အသစ်ပြုပြင်ခြင်းခံရသည်ဖြစ်၍ ဘုရားသခင်ကို အထူးချီးမွမ်းလေသည်။ အမွေခံသားဖြစ်သည်ကို သိရှိလာရသည်။ ထိုသို့သိရှိလာရသည်မှာ ဘုရားသခင်၏နှုတ်ကပတ်တော်ကြောင့်မဟုတ်ဘဲ ဝိညာဉ်တော်၏အတွင်းပိုင်း သက်သေကြောင့်ဖြစ်သည်။ ထိုနည်းတူ စစ်မှန်သောယုံကြည်သူတိုင်းနှင့်လည်း ဖြစ်သည်။

ယုံကြည်သူတစ်ဦး၏ယုံကြည်စိတ်ချမှုနှင့်ပတ်သက်၍ ကျွန်ုပ်တို့ သတိထားဖို့ လိုအပ်သည်။ သံသယရှိပါက စစ်မှန်သောယုံကြည် သူပင်လျှင် စိတ်ပူ

ပန်နိုင်၏။ ကလေးငယ်များသည် ကြည့်ရှုစောင့်ရှောက်မှု လိုအပ်သကဲ့သို့ ယုံကြည်ခါစခရစ်ယာန်များသည် ကြီးထွားရင့်ကျက်ဖို့အတွက် ဘုရားသခင်၏သွန်သင်ခြင်းကို လိုအပ်ပါသည်။ ဤဝိညာဉ်ရေးအကူအညီ ပျောက်ဆုံးသွားသောအခါ စာတန်သည် ချက်ချင်းရောက်လာ၍ ထိုသူကို အလွယ်တကူဖျက်ဆီးပြီး ကယ်တင်ခြင်းနှင့်ဆိုင်သော သူ၏ယုံကြည်စိတ်ချမှုကိုပင် သံသယရှိစေသည်။

| | |
|---|---|
| **အသက်သစ်** | **သဘောသဘာဝသစ်** |
| **အချစ်သစ်** | **ဘုရားတရားကို လိုလား** |
| **အသိအမြင်သစ်** | **ကွဲပြားစွာမြင်** |
| **နေထိုင်ပုံအသစ်** | **ဖြောင့်မတ်စွာနေထိုင်** |

ယုံကြည်စိတ်ချမှုနှင့်ရှေ့ကိုဆက်သွားမည့်အစား အပြစ်ရှိစေသည့်သံသယစိတ်နှင့် မေးခွန်းများဖြင့် ထိုင်ချလေသည်။ ဝိညာဉ်တော်သည် ရှိနေသော်လည်း မှားယွင်းသောအပြစ်များ၊ မမှန်သောအတွေးများနှင့်ရှုပ်ထွေးမှုများစွာ ဖြစ်စေနိုင်သောဆိုးရွားသောအတွေ့အကြုံများနောက်တွင် ပုန်းနေတတ်သည်။ ယုံကြည်စိတ်ချမှုမရှိခြင်းကြောင့် လူတစ်ဦးအား စစ်မှန်သောယုံကြည်သူမဟုတ်ဟု ကျွန်ုပ်တို့ကောက်ချက်မချသင့်ပေ။ လူတစ်ဦး၏ပြောင်းလဲခြင်းဆိုင်ရာ ဂရုတစိုက်ပြောဆိုမှုက ထိုသူသည် စစ်မှန်သောယုံကြည်သူဟုတ်မဟုတ်ကို ရှင်းလင်းစေနိုင်ပါသည်။

ဤဝိညာဉ်တော်၏လေသည် ကျွန်ုပ်တို့၏စိတ်ဝိညာဉ်များထဲသို့ မှုတ်ထုတ်ပြီး အသက်တာသစ်ဖြင့် စတင်ကာ ကောင်းကင်ဘုံရှင်ခမည်းတော်၏သားတော်ဖြစ်ကြောင်း အတည်ပြုချက်ဆီသို့ ဦးတည်စေသည်။ အငယ် ၁၇ တွင် ဘုရားသခင်၏သားသမီးသည် သူ၏မိသားစုတွင်သာမက သူ၏သားသမီးများ အားလုံးတို့နှင့် ဆက်နွယ်ပုံကို ဖော်ပြခြင်းဖြင့် ဒိုင်နမစ်ပြောင်းလဲမှု၏တွန်းအား ကိုဆက်လက်ဖော်ပြသည်။ ခရစ်တော်သည် သူ၏စည်းစိမ်အားလုံးကို ကျွန်ုပ်တို့နှင့်အတူ ဝေမျှပေးကာ ဆင်းရဲဒုက္ခခံရာတွင်ပင် ဤကြီးမားသောမျှော်လင့်ချက်ကို မျှဝေပေးသည် (၁ ပေ၊ ၁း၆-၉)။

## ဃ) ပေါများသောကတိတော်များ (၁ ပေ၊ ၁:၁ နှင့် ယော ၃)

ကျွန်ုပ်တို့၏ကယ်တင်ခြင်း ယုံကြည်စိတ်ချမှုသည် အလွန်အရေးကြီးသောကြောင့် ၎င်းကို နေရာများစွာတွင် ထပ်ခါတလဲလဲဖော်ပြသည်။ နှစ်ခုပြောပါရစေ။

“အသက်ရှင်ခြင်းနှင့်စပ်ဆိုင်သော မျှော်လင့်ခြင်းအကြောင်းရှိစေခြင်းငှါ၊ ဖောက်ပြန်ခြင်း၊ ညစ်စွန်းခြင်း၊ ညှိုးနွမ်းခြင်းနှင့်ကင်းစင်သော အမွေတော်ကို ငါတို့သည် ခံရစေမည်အကြောင်း၊ ယေရှုခရစ်ကို သေခြင်းမှ ထမြောက်စေတော်မူသောအားဖြင့်၊ ကြီးစွာသော ကရုဏာတော်နှင့်အညီ ငါတို့ကို တစ်ဖန်ဖြစ်ဖွားစေတော်မူသော ငါတို့သခင်ယေရှုခရစ်၏ခမည်းတော် ဘုရားသခင်သည် မင်္ဂလာရှိတော်မူစေသတည်း။ ထိုအမွေတော်သည်ကား နောက်ဆုံးသောကာလ၌ ထင်ရှားစေခြင်းငှာ ပြင်ဆင်သောကယ်တင်ခြင်းသို့ ရောက်စေမည်အကြောင်း ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်၏တန်ခိုးတော်သည် စောင့်ရှောက်တော်မူသော သင်တို့အဖို့ ကောင်းကင်ဘုံ၌သိုထားလျက်ရှိသော အမွေတည်း” (၁ပေ၊ ၁:၃-၅)။

ပေတရုသည် ယေရှုနှင့်ပေါလုပြောခဲ့သည့်အတိုင်း ဆင်တူသောအရာများစွာကို ဖော်ပြခဲ့သည်။ သို့သော် ကျွန်ုပ်တို့သည် ကိုယ်တော်ပိုင်ကြောင်းနှင့် ကိုယ်တော်နှင့်သက်ဆိုင်ကြောင်း ကျွန်ုပ်တို့၏စိတ်နှလုံးကို စိတ်ချစေလိုသည့် ကျမ်းချက်များကို ရှင်းလင်းဖော်ပြခြင်းသည် ကောင်းမွန်ပါသည်။

ရှေးဦးစွာ ဘုရားသခင်သည် ကျွန်ုပ်တို့အား ခရစ်တော်၌ သူ၏ကရုဏာတော်အားဖြင့် "အသက်ရှင်သောမျှော်လင့်ချက်ဖြင့် ငါတို့ကို တဖန်မွေးဖွားစေတော်မူပြီ" ဟုပြောပြပါသည်။ မည်သည့်အပင်မဆို ကတိထားရာအသီးကို သီးသကဲ့သို့ ထိုအသက်တာသစ်သည်လည်း မျှော်လင့်ချက်၏ကတိကို ယူဆောင်လာသည်။ အသက်တာသစ်သည် စစ်မှန်သောမျှော်လင့်ချက်အမျိုးမျိုးကိုဖြစ်ပေါ်စေသည်။ အသက်ရှင်သောမျှော်လင့်ချက်သည် မိမိတို့လျှောက်နေသည့်လမ်းကို ဆက်လက်ပုံဖော်ပေးကြောင်းပြောပြသည်။ ကျွန်ုပ်တို့၏အမွေဖြစ်သော “အမွေကို ရယူရန်” (၁:၄) က ကျွန်ုပ်တို့သည် ဘုရားသခင်၏မိသားစုတွင် မွေးဖွားခြင်းမှ မိမိတို့၏မျှော်လင့်ချက် မည်သို့ကြီးထွားလာသည်ကို ဖော်ပြသည်။ ထို့ကြောင့် ယုံကြည်စိတ်ချမှုသည် ကယ်တင်ခြင်း၏တည်မြဲမှုမှလာပြီး မည်သည့်အခါမျှပျောက်ကွယ်မသွားပေ။ အကြောင်းမှာ မိမိတို့

သည် ယုံကြည်ခြင်းကြောင့် ဘုရားသခင်၏တန်ခိုးတော်ဖြင့် ကာကွယ်ခြင်းခံ ရသူများဖြစ်သည်။

## ယောဟန်၏အမြင် (ယော ၃:၁၆-၁၇)

“ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကို ရစေခြင်းငှာ ဘုရားသခင်သည် မိမိ၌ တစ်ပါးတည်းသောသားတော်ကို စွန့်တော်မူသည်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏။ လောကီသားတို့အား အပြစ်စီရင်ခြင်းငှာ ဘုရားသခင်သည်သားတော်ကို ဤလောကသို့ စေလွှတ်တော်မူသည်မဟုတ်။ လောကီသားတို့သည် ကိုယ်တော်အားဖြင့် ကယ်တင်ခြင်းသို့ရောက်မည်အကြောင်း စေလွှတ်တော်မူ ၏” (ယော၊ ၃:၁၆-၁၇)။

ကျွန်ုပ်တို့သည် ယောဟန်၊ ၃:၁၆ ကို သမ္မာကျမ်းစာပါ အကျော်ကြားဆုံးအခန်းငယ်တစ်ခုအဖြစ် နိဂုံးချုပ်ကောင်းချုပ်ပါလိမ့်မည်။ ဘုရားသခင်၏ ကတိတော်များသည် အလွန်တန်ခိုးပါပေသည်။ အကြောင်းမှာ ကတိတော်တို့သည် ကိုယ်တော်၏ချစ်ခြင်းမေတ္တာဖြင့် စတင်ကာ ကျွန်ုပ်တို့၏ဘဝအသက်တာတွင် ကြီးမားသောအပြောင်းအလဲကို ယူဆောင်လာရန် ပစ်မှတ်ထားသောကြောင့်ဖြစ်သည်။ ဘုရားသခင်၏အကြံအစည်သည် အစပိုင်း၌ အောင်မြင်မည်ဟု ထင်မထားသော်လည်း အမြဲအောင်မြင်သည်။ ရှင်ယောဟန်၊ ၃:၁၆ ၏တန်ခိုးတော်သည် ယုံကြည်သူများအတွက် ထာဝရအသက်နှင့်ဆိုင်သည့်မျှော်လင့်ချက်ကိုပေးဆောင်သည့်ပွင့်လင်းသောကတိတစ်ခုအဖြစ် တွေ့ရှိရသည်။

လူတို့သည် သေခြင်းတရားနှင့်၎င်း၏အကျိုးဆက်များကို ရင်းနှီးကြသည်။ ဤမျှဆိုးယုတ်မှုနှင့်တစ်ကိုယ်ကောင်းဆန်မှုများ မည်သို့ရှိနိုင်သည်ကို ကျွန်ုပ်တို့အံ့သြမိသော်လည်း ဤအရာများသည် လူသားမျိုးနွယ်တို့၌ လုပ်ဆောင်နေသည့်သေစေတတ်သော နိယာမ၏လက္ခဏာများသာဖြစ်သည်။ သို့ရာတွင် စစ်မှန်သောအသက်တာသည် အလွန်ကွဲပြားလျက် ဘုရားသခင်၏ မျက်မှောက်တော်၌ အသက်ရှင်နေထိုင်ခြင်း၏အရည်အသွေး၊ သူနှင့်ဆက်ဆံရေးအသစ်၏ဆက်လက်ဖြစ်ပေါ်နေသောသဘာဝ အကြောင်းကို ပြောဆိုပါသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ဘုရားသခင်၏နှုတ်ကပတ်တော်ဖြင့်

ကျွန်ုပ်တို့၏စိတ်နှလုံးကို မကြာခဏအာမခံပေးသည်။ ဘုရားသခင်၏နှုတ်က ပတ်တော်သည် ဝိညာဉ်တော်၏အစဉ်လုပ်ဆောင်မှုအားဖြင့် အသက်ရှင်လာပါသည်။

## ဆွေးနွေးမေးခွန်းများ

၁။ သင်၏ကယ်တင်ခြင်း သို့မဟုတ် နောက်ပိုင်းတွင် ဘုရားသခင်သာဖြစ်ခြင်း၏အတွင်းပိုင်းယုံကြည်စိတ်မှုကို ပြန်ရေတွက်ပါ။

၂။ မိသားစုဝင် အစိတ်အပိုင်းဖြစ်ခြင်း၏အရေးကြီးသောအချက်အချို့ကား အဘယ်နည်း။

၃။ ကြီးပြင်းလာသောသားသမီးများအတွက် သူတို့သည် မိသားစုနှင့်သက်ဆိုင်ကြောင်းကို သိခြင်းမသိခြင်းကား မည်သို့ကွာခြားသနည်း။ ဘုရားသခင်၏မိသားစုဟုမခံစားခဲ့သူတစ်ဦးကို သင်တွေ့ကြုံဖူး/သိဖူးပါသလား။

၄။ ဘုရားသခင်၏ဝိညာဉ်တော်သည် ယုံကြည်စိတ်ချမှုကို မည်သို့ယူဆောင်လာသည်ကို ဖော်ပြပါ။

၅။ သင် သို့မဟုတ် အခြားသူများတွင် ယုံကြည်စိတ်ချမှုဆိုင်ရာမေးခွန်းများ ရှိပါသလား။

၆။ လူတစ်ဦးသည် တစ်စုံတစ်ဦး၏ကယ်တင်ခြင်းဆိုင်ရာ သံသယများကို မည်သို့ကူညီဖြေရှင်းပေးသနည်း။

၇။ ယုံကြည်စိတ်ချမှုအတိုင်းအတာသည် လူတစ်ဦး၏ဝိညာဉ်ရေးကြီးထွားမှုကို မည်သို့အကျိုးသက်ရောက်စေသနည်း။

# အပိုင်း ၂

## ခရစ်ယာန်ကြီးထွားမှု-
## ခွန်အားနှင့်အပ်နှံခြင်း




“ဘုရားသခင်၏ဝိညာဉ်တော် ဆုံးမပဲ့ပြင်တော်မူသမျှ သောသူတို့သည် ဘုရားသခင်၏သားဖြစ်ကြ၏” (ရော၊ ၈:၁၄)။

# အခန်း ၆
# ဝိညာဉ်တော်၏ပို့ဆောင်ခြင်း

(ဂလာ၊ ၅:၁၈)

ဘုရားသခင့်အလိုတော်ကို ရှာဖွေခြင်းသည် အထူးစိတ်ဝင်စားဖွယ်အကြောင်းအရာတစ်ခုအဖြစ် ဆက်လက်တည်ရှိနေပါသည်။ ယုံကြည်သူများက ဘုရားသခင်သည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် မိမိတို့ဆုံးဖြတ်ချက်ချသည့်လုပ်ငန်းစဉ်များတွင် အသေးစိတ်ရှုထောင့်များမပါဝင်ပြီး ကောင်းချီးများနှင့်ပြည့်စုံသောပညာရှိအသက်တာကို ဦးဆောင်ရာတွင် မိမိတို့ကို ကြီးမားသောအကူအညီပေးသည်ဟု ယူဆကြသည်။ ယုံကြည်သူဘုရားသခင်သားသမီးများက သူတို့၏ကောင်းကင်ဖခင်၏ဉာဏ်ပညာကို ရှာဖွေကြမည်မှာ သေချာပါသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ဘုရားသခင့်လူတို့အဖို့ ကောင်းသောအမှုပြုပြီး ပညာရှိစွာဆုံးဖြတ်ချက်ချနိုင်ဖို့ရန် သူတို့၏စွမ်းရည်များကို အားပေးမြှင့်တင်ပေးသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် သူ၏သားသမီးများကို ဘုရားသခင်၏ကောင်းမြတ်မှု၊ လက်ခံနိုင်ဖွယ်၊ ပြီးပြည့်စုံသောအလိုတော်ထဲသို့ဦးဆောင်လမ်းပြခြင်းတွင် အထူးကျွမ်းကျင်ပါသည် (ရော၊ ၁၂:၂)။

### က။ ဝိညာဉ်တော်၏ပို့ဆောင်ခြင်း

"သို့သော်လည်း ဝိညာဉ်ပကတိအလိုသို့လိုက်လျှင် ပညတ်တရားနှင့်လွတ်ကြ၏" (ဂလာ၊ ၅:၁၈)။

ဤကျမ်းချက်တွင် အကြံပြုထားသည့်အတိုင်း ဘုရားသခင်၏ဝိညာဉ်တော်သည် ဘုရားသခင်၏သားသမီးများကို သစ္စာရှိရှိလမ်းပြပို့ဆောင်သည်။ သန့်ရှင်းသောဝိညာဉ်တော်က ကျွန်ုပ်တို့ကို ပို့ဆောင်သည့်အဓိက နည်းလမ်းနှစ်ခုကို မိမိတို့အာရုံစိုက်ပါမည်။ ပထမနည်းလမ်းမှာ ဤကျမ်းပိုဒ်တွင် ဖော်ပြထားသည့်အတိုင်း ယုံကြည်သူများ၏အသက်တာတွင် ဝိညာဉ်တော်၏အထွေထွေလမ်းညွှန်မှုဖြစ်ပြီး ဒုတိယနည်းလမ်းကိုလည်း ဤနေရာတွင် တွေ့ရသည်။ သို့သော် ပို၍အသွင်ဆောင်ကာ အထူးနှင့်တိကျသော ဦးဆောင်မှုကို ရည်ညွှန်းသည်။

သန့်ရှင်းသောဝိညာဉ်တော်သည် သူ၏လူတို့အား ဘုရားသခင်၏အလိုတော်ကို ဆောင်ရန် တန်ခိုးနှင့် လမ်းညွှန်ပေးသည်။ ယုံကြည်သူတစ်ဦး၏အသက်တာတွင် သန့်ရှင်းသောဝိညာဉ်တော်၏လုပ်ဆောင်မှုနှင့် ဩဇာလွှမ်းမိုးမှုတို့မှာ ထိုသူသည် ဘုရားသခင်၏သား/သမီးဖြစ်ကြောင်း ထင်ရှားစေသည်။ “ဝိညာဉ်တော်ဦးဆောင်သော” ဟူသောစကားစုမှာ ခရစ်ယာန်အသက်တာ၌ သန့်ရှင်းသောဝိညာဉ်တော်နေရာယူပြီး လှုပ်ရှားလျက်ရှိသည်ဟု ဆိုလိုသည်။ ယုံကြည်သူတစ်ဦး၏အတွင်း၌ ဝိညာဉ်တော်၏လုပ်ဆောင်မှုသည် အပြင်ပန်း ပြောင်းလဲမှုများကို ဆောင်ကျဉ်းပေးပြီး ဝိညာဉ်တော်၏လုပ်ဆောင်ချက်ကို နိမိတ်လက္ခဏာအဖြစ် မြင်တွေ့နိုင်ပါသည်။ ဥပမာ ဘုရားသခင်၏လူတို့သည် ဝိညာဉ်တော်ကို သိကျွမ်းလာသောအခါ သူတို့၏စိတ်နှလုံးထဲ၌ တခြားလူတို့ကိုချစ်ရန် ဘုရားသခင်၏ချစ်ခြင်းမေတ္တာနှင့် ပြည့်နှက်လာကြသည်။ ဤလိုအင်ဆန္ဒနှင့်ချစ်ခြင်းမေတ္တာသည် သန့်ရှင်းသောဝိညာဉ်တော်မှ ဖြစ်ပေါ်လာပါသည်။ ထို့ကြောင့် သူတို့၏ချစ်ခြင်းမေတ္တာသည် ဝိညာဉ်တော်၏ဦးဆောင်မှုဖြစ်သည်ဟု အခိုင်အမာဆိုနိုင်သည်။

ထို့ကြောင့် ခရစ်ယာန်တစ်ဦး၏အသက်တာထဲ၌ ဝိညာဉ်တော်ပါရှိခြင်းသည် ပဋိညာဉ်တရားဟောင်းအောက်တွင် မဟုတ်တော့ဘဲ ဘုရားသခင်၏ ဝိညာဉ်တော်တန်ခိုးလွှမ်းမိုးမှုခံရသည့် ပဋိညာဉ်တရားသစ်အောက်တွင် ဖြစ်ကြောင်း သက်သေပြသည်။ ခရစ်ယာန်တစ်ယောက်၏အသက်တာသည် အပြင်ပိုင်းဆိုင်ပညတ်တရားအားဖြင့် မဟုတ်ဘဲ သန့်ရှင်းသောဝိညာဉ်တော်၏ အတွင်းပိုင်း ဦးဆောင်မှုဖြင့် ပုံသွင်းခံရခြင်းဖြစ်သည်။ ၎င်းသည် ဘုရားသခင်၏သန့်ရှင်းသောတရားများနှင့် အမြဲတစ်သမတ်တည်းရှိ၏ (ဟေဗြဲ ၈:၈-၁၁)။

ပေါလုက ဤကျမ်းပိုဒ်နှင့်ဆင်တူသောအချက်ကို ဤသို့အကျယ်ချဲ့ရေးသားခဲ့သည်။“အကြောင်းမူကား ဘုရားသခင်၏ဝိညာဉ်တော် ရှေ့ဆောင်လမ်းပြမှုကို ခံယူသမျှသောသူတို့သည် ဘုရားသခင်၏သားများဖြစ်ကြ၏” (ရောမ၊ ၈:၁၄ စံမီကျမ်း)။ “ရှေ့ဆောင်လမ်းပြ” ဟူသောစကားလုံးကို “ယူဆောင်သည်” ဟုပြန်ဆိုလေ့ရှိသည်။ ၎င်းကို “လုပ်ဆောင်ခဲ့သည်” သို့မဟုတ် “ကူညီခဲ့သည်” ဟုလည်း အလွယ်တကူယူဆနိုင်သည်။ သန့်ရှင်းသောဝိညာဉ်တော်၏အမှုတော်သည် မိမိတို့၏အသက်တာ၌ အဓိကအခန်းကဏ္ဍမှပါဝင်ပါသည်။ ဝိညာဉ်တော်သည် အရင်အလုပ်လုပ်ပြီး ကျွန်တော်တို့က သူ့နောက်လိုက်ကြသည်။ သခင်ယေရှုနောက်လိုက်များသည် ဝိညာဉ်တော်၏ကြီးမားသောတန်ခိုးမပါရှိဘဲ သူတို့၏ခရစ်ယာန်အသက်တာ၌ ရှင်သန်ရန် အမှန်ပင်မဖြစ်နိုင်ပါ။ ဤအကြောင်းကြောင့် ခရစ်ယာန်ယုံကြည်ခြင်းသည် အံ့ဖွယ်ဖွယ်ဖြစ်ကြောင်း မိမိတို့အခိုင်အမာပြောဆိုသည်။ ကျမ်းစာက ကျွန်ုပ်တို့သည် “ဝိညာဉ်တော်အားဖြင့် သန့်ရှင်းခြင်းသို့ရောက်၍” (၁ ပေ၊ ၁:၂) ဟုဖော်ပြထားသည်။

အကြံဉာဏ်ပေးခြင်းကို (counseling) ရုတ်တရက်ကြည့်လိုက်ပါက သန့်ရှင်းသောဝိညာဉ်တော်၏လမ်းပြပို့ဆောင်ခြင်းထက် ပိုကောင်းသည်ဟု ချီးမွမ်းကောင်းချီးမွမ်းနိုင်ပါသည်။ မျက်မှောက်စိတ်ပညာရှင်များသည် လူတစ်ဦး၏နက်နဲသောပြဿနာ ရင်းမြစ်များကို မရှာဖွေဘဲ အကြံပေးရန်သာ ပံ့ပိုးပေးကြသည်။ သူတို့အကြံဉာဏ်ပေးသည့်အရာများမှာ အတိုင်ပင်ခံများရေးသားထားသည့်အကြံဉာဏ်ကောင်းများမှ ပိုကောင်းသည်ဟု ထင်သည့်အရာများကို အကြံပေးခြင်းဖြစ်သည်။ အကယ်၍ လူတစ်ဦးသည် ဒေါသထွက်လာပါက ပြင်းထန်သောတုံ့ပြန်မှုများကို ချေဖျက်ရန် မှန်ကန်သောဆေးများကို ပေးဆောင်ရန် ကြိုးစားကြသည်။ အကြောင်းမှာ ဒေါသပြဿနာများကို ဖြေရှင်းပေးရန် ထိုသူတို့၌ အစွမ်းအစမရှိသောကြောင့်ဖြစ်သည်။ သူတို့သည် အကြံဉာဏ်များကိုသာ ပေးနိုင်သည်။ ၎င်းသည် သန့်ရှင်းသောဝိညာဉ်တော်၏လမ်းပြပို့ဆောင်ခြင်းနှင့် အလွန်ကွာခြားသည်။

စစ်မှန်သောအတိုင်ပင်ခံသည် စစ်မှန်သောကုစားမှုမပေးဘဲ ဆေးဝါးများနှင့်ညံ့ဖျင်းသောအကြံဉာဏ်များကိုသာ ပံ့ပိုးပေးသည့် အတုအယောင်အတိုင်ပင်ခံများကို အရှက်ရစေပါသည်။ ဘုရားသခင်၏ဝိညာဉ်တော်နှင့် ပြည့်ဝသောဉာဏ်ပညာသည် သူ့လူတို့အား ကျမ်းစာဆိုင်ရာအကြံဉာဏ်ကောင်းများ

ကိုပေးသည်။"ဘုရားသခင်၏ဝိညာဉ်တော်" ဟူသောစကားလုံးကို သမ္မာကျမ်းစာတွင် ဆယ့်တစ်ကြိမ်အသုံးပြုထားပြီး ခမည်းတော်ဘုရားသခင်ထံ ဝိညာဉ်တော်၏အပြည့်အဝ ဝင်ရောက်မှုကို သရုပ်ဖော်ထားသည် (မဿဲ၊ ၃:၁၆)။ ယုံကြည်သူအနေဖြင့် သခင်ဘုရားပို့ဆောင်သမျှ၌ ဝိညာဉ်တော်သည် မိမိတို့အား ကူညီမစမည်ဖြစ်ကြောင်း ယုံကြည်စိတ်ချရပါမည်။ အမျက်ဒေါသနှင့်ခါးသီးခြင်းကို ဖယ်ရှားဖို့အတွက် မိမိတို့ကို (ဧ၄:၃၁) ကျေးဇူးပြုတော်မူလိမ့်မည်။ ကျွန်ုပ်တို့သည် ကိုယ်တော်ကို ရှာဖွေနိုင်ပါသည်။ ကျွန်ုပ်တို့လိုအပ်သမျှ ဉာဏ်ပညာနှင့်အကူအညီများကို တောင်းခံနိုင်ပါသည်။

ကျွန်ုပ်တို့နေထိုင်အသက်ရှင်ရန် ကိုယ်တော်နေရာချထားပေးသည့်အခြေအနေတိုင်း၌ ဘုရားသခင်အလုပ်လုပ်တော်မူသည်ကို တွေ့မြင်နိုင်သည်။ ကျွန်ုပ်တို့၏ယုံကြည်ချက်မှာ မည်သည့်နေရာ၌မဆို ဘုရားသခင်ကို ချစ်သောသူဖြစ်နိုင်ရန် ဝိညာဉ်တော်သည် ကူညီပေးမည်ဖြစ်သည်။ ဥပမာအားဖြင့် သခင်ဘုရားသည် ကျွန်ုပ်အား 2000 ခုနှစ် နိုဝင်ဘာလတွင် BFF သာသနာလုပ်ငန်းစတင်ရန် ပို့ဆောင်ခဲ့သည်။ ၎င်း၏လည်ပတ်မှုအတွက် ပံ့ပိုးမှုနှင့်ရန်ပုံငွေများပေးရန် ဘုရားသခင်ဦးဆောင်မှုအပေါ် အပြည့်အဝမျှော်လင့်ချက်ဖြင့် တည်ထောင်ခဲ့သည်။ ထောက်ပံ့သူများထံမှ ရန်ပုံငွေသေချာမရရှိဘဲ ကျွန်ုပ်တို့သည် ဘတ်ဂျက်ကိုမဖန်တီးနိုင်ပါ။ သို့သော် ယနေ့တစ်ဆယ့်ငါးနှစ်ကျော်ကြာ ဘုရားသခင်သည် ကျွန်ုပ်တို့၏လိုအပ်ချက်များအတွက် အံ့ဩဖွယ်နည်းလမ်းများဖြင့် ထောက်ပံ့ပေးခဲ့သည်။ ကလေးရှစ်ဦးဖြင့် ဤအရာကို ပြီးမြောက်ရန် မဖြစ်နိုင်ဟုထင်ရသော်လည်း ဘုရားသခင်သည် ကျွန်ုပ်တို့ကို ဦးဆောင်မည့်နေရာကို သိတော်မူ၏။ ကျွန်ုပ်သည် ကိုယ်တော့်နောက်လိုက်တစ်ဦးဖြစ်ပြီး ကိုယ်တော်ကို အမှန်တကယ်မှီခိုအားထားခဲ့သည်။ ဤအမှုတော်ကို စတင်ရန် ဘုရားသခင်သည် ကျွန်ုပ်၏အော်ဟစ်သံကိုကြားရပြီး ၎င်းကို တည်တံ့စေရန် ဝိညာဉ်တော်သည် ငြိမ်သက်ခြင်း၊ လမ်းညွှန်မှု၊ ခွန်အား၊ စိတ်ကြည်လင်မှု၊ ငွေကြေးထောက်ပံ့မှု စသည်ဖြင့် ပံ့ပိုးပေးပါသည်။ ဝိညာဉ်တော်သည် ကျွန်ုပ်၏ယုံကြည်ခြင်း၌ အလုပ်လုပ်သကဲ့သို့ ဇနီး၏ယုံကြည်ခြင်း၌လည်း အလုပ်လုပ်တော်မူသည်။

Hudson Taylor ၏ပြောဆိုချက်ကို နှစ်သက်သည်။ "ဘုရားသခင်၏နည်းလမ်းတော်အတိုင်း လုပ်ဆောင်ခြင်းသည် ဘုရားသခင်၏ထောက်ပံ့မှုကို

ဘယ်သောအခါမျှ မဆုံးရှုံးစေရပါ။" လူတစ်ဦးသည် ခရစ်ယာန်တစ်ဦးဖြစ်လာသောအခါ ဘုရားသခင်၏ဘုန်းတော်အတွက် ဘုရားတရားကိုင်းရှိုင်းသောအသက်တာ၌ အသက်ရှင်နေထိုင်နိုင်ရန် သူလိုအပ်သည့်အရာအားလုံးအတွက် ဘုရားသခင်၏ကျေးဇူးတော်ကို လုံးလုံးအားကိုးနိုင်သည်။ အိမ်တစ်အိမ်လုံးကို နွေးလာအောင် အပူပေးသည့်အရာကို စဉ်းစားကြည့်ပါ။ ၎င်းကို ပါဝါဖြစ်စေသည့်လောင်စာဖြည့်ဆည်းမှုအားဖြင့် ဖြစ်လာရသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ခရစ်ယာန်တစ်ဦး၏အသက်တာကို အလားတူလှုံ့ဆော်ပေးသည်။ ခရစ်ယာန်ယုံကြည်သူသည် မိမိအသက်တာ၌ မှန်ကန်စွာအသက်ရှင်နေပါက ဝိညာဉ်တော်၏တည်ရှိနေခြင်းကြောင့်သာ ဖြစ်သည်။ ဝိညာဉ်တော်၏လမ်းပြဦးဆောင်မှုမှာ သာမန်အားဖြင့် ယုံကြည်သူများကို ပေါလုက "ငါတို့သည် ဝိညာဉ်တော်အားဖြင့် အသက်ရှင်ကြလျှင် ဝိညာဉ်တော်နှင့် ထက်ကြပ်မကွာလိုက်လျှောက်ကြကုန်စို့" (ဂလာ ၅:၂၅) ဟုတိုက်တွန်းသည်။

## ခ။ ဘုရားသခင်၏အလိုတော်ကို တွေ့ရှိခြင်း (ထွက်၊ ၁၃:၂၁)

ဘုရားတရားကိုင်းရှိုင်းသည့်အသက်တာနှင့် အသက်ရှင်နိုင်ဖို့ရန် တန်ခိုးတော်အားဖြင့် အားဖြည့်ပေးခြင်းမရှိပါက မိမိတို့အရေးကြီးသည်ဟုထင်ရသည့်နယ်ပယ်များ၌ ဝိညာဉ်တော်အားဖြင့် အသက်ရှင်ရန် မဖြစ်နိုင်ပါ။ ပျက်ကွက်ခြင်းသာ ပိုများလာမည်။ ကျွန်ုပ်တို့သည် အခြေခံကျသောအရာများကို လျစ်လျူရှုပါက ဘုရားသခင်၏အလိုတော်ကိုလည်း သိရှိနိုင်မည်မဟုတ်ပေ။ ဝိညာဉ်တော်သည် ကျွန်ုပ်တို့အား သန့်ရှင်းသောအသက်တာ၌ အသက်ရှင်လိုသောဆန္ဒကို ပေးဆောင်ပြီး အထူးသဖြင့် သခင်ဘုရား၏စိတ်တော်နှင့် တွေ့စေရန်ဖြစ်သည်။ ဘုရားသခင်၏အလိုတော်ကိုဆောင်ရန် ဤစိတ်ထားသည် တိကျသောလမ်းညွှန်မှုကို ရှာဖွေရန် မရှိမဖြစ်လိုအပ်သည်။

သမ္မာကျမ်းစာသည် အလိုတော်ကို မနာခံသောဘုရားသခင်၏လူမျိုးအကြောင်းနှင့် ပြည့်နှက်နေပါ သည်။ ထိုသူတို့သည် ဘုရားသခင်၏ဦးဆောင်မှုနောက်သို့ အမြဲလိုက်လိုစိတ်မရှိခဲ့ကြပေ။ အစ္စရေးလူတို့သည် ပရောဖက်ယေရမိထံလာပြီး အကြံအဉာဏ်လာတောင်းကြသည်ကို ကျွန်ုပ်တို့တွေ့ရသည်။ "အကျွန်ုပ်တို့သည် အကျွန်ုပ်တို့၏ဘုရားသခင် ထာဝရဘုရား၏အမိန့်တော်ကို နားထောင်သောအခါ ချမ်းသာရပါမည်အကြောင်း အကျွန်ုပ်တို့သည်

ကိုယ်တော်ကို စေလွှတ်ရာ အကျွန်ုပ်တို့၏ဘုရားသခင် ထာဝရဘုရား၏အမိန့်တော်သည် ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ၊ နားထောင်ပါမည်ဟု ယေရမိအားပြောဆိုကြ၏" (ယေရ၊ ၄၂:၆)။ ယေရမိက သူတို့အား အီဂျစ်ပြည်သို့မသွားဘဲ အစ္စရေးပြည်၌သာ ဆက်နေဖို့ မှာကြားခဲ့သည်။ သို့သော် သူတို့သည် ယေရမိမှာကြားခဲ့သည်ကို နားမထောင်ဘဲ အီဂျစ်ပြည်သို့ တဖွတ်ထိုးသွားကြသော ကြောင့် ထိုပြည်၌ မနှစ်မြို့ဖွယ် ဘဝနှင့်အဆုံးသတ်ခြင်းကို တွေ့ကြုံကြရသည် (ယေရ၊ ၄၂း၁၇)။

သမ္မာကျမ်းစာတွင် တိကျသောလမ်းညွှန်ချက် အပြည့်ရှိသည်။ ထာဝရဘုရားသည် ယေရမိအား မြို့သိမ်းယူခါနီးတွင်ပင် လယ်ကွက်တစ်ကွက်ကို မိန့်မှာခဲ့သည် (ယေရ၊ ၃၂:၇)။ ယေရှုသည် ရှမာရိမြို့ကိုဖြတ်၍ "သွားရသည်"




(ယော၊ ၄:၄)။ ယောနသည် နိနေဝေမြို့သားတို့အား ဟောပြောရသည် (ယောန၊ ၁:၁-၂)။ နောသေည် ထာဝရဘုရားမိန့်မှာထားသည့်အတိုင်း သင်္ဘောကြီးကိုဆောက်ရသည် (က၊ ၆:၁၃-၂၂)။ ဒါဝိဒ်သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို လျစ်လျူရှုလျက် ပဋိညာဉ်သေတ္တာတော်ကို ယေရုရှလင်မြို့သို့ ပြန်ရွှေ့သောကြောင့် ပဋိညာဉ်သေတ္တာတော်ကို ကိုင်မိသောအခါ လူအများအပြား သေဆုံးခဲ့ရပြီး ဝမ်းနည်းခြင်းဖြင့် အဆုံးသတ်ကြရသည်(၂ရာ၊ ၆:၁-၁၀)။ သို့ရာတွင် ဒါဝိဒ်သည် ဘုရားသခင်၏အလိုတော်ကို သင်ယူခဲ့ပြီး တရားတော်

၏ပြဋ္ဌာန်းချက်အတိုင်း ပဋိညာဉ်သေတ္တာတော်ကို လူတို့၏ပခုံးနှင့် ထမ်းစေသောအခါ နောက်ဆက်တွဲပြဿနာမရှိတော့ပေ (၂ရာ၊ ၆:၁၃)။

ဤစာအုပ်သည် ဘုရားသခင်၏အလိုတော်ကို ပိုင်းခြားသိမြင်ခြင်း အကြောင်းမဟုတ်ဘဲ ဝိညာဉ်တော်သည် ယုံကြည်သူတိုင်း သို့မဟုတ် အသင်းတော်တစ်ခုလုံးကို (ဗျာ၊ ၂-၃) မည်ကဲ့သို့အထူးဝန်းရံရုံသာမက လိုအပ်သလို ညွှန်ကြားပါကြောင်း ဖော်ပြပေးသည့်စာအုပ်ဖြစ်ပါသည်။ အစ္စရေးလူမျိုးတို့ကို အီဂျစ်ပြည်မှကတိတော်ပြည်အထိ အနှစ်လေးဆယ်ပတ်လုံး ခေါ်ဆောင်သွားပြီး မိုးတိမ်/မီးတိုင်အားဖြင့် လမ်းပြခဲ့သည့်ပုံရိပ်ကို ကွက်ကွက်ကွင်းကွင်း သတိပြုမိသည်။ "သူတို့သည် နေ့ညသွားနိုင်အောင် ထာဝရဘုရားသည် နေ့၌ကား လမ်းပြဖို့ မိုးတိမ်တိုင်အားဖြင့်လည်းကောင်း၊ ည၌ကား အလင်းပေးဖို့ မီးတိုင်အားဖြင့်လည်းကောင်း သူတို့ရှေ့က ကြွတော်မူ၏" (ထွ၊ ၁၃:၂၁)။

ဘုရားသခင်၏ဝိညာဉ်တော်က သခင်ယေရှုအား လမ်းပြခဲ့ပုံကို မိမိတို့ကြည့်ရှုသောအခါ သခင်ဘုရား၏လမ်းပြသောလက်တော်ကို မိမိတို့တွေ့ရှိနိုင်ပါသည်။ "ထိုအခါ မာရ်နတ်၏စုံစမ်းသွေးဆောင်ခြင်းကို ခံစေမည်အကြောင်း ဝိညာဉ်တော်သည် ယေရှုကို တောသို့ပို့ဆောင်တော်မူ၏" (မဿ၊ ၄း၁)။ သို့တည်းမဟုတ် "ယေရှုသည် သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်စုံလျက် ယော်ဒန်မြစ်နားမှပြန်စဉ်တွင် ဝိညာဉ်တော်သည် တောသို့ပို့ဆောင်တော်မူ၏" (လု၊ ၄း၁)။ ဘုရားသခင်၏ဝိညာဉ်တော်သည် သခင်ယေရှုသွားသင့်သည့်နေရာသို့ အပြည့်အဝပို့ဆောင်တော်မူခဲ့သည်။ လမ်းပြပို့ဆောင်ခြင်း သက်သက်မဟုတ်၊ ကတိတော်နှင့်ဆက်စပ်လျက် ကိုယ်တော်၏လိုအပ်ချက်ရှိသမျှကို ဖြည့်ဆည်းပေးရန်လည်းပါသည်။ ရက်လေးဆယ်ပတ်လုံး အစာရှောင်တော်မူသည်နှင့်အမျှ စာတန်၏သွေးဆောင်မှုများကို ရင်ဆိုင်ခဲ့ရပြီး ခမည်းတော်ဘုရားသခင်၏ ဂရုစိုက်မှုနှင့်လမ်းပြသောလက်တော်သည် လွန်စွာမှအရေးကြီးသည်။ ယနေ့ ကျွန်ုပ်တို့ယုံကြည်သူများအသက်တာ၌လည်း စုံစမ်းသွေးဆောင်မှုအမျိုးမျိုးမှ လမ်းပြပို့ဆောင်လျက်နေတော်မူသည်။

တစ်ခါတစ်ရံ ကျွန်ုပ်တို့က အလွန်အရေးကြီးသည်ဟု ယူဆသောအရာများစွာ၌ပင် ဝိညာဉ်တော်သည် တိတ်ဆိတ်နေပုံရကြောင်း သတိပြုစေလိုပါသည်။ ဥပမာ သားသမီးများသည် ကောလိပ်တက်ရမည်လော သို့မဟုတ် အလုပ်လုပ်ရမည်လော ဟူသောရွေးချယ်မှုတစ်ခု ပြုလုပ်ခြင်းဖြစ်သည်။ ထိုသို့

သောအဖြစ်မျိုး၌ ဝိညာဉ်တော်သည် ကျွန်ုပ်တို့နှင့်အတူ ပါရှိနေသော်လည်း ကျွန်ုပ်တို့သည် အဘယ်အရာရွေးချယ်ရမှန်းမသိ၊ ဝေခွဲမရဖြစ်တတ်ကြသည်။ သို့သော် ဘုရားသခင်သည် ကျွန်ုပ်တို့၏စိတ်နှလုံးတံခါး ဖွင့်ခြင်း/ပိတ်ခြင်းကို အသုံးပြု၍ မိမိတို့အသက်တာ ကဏ္ဍအမျိုးမျိုး၌ ပါဝင်နေပုံပေါက်သည်။

အိမ်ထောင်ကျပြီးနောက် ကောလိပ်ကို ဆက်တက်နေခဲ့သည်။ ကျွန်ုပ်တို့ဇနီးမောင်နှံသည် ဈေးနှုန်းသက်သာသည့်တည်းခိုခန်းကို ရှာဖွေကြသည်။ ဖလော်ရီဒါကို ခရီးသွားနေရင်းနှင့် အတွေးတစ်ခုဝင်လာသည်ကား မိုဘိုင်းလ်အိမ်ဝယ်မည်။ သူများကို မငှားစားဘဲ ပြန်ရောင်းစားမည်ဟု စိတ်ကူးခဲ့သည်။ သို့သော် ကျွန်ုပ်တို့သည် ငယ်ရွယ်ပြီး ဆင်းရဲသောကြောင့် ထိုစိတ်ကူးမှာ အထမမြောက်ခဲ့ပေ။ ဤအရာအတွက် ဘုရားသခင်ကို ကျွန်ုပ်ဆုမတောင်ခဲ့ပါ။ သို့သော် ဘုရားသခင်သည် အံ့ဩဖွယ်အလုပ်လုပ်ပြီး အိမ်ငှားသည့်လူတစ်ဦးနှင့်ပေးတွေ့ကာ သူ့ခြံဝင်းထဲရှိယင်းအိမ်ကို တစ်ခါတည်းဝယ်ယူဖို့ ကျွန်ုပ်တို့ကို ကမ်းလှမ်းခဲ့သည်။ ကျွန်ုပ်တို့လက်ထဲ၌ ငွေမရှိသော်လည်း ချေးငွေနှင့် လက်မှတ်ထိုးဖို့ ကမ်းလှမ်းခဲ့သည်။ တစ်နှစ်ခွဲအကြာတွင် ယင်းအိမ်ကို ရောင်းချခဲ့ပြီး တက္ကသိုလ်တက်စဉ်က အကြွေးများကို ပေးချေကာ နိုင်ငံရပ်ခြားသာသနာပြုလုပ်ငန်းအတွက် အဆင်သင့်ဖြစ်စေမည့်အလုပ်သင်အဆင့်သို့ ဆက်လက်တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။ ဝိညာဉ်တော်ဘုရား၏လမ်းညွှန်မှုနှင့်စွမ်းဆောင်မှုတန်ခိုးတော်သည် ကျွန်ုပ်တို့အပေါ် လက်တွဲလုပ်ဆောင်ခဲ့ရသည်။

ဘုရားသခင်၏ဝိညာဉ်တော်က ညွှန်ကြားပြီး လမ်းပြသော်လည်း ကိစ္စများစွာ၌ ထူးထူးခြားခြားလမ်းညွှန်မှု သို့မဟုတ် ဝင်ရောက်စွက်ဖက်ခြင်းမရှိဘဲ ကျွန်ုပ်တို့သည် မှန်ကန်သောဆုံးဖြတ်ချက်များချနိုင်သည်ကို သခင်ဘုရားက အသိအမှတ်ပြုကြောင်း သတိပြုရပါမည်။ ယေဘုယျအားဖြင့် ကိုယ်တော်၏ အမှုတော်ထမ်းဆောင်နိုင်ရန် လိုအပ်သည်များကို ကျွန်ုပ်တို့အား ဝိညာဉ်တော်ဘုရားပေးသနားတော်မူကြောင်း ရိုးရိုးရှင်းရှင်းယုံကြည်ပါသည်။ အထူးလမ်းညွှန်မှုလိုအပ်သည့်အချိန်၌ပင် ၎င်းကို ကျွန်ုပ်တို့အား ပေးဆောင်ရန် ဝိညာဉ်တော်သည် သစ္စာရှိသူဖြစ်သည်။ ဖခင်တစ်ဦးသည် သူ့သားလိုအပ်ချက်များကို သားမပြောပြမီကပင် အထူးလမ်းညွှန်မှု ပေးရန် သိရှိပြီးဖြစ်သည်။ အလားတူပင် ဘုရားသခင်သည် သူ့သားသမီးများ၏လိုအပ်ချက်များကို အထူးသိရှိထားသည်ဖြစ်၍ ဝိညာဉ်တော်အားဖြင့် ကျွန်ုပ်တို့ကို လမ်းပြပို့ဆောင်တော်မူ

သည်။ သို့သော် ကျွန်ုပ်တို့အသက်တာ၌ ဝိညာဉ်တော်ဘုရား၏အထူးလမ်းပြခြင်းနှင့် မလွဲသွားမိရန် သူ့ကို အစဉ်အမြဲမှီခိုအားထားဖို့ လိုအပ်ပေသည်။

သခင်ဘုရားသည် ကျွန်ုပ်အား ဓမ္မစာပေစာရေးခြင်းသို့ ခေါ်ဆောင်လာသောကြောင့် ကျွန်ုပ်သည် သူ၏လမ်းညွှန်မှုကို မကြာခဏရှာပါသည်။ နံနက်ချိန်ဆုတောင်းပြီးနောက် ကျွန်ုပ်၏လွန်ခဲ့သည့်တစ်နေ့တာဖြစ်ရပ်များနှင့်စိန်ခေါ်မှုများကို ဆင်ခြင်သုံးသပ်နေစဉ် ခေတ္တရပ်ကာ ဘုရားသခင်၏ဉာဏ်ပညာနှင့်ထိုးထွင်းသိမြင်မှုကိုရှာဖွေပါသည်။ ဘုရားသခင်၏ဝိညာဉ်တော်သည် မတူညီသောကိစ္စရပ်များကို စဉ်းစားပြီး နည်းလမ်းတချို့/ဆောင်းပါးတစ်ပုဒ်ရေးဖို့ စိတ်ထဲတွင် ဆောင်ကျဉ်းပေးသည်။ ၎င်းသည် ဝိညာဉ်တော်အလုပ်လုပ်နေခြင်းဖြစ်သည်။ ဝိညာဉ်တော်သည် ကျွန်ုပ်အား မည်သို့ဆက်လက်လုပ်ဆောင်ရမည်ကို လမ်းပြပေးနေသည်။ ကျွန်ုပ်၏အတွေးများသည် ဘုရားသခင်၏နှုတ်ကပတ်တော်နှင့် ကိုက်ညီနေသော်လည်း ကျွန်ုပ်၏နေ့စဉ်အသက်တာ၌ မည်သို့ဆက်လက်လုပ်ဆောင်သင့်သည်ကို ဝိညာဉ်တော်က အထူးလမ်းညွှန်ပေးလျက်နေသည်။

သန့်ရှင်းသောဝိညာဉ်တော်၏ဆုကျေးဇူးနှင့်ပတ်သက်သည့်အကြောင်းအရာကို တစ်မိနစ်လောက် စဉ်းစားကြည့်ကြပါစို့။ ညီအစ်မတစ်ဦးတွင် ဉာဏ်ပညာဆုကျေးဇူးရှိသည်ဟု ဆိုကြပါစို့ (၁ကော၊ ၁၂း၈)။ ထိုဆုကျေးဇူးသည် ခရစ်တော်၏ကိုယ်ခန္ဓာကို တည်ဆောက်ရာတွင် ကိုယ်တော်၏ရည်ရွယ်ချက်များကို ပိုမိုကောင်းမွန်စွာထမ်းဆောင်နိုင်ရန်ဖြစ်ပါသည်။ တစ်ဦးချင်းအသက်တာ၌ သန့်ရှင်းသောဝိညာဉ်တော်၏အထူးလမ်းပြပို့ဆောင်ခြင်းကို အလေးပေးဂရုစိုက်ဖို့ အလွန်အရေးကြီးပါသည်။ ဘုရားသခင်၏အလိုတော်ကို သိရှိနိုင်ရန် သို့မဟုတ် အလိုတော်နှင့်လွဲချော်မသွားမိရန် ဝိညာဉ်တော်၏လမ်းပြပို့ဆောင်ခြင်းသည် မိမိတို့ဘဝအသက်တာ၌ အဓိကကျသည်။ ဝိညာဉ်တော်ဘုရား၏လမ်းပြမှုကို မသိရှိပါက အလွယ်တကူစိုးရိမ်လာပြီး အရာရာကို မိမိတို့စိတ်ထင်သည့်အတိုင်း ကိုင်တွယ်ပါလိမ့်မည်။ ပထမအနေနှင့် ဝိညာဉ်တော်သည် မိမိတို့၏လိုအပ်ချက်ကို အမှန်တကယ်သိရှိကြောင်း သတိပြုရပါမည်။ ထို့ကြောင့် ယေရှုက "ထိုသူတို့နည်းတူ မပြုကြနှင့်။ အကြောင်းမူကား သင်တို့အလိုရှိသမျှတို့ကို သင်တို့မတောင်းမီ သင်တို့အဘသိတော်မူ၏" (မဿဲ၊ ၆:၈) မိန့်ဆိုခဲ့သည်။ ဤကျမ်းချက်က ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို တည်ဆောက်

ပေးသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အမှန်တကယ်လိုအပ်သည်များကို သိရှိပြီး အထူးဂရုစိုက်တော်မူသည်။

ဒုတိယအနေနှင့် ဝိညာဉ်တော်သည် အသိပညာကို ကျွန်ုပ်တို့အား အချိန်နှင့်တပြေးညီ ဖြန့်ဝေပေးသည်။ သို့မှသာ အချိန်နှင့်တပြေးညီ တုံ့ပြန်နိုင်မည်ဖြစ်သည်။ ဝိညာဉ်တော်သည် ကျွန်ုပ်တို့ကိုင်တွယ်နိုင်သည့်အရာကို သိရှိသည်ဖြစ်၍ ကျွန်ုပ်တို့လိုအပ်သောအရာကို ကျွန်ုပ်တို့လိုအပ်သည့်အခါမှသာ ဖြည့်ဆည်းပေးမည်ဖြစ်သည်။ ဥပမာ ဘုရားသခင်သည် ယောသပ်အား အိပ်မက်များစွာကို စောစီးစွာဖွင့်ပြခဲ့သည်။ အကြောင်းမှာ ယောသပ်အား သူ့ညီအစ်ကိုများက သစ္စာဖောက်ပြီး ကျွန်အဖြစ် ဆက်ဆံရသောအခါ ယောသပ်ကိုမျှော်လင့်ချက်ပေးရန်အတွက် ထိုအိပ်မက်များကို သခင်ဘုရားက အသုံးပြုမည်ဖြစ်သောကြောင့်ဖြစ်သည်။ သို့သော် ဝေးကွာလှသည့်အနာဂတ်တွင်သာ (က၊ ၃၇:၅-၁၀) သူ၏ငယ်စဉ်ကလေးဘဝက ထိုအိပ်မက်များကို အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။ အရာရာအတွက် အဖဘုရားသခင်သတ်မှတ်ထားသောအချိန်ရှိပေသည်။ ကျွန်ုပ်တို့သည် ယေဘုယျအားဖြင့် ဘုရားသခင်၏ဦးဆောင်မှုသည် ကောင်းမြတ်သောအရာများနှင့်သာ သက်ဆိုင်သည်ဟု ထင်မြင်တတ်ကြသော်လည်း အချို့သောကိစ္စများတွင် ထိုသို့မဟုတ်ပေ။

ဝိညာဉ်တော်သည် ကျွန်ုပ်တို့အား ခမည်းတော်ဘုရားသခင်၏အလိုတော်ထဲသို့ အမြဲပို့ဆောင်ပေးသည်။ ခရစ်ယာန်တစ်ဦးအနေနှင့် မိမိ၏ကိုယ်ပိုင်လိုအပ်ချက်များကို ပြည့်စုံဖို့အတွက် အရင်မစဉ်းစားဘဲ ဘုရားသခင်၏အလိုတော်ထဲ၌ မိမိ၏အစိတ်အပိုင်းကို သိရှိနားလည်ပြီး အကောင်အထည်ဖော်ရန်သာဖြစ်သည်။ ဝိညာဉ်တော်သည် ကောင်းကင်ဘုံရှိ ခမည်းတော်နှင့်အတူ စုံလင်စွာလုပ်ဆောင်လျက်ရှိပြီး လိုအပ်သလို ကျွန်ုပ်တို့ထံသို့ ဘုရားသခင်၏ အလိုတော်ကို သိစေပြီး ဆက်သွယ်ပေးသည်။

တစ်ခါတစ်ရံ သခင်ယေရှုသည် ခမည်းတော်နှင့်အတူ တစ်ညလုံးပင် အချိန်ယူပြီး မိတ်သဟာယဖွဲ့လေ့ရှိသည်။ အကြောင်းမှာ ခမည်းတော်၏အလိုတော်ကို ပို၍ဝန်ခံနိုင်ဖို့ဖြစ်သည် (ယောယန်၊ ၆း၁၅)။ ဘုရားသခင်၏အလိုတော်ကို ရှင်းရှင်းလင်းလင်းပိုင်းခြားသိရှိရန် အကြီးမားဆုံးအတားအဆီးတစ်ခုမှာ ကိုယ်တော်၏အလိုတော်ကို အပြည့်အဝမနာခံဘဲ အရေးမကြီးသောကိစ္စရပ်များ၌ ကျွန်ုပ်တို့အား လမ်းပြပို့ဆောင်ရန် ကိုယ်တော်ကို မျှော်လင့်ခြင်း

ဖြစ်သည်။ ကျွန်ုပ်တို့သည် နာခံခြင်းဖြင့် သခင်ဘုရားနှင့် ပုံမှန်အချိန်ယူသော အခါ အလိုတော်ကိုသိရှိ၍ လုပ်ဆောင်နိုင်ရန်အတွက် ဘုရားသခင်၏ဝိညာဉ်တော်သည် ကျွန်ုပ်တို့ကို လမ်းညွှန်လိမ့်မည်ဖြစ်ကြောင်း ကျွန်ုပ်တို့ယုံကြည်စိတ်ချနိုင်ပါသည်။ သခင်ယေရှုသည် ကျွန်ုပ်တို့အား သူနှင့် နေ့စဉ်နီးကပ်နေစေလိုသောကြောင့် သူ၏ဉာဏ်ပညာနှင့်လမ်းညွှန်မှုများကို အမြဲသတိရှိစေလိုခြင်းဖြစ်သည်။

## ၈) ရည်ရွယ်ချက်နှင့်လမ်းညွှန်မှု (ဟေရှာ၊ ၁၁:၂-၃)

သန့်ရှင်းသောဝိညာဉ်တော်ကိုယ်တိုင်၏လမ်းညွှန်မှုသည် အလွန်အရေးကြီးလှပေသည်။ သန့်ရှင်းသောဝိညာဉ်တော်၏ဖွင့်ပြခြင်းကြောင့် ယေရှုသည် အလွန်ကောင်းချီးခံစားခဲ့သည်။ ဟေရှာယက "ထာဝရဘုရား၏ဝိညာဉ်တော်တည်းဟူသောဉာဏ်ပညာကို ပေးသောဝိညာဉ်၊ ကြံစည်တတ်စွမ်းနိုင်သောသတ္တိကိုပေးသောဝိညာဉ်၊ ထာဝရဘုရားကို သိ၍ ကြောက်ရွံ့သောသဘောကို ပေးသောဝိညာဉ်တော်သည် ထိုသူအပေါ်မှာကျိန်းဝပ်တော်မူလိမ်းမည်" (ဟေရှာ၊ ၁၁:၂-၃) ဟုဆိုသည်။

"ထာဝရဘုရား၏ဝိညာဉ်တော်" နှင့် "ဘုရားသခင်၏ဝိညာဉ်တော်" ဟူ၍စကားစုနှစ်မျိုးရှိသော်လည်း ဆိုလိုရင်းမှာ အတူတူပင်ဖြစ်ပါသည်။ ဝိညာဉ်တော်သည် ဘုရားသခင်၏စွမ်းအားမျှသာ ဖြစ်သည်ဟု လူတစ်ဦးမှ ယူဆနိုင်သော်လည်း ဘုရားသခင်၏ဝိညာဉ်တော်သည် ထိုသို့မဟုတ်ပေ။ ဝိညာဉ်တော်ဘုရားသည် ခမည်းတော်ဘုရားကဲ့သို့ပုဂ္ဂိုလ်ဖြစ်ပြီး တန်းခိုးတော်နှင့် တည်ရှိသောဘုရားပင်ဖြစ်သည်။ သခင်ယေရှုသည် ဝိညာဉ်တော်၏ဘိသိက်ပေးခြင်းဖြင့် အမှုတော်ကိုဆောင်ရွက်ခဲ့သည်။ ဟေရှာယ ၁၁:၂-၃ တွင် ပရောဖက်ပြုထားသည့်အတိုင်း သခင်ယေရှုသည် ရေနှစ်ခြင်းခံပြီး ရေထဲမှထလာသောအခါ ဝိညာဉ်တော်သည် ကိုယ်တော်အပေါ် ဆင်းသက်လာရသည်။ ထို့အတူ လူတစ်ဦးသည် သခင်ယေရှုကို မိမိကယ်တင်ပိုင်ရှင်အဖြစ် ယုံကြည်လက်ခံလိုက်သောအခါ သန့်ရှင်းသောဝိညာဉ်တော်သည် ထိုသူအပေါ် ကျိန်းဝပ်လာသည်မှာ (၁ကော၊ ၆:၁၉) ပရောဖက်ဟေရှာယဖော်ပြချက်နှင့် ဆက်စပ်မှုရှိကြောင်း မိမိတို့သိရှိရသည်။ ခမ္မသစ်ကာလတွင် ဝိညာဉ်တော်သည် ယုံကြည်သူများအထဲ၌ ကျိန်းဝပ်သည်ဖြစ်၍ ရင်းနှီးလာပြီး ခမည်းတော်ဘုရား၏အလို

တော်နှင့်ဆက်သွယ်နိုင်သည်။ဓမ္မဟောင်းကာလမှာမူ ဝိညာဉ်တော်သည် သန့်ရှင်းသူများအသက်တာ၌ ကျိန်းဝပ်သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ပြန်လည်ထွက်သွားနိုင်ပါသည်။

ဘုရားသခင်၏အလိုတော်သည် ကိုယ်ပိုင်လမ်းညွှန်မှုကိစ္စမျှသာမဟုတ် ဘုရားသခင်၏အလိုတော်ကို ပြီးမြောက်စေရန်ဖြစ်သည်။ ဘုရားသခင်၏အလိုတော်အတိုင်း ကျွန်ုပ်တို့တက်ကြွစွာမရှာဖွေသောအခါ မှားယွင်းသောမေးခွန်းပေးတတ်ကြသည်။ ဘုရားသခင်၏အလိုတော်ကို ဦးစားပေးသောသူသည် လောကကို ဘုရားသခင်မြင်သည့်အတိုင်း မြင်တတ်သည်။ ထို့အပြင် "ထိုသူသည် ထာဝရဘုရားကိုကြောက်ရွံ့ခြင်း၌ မွေ့လျော်သည်ဖြစ်၍ မိမိမျက်စိမြင်သည်အတိုင်း တရားမစီရင်၊ မိမိနားကြားသည်အတိုင်း မဆုံးဖြတ်ဘဲ" (ဟေရှာ၊ ၁၁:၃)။ ယုံကြည်သူတိုင်းသည် ပိုမိုကျယ်ပြန့်သောသဘောဖြင့် ၎င်းတို့၏ဘဝအသက်တာအတွက် ဘုရားသခင်အလိုရှိသောအရာကို ဦးစွာအလေးထားသင့်သည်။ ဥပမာ ဘုရားတရားကိုင်းရှိုင်းခြင်း၊ ဘုရားသခင်နှင့်ရင်းနှီးသောဆက်ဆံရေး၊ ဝတ်ပြုကိုးကွယ်ခြင်း၊ နာခံခြင်း၊ သူတစ်ပါးကို ချစ်ခြင်း စသည့်အရာများဖြစ်သည်။ သခင်ဘုရားသည် စိတ်နှလုံးသဘောထားအခြေနေကို စိတ်ဝင်စားသည် (သု၊၃:၅-၆)။

ဟေရှာယ ၁၁:၂-၃ တွင် နှစ်ကြိမ်အသုံးပြုထားသော "ထာဝရဘုရားကိုကြောက်ရွံ့ခြင်း" ဟူသောစကားစုသည် သခင်ဘုရား၏မျက်မှောက်တော်နှင့်အလိုတော်အပေါ် အဆက်မပြတ်သတိရှိမှုနှင့် သိမ်မွေ့မှုကို ဖော်ပြရည်ညွှန်းသည်။ ကျွန်ုပ်တို့၏စိတ်နှလုံးထဲတွင် မှန်သောအရာကိုမြတ်နိုးပြီး ဘုရားသခင်အလိုရှိသောအရာကို အာရုံစိုက်သောကြောင့် ကြောက်ရွံ့ခြင်းသည် မိမိတို့ကိုအမှားနှင့် ဝေးကွာစေပါသည်။ "ထာဝရဘုရားကို ကြောက်ရွံ့ခြင်းသည်" မိမိတို့အားဘုရားသခင်၏အလိုတော်များကို ဂရုပြုစေသည့်ကြီးမြတ်သောစကားစုဖြစ်ပေသည်။

ပေါလုက "ဝိညာဉ်တော်၏အရှိန်ကို မငြိမ်းစေကြနှင့်" (၁သိ၊ ၅:၁၉) ဟုဖော်ပြရာ ဤကျမ်းပိုဒ်က မည်သည့်အရာကို ရည်ညွှန်းသနည်း။ လူတို့သည် တစ်ခါတစ်ရံ ဘုရားသခင်၏ဝိညာဉ်တော်ကို မီးထဲသို့ ရေလောင်းချသကဲ့သို့ ဖိနှိပ်ချုပ်ချယ်တတ်သည်။ အဓိကအချက်မှာ ကျွန်ုပ်တို့သည် ဝိညာဉ်တော်၏ဦးဆောင်မှုကို အလွယ်တကူလျစ်လျူရှုနိုင်သည် သို့မဟုတ် ဖိနှိပ်နိုင်

သည်။ ကျွန်ုပ်တို့သည် ဝိညာဉ်တော်၏လှုံ့ဆော်မှုနှင့် ငြင်းခုံပြီး တစ်ခါတစ်ရံ ၎င်း၏ ဦးဆောင်မှုကိုလျစ်လျူရှုခြင်း/ဖိနှိပ်ခြင်းပင်ဖြစ်နိုင်သည်။ ကျွန်ုပ်တို့၏ စိတ်နှလုံးသည် တုံ့ပြန်မှုမရှိသောအခါ ကျွန်ုပ်တို့၏အကြားအာရုံသည် ပိုဆိုးလာသည်။ ကျွန်ုပ်တို့၏စိတ်အားထက်သန်မှုများ၊ ခံစားချက်များ နှင့်ဆင်ခြင်တုံတရားဆိုင်ရာအာရုံများသည် ဘုရားသခင်၏ဝိညာဉ်တော်စ ကားပြောဆိုခြင်းထက် ပို၍ကျယ်လောင်စွာပြောဆိုတတ်သည်။ ပြဿနာကား သင်သာဖြစ်ပြီး ဘုရားသခင်၏ဝိညာဉ်တော်မဟုတ်ပါ။ တစ်ခါတစ်ရံ ကျွန်ုပ်တို့သည် ဘုရားသခင်၏ဝိညာဉ်တော်နှင့်ဆိုင်သောအရာများထက် ခရစ်တော်၏စံနမူနာနှင့်ဆန့်ကျင်သောအရာများဖြစ်သည့်အပြင်ဘက်အရာများအပေါ်တွင် ပို၍အာရုံစိုက်နေတတ်ကြသည်။

နားထောင်ခြင်းဟုခေါ်သည့် ကျွန်ုပ်တို့ကြီးထွားလာရာ ခရစ်ယာန်အသက်တာလမ်းစဉ်၌ ဝိညာဉ်ရေးဆိုင်ရာစည်းကမ်းတစ်ခုကို ထပ်ထည့်ရန် လိုကောင်းလိုပေမည်။ အထူးသဖြင့် ဝိညာဉ်တော်၏တိုက်တွန်းနှိုးဆော်ချက်များကိုအာရုံစိုက်ပါ။ နံနက်တိုင်း သခင်ဘုရားထံအချိန်ယူခြင်းနှင့်စတင်၍ သင့်စိတ်ထဲ၌ ပေါ်လာသောအချက်အလက်များကို ရေးမှတ်ပါ။ ဆုတောင်းပြီး နှုတ်ကပတ်တော်ကိုဖတ်ပါ။ ဝိညာဉ်တော်သည် သင့်စိတ်နှလုံးထဲ၌ လှုံ့ဆော်မှုနှင့်အကြံပြုချက်တစ်ခုခုကို ယူဆောင်လာပေး ပါလိမ့်မည်။ သခင်ဘုရားနှင့် နေ့စဉ်စောစောအချိန်ယူခြင်းမှ ကျွန်ုပ်တို့ကို မည်သည့်အရာက ကျော်ခိုင်းစေသနည်း/လွဲချော်နိုင်စေသနည်း။ ကျွန်ုပ်တို့သည် သခင်ဘုရားထံ အချိန်ပိုပေးခြင်းဖြင့် ပို၍နားထောင်ရမည်ဖြစ်သည်။




စာတန်သည် ဘုရားသခင်အဖြစ် ဟန်ဆောင်နိုင်မှုရှိမရှိကို လူများက စိုးရိမ်နေကြသည်။ “သင်ကြားနေရသောအသံသည် ဘုရားသခင် သို့မဟုတ် စာတန်ထံမှဖြစ်ကြောင်း မည်ကဲ့သို့သိနိုင်သနည်း။”သင့်စိတ်နှလုံးတွင် ခါးသီးမှုမရှိကြောင်း သေချာစေခြင်းဖြင့် စတင်ပါ။ ခါးသီးခြင်းသည် သင့်ဘဝမှာ မာရ်နတ်၏ခြေကုပ်နေရာကိုပေးသည်။ လူများစွာသည် ၎င်းတို့၏ဒေါသနှင့် ကလဲ့စားချေသည့်လုပ်ရပ်များကို

တရားမျှတသည်ဟုရှုမြင်ကြပြီး ၎င်းတို့အား ဘုရားသခင်က ဖြောင့်ချက်ပေး စေလိုသည်ဟုပင် ဆိုကြသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ကမူ "ငါ ကိုယ်တိုင်လက်တုံ့ပြန်မည်" (ရော၊ ၁၂:၉) ဟုရှင်းရှင်းလင်းလင်း မိန့်တော်မူ သည်။ တချို့ကိစ္စများတွင်မူ ဒေါသ၊ တပ်မက်မှု စသည်တို့ကို ရှေးဦးစွာ ကိုင်တွယ်ဖြေရှင်းရမည်။ အဘယ်ကြောင့်ဆိုသော် ဝိညာဉ်တော်၌ ကျင်လည် လျှောက်လှမ်း ရမည်ဖြစ်သည်။ သို့ဖြစ်၍ ပေါလုက "ခရစ်တော်ယေရှုနှင့်ဆိုင် သောသူတို့သည် သွေးသားကို ၎င်း၏စိတ်ပြင်းပြမှုများ၊ တပ်မက်မှုများနှင့်အ တူ လက်ဝါးကပ်တိုင်ပေါ်၌ တင်ထားကြပြီ။ ငါတို့သည် ဝိညာဉ်တော်အားဖြင့် အသက်ရှင်ကြလျှင်ဝိညာဉ်တော်နှင့်ထက်ကြပ် မကွာလိုက်လျှောက်ကြကုန် စို့" (ဂလာ၊ ၅:၂၄-၂၅) ဟုတိုက်တွန်းသည်။

ကျွန်ုပ်တို့သည် ဘုရားသခင်၏အလိုတော်ကို အကြွင်းမဲ့ရှာဖွေပြီး နှုတ် ကပတ်တော်နှင့်ဆုတောင်းခြင်း၌ နှစ်မြှုပ်နေသည့်အခါ နတ်ဆိုးထံမှအနှောင့် ပေါက်ဖွားလာတတ်သည်ကို သတိပြုရမည်။ ဝိညာဉ်တော်က သင့်အား လုပ် ဆောင်ရန် လှုံ့ဆော်ပေးသည့်အရာကို အမြဲဆန့်ကျင်သည့်လုပ်ရပ်ဖြစ်ပါလိမ့် မည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အား အိမ်ထောင်ရေးဖောက်ပြန်ခြင်းနှင့် လိမ်လည်ခြင်းကို မပြုစေလို၊ သန့်ရှင်းစင်ကြယ်ပြီး သမ္မာတရားနှင့်ညီသောစ ကားကိုသာ ပြောစေလိုသည်။ နတ်ဆိုးသည် ညစ်ညူးသောအကြံအစည်ကို အကြံပြုနိုင်သော်လည်း သန့်ရှင်းသောဝိညာဉ်တော်မူကား ထိုသို့လုံးဝမဟုတ် ပေ။ ဘုရားသခင်၏ဝိညာဉ်တော်ကို သမ္မာတရား၏ဝိညာဉ်တော်ဟုခေါ်သည် (ယော၊ ၁၄:၁၇၊ ၁၅:၂၆၊ ၁၆:၁၃)။ ပေါလုက ရှင်းရှင်းလင်းလင်းဖော်ပြသည်မှာ "သို့ဖြစ်လျှင် ကောင်းကင်ဘုံ၌ ခမည်းတော်တစ်ပါး၊ နှုတ်ကပတ်တော်တစ်ပါး၊ သန့်ရှင်းသောဝိညာဉ်တော်တစ်ပါး၊ သက်သေခံသုံးပါးရှိ၍ ထိုသုံးပါးတို့သည် တစ်လုံးတစ်ဝတည်း ဖြစ်တော်မူ၏" (၁ယော၊ ၅:၇)။

ဘုရားသခင်၏ဝိညာဉ်တော်သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို မည်သည့်အခါမျှဆန့်ကျင်မပြောဘဲ သမ္မာတရားနှင့်အညီ တသမတ်တည်း မိန့်ဆိုလျက်ရှိသည်။ ဘုရားသခင်၏ဝိညာဉ်တော်သည် သမ္မာတရားကို အမြဲ ပြောဆိုပြီးဘုရားသခင်၏နှုတ်ကပတ်တော်ကို အပြည့်အဝထင်ဟပ်စေသည်။ သည်။ စာတန်၏စကားသည် အမြဲတမ်းမှားယွင်းပြီး သမ္မာတရားနှင့်ဆန့်ကျင် ဘက်ဖြစ်သည်။ စာတန်သည် သခင်ယေရှုကိုပင် နှုတ်ကပတ်တော်ကို အသုံး

ပြုပြီး လိမ္မာပါးနပ်စွာသွေးဆောင်ခဲ့သည်။ သို့သော် သခင်ယေရှုက သူ့ကို နှုတ်ကပတ်အစစ်အမှန်အားဖြင့် ပြန်လည်ချေပခဲ့ကြောင်း တွေ့ရသည်။

## ဃ) ဝိညာဉ်တော်၏ဦးဆောင်မှုဖြင့် ဟန့်တားထားသည် (တမန်၊ ၁၆:၆)

ဖြူဂိပြည်၊ ဂလာတိပြည်ကိုလျှောက်သွားပြီးမှအာရှိပြည်၌ နှုတ်ကပတ်တရားတော်ကို မဟောစေခြင်းငှာ သန့်ရှင်းသောဝိညာဉ်တော်သည် မြစ်တားတော်မူသဖြင့် မုသိပြည်သို့ရောက်၍ ဗိသုနိပြည်သို့ သွားမည်ပြုကြစဉ် ဝိညာဉ်တော်သည် အခွင့်ပေးတော်မမူသောကြောင့် (တမန်၊ ၁၆:၆-၇)

ကျွန်ုပ်တို့၏အဓိကကျသော ဘဝဆုံးဖြတ်ချက်များသည် ကျွန်ုပ်တို့၏ အတွေးအမြင်များအပေါ်၌ မကြာခဏတည်ရှိနေသော်လည်း ဘုရားသခင်၏ ကြီးမားသောပန်းတိုင်များသာလျှင် တည်မြဲသည်။ အချို့သောမိဘများသည် သားသမီးများ၏ဘဝအတွက် ဓမ္မအမှုတော်၌ ပါဝင်ခြင်းမှလွဲ၍ ဘုရားသခင်ပေးသောကောင်းချီးအားလုံးကို လိုချင်ကြသည်။ အကယ်၍ ယင်းသည် သူတို့၏ဘဝအတွက်ဘုရားသခင်၏ရည်ရွယ်ချက်ဖြစ်လျှင် မည်သို့ဖြစ်မည်နည်း။ ဧဝံဂေလိတရားဟောပြောခြင်းသည် လူတိုင်းအတွက် ကွန်ပျူတာတစ်လုံးရရှိခြင်းထက်၊ ကြီးကျယ်ခမ်းနားသောအသင်းတော်အဆောက်အဦတစ်ခုရရှိခြင်းထက် သာ၍အရေးကြီးသည်။ ဘုရားသခင်၏သာသနာလုပ်ငန်းထက် ပိုမိုအရေးကြီးသည့်အရာဟူ၍ ဤလောကမှာ မရှိပေ။ ထို့ကြောင့် ဘုရားသခင်၏ အဆုံးစွန်သောသာသနာလုပ်ငန်းအပေါ် မိမိတို့အာရုံစိုက်အလေးပေးဖို့ လိုအပ်သည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ဘုရားသခင်၏အကြံအစည်တော်ကို အပြည့်အဝဦးစားပေးသည်။ ဘုရားသခင်၏မစ်ရှင်မှာ ဤလောကသို့ သခင်ယေရှုကြွလာ၍ ကားတိုင်ပေါ်၌ အသေခံခြင်းဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော်သည် သူ့လူများကို မွမ်းမံတပ်ဆင်ပေးပြီး မစ်ရှင်နယ်ပယ်သို့ စေလွှတ်လေ့ရှိသည်။ ဝိညာဉ်တော်သည် လူတို့ကိုစေလွှတ်လျှင် သူတို့၏အားထုတ်မှု၌ မိမိတို့ထောက်ပံ့သင်းသည်မဟုတ်လော။

ပေါလု၏သာသနာပြုခရီးစဉ်တစ်ခုမှ နောက်တစ်ခုသို့ပြန်လှည့်သွားရန် ဝိညာဉ်တော်၏ပြန်လည်ညွှန်ကြားပုံး ပြောထားသည့်ကျမ်းချက်မှာ အလွန်စိတ်ဝင်စားဖွယ်ကောင်းပေသည်။ "မုသိပြည်သို့ရောက်၍ ဗိသုနိပြည်သို့သွားမည်ပြုကြစဉ် ဝိညာဉ်တော်သည် အခွင့်ပေးတော်မမူသောကြောင့်" (တမန်၊

၁၆:၇)။ အပိုဒ်ငယ်အဆက်များကို ဖတ်ကြည့်ပါက ပေါလုသည် ခရီးဆက်နေသည့်နေရာမှပြန်လှည့်ရန် တားဆီးခံရသည်ကို တွေ့ရသည်။ “ညအခါပေါလုသည် ဗျာဒိတ်ရူပါရုံကိုမြင်ရ၍၊ မာကေဒေါနိ လူတစ်ယောက်က၊ မာကေဒေါနိပြည်သို့ ကူးပါ။ ငါတို့ကိုမစပါဟု ရပ်လျက် တောင်းပန်၏။ ၁၀-ထိုဗျာဒိတ်ရူပါရုံကို မြင်ရလျှင်၊ မာကေဒေါနိပြည်၌ ဧဝံဂေလိတရားကို ဟောစေခြင်းငှ သခင်ဘုရားသည် ငါတို့ကိုခေါ်တော်မူသည်ဟု ငါတို့သဘောကျသဖြင့်၊ ထိုပြည်သို့သွားခြင်းငှာ ချက်ချင်းရှာကြံကြ၏” (တမန်၊ ၁၆:၉-၁၀)။

“ထိုသို့ပြုလျှင် အဘယ်သူမျှကြံ၍ မမိနိုင်သော ဘုရားသခင်၏ငြိမ်သက်ခြင်းသည် ယေရှုခရစ်အားဖြင့် သင်တို့၏စိတ်နှလုံးတို့ကို စောင့်မလိမ့်မည်။ ” (ဖိလိ၊ ၄:၇)။

# ဆွေးနွေးမေးခွန်းများ

၁။ သခင်ဘုရားအမြင်နှင့် ထပ်လောင်းသိမြင်လိုသည့် သင်ကြုံတွေ့ရသောပြဿနာအချို့ကား အဘယ်နည်း။ မည်သည့်တိကျသော ထိုးထွင်းသိမြင်မှုကို သင်လိုအပ်သနည်း။

၂။ သမ္မာကျမ်းစာ၌ ကွာရှင်းခြင်း တားမြစ်ထားခြင်း သို့မဟုတ် ယုံကြည်သူသည် မယုံကြည်သူနှင့် လက်ထပ်ခြင်းကို တားမြစ်ခြင်း ရှင်းလင်းစွာဖော်ပြလျက်ပင် ဘုရားသခင်၏အလိုတော်ကို ရှာရန် မှန်ကန်ပါသလား။

၃။ သန့်ရှင်းသောဝိညာဉ်တော်၏လမ်းညွှန်မှုကို သင်ရှင်းရှင်းလင်းလင်းတွေ့မြင်ခဲ့သည့် အတွေ့အကြုံတစ်ခုကို မျှဝေပါ။

၄။ သင့်အသက်တာအတွက် သခင်ဘုရားရှင်းရှင်းလင်းလင်း သိလိုသောအရာတစ်ခု သို့မဟုတ် နှစ်ခုကား အဘယ်နည်း။

၅။ သင် မစ်ရှင်လုပ်ငန်းတွင် ပါဝင်ကူညီပါသလား။ မည်သို့နည်းရှင်းပြပါ။

၆။ ကျွန်ုပ်တို့လုပ် သင့်သောအသေးစိတ်ကို ကိုယ်တော်သည် ကျွန်ုပ်တို့အား အဘယ်ကြောင့် အသေးစိတ်မပြောပြပေးသနည်း။

၇။ ယေရမိကိုဖတ်ပြီး ဘုရားသခင်၏လူမျိုးတို့က ယေရမိ၏အကြံဉာဏ် မလိုက်နာခဲ့သည့်အကြိမ်ရေကို လေ့လာမှတ်ထားပါ။မနာခံခြင်းကြောင့် သူတို့ခံရသည့်ရလဒ်ကို သတိပြုပါ။

၈။ ဓမ္မရာဇဝင်ဒုတိယစာစောင် ၆ အရ၊ ဒါဝိဒ်က သူ့အမှားမှ သင်ယူခဲ့သည့် အရာတွင် ကျွန်ုပ်တို့အနေနှင့် အထူးသိမြင်နိုင်သည့်အရာကား အဘယ်နည်း။

# အခန်း ၇
# ဝိညာဉ်တော်၏
# သန့်ရှင်းစင်ကြယ်စေခြင်း

(၁ ပေ၊ ၁:၁-၂)

ကျွန်ုပ်တို့သည် ဘဝအသက်တာ၌ ထိမိ၍လဲကျလျက် ရှန်းကန်လျက် ရှုပ်ထွေးလျက်နေရသော်လည်း ဘုရားသခင်၏ထူးကဲသောရည်ရွယ်ချက်နှင့် ကျေးဇူးတော်ကြောင့် လျှို့ဝှက်ဆန်းကြယ်သောအသက်တာ၏ကြီးထွားမှုမှာ ဆက်လက်တည်ရှိနေပါသည်။ သို့သော် ဩဝါဒအမျိုးမျိုးလေ၌ လွင့်ပါ၍ လူးလွန့်နေသောကလေးသူငယ်များကဲ့သို့မဖြစ်သင့်ပေ (ဧဖက်၊ ၄:၁၄)။ ရင့်ကျက်သောယုံကြည်သူများအနေနှင့် ထိုသို့ဖြစ်ရန်မလိုအပ်ပါ။သန့်ရှင်းစင်ကြယ်ခြင်း ဖြစ်စဉ်၌ နေ့စဉ်ဆုံးဖြတ်ချက်များနှင့်ပတ်သက်၍ လုပ်ဆောင်စရာများစွာရှိသော်လည်း ကျွန်ုပ်တို့အသက်တာ၌ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် အဖဘုရားသခင်ပြုစေလိုသောအရာများကို ပြုလုပ်ရန်သာဖြစ်သည်။ အချို့သောယုံကြည်သူများ၏အသက်တာအတွက် မြူခိုးထူထပ်သောညတွင် မည်သည့်လမ်းလျှောက်ရမည်ကို မသိရသော်လည်း နောက်ပိုင်းတွင် မှန်ကန်သောဦးတည်ရာသို့ရောက်ရှိသွားပေမည်။ ကျွန်ုပ်၏အစောပိုင်းခရစ်ယာန်အသက်တာသည် ခါးသီးမှုနှင့်တပ်မက်မှုကို မည်သို့တိုက်လှန်ရမည်ကို မသိသောကြောင့် ကျွန်ုပ်၏ဆုံးဖြတ်ချက်များမှာ လွဲချော်မှုများရှိခဲ့သည်။ သန့်ရှင်းစင်ကြယ်ခြင်း၏အမှတ်လက္ခဏာက "ဘုရားသခင်သည် အလုပ်လုပ်တော်မူသည်" ဟုကြေ

ပြောထားသော်လည်း မပြည့်စုံမှုနှင့်ရည်ရည်ရွယ်ချက်ရှိရှိလုပ်ဆောင်မှု နှစ်ခုစလုံးကို ဆက်သွယ်ပေးသည်။ ခရစ်ယာန်ယုံကြည်သူက “ဘုရားသခင်သည်ကျွန်ုပ်ကို ကြီးထွားစေတော်မူသည်” ဟူ၍ စိတ်ချစွာပြောနိုင်သည်။

## က) ဝိညာဉ်တော်၏သန့်ရှင်းစင်ကြယ်ခြင်း အမှုတော်အားဖြင့် (၁ ပေ၊ ၁း ၁-၂)

ဘုရားသခင်၏သန့်ရှင်းခြင်းထဲသို့ မဟာအဆင့်အဖြစ် ပြောင်းလဲခြင်းသည်ခမည်းတော်ဘုရားသခင်အားဖြင့် တွေ့မြင်ရပြီး ခရစ်တော်အားဖြင့် လုပ်ဆောင်ကာ ဘုရားသခင်၏ဝိညာဉ်တော်အားဖြင့် ပြီးစီးဆောင်ရွက်သည်။ ပေတရုသည် မဟာအကြံအစည်တော်အကြောင်းကို ဤသို့ပြောခဲ့၏။ “ယေရှုခရစ်တော်၏တမန်တော် ငါပေတရုသည် ပုန္တုပြည်၊ ဂလာတိပြည်၊ ကပ္ပဒေါကိပြည်၊ အာရှပြည်နှင့်ဗိသုနိပြည်အရပ်ရပ်တို့၌ ကွဲလွင့်ပျံ့နှံ့နေသည့် အာဂန္တုများတည်းဟူသော ခရစ်တော်ကို နာခံရန်နှင့် ကိုယ်တော်၏သွေးတော်ပက်ဖျန်းခြင်းခံရရန် ဝိညာဉ်တော်အားဖြင့် သန့်ရှင်းစေခြင်းခံရ၍ ခမည်းတော်ဘုရားသခင်၏ကြိုတင်သိမြင်သောဉာဏ်တော်အတိုင်း ရွေးကောက်ခံရသောသူတို့ထံသို့စာရေးလိုက်ပါ၏”(၁ ပေ၊ ၁း၁-၂ စံမီကျမ်း)။




ဘုရားသခင်၏အကြံအစည်သည် သူ့လူတို့၏အသက်တာကို သူ့နှုတ်ကပတ်တော်အားဖြင့် အသစ်ပြုပြင်ကြောင်း ရှင်းလင်းစွာတွေ့ရ၏။ “ခမည်းတော်ဘုရားသခင်၏ကြိုတင်သိမြင်သောဉာဏ်တော်အတိုင်း ရွေးကောက်ခံရသောသူတို့” ဟူ၍ဖြစ်သည်။ ခမည်းတော်ဘုရားသခင်သည် သူရွေးကောက်သောသူတို့ကို သူ့မျက်မှောက်တော်နှင့်သူ့အသွင်သဏ္ဍာန်သို့ ခေါ်ဆောင်လာပေးသည်။ အကြံအစည်တော်သည် ယခင်ကပင် ရှိနှင့်ခဲ့ပြီဖြစ်ပြီး ယနေ့မိမိတို့အသက်တာ၌ အကောင်ထည်ဖော်နေရသည်ကို တွေ့မြင်ရသည်။ သူသည် ကျွန်ုပ်တို့၏အဘ၊ အသက်ကိုပေးသူဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်သည် ကျွန်ုပ်တို့အထဲ၌ သူ့ဝိညာဉ်တော်ကို သွင်းပေးပြီး ထိုဝိညာဉ်တော်က အသက်သစ်၊ သဘောသဘာဝသစ်နှင့်စိတ်နှလုံးသစ်များကို ဖော်ဆောင်ပေးခဲ့သည်။

"ကြီးစွာသောကရုဏာတော်နှင့်အညီ ငါတို့ကိုတစ်ဖန်ဖြစ်ဖွားစေတော်မူသော၊ ငါတို့သခင်ယေရှုခရစ်၏ခမည်းတော် ဘုရားသခင်သည် မင်္ဂလာရှိတော်မူစေသတည်း" (၁ ပေ၊ ၁:၃)။

လက်ဝါးကပ်တိုင်ပေါ်ရှိ ယေရှုခရစ်၏အသွေးတော်သည် ကျွန်ုပ်တို့အပေါ်၌ရှိသော ဘုရားသခင်၏အမျက်တော်ကို ဖယ်ရှားပေးပြီး မိမိတို့အသက်တာကို လုံခြုံစေသည်။ ကိုယ်တော်၏ရှင်ပြန်ထမြောက်ခြင်းသည် ထာဝရရွေးနုတ်ခြင်းကို အာမခံပေးသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့အသက်တာကို အဆင့်ဆင့်ကိုပြုပြင်ပြောင်းလဲပေးသည်။ ကျွန်ုပ်တို့သည် ကယ်တင်ခံရပြီးပြီ၊ နေ့စဉ်အသက်တာ၌ ဆက်လက်ကယ်တင်ခံရဦးမည်ဖြစ်သည်။ "ဝိညာဉ်တော်၏သန့်ရှင်းစင်ကြယ်ခြင်း အမှုတော်အားဖြင့်" ဟူသောစကားစုသည် ကျွန်ုပ်တို့၏ခရစ်ယာန်အသက်တာ နောက်ကွယ်တွင်ရှိနေသည့် တင်းကျပ်သောတိုးတက်မှုကို ရဲရင့်စွာဖော်ပြသည်။ ကျွန်ုပ်တို့အသက်တာ၏သန့်ရှင်းစင်ကြယ်ခြင်းသည် အစဉ်ပြောင်းလဲနေရမည်ဖြစ်ပြီး ခရစ်တော်၏ပြည့်စုံခြင်းပမာဏအရပ်တည်းဟူသောကြီးရင့်သော လူတို့၏အဖြစ်သို့ ရောက်ရှိကြမည်ဖြစ်သည် (ဧဖက်၊ ၄:၁၃)။ အောက်ကကျမ်းပိုဒ်များအရ သန့်ရှင်းစေကြယ်ခြင်း အဘယ်ကဲ့သို့စုံလင်သွားသည့်ကို သုံးသပ်ကြည့်ပါ။

"ဤသည်ကား သူတို့၏မျက်စိကိုဖွင့်ပေး၍ သူတို့ကို အမှောင်မှအလင်းသို့လည်းကောင်း၊ စာတန်၏အခွင့်အာဏာမှ ဘုရားသခင်ထံသို့လည်းကောင်း ပြောင်းလဲစေသဖြင့် သူတို့သည် ငါ့ကို ယုံကြည်ခြင်းအားဖြင့် အပြစ်များခွင့်လွှတ်ခြင်း ကျေးဇူးကိုခံစားရကာ သန့်ရှင်းစေခြင်းခံရသောသူတို့ထဲတွင် ပါဝင်ရမည့်အကြောင်းတည်း'ဟု မိန့်တော်မူခဲ့ပါသည်" (တ၊ ၂၆:၁၈ စံမီ)။

"သို့သော် သင်တို့သည် သခင်ယေရှုခရစ်တော်၏နာမတော်နှင့် ငါတို့ဘုရားသခင်၏ဝိညာဉ်တော်အားဖြင့် ဆေးကြောခြင်းခံရ၍ သန့်ရှင်းစေခြင်းခံရကာ ဖြောင့်မတ်သည်ဟုအသိအမှတ်ပြုခြင်းခံရကြ၏" (၁ကော၊ ၆:၁၁ စံမီ)။

"ထိုအလိုတော်နှင့်အညီ ယေရှုခရစ်တော်၏ကိုယ်ခန္ဓာကို တစ်ကြိမ်တည်းနှင့်အပြီး ပူဇော်ခြင်းအားဖြင့် ငါတို့သည် သန့်ရှင်းစေခြင်းခံရကြ၏" (ဟေဗြဲ၊ ၁၀:၁၀ စံမီကျမ်း)။

ဘုရားသခင်၏သားသမီးများသည် ဤလောက၌ ရုန်းကန်နေရသော်လည်း သန့်ရှင်းသောဝိညာဉ်တော်သည် သူတို့ကို အဆက်မပြတ်နှင့် စိတ်ရှည်

သည်းခံစွာဖြင့် ဘုရားသခင်ထံတော်သို့ဆွဲသွင်းလျက်နေသည်။ ဘုရားသခင်၏သားသမီးများသည် ဘုရားသခင်၏မျက်မှောက်တော်၌ အသက်ရှင်နေထိုင်နိုင်ပြီး ယေရှု၏နာမတော်အားဖြင့် ဆုတောင်းကာ သူတို့၏အသက်တာတွင် သန့်ရှင်းသောဝိညာဉ်တော်ကို အုပ်စိုးစေနိုင်သောကြောင့်ဖြစ်သည်။ ထိုသူတို့သည် ဘုရားသခင်၏သန့်ရှင်းသောဗိမာန်တော်ဖြစ်ကြသည် (ဧ၊ ၂:၂၁-၂၂)။

"သန့်ရှင်းစေ" ဟူသောစကားလုံးကို ပုံစံအမျိုးမျိုးဖြင့် သမ္မာကျမ်းစာ၌ အကြိမ် ၆၀ အသုံးပြုပြီး ဓမ္မဟောင်းနှင့်ဓမ္မသစ်ကျမ်းများတွင် အညီအမျှဖော်ပြထားသည်။ ဤစကားလုံးသည် သန့်ရှင်းစေရန်၊ သီးသန့်ခွဲထားရန်၊ သန့်ရှင်းစေသည်ဟူသောအဓိပ္ပာယ်ရှိသည်။ ရှင်ပေါလုက "သင်တို့၌ ကောင်းသောအမှုကို အစပြုခဲ့သောအရှင်သည် ခရစ်တော်ယေရှု၏နေ့ရက်တိုင်အောင် ထိုအမှုကို ပြီးမြောက်စေတော်မူလိမ့်မည်ဟု ငါယုံကြည်စိတ်ချ၏" (ဖိ၊၁:၆) ဟုဆို၏။ ထို့ကြောင့် လက်တွေ့ကျသောသန့်ရှင်းခြင်းသည် ကယ်တင်ခြင်းမှအစပြုပြီး ခရစ်တော်၏ဝိညာဉ်တော်၏တန်ခိုးဖြင့် ဆက်လက်လုပ်ဆောင်သည်။

ကျွန်ုပ်တို့၏အသက်တာ၌ သွေးဆောင်မှုများစွာနှင့် ရုန်းကန်နေရသော်လည်း ၎င်းတို့သည် ဘုရားတရားကိုင်းရှိုင်းသည့်ဆုံးဖြတ်ချက်များကို ချမှတ်စေပြီး ရှင်မြူးခြင်းရှိကြသည် (၁ ပေ၊ ၁:၆)။ ဝိညာဉ်တော်သည် ကျွန်ုပ်တို့အထဲ၌ ရှင်သန်လျက် ယုံကြည်ခြင်း၊ ငြိမ်သက်ခြင်းနှင့် ဉာဏ်အလင်းပေးခြင်းတို့ကြောင့် မိမိတို့ကို သန့်ရှင်းခြင်းသို့ဆက်လက်ရွေ့လျားစေသည်။ ကျွန်ုပ်တို့အသက်တာတွင် သန့်ရှင်းသောဝိညာဉ်တော်မည်သို့လုပ်ဆောင်သည်ကို ပိုမိုနားလည်သဘောပေါက်လာလေလေ၊ ပိုမိုအားတက်ဖွယ်ကောင်းလေဖြစ်သည်။ ကျွန်ုပ်တို့သည် သခင်ဘုရားနှင့်အတူ အလုပ်လုပ်ဆောင်ရန် သင်ယူသောအခါ ကိုယ်တော်၏တန်ခိုးသည် ကျွန်ုပ်တို့၏ရောထွေးနေသောအတွေးများ၊ စိတ်ကူးများ၊ သွေးဆောင်မှုများနှင့်ခံစားချက်များကြားတွင် ချောမွေ့စွာသွားလာရန် ကူညီပေးသည်။

ထို့ကြောင့် ဘုရားသခင်၏သန့်ရှင်းစင်ကြယ်ခြင်း လုပ်ငန်းကို သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ထင်ရှားစွာပြီးမြောက်စေပါသည်။ ၁ ပေ၊ ၁:၁-၂ က ဝိညာဉ်တော်သည် ကျွန်ုပ်တို့အား မည်သို့မည်ပုံသန့်ရှင်းစေကြယ်စေသည်ကို အသေးစိတ်မဖော်ပြသော်လည်း ကျွန်ုပ်တို့၏ကောင်းမှုများကြောင့် မိမိတို့ဝါကြွားစရာအကြောင်းမရှိစေရန် ကိုယ်တော်သည် မိမိတို့အား သူ၏ကြီးမား

သောကရဏာတော်ကို ပြတော်မူသည်။  ကျွန်ုပ်တို့၏ခွန်အား၌ ဝါကြွားမည့်အစား သူ၏နည်းလမ်းတော်များကို နားလည်ရန်နှင့် သူ၏ရည်ရွယ်ချက်များနှင့်ပူးပေါင်းဆောင်ရွက်ရန် မိမိတို့ခိုင်ခံ့ရမည်။

"သင်တို့သည် ယေရှုခရစ်တော်ကို နာခံမည်အကြောင်း" ဟူ၍ ပေတရုကောက်ချက်ချခဲ့သည်။ သန့်ရှင်းသောဝိညာဉ်တော်၏ရည်ရွယ်ချက်က မိမိတို့အား သန့်ရှင်းခြင်းသို့ပို့ဆောင်ပြီး  ကျွန်ုပ်တို့၏သန့်ရှင်းသောသခင်နှင့် ပိုမိုနီးကပ်လာစေသည်။ ကျွန်ုပ်တို့သည် မိမိတို့၏အပြစ်မှ လွတ်မြောက်ရုံသာမက ယေရှုခရစ်အား အစဉ်တစိုက်နာခံမှုဖြင့် အသက်ရှင်နေထိုင်ရန် ညွှန်ကြားခံရပါသည်။

## ခ) သန့်ရှင်းသောဝိညာဉ်တော်၏ဗိမာန်တော် (၁ကော၊ ၃:၁၆)

သန့်ရှင်းစင်ကြယ်ခြင်း လုပ်ငန်းစဉ်ကို ကျမ်းစာထဲတွင် ကွဲပြားစွာရှင်းပြထားသည်။ သန့်ရှင်းခြင်းနှင့်စပ်လျဉ်း၍ ကျွန်ုပ်တို့၏အမြင်သဘောထားကို အားဖြည့်ပေးရန် ပေါလုသည် ဗိမာန်တော်ကို အသုံးပြုခဲ့သည်။ "သင်တို့သည် ဘုရားသခင်၏ဗိမာန်တော်ဖြစ်ကြသည်ကိုလည်းကောင်း၊    ဘုရားသခင်၏ဝိညာဉ်တော်သည် သင်တို့အထဲ၌ ကျိန်းဝပ်တော်မူသည်ကိုလည်းကောင်း မသိကြသလော" (၁ကော၊ ၃:၁၆)။ ပေါလုက ကျွန်ုပ်တို့သည် ဘုရားသခင်၏လူမျိုးနှင့်ဘုရားသခင်၏ဗိမာန်တော်ဖြစ်ကြောင်း ပြတ်သားစွာဖော်ပြသည်။

ဒေသတစ်ခုမှာ ရုပ်တုများနှင့် ပြည့်နေသောဘုံဗိမာန်တစ်ခုမဟုတ်ပါ။ ယင်းအစား ယေရုရှလင်၌ တွေ့ရသည့် ဘုရားသခင်၏သန့်ရှင်းသောဗိမာန်တော်၊ တစ်နည်းအားဖြင့် သန့်ရှင်းသောနေရာနှင့်အတွင်းသန့်ရှင်းသောနေရာကိုရည်ညွှန်းပြီး ဘုရားသခင်ကျိန်းဝပ်တော်မူရာနေရာကို ဆိုလိုသည်။ ကျွန်ုပ်တို့သည် ဗိမာန်တော်သို့လာရောက်လေ့လာသူများ သို့မဟုတ် တက်ရောက်သူများမဟုတ်၊ "သင်တို့သည် ဘုရားသခင်၏ဗိမာန်တော်ဖြစ်သည်" ဟူ၍ရှိသည်။ ဘုရားသခင်၏လူတို့တွေ့ကြုံရမည့် ပထမလုပ်ငန်းစဉ်များထဲမှတစ်ခုမှာ ညစ်ညမ်းခြင်းမှ မြင့်မြတ်သောလူများအဖြစ် အသွင်ပြောင်းခြင်းဖြစ်သည်။ ဆိုလိုသည်မှာ အဆောက်အဦးသန့်ရှင်းမှုကို မဆိုလိုဘဲ သန့်ရှင်းသောလူများကိုဆိုလိုသည်("သန့်ရှင်းသောယဇ်ပုရောဟိတ်အမျိုး"၁ပေ၊၂:၅)။ ဘုရားသခင်က သူ့လူမျိုးများအလယ်၌ရှိနေခြင်းသည် သူတို့ကို သန့်ရှင်းသောဗိမာန်တော်

အဖြစ် သတ်မှတ်သောကြောင့်ဖြစ်သည်။ ကျွန်ုပ်တို့၏ကိုယ်ခန္ဓာ၊ အတွေးအမြင်များနှင့် ဆုံးဖြတ်ချက်များအားလုံးသည် ကျွန်ုပ်တို့၏သခင်နှစ်သက်သောအရာနှင့်အညီ ဖြစ်ရမည်။ ယုံကြည်သူတစ်ဦးသည် သူ၏အပြစ်များမှ လွတ်မြောက်၍ သခင်ဘုရားနှင့်စပ်ဆိုင်သောကြောင့် ကိုယ်တော်၏သန့်ရှင်းသောရည်ရွယ်ချက်များအတွက် အသက်ရှင်ရမည်ဖြစ်သည်။

ပေါလုက ကျွန်ုပ်တို့၏တွေးခေါ်ပုံကို ထပ်မံသုံးသပ်သည်၊ "ဘုရားသခင်၏ဝိညာဉ်တော်သည် သင်တို့အထဲ၌ ကျိန်းဝပ်တော်မူသည်။" ဘုရားသခင်၏လူတို့သည် အနာဂတ်၌ သူတို့အတွက် ဘုရားသခင်၏ရည်ရွယ်ချက်ဖြင့် ပုံဆောင်ချက်သဘောမျှသာ လုပ်ဆောင်ရန်မဟုတ်ဘဲ ဝိညာဉ်တော်အတူပါရှိခြင်းအားဖြင့် ဘုရားသခင်အတွက် သီးသန့်ခွဲထားခြင်းခံရသူများဖြစ်သည်။ အနန္တတန်ခိုးရှင်ဘုရားသခင်သည် ကျွန်ုပ်တို့အထဲ၌ အမှန်တကယ်တည်ရှိသည်ဖြစ်၍ သူ၏အံ့ဩဖွယ်သန့်ရှင်းသောတည်ရှိမှုသည် မိမိတို့၏စရိုက်လက္ခဏာကိုပုံသွင်းပေးသည်။ ဤနေရာ၌ "သန့်ရှင်းသောဝိညာဉ်တော်" ဟူသောအသုံးအနှုန်းကိုအသုံးမပြုဘဲ "ဘုရားသခင်၏ဝိညာဉ်တော်" ဟူ၍သာ ဓမ္မသစ်ကျမ်းစာတွင် ၉၂ ကြိမ်၊ အများဆုံးအသုံးပြုထားသည်။ ဤသန့်ရှင်းသောဩဇာကိုကျွန်ုပ်တို့၏အသက်တာ၌ အဆက်မပြတ်အလုပ်လုပ်လျက်နေသည်။

ကျွန်ုပ်တို့၏အသက်တာ၌ သန့်ရှင်းသောဘုရားသခင်၏အတူပါရှိခြင်းသည် အသက်တာ၏ကြီးထွားမှုအတွက် အခြေခံအကျဆုံးဖြစ်ပြီး အလွန်အဓိပ္ပာယ်ရှိသည်။ ဤအဆက်မပြတ်တည်ရှိနေခြင်းသည် ကျွန်ုပ်တို့၏တုံ့ပြန်မှုများကို လွှမ်းမိုးပါသည်။ သင့်အိမ်ရှိလူတစ်ဦး/အလုပ်ရှိလူတစ်ဦးက သင်ပြောသောအရာအပေါ် မည်သို့လွှမ်းမိုးနိုင်သည်ကို စဉ်းစားကြည့်ပါ။ အလားတူပင် ကျွန်ုပ်တို့အထဲ၌ ဘုရားသခင်၏ဝိညာဉ်တော်ကျိန်းဝပ်နေခြင်းသည် မိမိတို့၏အသက်တာကို များစွာပြောင်းလဲစေသည်။ ထို့ကြောင့် ဝိညာဉ်တော်သည် မိမိတို့အထဲ၌ ကျိန်းဝပ်သောအခါ သူ၏အကြံတော်များကို မိမိတို့အား မှန်မှန်မျှဝေရန်၊ သာ၍မြင့်မားသောရည်ရွယ်ချက်များရှိကြောင်း နားလည်သင့်သည်။ ကိုယ်တော်၏ကျိန်းဝပ်တည်ရှိနေခြင်းမှာ ကျွန်ုပ်တို့သည် ကိုယ်တော်နှင့်သက်ဆိုင်ကြောင်း ခိုင်လုံစွာဆက်သွယ်ဖော်ပြသည်။

ကျွန်ုပ်တို့သည် ကိုယ်တော်အဖို့ ပိုမိုကောင်းမွန်သောအိမ်ရှင်ဖြစ်လာနိုင်စေရန် ဘုရားသခင်သည် ကျွန်ုပ်တို့အသက်တာ၌ အထူးဥဒ္ဒေသည်တော်

ဖြစ်ပြီး ကျွန်ုပ်တို့လုပ်ဆောင်ရာ၊ ကျွန်ုပ်တို့သွားရာနေရာ၊ ကျွန်ုပ်တို့ပြောသော အရာကို ပုံဖော်ပေးသောညွှေ့သည်တော်ဖြစ်တော်မူသည်။

### ဂ) ဆန်းပြားသော Duo (၂သက်၊ ၂:၁၃)

သန့်ရှင်းစင်ကြယ်ခြင်းနှင့်ပတ်သက်၍ ပြောစရာများစွာရှိသော်လည်း ကျွန်ုပ်တို့၏အဓိကဦးတည်ချက်မှာ သန့်ရှင်းသောဝိညာဉ်တော်သည် မိမိတို့၏ဝိညာဉ်ရေးကြီးထွားမှုနှင့်မည်သို့ဆက်စပ်နေသည်ကို ဦးတည်ပါသည်။ ပေါလုက "သို့သော် သခင်ဘုရားချစ်တော်မူသောညီအစ်ကိုတို့၊ ငါတို့သည် သင်တို့အတွက် ဘုရားသခင်ကို အစဉ်အမြဲကျေးဇူးတင်သင့်၏။ အကြောင်းမှာ သင်တို့သည် ဝိညာဉ်တော်အားဖြင့် သန့်ရှင်းစေခြင်းခံရ၍ သမ္မာတရားကို ယုံကြည်ခြင်းအားဖြင့် ကယ်တင်ခြင်းရရှိရန်အတွက် ဘုရားသခင်သည် သင်တို့ကို အသီးဦးအဖြစ် ရွေးကောက်တော်မူသောကြောင့်ဖြစ်၏" (၂ သက်၊ ၂:၁၃ စံမီကျမ်း)။

ဘုရားသခင်ပြုသောသန့်ရှင်းခြင်း အရေးကြီးပုံကို ပေတရုအတည်ပြုသကဲ့သို့ပင် ပေါလု၏စကားများကို ကြည့်ကြပါစို့။ "ကယ်တင်ခြင်းရရှိရန်အတွက် ဘုရားသခင်သည် သင်တို့ကို အသီးဦးအဖြစ် ရွေးကောက်တော်မူသောကြောင့်ဖြစ်သည်။" ဘုရားသခင်သည် သူ့လူများအတွက် အသစ်တစ်ဖန်မွေးဖွားခြင်းကို ယူဆောင်လာရန် ရွေးကောက်ခဲ့သည်။ ထိုသို့ ရွေးကောက်ခြင်းသည် သူတို့၏စွမ်းဆောင်မှုများအပေါ်၌ မမူတည်ဘဲ သူ့အပေါ်၌သာ မူတည်ပါသည်။ ကလေးသည် သူမွေးဖွားသောမိသားစုကို မရွေးချယ်သကဲ့သို့ ကျွန်ုပ်တို့၏ခရစ်ယာန်အသက်တာသည်လည်း ထို့အတူဖြစ်သည် (တိ၊ ၃:၅)။ ကျွန်ုပ်တို့သည် ဘုရားသခင်၏မိသားစု၌ ပါဝင်နိုင်စေရန် ကျွန်ုပ်တို့ကို ဘုရားသခင်ရွေးကောက်ခဲ့သည်။ ဤသမ္မာတရားသည် မိမိတို့၏စိတ်ဝိညာဉ်ထဲ၌ ကျေးဇူးတော်ချီးမွမ်းခြင်းကို ဖြစ်စေသင့်သည်။

"ဝိညာဉ်တော်အားဖြင့် သန့်ရှင်းစေခြင်းခံရ၍ သမ္မာတရားကို ယုံကြည်ခြင်းအားဖြင့် ကယ်တင်ခြင်းရရှိရန်အတွက်" ဟူသောစကားစုသည် ကျွန်ုပ်တို့အထဲ၌ ခမည်းတော်ဘုရားလုပ်ဆောင်ပေးသည့်ရည်ရွယ်ချက်နှင့် အဓိပ္ပါယ်ကို ဖော်ထုတ်ပေးသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၏ကိုယ်ခန္ဓာကို အပြစ်တရားမှကယ်တင်လိုသည်။ ယုံကြည်သူအားလုံးတို့၏အသက်တာထဲ၌ သန့်ရှင်း

သောဝိညာဉ်တော်၏အစွမ်းတိုးခိုး အခန်းကဏ္ဍကို ပြန်လည်အလေးပေးဖော်ပြသည်။ ဘုရားသခင်သည် ယုံကြည်သူတိုင်း သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ပုံသဏ္ဍာန်ပြောင်းလဲခြင်းရှိရန် မျှော်လင့်လျက်နေသည်။ သို့ဖြစ်လျှင် ယုံကြည်သူတိုင်းသည် မိမိတို့အသက်တာ၌ ဘုရားသခင်ပြုခဲ့သည့်အရာများသာမက လက်ရှိပြုလိုသောအရာများနှင့် ဆက်လက်ပြုဦးမည့်အရာများကို သင်ယူစေလိုသည်။

"အားဖြင့်" ဟူသောစကားလုံးသည် ကျွန်ုပ်တို့ကို ဘုရားသခင်ပြင်ဆင်ပေးသည့်အဓိပ္ပာယ်နှစ်မျိုးကိုဆိုလိုသည်။ "သင်တို့သည် ဝိညာဉ်တော်အားဖြင့် သန့်ရှင်းစေခြင်းခံရ၍ သမ္မာတရားကိုယုံကြည်ခြင်းအားဖြင့် ကယ်တင်ခြင်းရရှိရန်အတွက်" ဟုဆိုသောအခါ ကျွန်ုပ်တို့၌ သန့်ရှင်းသောဝိညာဉ်တော်၏အမှုတော်အလေးပေးခြင်းကို ဖော်ပြသည်။ ဘုရားသခင်၏ဝိညာဉ်တော်သည် မိမိတို့၏ဝိညာဉ်ရေးအသက်တာ၏ရင်းမြစ်ဖြစ်သည်။ ခရစ်တော်၌ ကျွန်ုပ်တို့၏အသက်တာအသစ် DNA သည် သန့်ရှင်းသောဝိညာဉ်တော်ဖြစ်သည်။ သူ၏ရည်ရွယ်ချက်များသည် ကျွန်ုပ်တို့၏ရည်ရွယ်ချက်များဖြစ်လာသည်။

ပေါလုကလည်း ကျွန်ုပ်တို့အသက်တာ၌ "သမ္မာတရားကို ယုံကြည်ခြင်း" ဟုဖော်ပြသည်။ ဘုရားသခင်၏ဝိညာဉ်တော်သည် ဘုရားသခင်၏သမ္မာတရားကို ကျွန်ုပ်တို့စိတ်ထဲသို့သယ်ဆောင်လာပေးသည်။ သူသည် ကျွန်ုပ်တို့ကိုသင်ပေးသည်၊ ဉာဏ်အလင်းပေးသည်၊ အပြစ်ကို ထောက်ပြသည် (၂တိ၊ ၃:၁၆-၁၇)။ သမ္မာတရား၊ ဝိညာဉ်တော်၏ဓား (ဧ၊ ၆:၁၇) သည် ကျွန်ုပ်တို့၏အသက်တာကို ပြောင်းလဲစေပြီး အသင်းတော်နှင့်ယုံကြည်သူများ၏အသက်တာ၌ ဘုရားသခင်၏အလုပ်အပြည့်အစုံကို ယူဆောင်လာပေးသည်။

ဝိညာဉ်တော်အားဖြင့် ဘုရားသခင်၏အမျိုးမျိုးသောအမှုတော်ကို တိုးချဲ့လိမ့်မည်။ ဝိညာဉ်တော်သည် ယုံကြည်သူတိုင်းကို ဘုရားသခင်နှင့် ပေါင်းသင်းဆက်ဆံနိုင်စေသည်။ ဘုရားသခင်သည် စကြာဝဠာကို ဖန်ရှင်းပြီး အဝေး၌နေသောသူမဟုတ်ဘဲ ကျွန်ုပ်တို့နှင့် စကားပြောဆိုရန် တောင်းဆိုတော်မူသောကောင်းကင်ဘုံရှင်အဖဖြစ်သည်။ ကျွန်ုပ်သည် ယုံကြည်သူဖြစ်လာသောအခါ ဝိညာဉ်တော်သည် ကျွန်ုပ်အား အပြစ်ကိုဖော်ပြပေးပြီး မကောင်းသောစကားများကို လက်မခံနိုင်တော့ကြောင်း သိစေခဲ့သည်။ နောက်ပိုင်းတွင် "သင်တို့၏နှုတ်ထဲမှမကောင်းသောစကားတစ်ခွန်းကိုမျှမထွက်စေနှင့်။ ကြားရသော

သူတို့ကို ကျေးဇူးပြုနိုင်ရန် လိုအပ်ချက်နှင့်အညီ တည်ဆောက်စရာဖြစ်စေသည့်ကောင်းသောစကားတို့ကိုသာ ပြောဆိုကြလော့” (ဧ၊ ၄:၂၉)။

ခရစ်ယာန်ဆည်းကပ်ခြင်း၏ကဏ္ဍသုံးရပ်ကို ဝိညာဉ်တော်က မည်ကဲ့သို့ပေါင်းစည်းပုံကို အောက်ဖော်ပြပါပုံ၌ မီးမောင်းထိုးပြသည်။ သခင်ဘုရားသည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို သဘောပေါက်နားလည်ရန် မိမိတို့ကို ကူညီသည်။ ထို့ပြင် မှန်ကန်သော တွေးခေါ်မှုနှင့် လုပ်ဆောင်ချက်ကိုလုပ်ဆောင်ရန် မိမိတို့ကို နှိုးဆော်ပြီး သူ၏အလိုဆန္ဒကို ဆောင်ရန်နှင့်မသန့်ရှင်းသော




အပြုအမူကို မလိုလားရန် တိုက်တွန်းထားသည်။ ကျွန်ုပ်တို့သည် နှုတ်ကပတ်တော်များကို ပိုမိုလေ့လာသင်ယူပြီး ကိုယ်တော်အား နာခံမှု ကြီးထွားလာသည်နှင့်အမျှ ဘုရားသခင်သည် ပို၍ကြီးမြတ်သောကြီးထွားမှုနှင့်အလိုတော်ကို ပိုမိုရှင်းလင်းစွာနားလည်ခြင်းကို မိမိတို့အား ပေးသနားခဲ့သည်။ မည်သည့်ယုံကြည်သူမျှ ဘုရားသခင်နှင့် သူ၏နှုတ်ကပတ်တော်များကို နာခံမှု၌ ပုံမှန်အချိန်မယူဘဲ ခရီးဝေးကိုသွားနိုင်မည်မဟုတ်ပေ။

“သို့သော်လည်း သန့်ရှင်းသောဝိညာဉ်တော်သည် သန့်ရှင်းစေတော်မူသော နှစ်သက်ဖွယ်ရာ ပူဇော်သကာတည်းဟူသော တစ်ပါးအမျိုးတို့ကို ပူဇော်ခြင်းငှာ ငါသည် ဘုရားသခင်၏ဧဝံဂေလိတရားကို ဟောပြောသောအမှုကို ဆောင်ရွက်၍ တစ်ပါးအမျိုးသားတို့တွင် ယေရှုခရစ်၏အမှုဆောင်ဖြစ်မည်အကြောင်း ဘုရားသခင်သည် ငါ၌အပ်ပေးတော်မူသော ကျေးဇူးတော်ကို ငါအမှီပြု၍ ညီအစ်ကိုတို့၊ သင်တို့ကို သတိပေးလျက် သာ၍ရဲရင့်စွာရေးလိုက်ပါ၏။” (ရော၊ ၁၅:၁၆)

# ဆွေးနွေးမေးခွန်းများ

၁။ လူငယ်နှင့်ရင့်ကျက်ယုံကြည်သူကြား ကွာခြားချက်ကား အဘယ်နည်း။
၂။ "သန့်ရှင်းစင်ကြယ်ခြင်း" ကို ရှင်းပြပါ။
၃။ ဘုရားသခင်၏ဝိညာဉ်တော်က သင့်အား မှားသည်/မှန်သည်ကို သိစေသည့်အတွေ့အကြုံနှစ်ခုကို မျှဝေပါ။
၄။ ဘုရားသခင်ကျိန်းဝပ်တော်မူသည့် သန့်ရှင်းသောဗိမာန်တော်အဖြစ် မှန်ကို သင်တွေးတောဖူးပါသလား။ ယင်းက သင့်အတွက် သက်ရောက်မှု အချို့ရှိပါသလား။
၅။ သင့်အသက်တာထဲသို့ ဘုရားသခင့်နှုတ်ကပတ်တော်ဝင်ရောက်မှုကို နေ့စဉ် မည်သို့သေချာစေသနည်း။ ထိုအရာက သင့်အား ယခင်က ကူညီပေးခဲ့ပုံကို မျှဝေပါ။
၆။ မီးပုံဇယားကို ရှင်းပြပါ။
၇။ သန့်ရှင်းသောဝိညာဉ်တော်သည် သူ့လူတို့ကို သန့်ရှင်းစင်ကြယ်စေပုံကို အကျဉ်းချုပ်ဖော်ပြပါ။

# အခန်း ၈
# ဝိညာဉ်တော်အားဖြင့် လျှောက်လှမ်းခြင်း

(ဂလာ၊ ၅:၁၆-၂၄)

ယုံကြည်သူတိုင်းက ဘုရားသခင်၏ဝိညာဉ်တော်လမ်းညွှန်မှုနှင့် ကူညီခြင်းကို ခံရရန် အိပ်မက်မက်ကြသည်။ သို့သော် လက်တွေ့မှာ ဘာကိုဆိုလိုသနည်း။ ရှေးပရောဖက်များအပေါ်သို့ ဝိညာဉ်တော်သည် တန်ခိုးနှင့် ဆင်းကြွလာသောအခါ ၎င်းတို့သည် ဝိညာဉ်တော်နှင့် ပြည့်ဝကြသည်။ သို့သော် ဓမ္မသစ်ကျမ်းစာတွင် "ဝိညာဉ်တော်၌ လျှောက်လှမ်းခြင်း" ဟူသောစကားစု၏ အဓိပ္ပါယ်ကို ကောင်းစွာဖော်ပြခြင်းမရှိပေ။ အကြောင်းမှာ လက်ဝါးကပ်တိုင်တရားက ဘုရားသခင်၏လုပ်ဆောင်ပုံနှင့် သူ့လူများမှတစ်ဆင့် ကြီးမားသောပြောင်းလဲမှုကို ဖြစ်ပေါ်စေသောကြောင့်ဖြစ်သည်။ ခရစ်ယာန်အသက်တာသည် အသစ်ဖြစ်လာပြီး အားကြီးသော၊ အင်အားကြီးသော၊ ရင်းနှီးသော၊ ပျံ့နှံ့နေသောအသက်တာဖြစ်လာသည်။ယခုဘုရားသခင်သည် သူ့လူများ၊ အသင်းတော်များအားဖြင့် ဒုစရိုက်အပြစ်၊ လောကနှင့်နတ်ဆိုးကို တိုက်လှန်လျက်ရှိသည်။၎င်းကို "ဝိညာဉ်ရေးစစ်ပွဲ"ဟုဖော်ပြထားသည်။ ဤကျေးဇူးတော်ခေတ်ကာလတွင် ကိုယ်တော်၏လူအားလုံးထဲ၌ ဝိညာဉ်တော်ကျိန်းဝပ်သည်ဖြစ်၍ ယုံကြည်သူများအနေနှင့် ဝိညာဉ်တော်၌ လျှောက်လှမ်းပုံအခြေခံများကို သင်ယူပြီး ကျွမ်းကျင်ရန် လိုအပ်ပါသည်။

### က) ဝိညာဉ်တော်အားဖြင့် အသက်ရှင်ပါ (ဂလာ၊ ၅:၂၄-၂၅)

"ရန်လိုသောစိတ်၊ အချင်းချင်းမလိုမုန်းထားသောစိတ်မရှိဘဲနေကြကုန်စို့။ ခရစ်တော်နှင့်စပ်ဆိုင်သောသူတို့သည် ဇာတိပကတိကိုလည်းကောင်း၊ ဇာတိပကတိစိတ်များနှင့် အလိုဆန္ဒများကိုလည်းကောင်း၊ လက်ဝါးကပ်တိုင်မှာ ရိုက်ထားကြပြီ။ သို့ဖြစ်၍ ငါတို့သည် ဝိညာဉ်ပကတိကြောင့် အသက်ရှင်လျှင် ဝိညာဉ်ပကတိအတိုင်း ကျင့်ကြကုန်အံ့"(ဂလာ၊ ၅:၂၄-၂၅ စံမီကျမ်း)။

ယာဉ်တိုင်းတွင် အင်ဂျင်ပါရှိပြီး ၎င်းက ပါဝါကို ဖြစ်စေသောအရင်းအမြစ်ဖြစ်သည်။ အင်ဂျင်က စွမ်းအင်ကိုဖြစ်စေ၍ စက်ကိရိယာများကိုလည်းပတ်စေကာ ယာဉ်ကို ရွေ့လျားစေပါသည်။ ဝိညာဉ်တော်အားဖြင့် အသက်ရှင်ခြင်းသည် ကြီးမားသောတန်ခိုးအကြောင်းကို ပြောဆိုပြီး ယုံကြည်သူ၏အသက်တာကို မောင်းနှင်ပါသည်။ ခရစ်ယာန်ဘာသာသည် ဘာသာတစ်ခုမျှသာမဟုတ်ပါ။ ယင်းအစား ယုံကြည်သူအုပ်စုဟု သိရှိပြီး နေရာအနှံ့ပျံ့နှံ့သွားသည့် ဘုရားသခင်၏ဝိညာဉ်တော်အားဖြင့် စုစည်းထားမှုကို ထင်ဟပ်စေသည်။ ထိုသူတို့သည် ဘုရားသခင်၏သားသမီးများဖြစ်ပြီး အလိုတော်နှင့်အညီ နေထိုင်အသက်ရှင်ရန် ခေါ်ထားခြင်းခံရသူများဖြစ်သည်။

ဘုရားသခင်၏လူတို့သည် သူတို့၏တန်ခိုးအားဖြင့် သို့မဟုတ် ကိုယ်ပိုင်လမ်းညွှန်မှုဖြင့် အသက်ရှင်ကြသည်မဟုတ်၊ အသက်ရှင်သောဘုရားသခင်၏ ဝိညာဉ်တော်၏ပို့ဆောင်ခြင်းအားဖြင့် အသက်ရှင်ကြသည်။ ကျွန်ုပ်တို့သည် "ခရစ်တော်ယေရှု" နှင့်စပ်ဆိုင်ပြီး မိမိတို့၏ဘဝတစ်ခုလုံးသည် ဘုရားသခင်၏ဝိညာဉ်တော်အားဖြင့် လည်ပတ်နေသည်။ အလွန်ပင်အံ့သြဖွယ်ကောင်းပေသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၏အသက်တာတွင် လှုပ်လျှားနေသည်ဟု ထင်မြင်ခြင်းမှာ အချို့သူများအတွက် အလွန်ထူးခြားပေလိမ့်မည်။

လူသစ်အသက်တာဟူသည်မှာ ဒေါသ၊ ယုတ်မာမှု၊ ခါးသီးမှု၊ တပ်မက်မှု၊ ပူပန်မှု၊ မနာလိုမှုတို့ကို ချွတ်ပယ်ပြီး ကျွန်ုပ်တို့အသက်တာ၌ ဘုရားသခင်သွင်းပေးသည့်ချစ်ခြင်းမေတ္တာ၊ တန်ခိုး၊ ဉာဏ်ပညာ၊ ငြိမ်သက်ခြင်း၊ မျှော်လင့်ချက်၊ ရွှင်လန်းမှု စသည်တို့ကို ရရှိခြင်းဖြစ်ပါသည်။ ဝိညာဉ်တော်၏အသီးများဟူသောအကြောင်းကို ဆွေးနွေးသောအခါ နောက်ပိုင်းတွင် အသေးစိတ်ဖော်ပြပေးပါမည်။ ကျွန်ုပ်တို့ကို မထီမဲ့မြင်ပြုသူများက ကျွန်ုပ်တို့ကို မည်သို့ဆက်

ဆံနေပါစေ အမှန်ပင် သူတို့ကို ချစ်နိုင်ပါသည်။ အကြောင်းမှာ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာတော်သည် ကျွန်ုပ်တို့အထဲသို့သွန်းလောင်းခံခဲ့ရသောကြောင့် ဖြစ်သည်။

ဓမ္မဟောင်းကာလမှာ ဘုရားသခင်၏ဝိညာဉ်တော်သည် အချို့သောလူများအပေါ်သို့ အထူးရည်ရွယ်ချက်များနှင့် သက်ရောက်ခဲ့သည်။ ဘုရားသခင်ပေးအပ်သည့် ကြီးမားသောရည်ရွယ်ချက်များကို အကောင်အထည်ဖော်ရန်ဖြစ်သည်။ ဧလိယသည် ထိုအကြောင်းနှင့်ပတ်သက်၍ စံနမူနကောင်း စိုက်ထူနိုင်ခဲ့သည်။ ရှံဆုန်မူကား မိမိ၏စိတ်ဆန္ဒနောက်ကို လိုက်သောကြောင့် ရန်သူတပ်များကိုအနိုင်ယူရန် ဘုရားသခင်၏ကြီးမြတ်သောရည်ရွယ်ချက်ကို အဆုံးထိမထမ်းဆောင်နိုင်ခဲ့ပေ။ "ငါသည် သူတို့၏ဘုရားသခင်ဖြစ်အံ့သောငှာ သာသနာပလူတို့မျက်မှောက်၌ အဲဂုတ္တုပြည်မှ ငါနုတ်ဆောင်သောသူတို့ဘိုးဘေးနှင့် ငါပြုသောပဋိညာဉ်ကို သူတို့အတွက် ငါအောက်မေ့မည်။ ငါသည် ထာဝရဘုရားဖြစ်သည်ဟုမိန့်တော်မူ၏" (ဝတ်၊၂၆:၄၅)။ ဤကျမ်းပိုဒ်က ပေတရုဖော်ပြထားသည့် ကျွန်ုပ်တို့အား သခင်ဘုရားရွေးနုတ်ကယ်တင်မည့်သဘောတရားတစ်ခုလုံးကို အမှတ်ရစေပါသည် "ရွေးချယ်တော်မူသောအမျိုး ဖြစ်ကြ၏။ မင်းစည်းစိမ်ရှိသောယဇ်ပုရောဟိတ်မျိုး၊ သန့်ရှင်းသောလူမျိုး၊ ပိုင်ထိုက်တော်မူသောအပေါင်းအသင်းဖြစ်ကြ၏" (၁ ပေ၊ ၂:၉)။ ကျွန်ုပ်တို့သည် ခရစ်တော်အားဖြင့် ဘုရားသခင်နှင့်စပ်ဆိုင်သောကြောင့် သူသည် ကျွန်ုပ်တို့အား သူ၏အလိုတော်ဆောင်ရန် သူ၏သန့်ရှင်းသောတန်ခိုးဖြင့် ကျွန်ုပ်တို့ကို အားဖြည့်ပေးသည်။ ယေဇကျေလသည် ကျွန်ုပ်တို့ခေတ်ကာလအတွက် ဤသို့ပရောဖက်ပြုဟောပြောခဲ့သည်။

"စိတ်နှလုံးသစ်ကို ငါပေးမည်။ သဘောသစ်ကို သွင်းထားမည်။ သင်တို့ကိုယ်ခန္ဓာထဲက ကျောက်နှလုံးကိုနုတ်၍ အသားနှလုံးကို ပေးမည်။ ငါ့ဝိညာဉ်ကိုလည်း သင်တို့အထဲသို့ သွင်းပေးသဖြင့် သင်တို့သည် ငါ၏တရားလမ်းသို့ လိုက်၍ ငါစီရင်တော်မူချက်တို့ကို စောင့်ရှောက်ကြလိမ့်မည်"(ယေဇ၊ ၃၆:၂၆-၂၇)။

ဝိညာဉ်တော်အားဖြင့် အသက်ရှင်ခြင်းသည် ကျွန်ုပ်တို့၏ဝိညာဉ်ရေးအသက်တာ မည်ကဲ့သို့အရင်းခံသည်ကို သရုပ်ဖော်ခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် နွမ်းနယ်ခြင်းမရှိ၊ တောက်ပသောနေမင်း၊ ဘုန်းကြီးသောသားတော်၊

ရှင်ပြန်ထမြောက်ခြင်းတန်ခိုးတော်အားဖြင့် ကျွန်ုပ်တို့အသက်တာကို အဆက်မပြတ်ခွန်အား ဖြည့်ဆည်းပေးလျက်နေသည်။ ဘုရားသခင်၏လူတို့သည် အမြဲခြိယ်လှယ်ခြင်းခံရဖို့ ဖန်ဆင်းခြင်းခံသောသူများမဟုတ်ဘဲ ဝိညာဉ်တော်၏လှုပ်ရှားမှုအားဖြင့် အဆက်မပြတ်သက်ရောက်မှုရှိစေရန်ဖြစ်သည်။ ဝိညာဉ်တော်အားဖြင့် အသက်ရှင်ခြင်းဆိုသည်မှာ ကျွန်တော်တို့မည်သည့်အခါမျှ ကျရှုံးဖို့မဟုတ်ဟု ဆိုလိုသည်။ ကျွန်တော်တို့သည် ဝိညာဉ်တော်ဘုရား၏တန်ခိုးအားဖြင့် သခင်ယေရှုကဲ့သို့ ခက်ခဲသောအချိန်အခါများ၊ သွေးဆောင်မှုများကို ကျော်ဖြတ်သွားရမည်။

ကျွန်ုပ်တို့၏ဝိညာဉ်ရေးမွေးဖွားခြင်းကို ခရစ်ယာန်အသက်တာနှင့် ချိတ်ဆက်ခြင်းအားဖြင့် ကျွန်ုပ်တို့၏အသက်တာ၌ သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးအားဖြင့် အသစ်ပြုပြင်မွမ်းမံခံရပြီး တန်ခိုးဖြည့်ဆည်းပေးသည်ကို စဉ်းစားစေပါသည်။ ယုံကြည်သူမည်သူမဆို ဧသောကဲ့သို့မဖြစ်ဖို့ သတိပြုရမည်။ ဧသောသည် တစ်နပ်စာအဖိုးနှင့် သားဦးအရိုက်အရာကို မထင်မှဲမြင်ပြုပြီး သူ့ညီဆီရောင်းစားကာ ဘုရားသခင်ကို မရိုမသေပြုခဲ့သူဖြစ်သည် (ဟေဗြဲ၊ ၁၂:၁၆)။ ဤလောကမှာ ရှင်လျက်ပင် သေနေသောသူမဟုတ်ဘဲ ဘုရားသခင်၏ဝိညာဉ်တော်အားဖြင့် လျှောက်လှမ်းအသက်ရှင်ပါ။

## ခ) ဝိညာဉ်တော်အားဖြင့် လျှောက်လှမ်းပါ (ဂလာ ၅:၁၆-၂၅)

“ဝိညာဉ်တော်အားဖြင့် အသက်ရှင်ခြင်း” နှင့် “ဝိညာဉ်တော်အားဖြင့် လျှောက်လှမ်းခြင်း” ဟူသောစကားစုနှစ်ခုသည် ဆင်တူစကားလုံးဖြစ်သောကြောင့် အဓိပ္ပာယ်ကို လွဲမှားစွာကောက်ချက်ချနိုင်သည်။ ဤစကားစုနှစ်ခုကို ကျွန်ုပ်တို့အလေးအနက်မစဉ်းစားမချင်း ခြားနားချက်အနည်းငယ်မျှသာ ရှိပုံရသည်။ “ဝိညာဉ်တော်အားဖြင့် အသက်ရှင်ခြင်း” သည် ကျွန်ုပ်တို့၏အသက်တာ၌ ဝိညာဉ်တော်၏အစွမ်းတန်ခိုးရှိလာခြင်းကို ရည်ညွှန်းပါသည်။ “ဝိညာဉ်တော်အားဖြင့် လျှောက်လှမ်းခြင်း” သည် ကိုယ်တော်၏သွန်သင်ချက်နှင့်အညီ မိမိတို့၏ဆုံးဖြတ်ချက်ကို တွေးတောစေသည်။ ဝိညာဉ်တော်သည် မိမိတို့ကို လွှမ်းမိုးပြီး သူ၏လမ်းညွှန်မှုကိုခံယူရမည်ဖြစ်သည်။ ကျွန်ုပ်တို့၏ဆုံးဖြတ်ချက်များသည် ဘုရားသခင်၏ဝိညာဉ်တော် လုပ်ဆောင်နိုင်သည့်အတိုင်းအတာဖြစ်ဖို့ လိုအပ်ပါသည်။

"ငါပြောသည်ကား ဝိညာဉ်ပကတိအတိုင်း ကျင့်ကြလော့။ ထိုသို့ ကျင့်လျှင် ဇာတိပကတိ၏အလိုသို့ မလိုက်ဘဲနေကြလိမ့်မည်။ အကြောင်းမူကား ဇာတိပကတိနှင့် ဝိညာဉ်ပကတိသည် တစ်ပါးနှင့်တစ်ပါး ဆန့်ကျင်သော အလိုရှိကြ၏။ တစ်ပါးနှင့်တစ်ပါး ဆန့်ကျင်ဘက်ဖြစ်၍၊ သင်တို့သည် ကျင့်ချင်သောအကျင့်ကို မကျင့်နိုင်ကြ" (ဂလာ၊ ၅:၁၆-၁၇)။

အလယ်လမ်းမရှိဟု ပေါလုသတိပေးသည်။ နှစ်လမ်းပဲရှိသည်။ ထိုထဲမှ တစ်ခုကို ရွေးရမည်။ ဘုရားသခင်၏တန်ခိုးတော်နှင့် အံ့အားသင့်ဖွယ်ချစ်ခြင်း မေတ္တာကို ကျွန်ုပ်တို့ရွေးချယ်ပိုင်ဆိုင်နိုင်ပါသည်။ ယုံကြည်သူများသည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် လျှောက်လှမ်းနိုင်လျက်ပင် အဘယ်ကြောင့် ကြေကွဲဖွယ်ကောင်းသောအရာများကို ရွေးချယ်ရမည်နည်း။ ယုံကြည်သူများ သည် ဝိညာဉ်တော်ကို လျစ်လျူရှုရန် ရွေးချယ်သောအခါ သူတို့သည် မိမိတို့ ၏အလိုဆန္ဒများကို အဓိကအာရုံစိုက်ကြပြီး တစ်ကိုယ်ကောင်းဆန်သောသွေး သားဇာတိအားဖြင့် အသက်ရှင်လာကြသည်။ တစ်နည်းအားဖြင့် သူတို့သည် မိမိတို့၏ယုံကြည်ခြင်းကို အပေးအယူလုပ်ပြီး အသက်ရှင်ကြသည်။ ဝိညာဉ် တော်အားဖြင့် အသက်ရှင်ခြင်းသည် ကျွန်ုပ်တို့အသက်တာ၌ ဘုရားသခင်၏ အမှုတော်အတွက် ယုံကြည်ခြင်းကို တောင်းဆိုသည်။

အသက်ရှင်နေခြင်းဖြစ်စေ၊ သေခြင်းဖြစ်စေ ကျွန်ုပ်တို့၏ရွေးချယ်မှုများ ကိုထင်ဟပ်စေသည်။ ကျွန်ုပ်တို့၏ကိုယ်ပိုင်အလိုဆန္ဒများထက် ဝိညာဉ်တော် ၏နည်းလမ်းများကို ဂရုပြုရွေးချယ်သင့်သည်။ ယုံကြည်သူတစ်ဦးသည် သူ တစ်ပါးကို မလိုမုန်းတီးခြင်းထက် ချစ်ရန် ရွေးချယ်သင့်သည်။ နောင်တရခြင်း သည် သေခြင်းနှင့်အကျည်းတန်ခြင်းကိုယူဆောင်လာပေးသည့်မိမိတို့၏အလို ဆန္ဒဟောင်းများမှ ပြန်လှည့်လာခြင်းဖြစ်သည်။ အသက်ရှင်နေထိုင်ခြင်းမှ သေခြင်းနှင့်အကျည်းတန်ခြင်းတို့ကို လှည့်လာပုံကို ဖော်ပြပါသည်။ နာခံခြင်း သည် ကျွန်ုပ်တို့၏အသက်တာတွင် ဘုရားသခင်၏ဝိညာဉ်တော်အား အုပ်စိုး ခွင့်ပေးရန် မိမိတို့၏ဆန္ဒနှင့် လိုလိုလားလားရှိမှုကို ဖော်ပြခြင်းဖြစ်သည်။

"ဝိညာဉ်တော်အားဖြင့် လျှောက်လှမ်းခြင်း"သည် သန့်ရှင်းသောဝိညာဉ် တော်အားဖြင့် ဘုရားသခင်၏ခွန်အားနှင့် လမ်းပြခြင်းအောက်၌ စဉ်ဆက်မ ပြတ်အသက်ရှင်နေထိုင်ခြင်းဖြစ်သည်။ ဝိညာဉ်တော်၏လမ်းပြမှုအားဖြင့် ရည် ရွယ်ချက်ရှိရှိအသက်ရှင်ခြင်းသည် မိမိတို့ပတ်ဝန်းကျင်ရှိလူများကြောင့် ဆင်း

ရဲဒုက္ခခံရနိုင်ခြေအမြဲရှိသော်လည်း ကျွန်ုပ်တို့သည် အသက်တာ၏ကိုယ်ရေး ကိုယ်တာ ပြဿနာများစွာကို ရှောင်ရှားနိုင်သည် (ဖိ၊ ၁:၂၉-၃၀)။ အမှန်မှာ နာခံမှု၌ ဆည်းကပ်သောအသက်တာသည် အလွန်ရိုးရှင်းပြီး အားကောင်းလှ သောရလဒ်များကို ထုတ်ပေးသည်။ သို့သော် မနာခံခြင်းသည် စိတ်ရှုပ်ထွေး ခြင်း၊ ရုပ်ဆိုးခြင်း၊ ရှုံးနိမ့်ခြင်းနှင့်ခက်ခဲသောအချိန်များကို ဖြစ်ပေါ်စေပါသည်။ ခရစ်ယာန်များသည် ဝိညာဉ်တော်၏လမ်းညွှန်မှုကို မနာခံသောကြောင့် ၎င်း တို့၏အသက်တာမှာ ပျက်စီးခြင်းသို့ဦးတည်နေပါသည်။

"ဇာတိပကတိ၏အလိုသို့မလိုက်ဘဲ နေကြလိမ့်မည်" ဟူသောစကားစု သည် ဝိညာဉ်တော်သည် မကောင်းသောအစွန်းအထင်းမှ ကျွန်ုပ်တို့ကို စောင့် ရှောက်ပေးသည်ဟု ဆိုလိုပါသည်။ ကျွန်ုပ်တို့သည် အဆက်မပြတ်ဝိညာဉ်ရေး စစ်ပွဲတွင် ရှိနေသောကြောင့် လေးလေးနက်နက်မရှိသော ခရစ်ယာန်အသက် တာနှင့် အသက်ရှင်၍မရပေ။ အောင်ပွဲဆိုသည်မှာ ဝိညာဉ်တော်၌ ဆက်လက် လျှောက်လှမ်းခြင်းဖြစ်သည်။ သင်အဘယ်မျှလောက် သန်မာသည်ဟူသောအ ချက်ကို အာရုံစိုက်ပြီး တိုက်ပွဲကို အနိုင်ယူခြင်းမဟုတ်ဘဲ မကောင်းဆိုးဝါးကို သင့်အတွေးထဲမှထုတ်ပစ်ဖို့သာဖြစ်သည်။ စိတ်ရှုပ်ထွေးနေချိန်၌ ခရစ်တော် သည် သင့်ထံမှအလိုရှိသောအရာကို ရွေးချယ်ပြီး ဝိညာဉ်တော်၏တန်ခိုးဖြင့် ပြုလုပ်ပါ။ ယုံကြည်သူတစ်ဦးသည် စုံစမ်းနှောင့်ယှက်ခြင်းအတွင်း အပေးအ ယူလုပ်ရန် စဉ်းစားသောအခါ ရန်းကန်မှုမှာ ပို၍ပြင်းထန်လာလိမ့်မည်။

ရန်စမှုများသည် သွေးစွန်းနိုင်သည်။ ဇာတိပကတိက ကျွန်ုပ်တို့အား နှိပ်စက်ပုံကို သတိပြုပါ။ "ဇာတိပကတိအကျင့်တို့သည် ထင်ရှားကြ၏။ ထိုအ ကျင့်တို့မူကား သူ့မယားကိုပြစ်မှားခြင်း၊ မတရားသောမေထုန်၌ မှီဝဲခြင်း၊ ညစ် ညူးစွာကျင့်ခြင်း၊ ကိလေသာလွန်ကျူးခြင်း၊-၂၀ ရုပ်တုကိုကိုးကွယ်ခြင်း၊ သူ တစ်ပါးကိုပြုစားခြင်း၊ ရန်ငြိုးဖွဲ့ခြင်း၊ ရန်တွေ့ခြင်း၊ ဂုဏ်ပြိုင်ခြင်း၊ အမျက် ထွက်ခြင်း၊ ငြင်းခုန်ခြင်း၊ အချင်းချင်းကွဲပြားခြင်း၊ သင်းခွဲခြင်း၊-၂၁ သူ့အကျိုးကို ငြူစူခြင်း၊ လူအသက်ကိုသတ်ခြင်း၊ ယစ်မျိုးကို သောက်ကြူးခြင်း၊ ပွဲလုပ်ခြင်း မှစ၍ ထိုသို့သောအကျင့်ပေတည်း။ ထိုသို့သောအကျင့်ကို ကျင့်သောသူတို့ သည် ဘုရားသခင်၏နိုင်ငံတော်ကို အမွေမခံရကြဟု အထက်က ငါပြောနှင့်ခဲ့ ပြီးသည်အတိုင်း ယခုပင်လည်း ငါပြောနှင့်၏" (ဂလာ၊ ၅:၁၉-၂၁)။ ဤအချက် များသည် ဝိညာဉ်တော်ပကတိကို ဆန့်ကျင်သည်။ ဝိညာဉ်တော်၏ဦးဆောင်

မှုအတွက် နေရာယူပေးလျက် သန့်ရှင်းမှု၊ လေးစားမှု၊ အခြားသူများကို ဂရုစိုက်မှုနှင့်ဇဝံဂေလိတရားကို ဝေမျှခြင်း စသည်တို့ကို အမြဲသတိပြုပါ။ ဇာတိလူဟောင်း၌ သေပြီဟုမှတ်ယူပြီး ၎င်းကို လိုက်ရန် ငြင်းဆန်ပါ။

ဘုရားသခင်သည် "ကြွယ်ဝသောအသက်တာ" တံခါးကို ဖွင့်ပေးထားခဲ့ပြီဖြစ်သည် (ယော၊ ၁၀:၁၀)။ ကျွန်ုပ်တို့၏ဝိညာဉ်ရေးအသက်တာ၌ ဆင်းရဲခံနေရပါက ကျွန်ုပ်တို့သည် ဝိညာဉ်တော်အားဖြင့် လျှောက်လှမ်းခြင်းမပြုသောကြောင့်ဖြစ်သည်။ ထို့ကြောင့် ဝိညာဉ်ရေးစစ်ပွဲသည် ကျွန်ုပ်တို့၏တစ်ကိုယ်ကောင်းဆန်သောဆန္ဒများထက် ဝိညာဉ်တော်၏အကန့်အသတ်မဲ့ ပိုမိုကောင်းမွန်သောနည်းလမ်းကို အမြဲတစေရွေးချယ်ခြင်း တိုက်ပွဲဖြစ်သည်။ ဝိညာဉ်တော်အားဖြင့် လျှောက်လှမ်းခြင်းသည် ဘုရားသခင်၏လမ်းညွှန်မှုအောက်၌ နေထိုင်အသက်ရှင်ရန် ရွေးချယ်ခြင်းဖြစ်သည်။ မယုံကြည်သူများကမူ စစ်မှန်သောဝိညာဉ်တော်၏လမ်းပြပို့ဆောင်မှုအသက်တာ၌ အသက်မရှင်နိုင်ကြပေ (ရောမ၊ ၈:၁-၈)။ သို့သော် ယုံကြည်သူ၏အကြီးမားဆုံးပျော်ရွှင်မှုမှာ သဘာဝလွန်ချစ်ခြင်းမေတ္တာနှင့် ဂရုပြုသောအသက်တာအတွက် သူတို့အသက်တာ၌ ဘုရားသခင်လုပ်ဆောင်ပုံကို ရှာဖွေခြင်းပင်ဖြစ်သည်။

## ဂ) ဝိညာဉ်တော်၏အသီး (ဂလာ ၅:၂၂-၂၃)

"ဝိညာဉ်ပကတိ၏အကျိုးမူကား၊ ချစ်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်း၊ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ ကောင်းမြတ်ခြင်း၊ သစ္စာစောင့်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ ကာမဂုဏ်ချုပ်တည်းခြင်းပေတည်း။ ထိုသို့သောအကျင့်ကို အဘယ်တရားမျှ မမြစ်တား" (ဂလာ၊ ၅:၂၂-၂၃)။

သွေးသားဇာတိအားဖြင့် အသက်ရှင်ခြင်းသည် တစ်ကိုယ်ကောင်းဆန်သောသဘောသဘာဝနှင့် ကိုက်ညီသောရလဒ်များကိုသာ ဖြစ်ပေါ်စေပါသည်။ ယနေ့ခေတ်လူသားတို့သည် ဘုရားသခင့်နှုတ်ကပတ်တော်မှ လှည့်ထွက်သွားသည်နှင့်အမျှ မုဒိမ်းမှု၊ မတရားမှု၊ ကွာရှင်းမှု၊ အကြမ်းဖက်မှုနှင့်လူသတ်မှုများ ပိုမိုများပြားလာသည်။ သို့သော် တမန်တော်ပေါလုသည် အခန်းငယ် ၂၁ တွင် အဆုံးမသတ်ပါ။ ယင်းအစား ယုံကြည်သူများ၌ ဝိညာဉ်တော်၏တန်ခိုး ဆက်လက်တည်ရှိခြင်းကြောင့် ဝိညာဉ်တော်၏အသီးဖြစ်သော ဘုရားသခင့်လမ်း

တော်များ၏ဘုန်းအသရေများကို ဖော်ပြသည်။ “ဝိညာဉ်တော်၏အသီး” သည် ဇာတိပကတိနှင့် ဆန့်ကျင်ဘက်ဖြစ်ပြီး ၎င်းတို့ကို အောက်တွင် ဖော်ပြသည်။

## ချစ်ခြင်းမေတ္တာ

ချစ်ခြင်းမေတ္တာသည် ကြင်နာခြင်းကို ဖော်ပြလျက် သူတစ်ပါးအတွက် စဉ်းစားပေးကာ အားပေးကူညီလိုသည့် အတွေးအမြင်များဖြစ်သည်။ ချစ်ခြင်းမေတ္တာသည် ဝိညာဉ်တော်၏အသီးအပွင့်များတွင် ပထမဆုံးအသီးအပွင့်ဖြစ်ဖြစ်ပြီး ခရစ်တော်နှင့်တူသောအသက်ရှင်ခြင်းတစ်ခုလုံးကို အကျဉ်းချုပ်ဖော်ပြနိုင်သည်။ သခင်ယေရှုကိုယ်တိုင်က ပညတ်တော်အားလုံးကို အကျဉ်းချုံးပြီး ဘုရားသခင်နှင့် အခြားသူများကို ချစ်ခြင်းဖြင့် အခြားသူများကို မှားယွင်းစွာ မဆက်ဆံနိုင်ကြောင်း (မာ၊ ၁၂း၃၀-၃၁)။ ဇာတိပကတိအတိုင်း ပြုမူခြင်းသည် ဘုရားသခင့်ပုံသဏ္ဌာန်တော်နှင့်အညီ ဖန်ဆင်းခြင်းကို မှားယွင်းစွာပြုမူဆက်ဆံသည် (ဂလာ။ ၅း၁၉-၂၁)။

## ဝမ်းမြောက်ခြင်း

ဝမ်းမြောက်ခြင်းသည် ဘုရားသခင်၏လူတို့အသက်တာ၌ အံ့ဩဖွယ် ဘုရားသခင်၏ကျေးဇူးတော် လုပ်ဆောင်မှုမှ ပေါက်ဖွားလာသော စဉ်ဆက်မပြတ်မွေ့လျော်ခြင်းဖြစ်သည်။ ဝမ်းမြောက်ခြင်းသည် ပြင်ပအခြေအနေများအပေါ်တွင် မမူတည်ဘဲ အရာအားလုံးသည် သူတို့၏စိတ်ဝိညာဉ်နှင့် အလွန်ကောင်းမွန်ကြောင်း နက်နဲသောယုံကြည်မှုမှဖြစ်ပေါ်လာသည်။ ဘုရားသခင်၏ကတိတော်များသည် ထိုသူတို့အတွက် ခက်ခဲသောအချိန်များ၌ပင် နက်နဲသောပျော်ရွှင်မှုနှင့်နှစ်သက်မှုကို ဖြစ်ပေါ်စေသည်။

## ငြိမ်သက်ခြင်း

ငြိမ်သက်ခြင်းသည် ယုံကြည်သူများက မိမိတို့နှင့်ဘုရားသခင်ကြား၌ အဘယ်အမှုကိုမျှ စိုးရိမ်ခြင်းမရှိဘဲ အမှုအရာတိုင်း၌ ဘုရားသခင်နှင့် သဟဇာ

တဖြစ်အောင် နေထိုင်အသက်ရှင်ပြီး တည်ငြိမ်စွာနေတတ်ခြင်းကို ဆိုလိုပါသည်။ ငြိမ်သက်ခြင်းသည် ကမ္ဘာကြီးအကြောင်းကို ဖော်ပြနေခြင်းမဟုတ်ဘဲ ဘုရားသခင့်ဝိညာဉ်တော်၏လွှမ်းမိုးခြင်းခံရပြီး အလိုတော်ကို ဝန်ခံသောသူတို့နှင့် ပို၍စပ်ဆိုင်သည်။ ထိုသူတို့၏စိတ်နှလုံး၌ ဒေါသ၊ မုန်းတီးမှုနှင့် ငြူစူခြင်းတို့သည် အမြိုက်သဖွယ်ဖြစ်ပြီး သဟဇာတဖြစ်မှုနှင့်ငြိမ်သက်ခြင်းသည် သူတို့၏နှလုံးကို လွှမ်းမိုးလျက်နေသည်။ "ထိုသို့ပြုလျှင် အဘယ်သူမျှကြံ၍ မမီနိုင်သော ဘုရားသခင်၏ငြိမ်သက်ခြင်းသည် ယေရှုခရစ်အားဖြင့် သင်တို့၏စိတ်နှလုံးတို့ကို စောင့်မလိမ့်မည်" (ဖိ၊ ၄း၇) ဟူ၍ ဖတ်ရသည်။

## စိတ်ရှည်ခြင်း

စိတ်ရှည်ခြင်းသည် ကိုယ်တော်၏အလိုဆန္ဒကို ကိုယ်တော်၏အချိန်၌ အကောင်းဆုံးနည်းလမ်းတော်များဖြင့် လုပ်ဆောင်ရန်ဖြစ်ကြောင်း ဖော်ပြပေသည်။ စိတ်ရှည်ခြင်း၏အခြေခံအုတ်မြစ်မှာ မိမိလူမျိုးတို့၏ယုံကြည်စိတ်ချမှုပင်ဖြစ်ပြီး ဘုရားသခင်၏အလိုတော်သည် ကောင်းမွန်ပြီး ကိုယ်တော်ကို အမှန်တကယ်ရှာဖွေသောသူတို့၌ ကောင်းသောမည်သည့်အရာမျှ ဟန့်တားမည်မဟုတ်ကြောင်းကိုသိမှတ်ခြင်းဖြစ်သည်။ "ထာဝရအရှင်ဘုရားသခင်သည် နေလည်းဖြစ်တော်မူ၏။ အကွယ်အကာလည်း ဖြစ်တော်မူ၏။ ထာဝရဘုရားသည် ကျေးဇူးတော်နှင့် ဘုန်းအသရေကို ပေးတော်မူ၏။ ဖြောင့်မတ်စွာကျင့်သောသူတို့အား ကောင်းသောအရာကို ငြင်းတော်မမူ" (ဆာ၊ ၈၄:၁၁)။



## ကျေးဇူးပြုခြင်း

ကျေးဇူးပြုခြင်းသည် ဘုရားသခင့်လူတို့၏စိတ်သဘောထားကြီးခြင်း ဖြစ်၍ သူတို့ကိုယ်တိုင် မည်သို့ပင်ဆက်ဆံခြင်းခံရပါစေ၊ အခြားသူများအပေါ် ခွင့်လွှတ်ခြင်း၊ ကြင်နာခြင်း ပြသခြင်းကို ဖော်ပြသည်။ အကြောင်းမှာ သူတို့ ကိုယ်တိုင် သခင်ယေရှုခရစ်၌ ဘုရားသခင်၏ကျေးဇူးပြုခြင်းကို အတိုင်းအဆ မရှိခံစားရရှိကြသောကြောင့်ဖြစ်သည်။

## ကောင်းမြတ်ခြင်း

ကောင်းမြတ်ခြင်းသည် သူတစ်ပါးကို ကူညီသည့်အခါ ကြင်နာသနား တတ်ပြီး အကျိုးပြုသောစိတ်ဓာတ်ကို အလေးပေးသည်။ အခြားသူများအပေါ် ယုတ်ညံ့သောစိတ်သဘောထား၊ အမြတ်ထုတ်လိုစိတ် လုံးဝမရှိပေ။ မြစ်ရေစီး ဆင်းနေသကဲ့သို့ သူတို့အပေါ် ဘုရားသခင်ပေးတော်မူသောအရာတို့ကို ဝေမျှ တတ်ကြသည်။ သူတို့အပေါ် ဘုရားသခင်ကောင်းမြတ်သည့်အတိုင်း သူတစ် ပါးအပေါ် ဘုရားသခင်၏ကောင်းမြတ်ခြင်းကို ပြသလိုကြသည်။

## သစ္စာစောင့်သိခြင်း

ဘုရားသခင်၏လူတို့အပေါ်၌ ဘုရားသခင်၏သစ္စာရှိခြင်း တည်လျက် နေသည်။ သခင်ဘုရား၏ယုံကြည်အားထားမှုနှင့် မပြောင်းလဲသောသဘော သည် သူ့လူတို့၏အသက်တာ၌ နက်နက်ရှိုင်းရှိုင်း လင်းလက်တောက်ပနေသ ဖြင့် ကောင်းမြတ်ခြင်း၊ သနားကြင်နာမှုနှင့်ဂရုစိုက်မှု စသည်တို့ကို ထင်ဟပ် စေရန်ဖြစ်သည်။ သစ္စာရှိခြင်းသည် ဘုရားသခင်၏ကတိတော်များကို မိမိတို့ ၏စိတ်နှလုံးထဲ၌ စဉ်ဆက်မပြတ်ယူဆောင်လာရန် ဝိညာဉ်တော်ကို လုံးလုံး အားထားခြင်းပင်ဖြစ်သည်။

## နူးညံ့သိမ်မွေ့ခြင်း

အခြားသူများထံမှ စော်ကားပြောဆိုမှု၊ ရန်လိုမှု စသည်တို့ကို ကြုံတွေ့သောအခါ နူးညံ့သိမ်မွေ့ခြင်းနှင့်ကရုဏာစိတ်သည် စိတ်နှလုံးကို အုပ်စိုးလာပါသည်။ ယင်းသည်လည်း ဝိညာဉ်တော်ဘုရား၏နှိုးဆော်မှုကြောင့် ထွက်ပေါ်လာသောရလဒ်များဖြစ်သည်။ လိုအပ်ချက်အားလုံးအတွက် ဘုရားသခင်တာဝန်ယူကြည့်ရှုလျက်ရှိကြောင်း အမြဲတစေသိမှတ်ခြင်းသည် နူးညံ့သိမ်မွေ့ခြင်း၏ရင်းမြစ်ပင်ဖြစ်သည်။ ကားတိုင်ပေါ် သခင်ယေရှုခံခဲ့ရသောဆင်းရဲဒုက္ခများကိုလည်း အာရုံပြုချီးမွမ်းတတ်သည်။

## မိမိကိုယ်ကို ချုပ်တည်းခြင်း

မိမိကိုယ်ကိုချုပ်တည်းခြင်းက ယုံကြည်သူများအတွက် ဘုရားသခင်၏နည်းလမ်းတော်များသည် သူတို့၏တပ်မက်ခြင်းထက် အမြဲသာလွန်သည်ဟုသတိပေးသည်။ ယုံကြည်သူများသည် အရာရာရရှိရေးအတွက် အခြားသူများနှင့်လုံးထွေးပြီး ကြိုးပမ်းနေခြင်းထက် တစ်ကိုယ်ကောင်းဆန်စိတ်မရှိဘဲ ရိုးသားသောစိတ်ထားနှင့်မေတ္တာစေတနာအမှန်ဖြင့် လုပ်ဆောင်ရန်ဖြစ်ကြောင်းသတိပေးသည်။ မိမိကိုယ်ကို ချုပ်တည်းခြင်း၏စွမ်းအားသည် အခြားသူများကိုဦးစွာမေတ္တာထားပြီး ဂရုစိုက်ခြင်းဖြင့် မိမိ၏လိုအပ်ချက်များကို ရယူလိုသောဆန္ဒကို ထိန်းညှိပေးသည် (မဿဲ၊ ၆း၃၃)။

ဘုရားသခင်၏ဝိညာဉ်တော်သည် သင့်အိမ်ထောင်ရေး၊ လုပ်ဖော်ကိုင်ဖက်များ၊ အသင်းတော်ရှိအခြားသူများနှင့်ဆက်ဆံရေးကို အပြုသဘောသက်ရောက်စေသည့် ကျွန်ုပ်တို့၏နှလုံးသား၊ ဘဝအသက်တာနှင့်ပတ်ဝန်းကျင်များသို့ ဤအလိုချင်ဆုံးအရည်အသွေးများကို ယူဆောင်လာပေးသည်။ အသီးအပွင့်သည် မိမိတို့၏အတွင်းစိတ်မှ ထွက်ပေါ်လာခြင်းမဟုတ်၊ ဝိညာဉ်တော်၏လုပ်ဆောင်ခြင်းထဲမှထွက်ပေါ်လာပါသည်။ ဘုရားသခင်၏အမှုတော်နှင့်နည်းလမ်းများကို သင်လက်ခံသောအခါ ဘုရားသခင်၏ငြိမ်သက်ခြင်းသည် မကြာမီ ဝိညာဉ်တော်၏အသီးအပွင့်ကဲ့သို့သောအရည်အသွေးဖြင့် သင့်နှလုံးသားကိုပြည့်စေမည်ဖြစ်သည်။ ဝိညာဉ်တော်အုပ်စိုးသောအသက်တာသည် ရွှေငွေနှင့်

လောကစည်းစိမ်နောက်လိုက်ခြင်းမဟုတ်ဘဲ သခင်ယေရှု၏အသက်တာ သွင်ပြင်လက္ခဏာအတိုင်း အသက်ရှင်ခြင်းဖြစ်ပေသည်။

## ဆွေးနွေးမေးခွန်းများ

၁။ ကျွန်ုပ်တို့သည် မိမိတို့၏လိုအပ်မှုကြောင့် စိတ်ရှည်ရမည်အကြောင်း သန့်ရှင်းသောဝိညာဉ်တော်သည် မည်သို့ခွန်အားပေးသနည်း။

၂။ သင့်ဘဝအသက်တာလျှောက်လှမ်းခြင်း၌ အကျိုးသက်ရောက်မှုရှိစေသည့် ဘုရားသခင်၏ဝိညာဉ်တော် နည်းလမ်းအချို့ကို စာရင်းပြုစုပါ။

၃။ သင်နှင့်အတူ ဘုရားသခင်ပါရှိခြင်းနှင့်ပတ်သက်၍ သင်နှစ်သက်သောအကျိုးကျေးဇူးတစ်ခုမှာ အဘယ်နည်း

၄။ ဝိညာဉ်တော်၌ မလျှောက်လှမ်းဘဲ သွေးသားဇာတိ၌ သင်လမ်းလျှောက်ရန် ရွေးချယ်ခဲ့သည့်ဥပမာတစ်ခုကို မျှဝေပါ။ ဝိညာဉ်တော်၌ လျှောက်လှမ်းခြင်းနှင့် မည်သို့ကွာခြားပါသနည်း။

၅။ ဝိညာဉ်တော်အားဖြင့် အသက်ရှင်ခြင်းနှင့် ဝိညာဉ်တော်အားဖြင့် လျှောက်လှမ်းခြင်း ဟူသောနှစ်ခု၏ခြားနားချက်ကို သင်မည်သို့ဖော်ပြမည်နည်း။ (ဂ၊ ၅:၂၅)။

၆။ သင်ပိုလိုချင်သောဝိညာဉ်တော်၏အသီးအပွင့်ကား အဘယ်နည်း။ အဘယ်ကြောင့်နည်း။

၇။ မေးခွန်း ၆ တွင် သင်ရွေးချယ်ခဲ့သောအသီးအပွင့်ကို ဖော်ပြပါ။ မည်သို့အကြံပြုလိုပါသနည်း။

၈။ သန့်ရှင်းသောဝိညာဉ်တော်၏အသီးအပွင့်သည် သဘာဝနှင့်ဆက်စပ်နေသည်ဟု သင်ထင်ပါသလား။

# အခန်း ၉
# ဝိညာဉ်တော်နှင့် ပြည့်ဝခြင်း

(ဧ ၅:၁၇-၂၀)

"ဝိညာဉ်တော်နှင့်ပြည့်ဝခြင်း" ဟူသောစကားစုကို ဓမ္မဟောင်းနှင့်ဓမ္မသစ်ကျမ်းများတွင် နှစ်မျိုးလုံးအသုံးပြုထားသည်။ ဓမ္မဟောင်းနှင့် ဓမ္မသစ်များ၊၊ သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်ဝခြင်း၏ဆိုလိုရင်း အနက်အဓိပ္ပာယ်ကား အဘယ်အရာဖြစ်သည်ကို မိမိတို့ရှာဖွေဖော်ထုတ်ကြပါမည်။

"ဝိညာဉ်တော်နှင့် ပြည့်ဝခြင်း" ဟူသောစကားလုံးကို တမန်တော်ရှင်ပေါလုက ကောင်းကောင်းအသုံးပြုခဲ့သည်။ သူသည် ကျွန်ုပ်တို့အား ဝိညာဉ်တော်နှင့်ပြည့်ဝရန် အမိန့်ပေးသည့်အထိပင်တိုက်တွန်းခဲ့သည်။ သန့်ရှင်းသောဝိညာဉ်တော်၏ထူးကဲသောဩဇာလွှမ်းမိုးမှုသည် တမန်တော်ပေါလုတို့ခေတ်တွင် အထူးမှတ်သားလောက်အောင်ထင်ရှားခဲ့ပြီး ဘုရားသခင်သည် သူ့လူတို့အား မိမိတို့အသက်တာ၌ အလိုတော်ဆောင်နိုင်ရန် သူ့ကိုယ်သူ ထုတ်ဖော်ခဲ့ပါသည်။ ဤအကြောင်းအရာကို သမ္မာကျမ်းစာအရ ဓမ္မဟောင်းနှင့်ဓမ္မသစ်အထူးသဖြင့် ဧဖက် ၅:၁၇-၂၀ တွင် တမန်တော်ပေါလု၏အသုံးပြုမှုမှ ပိုမိုရှင်းလင်းစွာအဓိပ္ပါယ်ဖွင့်ဆိုထားသည့်အသုံးအနှုန်းကို ကျွန်ုပ်တို့အနီးကပ်ကြည့်ရှုလေ့လာသွားမည်ဖြစ်သည်။

## က) ဓမ္မဟောင်း၌ ဝိညာဉ်တော်နှင့် ပြည့်ဝခြင်း

"ဝိညာဉ်တော်နှင့် ပြည့်ဝခြင်း" ဟူသောစကားစုကို ဓမ္မဟောင်းကျမ်းတွင် နှစ်ကြိမ်သာ အသုံးပြုခဲ့သည်။ သို့ရာတွင် ထိုစကားစုနှင့် ဆင်တူသည့် "ဆင်းသက်လာ" သို့မဟုတ် "သွန်းလောင်း" ကဲ့သို့သောအလားတူ အသုံးအနှုန်းများကို ၂၇ ကြိမ် တွေ့ရှိရသည်။ "ပြည့်ဝ" ဟု အသုံးပြုသည့်အပိုဒ်ငယ်နှစ်ခုကို ဦးစွာဆွေးနွေးကြည့်ရအောင်။

## "ဝိညာဉ်တော်နှင့် ပြည့်စုံ"

"သူသည် ရွှေငွေကြေးဝါကို လုပ်သောအတတ်၊ ကျောက်ကိုသွေး၍ စီသောအတတ်၊ သစ်သားကို ထုလုပ်သောအတတ်နှင့် အမျိုးမျိုးသောအလုပ်ကို ထူးဆန်းစွာလုပ်တတ်မည်အကြောင်း ဉာဏ်ပညာနှင့်တကွ သိပ္ပံအတတ်အမျိုးမျိုးတို့ကိုငါပေး၍ ဘုရားသခင်၏ဝိညာဉ်တော်နှင့်ပြည့်စုံစေ၏" (ထွ၊ ၃၁:၃; ၃၅:၃၁)။

"မောရှေအတွက် ငိုကြွေးမြည်တမ်းသော နေ့ရက်ကာလလွန်ပြီးမှ နုန်၏သားယောရှုသည် အထက်က မောရှေ၏လက်တင်မင်္ဂလာကို ခံရသဖြင့် ပညာသဘောနှင့် ပြည့်စုံသောသူဖြစ်၍ ဣသရေလအမျိုးသားတို့သည် ယောရှု၏စကားကိုနားထောင်လျက် မောရှေအား ထာဝရဘုရားမိန့်တော်မူသည်အတိုင်း ပြုကြ၏" (တရား၊ ၃၄:၉)။

## ဘုရားသခင်၏အတူပါရှိခြင်း အမှတ်လက္ခဏာပြခြင်း

"ဘုရားသခင်၏ဝိညာဉ်တော်နှင့် ပြည့်စုံ၏"(ထွ၊ ၃၁:၃) ဟူသောစကားစုက ဓမ္မဟောင်းကာလမှာ ဘုရားသခင်သည် လူတစ်ဦး၏အသက်တာ၌ သူ၏အတူပါရှိခြင်းကို ထင်ရှားစေခြင်းအားဖြင့် ကြီးစွာသောကူညီမစခြင်း ပေးခဲ့ကြောင်း ထင်ရှားလှပေသည်။ ဤကိစ္စတွင် "... ယုဒအမျိုးသားဟုရ၏သားဖြစ်သော ဥရိ၏သား ဗေဇလေလ" (ထွ၊ ၃၁:၂) သည် တဲတော်တည်ဆောက်ရန် ရည်ရွယ်ချက်အတွက် ဝိညာဉ်တော်နှင့် ပြည့်စုံလျက် လက်မှုပညာတွင် အထူးနားလည်ခြင်း၊ ဉာဏ်ပညာနှင့် စွမ်းရည်အရည်အချင်းများကို ရရှိခဲ့သူဖြစ်သည်။

ဗေဇလေလနှင့်ယောရှုတို့သည် ဝိညာဉ်တော်နှင့် ပြည့်စုံကြသော်လည်း မောရှေသည် သူတို့နည်းတူ ဘိသိက်ခံခြင်း သို့မဟုတ် ဝိညာဉ်တော်နှင့် ပြည့်စုံခြင်းရှိကြောင်း ဖော်ပြခဲ့သည်ကိုမတွေ့ရပေ။ မောရှေသည် အခြားသောသူတို့အား ဝန်ကိုမျှဝေရန် ညွှန်ကြားခြင်းခံရသောအခါ ပြည့်စုံခြင်းစကားလုံးကို နှစ်ကြိမ် သွယ်ဝိုက်ပြောဆိုခဲ့သည်။ "ငါသည်လည်း ထိုအရပ်သို့ဆင်းသက်၍ သင်နှင့်နှုတ်ဆက်မည်။ သင့်အပေါ်မှာ ကျိန်းဝပ်သောဝိညာဉ်အချို့ကို ငါယူ၍ သူတို့အပေါ်မှာတင်မည်။ ဤလူတို့ကို သင်တစ်ယောက်တည်းသာ ဆောင်ရွက်ရမည်မဟုတ်၊ ထိုအသက်ကြီးသူတို့သည် ဝိုင်းညီ၍ ဆောင်ရွက်ရကြမည်" (တော၊ ၁၁:၁၇၊ တရား၊ ၃၄:၉)။ ယောရှုသည် မောရှေအားဖြင့် ဝိညာဉ်တော်ဘိသိက်ကို လက်ခံရရှိခဲ့သည် (တော၊ ၂၇:၁၈)။

"ထိုအခါ ထာဝရဘုရား၏လူတို့သည် ရှေးကာလ၊ မောရှေ၏ကာလကို အောက်မေ့ကြ၏။ မိမိလူတို့ကိုသိုးထိန်းနှင့်တကွ ပင်လယ်ထဲက ထုတ်ဆောင်သောဘုရားသည် အဘယ်မှာရှိတော်မူသနည်း။မိမိလူတို့အထဲ၌သန့်ရှင်းသော ဝိညာဉ်တော်ကို သွင်းလျက်" (ဟေရှာ၊ ၆၃:၁၁)။

ဘုရားသခင်၏ဝိညာဉ်တော်သည် မောရှေအပေါ်၌ ရှိမရှိကို ကျွန်ုပ်တို့ မေးခွန်းမထုတ်ဘဲ အတည်ပြုခြင်းသာဖြစ်သည်။ မောရှေသည် သိနာတောင်ပေါ်ရှိ ဘုရားသခင်၏မျက်မှောက်တော်မှာ ရှိကတည်းက ဝိညာဉ်တော်နှင့်ပြည့်ဝခဲ့သည်မှာ ဖော်ပြစရာပင်မလိုအပ်ပေ။ မောရှေသည် သိနာတောင်ပေါ်မှဆင်းလာသောအခါ သူ့မျက်နှာထွန်းပသောကြောင့် မိမိမျက်နှာကို မျက်နှာလွှားဖြင့် ဖုံးအုပ်သည်မှာ စိတ်ဝင်စားဖွယ်ကောင်းလှသည် (ထွ၊ ၃၄:၃၃-၃၄၊ ၂ကော၊၃:၁၃–၁၇)။ သန့်ရှင်းသောဝိညာဉ်တော်အပေါ် မောရှေ၏စိတ်သဘောထားကို ဤသို့ရှင်းလင်းစွာမြင်တွေ့ရသည်။ "မောရှေက သင်သည် ငါ့အတွက်ငြူစူသောစိတ်ရှိသလော။ ထာဝရဘုရား၏လူအပေါင်းတို့သည် ပရောဖက်ဖြစ်ကြပါစေသော။ထာဝရဘုရားသည် ဝိညာဉ်တော်ကို သူတို့အပေါ်မှာတင်တော်မူပါစေသောဟု ဆိုပြီးမှ (တော၊ ၁၁:၂၉) ဟူ၍ဖတ်ရသည်။ ယင်းက နောက်ပိုင်းဓမ္မသစ်ကျမ်းတွင် ဘုရားသခင်၏လူများက ဝိညာဉ်တော်နှင့် ပြည့်ဝသည့် အဖြစ်အပျက်ကို ရည်ညွှန်းခြင်းဖြစ်သည်။

## ဘုရားသခင်၏ဆုလက်ဆောင် အမှတ်လက္ခဏာပြခြင်း

ဝိညာဉ်တော်နှင့် ပြည့်ဝခြင်းဆိုသည်မှာ ဘုရားသခင်၏ဝိညာဉ်တော်သည် ဗေဇလေလ ကိစ္စကဲ့သို့ပင် တစ်စုံတစ်ဦးအပေါ်တွင် ထိရောက်မှုရှိပြီး ဘုရားသခင်၏အကြံအစည်နှင့်ဉာဏ်ပညာသည် ထိုသူအတွက် အသုံးပြုရန်ဖြစ်သည်ဟု ဆိုလိုပါသည်။ ဘုရားသခင်သည် သူ့လူတို့အား သူအလိုရှိသောအရာ၊ မည်သည့်အချိန်/သူမည်ကဲ့သို့အလိုဆန္ဒရှိသည်ကို ပြီးမြောက်စေရန်အတွက် အချို့သောနည်းလမ်းများတွင် တန်ခိုးအာဏာကို ပေးတော်မူသည်။

ဗေဇလေလ ကိစ္စမှာ ဝိညာဉ်တော်နှင့်ပြည့်စုံခြင်းသည် မည်ကဲ့သို့ဖြစ်သည်ကို ဤကျမ်းချက်များတွင် ရှင်းလင်းစွာဖော်ပြထားသည်။ "ဉာဏ်ပညာ၊ ထိုးထွင်းဉာဏ်၊ အသိပညာ၊ လက်မှုအတတ်ပညာအမျိုးမျိုးတို့ဖြင့် ပြည့်ဝစေမည်" (ထွ၊ ၃၁:၃၊ c.f. တရား၊ ၃၄:၉) ဟုဆိုသည်။ ဘုရားသခင်သည် သူ့လူများကို ကူညီသည့်နည်းလမ်း၌ အကန့်အသတ်မရှိပေ။ တဲတော်တည်ဆောက်ခြင်းကိစ္စကဲ့သို့ပင် ဝိညာဉ်တော်သည် ဘုရားသခင်၏အမှုတော်ကို ပြီးမြောက်စေရန် သူ့လူတို့အား အထူးအရည်အချင်းများကိုလွှဲပြောင်းပေးခဲ့သည်။ စိတ်ဝင်စားဖို့ကောင်းသည်မှာ ဓမ္မသစ်ခေတ်ကာလတွင် "ဝိညာဉ်တော်၏ဆုကျေးများကို" သခင်ဘုရားက ဘုရားသခင်၏ဝိညာဉ်တော်အားဖြင့် အသင်းတော်သို့ပေးအပ်ခဲ့သည်။ ဓမ္မဟောင်းခေတ်ကာတွင် ဘုရားသခင်သည် သူ့လူတို့ကို ဝိညာဉ်တော်နှင့် ပြည့်ဝစေလျက် အမှုတော်ထမ်းစေခဲ့သည်။ တဲတော်တည်ဆောက်ခြင်းအတွက်ငွေကြေးပေးကမ်းကြသည်။ ဓမ္မသစ်ကာလမှာမူ အသင်းတော်သည် ဘုရားသခင်၏တဲတော်ဖြစ်ပြီး ဘုရားသခင်သည် ဝိညာဉ်တော်၏ဆုကျေးဇူးများဖြင့် အသင်းတော်ကို တည်ဆောက်သည်။ ထို့ကြောင့် တမန်တော်ပေါလုက "ဘုရားသခင်သည် မိမိဘုန်းအသရေတော်၏ကြွယ်ဝမှုနှင့်အညီ မိမိ၏ဝိညာဉ်တော်အားဖြင့် သင်တို့၏အတွင်းဝိညာဉ်လူကို တန်ခိုးနှင့်တကွ ကြံ့ခိုင်သန်စွမ်းစေတော်မူ၍" (ဧ၊ ၃:၁၆ စံမီကျမ်း) ဟူ၍ဖော်ပြခဲ့သည်။ ဝိညာဉ်တော်၏ဆုကျေးဇူး အကြောင်းကို နောက်ပိုင်းတွင် ဆွေးနွေးမည်။

"ငါမူကား ယာကုပ်အမျိုးလွန်ကျူးခြင်း၊ ဣသရေလအမျိုးပြစ်မှားခြင်းကို သူတို့အား ဖော်ပြနိုင်မည်အကြောင်း၊ ထာဝရဘုရား၏ဝိညာဉ်တော်အားဖြင့် အရှိန်တန်ခိုး၊ ဉာဏ်သတ္တိ၊ အစွမ်းသတ္တိနှင့် ပြည့်စုံ၏" (မိက္ခာ၊ ၃:၈)။

အစ္စရေးလူမျိုးတို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို ကြား၍ သူတို့အပြစ်မှနောင်တရကာ ဘုရားသခင်ထံသို့ပြန်လှည့်လာရမည့်အကြောင်း ပရောဖက်မိက္ခာက ဘုရားသခင်၏ဝိညာဉ်တော်သည် သူ့အား မည်သို့လှုပ်ရှားစေသည်ကို ထုတ်ဖော်ကြေညာခဲ့သည်။ မိက္ခာသည် အစ္စရေးလူတို့အား မှန်ကန်စွာပရောဖက်ပြုနိုင်စေရန်အတွက် တန်ခိုးပါသောအားပေးစကားများတွင် ဘုရားသခင်၏တန်ခိုးတော်ကို တွေ့မြင်ရသည်။

## ဓမ္မဟောင်းကျမ်းတွင် အခြားသောစကားစုများ

ဓမ္မဟောင်းကျမ်းသည် ဘုရားသခင်၏ဝိညာဉ်တော်နှင့် ပြည့်စုံခြင်းကို ရည်ညွှန်းသည့်အလားတူ လက္ခဏာများနှင့် ပြည့်နှက်ပါသည်။

(၁) ဘုရားသခင်၏အတူပါရှိခြင်းသည် သူ့လူတို့နှင့်အတူ ရှိခဲ့သည် (ဘီစီ ၄၀၀ နောက်ပိုင်း ပရောဖက်များနှင့်တရားသူကြီးများမရှိခဲ့ပေ)။

(၂) ဘုရားသခင်၏လိုအင်ဆန္ဒကား သူ့လူတို့ထံသို့ သူ၏အလိုတော်ကို ဆက်သွယ်ပေးရန်နှင့်ကျင့်သုံးရန်ဖြစ်သည်။

(၃) သခင်ဘုရား၏ရည်ရွယ်ချက်များကို ပြီးမြောက်စေမည့် ယေဘုယျနည်းလမ်းတော်များ။

## ဤစကားစုအချို့ကို ကြည့်ကြပါစို့

မောရှေအတွက် "သင့်အပေါ်မှာ ကျိန်းဝပ်သောဝိညာဉ်အချို့ကို ငါယူ၍သူတို့အပေါ်မှာတင်မည်" (တော၊ ၁၁:၁၇)။ အငယ် ၂၅ မှာ "မောရှေအပေါ်မှာ ကျိန်းဝပ်သောဝိညာဉ်အချို့ကိုယူ၍ အသက်ကြီးသူခုနစ်ကျိပ်တို့အပေါ်မှာတင် တော်မူသဖြင့်" (အငယ်၂၅) ဟူ၍တွေ့ရသည်။ ယောရှုကို "ဝိညာဉ်တော်ကိုရသောနုန်၏သားယောရှု" (တော၊ ၂၇:၁၈) ဟုခေါ်သည်။ "ထာဝရဘုရား၏ဝိညာဉ်တော်သည် ဩသံယေလအပေါ်သို့ သက်ရောက်သဖြင့်" (တရား၊ ၃:၉-၁၀) ဟူ၍ဖတ်ရသည်။ ထိုနည်းတူ "ထာဝရဘုရား၏ဝိညာဉ်တော်သည် ယေဖသအပေါ်သို့သက်ရောက်၍ (တရား၊၁၁:၂၉)။ "ထာဝရဘုရား၏ဝိညာဉ်တော်သည် ရှံဆုန်အပေါ်မှာ သက်ရောက်သဖြင့်" (တရား၊ ၁၃:၂၅၊ ၁၄:၆၊ ၁၉) ဟု မိန့်ဆိုသည်။ ပရောဖက်ရှမွေလက ရှောလုအား "ထိုအခါ ထာဝရဘုရား၏ ဝိညာဉ်တော်သည် သင့်အပေါ်မှာ သက်ရောက်သဖြင့် သင်သည် သူတို့နှင့်အတူ ပရောဖက်ပြု၍ ခြားနားသောသူဖြစ်လိမ့်မည်" (၁ရာ၊ ၁၀:၆)။ ရှောလုမင်း

ကြီးသည် လူတို့ကို ဘုရားသခင်၏လမ်းတော်နှင့်အညီ ကောင်းစွာဦးဆောင်နိုင်မည့်အကြောင်း "ဘုရားသခင်၏ဝိညာဉ်တော်သည် ရှောလုအပေါ်သို့ တန်ခိုးကြီးစွာသက်ရောက်သည်" (၁ ရာ၊ ၁၁:၆)။ ထာဝရဘုရား၏ဝိညာဉ်တော်သည် ရှောလုထံမှထွက်ခွာသွားသည် (၁ရာ၊ ၁၆:၁၄)။ "ထိုနေ့မှစ၍ ထာဝရဘုရား၏ ဝိညာဉ်တော်သည် ဒါဝိဒ်အပေါ်မှာ သက်ရောက်လေ၏။ ရှမွေလသည် ထ၍ ရာမမြို့သို့ ပြန်သွား၏" (၁ရာ၊ ၁၆:၁၃)။

ဘုရားသခင်သည် သူရွေးချယ်သောသူတို့၏အသက်တာ၌ သူ့ဝိညာဉ်တော်အားဖြင့် တန်ခိုးကြီးစွာအလုပ်လုပ်ဆောင်ခဲ့သည်ကို ဓမ္မဟောင်းကျမ်း၌ မှတ်တမ်းတင်ခဲ့သည်။ "ပြည့်ဝခြင်း" ဟူသောစကားစုသည် ယေရှာကျမ်းတွင် ဖော်ပြထားသည့် "ငါ့အပေါ်မှာ တည်တော်မူ၍" ဟူသောစကားစုနှင့် အလွန်ဆင်တူပုံရသည် (ဟေရှာ၊ ၆၁:၁)။ ဓမ္မသစ်ကျမ်းတွင် ဤအကြောင်းအရာကို ပို၍ရှင်းလင်းစွာမြင်ရသည်။ ဘုရားသခင်၏ဝိညာဉ်တော်သည် သူ၏ဝိညာဉ်တော်နှင့်ပြည့်ဝသောသူတို့အပေါ်၌သူ၏အထူးရည်ရွယ်ချက်များကို အကောင်အထည်ဖော်ရန် ဓမ္မဟောင်းကျမ်းတွင် ပို၍အလုပ်လုပ်ဆောင်ခဲ့ကြောင်း တွေ့ရသည်။

ဓမ္မဟောင်းကျမ်းဆိုင်ရာ လေ့လာတွေ့ရှိချက်များစွာကို အကျဉ်းချုပ်ပါရစေ။ မောရှေက ထာဝရဘုရား၏လူရှိသမျှတို့အပေါ်မှာ ထာဝရဘုရားသည် ဝိညာဉ်တော်ကို ပေးအပ်ပါစေဟုအလိုဆန္ဒရှိခဲ့သည် (တော၊၁၁:၂၉)။ အသက်ကြီးသူခုနစ်ကျိပ်တို့အပေါ်သို့ ဝိညာဉ်တော်သက်ရောက်ခြင်းသည် ယာယီအတွက်သာဖြစ်သည် (တော၊ ၁၁:၂၅)။ ဓမ္မဟောင်းကာလတွင် ဘုရားသခင်သည် သူ့လူတို့နှင့် နီးကပ်သော်လည်း အလွန်နီးကပ်ရန် အခွင့်မပေးပေ။ "လူတို့မကျော်ရသောအဆီးအကာတို့ကို တောင်ပတ်လည်၌စီရင်၍ သင်တို့သည် တောင်ပေါ်သို့မတက်၊ တောင်ခြေရင်းကို မထိရအောင် သတိပြုကြဟု ပြောလော့။ တောင်ကိုထိမိသောသူမည်သည်ကား ဧကန်အမှန်အသေခံစေ" (ထွ၊ ၁၉:၁၂၊ ၁၉:၂၁-၂၄)။ မောရှေတစ်ဦးတည်း တောင်ထိပ်သို့တက်ခဲ့ရသည် (ထွ၊ ၂၄:၉-၁၅)။ လူတို့သည် မိမိတို့ကိုယ်ကို သန့်ရှင်းစေကြသော်လည်း တောင်ကို ထိခွင့်မရှိကြပေ။ လူထုပရိသတ်တို့သည် သန့်ရှင်းသောထာဝရဘုရားကို တဲတော်ဝေးဝေးမှ ရပ်နေကြသည်။ အကြောင်းမှာ အပြစ်လွှတ်ခြင်းမခံရသေး

ကြသောကြောင့်ဖြစ်သည်။အလားတူပင် ယနေ့ဓမ္မသစ်ခေတ်မှာလည်း အပြစ်ခွင့်လွှတ်ခြင်း မခံရပါက ဘုရားသခင်ထံတော်သို့ ချဉ်းကပ်ခွင့်၍မရပေ။

ဇာခရိ ၄:၆ ကို ဖော်ပြပြီး ဤအပိုင်းကို အဆုံးသတ်ပါမည်။ "ကောင်းကင်တမန်ကလည်း ဇေရုဗဗေလသို့ရောက်လာသော ထာဝရဘုရား၏နှုတ်က ပတ်တော်ဟူမူကား ဤအမှုသည် ဗိုလ်ခြေအားဖြင့်မဟုတ်၊ အာဏာတန်ခိုးအားဖြင့်မဟုတ်၊ ငါ့ဝိညာဉ်အားဖြင့် ဖြစ်လိမ့်မည်ဟု ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားမိန့်တော်မူ၏။" ဘုရားသခင့်လူတို့၏တန်ခိုးသည် အဖွဲ့အစည်းပြဋ္ဌာန်းချက်များမဟုတ်၊ အဆောက်အအုံများလည်းမဟုတ်၊ သူတို့အားပြည့်ဝစေသောဘုရားသခင်၏ဝိညာဉ်တော်၌သာဖြစ်သည်။

## ခ) ဓမ္မသစ်တွင် ဝိညာဉ်တော်နှင့် ပြည့်ဝခြင်း

ဓမ္မသစ်ကျမ်းတွင် "ဝိညာဉ်တော်နှင့် ပြည့်ဝခြင်း" ကို ပုံမှန်ဖော်ပြထားသည်။ သခင်ယေရှုကြွလာခြင်း၊ သူ၏ပြည့်ဝခြင်းနှင့်ကျွန်ုပ်တို့ကို ပြည့်ဝစေခြင်းကြားတွင် ဆက်စပ်မှုတစ်ခုကို ထူထောင်ခြင်းဖြစ်သည်။ "ပြည့်ဝသည်" ဟူသောစကားလုံးကို အသုံးပြုခြင်းအားဖြင့် ကျွန်ုပ်တို့သည် ဤစကားလုံးကို ကွဲပြားစေခြင်းမဟုတ်ဘဲ သန့်ရှင်းသောဝိညာဉ်တော်က သူ့လူအားလုံးအပေါ် သက်ရောက်စေလိုသောကြီးမြတ်ခြင်းကို ရည်ညွှန်းခြင်းဖြစ်သည်။

လက်ဝါးကပ်တိုင်တွင် ပဋိညာဉ်တရားသစ်ကို တံဆိပ်ခတ်ခြင်းမပြုမီ ဓမ္မဟောင်းကာလကဲ့သို့ပင် ရွေးကောက်ခံလူတချို့အပေါ်၌သာ ဝိညာဉ်တော်သက်ရောက်ခဲ့သည်။ ဥပမာအားဖြင့် ဓမ္မကျမ်းသစ်ကာလတွင် ဗတ္တိဇံဆရာယောဟန်နှင့်ယေရှု၏သန့်ရှင်းသော မွေးဖွားခြင်းနှင့်ဆက်စပ်သူများ၊ ယေရှုကိုယ်တော်တိုင်ဖြစ်သည်။

## ပဋိညာဉ်တရားသစ် မတိုင်မီ

### • နှစ်ခြင်းဆရာယောဟန် ဖွားမြင်ခြင်း

"အကြောင်းမူကား သူသည် ထာဝရဘုရားရှေ့တော်၌ ကြီးမြတ်သောသူဖြစ်လာမည်။ စပျစ်ဝိုင်နှင့်သေရည်သေရက်တို့ကိုလည်းမသောက်၊ အမိဝမ်း၌ရှိစဉ်ကပင် သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်ဝလိမ့်မည်" (လုကာ၊ ၁:၁၅ စံမီကျမ်း)။ "မာရိ၏နှုတ်ဆက်စကားကို အဲလစ်ဇဘက်ကြားရသောအခါ သူ၏

ကလေး ငယ်သည် ဝမ်းထဲ၌ခုန်လေ၏။ အဲလစ်ဇဘက်သည်လည်း သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်ဝလျက်" (လုကာ၊ ၁:၄၁ စံမီကျမ်း) ဟူ၍ဖတ်ရသည်။ "သူငယ်၏ဖခင် ဇာခရိသည် သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်ဝလျက် ပရောဖက်ပြုဟောပြောကာ" (လုကာ၊ ၁:၆၇ စံမီကျမ်း) ဟုဆိုပါသည်။

ဗတ္တိဇံဆရာယောဟန်နှင့် ယဇ်ပုရောဟိတ်ဇာခရိသည်သာ သန့်ရှင်းသောဝိညာဉ်တော်နဲ့ပြည့်ဝသည်မဟုတ်၊ မိန်းမတကာတို့ထက် မြတ်စွာသောမင်္ဂလာရှိသူအဲလစ်ဇဘက်သည်လည်း ဘုရားသခင်၏ဝိညာဉ်တော်နှင့်ပြည့်ဝနေခဲ့သည်။ အဲလစ်ဇဘက်၌ ဘုရားသခင်အတူပါရှိခြင်း အစပြုခြင်းသည် ထာဝရဘုရား၏အထူးအမှုတော်ပင် ဖြစ်သည်။ ဘုရားသခင်သည် အဲလစ်ဇဘက်အသက်ကြီးမှ အံ့ဖွယ်နည်းဖြင့် သားတစ်ဦးကို မွေးဖွားစေသည်သာမက လူတို့သည် ဘုရားသခင်၏အမှုတော်ကို လိုက်နာပြီး သူ၏နှုတ်ကပတ်တော်ကို ကြားနာနိုင်စေရန် ပရောဖက်များနှင့် ပရောဖက်မများမှတစ်ဆင့် အလားတူပွင့်ပွင့်လင်းလင်းကြေငြာစေခဲ့သည်။

## • ယေရှု၏သာသနာတော်

"သန့်ရှင်းသောဝိညာဉ်တော်သည် ချိုးငှက်ကဲ့သို့ ကိုယ်ထင်ရှားလျက်ကိုယ်တော်အပေါ်၌ ဆင်းသက်တော်မူ၍ သင်ကား ငါနှစ်သက်မြတ်နိုးရာ၊ ငါ၏ချစ်သားပေတည်းဟု ကောင်းကင်ကအသံတော်ဖြစ်လေ၏" (လုကာ၊ ၃:၂၂၊ မာ၊ ၁:၁၀၊ ယော၊ ၁:၃၂)။ "သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝသောယေရှုသည် ယော်ဒန်မြစ်မှပြန်စဉ်တွင် ဝိညာဉ်တော်သည် တောသို့ပို့ဆောင်တော်မူ၏ (လုကာ၊ ၄:၁၊ မဿ၊ ၄:၁၊ မာကု၊ ၁:၁၂)။

ယေရှုနှင့် သန့်ရှင်းသောဝိညာဉ်တော်အကြောင်း များစွာပြောနိုင်သည်။ သို့သော် ကျွန်ုပ်၏ရည်ရွယ်ချက်မှာ ယေရှုသည် ရေနှစ်ခြင်းခံပြီးနောက် သန့်ရှင်းသောဝိညာဉ်တော်သည် ချိုးငှက်ကဲ့သို့ သူ့အပေါ်သို့ဆင်းသက်လာသောအခါ "သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝ" ကြောင်း ပြသရန်ဖြစ်သည်။ ဤသည်မှာ ခမည်းတော်၏အမှုတော်အတွက် သားတော်မေရှိယကို ခမည်းတော်ဘိသိက်ပေးသည့်ပုံဖြစ်သည်။ သခင်ယေရှု၏အမှုတော်သည် "သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးတော်အားဖြင့် ပြည့်ဝသောကြောင့်" ကိုယ်တော်သည် သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်ဝရခြင်းဖြစ်ပါသည်။ သခင်ယေရှုသည် သူ

ငြင်းဆိုခဲ့သော သူ၏ဘုရားဖြစ်ခြင်းထက် ဝိညာဉ်တော်နှင့် ပြည့်ဝခြင်းဖြင့် သူ၏အမှုတော်ကို ဆောင်ရွက်ခဲ့သည်ဟု ကျွန်ုပ်ယုံကြည်ပါသည် (ဖိလိ၊ ၂:၃-၁၁)။ "ယေရှုသည် ဝိညာဉ်တော်တန်ခိုးနှင့် ဂါလိလဲပြည်သို့ပြန်၍ သတင်းတော်သည် ပတ်ဝန်းကျင်အရပ်တို့၌ အနှံ့အပြားကျော်စောလေ၏။ တရားဇရပ်တို့၌ ဆုံးမဩဝါဒပေးတော်မူ၍" (လု၊ ၄:၁၄) ဟူ၍ ဖတ်ရပါသည်။

ပထမအနေနှင့် ဘုရားသခင်၏လူတို့သည် ယေရှုကဲ့သို့ပင် သူတို့၏အသက်တာ၌ အလုပ်လုပ်သည့်တူညီသောဝိညာဉ်တော်ကို ရရှိကြောင်း ဖော်ပြသည်။ ထို့ကြောင့် ဘုရားသခင်၏ရည်ရွယ်ချက်ကို ပြီးမြောက်အောင်မြင်ရန် ဘုရားသခင်၏လူတို့ကို မည်သည့်အရာကမျှ မဟန့်တားနိုင်ပါ။ ဤသမ္မာတရားက ကျွန်ုပ်တို့၏ယုံကြည်ခြင်းကိုတည်ဆောက်ပေးသည်။ ဒုတိယအနေနှင့် အသင်းတော်သည် သခင်ယေရှုရှင်ပြန်ထမြောက်ပြီးနောက် ယေရှု၏သာသနာတော် အဆက်အဖြစ် ရှုမြင်ပါသည်။ ဤအရာကို ယောဟန်၊ ၁၄-၁၆ နှင့် တမန်တော်များတွင် တွေ့မြင်ရပြီး ဤစာအုပ်၏နောက်ပိုင်းတွင် ဆက်လက်ဆွေးနွေးသွားပါမည်။ ဘုရားသခင်၏လူတို့သည် လောကီလူသားတို့အတွက် ဘုရားသခင်၏သာသနာလုပ်ငန်းကို ကျေပွန်စေရန် တာဝန်ရှိပါသည်။ တတိယအနေနှင့် သန့်ရှင်းသောဝိညာဉ်တော်က ဘုရားသခင်၏လူတို့ကို ဘိသိက်ပေးသည့်နည်းလမ်းကို ကျွန်ုပ်တို့အလွန်စိတ်ဝင်စားပါသည်။ နောက်ဆုံးအနေနှင့် "ပြည့်ဝခြင်းနှင့်အတူ" ဟူသောစကားစုသည် သန့်ရှင်းသောဝိညာဉ်တော်အတူပါရှိခြင်းနှင့် သူ၏ဆုကျေးဇူးများကို ရည်ညွှန်းသည်။

## • ပင္တေကုတ္တေ ညာဉ်တရားသစ်ပြီးနောက်

ပဋိညာဉ်သစ်၏အစပြုမှုသည် ဘုရားသခင်၏လူတို့၌ ဘုရားသခင်၏ဝိညာဉ်တော်အားဖြင့် ကြီးမားသောပြောင်းလဲမှုများကို ယူဆောင်လာခဲ့သည်။ ဝိညာဉ်တော်၏ရည်ရွယ်ချက်မှာ ရွေးချယ်ခံထားရသည့်လူအနည်းငယ်အတွင်း လုပ်ဆောင်ခြင်းထက် ဘုရားသခင်၏သာ၍ကြီးမြတ်သော ရွေးနုတ်ခြင်း အလိုတော်ကို ပြီးမြောက်စေရန် ဘုရားသခင်၏လူအားလုံးကို ဖြည့်ဆည်းပေးရန်ဖြစ်သည်။ ထို့ကြောင့် ယခုအခါ ဘုရားသခင်၏လူတို့သည် ယေရှုခရစ်၏ဧဝံဂေလိတရားကို ကမ္ဘာအရပ်ရပ်သို့ပြန့်ပွားစေရန် သာသနာဆောင်ရွက်နေ

စဉ်အတွင်း သူတို့ရရှိထားသည့်ဝိညာဉ်တော်၏ဆုကျေးဇူးများကို အသုံးပြုရမည်ဖြစ်သည်ဟု ကျွန်ုပ်တို့ကောက်ချက်ချပါသည်။

ဓမ္မဟောင်းကာလတွင်
သန့်ရှင်းသောဝိညာဉ်တော်
သည် ဘုရားသခင်၏
လူတို့အပြစ်ကြောင့် သူတို့ထံ
မလာနိုင်သောကြောင့်
တဲတော်ထဲ၌
ဘုရားသခင်အကာအကွယ်
ခံခဲ့ရသည်။



ဓမ္မသစ်ကာလတွင်
သန့်ရှင်းသောဝိညာဉ်တော်သ
ည် လက်ဝါးကပ်တိုင်ပေါ်
ယေရှု၏အသေခံခြင်းကို
ယုံကြည်ခြင်းအားဖြင့်
အပြစ်လွှတ်ခြင်းအတွက်
ကြောင့် သူ့လူတို့အထဲ၌
ကျိန်းဝပ်ရန်
ဆင်းသက်လာနိုင်သည်။

တမန်တော်ကျမ်းမှ စတင်ကာ ကမ္ဘာအရပ်ရပ်သို့ အသင်းတော်စေလွှတ်ခြင်းဆိုင်းရာ ကြီးမားသောထိုးဖောက်မှုတွင် အပိုအစွမ်းတန်ခိုးကို အထူးသတိပြုမိပါသည်။ အင်ဂျင်နှစ်လုံးတပ်ထားသည့် လေ့ကြီးတစ်စင်းကို မြင်သောအခါ ဘာကြောင့် ဤလေ့ကြီးကို အင်ဂျစ်နှစ်လုံးလိုအပ်သနည်းဟု မေးကောင်းမေးနိုင်ပါသည်။ ရေနက်သည့်နေရာ၌ ငါးဖမ်းဖို့အတွက် ဖြစ်သည်ဟု ပြောပြပါလိမ့်မည်။ အင်ဂျင်တစ်လုံးသေလျှင် အင်ဂျင်တစ်လုံးချက်ချင်းနှိုးဖို့ဖြစ်သည်။ အင်ဂျင်နှစ်လုံးမပါဘဲ သမုဒ္ဒရာရေနက်ရာထဲကို မထွက်ရဲကြပေ။ ထို့အတူပင် ဘုရားသခင်သည် သူ့လူများအား သန့်ရှင်းသောဝိညာဉ်တော်ဖြင့် ဆုကျေးဇူးများကို ပေးအပ်ပြီး သူ၏ရည်ရွယ်ချက်များကို အစွမ်းထက်စွာလုပ်ဆောင်စေရန်ဖြစ်သည်။

ဘုရားသခင်၏ဝိညာဉ်တော်ကို တမန်တော်ဝတ္ထုတွင် ၆၄ ကြိမ် အသုံးပြုထားပြီး အသင်းတော်မွေးဖွားခြင်းနှင့် အသင်းတော်၏အသက်ဟူ၍ အပိုင်းနှစ်ပိုင်း ခွဲခြားနိုင်သည်။ ဖေက် ၅ တွင် ပေါလုဖော်ပြထားသည့် “ဘုရားသခင်၏ဝိညာဉ်တော်နှင့်ပြည့်ဝခြင်း” ဟူသောအကြောင်းကို နောက်အခန်းတွင် အသေးစိတ်လေ့လာပါမည်။ ကျွန်ုပ်တို့သည် ဤအကြောင်းအရာကို ဤနေရာ၌ ထိတွေ့ရုံမျှသာဖြစ်ပြီး စေ့စေ့စပ်စပ်ပြောဆိုရန် မဆိုလိုပါ။ ဓမ္မသစ်ကျမ်းတွင် “ဝိညာဉ်” ဟူသောစကားလုံးကို ၂၂၃ ကြိမ်အသုံးပြုသော်လည်း ဤနေရာတွင် တမန်တော်၌သာ အာရုံစိုက်ပါမည်။

**• အသင်းတော်မွေးဖွားခြင်းမှာ**

"ယောဟန်သည် ရေ၌ ဗတ္တိဇံကိုပေး၏။ သင်တို့သည် မကြာမမြင့်မီ သန့်ရှင်းသောဝိညာဉ်တော်၌ ဗတ္တိဇံကိုခံရကြလိမ့်မည်ဟု မိန့်တော်မူ၏" (တမန်၊ ၁:၅)။"သင်တို့အပေါ်သို့ သန့်ရှင်းသောဝိညာဉ်တော်ဆင်းသက်သောအခါ သင်တို့သည် တန်ခိုးကိုခံရ၍ ယေရုရှလင်မြို့မှစသော ယုဒပြည်၊ ရှမာရိပြည်၊ မြေကြီးစွန်းတိုင်အောင် ငါ၏သက်သေဖြစ်ကြလိမ့်မည်ဟု မိန့်တော်မူ၏" (တမန်၊ ၁:၈)။ "ထိုသူအပေါင်းတို့သည်လည်း သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်၍ ဝိညာဉ်တော်သည် ဟောပြောသောအခွင့်ကို ပေးတော်မူသည်အတိုင်း အမျိုးမျိုးသောဘာသာစကားအားဖြင့် ဟောပြောကြ၏" (တ၊ ၂:၄)။

သခင်ယေရှုမိန့်ဆိုထားခဲ့သည့်အတိုင်း ဤကျမ်းပိုဒ်သုံးပိုဒ်အားဖြင့် အသင်းတော်အပေါ် သန့်ရှင်းသောဝိညာဉ်တော်၏ကြီးမားလှသောအကျိုးသက်ရောက်မှုကို မိမိတို့တွေ့မြင်နိုင်ပြီဖြစ်သည်။ "ငါ့ခမည်းတော်၏ကတိရှိသည်အတိုင်း သင်တို့၌ ငါပြုဦးမည်။ သို့ဖြစ်၍ သင်တို့သည် ကောင်းကင်ကတန်ခိုးကို မခံမီတိုင်အောင် ယေရုရှလင်မြို့၌ နေကြဦးလော့ဟု မိန့်တော်မူ၏" (လုကာ၊ ၂၄:၄၉)။ ဤကတိတော်သည် ကောင်းကင်ဘုံသို့မတက်မီ ယေရှုမိန့်ဆိုခဲ့သော အတိအကျဖြစ်သည် (တမန်၊ ၁:၄-၅)။ ဝိညာဉ်တော်နှင့် ပြည့်ဝခြင်းကို "ဗတ္တိဇံနှင့်" ဟူသောစကားစုဖြင့် ဖော်ထုတ်ရမည်ဖြစ်သည်။

တမန်တော် ၁ နှင့် ၂ တွင် ဖော်ပြထားသောအဖြစ်အပျက်များသည် ဘုရားသခင်၏လူမျိုးအပေါ် ကြီးမားသောအပြောင်းအလဲများကိုဖော်ပြသည်။ ဤနှစ်ခန်းသည် ဓမ္မဟောင်းကျမ်းနှင့်ယေရှုပြောစကားဖြစ်သည့် ယုံကြည်သူများ၏အသက်တာ၌ ဖြစ်ပျက်နေသည့်အရာများနှင့် ဆက်စပ်နေသည်။ တမန်တော်ဝတ္ထု ၁ တွင် ဝိညာဉ်တော်ကြွလာခြင်း၊ ယေရှုနောက်လိုက်များ၏အသက်တာ၌ သူ၏အမှုတော်နှင့် သူတို့အပေါ်၌ သက်ရောက်စေမည့်အရာများ ပါဝင်သည် ("ငါ၏သက်သေဖြစ်ကြလိမ့်မည်" ၁:၈)။ ပင်တေကုတ္တေပွဲ၌ သူတို့အား ယေရှုမှာကြားထားသည့်အတိုင်း ဆုတောင်းလျက် စောင့်ဆိုင်းလျက်နေကြသည် (တ၊၂:၁)။ တမန်တော်အခန်းကြီး ၁ နှင့် ၂ တို့တွင် တပည့်တော်များ စောင့်ဆိုင်းနေသည့်ဝိညာဉ်တော်သည် သခင်ယေရှုမှာကြားထားသည့်အတိုင်း ဆင်းကြွလာပြီး အသင်းတော်စတင်မွေးဖွားလေသည်။

ထို့ကြောင့် မည်သူက "သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်ဝ" သနည်း (တ၊၂:၄)။ တမန်တော်များသည်သာ ဝိညာဉ်တော်နှင့် ပြည့်ဝသည်ဟု မတွေး လိုက်ပါနှင့်။ပင်တေကုတ္တေပွဲ၌ သန့်ရှင်းသောဝိညာဉ်တော်ဆင်းသက်လာမည့် စောင့်မျှော်နေသည့်များစွာသောယုံကြည်သူတို့သည်လည်း ဝိညာဉ်တော်နှင့် ပြည့်ဝကြသည်။ "ထိုအခါ အရေအတွက်အားဖြင့် တစ်ရာနှစ်ဆယ်သောတ ပည့်တော်တို့၏အလယ်၌ ပေတရုသည်ထ၍" ဟူ၍ဖတ်ရသည် (တ၊ ၁:၁၅)။

ယုံကြည်သူအားလုံးအား သန့်ရှင်းသောဝိညာဉ်တော်ရရှိမည့်ဟု ကတိ ပေးဆောင်ခဲ့သည့် ပေတရု၏ပြောဆိုပုံကို တမန်၊ ၂ တွင် ဤသို့ဖတ်ရသည်။ "အကြောင်းမူကား ကတိတော်သည် သင်တို့နှင့်လည်းကောင်း၊ သင်တို့၏ သားသမီးတို့နှင့်လည်းကောင်း၊ ဝေးသောသူတို့တွင် ငါတို့၏ဘုရားသခင်ထာဝ ရဘုရားခေါ်တော်မူသမျှသော သူတို့နှင့်လည်းကောင်း ဆိုင်သည်ဟုဟော၏" (တမန်၊ ၂:၃၉)။ မည်သို့သောကတိတော်နည်း။ သခင်ယေရှုကောင်းကင်ဘုံသို့ မတက်ကြွမီ ပေးခဲ့သောကတိတော်ပင်ဖြစ်ပါသည်။ "ထိုသို့ ဘုရားသခင်သည် လက်ယာလက်တော်နှင့် ချီးမြှောက်တော်မူသဖြင့် ထိုသခင်သည် ကတိတော် နှင့်ယှဉ်သောသန့်ရှင်းသောဝိညာဉ်တော်ကို ခမည်းတော်ထံ၌ ခံပြီးဖြစ်၍ သင် တို့သိမြင်ကြားရသောအရာကို ညွှန်းလောင်းတော်မူ၏" (တ၊ ၂:၃၃)။ ပေတရု က သန့်ရှင်းသောဝိညာဉ်တော်ကိုမည်သို့ကတိပြုနိုင်မည်နည်း။ သန့်ရှင်းသော ဝိညာဉ်တော်ဆင်းသက်လာခြင်းကို စောင့်ဆိုင်းနေကြသောယုံကြည်သူ ၁၂၀ တို့သည် ဝိညာဉ်တော်၏တန်ခိုးကို ခံစားခဲ့ကြ၍ ချက်ချင်းပင် လူပေါင်း ၃၀၀၀ ဆီသို့ပျံ့နှံ့သွားလေသည် (တ၊ ၂:၄၁)။

ဗတ္တိဇံဆရာယောဟန်ဟောပြောခဲ့သည့်အတိုင်း သန့်ရှင်းသောဝိညာဉ် တော်နှင့် ပြည့်ဝခြင်းသည် ဝိညာဉ်တော်၏ဗတ္တိဇံနှင့် ဆက်စပ်နေကြောင်း သ တိပြုပါ။ "ထိုသူသည် သန့်ရှင်းသောဝိညာဉ်တော်နှင့်လည်းကောင်း၊ မီးနှင့် လည်းကောင်း၊ သင်တို့ကို ဗတ္တိဇံပေးမည်" (မဿဲ၊ ၃:၁၁၊ မာကု၊ ၁:၈၊ လုကာ၊ ၃:၁၆)။ သခင်ဘုရားသည် သူ့လူအနည်းစုအပေါ်၌ မဟုတ်ဘဲ၊ သူ့လူအားလုံး တို့ကို ဝိညာဉ်တော်ဖြင့် ပြည့်ဝစေကြောင်း ကျွန်ုပ်တို့တွေ့မြင်ရပေသည်။ ထို ကတိတော်သည် ယုံကြည်သူအားလုံး သို့မဟုတ် ခရစ်တော်၏ဝိညာဉ်တော် ကို ရရှိသောသူများအတွက်ဖြစ်သည်။

အဓိကဖြစ်ရပ်မှာ ယေရှု၏အသွေးတော်အားဖြင့် ပဋိညာဉ်တရားသစ် စတင်ခြင်းဖြစ်ပြီး ၎င်းသည် ယုံကြည်သူအားလုံးအပေါ် များစွာအကျိုးသက်ရောက်ခဲ့သည် (တ၊ ၂:၃၇-၄၀)။ လက်ဝါးကပ်တိုင်မှာ သခင်ယေရှုမသေခင် အကန့်အသတ်ရှိသော ဝိညာဉ်တော်၏ကြီးမြတ်သောလုပ်ဆောင်မှုများသည် အကြောင်းအရင်းမဟုတ်တော့ဘဲ၊ ပေတရုဟောကြားသည့် ဝိညာဉ်တော်၏ ကတိတော်နှင့်ဆိုင်သောကောင်းချီးအားလုံးသည် ဘက်လိုက်ခြင်းမရှိတော့ဘဲ ယေရှု၏နာမတော်ကိုပဌနာပြုမည့်သူအပေါင်း၊ ဘုရားသခင်၏လူအားလုံးတို့နှင့်သက်ဆိုင်လာပါသည် (တမန်၊ ၂:၃၉)။

## • အသင်းတော်၏အသက်

"ထိုအခါ ပေတရုသည် သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်စုံလျက် .." (တ၊ ၄:၈) ဟူ၍ဖတ်ရသည်။ "ထိုသို့ ဆုတောင်းပတ္ထနာပြုပြီးမှ စုဝေးသောအရပ်သည် တုန်လှုပ်၍ ထိုသူအပေါင်းတို့သည်သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်သဖြင့် ဘုရားသခင်၏နှုတ်ကပတ်တရားတော်ကို ရဲ့ရင့်စွာဟောပြောကြ၏" (တမန်၊ ၄:၃၁)။ "ယောဟန်သည် ရေ၌ဗတ္တိဇံကိုပေး၏။ သင်တို့သည် သန့်ရှင်းသောဝိညာဉ်တော်၌ ဗတ္တိဇံကို ခံရကြလိမ့်မည်ဟု သခင်ဘုရားမိန့်တော်မူသောစကားကို ထိုအခါ ငါအောက်မေ့၏" (တ၊ ၁၁:၁၆)။ "တပည့်တော်များတို့သည်ဝမ်းမြောက်ခြင်းနှင့်လည်းကောင်း၊ သန့်ရှင်းသောဝိညာဉ်တော်နှင့်လည်း ကောင်း ပြည့်စုံကြ၏" (တ၊ ၁၃:၅၂)။




ဘုရားသခင်သည် ဓမ္မဟောင်းကာလကဲ့သို့ပင် အထူးယုံကြည်သူတစ်ဦးနှစ်ဦးနှင့် ရံဖန်ရံခါ လုပ်ဆောင်ခြင်းမဟုတ်တော့ဘဲ ဘုရားသခင်၏ဝိညာဉ်တော်နှင့် ပြည့်ဝသောယုံကြည်တိုင်းနှင့် အလုပ်လုပ်လျက်နေသည်။ ရှင်ပြန်ထမြောက်သောယေရှုခရစ်သည် ခါနာန်ပြည်သို့သွားသောအစ္စရေးလူမျိုးတို့ကို တောကန္တာရမှတဆင့် ပို့ဆောင်တော်မူသကဲ့သို့ ယနေ့ဘုရားသခင်၏လူတို့ကိုလည်း ဆက်လက်ပို့ဆောင်တော်မူ၏။ ဘိသိက်ပေးခြင်းသည် ဧလိယမှ

ဧလိရှဲထံသို့ကူးစက်သကဲ့သို့ ယေရှုထမြောက်ခြင်းနှင့်ဆိုင်သော ဘိသိက်ခြင်းသည်လည်း ယေရှုထံမှ သူ့လူတို့ထံသို့ရောက်ရှိသွားပြီ။

ဘုရားသခင်သည် ကမ္ဘာပေါ်ရှိ သူ့လူများအားဖြင့် အံ့ဩဖွယ်ဖြစ်ရပ်များနှင့် အလုပ်လုပ်လျက်နေပြီး ခရစ်တော်နှင့်သဏ္ဍာန်တူသော အသက်တာများဖြင့် ပြုပြင်ပေးကာ လူမျိုးအားလုံးကို ခရစ်တော်၏တပည့်ဖြစ်စေခြင်းငှာ (မဿဲ၊ ၂၈:၂၆-၂၈) ဝိညာဉ်ဆုလက်ဆောင်များ ပေးဆောင်စေခြင်းဖြင့် တပ်ဆင်ပေးသည်။ ဤအရာကို တမန်တော်ဝတ္ထုတစ်အုပ်လုံးတွင် ကျွန်ုပ်တို့တွေ့မြင်နေရသည်။

## သန့်ရှင်းသောဝိညာဉ်တော်၏ကျယ်ပြန့်သော လုပ်ဆောင်မှု

ယောလက လွန်ခဲ့သောနှစ်ထောင်ပေါင်းများစွာကပင် "နောင်ကာလ၌ လူမျိုးတကာတို့အပေါ်သို့ ငါ၏ဝိညာဉ်တော်ကို ငါသွန်းလောင်းမည်" (တမန်၊ ၂:၁၇) ဟုပရောဖက်ပြုခဲ့သည်။ "သင်တို့အပေါ်သို့ သန့်ရှင်းသောဝိညာဉ်တော်ဆင်းသက်သောအခါ သင်တို့သည် တန်ခိုးကိုခံရ၍ ယေရုရှလင်မြို့မှစသော ယုဒပြည်၊ ရှမာရိပြည်၊ မြေကြီးစွန်းတိုင်အောင် ငါ၏သက်သေဖြစ်ကြလိမ့်မည်ဟုမိန့်တော်မူ၏" (တ၊ ၁:၈)။ ပေတရုက "အကြောင်းမူကား ကတိတော်သည် သင်တို့နှင့်လည်းကောင်း၊ သင်တို့၏သားသမီးတို့နှင့်လည်းကောင်း၊ ဝေးသောသူတို့တွင် ငါတို့၏ဘုရားသခင်ထာဝရဘုရား ခေါ်တော်မူသမျှသောသူတို့နှင့်လည်းကောင်း ဆိုင်သည်ဟုဟော၏" (တမန်၊၂:၃၉)။ ဘုရားသခင်၏ကတိတော်များသည် ဂျူးလူမျိုးတို့သာမက ကမ္ဘာသူ/သားအားလုံးအတွက် ဖြစ်ကြောင်း ကျမ်းစာအထောက်အထားများအရ သိရှိနိုင်သည်။ ဤအကြောင်းကြောင့် ဝိညာဉ်တော်ဆင်းသက်သောနေ့ ပင်တေကုတ္တေပွဲနေ့သို့ လူမျိုးအသီးသီးရောက်လာရန် သခင်ယေရှုက ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ တစ်နည်းပြောရလျှင် ဗာဗုလုန်ရဲတိုက်တည်ဆောက်ခြင်းကြောင့် ဘာသာစကားကွဲပြားမှုကို လူမျိုးအသီးသီးက ဧဝံဂေလိသတင်းကို သူတို့၏ဌာနေဘာသာစကားဖြင့် ပြန်လည်ကြားနာခြင်းဖြစ်သည်။ ဘုရားသခင်သည် သူ့ရည်ရွယ်ချက်ကို ဧဝံဂေလိသတင်းစကားအားဖြင့် ပြန်လည်ပေါင်းစည်းပေးခဲ့သည်။

တမန်တော်ဝတ္ထုတစ်အုပ်လုံးသည် ရောမမြို့တွင် ပေါလုအား နေအိမ်အကျယ်ချုပ်ဖြင့် အဆုံးသတ်သော်လည်း လူမျိုးတကာတို့ကို ဆက်ဟောနေ

ဆဲပင်။ "အဘယ်သူမျှမမြစ်တားဘဲ၊ ဘုရားသခင်၏နိုင်ငံတော်အကြောင်းကို အတည့်အလင်းဟောပြော၍ သခင်ယေရှုခရစ်၏အကြောင်းများကို သွန်သင်ပြသလျက်နေ၏" (တ၊၂၈:၃၁)။ ဘုရားသခင်၏ဝိညာဉ်တော်သည် အဆက်မပြတ်နှင့်မတူညီသည့်ပုံစံဖြင့် သူ့လူတို့အား ဧဝံဂေလိတရားဟောပြောရန်နှင့် ကမ္ဘာအနှံ့တပည့်တော်ဖြစ်စေရန် လှုံ့ဆော်ပေးခဲ့သည်။ ဂျူးလူမျိုးများကြားမှ သိသာထင်ရှားသော အတားအဆီးအချို့ရှိခဲ့သော်လည်း သခင်ဘုရားသည် ဤသမ္မာတရားအားဖြင့် ကိုယ်တော်တိုင်ဦးဆောင်လျက် အသင်းတော်တစ်ပါးကို ပုံဖော်ခဲ့သည်။ တစ်ပါးအမျိုးသားများကို ဧဝံဂေလိတရားအားဖြင့် ယုဒလူမျိုးတို့နှင့်အတူအမွေခံစေ၍ တစ်လုံးတစ်ဝတည်းဖြစ်စေခဲ့သည် (ဧဖက် ၃:၆)။ အခြားသောဘာသာစကားပြောဆိုခြင်းသည် ပင်တေကုတ္တေပွဲ၌ ဖြစ်ပျက်ခဲ့သမှုကိုရောင်ပြန်ဟပ်ခြင်းဖြစ်သည်။ ဤအခြားသောဘာသာစကားပြောဆိုခြင်းသည် အကြောင်းရင်းနှစ်ရပ်ကြောင့် အလွန်အရေးကြီးသည်။

ဘုရားသခင်သည် ယုဒလူမျိုးမှစ၍ တစ်ပါးအမျိုးသားများအပါအဝင် သူတို့နှင့်ညီတူညီမျှနေထိုင်ပြီး ဧဝံဂေလိတရားကို ပြန့်ပွားစေရန် သူ၏သာသနာတော်၌ သူတို့ကို အသုံးပြုရန် တန်ခိုးအာဏာပေးမည်ဖြစ်သည်။ တမန်တော်ကျမ်းကို အရေးပါသောအပိုင်းသုံးပိုင်းသို့ခွဲနိုင်သည်။

က။ ယေရုရှလင်မြို့ရှိ ဧဝံဂေလိတရား- အစမူလ (၁:၁၂-၇)

ခ။ ရှမာရိနှင့် ယုဒပြည်ရှိ ဧဝံဂေလိတရား- ကူးပြောင်းခြင်း (၈-၁၀)

ဂ။ အဆုံးပိုင်းအထိ ဧဝံဂေလိတရား- ချဲ့ထွင်ခြင်း (၁၁-၂၈)

အသင်းတော်မွေးဖွားခြင်းသည် ကမ္ဘာတစ်ဝှမ်းတွင် နေထိုင်သောဂျူးလူမျိုးတို့ကြားတွင် တန်ခိုးအရှိန်အဝါနှင့် ရွေ့လျားလျက်ရှိသည်။ ဘာသာစကားအမျိုးမျိုးပြောဆိုခြင်းသည် ထိုသူတို့နှင့်အတူ ဝိညာဉ်တော်အတူပါရှိခြင်းကို အတည်ပြုခြင်းဖြစ်ပြီး ၎င်းတို့သည် ဘာသာစကားများစွာဖြင့် ပရောဖက်ပြုနိုင်ပုံကို ဤသို့ရှင်းပြထားသည်။ ယောလက ထိုသူတို့ပရောဖက်ပြုမည်ဟုသာ ဖော်ပြသော်လည်း ပေတရုကမူ တစ်ပါးအမျိုးသားတို့သည် သူတို့၏ဘာသာစကားဖြင့် ပရောဖက်ပြုဟောပြောလျက် ဘုရားသခင်လုပ်ဆောင်ချက်ကိုအတည်ပြုမည်ဟု ဖော်ပြခဲ့သည်။ အဓိက ဦးတည်ချက်မှာ ဘာသာစကားများပြောဆိုခြင်းမဟုတ်ဘဲ ဝိညာဉ်တော်နှင့် ပြည့်ဝခြင်းသာ ဖြစ်သည် (တ၊

၂:၁၇)။ ဘာသာစကားတို့သည် ထိုအချိန်၌ ဝိညာဉ်တော်နှင့် ပြည့်ဝခြင်း သက်သေဖြစ်ကြောင်း မည်သူမျှငြင်း၍မရနိုင်ပေ။

ပေတရုသည် ထိုစကားများကို ပြောနေချိန်တွင် သန့်ရှင်းသောဝိညာဉ်တော်သည် နားထောင်နေသောပရိသတ်အားလုံးအပေါ်သို့ သက်ရောက်လာသည်။ ထိုသို့ သန့်ရှင်းသောဝိညာဉ်တော်၏ဆုကျေးဇူးများသည် တစ်ပါးအမျိုးသားတို့အပေါ်သို့ သွန်းလောင်းပေးသောကြောင့် ပေတရုနှင့်အတူနေသော အရေဖျားလှီးခံသူအားလုံးတို့သည် အံ့သြခြင်းရှိခဲ့ကြသည်။ အကြောင်းမူကား သူတို့သည် အခြားသောဘာသာစကားပြော၍ ဘုရားသခင်အား ချီးမွမ်းနေကြသည်ကိုသူတို့ကြားရသည်။ “ထိုစကားကိုမြွက်ဆိုစဉ် နှုတ်ကပတ်တရားတော်ကို ကြားနာရသောသူအပေါင်းတို့အပေါ်သို့ သန့်ရှင်းသောဝိညာဉ်တော်သည် သက်ရောက်တော်မူ၏။-၄၅ တစ်ပါးအမျိုးသားတို့အပေါ်သို့ သန့်ရှင်းသောဝိညာဉ်တော်၏ကျေးဇူးကို သွန်းလောင်းသောကြောင့် အရေဖျားလှီးခြင်းကို ခံသောသူတည်းဟူသော ပေတရုနှင့် ပါသမျှသောတပည့်တော်တို့သည် မိန်းမောတွေဝေခြင်းရှိကြ၏။-၄၆ အကြောင်းမူကား ထိုသူတို့သည် အမျိုးမျိုးသောဘာသာစကားအားဖြင့်ပြော၍ ဘုရားသခင်ကို ချီးမွမ်းသည်ကို ကြားကြလေ၏။-၄၇ ထိုအခါ ပေတရုက ငါတို့ကဲ့သို့ သန့်ရှင်းသောဝိညာဉ်တော်ကိုခံရသော ဤသူတို့ကို ဗတ္တိဇံမပေးစေခြင်းငှာ အဘယ်သူသည် ရေကို မြစ်တားနိုင်သနည်းဟုဆိုလျက်၊-၄၈ သခင်ဘုရား၏နာမ၌ ဗတ္တိဇံကို ခံစေမည်အကြောင်း စီရင်လေ၏။ ထိုနောက်မှ ပေတရုသည် ကာလအတန်အရာ နေပါမည်အကြောင်းကို ထိုသူတို့သည် တောင်းပန်ကြ၏။ ထိုအခါ ပေတရုက ငါတို့ပြသကဲ့သို့ သန့်ရှင်းသောဝိညာဉ်တော်ကို ခံယူသော ဤသူတို့အတွက် ဗတ္တိဇံခံရန် ရေကို အကယ်စင်စစ် အဘယ်သူမျှမငြင်းနိုင်ဘဲ၊ ယေရှုခရစ်၏နာမ၌ ဗတ္တိဇံကိုခံရန် အမိန့်ပေးတော်မူ၏။ ထို့နောက် ရက်အနည်းငယ် ဆက်နေရန် တောင်းဆိုကြသည်” (တမန်၊ ၁၀:၄၄-၄၈)။

သူတို့နှင့်အတူ ဧဝံဂေလိတရားကို ဝေမျှပြီးနောက် ရောမတပ်မှူးကော်နေလိနှင့်အတူ စုဝေးနေသောဂျူးမိတ်ဆွေတို့သည် ထိုအဖြစ်အပျက်အားလုံးကို သက်သေခံခဲ့ကြသည်။ ဧဝံဂေလိတရားကိုကြား၍ ရေ၌ဗတ္တိဇံခံပြီးနောက် ဝိညာဉ်တော်သည် သူတို့အပေါ်သက်ရောက်လာသည်။ သူတို့သည် ယုံကြည်သောအခါ “ငါတို့ကဲ့သို့ သန့်ရှင်းသောဝိညာဉ်တော်ကိုခံရသော” ဟူ၍ ဖတ်ရ

သည်။ အခန်းကြီး ၁၀ ဖော်ပြချက်အရ သခင်ဘုရားသည် ပေတရုအား ကော်နေလိအိမ်သို့သွားရန် ညွှန်ကြားခဲ့သည်။ ဘုရားသခင်၏အမှုအရာများကို နှစ်သက်သူတစ်ပါးအမျိုးသားတစ်ဦး ကော်နေလိ၏ဆုတောင်းသံကို သခင်ဘုရားကြားသောအခါ "ကောင်းကင်တမန်က သင်ပြုသောဆုတောင်းပတ္ထနာနှင့် စွန့်ကြဲပေးကမ်းခြင်းတို့သည် ဘုရားသခင့်ရှေ့တော်၌ အောက်မေ့စရာဖို့ တက်ကြပြီ" (တမန်၊ ၁၀:၂) ဟုဆိုလေသည်။ အခန်းကြီး ၂ မှာ ဖြစ်ပျက်ခဲ့သကဲ့သို့ပင် အခန်းကြီး ၁၀ မှာလည်း ဖြစ်ပျက်ခဲ့သည်။

"ထိုအခါ ပေတရုသည် နှုတ်ကိုဖွင့်၍ အကယ်စင်စစ် ဘုရားသခင်သည် လူမျက်နှာကို မှတ်တော်မမူ။ လူအမျိုးမျိုးတို့တွင် ဘုရားသခင်ကို ကြောက်ရွံ့၍ တရားသဖြင့် ကျင့်ဆောင်သောသူသည် အထံတော်၌ မျက်နှာရသည်ကို ငါသိမြင်၏။အလုံးစုံတို့ကို အစိုးရတော်မူသောသခင်ယေရှုခရစ်အားဖြင့် ရန်ငြိမ်းခြင်း တရားတည်းဟူသောဧဝံဂေလိတရားကို ဟောတော်မူလျက် အစ္စရေးလူမျိုးတို့အား ပေးလိုက်တော်မူသောတရားတော်နှင့်အညီ ယောဟန်သည် ဗတ္တိဇံတရားကို ဟောသည်နောက် ဂါလိလဲပြည်မှစ၍ ယုဒပြည်အရပ်ရပ်တို့၌ နှံ့ပြားသောအကြောင်းအရာကို သင်တို့သည် သိကြ၏" (တမန်၊ ၁၀း၃၄-၃၇)။

အခြားသောဘာသာစကားဖြင့် အံ့ဖွယ်ပြောဆိုခြင်းသည် ထိုအချိန်က ဂျူးလူမျိုးတို့၏အယူအဆကို ခံယူထားသည့် ပေတရုကဲ့သို့သောသူတို့ကို နားလည်စေရန် သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်ဝခြင်း တွဲဖက်ပါလာခြင်းဖြစ်သည်။ ယုံကြည်သောအခါ သခင်ဘုရားသည် အခြားသောဂျူးခရစ်ယာန်ခေါင်းဆောင်များကို နားလည်စေရန် ပေတရုကို အသုံးပြုခဲ့သည် (တမန်၊ ၁၁:၁၅)။ "စိတ်နှလုံးကို သိတော်မူသောဘုရားသခင်သည် သန့်ရှင်းသောဝိညာဉ်တော်ကို ငါတို့အားပေးသည်နည်းတူ သူတို့အားပေးသဖြင့် သူတို့ဘက်၌ သက်သေခံတော်မူ၏။ ယုံကြည်ခြင်းအားဖြင့်လည်း သူတို့၏စိတ်နှလုံးကိုစင်ကြယ်စေ၍ ငါတို့ကို ခြားနားစေတော်မမူ" (တမန်၊ ၁၅:၈-၉)။

အခြားသောဘာသာစကားပြောခြင်းသည် တမန်တော်ကျမ်း၌ ဝိညာဉ်တော်နှင့် ပြည့်ဝခြင်း ဆက်စပ်နေပြီး ဝေးကွာလှသောဖေက်မြို့ရှိ တစ်ပါးအမျိုးသားများတွင် ဝိညာဉ်တော်လုပ်ဆောင်နေကြောင်း သက်သေပြနေသည် (တမန်၊ ၁၉း၁-၇)။ တမန်တော်ဝတ္ထုက ဘုရားသခင်၏အမှုတော်သည် မြေကြီးအစွန်အဖျားတိုင်အောင် ရောက်ရှိကြောင်း သက်သေပြသည်"(တ၊ ၁:၈)။

“သင်တို့သည် ယုံကြည်သည်နောက် သန့်ရှင်းသောဝိညာဉ်တော်ကို ခံကြပြီလောဟု မေးသည်ရှိသော် သန့်ရှင်းသောဝိညာဉ်တော်သက်ရောက်သည်ကို အကျွန်ုပ်တို့မသိပါဟု ပြောဆိုကြ၏။-၃ ပေါလုကလည်း သို့ဖြစ်လျှင် သင်တို့သည် အဘယ်မည်သောဗတ္တိဇံကို ခံကြသနည်းဟု မေးလျှင် ယောဟန်၏ဗတ္တိဇံကိုခံပါသည်ဟု ပြောဆိုကြ၏။-၄ ပေါလုကလည်း ယောဟန်က ငါ့နောက်ကြွလာသောသူကို ယုံကြည်ရမည်ဟု လူများတို့အား ပြောဆိုလျက် နောင်တနှင့်စပ်ဆိုင်သောဗတ္တိဇံကိုပေး၏။ ထိုသို့ဆိုရာ၌ ယေရှုခရစ်ကိုဆိုလိုသည်-၅ ဟူသောစကားကို ကြားလျှင် ထိုသူတို့သည် သခင်ယေရှု၏နာမ၌ ဗတ္တိဇံကို ခံကြ၏။-၆ ပေါလုသည်လည်း သူတို့အပေါ်၌ လက်ကိုတင်လျှင် သန့်ရှင်းသောဝိညာဉ်တော်သည် ဆင်းသက်တော်မူသဖြင့် ထိုသူတို့သည် အမျိုးမျိုးသောဘာသာစကားကိုပြော၍ ပရောဖက်ပြုကြ၏။-၇ ထိုသူတို့သည် အရေအတွက်အားဖြင့် တစ်ကျိပ်နှစ်ယောက်မျှလောက် ရှိသတည်း” (တမန်၊ ၁၉:၂-၇)။

ဝိညာဉ်တော်နှင့် ပြည့်ဝခြင်းက ဘုရားသခင်၏အမှုတော်သည် ပထဝီဝင်နှင့်လူမျိုးရေးအတားအဆီးများကို ထိုးဖောက်ဝင်ရောက်ပုံကို ပြသခဲ့သည်။ “အမျိုးမျိုးသောဘာသာစကား” ဟူသောစကားစုကို တမန်တော် ၂:၃၊ ၄၊ ၁၁၊ ၁၀:၄၆၊ ၁၉:၆) တို့တွင် တွေ့ရပြီး ၎င်းသည်လည်း ယေရှုရှင်ပြန်ထမြောက်ခြင်းနှင့် ဆက်နွယ်သောသန့်ရှင်းသောဝိညာဉ်တော်ပင်ဖြစ်သည်။ ဘုရားသခင်၏ဝိညာဉ်တော်နှင့်အမှန်တကယ်ပြည့်ဝသောယုံကြည်သူအားလုံးသည် အမျိုးမျိုးသောဘာသာစကား ပြောရမည်ဟူ၍ ကျွန်ုပ်တို့မတွေးသင့်ပေ။

## ၈) ဝိညာဉ်တော်နှင့် ပြည့်ဝခြင်း (ဧ၊ ၅:၁၇-၂၁)

ဝိညာဉ်တော်နှင့်ပြည့်ဝခြင်းနှင့်စပ်လျဉ်း၍ တမန်တော်မှတစ်ဆင့် ရှည်လျားသောအကြောင်းအရာများကို လေ့လာပြီးနောက် ဖေက်သြဝါဒစာမှ ရှုပ်ထွေးမှုအချို့ကို ပေါလုရှင်းလင်းဖော်ပြခဲ့ပုံကို ကြည့်ကြပါစို့။

“ထိုကြောင့် သတိမရှိသောသူမဖြစ်၊ သခင်ဘုရား၏အလိုတော်ရှိရာကို ပိုင်းခြား၍သိသောသူဖြစ်ကြလော့။ လွန်ကျူးစေတတ်သောစပျစ်ရည်နှင့်ယစ်မူးခြင်းကိုရှောင်၍ဝိညာဉ်တော်နှင့်ပြည့်စုံလျက်ရှိကြလော့။ ဆာလံသီချင်းမှစသောဓမ္မသီချင်းအမျိုးမျိုးတို့ကို အချင်းချင်းပြောဆိုဖတ်ရွတ်၍ နူးညွတ်သောစိတ်နှလုံးနှင့် သခင်ဘုရားရှေ့တော်၌ ကျူး၍သီချင်းဆိုကြလော့။ ခပ်သိမ်း

သောအရာတို့၌ ကျေးဇူးတော်ကြီးလှပါ၏ဟု ငါတို့သခင်ယေရှုခရစ်၏နာမ တော်ကို ထောက်၍ ခမည်းတော်ဘုရားသခင်ရှေ့၊ ကာလအစဉ်မပြတ်ဝန်ခံ ကြလော့။ ခရစ်တော်ကို ခန့်ညားသောအားဖြင့်၊ အချင်းချင်းတစ်ယောက် အောက်တစ်ယောက် ကိုယ်ကို နှိမ့်ချလျက်နေကြလော့” (ဧ၊ ၅:၁၇-၂၁)။

ဝိညာဉ်တော်နှင့်ပြည့်ဝခြင်းမှာ အမိန့်တော်ဖြစ်ကြောင်း ကျွန်ုပ်တို့ဦးစွာ သတိပြုရသည် (ဧ၊ ၅:၁၈)။ “ဝိညာဉ်တော်နှင့် ပြည့်ဝခြင်းဟူသည် လက်တွေ့ ကျကျ ဘယ်အရာကို ဆိုလိုသနည်း။ “လွန်ကျူးစေတတ်သောစပျစ်ရည်နှင့် ယစ်မူးခြင်းကိုရှောင်၍ ဝိညာဉ်တော်နှင့် ပြည့်စုံလျက်ရှိကြလော့” ဟူသောစ ကားရပ်နှစ်ခုမှာ ဆန့်ကျင်ဘက်ဖြစ်ပါသည်။ ရှင်ပေါလုသည် ကျွန်ုပ်တို့အား ယစ်မူးခြင်းမှ ရှောင်ကြဉ်ရန် ပထမဦးစွာရှင်းရှင်းလင်းလင်း ညွှန်ကြားထား သည်။ ဝိုင်သည် လူတို့ကို မူးယစ်စေပြီး ထိန်းချုပ်ကာ ရမ်းကားစေနိုင်သည်။ အရက်စွဲနေသည့်ယောက်ျားက ဇနီးသည်အား မကြာခဏရိုက်နှက်မှုကြောင့် နောက်ဆုံးတွင် အိမ်ထောင်ရေးပြိုကွဲသည့်အဖြစ် များစွာရှိခဲ့သည်မှာ ငြင်း၍မ ရနိုင်ပေ။ ပေါလုက ဘုရားသခင်၏ဝိညာဉ်တော်နှင့် ပြည့်ဝသောယုံကြည်သူ များနှင့် လောကီပုံသဏ္ဍာန်ဆောင်ခြင်း အဘယ်မျှဆန့်ကျင်ဘက်ဖြစ်သည်ကို ဖော်ပြထားသည်။ ယုံကြည်သူများသည် ယေရှုခရစ်တော်အားဖြင့် သန့်ရှင်း သောဝိညာဉ်တော်နှင့်ပြည့်ဝသောအခါ ဘုရားသခင်နှင့်ဆက်ဆံရေးတွင် တွေ့ ရှိရသည့် သာ၍ကြီးမားသောမျှော်လင့်ချက်များကို ဗဟိုပြုကြသည်။

“ပြည့်ဝ” ဟူသောစကားလုံးက အပြည့်အဝရှိသော၊ ကြွယ်ဝသောပမာ ဏကိုဆိုလိုပါသည်။ “ကြည့်ရှုလော့၊ အိမ်တော်သည် ထာဝရဘုရား၏ဘုန်း တော်နှင့် ပြည့်လျက်နေ၏” (ယေဇ၊ ၄၃:၅ စံမီကျမ်း) လူတစ်ဦးသည် စပျစ် ဝိုင်နှင့် ပြည့်ဝသောအခါ ထိုသူသည် ထိုးထွင်းဆင်ခြင်နိုင်စွမ်း ပျောက်ကွယ် သွားသည့်အထိ ဖြစ်သွားနိုင်သည်။ သို့သော် လူတစ်ဦးသည် ဘုရားသခင်၏ဝိ ညာဉ်တော်နှင့် ပြည့်ဝသောအခါ ဘုရားသခင်သည် သခင်ယေရှုအားဖြင့် ထို သူအား ရှင်းလင်းတိကျသော ဘုရားသခင်၏အလိုတော်ကို သိရှိခွင့်ပေးမည် ဖြစ်သည် (ဖေက်၊ ၅:၁၇)။ ဝိညာဉ်တော်နှင့် ပြည့်ဝခြင်းသည် ယုံကြည်သူတိုင်း အချိန်မရွေးနာခံရမည့်အရာဖြစ်ပြီး ဘုရားသခင်၏ဝိညာဉ်တော် ကူညီအား ပေးမှုခံရရန်သို့ ဝင်ရောက်ရမည်ဖြစ်သည်။

"ဝိညာဉ်တော်နှင့်ပြည့်ဝလော့" ဟူသောစကားသည် ကျွန်ုပ်တို့အသက်တာ၌ အဆင်မပြေမှုများရှိသည် မရှိသည်တို့နှင့် ပတ်သက်ဆက်နွယ်မှုမရှိပေ။ ဤအမိန့်တော်၏အရေးပါမှုသည် ဆက်လက်တည်ရှိနေဆဲဖြစ်သောကြောင့် ကျွန်ုပ်တို့သည် ရိုးဖြောင့်စွာနာခံပြီး ဝိညာဉ်တော်နှင့် ပြည့်ဝရမည်သာဖြစ်ပါသည်။ ဘုရားသခင်သည် စည်းစနစ်တကျ၊ ဉာဏ်ပညာ၊ ချစ်ခြင်းမေတ္တာနှင့် ပြည့်စုံတော်မူသောဘုရားသခင်ဖြစ်သောကြောင့် မိမိတို့နှင့်အတူ သူ၏မျက်မှောက်တော်ထင်ရှားခြင်းအတွက် စိုးရိမ်စရာမလိုအပ်ပေ။ တမန်တော်ရှင်ပေါလုက ဘုရားသခင်၏ဝိညာဉ်တော်နှင့်ပြည့်ဝခြင်း၏အဓိပ္ပါယ် လေးပါးကို ယေဘုယျအားဖြင့် ဤသို့ဖော်ပြထားသည်။

(၁) "ဆာလံသီချင်းမှစသောဓမ္မသီချင်းအမျိုးမျိုးတို့ကို အချင်းချင်းပြောဆိုဖတ်ရွတ်၍ နူးညွတ်သောစိတ်နှလုံးနှင့်သခင်ဘုရားရှေ့တော်၌ ကျူး ရှဲသီချင်း ဆိုကြလော့" (ဧဖက်၊ ၅:၁၉)။ အငယ် ၁၇ အရ ကြည့်လျှင် ဇာတိ အားလှုံ့ဆော်ပေးသည့်ကျယ်လောင်သောတေးဂီတအသံကို ဆိုလိုခြင်းမဟုတ်ဘဲ သမ္မာတရားနှင့်အညီ ဝိညာဉ်ရေးရာသီချင်းများကို ဝတ်ပြုကိုးကွယ်ခြင်း၌ အံ့သြဖွယ်သီဆိုချီးမွမ်းခြင်းဖြစ်သည်။ ဆာလံသီချင်းများသည် ဆာလံကျမ်းမှ ဆင်းသက်လာသည်။ ဓမ္မသီချင်းများသည် အသင်းတော်ထဲ၌ ထုံးတမ်းစဉ်လာအရသီဆိုသောသီချင်းဖြစ်ပြီး ဝိညာဉ်ရေးသီချင်းများသည် ကျွန်ုပ်တို့၏စိတ်ဝိညာဉ်ကို လှုံ့ဆော်ပေးသည့် ပိုမိုအသက်ဝင်သောတေးသီချင်းများဖြစ်သဖြင့် အချို့သောအကြောင်းအရာများကို များသောအားဖြင့် အာရုံစိုက်ကြသည်။

(၂)"နူးညွတ်သောစိတ်နှလုံးနှင့်သခင်ဘုရားရှေ့တော်၌ ကျူးရှဲသီချင်းဆိုကြလော့" (ဧ၊ ၅:၁၉) ဟူသောကျမ်းစကားကို ကြည့်ခြင်းအားဖြင့် ဘုရားသခင်သည် ကျွန်ုပ်တို့၏စိတ်နှလုံးထဲမှ စစ်မှန်သောဝမ်းမြောက်မှုကို ဖော်ပြစေလိုကြောင်း သတိပေးသည်။

(၃) "အစဉ်ကျေးဇူးတော်ချီးမွမ်းကြလော့" ဟူသောစကားက ကျွန်ုပ်တို့အား ဘုရားသခင်၏ကောင်းမြတ်ခြင်းနှင့် ကျွန်ုပ်တို့၏အသက်တာထဲ၌ ဘုရားသခင်ပြုသောအရာများအပေါ် အာရုံစိုက်ရန် တွန်းအားပေး၏။ သည်။ ကျွန်ုပ်တို့၏ပြဿနာများထက် ဘုရားသခင်၏ဖြေရှင်းချက်များ

ကို အာရုံစိုက်သောအခါ ဘုရားသခင်၏ဝိညာဉ်တော်သည် သင့်ဝိညာဉ်ကို မြှင့်တင်ပေးလိမ့်မည်။

(၄) "ခရစ်တော်ကို ခန့်ညားသောအားဖြင့် အချင်းချင်းတစ်ယောက်အောက်တစ်ယောက် ကိုယ်ကိုနှိမ့်ချလျက် နေကြလော့" (ဧ၊ ၅:၂၁) ဟူသည်မှာ မောက်မာခြင်းမရှိဘဲ ဘုရားသခင်နှင့်ရင်းနှီးသောဆက်ဆံရေးရှိရန် အခြားသူများနှင့် ကောင်းမွန်သောဆက်ဆံရေးရှိရန် လိုအပ်သည်ဟုဆိုလိုပါသည်။



# ဆွေးနွေးမေးခွန်းများ

၁။ ဓမ္မဟောင်းနှင့်ဓမ္မသစ်ကျမ်းစာ၌ လူတို့အား ဝိညာဉ်တော်နှင့် ပြည့်ဝသည့် နည်းလမ်းတွင် ကွာခြားချက်အချို့ကား အဘယ်နည်း

၂။ အချို့သော တူညီချက်များကား အဘယ်နည်း။

၃။ ဘုရားသခင်သည် ဓမ္မသစ်ကာလ၌ သူ၏လူများနှင့် အဘယ်ကြောင့် ဤမျှ ကွဲပြားပြီး ရင်းနှီးစွာလုပ်ဆောင်နိုင်သနည်း။

၄။ ခရစ်ယာန်တစ်ဦး သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်ဝခြင်းမှ ရရှိသည့် စိတ်လှုပ်ရှားမှုနှင့် လောကသားတစ်ဦး မူးယစ်ဆေးဝါးများမှရရှိသည့်စိတ်လှုပ်ရှားမှုသည် မည်သို့နည်း။

၅။ လူတစ်ဦး သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်ဝသောအခါ ဝိသေသလက္ခဏာသုံးပါးကား အဘယ်နည်း

၆။ ပင်တေကုတ္တေပွဲ၌ မည်သည့်အရာသည် အမှန်တကယ်ဖြစ်ပျက်ခဲ့သနည်း။

၇။ တမန်တော်ဝတ္ထု၌ အမျိုးမျိုးသောဘာသာစကားပြောခြင်းနှင့်ပတ်သက်၍ အလွန်အရေးပါသောအရာက အဘယ်အရာနည်း။

၈။ သင့်အတွက် သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်ဝခြင်းဟူသည် အဘယ်အရာကိုဆိုလိုသနည်း။ ရှင်းပြပါ။

# အခန်း ၁၀
# ဝိညာဉ်တော်၏သွန်သင်ချက်

ယော၊ ၁၆:၁၃

သန့်ရှင်းသောဝိညာဉ်တော်၏လုပ်ဆောင်မှုသည် သူ့သွန်သင်ခြင်း လုပ်ငန်းကဏ္ဍပေါင်းစုံပါဝင်သည်။ ဥပမာအားဖြင့် သမ္မာတရားကို အချိန်နှင့်တစ်ပြေးညီထုတ်ဖော်ခြင်း၊ အသိပညာပေးခြင်းနှင့် ဉာဏ်ပညာပေးခြင်းတို့ပါဝင်သည်။ ခရစ်ယာန်များကြီးထွားပြီး အသက်တာခိုင်ခံ့ဖို့အတွက် ဘုရားသခင်၏အသိပညာသည် မရှိမဖြစ်လိုအပ်ပေသည်။ ဂရုစိုက်တတ်သောမိဘကဲ့သို့ပင် သန့်ရှင်းသောဝိညာဉ်တော်သည် သူ့လူတို့အား အောင်မြင်စေလိုသောကြောင့် အစေခံရာတွင် ခိုင်ခံ့သောခရစ်ယာန်အသက်တာ ထူထောင်စေခြင်းငှာ အထူးသဖြင့် လိုအပ်သောဘုရားသခင်၏အသိပညာကို ပေးဆောင်သည်။

## က) ဝိညာဉ်တော်ထင်ရှားခြင်းအတွက် လိုအပ်ချက် (ယော၊ ၁၆:၁၃-၁၅)

ရှင်ယောဟန် ၁၆ တွင် အရေးပါသောဖော်ပြချက်အကြောင်းအရာများသည် သခင်ယေရှုအား ကားစင်တင်မခံရမီညတွင် ဖြစ်ပျက်ခဲ့ကြောင်း ထင်ရှားပါသည်။ နာရီပိုင်းအတွင်းမှာ ကမ္ဘာကြီးတစ်ခုလုံး မှောင်မိုက်လာပြီး ရက်စက်ကြမ်းကြုတ်သောခြိမ်းခြောက်မှုအသွင်ကို ဆောင်လာသည့်အတွက် သူ့တပည့်တော်များနှင့်ကျွန်ုပ်တို့အတွက် နှစ်သိမ့်ဆုတောင်းပေးရန် ကိုယ်တော်ကိုယ်တိုင်နှိုးဆော်ခံခဲ့ရကြောင်း သိရှိတော်မူသည်။ အဓိက အကြောင်းအရာမှာ သန့်ရှင်းသောဝိညာဉ်တော် ဆင်းကြွလာခြင်းကို အဓိကထားခြင်းဖြစ်ပါ

သည်။ ဝိညာဉ်တော်သည် ထိုအချိန်မှစ၍ ယေရှုပြုခဲ့သည့်အတိုင်း တပည့်တော်များနှင့်အတူ လိုက်ပါသွားမည်ဖြစ်သည်။

"၁၃-သမ္မာတရားနှင့်ပြည့်စုံသော ထိုဝိညာဉ်တော်သည် ရောက်လာသောအခါ သမ္မာတရားကို သင်တို့အား အကြွင်းမဲ့သွန်သင်ပြလိမ့်မည်။ ထိုဝိညာဉ်တော်သည် ကိုယ်အလိုအလျောက် ဟောပြောမည်အဟုတ်။ ကြားသမျှတို့ကို ဟောပြောလိမ့်မည်။ နောင်လာလတ္တံ့သောအရာတို့ကိုလည်း သင်တို့အား ဖော်ပြလိမ့်မည်။ ၁၄- ထိုသူသည် ငါ့ဘုန်းကိုထင်ရှားစေလိမ့်မည်။ အကြောင်းမူကား ငါနှင့်စပ်ဆိုင်သောအရာကိုယူ၍ သင်တို့အား ဖော်ပြလိမ့်မည်။ ၁၅ - ခမည်းတော်နှင့်စပ်ဆိုင်သမျှသည် ငါနှင့်စပ်ဆိုင်၏။ ထို့ကြောင့် ငါနှင့်စပ်ဆိုင်သောအရာကိုယူ၍ သင်တို့အား ဖော်ပြလိမ့်မည်ဟု ငါပြော၏" (ယော၊ ၁၆း၁၃-၁၅)။

## သမ္မာတရားအတွက် လိုအပ်မှု

အခန်းကြီးများစွာ၌ သခင်ယေရှု၏အဖိုးတန်စကားတော်များကို မှတ်တမ်းတင်ထားသည် (ယောဟန်၊ ၁၃-၁၇)။ အခန်း ၁၇ တွင် သခင်ယေရှုသည် ခမည်းတော်ဘုရားသခင်နှင့်စကားပြောဆိုမှုကိုပင် ဖော်ပြထားသည်။သန့်ရှင်းသောဝိညာဉ်တော်သည် ကျရောက်လာမည့်အကျပ်အတည်းကာလ၌ တပည့်များအား ကူညီခြင်းနှင့် ဧဝံဂေလိတရားတိုးပွားရေးအတွက် ချိတ်ဆက်ထားသော်လည်း စိတ်ဝင်စားဖွယ်အကောင်းဆုံးကား ထိုသမ္မာတရားနှင့်ဆိုင်သောဝိညာဉ်တော်သည် ယနေ့အထိပင် ကျွန်ုပ်တို့အတွက် အလွန်အရေးကြီးလှပေသည်။ ကျွန်ုပ်တို့သည် လူတို့သည် ကျွန်ုပ်တို့၏အသက်တာကို ခြိမ်းခြောက်သောအခါ အဘယ်ကြောင့် သမ္မာတရားသည် ဤမျှအရေးကြီးသနည်း ဟု သင်မေးပေလိမ့်မည်။

သန့်ရှင်းသောဝိညာဉ်တော်အား သမ္မာတရား၏ဝိညာဉ်တော်ဟူ၍ ဖော်ပြခြင်းကို ကြည့်ခြင်းအားဖြင့် ဝိညာဉ်တော်သည် သမ္မာတရားနှင့် အဘယ်မျှဆက်စပ်မှုရှိသည်ကို ကျွန်ုပ်တို့သိရှိနိုင်ပါသည်။ သစ္စာရှိသောဆက်သွယ်ပြောဆိုသူဟူသောနာမည်သည် သန့်ရှင်းသောဝိညာဉ်တော်၏နာမည်များစွာထဲမှ တစ်ခုအပါအဝင်ဖြစ်သည်။ သူသည် သူကြားသောအရာများကိုသာ ပြောလိမ့်မည်။ သူ၏နှုတ်ကပတ်တော်များကို အပြည့်အဝယုံကြည်စိတ်ချစေပြီး သူ၏

နှုတ်ကပတ်တော်များကို သမ္မာတရားနှင့် ဆက်စပ်စေပါသည်။ ကျွန်ုပ်တို့အများစုမှာ ထိုအမှန်တရားသည် ကျွန်ုပ်တို့ဘဝ၏အဓိကကျသောအစိတ်အပိုင်းဖြစ်လာပုံကို နားမလည်ကြပေ။

မှတ်သားထားရမည့်အရေးကြီးသောအချက်မှာ ကျမ်းစကားများကို ပရိယာယ်ဆင်ပြီး လမ်းမှားရောက်အောင် လှည့်စားတတ်သောရှေးမြွေဟောင်းရှိနေကြောင်းပင်ဖြစ်သည်။ရှေးမြွေဟောင်းလှည့်စားစကားများသည် သေခြင်းသို့ဦးတည်စေသော်လည်း ဝိညာဉ်တော်၏စကားများမူကား ကောင်းမွန်ပြီး ကျွန်ုပ်တို့ကို အသက်ပြန်ရှင်ခြင်းသို့ပို့ဆောင်ပေးသည်။ သမ္မာတရားထဲတွင် ကျွန်ုပ်တို့၏စိတ်ဝိညာဉ် လိုအပ်နေသောအရာများကို အချိန်မီ ဆောင်ယူပေးသည့် ဘုရားသခင်၏လမ်းညွှန်မှု၊ သွန်သင်မှုနှင့်နှစ်သိမ့်မှုတို့ပါဝင်သည်။

## ရောက်ရှိလာခြင်း

သခင်ယေရှုရှင်ပြန်ထမြောက်ခြင်းမတိုင်မီ သန့်ရှင်းသောဝိညာဉ်တော်ရောက်ရှိလာမည်ဟု ရှင်ယောဟန်အခန်းကြီး ၁၆ တွင် ဖော်ပြထားသည့်အရာသည် တမန်တော်ဝတ္ထု ၂ ပင်တေကုတ္တေပွဲနေ့တွင် အမှန်တကယ်ဖြစ်လာခဲ့ပါသည်။ သခင်ယေရှု အသေသတ်ခံရသောအခါ ဦးခေါင်းတော်ပေါ်မှခြေဖဝါးတော်အထိ ယိုစီးလာသောအသွေးတော်မြတ်သည် ပဋိညာဉ်သစ်တည်ထောင်ရန် အသုံးပြုခဲ့ပြီး ဘုရားသခင်ထံသို့ချိတ်ဆက်ပေးသည့်နည်းလမ်းသစ်တစ်ခုလုံးကို အစပြုခြင်းဖြစ်သည်။

"သမ္မာတရားနှင့်ပြည့်စုံသော ထိုဝိညာဉ်တော်သည် ရောက်လာသောအခါ၊ သမ္မာတရားကို သင်တို့အား အကြွင်းမဲ့သွန်သင်ပြလိမ့်မည်။ ထိုဝိညာဉ်တော်သည် ကိုယ်အလိုအလျောက် ဟောပြောမည်အဟုတ်။ ကြားသမျှတို့ကို ဟောပြောလိမ့်မည်။နောင်လာလတ္တံ့သောအရာတို့ကိုလည်း သင်တို့အားဖော်ပြလိမ့်မည်" (ယော၊ ၁၆:၁၃) ဟူသော အဓိပ္ပါယ်မှာ ဝိညာဉ်တော်သည် ကျွန်ုပ်တို့အား သမ္မာတရားကို သိရှိရန် ဗျူဟာမြောက်စွာလမ်းညွှန်ပေးမည်ဟု ဆိုလိုသည်။ လမ်းညွှန်မှု၏နမူနာကောင်းတစ်ခုမှာ မြို့ထဲကားမောင်းသွားသောအခါ မီးပွိုင့်လမ်းဆုံများ၌ မိမိသွားလိုသည့်လိပ်စာကို အတိအကျလမ်းညွှန်ပေးသည့် GPS ပမာဖြစ်ပါသည်။ ဝိညာဉ်တော်၏အကြံဉာဏ်သည် မျှော်လင့်ထားသည့်အတိုင်း ချက်ချင်းလက်ငင်း သို့မဟုတ် ရှင်းလင်းပြတ်သားမည်

မဟုတ်သော်လည်း အမြဲအားကိုးနိုင်သည်။ နောက်ထပ်အချက်အလက်များအ တွက် အချိန်နှင့်တပြေးညီ တိကျမှုရရှိရန် ဝိညာဉ်တော်ကို ကျွန်ုပ်တို့ယုံကြည် နိုင်ပါသည်။ တစ်ခါတစ်ရံ GPS အက်ပ်သည် အမှားအယွင်းတစ်ခုခုရှိနေပါက ကျွန်ုပ်တို့သွားလိုသည့်နေရာနှင့် လွဲမှားစွာလမ်းညွှန်နိုင်ပါသည်။ သို့သော် သန့် ရှင်းသောဝိညာဉ်တော်သည် GPS အက်ပ်ကဲ့သို့ လုံးဝမဟုတ်ပေ။

"ထိုသူသည် ငါ့ဘုန်းကို ထင်ရှားစေလိမ့်မည်။ အကြောင်းမူကား ငါနှင့် စပ်ဆိုင်သောအရာကိုယူ၍ သင်တို့အား ဖော်ပြလိမ့်မည်" (ယော၊ ၁၆:၁၄)။ သန့်ရှင်းသောဝိညာဉ်တော်သည် လိုအပ်နေသောသူများကို ခမည်းတော်ထံမှ မည်သို့ထိုးထွင်းသိမြင်စေမည်ကို သတိပြုပါ။ ခမည်းတော်ဘုရားသခင်သည် ဘုန်းတော်ထင်ရှားစေရန်အတွက် ကျွန်ုပ်တို့လိုအပ်သောအသိပညာအားလုံး ကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန် မိမိတို့၏အခြေအနေကို အဆက်မပြတ် ပြန်လည်သုံးသပ်နေပါသည်။ ဝိညာဉ်တော်သည် "နောင်လာလတ္တံ့သောအရာ တို့ကိုလည်း သင်တို့အား ဖော်ပြလိမ့်မည်" ဟုဆိုရာတွင် မဖြစ်သေးသောအ ရာများ၊ မိမိတို့လိုအပ်သောအသိပညာတစ်ခုခု စသည်တို့ကို ထုတ်ဖော်ပြသ ပါလိမ့်မည်ဟူ၍ဖြစ်သည်။

ညာဘက်ရှိပုံတွင် စက်ဝိုင်းသည် ဝိညာဉ်တော်နှင့် ပြည့်ဝခြင်းကို ကိုယ် စားပြုသည်။ ဘုရားသခင်၏ဝိညာဉ်တော်သည် လိုအပ်သလို ဆက်သွယ်ပြော ဆိုရန် နေရာမှန်၌ အဆင်သင့်တည်ရှိနေပါ သည်။ ဝိညာဉ်တော်သည် ကျွန်ုပ်တို့မဟုတ် သော်လည်း ယုံကြည်သူကျွန်ုပ်တို့အထဲ၌ အသက်ရှင်နေပါသည်။ သမ္မာတရားအချက် အလက်ကိုရရှိသောအခါ ဝိညာဉ်တော် သည် ၎င်းကိုမိမိတို့ ထံအချိန်မီပေးပို့သည်။ ဘယ်နှင့်ညာဘက်မြှားများ၌ တွေ့မြင်ရသည့် အတိုင်း ၎င်းသည် မိမိတို့၏ဆုံးဖြတ်ချက်အပေါ် သက်ရောက်မှုရှိသည်။ အပေါ်ပိုင်း မြှားပုံသည် ဘုရားသခင်အား ချီးမွမ်းခြင်း၊ ကျေးဇူးတော်ချီးမွမ်းခြင်းနှင့် ပြည့် နှက်နေသောနှလုံးကို ပုံဖော်ပေးပါသည်။



သခင်ဘုရားသည် ဤလမ်းညွှန်မှုပုံစံကို သူကိုယ်တိုင်နှင့် ချိတ်ဆက်ပေးသောကြောင့် ၎င်းသည် ထပ်မံအားကိုးခြင်း၊ ငြိမ်သက်ခြင်း၊ နာခံခြင်း၊ သူ၏နှုတ်ကပတ်တော်များကို ဂရုစိုက်ခြင်းနှင့် ကျေးဇူးတင်ခြင်း စသည်တို့ကို ဖြစ်ပေါ်စေပါသည်။ ကျွန်ုပ်တို့သည် ကိုယ်တော်၏မျက်နှာသာပေးခြင်း၌ အဆက်မပြတ်မွေ့လျော်နိုင်စေရန်အတွက် ဤစက်ဝန်းသည် မိမိတို့၏ယုံကြည်ကိုးစားမှုနှင့် ဘုရားသခင်နှင့်ဆက်ဆံရေးကို တည်ဆောက်ပေးပါသည်။

## ဝိညာဉ်တော်က ကျွန်ုပ်တို့ကို သွန်သင်ပေးပုံ

ဝိညာဉ်တော်ဘုရားသည် ကျွန်ုပ်တို့ကို ပြည့်ဝစေသည်။ သို့သော် သူသည် ကျွန်ုပ်တို့နှင့် မည်သို့ဆက်သွယ်ပါသနည်း။ သူသည် ကျွန်ုပ်တို့လိုအပ်သောအသိပညာနှင့် ယုံကြည်ခြင်းတို့ကို ခမည်းတော်ထံမှရယူ၍ ကျွန်ုပ်တို့အား စကားလုံးများဖြင့် မျှဝေပါသည်။ ဤဆက်သွယ်ရေးသည် ပုံမှန်ဖြစ်နေပါသည်။ အချို့သောယုံကြည်သူများက “ဘုရားသခင်သည် ကျွန်ုပ်အား မည်သည့်အခါမျှ စကားမပြောပါ” ဟု ဆိုကြသည်။ အကယ်၍ သူတို့သည် စစ်မှန်သောယုံကြည်သူများဖြစ်လျှင် ခမည်းတော်သည် သူ့သားသမီးများအဖြစ် သူတို့အား ပြောဆိုဆက်ဆံမည်မှာ သေချာပါသည်။ ခမည်းတော်ဘုရားသည် သူ့သားသမီးများ၏လိုအပ်ချက်များကို လျစ်လျူရှုကာ ကဲ့ရဲ့သောဖခင်မဟုတ်ပါ။ တကယ့်ပြဿနာကား ကျွန်ုပ်တို့သည် သူ၏အသံကို ပိုင်းခြားသိရှိခြင်း မရှိသောကြောင့်ဖြစ်သည်။ ဝိညာဉ်တော်သည် ကျွန်ုပ်တို့၏စိတ်ထဲသို့စကားလုံးများကို ပေးဆောင်လေ့ရှိသည်။

ကျွန်ုပ်တို့သည် ကိုယ်တော်၏နှုတ်ကပတ်တော်များမှ အလွယ်တကူလွဲချော်နိုင်သောကြောင့် ၎င်းတို့ကို ပိုင်းခြားသိမြင်ရန် မိမိတို့၏စိတ်နှလုံးကို လေ့ကျင့်ရန် လိုအပ်ပါသည်။ ဘုရားသခင်နှင့် နေ့စဉ် မိတ်သဟာယဖွဲ့သောသူတို့သည် မိမိတို့၏စိတ်နှလုံး၌ ပေါ်လာသည့်နှုတ်ကပတ်တော်ကို ဆင်ခြင်နှလုံးသွင်းပါလိမ့်မည်။ ကျွန်ုပ်တို့၏အတွေးအမြင်များကို အထူးအာရုံစိုက်ပြီး နှုတ်ကပတ်တော်နှင့်အညီ ပုံမှန်စစ်ဆေးခြင်းသည် အလွန်ထိရောက်မှုရှိပေသည်။ ထိုသို့ပြုခြင်းသည် နတ်ဆိုး၏စကားလုံးများကို ပိုင်းခြားသိမြင်စေပြီး အလွယ်တကူငြင်းပယ်နိုင်မည်ဖြစ်သည်။ မာရ်နတ်သည် ဘုရားသခင်နှင့် သူ၏ကောင်းသောရည်ရွယ်ချက်များမှ မိမိတို့ကို ကင်းကွာစေလိုသည်သာမက

မိမိတို့၏အခြေအနေကို အကဲဖြတ်ရန် အမြဲတမ်းအလိုရှိကာ သူ၏မုသားများကို မိမိတို့ထံ လွှဲပေးစေလိုပါသည်။ သို့သော် ဘုရားသခင်သည် ကျွန်ုပ်တို့ကို ညင်သာစွာလမ်းပြပေး၍ အစဉ်အမြဲဂရုစိုက်ကာ သူ့နှုတ်ကပတ်တော်များကို အသုံးပြုလျက် နာခံခြင်းကို ဖြစ်ပေါ်စေသောအသက်တာကို တည်ဆောက်ပေးဖို့အတွက် မိမိတို့အား အားပေးရန်၊ သတိပေးရန်၊ လမ်းညွှန်ရန်၊ သွန်သင်ဆုံးမရန် အလိုတော်ရှိသည်။

ဘုရားသခင်နှင့် ပိုမိုနက်ရှိုင်းသောဆက်ဆံမှုဖြစ်စေသည့် ဆက်သွယ်မှုပုံစံကို သမ္မာကျမ်းစာတွင် ရှင်းလင်းစွာဖော်ပြထားသော်လည်း ခရစ်ယာန်များစွာသည် မကြားခဲ့ကြပါ။ နှုတ်ကပတ်တော်၌ တည်နေခြင်းသည် ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို ခိုင်ခံ့စေပြီး ဘုရားသခင်အား ဘုန်းကြီးစေသည် (ယော၊ ၁၅း ၁-၆)။မူလက ဤအခန်းသည် နောက်အပိုင်း၏အစိတ်အပိုင်းဖြစ်ရန် ရည်ရွယ်ထားသော်လည်း ၎င်းကို ကျွန်ုပ်ပိုတွေးလေ၊ ယုံကြည်သူအားလုံးအတွက် ဤသွန်သင်ချက် လိုအပ်လာလေလေဖြစ်သည်။ ဆုတောင်းခြင်းသည် ကျွန်ုပ်တို့၏ဝိညာဉ်ရေးဆိုင်ရာ စည်းကမ်း၏နေ့စဉ်အစိတ်အပိုင်းတစ်ခုဖြစ်လာပုံနှင့် အလားတူသည်။

ခရစ်ယာန်များစွာအတွက် ကြီးမားသောပြဿနာတစ်ခုမှာ ခံစားချက်များဖြင့် အသက်ရှင်နေထိုင်ကြပြီး မိမိတို့စိတ်နှလုံးထဲ၌ ဘုရားသခင်ထံမှလာသောအတွေးအမြင်များကို မသိနားမလည်ကြခြင်းပင်ဖြစ်သည်။ မိဘမဲ့များကဲ့သို့နေထိုင်ကြသည်။ အပြစ်သည် သူတို့၏စိတ်နှလုံးကို အမြဲတမ်း ရှုပ်ထွေးစေသောကြောင့် ဖြောင့်ဖြောင့်မတွေးတောနိုင်ကြပေ။ သို့သော် ကျွန်ုပ်တို့သည် လက်ဝါးကပ်တိုင်တရားကိုချဉ်းကပ်လျှင်ပင် ယုံကြည်သူအများစုသည် ၎င်းတို့အား ဘုရားသခင်မည်သို့ပြောသည်ကို မသိကြပေ။ သူတို့သည် လျှင်မြန်စွာ ထောင်ချောက်ထဲရောက်သွားကြသည်မှာ အံ့သြစရာမဟုတ်ပေ။ ဘုရားသခင်သည် သူတို့နှင့်စကားပြောဆိုသည်ကို ယုံကြည်ကြသော်လည်း လက်ဝါးကပ်တိုင်တွင် ခရစ်တော်ပြုခဲ့သည့်အရာမှ သင်ယူခြင်းမဟုတ်ဘဲ သူတို့၏စိတ်ခံစားချက်အပေါ် သင်ယူနေခြင်းဖြစ်သည်။

## ဤကျမ်းချက်သည် သက်ရောက်မှုရှိပါသလား

ယောဟန် ၁၆ ၏သွန်သင်ချက်များသည် တမန်တော်များနှင့် အဓိက သက်ဆိုင်သည်ဟု ထင်ရသော်လည်း ဤသမ္မာတရားသည် ယုံကြည်သူအား လုံးနှင့်လည်း သက်ဆိုင်သည်ဟု ကျွန်ုပ်ကောက်ချက်ချပါသည်။ အကြောင်း မှာ သန့်ရှင်းသောဝိညာဉ်တော်သည် ဘုရားသခင်၏လူအားလုံးကို အလားတူ ကူညီပေးသောကြောင့်ဖြစ်သည်။ ဝိညာဉ်တော်သည် တမန်တော်များအား လက်ဝါးကပ်တိုင်ကာလမှတမန်တော်ဝတ္ထုအထိ အစွမ်းထက်စွာ ပို့ဆောင်ခဲ့ သကဲ့သို့ ယနေ့ကျွန်ုပ်တို့ယုံကြည်သူအားလုံးကိုလည်း အလားတူ နည်းလမ်း များဖြင့် လုပ်ဆောင်နေကြောင်း သတိပြုရပါမည်။

သခင်ယေရှုသည် ဤအရာကို တပည့်များအတွက်သာမက ပဋိညာဉ် သစ်အရ သူ့သားသမီးများနှင့် မည်သို့မည်ပုံ ခြားနားစွာချိတ်ဆက်ပေးသည်ကို ပြသခဲ့သည်။ ယုံကြည်သူကျွန်ုပ်တို့သည် အပြစ်ခွင့်လွှတ်ခြင်းကို ရရှိပြီဖြစ်၍ ခမည်းတော်အား အဆက်မပြတ်ဆုတောင်းနိုင်ပါသည်။ ယနေ့တွင် ယေရှု၏ နာမတော်၌ ဆုတောင်းနိုင်သည်မှာ ထူးခြားမှုတစ်ခုပင်ဖြစ်သည်။

သခင်ဘုရားက သူ့လူတို့အား သွန်သင်ပုံနှင့်လမ်းပြပုံကို ပြသသော ကျမ်းချက်များစွာမှလည်း ၎င်းကို အတည်ပြုပါသည်။ ယောဟန်သည် ယုံ ကြည်သူအပေါင်းတို့အား "သင်တို့သည် သန့်ရှင်းတော်မူသောဘုရား၏လက် မှဘိသိက်ကျေးဇူးတော်ကို ခံရ၍ ခပ်သိမ်းသောအရာတို့ကို သိကြ၏" ဟုဆို သည် (၁ယော၊ ၂:၂၀)။

"သို့သော်လည်း သန့်ရှင်းတော်မူသောဘုရား၏လက်မှသင်တို့ခံရသော ဘိသိက်ကျေးဇူးတော်သည် သင်တို့၌ ရှိသည်ဖြစ်၍ အဘယ်သူမျှ သင်တို့ကို ဆုံးမဩဝါဒပေးစရာ အကြောင်းမရှိ။ ထိုဘိသိက် ကျေးဇူးတော်သည် ဖြစ် ယောင်ဆောင်သည်မဟုတ်၊ အမှန်ဖြစ်လျက် ခပ်သိမ်းသောအရာတို့ကို သင် တို့အား သွန်သင်တော်မူသည်အတိုင်း၊ သင်တို့သည် သားတော်၌ တည်နေကြ လော့" (၁ယော၊ ၂:၂၇)။


ဘိသိက်ကျေးဇူးသည် ယုံကြည်သူအားလုံးနှင့်အတူ ရှိနေသည့်သန့်ရှင်း သောဝိညာဉ်တော်၏မျက်မှောက်တော်ကြောင့်ဖြစ်ကြောင်း တမန်တော်ယော ဟန်က ရှင်းရှင်းလင်းလင်း အခိုင်အမာပြောဆိုခဲ့သည်။

## ခ) သန့်ရှင်းသောဝိညာဉ်တော်ကိုယ်တိုင် အတူပါရှိခြင်း (ယော၊ ၁၄:၂၆)

"ခမည်းတော်သည် ငါ့အတွက်ကြောင့် စေလွှတ်တော်မူသောဥပဇ္ဈာယ်ဆရာတည်းဟူသော သန့်ရှင်းသောဝိညာဉ်တော်သည် သင်တို့အား ခပ်သိမ်းသောအရာတို့ကိုပြသသွန်သင်တော်မူ၍၊ ငါပြောခဲ့သမျှသောစကားတို့ကို မှတ်မိသောဉာဏ်ကို သင်တို့အား ပေးတော်မူမည်" (ယော၊ ၁၄:၂၆)။

"အကူအညီပေးသူ၊ သန့်ရှင်းသောဝိညာဉ်တော်" (ဂရိ parakletos; Paraklete) တွင် လုပ်ဆောင်ချက်များများစွာရှိသော်လည်း အဓိကအားဖြင့် လူတစ်ဦးကို နှစ်သိမ့်ရန်၊ လမ်းညွှန်ရန် သို့မဟုတ် အကူအညီပေးရန် ဆောင်ရွက်ပေးပါသည်။ တပည့်များအပေါ်သာမက ကျွန်ုပ်တို့ယုံကြည်သူများအပေါ် ဝိညာဉ်တော်၏လုပ်ဆောင်ချက် အမျိုးမျိုးမှာ အတိုင်ပင်ခံ၊ ဆရာ၊ လမ်းပြသူနှင့်သင်းအုပ်ဆရာအဖြစ် ကူညီဆောင်ရွက်ပေးလျက်နေသည်။ ကျမ်းစာသင်ကြားပေးသူတို့အနေနှင့် သူတို့၏အလုပ်ကို ကောင်းမွန်စွာလုပ်ဆောင်နိုင်ရန် သန့်ရှင်းသောဝိညာဉ်တော်ကို အပြည့်အဝဂရုပြုသင့်သည်။ တကယ့် အတိုင်ပင်ခံပုဂ္ဂိုလ်သည် သန့်ရှင်းသောဝိညာဉ်တော်ဖြစ်သည်။ ဤကျမ်းပိုဒ်သည် အလိုတော်ဆောင်ရန် သူ့အပေါ် ကျွန်ုပ်တို့မည်မျှမှီခိုနေရသည်ကို ပြသပါသည်။ သူ့အလိုဆန္ဒကို မေတ္တာတော်ဖြင့် အကောင်အထည်ဖော်ရန် သူ၏နှုတ်ကပတ်တော်များနှင့်အကြံအစည်များကို အသုံးပြုနိုင်ရန်အတွက် ကျွန်ုပ်တို့ကို တန်ဆာပလာများအဖြစ် အသုံးပြုပါသည်။

သခင်ယေရှုက တပည့်များအား မကြာမီခမည်းတော်သည် ငါ့ကိုယ်စား သန့်ရှင်းသောဝိညာဉ်တော်ကို စေလွှတ်ပေးမည့်အပြင် ဝိညာဉ်တော်သည် သင်တို့အားလုံးကို ခြားနားစွာဆက်လက် ပို့ဆောင်ပေးမည်ဖြစ်ကြောင်း စိတ်ချစေပါသည်။ ယေရှုက "ခမည်းတော်သည် သမ္မာတရားကို ပြသောဝိညာဉ်တော်တည်းဟူသော တစ်ပါးသောဥပဇ္ဈာယ်ဆရာကို သင်တို့နှင့်အတူ အစဉ်မပြတ်တည်နေစေခြင်းငှာ သင်တို့အား ပေးတော်မူမည်




(ယောဟန်၊ ၁၄:၁၆၊ မဿဲ၊ ၂၈:၂၀) ဟုမိန့်ဆိုခဲ့ပါသည်။ တစ်နည်းဆိုရသော်

သန့်ရှင်းသောဝိညာဉ်တော်သည် ယေရှုကိုယ်တော်တိုင်ကို ကိုယ်စားပြုသည်။ ယခင်ကသခင်ယေရှုသည် တပည့်များကို နှစ်သိမ့်ပြီး အစ္စရေးနိုင်ငံတစ်ဝန်း လှည့်လည်သောအခါ လမ်းညွှန်ပေးခဲ့သည်။ သို့သော် ယနေ့မှာမူ မျက်မြင်မရ သောသန့်ရှင်းသောဝိညာဉ်တော်သည် ကမ္ဘာတစ်ဝှမ်းရှိ ကိုယ်တော်၏လူအား လုံးကို ဖြည့်ဆည်းပေးကာ လမ်းညွှန်ပေးနေပါသည်။ သန့်ရှင်းသောဝိညာဉ် တော်သည် ဘုရားသခင်၏လူအားလုံးကို တစ်ပြိုင်နက်ပြည့်ဝစေနိုင်သည်။

ကျွန်ုပ်တို့သည် ဘုရားသခင်၏ရည်ရွယ်ချက်များကို ပြီးမြောက်နိုင်မည် အကြောင်း သန့်ရှင်းသောဝိညာဉ်တော်ကိုယ်တိုင် ကျွန်ုပ်တို့ကို သွန်သင်ပေး လျက်နေသည်။ စစ်မှန်သောခရစ်ယာန်တိုင်းသည် “ဘိသိက်ခံ” သောသူများ ဖြစ်သည်နှင့်အညီ တမန်တော်များနှင့်သခင်ယေရှုအပေါ် ဝိညာဉ်တော်အလုပ် လုပ်ဆောင်နေသကဲ့သို့ ကျွန်ုပ်တို့အထဲ၌လည်း အလုပ်လုပ်ဆောင်လျက်နေ ကြောင်း စိတ်ချနိုင်ပါသည်။ တမန်တော်များနှင့် အခြားယုံကြည်သူများအပေါ် သန့်ရှင်းသောဝိညာဉ်တော် တက်ကြွစွာအလုပ်လုပ်ဆောင်နေကြောင်း ရှာဖွေ တွေ့ရှိနိုင်ရန် တမန်တော်ကျမ်းကို လေ့လာဖတ်ရှုရန်သာ လိုအပ်သည်။

သန့်ရှင်းသောဝိညာဉ်တော်သည် သူ့အမှုတော်မြတ်၌ အဟန့်အတား ဖြစ်စေမည့်ကန့်သတ်ချက်များကို ကျွန်ုပ်တို့အသက်တာမှ လွတ်ချနိုင်ရန် ကူ ညီမစပေးပါလိမ့်မည်။ အခက်ခဲဆုံးအချိန်၌ပင် ကျွန်ုပ်တို့သိရှိရန် လိုအပ်သော အရာအတွက် ကျွန်ုပ်တို့ကို သင်ကြားပေးမည်ရန် ကိုးစားနိုင်ပါသည်။ ကျွန်ုပ် တို့သိလိုသော်လည်း မိမိတို့ကို သင်ကြားမပေးပါက မိမိတို့သိရှိရန် မလိုအပ် သောကြောင့် ဖြစ်ပေလိမ့်မည်။ တစ်ခါတစ်ရံ ဝိညာဉ်တော်သည် ကျွန်ုပ်တို့ စိတ်အားထက်သန်ခြင်းမရှိသည့်အခါ၌လည်း သွန်သင်ပေးတတ်သည်။

သန့်ရှင်းသောဝိညာဉ်တော်သည် တပည့်တော်များအား သခင်ယေရှု၏ နှုတ်ထွက်စကားများကို အမှတ်ရစေသည်သာမက ကျွန်ုပ်တို့အား ယခင်က သွန်သင်ပေးခဲ့သော ဘုရားသခင်၏နှုတ်ကပတ်တော် သမ္မာတရားများကိုပါ အမှတ်ရမည်ဖြစ်သည်။ ၎င်းက ဘုရားသခင်၏နှုတ်ကပတ်တော်များကို အမြဲ အမှတ်ရနိုင်ရန် ကျွန်ုပ်တို့၏စိတ်နှလုံးထဲ၌ သိုထားရမည်မှာ အဘယ်မျှအရေး ပါကြောင်း ပြသပါသည်။

BFF ၏သာသနာလုပ်ငန်း အစောပိုင်းအကြောင်းကို အနည်းငယ် မျှဝေ လိုပါသည်။ အိန္ဒိယနိုင်ငံက လုပ်ဖော်ကိုင်ဖက်ထံမှ အီးမေးလ်တစ်စောင်ဝင်

လာပါသည်။ ဒါနဲ့ ကျွန်တော်က "အိန္ဒိယပြည်လာဖို့ လေယာဉ်လက်မှတ်အ တွက် လုံလောက်တဲ့ပိုက်ဆံ လက်ထဲမှာ မရှိတဲ့အကြောင်း၊ အဓိကကတော့ လိုအပ်တဲ့ $8,000 ဘတ်ဂျက်အတွက် ကျွန်တော်မပြင်ဆင်ထားကြောင်း၊ အ ချိန်တိုတောင်းတဲ့အတွက် ဗီဇာလည်း မလျှောက်ဖြစ်ခဲ့ကြောင်း ပြောပြလိုက် တယ်။ အဲဒီအချိန်မှာ Pastor Stephen က ကျွန်တော်မဖြစ်နိုင်ဘူးလို့သတ် မှတ်လိုက်တဲ့ ဆယ်ရက်သာ လိုတော့တဲ့သင်တန်းအတွက် $8,000 ကိစ္စကိုပါ ထည့်ရေးလာတယ်။အစားအသောက်နှင့်တည်းခိုစရိတ်အပါအဝင်သုံးရက်တာ အတွက် သင်းအုပ်ဆရာတစ်ဦးကို ၁၄ ဒေါ်လာခန့်သာ ကျသင့်ပေမယ့် ရာနဲ့ချီ တဲ့သင်းအုပ်ဆရာတွေအတွက် စရိတ်စက တိုးမြင့်လာခဲ့တယ်။ ခက်တာက အဲဒီသင်တန်းအတွက် ကျွန်တော်ကိုယ်တိုင်လည်း ပိုက်ဆံမရှိဘူး။ BFF သာ သနာဘတ်ကျက်လည်း တကယ်မရှိဘူးဖြစ်နေတယ်။

ကျွန်တော်မဟုတ်သလိုပဲ အရမ်းကို စိုးရိမ်လာတယ်။ ကျွန်တော့်ဆီဝင် လာတဲ့အီးမေးလ်မက်ဆေ့ချ်အပေါ်မှာ အာရုံမစိုက်နိုင်လောက်အောင် စိုးရိမ် နေမိတယ်။ ဒီလိုနဲ့ ဟိုဟိုသည်သည်လမ်းလျှောက်ရင်း အတိတ်က ကျွန်တော့် အပြစ်တွေကိုဝန်ခံပြီး ဘုရားသခင်ဆီအကူအညီတောင်းခဲ့တယ်။ ဘုရားသခင် ကလည်း ကျွန်တော့်ရဲ့စိတ်ထဲမှာ ကျမ်းချက်နှစ်ခုနဲ့ ချက်ချင်းစကားပြောလာ ပါတော့တယ်။

ပထမကျမ်းချက်မှာ "သူတို့စားစရာဖို့ သင်တို့ပေးကြလော့" (လု၊ ၉:၁၃၊ မာကု၊ ၆:၃၇) ဟူသောအရာဖြစ်သည်။ ဤကျမ်းချက်နှင့် ကျွန်ုပ်အလွန်ရင်းနှီး ရုံတင်မက မိမိ၏လက်ရှိအခြေအနေနှင့် သက်ဆိုင်ပါသည်။ သခင်ယေရှုက သူ၏တရားဒေသနာတော်ကို နားထောင်သောသူများ ဆာလောင်နေသည်ကို သိရှိသောအခါ တပည့်တို့အား သူတို့ကို စားစရာပေးဖို့ မိန့်မှာခဲ့ခြင်းဖြစ်သည်။ မုန့်ငါးလုံးနှင့်ငါးနှစ်ကောင်အားဖြင့် လူ ၅၀၀၀ ကျွေးမွေးလိုက်ရသည့်အဖြစ်အ ပျက်သည် ကျွန်ုပ်စိတ်ကို ချက်ချင်းလွှမ်းမိုးလာပြီး အချိန်တိုအတွင်းမှာပင် ကျွန်ုပ်လိုအပ်ချက်ကို ဘုရားသခင်ဖြည့်ဆည်းပေးနိုင်ကြောင်း ယုံကြည်စိတ် ချမှုရရှိလာပါသည်။

အိန္ဒိယနိုင်ငံကယုံကြည်သူတို့ကို ဘုရားသခင်၏နှုတ်ကပတ်တော် သင် ကြားပေးပြီး သူတို့၏ရုပ်ပိုင်းဆိုင်ရာလိုအပ်ချက်ကို ဘုရားသခင်သည် ကျွန်ုပ် အားဖြင့် ကျွေးမွေးလိုကြောင်း စိတ်ထဲတွင် စကားပြောလာပါသည်။ ဤအရာ

အားဖြင့် သိရှိလာသည့်အရာကား ဘုရားသခင်အလိုရှိသောအရာကို ယုံကြည်ရန် ကျွန်ုပ်အား စိတ်ချမှုကိုပေးခဲ့သည်။

ဒုတိယကား "သင့်မှာ မည်သည့်အရာရှိသနည်း" ဟူသောအချက်ဖြစ်ပါသည်။ ဤစကားသည်လည်း "ကိုယ်တော်ကလည်း သင်တို့၌ မုန့်ဘယ်နှစ်လုံးရှိသနည်း" (မာ၊ ၆:၃၈၊ မဿဲ၊ ၁၅:၃၄) ဟူသောစကားမှထွက်ပေါ်လာပါသည်။ ဤကျမ်းစကားက ကျွန်ုပ်သည် မိမိလိုအပ်သောအရာကို အာရုံမစိုက်ဘဲ မိမိ၌ရှိသောအရာကို အာရုံစိုက်ရန် သတိပေးသောကြောင့် ယင်းသည် အလွန်အရေးကြီးပါသည်။ ယခင်က ကျွန်ုပ်သည် လုံးဝစိတ်ပျက်နေ၍ ဘာလုပ်ရမှန်းမသိဖြစ်ခဲ့သော်လည်း ယခုအခါ ကျွန်ုပ်လက်ထဲ၌ ရှိနေသည့်ငွေအနည်းငယ်ဖြင့် ဗီဇာလျှောက်ရန် ပို့လိုက်သည်။ နောက်ပိုင်းတွင် ကျွန်ုပ်မထင်မှတ်သည့်နည်းလမ်းဖြင့် သင်တန်းအတွက်သာမက ကျွန်ုပ်၏လေယာဉ်လက်မှတ်အသွားအပြန်အတွက်ပါ ဘုရားသခင်ပြင်ဆင်ပေးခဲ့သည်။ ဆိုလိုသည်မှာ မိမိလက်ထဲ၌ရှိသည့်အရာကို အရင်ဆုံးအသုံးပြုလိုက်ခြင်းဖြစ်သည်။

အဆုံးတွင် အချိန်တိုအတွင်း ကျွန်ုပ်တို့သည် သူတို့၏ဝိညာဉ်ရေးရာအတွက်ရော ရုပ်ပိုင်းဆိုင်ရာအတွက်ပါ ကျွေးမွေးရန်အတွက် လုံလောက်သောဒေါ်လာထောင်ပေါင်းများစွာကို ရရှိခဲ့သည်။ ကျွန်ုပ်တို့သည် မိမိတို့လက်ထဲ၌ရှိသည့်မုန့်ငါးလုံးနှင့် ငါးနှစ်ကောင်ကို ရင်းနှီးပြီး ဘုရားသခင်က ၎င်းကို ပွားများစေကာ နောက်ဆုံးမှာ $ 9,900 အထိကောင်းချီးခံစားခဲ့ကြသည်။ ထိုအတောအတွင်း ဘုရားသခင်သည် အိန္ဒိယရှိ သင်းအုပ်ဆရာများနှင့် ဧဝံဂေလိဆရာများစွာတို့ကို အံ့သြဖွယ်ကောင်းချီးပေးခဲ့သည်။

ဤနေရာတွင် ကျွန်ုပ်၏အဓိကဆိုလိုရင်းမှာ ဘုရားသခင်သည် ကျွန်ုပ်ကိုညွှန်ကြားရန်နှင့် ကျွန်ုပ်၏ယုံကြည်ခြင်းကို တည်ဆောက်ရန် တိကျသောကျမ်းချက်များနှင့်၎င်းတို့၏အကြောင်းအရာကို အသုံးပြုခဲ့ကြောင်း သင်တို့ကိုပြသရန်ဖြစ်သည်။

## ဂ) ဝိညာဉ်တော်သည် ငါတို့၏ဆရာ (လု၊ ၁၂:၁၂)

အကြောင်းရင်းနှစ်ခုကြောင့် လုကာ ၁၂:၁၂ ကို ကျွန်ုပ်ရွေးချယ်ခဲ့သည်။ ပထမအကြောင်းရင်းကား အကျပ်အတည်းများကို ရင်ဆိုင်ကိုင်တွယ်ဖို့ရန် အမြဲတမ်းခက်ခဲသည့်အတွက် နှစ်သိမ့်မှုနှင့်လမ်းညွှန်မှုသည် အရေးကြီးသည်။

ဒုတိယအကြောင်းရင်းမှာ ဤကျမ်းချက်က တမန်တော်များသာမကဘဲ ယုံကြည်သူအားလုံးကို ရည်ညွှန်းထားကြောင်း ရှင်းရှင်းလင်းလင်းသိထားရသောကြောင့် ကျွန်ုပ်ရွေးချယ်ခဲ့ရသည်။

“ငါ့အဆွေတို့၊သင်တို့အား ငါဆိုသည်ကား ကိုယ်ခန္ဓာကိုသတ်၍နောက်တစ်ဖန် အလျှင်းမပြုနိုင်သောသူတို့ကိုမကြောက်ကြနှင့်”(လု၊ ၁၂:၄)။ “သင်တို့ကို တရားဇရပ်သို့လည်းကောင်း၊ အကဲအမှူး၊ မင်းများရှေ့သို့လည်းကောင်း၊ ပို့ဆောင်ကြသောအခါ အဘယ်သို့ပြန်ပြောရမည်ကို မစိုးရိမ်ကြနှင့်။ အကြောင်းမူကား ထိုခဏချင်းတွင် အဘယ်သို့ပြောရမည်ကို သန့်ရှင်းသောဝိညာဉ်တော်သည် အကြံပေးမည်ဟု မိန့်တော်မူ၏” (လု၊ ၁၂:၁၁-၁၂)။

ယေရှုက တပည့်တော်တို့ကို “အဆွေတို့ မကြောက်ကြနှင့်” (လု၊ ၁၂:၄) ဟုအစပြုခဲ့သည်။ တမန်တော်များသာမက အန္တရာယ်များ နှင့်ရင်ဆိုင်နေရသည့်ယုံကြည်သူအားလုံးကို တိုက်ရိုက်စကားပြောဆိုနေခြင်းဖြစ်သည်။မကြာသေးမီနှစ်များအတွင်း ယေရှုနောက်လိုက်ခရစ်ယာန်များအား ဆန့်ကျင်ရေးအကြမ်းဖက်လှုပ်ရှားမှုများသည် ပြင်းထန်လာပါသည်။ လူသားတို့သည် ခန္ဓာကိုသာ သတ်နိုင်ပြီး စိတ်ဝိညာဉ်ကိုမသတ်နိုင်ပါ။ ထိုနည်းတူ စာတန်သည်လည်း ခန္ဓာကိုသာ ဖျက်ဆီးနိုင်ပြီး စိတ်ဝိညာဉ်ကို မဖျက်ဆီးနိုင်ပါ။

နှိပ်စက်ညှဥ်းပန်းခြင်းခံနေရသည့်မိမိ၏လူမျိုးအား အထူးနှစ်သိမ့်မှုပေးမည်ကို ယေရှုက “သန့်ရှင်းသောဝိညာဉ်တော်သည် သင်တို့ကိုအကြံပေးမည်” ဟုရှင်းလင်းစွာပြောပြသည်” (လု၊၁၂:၁၀-၁၂)။ ဥပမာ တန်ခိုးကြီးမားသောဆုကျေးဇူးကိုရရှိသည့် သတေဖန်အား ခဲနှင့်ပေါက်သတ်ရန် ဘုရားသခင်ခွင့်ပြုထားသည်။ “ကျောက်ခဲနှင့်ပစ်ကြစဉ် သတေဖန်သည် ပတ္ထနာပြုလျက် သခင်ယေရှု၊ အကျွန်ုပ်၏ဝိညာဉ်ကို သိမ်းယူတော်မူပါဟု လျှောက်ဆို၏” (တမန်၊ ၇:၅၉)။ သန့်ရှင်းသောဝိညာဉ်တော်သည် သတေဖန်နှိပ်စက်ခံရစဉ် နောက်ဆုံးဒေသနာဝေငှရန် ဉာဏ်ပညာနှင့်ယုံကြည်စိတ်ချမှုကို မည်သို့ဆောင်ကြဉ်းရမည်ကို သိတော်မူ၏။ သတေဖန်သည် ကောင်းကင်၌ ရပ်နေသည့်ယေရှုကိုမြင်၍ ခဲနှင့်ပေါက်ခြင်းခံရသည်ကို ဂရုတစိုက်ကြည့်ရှုခဲ့သည်။ အဓိကအချက်မှာ ယုံကြည်သူများသည် တစ်ခါတစ်ရံ ဆိုးရွားသောအခြေအနေများကို ရင်ဆိုင်ရသော်လည်း သန့်ရှင်းသောဝိညာဉ်တော်သည် သူ၏လူများကို သွန်သင်ခြင်း၊ နှစ်သိမ့်ခြင်းနှင့်အခြားနည်းဖြင့် ကူညီရန် အမြဲရှိနေမည်ဖြစ်သည်။

ရှင်ပေါလုက “သင်တို့သည် ကြီးစွာသောဆင်းရဲခြင်းကိုခံရသော်လည်း သန့်ရှင်းသောဝိညာဉ်တော်နှင့်ဆိုင်သော ဝမ်းမြောက်ခြင်းနှင့်တကွ နှုတ်ကပတ်တရားတော်ကိုခံယူ၍ ငါတို့ကဲ့သို့သောသူ၊ သခင်ဘုရားကဲ့သို့သောသူဖြစ်ကြ၏” (၁ သက်၊ ၁:၆) ဟုဆိုသည်။

“သို့သော်လည်း၊ သခင်ဘုရား ချစ်တော်မူသောညီအစ်ကိုတို့၊ သင်တို့သည် စိတ်သန့်ရှင်းခြင်း၊ သမ္မာတရားကို ယုံကြည်ခြင်းအားဖြင့် ကယ်တင်ခြင်းသို့ရောက်စိမ့်သောငှာ၊ ဘုရားသခင်သည် ရှေ့ဦးစွာကပင် သင်တို့ကို ရွေးကောက်တော်မူသည်ဖြစ်၍ ငါတို့သည် သင်တို့ကြောင့် ဘုရားသခင်၏ကျေးဇူးတော်ကို အစဉ်မပြတ်ချီးမွမ်းရကြမည်” (၂သက်၊ ၂:၁၃)။

သန့်ရှင်းသောဝိညာဉ်တော်သည် နှုတ်ကပတ်တော်အားဖြင့် ကျွန်ုပ်တို့အား စကားပြောမည်ကို ယုံကြည်စိတ်ချဖို့ လိုအပ်သည်။ ကြောက်ရွံ့မှုနှင့်စိုးရိမ်ပူပန်မှုများကြောင့် နှစ်သိမ့်မှုကို ပေးသောသူ့နှုတ်ကပတ်တော်မှ တိမ်မြုပ်သွားရန် ခွင့်မပြုပါနှင့်။ “ထိုခဏချင်းတွင် အဘယ်သို့ပြောရမည်ကို” ဟူသောစကားတော်ကို မကန့်သတ်လိုက်ပါနှင့်။ ကျွန်ုပ်တို့ထင်ထားသည်ထက် သာ၍နှစ်သိမ့်ပေးနိုင်သလို ကျွန်ုပ်တို့သိလိုသည့်အရာများထည်လည်း ဖွင့်ပြပေးနိုင်သည်ကို အပြည့်အဝယုံကြည်နိုင်ပါသည်။

# ဆွေးနွေးမေးခွန်းများ

၁။ ဘုရားသခင်သည် ကျွန်ုပ်တို့အား မည်သို့သောအရာများကို သိစေသနည်း။ သင့်အား သန့်ရှင်းသောဝိညာဉ်တော် သွန်သင်တသည့်ဥပမာတစ်ခု ဖော်ပြပါ။

၂။ ဘုရားသခင်၏သမ္မာတရားသည် ခိုင်ခံ့သောခရစ်ယာန်တစ်ဦးအသက်ရှင်နေထိုင်ရန် အရေးကြီးသည်မှာ ထင်ရှားပေသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် သင့်ကို သတိပေးနိုင်ရန် သင့်စိတ်ထဲသို့ ကိုယ်တော်၏သမ္မာတရားကို မှန်မှန်ဆောင်ကြဉ်းပေးသည့် နည်းလမ်းအချို့ကား အဘယ်နည်း။

၃။ နိုပ်စက်ညှဉ်းပန်းခံရသောသူတို့အား ဘုရားသခင်၏အပြည့်အဝ ထိန်းချုပ်ခြင်းဆိုင်ရာကတိတော်သည် မည်သို့ထင်ရှားသနည်း။

၄။ အိန္ဒိယသို့ မစ်ရှင်ခရီးစဉ်ပြုခြင်းနှင့်ပတ်သက်၍ ဘုရားသခင်မိန့်ဆိုသောစကားထဲမှ မိတ်ဆွေသင်ယူခဲ့သောအရာတစ်ခုကား အဘယ်နည်း။

၅။ ယေရှုအုပ်စိုးခြင်းနှင့် သန့်ရှင်းသောဝိညာဉ်တော် မည်သို့ဆက်စပ်သနည်း။

၆။ အခြားသူများထံ တစ်စုံတစ်ရာကူညီပေးနိုင်ရန် သင့်အား ဘုရားသခင်၏ဝိညာဉ်တော် သွန်သင်ပေးသောနည်းလမ်းအချို့ကား အဘယ်နည်း။

# အပိုင်း ၃

## ခရစ်ယာန်အမှုတော် - ယုံကြည်ခြင်း & ပြည့်ဝခြင်း




"သင်တို့အပေါ်သို့ သန့်ရှင်းသောဝိညာဉ်တော် ဆင်းသက်သောအခါ သင်တို့သည် တန်ခိုးကိုခံရ၍ ... ငါ၏သက်သေဖြစ်ကြလိမ့်မည်ဟု မိန့်တော်မူ၏" (တမန်၊ ၁:၈)။

# အခန်း ၁၁
# ဝိညာဉ်တော်၏နှုတ်ကပတ်တော်
(၂ ပေ၊ ၁:၁၉-၂၁)

သခင်ယေရှု၏နောက်လိုက်များသည် ဘုရားသခင်၏နှုတ်ကပတ်တော်တည်းဟူသောသမ္မာကျမ်းစာအားဖြင့် အသက်ရှင်ကြသည်။ ဤစာအုပ်သည် အဓိကအားဖြင့် ယုံကြည်သူတို့၏ဩဝါဒ၊ လက်တွေ့ကျင့်သုံးခြင်းနှင့်ယုံကြည်ခြင်း စသည်တို့ဖြင့် ဖွဲ့စည်းထားပါသည် (၂တိ၊ ၃:၁၆-၁၇)။ ဝိညာဉ်တော်သည် ဘုရားသခင်၏စိတ်တော် (နက်နဲသောအရာ) နားလည်ပုံကို မိမိတို့လေ့လာခဲ့သည် (၁ကော၊၂:၁၀)။ ထို့အပြင် ဤအသိပညာကို သစ္စာရှိရှိဖြန့်ဝေပုံကိုလည်း လေ့လာခဲ့သည်။ ဘုရားသခင်၏ဝိညာဉ်တော်သည် သမ္မာကျမ်းစာကို အထူးဖန်တီးထားပြီး အသုံးပြုထားသည်။

### က) ဝိညာဉ်တော်သည် သမ္မာကျမ်းစာကို ဖန်တီးသည် (၂ပေ၊ ၁:၁၉-၂၁)

"ထိုမှတစ်ပါး သာ၍မြဲမြံသော အနာဂတ္တိစကားတော်သည် ငါတို့၌ရှိသေး၏။ စိတ်နှလုံးထဲ၌ အရုဏ်တက်၍ ကြယ်နီပေါ်ထွက်သည် ကာလတိုင်အောင်၊ ထိုအနာဂတ္တိစကားတော်ကို မှောင်မိုက်အရပ်၌ ထွန်းလင်းသောဆီမီးကဲ့သို့မှတ်၍၊ သင်တို့သည် အမှီပြုသင့်ကြ၏။၂၀-ကျမ်းစာ၌ပါသော အနာဂတ္တိစကားမည်သည်ကား ကိုယ်အလိုအလျောက်အနက်မပေါ်ဟု ရှေ့ဦးစွာသိမှတ်ကြလော့။ ၂၁-အကြောင်းမူကား၊ အနာဂတ္တိစကားသည် လူအလိုအားဖြင့် ဖြစ်

ဖူးသည်မဟုတ်၊ ဘုရားသခင်၏သန့်ရှင်းသူတို့သည် သန့်ရှင်းသောဝိညာဉ်တော်၏တိုက်တွန်းတော်မူခြင်းကို ခံရ၍ ဟောပြောကြ၏။”

“အနာဂတ္တိစကားတော်သည်” (ငယ် ၁၉) သည် သမ္မာကျမ်းစာကို ရှင်းရှင်းလင်းလင်းကိုးကားပြီး ပရောဖက်ပြုချက်များပါဝင်သည့် အရေးကြီးသောအခန်းကဏ္ဍကို ကျွန်ုပ်တို့အား သတိပေးသည် (တ၊ ၁:၁၆)။ ရှင်ပေတရုဩဝါဒဒုတိယစောင်ရေးသားချိန်မှာ ဓမ္မသစ်ကျမ်းကို အများအားဖြင့် ရေးသားခြင်းဖြန့်ဝေခြင်းမရှိသေးဟုတ်သောကြောင့် ဓမ္မဟောင်းကျမ်းကို ဤနေရာတွင် ရှုမြင်ပါသည်။ သို့သော် အခြေခံမူများနှင့် ဖွဲ့စည်းခြင်းများသည် ဘုရားသခင်၏ဝိညာဉ်တော်အားဖြင့် ပုံသွင်းထားသောကြောင့် အားလုံးမှာ သန့်ရှင်းသောကျမ်းစာဖြစ်ပါသည်။ ဘုရားသခင်၏ဝိညာဉ်တော်သည် သူ့လူတို့ကို သူ့နှုတ်ကပတ်တော်အားဖြင့် ခွန်အားပေးသည်၊ လမ်းညွှန်ပေးသည်၊ ကူညီစမသည်။ ဘုရားသခင်၏လူတို့သည် နှုတ်ကပတ်တော်နှင့် နီးနီးကပ်ကပ်နေပြီး ၎င်းနှင့်သဟဇာတဖြစ်လာကြသည်။

လူများစွာတို့သည် အထူးသဖြင့် သမ္မာကျမ်းစာ၏ဇစ်မြစ်နှင့်ပတ်သက်သည့် မှားယွင်းသောသတင်းများနှင့်အတူ ဘုရားသခင်၏နှုတ်ကပတ်တော်အပေါ် ယုံကြည်စိတ်ချမှုပျောက်ဆုံးသွားသည်မှာ သံသယဖြစ်စရာမရှိပါ။ လူများစွာတို့သည် မှားယွင်းသောဇီဝဂေလိတရားအကြောင်းကို ဖော်ပြသည့်စာအုပ်များကြောင့် ဘုရားသခင်၏နှုတ်ကပတ်တော်သည် ရိုးရိုးသာမန်လူတို့၏ရေးသားချက်သာ ဖြစ်သည်ဟုကောက်ချက်ချလာကြသည်။ မကြာသေးမီက လူတစ်ယောက်က ‘ကျမ်းစာအားလုံးဟာ လူတွေရဲ့အဓိပ္ပာယ်ဖွင့်ဆိုချက်တစ်ခုပါ’ ဟုကျွန်ုပ်ကို ပြောဖူးသည်။ ဤသို့သောမှားယွင်းသည့်ပြောဆိုမှုများသည် ဘုရားသခင့်နှုတ်ကပတ်တော်၏တန်ခိုးကို လျော့နည်းစေသည်။ ထို့ကြောင့် မယုံကြည်ခြင်းသည် ကြီးမားသောအဟန့်အတားဖြစ်လာသဖြင့် ဘုရားသခင်၏နှုတ်ကပတ်တော်နှင့် ဝေးကွာစေပါသည်။

အခန်းငယ် ၁၉ တွင် ပေတရုက “ငါတို့၌ ပို၍ခိုင်လုံသောပရောဖက်တို့၏စကားလည်းရှိ၏” ဟူသောစကားကို သတိပြုပါ။ ဘုရားသခင်၏နှုတ်ကပတ်တော်သည် အမြဲယုံကြည်စိတ်ချရသည်ဟု ပေတရုပြောဆိုခဲ့သည်။ ဓမ္မဟောင်းကျမ်းတွင် ပရောဖက်ပြုချက်များစွာပါဝင်ပြီး ယခုအချိန်ထိ မပြည့်စုံသေးသည့်ပရောဖက်ပြုချက်များလည်း များစွာရှိသေးကြောင်း ကျွန်ုပ်တို့သိရှိ

နိုင်ပါသည်။ မေရှိယ၏မွေးဖွားခြင်း၊ ကွယ်လွန်ခြင်း၊ အမှုတော်ထမ်းဆောင်ခြင်း၊ အသေခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်းနှင့် ပြန်လည်ဆင်းကြွလာခြင်းဆိုင်ရာပ ရောဖက်ပြုချက်များစွာကို သုံးသပ်ကြည့်ပါ။ ခရစ်တော်ပြန်ကြွလာခြင်းသည် မပြည့်စုံသေးသကဲ့သို့ အခြားမပြည့်စုံသေးသည့်အရာများလည်း ရှိနေပါသေး သည်။ သို့သော် ပြည့်စုံပြီးသားပရောဖက်ပြုချက်များစွာကြောင့် ကျွန်ုပ်တို့ ပို၍သေချာလာပါသည်။ ခရစ်တော်ကြွလာတော်မူပြီဖြစ်သောကြောင့် ထပ်မံ အတည်ပြုချက်လိုအပ်သူများအတွက် ပရောဖက်ပြုချက်စကားသည် ယခုမှာ ပိုပြီးထင်ရှားလာပြီဖြစ်သည်။ သမ္မာကျမ်းစာ၏တိကျမှုနှင့်ယုံကြည်စိတ်ချမှုကို အခိုင်အမာအတည်ပြုခြင်းနှင့်ပတ်သက်၍ လူတို့၏မေးခွန်းများကို ကိုင်တွယ် ဖြေရှင်းရန် ယုံကြည်မှုဆိုင်ရာခုခံကာကွယ်ခြင်း လေ့လာမှုပညာလည်း ပေါ် ပေါက်နေပြီဖြစ်သည်။

ဥပမာအားဖြင့် ခရစ်တော်ရှင်ပြန်ထမြောက်ပြီးနောက် ပင်တေကုတ္တေ ပွဲနေ့တွင် ပေတရုက စုဝေးနေသောလူတို့အား “ညီအစ်ကိုတို့၊ ယေရှုကို ဖမ်း ဆီးသောသူတို့အား လမ်းပြသောယုဒရှကာရုတ်ကို ရည်မှတ်၍ သန့်ရှင်းသော ဝိညာဉ်တော်သည် ဒါဝိဒ်မင်း၏နှုတ်ဖြင့် ဗျာဒိတ်ထားတော်မူနှင့်သော ကျမ်း စာချက်အတိုင်း မပြည့်စုံဘဲ မနေရ” (တ၊ ၁:၁၆)။ ပေတရုသည် ယေရှုသေ ခြင်းနှင့်ယုဒသစ္စာဖောက်ခြင်း ဆက်စပ်ပုံနှင့်ပတ်သက်၍ “ကျမ်းစာအတိုင်း မ ပြည့်စုံဘဲမနေရ” ဟူသောစကားကို အပြည့်အဝယုံကြည်ခဲ့သည်။

မည်သို့သောပရောဖက်ပြုချက်များကို ပေတရုယုံကြည်ကြောင်း မိမိတို့ အံ့သြပေမည်။ ကမ္ဘာဦးကျမ်းအခန်းကြီး ၃၇ တွင် ဘုရားသခင်ရွေးချယ်ထား သောယောသပ်သည် သူ၏အစ်ကိုများ၏သစ္စာဖောက်ခြင်းခံရသော်လည်း သူ့ အစ်ကိုအမျိုးအစ္စရေးလူမျိုးတို့ကို မည်သို့ကယ်တင်မည်ကို ပြောပြထားသည်။ ဤပရောဖက်ပြုချက်စကားအရ သခင်ယေရှုသည် သူ၏ညီအစ်ကို ဂျူးလူမျိုး တို့၏သစ္စာဖောက်ခြင်းခံရမည်ကို ကြိုဟောထားသည်။

“ယုဒက ငါတို့သည် ညီကို သတ်၍ သေကြောင်းကို ဖုံးထားလျှင် အ ဘယ်ကျေးဇူးရှိသနည်း။ ကိုင်ကြ၊ ကိုယ်တိုင်မညှဉ်းဆဲဘဲ ဣရှမေလလူတို့အား ရောင်းလိုက်ကြစို့။ သူသည် တို့ညီ၊ တို့အမျိုးဖြစ်၏ဟု အစ်ကိုတို့အား ဆိုသည် ရှိသော် ညီအစ်ကိုတို့သည် ဝန်ခံကြ၏။ ထိုအခါ မိဒျန်အမျိုးသားကုန်သည်တို့ သည် ခရီးသွားကြစဉ်တွင် အစ်ကိုတို့သည် ယောသပ်ကို တွင်းထဲကဆွဲတင်ပြီး

လျှင် ငွေအကျပ်နှစ်ဆယ်အဖိုးနှင့်ဣရှမေလလူတို့အားရောင်း၍ ထိုသူတို့သည် ယောသပ်ကို အဲဂုတ္တုပြည်သို့ဆောင်သွားကြ၏” (က၊ ၃၇:၂၆-၂၈)။

အောက်ဖော်ပြပါအပိုဒ်ငယ်များတွင် သခင်ယေရှု၏မိတ်ဆွေတစ်ဦးက အထံတော်မှ လှည့်ထွက်သွားသောအခါ ယေရှုခံစားခဲ့ရသည့်ဝေဒနာကို ဖော်ပြသောကျမ်းချက်များဖြစ်သည်။

“အကယ်စင်စစ် ငါယုံ၍ ငါ့မုန့်ကိုစားသောအဆွေခင်ပွန်းသည် ငါ့ကို ခြေနှင့်ကျောက်သတည်း” (ဆာလံ၊ ၄၁:၉)။

“ငါ့ကိုကဲ့ရဲ့သောသူသည် ငါ့ရန်သူမဟုတ်။ ဟုတ်လျှင် သည်းခံနိုင်၏။ ငါ့ကိုရန်ဘက်ပြုသောသူသည် ငါ့ကိုမုန်းသောသူမဟုတ်။ ဟုတ်လျှင် ထိုသူကို ငါရှောင်နိုင်၏။ 13ထိုသို့ပြုသောသူသည် သင်ဖြစ်၏။ ငါနှင့် ဘက်သောသူ၊ ငါ့မိတ်ဆွေ၊ ငါအသိအကျွမ်းဖြစ်၏” (ဆာ၊ ၅၅:၁၂-၁၃)။

“တစ်ဖန် ငါက၊ ငါရထိုက်သောအခကို ပေးအံ့သောငှာ သင်တို့သည် အလိုရှိလျှင် ပေးကြလော့။ အလိုမရှိလျှင် မပေးကြနှင့်ဟုဆိုသော် သူတို့သည် ငါ့အား အခပေးအံ့သောငှာ ငွေသုံးဆယ်ကို ချိန်ကြ၏။ ထာဝရဘုရားကလည်း ထိုငွေကို အိုးထိန်းသမားရှေ့မှာ ပစ်ချလော့။ ငါ့ကို အဖိုးဖြတ်၍ ငွေများလှသည်တကားဟု မိန့်တော်မူသည်အတိုင်း ထိုငွေသုံးဆယ်ကို ငါယူ၍ ထာဝရဘုရား၏ဗိမာန်တော်၌ အိုးထိန်းသမားရှေ့မှာ ပစ်ချ၏” (ဇ၁၊ ၁၁:၁၂-၁၃)။

ဓမ္မသစ်ကျမ်းစာတွင် ဤအရာအားလုံးကို တိကျမှန်ကန်စွာပြည့်စုံသွားသည်ကို ကျွန်ုပ်တို့တွေ့မြင်ရပြီး ကြီးမားသောသက်သေအထောက်အထားကို ဖန်တီးပေးထားသည်။ “ပရောဖက်ယေရမိဟောသည်ကား ဣသရေလလူတို့သည် အဖိုးဖြတ်သောသူ၏ကိုယ်ဖိုး ငွေသုံးဆယ်ကို သူတို့သည်ယူ၍ ထာဝရဘုရားသည် ငါ့ကို မှာထားတော်မူသည်အတိုင်း” (မဿဲ၊ ၂၇:၉)။

## ကျမ်းစာဖွဲ့စည်းရာတွင် သန့်ရှင်းသောဝိညာဉ်တော်၏အခန်းကဏ္ဍ

ဆက်မသွားမီ ဤပရောဖက်ပြုချက်များနှင့် ကျမ်းစကားများ ဖြစ်ပေါ်လာရာ၌ သန့်ရှင်းသောဝိညာဉ်တော်၏အခန်းကဏ္ဍကို စူးစမ်းလေ့လာလိုပါသည်။ “အကြောင်းမူကား အနာဂတ္တိစကားသည် လူအလိုအားဖြင့် ဖြစ်ဖူးသည်မဟုတ်၊ ဘုရားသခင်၏သန့်ရှင်းသူတို့သည် သန့်ရှင်းသောဝိညာဉ်တော်၏တိုက်တွန်းတော်မူခြင်းကို ခံရ၍ ဟောပြောကြ၏” (အငယ်၂၁)။ ပေတရု

သည့် ကျမ်းစာကို အပြည့်အဝယုံကြည်ကိုးစားရန် အကြောင်းပြချက်ကို ပေးသည်။ ကျမ်းစာမည်သို့ဖြစ်ပေါ်လာသည်ကို ဟူသောအကြောင်းနှင့်စပ်လျဉ်း၍ ငြင်းခုံနေမှုများကို ဖျောက်ဖျက်ရန် လိုအပ်ကြောင်း၊ ကျမ်းစာသည် လူတို့ဖန်တီးထားခြင်းမဟုတ်ဘဲ သန့်ရှင်းသောဝိညာဉ်တော်ဖြင့် ဖြစ်ပေါ်လာခြင်း ဖြစ်သည်ဟု ရှင်းလင်းစွာဖတ်ရပါသည်။ သမ္မာကျမ်းစာတိုင်းတာခြင်း (canon) ဖွဲ့စည်းပုံကို ကျွန်ုပ်တို့ဆွေးနွေးရာတွင် ကျမ်းစာရေးသူများ၏အကြောင်းကို ငြင်းခုဆွေးနွေးနေခြင်းမဟုတ်ဘဲ ဝိညာဉ်တော်အားဖြင့် သခင်ဘုရားပြုတော်မူသောအမှုကို အသိအမှတ်ပြုရန် ကြိုးပမ်းခြင်းသာဖြစ်သည်။ ပေတရုသည် သူ၏ဩဝါဒစာကို ရေးသားသောအခါ သူ၏ကိုယ်ပိုင် အလိုဆန္ဒ သို့မဟုတ် အနက်ဖွင့်ဆိုခြင်းဖြင့် ရေးသားခြင်းမဟုတ်ဘဲ သူ့အား သန့်ရှင်းသောဝိညာဉ်တော်ဖွင့်ပြသည့်အတိုင်း ရေးသားခြင်းသာဖြစ်သည်။

ကျမ်းတတ်ပုဂ္ဂိုလ်များစွာအပါအဝင် လူတို့သည် ပေတရု၏စကားများကို ဆန့်ကျင်ပြောဆိုနိုင်ကြသည်။ သို့သော် ထိုသို့ ဆန့်ကျင်ဝေဖန်နေခြင်းမှာ သူတို့အတွက် ကြီးမားသောအန္တရာယ်ကိုသာ ဖြစ်ပေါ်စေပြီး ဘုရားသခင်၏နှုတ်ကပတ်တော်မှာ ထိခိုက်နစ်နာခြင်း လုံးဝမရှိပေ။ အရာအားလုံးမတည်မြဲသော်လည်း ဘုရားသခင်၏နှုတ်ကပတ်တော်မှာ ထာဝရတည်မြဲပြီး အပြည့်အဝယုံကြည်ကိုးစားနိုင်ပါသည်။ ထိုသို့ယုံကြည်လက်ခံပြီး လက်တွေ့ကျင့်သုံးသောသူတို့အဖို့ ကြီးစွာသောမင်္ဂလာဖြစ်ပေသည်။

## သန့်ရှင်းသောဝိညာဉ်တော်၏နှုတ်ကပတ်တော်ကို အသုံးပြုခြင်း

သန့်ရှင်းသောဝိညာဉ်တော်သည် ကျမ်းစာရေးရန် လူတို့ကို အသုံးပြုထားသည်ကို ကြည့်ခြင်းအားဖြင့် ကျွန်ုပ်တို့အသက်တာ၌ ထိုဝိညာဉ်တော်၏လမ်းပြခြင်း မည်မျှလိုအပ်နေသည်ကို ပိုမိုရှင်းလင်းစွာသိရှိနိုင်ပါသည်။ "ကျမ်းစာ၌ပါသောအနာဂတ္တိစကားမည်သည်ကား ကိုယ်အလိုအလျောက် အနက်မပေါ်ဟု ရှေ့ဦးစွာသိမှတ်ကြလော့" (အငယ် ၂၀)။ လစ်ဘရယ်များသည် ကျမ်းစာကို လူလုပ် သို့မဟုတ် အခြားစာအုပ်များကဲ့သို့ ထိတွေ့ဆက်ဆံသည်နှင့်တပြိုင်နက် ဝိညာဉ်တော်၏မရှိမဖြစ်လိုအပ်သော ဉာဏ်အလင်းပေးသည့်အခန်းကို လုံးလုံးလျားလျားလျစ်လျူရှုကြသည်။ ထို့ကြောင့် ယနေ့အထိ ကျမ်းစာကျောင်းပါမောက္ခများအပါအဝင် အချို့သောလူများက သမ္မာကျမ်းစာ၏


ဤနေရာ သို့မဟုတ် ဤအပိုဒ် သို့မဟုတ် ဤစကားစုတို့သည် ကျမ်းစာဖြစ်သည်ဟူ၍ အသိအမှတ်မပြုကြပေ။ သူတို့သည် ကျမ်းစာထဲမှာ ဖော်ပြထားသည့်အံ့ဖွယ်အမှုများကိုလည်း မယုံကြပေ။ ကျမ်းပိုဒ်ကို သူတို့လိုသလို ဖြတ်ညှပ်ဖတ်ရှုရန် မည်သည့်ပြဿနာမျှမရှိကြပေ။ ဤနည်းဖြင့် ကျမ်းစာကို တသက်လုံးလွဲမှားစွာဖတ်ရှုလျက် ဘုရားသခင်၏ဝိညာဉ်တော်ကို တွန်းလှန်ကာ လွဲမှားစွာဟောပြောသွန်သင်ခြင်းသည် အသင်းတော်အား မယုံကြည်ခြင်း အမှောင်ထဲသို့ဦးဆောင်လေသည်။ လူတို့သည် သဘာဝလွန်အရာများကို မယုံကြည်သောအခါ ကျမ်းစာဖွဲ့စည်းခြင်း၌ ဝိညာဉ်တော်၏အရေးပါသောအခန်းကဏ္ဍကို လျစ်လျူရှုကြသည်။ ကျမ်းစာကို အနက်ဖွင့်ရေးသားနေသူများစွာတို့သည် မိမိတို့၏အချိန်ကောင်းများနှင့် ငွေကြေးများစွာကို အချည်းနှီး သုံးဖြုန်းလျက် ယုံကြည်သူခရစ်ယာန်များစွာကို လမ်းလွဲစေကြသည်။

သမ္မာကျမ်းစာသည် ခရစ်တော်ထံ လျှောက်လှမ်းခြင်းနှင့် ဘုရားသခင်ကို သိကျွမ်းပညာ တိုးပွားစေခြင်းအတွက် မရှိမဖြစ်လိုအပ်ပါသည်။ နေ့စဉ်ကျမ်းစာလေ့လာခြင်း၊ အာဂုံဆောင်ခြင်းနှင့် ဆင်ခြင်နှလုံးသွင်းခြင်းတို့သည် ဘုရားသခင်၏နှုတ်မြွက်စကားတော်များကို မိမိတို့စိတ်နှလုံးထဲ၌ အမြစ်တွယ်စေပြီး ဝိညာဉ်တော်နှင့် ပြည့်ဝခြင်းသို့ပို့ဆောင်ပေးသည်။ သို့သော် ထိုသို့မဖြစ်မီ ကျွန်ုပ်တို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို ယုံကြည်ပြီး လုံးဝစိတ်ချမှုရှိရန် လိုအပ်သည်။

## ခ) ခရစ်တော်၏ဝိညာဉ်တော် (၁ ပေ၊ ၁:၁၀-၁၂)

"ထိုကယ်တင်ခြင်းအကြောင်းအရာကို ပရောဖက်တို့သည် စေ့စေ့စစ်ကြောမေးမြန်းရှာဖွေ၍သင်တို့ခံရသောကျေးဇူးတော်အကြောင်းကိုဟောပြောကြပြီ။ ခရစ်တော်ခံတော်မူရသောဆင်းရဲကိုလည်းကောင်း၊ ဆင်းရဲခံပြီးမှ ဝင်စားတော်မူရသော ဘုန်းစည်းစိမ်ကိုလည်းကောင်း၊ သူတို့အထဲ၌ ရှိသော ခရစ်တော်၏ဝိညာဉ်သည် သက်သေခံနှင့်သောအခါ၊ အဘယ်မည်သော သူကိုလည်းကောင်း၊ အဘယ်သို့သော အချိန်ကာလကိုလည်းကောင်း ဆိုလိုတော်မူသည်ဟု မေးမြန်းရှာဖွေကြ၏။ ကိုယ်ဟောပြောပြုစုသော အရာများတို့သည် ကိုယ်အဖို့မဟုတ်၊ သင်တို့အဖို့ ဖြစ်သည်ဟု ထိုသူတို့အား ဖွင့်ပြတော်မူ၏။ ကောင်းကင်ဘုံမှစေလွှတ်တော်မူသော သန့်ရှင်းသောဝိညာဉ်တော်ပါလျက်

သင်တို့အား ဧဝံဂေလိတရားကို ဟောပြောသောသူတို့သည် ထိုအရာများကို သင်တို့အား ယခုကြားပြောကြပြီ။ ထိုအရာတို့ကို ကောင်းကင်တမန်တို့သည် စေ့စေ့ကြည့်ရှုစဉ်းစားချင်သော စေတနာစိတ်ရှိကြ၏။ (၁ ပေ၊ ၁:၁ဝ-၁၂)။




ပေတရုသည် သူ၏ပထမစာတွင် ပြောသောအရာသည် နောက်ပိုင်း သူ၏ဒုတိယစာတွင် ပြောသည့်စကားနှင့် ကိုက်ညီပါသည်။ ခရစ်တော်၏ဝိညာဉ်တော်သည် ရှေးပရောဖက်များကို တန်ခိုးရှိရှိညွှန်ကြားခဲ့သည် (ဗျာ၊ ၁၉:၁ဝ)။ သန့်ရှင်းသောဝိညာဉ်တော်သည် ခရစ်တော်လူ့ဇာတိခံယူမီ၊ ဤမြေကြီးပေါ်၌ သာသနာပြုစဉ်၊ ရှင်ပြန်ထမြောက်ပြီးနောက်တွင်လည်း ခရစ်တော်၏ဝိညာဉ်တော်နှင့်အတူ အံ့ဩဖွယ်ဖော်ထုတ်ပြခဲ့သည်။ ရွေးနှုတ်ခြင်းဆိုင်ရာ အဖြစ်အပျက်များကို မြေကြီးပေါ်တွင် မထင်ရှားမီကပင် ဝိညာဉ်တော်အားဖြင့် အတိအကျရေးထားခဲ့သည်။ ဝိညာဉ်တော်သည် ပရောဖက်များအား သခင်ဘုရားထံကနှုတ်ကပတ်တော်အချို့ကို ပြောရန်သာမက ကျမ်းစကားနှင့် ၎င်း၏သတင်းစကားကို သိနားလည်ရန်၊ နှစ်သက်ရန် လှုံ့ဆော်ပေးခဲ့သည်။

"ကိုယ်ဟောပြောပြုစုသောအရာများတို့သည် ကိုယ်အဖို့မဟုတ်၊ သင်တို့အဖို့ ဖြစ်သည်" (အငယ် ၁၂) ဟူသောမေရှိယပရောဖက်ပြုချက်များကို သူတို့သိရှိကြသည်။ "သင်တို့" ဟူသောစကားမှာ ကပ်တိုင်ပေါ် ခရစ်တော်၏အမှုတော်ပြီးမြောက်ပြီးနောက် နောက်ဆက်တွဲယုံကြည်သူများကို ရည်ညွှန်းပါသည်။ ထို့ကြောင့် ဝိညာဉ်တော်သည် ကျမ်းစာရေးသားချက်များကို ကြီးကြပ်

ရုံသာမက ၎င်းကို ဧဝံဂေလိတရားအဖြစ် နားလည်ကာ ကြွေးကြော်ခဲ့သည်။ "သန့်ရှင်းသောဝိညာဉ်တော်ပါလျက် သင်တို့အား ဧဝံဂေလိတရားကို ဟောပြော" ဟူ၍ဖတ်ရသည်။ ယနေ့ဓမ္မသစ်ယုံကြည်သူများအပေါ်၌လည်း ထိုသန့်ရှင်းသောဝိညာဉ်တော်သည်သာ အလုပ်လုပ်တော်မူသည်။

အလားတူ ဧဝံဂေလိတရားကို တရားဟောသူများကလည်း "ထာဝရဘုရား၏နှုတ်ကပတ်တရားမူကား ကာလအစဉ်အမြဲ တည်၏။ ထိုနှုတ်ကပတ်တော်သည်၊ သင်တို့အား ဟောပြောသောဧဝံဂေလိတရားဖြစ်သတည်း (၁ပေ၊ ၁:၂၅)။ ဤသည်မှာ အမှန်ပင် ဘုရားသခင်၏ဝိညာဉ်တော်ကို ဖယ်ထုတ်ထားသောသင်းအုပ်ဆရာများ၊ မိစ္ဆာပရောဖက်များနှင့် အလွန်ပင်ကွာခြားပါသည်။ ဘုရားသခင်သည် ဝိညာဉ်တော်အားဖြင့် ကျမ်းစာကို ပြုစုရေးသားစေပြီး ထိုနှုတ်ကပတ်တော်များကို သစ္စာရှိစွာအမှုတော်ထမ်းရွက်သော တရားဟောဆရာများ၊ သင်ကြားပေးသောဆရာများ၊ ဧဝံဂေလိဆရာများအားဖြင့် လူတို့ထံပြန့်ပွားစေသည် (မ၊ ၂၈:၁၈-၂၀)။

နတ်ဆိုးသည် ဘုရားသခင်၏နှုတ်ကပတ်တော်မှလွဲချော်စေ၍ ဖြေရှင်းချက်များကိုပေးရန်အတွက် မှားယွင်းသောဆရာများကို သွယ်ဝိုက်လှည့်ဖြားကာ ဘုရားသခင်၏နှုတ်ကပတ်တော် အခွင့်အာဏာကို လျော့ပါးစေသည်။ ပေါလုသည် ဝတ်ပြုကိုးကွယ်ရာတွင် တစ်စုံတစ်ဦးရရှိသည့်ဝိညာဉ်တော်၏ဆုကျေးဇူးကို အသရေရှိစေရန် အမြဲအသုံးပြုစေလိုသည်။ ပေါလုက "ပရောဖက်တို့၏စိတ်ဝိညာဉ်တို့သည် ပရောဖက်တို့ကို နာခံတတ်၏" (၁ ကော၊ ၁၄:၃၂ စံမီကျမ်း)။ ဤအရာကိုကြည့်ခြင်းအားဖြင့် နှုတ်ကပတ်တော်သည် လူတစ်ဦး၏ခံစားချက်ထက် ဦးစားပေးရမည်ဖြစ်ကြောင်း ပေါ်လွင်စေသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ခရစ်တော်၏ဝိညာဉ်တော်ဖြစ်သကဲ့သို့ ဓမ္မဟောင်းကျမ်းရော ဓမ္မသစ်ကျမ်းမှာပါ ခရစ်တော်၏အမှုတော်ကို ဖော်ပြထားသည်။ ဝိညာဉ်တော်သည် သမ္မာကျမ်းစာကို ဖန်တီးရုံသာမက သမ္မာကျမ်းစာမှ သမ္မာတရားကိုလည်း ဖော်ပြသည်။ ကျမ်းစကားများကို မိမိတို့အသက်တာအတွက် အနက်ဖွင့်ပေးပြီး လက်တွေ့ကျင့်သုံးရန် အဓိကသော့ကို ကိုင်ဆောင်ထားသူဖြစ်သည်။ "ထိုကျမ်းစာရှိသမျှသည် ဘုရားသခင်မှုတ်သွင်းတော်မူသောအားဖြင့် ဖြစ်၍ ဘုရားသခင်၏လူသည် စုံလင်သောသူ၊ ကောင်းသောအမှုအမျိုးမျိုးတို့ကို ပြုစုခြင်းအလိုငှာ ပြင်ဆင်သောသူဖြစ်မည်အကြောင်း ဩဝါဒပေးခြင်း၊

အပြစ်ကိုဖော်ပြခြင်း၊ ဖြောင့်မတ်စွာပြုပြင်ခြင်း၊ တရားကို သွန်သင်ခြင်း ကျေးဇူးများကို ပြုတတ်၏” (၂တိ၊ ၃:၁၆-၁၇)။

## ဂ) အတုအယောင် သွန်သင်ခြင်း (၂ ပေ၊ ၂:၁၊ ၁ ယော၊ ၄:၁-၃)

စာတန်သည် ဒေင်ဥယျာဉ်၌ ဧဝကို လှည့်စားသကဲ့သို့ (က၊ ၃:၁-၅) ယုံကြည်သူများကို ဘုရားသခင်၏နှုတ်ကပတ်တော်နှင့် လွဲစေရန် သူတို့၏စိတ်နှလုံးကို  လှည့်စားသည်။ စာတန်သည် သူ့အပိုင်းကို မစွန့်လွှတ်ဘဲ လူတို့ကို ဘုရားသခင်ထံမှဝေးရာသို့ လမ်းကြောင်းလွှဲရန် ဖြစ်နိုင်သမျှ နည်းလမ်းအားလုံးကို အသုံးပြုကာ ဘုရားသခင်၏နှုတ်ကပတ် အခွင့်အာဏာနှင့် လမ်းညွှန်မှုကို မေးခွန်းထုတ်စေခြင်းအပါအဝင် နှုတ်ကပတ်တော်အပေါ် သံသယဝင်စေပါသည်။ နောက်ဆုံးတွင် လူတို့သည် ချစ်ခြင်းနှင့် ပြည့်ဝပြီး ဂရုစိုက်သော ဘုရားသခင်ကို မေးခွန်းထုတ်ပြီး ယုံကြည်ရန် မဖြစ်နိုင်ကြောင်း တွေ့ရှိလာကြသည်။ သမ္မာကျမ်းစာက နတ်ဆိုး၏ကြောက်မက်ဖွယ်စကားများဖြင့် လွှမ်းမိုးခံရမည့်အကြောင်းကို များစွာဖော်ပြထားသည်။


ပေတရုက “သို့သော် ပရောဖက်အတုအယောင်များသည် လူမျိုးတော်ထဲ၌ပေါ်လာကြသကဲ့သို့ သင်တို့ထဲ၌လည်း ဆရာအတုအယောင်များပေါ်လာကြလိမ့်မည်။ ထိုသူတို့သည် ပျက်စီးခြင်းသို့ရောက်စေသည့် မှားယွင်းသော အယူဝါဒများကို လျှို့ဝှက်စွာယူဆောင်လာ၍ မိမိတို့ကို ရွေးနုတ်ဝယ်ယူသော သခင်ကိုပင် ငြင်းပယ်ကာ မိမိတို့အပေါ် လျင်မြန်သောပျက်စီးခြင်းကို ကျရောက်စေကြလိမ့်မည်” (၂ ပေ၊ ၂:၁) ဟုဆိုသည်။

ယနေ့ခေတ်တွင် မှားယွင်းသောသတင်းစကားများကို ပေးပို့ရန် နတ်ဆိုးသည် ကျွန်ုပ်တို့ကို သွေးဆောင်လျက်နေသည်။ ကျွန်ုပ်တို့အလယ်တွင် ပရောဖက်အတုအယောင်များနှင့် သင်ကြားပေးသူအတုအယောင်များစွာရှိပြီး သူတို့၏အဆုံးပန်းတိုင်မှာ အတူတူပင်ဖြစ်သည်။ စစ်မှန်သောသမ္မာတရားနှင့် ဆန့်ကျင်ဘက်ဖြစ်သည့် ဧဝံဂေလိတရားအတုအယောင်ကို လျှို့ဝှက်စွာမိတ်ဆက်ပေးကြသည်။

ရှင်ယောဟန်က ဤသို့သတိပေးထားသည်။ “ချစ်သူတို့၊ ခပ်သိမ်းသော စိတ်ဝိညာဉ်တို့ကို မယုံကြနှင့်။ စိတ်ဝိညာဉ်တို့သည် ဘုရားသခင်နှင့်စပ်ဆိုင်သည် မစပ်ဆိုင်သည်ကို စုံစမ်းကြလော့။ အကြောင်းမူကား မိစ္ဆာပရောဖက်အ

များတို့သည် ဤလောကသို့ သွားကြပြီ။ ဘုရားသခင်၏ဝိညာဉ်တော်ကို အဘယ်သို့ သိနိုင်သနည်းဟူမူကား လူဇာတိအားဖြင့် ကြွလာတော်မူသော ယေရှုခရစ်ကို ဝန်ခံသောဝိညာဉ်မည်သည်ကား ဘုရားသခင်နှင့်စပ်ဆိုင်၏။ လူဇာတိအားဖြင့် ကြွလာတော်မူသော ယေရှုခရစ်ကို ဝန်မခံသောဝိညာဉ်မည်သည်ကား ဘုရားသခင်နှင့်မစပ်ဆိုင်။ ထိုသို့သောဝိညာဉ်ကား သင်တို့သည် ကြားခဲ့ပြီးသည်အတိုင်း ဤလောကသို့လာမည်ဖြစ်၍၊ ယခုပင် လာလျက်ရှိသော အန္တိခရစ်၏ဝိညာဉ်ဖြစ်၏" (၁ယော၊ ၄:၁-၃)။

ဘုရားသခင်၏လမ်းစဉ်များကို နတ်ဆိုးက အတုလုပ်လေ့ရှိသည်။ သန့်ရှင်းသောဝိညာဉ်တော်မဟုတ်ဘဲ မှားယွင်းသောဝိညာဉ် သို့မဟုတ် ညစ်ညမ်းသောဝိညာဉ်များက ဘုရားသခင်၏နည်းလမ်းများကို အတုအယောင်ပြုလုပ်လေ့ရှိသည် (လု၊ ၉:၄၂၊ တမန်၊ ၅:၁၆၊ ဗျာ၊ ၁၈:၂)။




၎င်းတို့သည် ဖန်ဆင်းရှင်ဘုရားသခင်ထံမှလာသော ဝိညာဉ်တော်၏ ညွှန်ကြားခြင်းမဟုတ်ဘဲ စာတန်ကိုယ်တိုင်က လမ်းညွှန်ခြင်းဖြစ်သည်။ ထိုအကြောင်းကြောင့် ရှင်ယောဟန်က "ချစ်သူတို့၊ ခပ်သိမ်းသောစိတ်ဝိညာဉ်တို့ကို မယုံကြနှင့်။ စိတ်ဝိညာဉ်တို့သည် ဘုရားသခင်နှင့်စပ်ဆိုင်သည်မစပ်ဆိုင်သည်ကို စုံစမ်းကြလော့" ဟုရေးသားခြင်းဖြစ်သည် (၁ယော၊ ၄း၁)။ ဘုရားသခင်၏ ဝိညာဉ်တော်သည် ဧဝံဂေလိတရားကို ရှင်းရှင်းလင်းလင်းဖော်ပြပြီး လူ့ဇာတိအဖြစ်ကို ခံယူလျက် ဆင်းကြွလာတော်မူသောယေရှုခရစ်တော်အကြောင်းကို ပြန်လည်ဖော်ပြသည်။

ဘုရားသခင်ထံမှမဟုတ်သော ဆန့်ကျင်ပုန်ကန်သည့်အင်အားစုတစ်ခု ရှိနေပြီး တစ်ချိန်ချိန်တွင် ဇာတိခန္ဓာကို ခံယူလျက် ပေါ်လာမည်ဖြစ်ကာ အန္တိခရစ်တည်းဟူသောအန္တိခရစ်၏ဝိညာဉ်ဖြစ်ပေတည်း။ လူတို့သည် သူ့နောက်ကို လိုက်ကြမည်အကြောင်း ခရစ်တော်၏သတင်းစကားကို အတုအယောင်ဧဝံဂေလိတရားဖြင့် တန်ပြန်ရန် ကြိုးပမ်းနေပါသည်။ ယနေ့ငြင်းခုံမှုများ အားလုံး၏နောက်ကွယ်၊ ရှုပ်ထွေးမှုများ၏နောက်ကွယ်၊ ခရစ်တော်အုပ်စိုးမှု ကင်းမဲ့ခြင်း စသည်တို့သည် အရာရာကို ထိန်းချုပ်ရန် ရှာကြံနေသည့်နတ်ဆိုး၏လက်ချက်ဖြစ်ကြောင်း သိရှိရသည်။

## ဃ) ဝိညာဉ်တော်၏သွန်သင်ခြင်း (ကော၊ ၃း၁၆)

"ခရစ်တော်၏နှုတ်ကပတ်တရားသည် ပညာအမျိုးမျိုးနှင့် သင်တို့အထဲ၌ ကြွယ်ဝစွာတည်နေ၍ သင်တို့သည် ဆာလံသီချင်းမှစသောဓမ္မသီချင်းအမျိုးမျိုးအားဖြင့် အချင်းချင်းတို့ကို ဆုံးမသွန်သင်ခြင်း၊ သတိပေးခြင်းကိုပြု၍ နူးညွတ်သောစိတ်နှလုံးနှင့် ဘုရားသခင်ရှေ့တော်၌ တင့်တယ်လျောက်ပတ်စွာ သီချင်းဆိုကြလော့" (ကော၊ ၃း၁၆)။

ဘုရားသခင်၏ဝိညာဉ်တော်သည် သူ့လူတို့အား သမ္မာတရားကိုသိစေရန် ရည်ရွယ်ချက်ဖြင့် သမ္မာကျမ်းစာကိုပြောရန်၊ ယုံကြည်ရန်၊ မျှော်လင့်ချက်ထားရှိရန် ပေးစွမ်းနေဆဲဖြစ်သည်။ ထိုသို့ဖြင့် ဘုရားသခင်သည် မိမိ၏လူတို့အား သူ့ကို လွတ်လပ်စွာသိစေခြင်းဖြစ်သည်။ ယုံကြည်သူများ၌ ခရစ်တော်၏နှုတ်ကပတ်တရား ပညာအမျိုးမျိုးနှင့် ကြွယ်ဝစွာတည်နေခြင်းသည် ၎င်းတို့၏အသက်တာ အားဖြည့်ပေးရန်နှင့် မှားယွင်းသောသွန်သင်ချက်များကို ပိုင်းခြားသိမြင်စေရန် သော့ချက်ဖြစ်သည်။

ခရစ်ယာန်များသည် ဘုရားသခင်၏နှုတ်ကပတ်တော်၌ မိမိတို့ကိုယ်ကို တည်ဆောက်ရန် တာဝန်ရှိသည်။ သို့မှသာ ဘုရားသခင်၏ဝိညာဉ်တော်သည် ၎င်းတို့အား အပြည့်အဝညွှန်ကြားနိုင်မည်ဖြစ်သည်။ အရာတစ်ခုခုကို တီထွင်ဖန်တီးရာတွင် အချိန်များစွာပေးထားသည်ကို ခဏလောက်စိတ်ကူးကြည့်လိုက်ပါ။ အချိန်နှင့်ငွေ၏ရင်းနှီးမြုပ်နှံမှုသည် ကျွန်ုပ်တို့၏ပန်းတိုင်များကို ပိုမိုထိရောက်စွာအကောင်အထည်ဖော်ရန် ကူညီပေးနိုင်မည်ဟု မိမိတို့မျှော်လင့်ထားသောကြောင့်ဖြစ်သည်။

# ဆွေးနွေးမေးခွန်းများ

၁။ သမ္မာကျမ်းစာသည် ကျွန်ုပ်တို့၏အသက်တာကို ညွှန်ကြားပေးသည့် အခွင့်အာဏာရှိသော ဘုရားသခင်၏အသံတော်ဖြစ်သည်ဟု သင်ယုံကြည်ပါသလား။ အဘယ်ကြောင့်နည်း။

၂။ အတုအယောင် သို့မဟုတ် စစ်မှန်သောပရောဖက်/ဆရာသမား၏ကွာခြားချက်ကား အဘယ်နည်း။

၃။ ဘုရားသခင်၏နှုတ်ကပတ်တော်သည် သင့်အထဲ၌ "ကြွယ်ဝစွာရှိရန် မည်သည့်နည်းများကို သင်အားပေးသနည်း။ ၎င်းထဲမှ မည်သည့်အကျိုးကို သင် တွေ့ရှိခဲ့သနည်း။

၄။ သန့်ရှင်းသောဝိညာဉ်တော်သည် သင့်အား နည်းလမ်းတစ်ခု/တစ်ခုထက်ပိုသောနည်းလမ်းဖြင့် မည်သို့လွှမ်းမိုးခဲ့သည်ကိုမျှဝေပါ။ ဘုရားသခင်၏ဝိညာဉ်တော်သည် သင့်အား လွှမ်းမိုးနေသည်ကို သင်မည်သို့သိရှိသနည်း။

# အခန်း ၁၂
# ဝိညာဉ်တော်ကို စေလွှတ်ခြင်း

(တ၊ ၁၃:၁-၄)

ဘုရားသခင်၏ဝိညာဉ်တော်သည် ဤကမ္ဘာတစ်ဝှမ်းသို့ အစွမ်းတန်ခိုးလှုပ်ရှားမှုတစ်ခုကို စေလွှတ်ခဲ့ပြီး ခေတ်အဆက်ဆက် သူ၏ရွေးနုတ်ခြင်း အစီအစဉ်၌ ပါဝင်ခဲ့သည့် သန်းပေါင်းများစွာသောယုံကြည်သူများကို ဦးဆောင်ခဲ့သည်။ ဝိညာဉ်တော်သည် ကမ္ဘာတစ်ဝှမ်းရှိ ဘုရားသခင်၏လူများကို တပည့်တော်ဖြစ်စေရန် ထက်သန်စွာလှုံ့ဆော်ပေးခြင်း၊ လမ်းပြခြင်းနှင့် ခွန်အားပေးခြင်းများ ပြုလုပ်ပေးခဲ့သည် (မဿဲ၊ ၂၈:၁၉-၂၀)။ ဘုရားသခင်၏ဝိညာဉ်တော်သည် ဖိနှိပ်ခံသောသူများအား နှစ်သိမ့်ပေးခြင်းကို စိတ်ပါဝင်စားသော်လည်း ကမ္ဘာလုံးဆိုင်ရာ သာသနာတစ်ခုရှိသည်ဖြစ်၍ ထိုပန်းတိုင်ကို ဖြည့်ဆည်းရန် ကိုယ်တိုင်လုပ်ဆောင်ခဲ့သည်။ ထိုပန်းတိုင်ကား ဓမ္မအမှုတော်ဆောင်များကို ပြုစုပျိုးထောင်ပြီး ဧဝံဂေလိတရားကို ကမ္ဘာအနှံ့ ပျံ့နှံ့စေရန်ဖြစ်သည် (ဧဖက်၊ ၄း၁၁-၁၃)။ မကြာသေးမီက ဘရာဇီးနိုင်ငံသည် သာသနာပြုများစေလွှတ်ရာတွင် ရာခိုင်နှုန်းအားဖြင့် ကိုရီးယားနိုင်ငံကို ကျော်ခဲ့သည်။

**က) ဝိညာဉ်တော်၏သာသနာ (ဟေရှာ၊ ၆၁:၁-၂)**

"ထာဝရဘုရား၏ဝိညာဉ်တော်သည် ငါ့အပေါ်မှာ တည်တော်မူ၏။ အကြောင်းမူကား ဆင်းရဲသားတို့အား ဝမ်းမြောက်စရာသတင်းကို ကြားပြောစေခြင်းငှာ ငါ့ကိုဘိသိက်ပေးတော်မူပြီ။ နှလုံးကြေကွဲသောသူတို့၏အနာကို စည်း

စေခြင်းငှာလည်းကောင်း၊ ဖမ်းသွားချုပ်ထားလျက် ရှိသောသူတို့အား လွှတ်ခြင်းအကြောင်းနှင့် အကျဉ်းခံလျက်ရှိသောသူတို့အား ထောင်တံခါးဖွင့်ခြင်းအကြောင်းကို ပြစေခြင်းငှာလည်းကောင်း၊ ထာဝရဘုရား၏မင်္ဂလာနှစ်နှင့် ငါတို့ဘုရားသခင် အပြစ်ပေးတော်မူရာ နေ့ရက်ကာလကို ကြားပြောစေခြင်းငှာလည်းကောင်း၊ စိတ်မသာညည်းတွားသော သူတို့အား နှစ်သိမ့်စေခြင်းငှာလည်းကောင်း၊ (ဟေရှာ၊ ၆၁:၁-၂)။

သာသနာများသည် ကမ္ဘာလောကကြီးကိုချစ်ရန် ဘုရားသခင်၏ထာဝရရွေးနုတ်ခြင်းအစီအစဉ်ဖြင့် စတင်ခဲ့သည် (ယော၊ ၃း၁၆)။ သို့သော် ကျွန်ုပ်တို့၏သခင်သည် စစ်မှန်သောလူတို့၏ဘဝအသက်တာ၌ သူ၏မေတ္တာကို မည်သို့ဖော်ပြသည်ကို သတိပြုရန်မှာ စိတ်လှုပ်ရှားဖွယ်ကောင်းပါသည်။ ဤနေရာ၌ ကျွန်ုပ်တို့သည် ဝိညာဉ်တော်၏လမ်းညွှန်မှုကို ပိုမိုရှင်းလင်းစွာမြင်တွေ့ရပါသည်။ မေရှိယသည် သတင်းကောင်းကို ဆောင်ယူလျက် ဆင်းကြွလာသောအခါ ထာဝရဘုရား၏ဘိသက်ခြင်းကို အပြည့်အဝခံယူလျက် ဆင်းကြွလာရခြင်းဖြစ်သည်။

ဝိညာဉ်တော်၏လျှို့ဝှက်ဆန်းကြယ်သောအလုပ်သည် ဘုရားသခင်၏ရွေးနှုတ်ခြင်းအစီအစဉ်ကို ဆက်လက်အကောင်အထည်ဖော်သွားရန်ဖြစ်ပေသည်။ ဝိညာဉ်တော်သည် အလျဉ်းသင့်သလိုကုသခြင်း သို့မဟုတ် သူ့ကိုယ်သူကြီးမြတ်ကြောင်း ပြသခြင်း သက်သက်မဟုတ်ဘဲ ခမည်းတော်ဘုရား၏ရည်ရွယ်ချက်ကို အာရုံစူးစိုက်ကြည့်နေသည်(ယော၊၅:၁၉)။ စာတန်ကိုအနိုင်ယူရန် ဝိညာဉ်တော်သည် ယေရှုအား တောသို့ပို့ဆောင်သောအခါ (မဿဲ၊ ၄:၁-၁၁) ၎င်းကို ကျွန်ုပ်တို့တွေ့ရသည့်အပြင် လူသားတို့၏အပြစ်ကြောင့် လက်ဝါးကပ်တိုင်ကို ထမ်းသောအခါ၌လည်း တွေ့ရသည်။ ထိုအမှုတော်သည် ပြီးမြောက်အောင် လုပ်ဆောင်ရမည့်အလုပ်ပင်ဖြစ်သည် (ယော၊ ၁၉:၃၀)။ ဤအရာအားလုံးက ကမ္ဘာတစ်ဝှမ်းလုံး ဧဝံဂေလိတရားကို ဆောင်ကြဉ်းပေးရာတွင် ဝိညာဉ်တော်ပါဝင်ခြင်း၏အရေးပါသောအခန်းကဏ္ဍကို ညွှန်ပြသည်။ ဝိညာဉ်တော်သည် ခရစ်တော်ကို အားပေးနှိုးဆော်သကဲ့သို့ ကမ္ဘာပေါ်ရှိဘာသာစကား ကွဲပြားသောလူမျိုးများအပေါ်၌လည်း ဆက်လက်လုပ်ဆောင်ကာ သူတို့အပေါ်တောက်ပသောမျှော်လင့်ချက်များကို ဆောင်ကြဉ်းပေးသည်။

## ခ) ဝိညာဉ်တော်သည် လုပ်ဆောင်သူများကို စေလွှတ်သည် (တ၊ ၁၃:၁-၄)

"အန္တိအုတ်မြို့တွင်ရှိသောအသင်းတော်၌ ဗာနဗမှစ၍ နိဂါဟုခေါ်ဝေါ်သော ရှုမောင်၊ ကုရေနေပြည်သား လုကိ၊ စော်ဘွားဟေရုဒ်၏သူငယ်ချင်းအရင်းဖြစ်သော မာနင်နှင့် ရှောလုတည်းဟူသော ပရောဖက်ပြုသူ၊ ဆရာပြုသူရှိကြ၏။-၂ ထိုသူတို့သည် သခင်ဘုရားဝတ်ကိုပြု၍ အစာကိုရှောင်ကြစဉ် သန့်ရှင်းသောဝိညာဉ်တော်က ငါခန့်ထားသောအမှုကို ဆောင်ရွက်စေခြင်းငှာ ဗာနဗနှင့်ရှောလုတို့ကို ရွေးချယ်ခွဲထားကြလော့ဟု မိန့်တော်မူသည်အတိုင်း-၃ အစာရှောင်၍ ပတ္ထနာပြုလျက် ထိုသူတို့ခေါင်းပေါ်မှာ လက်ကိုတင်၍ လွှတ်လိုက်ကြ၏။ ၄- ထိုသို့ သန့်ရှင်းသောဝိညာဉ်တော် စေလွှတ်တော်မူသောအားဖြင့် ထိုသူတို့သည် သေလုကိမြို့သို့သွား၍ ထိုမြို့မှ သင်္ဘောနှင့်လွှင့်သဖြင့် ကုပရုကျွန်းသို့ရောက်ကြ၏။"

(တမန်တော် ၁၃:၁-၄)။ တမန်တော်ဝတ္ထု ၁၃ သည် တမန်တော်ဝတ္ထုတွင် အဓိကကျသောကျမ်းပိုဒ်တစ်ခုဖြစ်ပြီး အမှန်တကယ်ပင် ဓမ္မသစ်ကျမ်းတစ်အုပ်လုံးတွင် သန့်ရှင်းသောဝိညာဉ်တော်သည် ပင်တေကုတ္တေပွဲအပြီးတွင် သူ၏အလုပ်ကို မည်သို့ဆက်လက်လုပ်ဆောင်မည်ကို သရုပ်ဖော်ထားသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် အတွေ့အကြုံရှိပြီး သစ္စာရှိသောအစေခံများကို ကမ္ဘာအစွန်းသို့စေလွှတ်ရန် ဒေသန္တရအသင်းတော်မှတစ်ဆင့် မည်သို့လုပ်ဆောင်ခဲ့ကြောင်းကို တမန်တော် ၁၃ တွင် ရှင်းလင်းစွာပြသထားပါသည်။ ထို့ကြောင့် မည်သည့်ဒေသန္တရအသင်းတော်မဆို ၎င်း၏သာသနာကြိုးပမ်းအားထုတ်မှုဖြင့် တိုင်းတာနိုင်သည်ဟု ကျွန်ုပ်တို့ကောက်ချက်ချရမည်ဖြစ်သည်။ ဝိညာဉ်တော်၏နှုတ်ကပတ်တော်များကို မည်သို့မျှငြင်းဆို၍မရပေ။ သန့်ရှင်းသောဝိညာဉ်တော်သည် ဗာနဗနှင့်ရှောလု (ပေါလု) ကို ခေါ်ပြီး သာသနာခရီးအတွက် စေလွှတ်ခဲ့သည်။ အငယ် ၄ မှာ သန့်ရှင်းသောဝိညာဉ်တော်စေလွှတ်တော်မူသောအားဖြင့်" ဟူ၍ ဖတ်ရသည်။

"အသင်းတော်၌" (၁၃:၁) ဟူသောစကားစုသည် ဒေသန္တရအသင်းတော်မှတစ်ဆင့် ဝိညာဉ်တော်၏လုပ်ဆောင်မှုအရေးပါပုံကို ရှုထောင့်အချို့ကို ရရှိရန် ကူညီပေးပါသည်။ မှန်ကန်စွာသတိပြုမိပါက ဝိညာဉ်တော်သည် အကောင်းဆုံးခေါင်းဆောင်များကို မွေးထုတ်ပြီး ရွေးချယ်ကာ ဧဝံဂေလိတရားကိုဟောကြားရန် စေလွှတ်လိုက်သည်။ ထိုထဲတွင် စီးပွားရေးသမားများကို

ရွေးချယ်ခြင်းမပြု၊ ဧဝံဂေလိသတင်းကောင်းကို ဟောရန် ဝိညာဉ်တော်အား ဖြင့် ဆုကျေးဇူးရရှိသူများကို စေလွှတ်ရခြင်းဖြစ်သည်။ “ငါခန့်ထားသောအမှု ကို ဆောင်ရွက်စေခြင်းငှာ ဗာနဗနှင့်ရှောလုတို့ကို ရွေးချယ်ခွဲထားကြလော့” (အငယ် ၂) ဟူသောစကားစုသည် ယုံကြည်သူများကို ရေရှည်/ရေတိုအတွက် အထူးမစ်ရှင်တာဝန်များလုပ်ဆောင်ရန် ခေါ်ဆိုခြင်း သို့မဟုတ် ခန့်အပ်ခြင်းကို ပုံဖော်ထားသည်။

“ထိုသူတို့သည် သခင်ဘုရားဝတ်ကိုပြု၍ အစာကို ရှောင်ကြစဉ်” (ငယ် ၂)ဟုဆိုရာတွင် ဝိညာဉ်တော်ကလည်း သူ၏ရည်ရွယ်ချက်များကို ဆက်လက် ချိတ်ဆက်မှုပြုရန် အရေးကြီးပေသည်။ ခိုင်ခံ့သောသာသနာအစီအစဉ်သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို အခိုင်အမာသွန်သင်ခြင်းနှင့် အမြဲဆက် စပ်နေပါသည်။ ဒေသန္တရအသင်းတော်တစ်ပါးသည် သေးငယ်သော်လည်း ဘုရားသခင်၏လက်တော်ထဲတွင် အလွန်အရေးပါလှသည်။ သူတို့ကိုယ်တိုင် သာသနာပြုသူများကို မစေလွှတ်နိုင်သော်လည်း ဘုရားသခင်၏ရည်ရွယ် ချက်များ၌ မိမိတို့အသက်တာ ဆက်ကပ်သောသူများ၏ဘဝအသက်တာကို တတ်နိုင်သလောက်ကူညီပံ့ပိုးနေသည်ကို တွေ့ရသောအခါ အမှန်ပင် အားရ ဖွယ်ကောင်းပေသည်။

သာသနာပြုအဖွဲ့ကို စေလွှတ်လိုက်ခြင်း ဖော်ပြချက်သည် ကျွန်ုပ်တို့အ တွက် အားတက်ဖွယ်ပုံရိပ်တစ်ခုပင်ဖြစ်သည်။ ကျွန်ုပ်တို့၏သင်းအုပ်ဆရာ၊ မိ သားစုနှင့်အသင်းဝင်များက ကျွန်ုပ်တို့ကို အလွန်အင်မတန်ဝေးသည့် ထိုင်ဝမ် နိုင်ငံသို့သာသနာပြုအဖြစ် ပထမဆုံးအကြိမ်စေလွှတ်လိုက်သည့်အချိန်ကို သ တိရမိသည်။ ၁၉၈၁ ခုနှစ် ထိုအချိန်က သူတို့သည် ကျွန်ုပ်တို့ကို ဂိတ်တံခါး အထိ လိုက်လံပို့ဆောင်နိုင်သေးသည်။ တမန်တော် ၁၃ အရ ဝိညာဉ်တော်က ပေါလုနှင့်ဗာနဗကို သာသနာအတွက် ခေါ်ယူပြီးနောက် ထိုဒေသန္တရခေါင်း ဆောင်တို့သည် “ထိုသူတို့ခေါင်းပေါ်မှာ လက်ကိုတင်၍ လွှတ်လိုက်ကြ၏” ဟု ဖတ်ရသည် (တ၊ ၁၃:၃)။ သန့်ရှင်းသောဝိညာဉ်တော်ကိုယ်တိုင် ခေါ်ယူထား သည်ဖြစ်၍ “သန့်ရှင်းသောဝိညာဉ်တော်စေလွှတ်တော်မူသောအားဖြင့်” ဟူ၍ (အငယ် ၄) ပါရှိသည်။ သာသနာအစီအစဉ်တွင် သန့်ရှင်းသောဝိညာဉ်တော်၏ ဦးဆောင်မှုအားဖြင့် အသင်းတော်၊ လူတစ်ဦးချင်း၊ ၎င်းတို့၏မိသားစုများနှင့် အမည်မသိထောက်ပံ့ပေးသူများပါဝင်ပါသည်။

သန့်ရှင်းသောဝိညာဉ်တော်သည် တန်ခိုးလျော့သွားခြင်း ရှိမရှိ၊ အခြားနေရာများတွင် အလုပ်များလွန်းခြင်း ရှိမရှိကို ဘုရားသခင်၏လူများက ပူပန်နေစရာမလိုပါ။ ဝိညာဉ်တော်သည် ဘုရားသခင်၏ကြီးကျယ်ခမ်းနားသောအမှုတော်ကို အမြဲတက်ကြွစွာမြှင့်တင်နေပါသည်။ ပို၍အရေးကြီးသည်မှာ ရိတ်သိမ်းခြင်း၏အရှင်သခင်သည် သူ၏အလိုကိုရှာဖွေနေသူများနှင့် ဟောပြောသူများကို ရှာဖွေပြီး ခန့်ထားတပ်ဆင်ကာ စေလွှတ်လေ့ရှိသည်ကို ကျွန်ုပ်တို့သတိပြုရပါမည်။

## ၈) ဝိညာဉ်တော်သည် လူတို့အား ဧဝံဂေလိတရားကို ဝေမျှရန် ပြင်ဆင်ပေးသည် (၁ ပေ၊ ၁:၁၀-၁၂)

"ကိုယ်ဟောပြောပြုစုသောအရာများတို့သည် ကိုယ်အဖို့မဟုတ် သင်တို့အဖို့ ဖြစ်သည်ဟု ထိုသူတို့အား ဖွင့်ပြတော်မူ၏။ ကောင်းကင်ဘုံမှ စေလွှတ်တော်မူသော သန့်ရှင်းသောဝိညာဉ်တော်ပါလျက် သင်တို့အား ဧဝံဂေလိတရားကို ဟောပြောသောသူတို့သည် ထိုအရာများကို သင်တို့အား ယခုကြားပြောကြပြီ။ ထိုအရာတို့ကို ကောင်းကင်တမန်တို့သည် စေ့စေ့ကြည့်ရှုစဉ်းစားချင်သောစေတနာစိတ်ရှိကြ၏" (၁ပေ၊ ၁:၁၂)။

"ကိုယ်ဟောပြောပြုစုသောအရာတို့သည် ကိုယ်အဖို့မဟုတ်" ဟူသောစကားက ပရောဖက်တစ်ဦး၌ရှိသည့် မှန်ကန်သောနှလုံးသားကို ဖော်ပြသည်။ ကျွန်ုပ်တို့သည် အဘယ်ကြောင့် ဤမျှလောက် ကိုယ့်ကိုယ်ကိုယ် စွဲလန်းနေရသနည်း။ ဘုရားသခင်က ကျွန်ုပ်တို့ကို မည်ကဲ့သို့ပြင်ဆင်ထားသည်ကို ရှာဖွေတွေ့ရှိဖို့ စိတ်ဝင်စားစရာဖြစ်ပါသည်။ ကျွန်ုပ်တို့ရရှိထားသည့် ဝိညာဉ်ရေးဆုကျေးဇူးများကို ထိရောက်စွာအသုံးပြုခြင်းသည် အလွန်ကောင်းသော်လည်း အချို့သောယုံကြည်သူများသည် ၎င်းတို့၏နှာခေါင်းထက် ကျော်လွန်၍ မမြင်နိုင်ကြပေ။ ဝိညာဉ်တော်က ကျွန်ုပ်တို့ကို တပ်ဆင်ပေးသည့်အကြောင်းရင်းမှာ သူ၏အဆုံးစွန်သောရည်ရွယ်ချက်များကို ပြည့်စုံစေရန်ဖြစ်သည်။ ယေရှုသည် ဧဝံဂေလိတရားကို ဟောရန်ဆန္ဒရှိသောကြောင့် ဝိညာဉ်တော်သည် သူ့ကိုဘိသိက်ပေးခြင်းဖြစ်သည်။ "ထာဝရဘုရား၏ဝိညာဉ်တော်သည် ငါ့အပေါ်မှာ တည်တော်မူ၏။ အကြောင်းမူကား ဆင်းရဲသားတို့အား ဝမ်းမြောက်စရာသတင်းကို ကြားပြောစေခြင်းငှာ ငါ့ကိုဘိသိက်ပေးတော်မူပြီ။ နှလုံးကြေကွဲ

သောသူတို့၏အနာကိုစည်းစေခြင်းငှာလည်းကောင်း၊ ဖမ်းသွားချုပ်ထားလျက်ရှိသောသူတို့အား လွှတ်ခြင်းအကြောင်းနှင့် အကျဉ်းခံလျက်ရှိသောသူတို့အား ထောင်တံခါးဖွင့်ခြင်းအကြောင်းကို ပြစေခြင်းငှာလည်းကောင်း” (ဟေ၊ ၆၁:၁) ဟုဆိုသည်။ ဘိသိက်ပေးခြင်း၊ သတင်းကောင်းယူဆောင်ခြင်း၊ ၎င်းကို ထုတ်ဖော်ပြောဆိုခြင်း သုံးခု၏ဆက်စပ်မှုကို သင်မြင်ပါသလား။ ဝိညာဉ်တော်သည် ယနေ့အလားတူ လုပ်ဆောင်သည်။ ဤသည်မှာ ယေရှုသည် အသင်းတော်အားဖြင့် ယနေ့ကမ္ဘာမြေကြီးပေါ်တွင် လုပ်ဆောင်နေခြင်းဖြစ်သည်။

ဧဝံဂေလိတရားသည် ယေရှုခရစ်၏သေခြင်းနှင့်ရှင်ပြန်ထမြောက်ခြင်းအကြောင်းကို ကြေညာခြင်းအားဖြင့် အပြစ်သားများကို ထာဝရအသက်ပေးစွမ်းနိုင်သည့် ဘုရားသခင်၏ချစ်ခြင်းမေတ္တာနှင့် ခွင့်လွှတ်ခြင်းဆိုင်ရာကြီးမားသောတန်ခိုးကို ထုတ်ပေးသည်။ ဧဝံဂေလိတရားကို သန့်ရှင်းသောဝိညာဉ်တော်၏မစခြင်းဖြင့် ဟောပြောကြသည်။ ထိုသို့ဖြင့် သူ့လူတို့သည် ဧဝံဂေလိသမ္မာတရားကို ဝေငှနိုင်ရန် ဝိညာဉ်တော်အားဖြင့် ဘုရားသခင်ထံတော်ပါးက အထူးကျေးဇူးပြုခြင်းကို ရရှိကြသည်။

“သင်တို့အပေါ်သို့သန့်ရှင်းသောဝိညာဉ်တော်ဆင်းသက်သောအခါ သင်တို့သည် တန်ခိုးကိုခံရ၍” ဟူသောဘိသိက်တန်ခိုးသည် သခင်ယေရှုရရှိသည့်ဘိသိက်တန်ခိုးနှင့် အတူတူပင်ဖြစ်သည်။ ကိုယ်တော်၏လူတို့အပေါ်သို့ သန့်ရှင်းသောဝိညာဉ်တော်ဆင်းသက်လာသောအခါ “ငါ၏သက်သေဖြစ်ကြလိမ့်မည်”ဟူသောစကားစုက သာသနာပြုခြင်းကို ရှင်းရှင်းလင်းလင်းဖော်ပြသည်။

“ယေရုရှလင်မြို့မှစ၍ ယုဒပြည်၊ ရှမာရိပြည်၊ မြေကြီးစွန်းတိုင်အောင် ငါ၏သက်သေဖြစ်ကြလိမ့်မည်” ဟူ၍ ဧဝံဂေလိတရားကို အဆင့်ဆင့် တက်ကြွစွာဝေမျှနိုင်ရန် မိန့်မှာခြင်းမှာ အလွန်ကောင်းမွန်ပြီး မှတ်သားဖွယ်ဖြစ်ပေသည်။ ကမ္ဘာလုံးဆိုင်ရာဧဝံဂေလိတရားကို ဟောပြောခြင်းကို ဆိုလိုပါသည်။ တမန်တော်ပေါလုက “ထိုကျေးဇူးတော်ကို အမှီပြုလျက် ငါသည် ယေရုရှလင်မြို့မှစ၍ ဣလုရိတ်ပြည်တိုင်အောင် ပတ်ဝန်းကျင်အရပ်တို့၌ ခရစ်တော်၏ဧဝံဂေလိတရားကို အကုန်အစင်ဟောပြောခဲ့ပြီ” (ရောမ၊ ၁၅:၁၉) ဆိုသည်။

“ငါတို့သည် သင်တို့နှင့်အတူနေသောအခါ သင်တို့အတွက် အဘယ်သို့သောသူဖြစ်သည်ကို သင်တို့သိကြသည်နှင့်အညီ ငါတို့ဟောပြောသောဧဝံဂေလိတရားသည် သင်တို့၌ စကားသက်သက်ဖြစ်သည်မဟုတ်။ တန်ခိုးနှင့်လည်း

ကောင်း၊ သန့်ရှင်းသောဝိညာဉ်တော်နှင့်လည်းကောင်း၊ ဝိစိကိစ္ဆာမရှိဘဲ အမှန်သိခြင်းနှင့်လည်းကောင်း ပြည့်စုံသောတရားဖြစ်၏" (၁သက်၊ ၁:၅)။

သန့်ရှင်းသောဝိညာဉ်တော်သည် လူသားများထံသို့ ဧဝံဂေလိသတင်းကောင်းဖြန့်ဝေရန် ကူညီပေးရုံသာမက သူ၏တန်ခိုးတော်ကို အပြည့်အဝပေးဆောင်ရန် ဖြစ်ကြောင်း ကျွန်ုပ်တို့မြင်တွေ့ရသည်။ ဝိညာဉ်တော်၏အထူးဆုကျေးဇူးများနှင့် ဝိညာဉ်ရေးဆိုင်ရာလုပ်ဆောင်ချက်များသည် ဧဝံဂေလိတရားကိုဝေငှသည့်သာသနာလုပ်ငန်းနှင့် မည်သို့တွဲဖက်ထားသည်ကို သတိပြုမိစေရန် ကူညီပေးသည်။ ကျွန်ုပ်ကမ္ဘာတဝှမ်း သာသနာခရီးသွားသည့်အခါ သတိပြုမိသည့်အရာတစ်ခုကား အံ့သြဖွယ်အမှုများ အများဆုံးဖြစ်ပွားသည့်နေရာသည် ဧဝံဂေလိတရားအမြစ်မစွဲသေးသောနေရာများ သို့မဟုတ် နိုင်ငံများတွင် အများဆုံးတွေ့ရသည်။ "ထိုအခါ တပည့်တော်တို့သည်ထွက်သွား၍ နေရာအနှံ့တရားဟောကြ၏။ သခင်ဘုရားသည်လည်း သူတို့နှင့်အတူ လုပ်ဆောင်တော်မူ၍ နိမိတ်လက္ခဏာများကို ပူးတွဲပါဝင်စေခြင်းအားဖြင့် နှုတ်ကပတ်တရားတော်ကို တည်မြဲစေတော်မူ၏" (မာကု၊ ၁၆:၂၀ စံမီကျမ်း)။

# ဆွေးနွေးမေးခွန်းများ

၁။ တမန် ၁၃:၁-၄ တွင် သခင်ဘုရားပြခဲ့သော အဓိပ္ပါယ်ကား အဘယ်နည်း။
၂။ တမန်တော် ၁၃:၁-၄ ကိုဆန်းစစ်ပြီး သန့်ရှင်းသောဝိညာဉ်တော်ပါဝင်သည့် လုပ်ဆောင်ချက်များကို မှျဝေပါ။
၃။ဘုရားသခင်၏သာသနာလုပ်ငန်းအစီအစဉ်ကို ဘုရားသခင်၏ဝိညာဉ်တော်က မည်သို့အကောင်အထည်ဖော်သနည်း။
၄။ ဒေသန္တရအသင်းတော်တစ်ခုအတွက် သာသနာလုပ်ငန်းများသည် မည်မျှအရေးကြီးသနည်း။ ကောင်းသောသာသနာ အစီအစဉ်က အဘယ်အရာကို ပြသနည်း။
၅။ ယေရှုအပေါ် သန့်ရှင်းသောဝိညာဉ်တော်ဆင်းသက်ပုံနှင့် ဘုရားသခင်၏ လူတို့အပေါ် လုပ်ဆောင်ပုံ ဆင်တူပါသလား/ကွဲပြားနေပါသလား။
၆။ အခြားသူများအား ဧဝံဂေလိတရားဝေမျှရန် သင့်အား မည်သူက နှိုးဆော်သနည်း။ ဝိညာဉ်တော်သည် သင့်အား လမ်းညွှန်ပြသပေးသည်ကို မည်သို့ ခံစားကြောင်း မှျဝေပါ။
၇။ တစ်ခါတစ်ရံ ဧဝံဂေလိတရားဝေမျှရန် သင်ကြောက်ရွံ့ပါသလား။ အဘယ်ကြောင့်။ သင့်အား ဝိညာဉ်တော်ကူညီမစရန် မျှော်ကိုးနိုင်ပါသလား။
၈။ ရှေးယခင်က သာသနာပြုပုဂ္ဂိုလ်တစ်ဦးကို အမည်တပ်ပါ။ သန့်ရှင်းသောဝိညာဉ်တော်က သူကို ကူညီကြောင်း သင်မည်သို့မြင်တွေ့ခဲ့ရသနည်း။

# အခန်း ၁၃
# ဝိညာဉ်တော်၏ဆုကျေးဇူးများ

(၁ ကော၊ ၁၂း ၄-၆)

သန့်ရှင်းသောဝိညာဉ်တော်၏ဆုကျေးဇူးများနှင့်ပတ်သက်၍ ဆွေးနွေးရန် စိတ်အားထက်သန်မှုသည် ပြီးခဲ့သည့်ဆယ်စုနှစ်အနည်းငယ်အတွင်း တိုးလာခဲ့သည်။ အထူးသဖြင့် ဆုကျေးဇူးအချို့သည် ယနေ့ခေတ်ကာလအတွက်မဟုတ်တော့ဘဲ ကနဦးအသင်းတော်အတွက်သာဖြစ်သည်ဟူသော ငြင်းခုံမှုများအပါအဝင်ဖြစ်ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်အပေါ် လူတစ်ဦး၏ရှုထောင့်အမြင်က ဝိညာဉ်ဆုကျေးဇူးများဆိုင်ရာ အဓိကကျမ်းပိုဒ်များကို ချဉ်းကပ်ပုံနှင့် ထိုသူ၏ဝိညာဉ်ရေးအသက်တာတွင် ဘုရားသခင်လုပ်ဆောင်နိုင်ပုံတို့ကို များစွာပုံသွင်းနိုင်သည်ကို သတိပြုရပါမည်။ ဝိညာဉ်ဆုကျေးဇူးများနှင့် အခြားအကြောင်းအရာများနှင့်ပတ်သက်၍ ကောင်းမွန်သောဆွေးနွေးမှုသည် အပြုသဘောဆောင်ပေသည်။ သို့သော် ၎င်းတို့နှင့်ပတ်သက်၍ ငြင်းခုံသောဆွေးနွေးမှုများသည် ပူးပေါင်းဆောင်ရွက်မှုထက် ဝေဖန်ရေးဆိုင်ရာသံသယကိုသာ ဖြစ်ပေါ်စေပါသည်။ ဤသို့သောကွဲပြားမှုများသည် ဒေသန္တရအသင်းတော်မှတစ်ဆင့် ဘုရားသခင်၏ဘုန်းကြီးသောရည်ရွယ်ချက်များကို အတူတကွအကောင်အထည်ဖော်ရန် ထိုအသင်းတော်၏စွမ်းရည်ကို အကြီးအကျယ်ကန့်သတ်ထားသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်သည် ပြင်းပြင်းထန်ထန်သဘောထားကွဲလွဲနေသည့် ကျွန်ုပ်တို့၏မျိုးဆက်များအပေါ် အံ့ဩဖွယ်လမ်းပြ၍ အလင်းပေးနိုင်ပါစေ။

ထိုသို့သော အတွင်းစိတ်သဘောထားကွဲလွဲမှုများကြောင့် ခရစ်ယာန်အသင်းတော်များသည် လွန်ခဲ့သည့်ရာစုနှစ်အနည်းငယ်ကတည်းက ဖျက်ဆီးတတ်သူရန်သူကို တိုက်ထုတ်ရန် အတူတကွပူးပေါင်းလုပ်ဆောင်မည့်အစား အချင်းချင်းဆန့်ကျင်တိုက်ခိုက်ခဲ့ကြသည်။ ကျွန်ုပ်တို့သည် ချက်ချင်းရှေ့သို့ချီတက်လျက် ရန်သူမာရ်နတ်တစ်ဖက်၌ အတူတကွလက်တွဲကာ ကမ္ဘာဆုံးထိတိုင်အောင် ဧဝံဂေလိတရားကို ဆောင်ကြဉ်းကြရမည်ဖြစ်သည်။ စည်းလုံးညီညွတ်မှုတွင် ကြီးမားသောစွမ်းအားရှိသည်ဖြစ်၍ ရန်သူအတွက် ထိုအချက်ကို ပယ်ရှားရန် ခဲယဉ်းသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် လက်တွဲချိတ်ကာ ကျွန်ုပ်တို့၏ဘုံရန်သူကို တိုက်ထုတ်ကြပါစို့။

## က) ကျွန်ုပ်တို့ခေတ်အတွက် ဝိညာဉ်တော်၏ဆုကျေးဇူးများ (၁ကော၊ ၁၂း၁၊ ၄-၆)

"၁-ညီအစ်ကိုတို့၊ သင်တို့သည် ဝိညာဉ်ဆုကျေးဇူးအကြောင်းများကို မသိဘဲ နေစေခြင်းငှာ ငါအလိုမရှိ။ ၄- ဆုကျေးဇူးတော်အထူးထူးအထွေထွေ ရှိပြားသော်လည်း ဝိညာဉ်တော်တစ်ပါးတည်းရှိ၏။ ၅- ဓမ္မဆရာအမှုအထူးထူးအထွေထွေရှိပြားသော်လည်း သခင်တစ်ပါးတည်းရှိ၏။ ၆- ပြုပြင်ခြင်းအမှု အထူးထူးအထွေထွေရှိပြားသော်လည်း ခပ်သိမ်းသောသူတို့၌ ပြုပြင်သမျှကို ပြုပြင်တော်မူသောဘုရားသခင်တစ်ပါးတည်းရှိ၏" (၁ကော၊ ၁၂း၁၊၄-၆)။

| ရပ်ဆဲပြီဟူသောဝါဒ | VS | ဆက်ရှိနေဆဲဟူသောဝါဒ |
|---|---|---|
| -နိမိတ်လက္ခဏာများ၊ ပရောပြုခြင်း၊ အမျိုးမျိုးသောဘာသာစကားပြောခြင်း ရပ်ဆဲပြီ။<br>-ထိုသို့သောဆုကျေးဇူးများသည် တမန်တော်၏အခွင့်အာဏာကို မြဲမြံစေသည်။<br>-တမန်တော်များခေတ်ပြီးနောက် ထိုသို့သောဆုကျေးဇူးများကို မတွေ့ရတော့ပါ။<br>-အုတ်မြစ်ချခဲ့ပြီဖြစ်၍ ဆုကျေးဇူးများ ဆက်စပ်မှုမရှိတော့ပါ။ | | -နိမိတ်လက္ခဏာများ၊ ပရောပြုခြင်း၊ အမျိုးမျိုးသောဘာသာစကားပြောခြင်း ရှိနေဆဲ။<br>-ထိုသို့သောဆုကျေးဇူးများသည် အများအတွက် ရည်ရွယ်ချက်များစွာရှိသည်။<br>-တမန်တော်များမှလွဲ၍ ထိုသို့သော ဆုကျေးဇူးများ မရရှိကြပါ။<br>-ခရစ်တော်၏ပြည့်စုံခြင်းသည် ဆုကျေးဇူးများအားဖြင့် ဖြန့်ဝေသည်။ |


"ဝိညာဉ်ဆုကျေးဇူးများ" သည် (အငယ် ၁) ဘုရားသခင်က သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် သူ့လူတို့၏အသက်တာကို တည်ဆောက်ရန်နှင့် မယုံကြည်သူတို့အား ဘုရားသခင်၏ဖြစ်ခြင်း အမှန်ကို ထုတ်ဖော်ပြသပေးရန် ကျွမ်းကျင်မှု၊ ဉာဏ်ပညာ၊ ဟောပြောခြင်းနှင့် အံ့ဩဖွယ်နိမိတ်လက္ခဏာများကို အထူးပေးအပ်ခြင်းဖြစ်သည်။ အမှန်စင်စစ် ဝိညာဉ်ရေးရာများနှင့်ဝိညာဉ်ဆုကျေးဇူးအားလုံးတို့သည် သဘာဝအားဖြင့် အလွန်ပင်အံ့ဩဖွယ်ကောင်းပြီး ဘုရားသခင့်တန်ခိုးတော် သက်ရောက်ခြင်းမရှိသောအချို့အရာတို့သည် လှည့်ဖြားခြင်းပင်ဖြစ်သည်။

"ဝိညာဉ်ဆုကျေးဇူးများ" ဟူသောစကားစုကို အသင်းတော်၌ အလွန်အသုံးများသော်လည်း မူရင်းဂရိစကားတွင် "ဆုကျေးဇူးများ" ဟူသောစကားလုံးကို စိတ်ဝင်စားဖွယ်အသုံးပြုခြင်းမရှိပေ။ ဤနေရာတွင် "ဝိညာဉ်ဆုကျေးဇူးများ" ကို အသုံးပြုခြင်းသည် စာသားအဓိပ္ပာယ်အရ "ဝိညာဉ်ရေးဆိုင်ရာများ" ကိုဆိုလိုပြီး ၁ကော၊ ၁၄:၁၊ ၁၂ တို့၌ အသုံးပြုသည့်အရာနှင့် ဆင်တူပါသည်။ "ဝိညာဉ်ဆုကျေးဇူးများ" ဟူသောအသုံးအနှုန်းကို ကျမ်းစကားများတွင် အသုံးမပြုသော်လည်း ဘာသာပြန်သူများက ဝိညာဉ်ရေးဆိုင်ရာများထက် ဝိညာဉ်ဆုကျေးဇူးများဟူသော ဝေါဟာရကို နှစ်သက်ကြသည်။ ရောမ ၁၂ အငယ် ၆ တွင်လည်း ဘုရားသခင်က သူ့လူတို့အား ပေးအပ်သောကျေးဇူးတော်ကို ဖော်ပြရာတွင် "ဆုကျေးဇူးများ" ဟူသော စကားလုံးကို အသုံးပြုသည်။ ဝိညာဉ်ဆုကျေးဇူးများဟု ဘာသာပြန်ခြင်းက မည်သည့်ထိခိုက်မှုမျှမရှိပေ။

"ဆုကျေးဇူး" ဟူသောစကားလုံးကို ၁ ကော၊ ၁၂:၄ တွင် အသုံးပြုပြီး တူညီသောဝိညာဉ်တော်ထံမှလာပါသည်။ ၎င်းသည် ဂရိစကားလုံး Charisma မှဆင်းသက်လာပြီး charisma နှင့် charismatic ဟူသောမူရင်းစကားလုံး၌ အခြေခံပါသည်။ ၎င်း၏ဆိုလိုရင်းကား ကျေးဇူးတော် သို့မဟုတ် ဘုရားသခင်ဆုကျေးဇူး ဟုအဓိပ္ပာယ်ရသည်။ ဤဆုကျေးဇူး ပေးအပ်ခြင်းသည် ကျွန်ုပ်တို့ကို ကိုယ်တော်အဘယ်မျှလောက်ဂရုစိုက်တော်မူသည်ကို ပြသသည့်မျက်နှာသာပေးခြင်း သက်သေပင်ဖြစ်သည်။ ၎င်းက သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ယုံကြည်သူများ၏အသက်တာတွင် လုပ်ဆောင်နေသော ဘုရားသခင်၏ တသမတ်တည်းတန်ခိုးတော်ကိုလည်း မိမိတို့အား ယုံကြည်စိတ်ချမှု ရရှိစေပါသည်။ ဆုကျေးဇူးသည် ကျွန်ုပ်တို့အသက်တာတစ်လျှောက်တွင် ဝိညာဉ်တော်

၏ဆက်လက်လုပ်ဆောင်နေမှုများကိုဆိုလိုသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ဘုရားသခင်၏အကြံအစည်ထဲ၌ ပါဝင်လုပ်ဆောင်သည်။ နောက်ဆုံးအနေနှင့် "ဆုကျေးဇူး" သို့မဟုတ် "ကျေးဇူးတော်" ဟူသောစကားလုံးသည် မိမိတို့၏ထိုက်တန်ခြင်း မရှိသောအခြေအနေကို ဖော်ပြပြီး မာန်မာနအားလုံးကို ရှောင်ရှားသင့်သည်ကို အမှတ်ရစေသည်။

ပေါလုက "ညီအစ်ကိုတို့၊ သင်တို့သည် ဝိညာဉ်ဆုကျေးဇူးအကြောင်းများကို မသိဘဲနေစေခြင်းငှာ ငါအလိုမရှိ" ဟုပြောသောအခါ ဝိညာဉ်ဆုကျေးဇူးများဆိုင်ရာ ယုံကြည်သူတို့၏သိရှိနားလည်ခြင်း၏အခြေခံပြဿနာကို ထင်ဟပ်စေခြင်းဖြစ်သည်။ ခရစ်ယာန်များသည် ဝိညာဉ်တော်ဆုကျေးဇူးများနှင့် ပတ်သက်၍ နားလည်လွဲနေကြသည်ကို တွေ့ရှိနိုင်ပါသည်။ ကောရိန္သုအသင်းတော်အတွက် အထူးပြဿနာရှိသည်။ အောက်ဖော်ပြပါပုံကား ယုံကြည်သူများအနေနှင့် ဝိညာဉ်ရေး ရင့်ကျက်လာသည်နှင့်အမျှ ဝိညာဉ်ဆုကျေးဇူးများလည်း ကြီးထွားမြင့်တက်လာရသည်။ သို့သော် နားလည်လွဲနေသူများအဖို့ လူတစ်ဦး၏ဝိညာဉ်ဆုကျေးဇူးများမှာ မှားယွင်းသောအကဲဖြတ်ခြင်း/အသုံးချခြင်းသို့ဦးတည်သွားစေပါသည်။



- အဆင့် ၁ - ယုံကြည်သူအသစ်များအတွက်။ ယုံကြည်သူအသစ်တိုင်းသည် ဝိညာဉ်ဆုကျေးဇူးများကို ရရှိကြသော်လည်း ထိုဆုကျေးဇူးတို့၏အလားအလာအစွမ်းတန်ခိုးများကို နားမလည်ကြသေးသည့်အပြင် အသစ်သောအသက်တာ၌ မှန်ကန်စွာအသက်ရှင်ခြင်းကို အာရုံမစိုက်နိုင်ကြသေးပေ။ ကလေးငယ်တစ်ယောက်က အရွယ်ရောက်မည့်ဘဝအသက်တာကို စိတ်ကူးမရှိသကဲ့သို့ဖြစ်နေကြသည်။
- အဆင့် ၂ - လူငယ်ယုံကြည်သူများအတွက်။ လူငယ်ယုံကြည်သူအများစုမှာ ဘုရားသခင်၏နှုတ်ကပတ်တော်များကို ကောင်းစွာဆုပ်ကိုင်ထားခြင်း မရှိခြင်း၊ သွေးဆောင်ခြင်း၊ မိမိတို့၏ဓမ္မပညာအပေါ် ယုံကြည်မှုလွန်ကဲခြင်း၊ ဘုရားသခင်နှင့် မိတ်သဟာယမရှိခြင်း သို့မဟုတ် ဝိညာဉ်ဆုကျေးဇူးများ မရရှိခြင်းတို့ကြောင့် မရင့်ကျက်သည့်အဆင့်၌ အသက်ရှင်နေကြရသည်။
- အဆင့် ၃ - ရင့်ကျက်သောယုံကြည်သူများအတွက်။ ဤယုံကြည်သူများသည် မည်သည့်အခါမျှကြီးထွားမှု မရပ်တန့်ပေ။ ရင့်ကျက်သောယုံကြည်သူသည် အခြားယုံကြည်သူတို့၏ဆုကျေးဇူးများကို တန်ဖိုးထားပြီး သူတို့၏ဆုကျေးဇူးများကို သစ္စာရှိရှိအသုံးပြုနိုင်ရန်နှိမ့်ချစွာအားပေးသည်။ ဖခင်ကောင်းတစ်ဦးသည် သားသမီးအားလုံးကို အောင်မြင်စေလိုသည်သာမက ဘုရားသခင်၏အလိုတော်ထဲ၌ ထူးခြားသောသူဖြစ်စေလိုပါသည်။

## ဘုရားသခင်၏သာ၍ကြီးမြတ်သောရည်ရွယ်ချက်များ


“သခင်တစ်ပါးတည်းရှိ၏” (အငယ် ၅) နှင့် “ဘုရားသခင်တစ်ပါးတည်းရှိ၏” (အငယ် ၆) ဟူသောစကားစုတို့က ဘုရားသခင်သည် ဝိညာဉ်ဆုကျေးဇူးအမျိုးမျိုးတို့ကို မျှဝေခြင်း လုံးလုံးတာဝန်ယူထားကြောင်း အတည်ပြုထားပြီး သူ့အမှုတော်ကို ပြီးမြောက်ရန် သူ့လူများအားဖြင့် လုပ်ဆောင်ခြင်းဖြစ်ပါသည်။ ဤသည်မှာ ဘုရားသခင်တစ်ဆူတည်းအပေါ် အလေးပေးပြီး (ဖေက်၊ ၄:၄-၆) တစ်ဆူတည်းသောခမည်းတော်မှတစ်ဆင့် ဝိညာဉ်ရေးဆုကျေးဇူးများကို ဝိညာဉ်တော်က မျှဝေပေးခြင်းဖြစ်သည်။ ဘုရားသခင်သည် တစ်ဆူတည်းဖြစ်သောကြောင့် သူ၏တစ်ခုတည်းသော ရွေးနှုတ်ခြင်းအစီအစဉ်ကို လက်တွေ့လုပ်ဆောင်ရန် ခရစ်တော်၏ဆုကျေးဇူးများကို အသုံးပြုသည်။ သို့ဖြစ်၍

ကျွန်ုပ်တို့၏အမျိုးမျိုးကွဲပြားမှုများနှင့် ဝိညာဉ်ဆုကျေးဇူးများအပေါ် ထောင်လွှားခြင်းသည် ဘုရားသခင်၏ရည်ရွယ်ချက်များကို ဆန့်ကျင်ပါသည်။

ယုံကြည်သူများသည် ၎င်းတို့၏လုပ်ဆောင်မှု သို့မဟုတ် ဝိညာဉ်ရေးရာ သို့မဟုတ် ပါရမီများမှ ၎င်းတို့၏အဓိကထူးခြားချက်ကို ရရှိသောအခါ ဝိညာဉ်ဆုကျေးဇူးများနှင့်ပတ်သက်၍ မရင့်ကျက်သည့်အယူအဆများ ဖြစ်ပေါ်လာရသည်။ ယင်းအစား "လူအပေါင်းတို့၌ ခပ်သိမ်းသောအမှုတို့ကို ပြုတော်မူသော ဘုရားသခင်သည်" (အငယ် ၆) ဟူ၍ဖြစ်ရမည်။ ကျွန်ုပ်တို့၏ကိုယ်ရေးကိုယ်တာတန်ဖိုးကို အခြားသူများ၏လုပ်ဆောင်မှုနှင့် မနှိုင်းယှဉ်သင့်ပါ။ ကျွန်ုပ်တို့အား ခရစ်တော်၌ ဘုရားသခင်လက်ခံခြင်းဖြင့် အဓိပ္ပါယ်ဖွင့်ဆိုသင့်ပါသည်။ ဝိညာဉ်ဆုကျေးဇူးများသည် ဘုရားသခင်နှင့်အခြားသူတို့အတွက် အမျိုးမျိုးအခွင့်အလမ်းများကို ပေးစွမ်းသောကြောင့် လူတစ်ဦးဦး၏တန်ဖိုးကို မတည်ဆောက်ပေ။

ကျွန်ုပ်တို့၏ဖြစ်တည်မှုနှင့် ကျွန်ုပ်တို့၏လုပ်ဆောင်မှုကြားတွင် ဘုံရှုပ်ထွေးမှုများရှိသည်။ ကျွန်ုပ်တို့သည် လုပ်ငန်းများကို လုပ်ဆောင်သောအခါ မိမိတို့၏ဖြစ်တည်မှုအုတ်မြစ်ဖြစ်သည့် မိမိတို့၏ကယ်တင်ခြင်း အခြေခံအုတ်မြစ်သည် ယုံကြည်ခြင်းအားဖြင့် ကျေးဇူးတော်ကြောင့်ဖြစ်သည် ဟူသောအချက်ကို မေ့လျော့တတ်ကြသည် (ဧဖက်၊ ၂:၈-၉)။ ကျွန်ုပ်တို့သည် ဖြောင့်မတ်ခြင်းကို အကျင့်အားဖြင့် ရရှိခြင်းမဟုတ်ဘဲ ခရစ်တော်ကိုယုံ ကြည်ခြင်းအားဖြင့်သာ ရရှိသည် (ရောမ၊ ၃:၂၁-၂၆)။

ဝိညာဉ်ဆုကျေးဇူးများသည် ထိုဆုကျေးဇူးများကို ပေးသောအရှင်နှင့် ရင်းနှီးသောဆက်ဆံရေးကို ထိန်းသိမ်းခြင်းအားဖြင့်သာ ကောင်းမွန်စွာအလုပ်လုပ်မည်ဖြစ်သည်။ ထိုဆုကျေးဇူးများကို ပေးသောသူ၏ရည်ရွယ်ချက်များအတွက်ဖြစ်ပြီး မိမိကိုယ်ပိုင်အတွက် အသုံးပြု၍မရပေ။ ဘုရားသခင်နှင့် နီးကပ်စွာအချိန်ယူခြင်းမရှိဘဲ ကျွန်ုပ်တို့ရရှိထားသည့်ဆုကျေးဇူးများကို မြှင့်တင်၍မရပေ။ ယေဘူယျအားဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် အချိန်ယူမှသာ ထူးထူးခြားခြားလုပ်ဆောင်နေသည်ကို တွေ့မြင်ရမည်ဖြစ်သည်။




## ကျွန်ုပ်တို့အားလုံးအားဖြင့် ဘုရားသခင်အလုပ်လုပ်

ဘုရားသခင်သည် ကျွန်ုပ်တို့အားလုံး၊ တစ်ဦးစီ၊ လူအပေါင်းတို့၌ ခပ်သိမ်းသောအမှုတို့ကို ပြုတော်မူကြောင်းကို အငယ် ၆ တွင် တွေ့ပြီးဖြစ်သည်။ ဘုရားသခင်သည် စစ်မှန်သောယုံကြည်သူတိုင်း၌ သူပေးထားသည့်ဝိညာဉ်ဆုကျေးဇူးများအားဖြင့် အံ့ဩဖွယ်အလုပ်လုပ်လေ့ရှိသည်။ "သို့သော်လည်း ခရစ်တော်သည် ဆုပေးတော်မူသည်အတိုင်း ငါတို့သည် ကျေးဇူးတော်ကို အသီးအသီး ကိုယ်စီခံရကြပြီ" (ဧဖက်၊ ၄:၇)။ စစ်မှန်သောယုံကြည်သူဟူသမျှသည် ဤအထူးဆုကျေးဇူးများကို အသီးသီးကိုယ်စီရရှိကြပါသည်။ အကြောင်းမှာ ဘုရားသခင်၏အလုံးစုံအစီအစဉ်တွင် အဓိကပါဝင်ကူညီနိုင်စေရန် ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ဝိညာဉ်ရေးရာမျက်နှာစာတိုင်း၌ စေ့စေ့စပ်စပ်ထိုးဖောက်မှုရရှိရန် ယုံကြည်သူတိုင်း၏ပံ့ပိုးကူညီမှုကို လိုအပ်ပါသည်။ အထူးဆုတောင်းပေးနေသည့် အဖွဲ့ငယ်၏ဆုတောင်းသံသည် မိုင်ပေါင်းထောင်ချီဝေးကွာသောအရပ်ရှိ နယ်ခြားသာသနာပြုသူများ၏ကြိုးပမ်းအားထုတ်မှုများအဖို့ အထူးပံ့ပိုးမှုကို ဖြစ်ထွန်းစေပါသည်။ ထို့ကြောင့် ဝိညာဉ်ဆုကျေးဇူးများကို ရရှိ

ထားသည့် ခရစ်တော်၌ သူတော်စင်တိုင်း၏ပူးပေါင်းပါဝင်မှုသည် အလွန်ပင် အရေးပါကြောင်း သတိပေးလိုပါသည်။

၁ကော၊ ၁၂:၄ အရ ဝိညာဉ်ဆုကျေးဇူးများစွာရှိသည်။ “ဆုကျေးဇူးအထူးထူးအထွေထွေရှိသော်ငြားလည်း” ဟူ၍ဖော်ပြထားသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ဆုကျေးဇူးအားလုံးတို့၏ရင်းမြစ်ဖြစ်သည်။ ထိုဆုကျေးဇူးတို့ကို အတိုင်းအတာတစ်ခုအထိ အတုအယောင်လုပ်ပြီး မှားယွင်းသောရည်ရွယ်ချက်ဖြင့် သုံးနိုင်သော်လည်း ၎င်းတို့သည် ဘုရားသခင်၏သာ၍ကြီးမြတ်သောရည်ရွယ်ချက်များကိုသာ ဖော်ပြပြီး ယုံကြည်သူတိုင်း၏အသက်တာတွင် ဘုရားသခင်၏ကြီးမားသောရည်ရွယ်ချက်များကို ဆက်ပြီးပေါ်လွင်စေသောကြောင့် မည်သူမျှမထီမဲ့မြင်ပြု၍မရပါ။

ဤဝိညာဉ်ဆုကျေးဇူးများသည် ဘဝအသက်တာ အလုပ်များသောအချိန်၌ တစ်ခါတစ်ရံကွယ်ဝှက်ထားသည်ဖြစ်၍ ရှာဖွေတွေ့ရှိရန်နှင့်အသုံးပြုရန် စောင့်ဆိုင်းနေတတ်ပါသည်။ ကျွန်ုပ်တို့အသက်တာ၌ ဘုရားသခင်မည်သို့လုပ်ဆောင်မည်ကို မသိဘဲ သို့မဟုတ် ကြောက်လန့်နေမည့်အစား အခြားသူများကိုအစေခံရန် ဘုရားသခင်မည်သို့ပြင်ဆင်ပေးထားကြောင်း စောင့်မျှော်သင့်ပါသည်။ ခရစ်ယာန်များသည် မိမိတို့အသက်တာအတွက် ဘုရားသခင်ပေးထားသည့်တိကျသောရည်ရွယ်ချက်များကို ပြီးမြောက်နိုင်စေရန်အတွက် သန့်မိမိတို့အား သန့်ရှင်းသောဝိညာဉ်တော်အထူးပြင်ဆင်ထားပုံကို သတိပြုမိရန်လိုအပ်သည်။ ခရစ်တော်၏ခန္ဓာကိုယ်ကို ခိုင်ခံ့စေရန်နှင့် မယုံကြည်သူများကိုသက်သေခံရန် ဘုရားသခင်သည် စစ်မှန်သောယုံကြည်သူတိုင်းအား သာ၍ကြီးမားသောရည်ရွယ်ချက်များအတွက် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ဆုကျေးဇူးများကို ပေးအပ်ပြီး တန်ခိုးနှင့် ပြည့်စေပါသည်။

## ခ) ရပ်ဆဲပြီဟူသောဝါဒ Vs ဆက်ရှိနေဆဲဟူသောဝါဒ (၁ကော၊ ၁၂:၇)

“သို့သော် အများကောင်းကျိုးအတွက် တစ်ဦးစီ၌ ဝိညာဉ်တော်၏ထင်ရှားခြင်းအခွင့်ကို ပေးတော်မူ၏” (၁ကော၊ ၁၂:၇ စံမီကျမ်း)။

ဝိညာဉ်ဆုကျေးဇူးများနှင့်ပတ်သက်သော အခြားရည်ညွှန်းချက်များကို (ရောမ၊ ၁၂၊ ဧဖက်၊ ၄၊ ၁ပေ၊ ၄) တို့တွင် တွေ့ရသော်လည်း “ဝိညာဉ်တော်၏ထင်ရှားခြင်း” ဟူသောစကားစုကို ၁ကောရိ၊ ၁၂:၇ တွင် တွေ့ရသောကြောင့်

ကောရိန္တုပထမစောင်ကို အဓိကထားဆွေးနွေးသွားပါမည်။ ဘုရားသခင်သည် သူ၏သန့်ရှင်းသောရည်ရွယ်ချက်များအတွက် ဝိညာဉ်ဆုကျေးဇူးများကို ပေးအပ်ထားကြောင်း ရှင်းလင်းစွာနားလည်သဘောပေါက်စေသည်။ ထိုဆုကျေးဇူးများသည် မွေးရာပါပါရမီအစွမ်းအစများမဟုတ်ဘဲ ဘုရားသခင်၏တန်ခိုးတော်အပေါ် မူတည်ပါသည်။ ထိုမျှသာမကဘဲ လုပ်ဆောင်နေသောအလုပ်သည် သန့်ရှင်းသောဝိညာဉ်တော်နှင့် အမြဲမပြတ်ဆက်ဆံခြင်းအပေါ်မှာ လုံးလုံးလျားလျားမူတည်နေပါသည်။

ဝိညာဉ်ဆုကျေးဇူးများအတွက် ချုပ်ငြိမ်းခြင်းနှင့် ဆက်ရှိနေခြင်း ဆွေးနွေးမှုအတွက် ထပ်တူအရေးကြီးပါသည်။ “အများကောင်းကျိုးအတွက်” ဟူသောစကားစုက ဝိညာဉ်ဆုကျေးဇူးများသည် ကြီးမားသောရည်ရွယ်ချက်ဖြင့် ပေးဆောင်ကြောင်း ရှင်းရှင်းလင်းလင်းဖော်ပြထားသည်။ ၎င်းတို့သည် ကိုယ်ကျိုးအတွက်သာ အဓိကမဟုတ်ပေ။ ဘုရားသခင်၏လူတို့သည် ခမည်းတော်၏အလိုတော်ကိုဆောင်သော ယေရှု၏ကိုယ်ခန္ဓာဖြစ်သည်။ အခြားသူများကို ကူညီခြင်းဖြင့် ဘုရားသခင်၏မေတ္တာကို ပေါ်လွင်စေသည် (ဧ၊ ၄:၇)။ ဝိညာဉ်တော်၏ထင်ရှားခြင်းများသည် ဘုရားသခင်၏အမှုတော်ကို တည်စေခြင်းငှာ နိမိတ်လက္ခဏာများအဖြစ်သာ အဓိကအားဖြင့် မယူဆကြသော်လည်း တမန်တော်အခန်းကြီး ၉ တွင် ကျွန်ုပ်တို့မြင်တွေ့ခဲ့ရသည့်အတိုင်း ၎င်းတို့သည် တစ်ခါတစ်ရံ ထိုရည်ရွယ်ချက်များကို ဆောင်ရွက်ပေးပါသည်။

ယနေ့အချိန်ထိ ခရစ်ယာန်များအကြားတွင် ခြားနားချက်များကို အပြည့်အဝမဖြေရှင်းနိုင်ခဲ့ဘဲ ရလဒ်အနေဖြင့် အုပ်စုနှစ်စုဖြစ်သည့် ချုပ်ငြိမ်းမှုဝါဒနှင့်ဆက်ရှိနေခြင်းဝါဒဟူ၍ရှိနေဆဲဖြစ်သည်။ ဤဝါဒနှစ်ခုသည် တမန်တော်ခေတ်ကတည်းက ရှိလာသည့်ဝိညာဉ်ဆုကျေးဇူးဆိုင်ရာ ဖွင့်ပြခြင်းနှင့် အံ့သြဖွယ်နိမိတ်လက္ခဏာများ မရှိတော့ပေဟူသောဝါဒနှင့် ရှိနေသေးသည်ဟူသောဝါဒဖြစ်သည်။ ကျွန်ုပ်၏ခရစ်ယာန်အသက်တာအစပိုင်း၌ ဝိညာဉ်ကျေးဇူးအားလုံးရှိနေသေးသည်ဟူ၍ သွန်သင်ပေးသည့်အသင်းတော်များကို ကျွန်ုပ်ကျေးဇူးတင်မိသည်။ ကျွန်ုပ်သည် ဓမ္မပညာကို လေ့လာဆည်းပူးသောအခါ တချို့သောဝိညာဉ်ကျေးဇူးများမရှိတော့ပေ သို့မဟုတ် ချုပ်ငြိမ်းပြီဟု လေ့လာသင်ယူခဲ့ရသည်။ မကြာသေးမီကပင် ယနေ့အသင်းတော်များ၌ ဝိညာဉ်ဆုကျေးဇူးအားလုံး ရှိနေသေးကြောင်း သင်ယူခဲ့ပါသည်။

အောက်ဖော်ပြပါဇယားသည် ထိုယုံကြည်မှုဝါဒနှစ်ခု၏ခြားနားချက်ကို အကျဉ်းချုပ်ဖော်ပြထားသည်။ ဝိညာဉ်ဆုကျေးဇူးအချို့ချုပ်ငြိမ်းပြီ သို့မဟုတ် ယနေ့မရှိတော့ပါဟု ယုံကြည်သူများက ထိုဆုကျေးဇူးတို့သည် ကနဦးတမန်တော်များခေတ်ကာလက ကနဦးတမန်တော်များအတွက် အပိုအခွင့်အာဏာနှင့်နိမိတ်လက္ခဏာများအတွက် ပေးအပ်ထားသည့်ဝိညာဉ်ဆုကျေးဇူးများဖြစ်သည်ဟုယုံကြည်ကြသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်သည် စံနှုန်းတိုင်း

| ရပ်ဆဲပြီဟူသောဝါဒ | VS | ဆက်ရှိနေဆဲဟူသောဝါဒ |
|---|---|---|
| -နိမိတ်လက္ခဏာများ၊ ပရောပြုခြင်း၊ အမျိုးမျိုးသောဘာသာစကားပြောခြင်း ရပ်ဆဲပြီ။<br>-ထိုသို့သောဆုကျေးဇူးများသည် တမန်တော်၏အခွင့်အာဏာကို မြဲမြံစေသည်။<br>-တမန်တော်များခေတ်ပြီးနောက် ထိုသို့သောဆုကျေးဇူးများကို မတွေ့ရတော့ပါ။<br>-အုတ်မြစ်ချခဲ့ပြီဖြစ်၍ ဆုကျေးဇူးများဆက်စပ်မှုမရှိတော့ပါ။ | | -နိမိတ်လက္ခဏာများ၊ ပရောပြုခြင်း၊ အမျိုးမျိုးသောဘာသာစကားပြောခြင်း ရှိနေဆဲ။<br>-ထိုသို့သောဆုကျေးဇူးများသည် အများအတွက် ရည်ရွယ်ချက်များစွာရှိသည်။<br>-တမန်တော်များမှလွဲ၍ ထိုသို့သောဆုကျေးဇူးများ မရရှိကြပါ။<br>-ခရစ်တော်၏ပြည့်စုံခြင်းသည်ဆုကျေးဇူးများအားဖြင့် ဖြန့်ဝေသည်။ |

တာချက်အရ ဘုရားသခင်မှုတ်သွင်းသောနှုတ်ကပတ်တော်အဖြစ် လက်ခံပြီးသည်နှင့် ဝိညာဉ်ဆုကျေးဇူးအချို့ရပ်ဆဲပြီဟု ဆိုကြသည်။

သို့ရာတွင် တချို့က ဆုကျေးဇူးအချို့သည် ယနေ့ခေတ်တွင် ဆက်လက်လုပ်ဆောင်ခြင်းမရှိဟု မည်သူတစ်ဦးတစ်ယောက်ကမျှ ပြောပိုင်ခွင့်မရှိဟုအခိုင်အမာယုံကြည်ကြသည်။ ဆုကျေးဇူးများနှင့်ပတ်သက်၍ သမ္မာကျမ်းစာတွင် အချိန်အကန့်အသတ်မရှိရှင်းရှင်းလင်းလင်းဖော်ပြထားသည်။ အချို့သောပြောင်းလဲမှုများသည် ရှိသည်မှာ မှန်ပေသည်။ သို့သော် တစ်ခုလုံးအနေဖြင့် ဝိညာဉ်တော်သည် ဝိညာဉ်ဆုကျေးဇူးများမှတစ်ဆင့် ထိုနည်းအတိုင်းလုပ်ဆောင်နေပါသည်။

## နှစ်ဘက်စလုံး မတူပါ

အခြေအနေနှစ်ရပ်စလုံး တူညီသည်ဟု တွေးထင်ခြင်းသည် မှန်ကန်မှု မရှိပေ။ ပေါလုသည် ကောရိန္တုအသင်းသားများ၏ဆုကျေးဇူးများ၊ အံ့ဩဖွယ် နိမိတ်လက္ခဏာဆုကျေးဇူးအတွက် ချီးမွမ်းပြောဆိုခဲ့သည် (၁ကော၊ ၁:၄-၇)။ "သင်တို့သည် ထိုခရစ်တော်အားဖြင့် အရာရာ၌ နှုတ်သတ္တိ၊ ဉာဏ်သတ္တိအ ပေါင်းနှင့်ကြွယ်ဝပြည့်စုံကြသည်ဖြစ်၍ ၆-ယေရှုခရစ်အားဖြင့် သင်တို့အားပေး တော်မူသောဆုကျေးဇူးတော်ကို ငါထောက်၍ သင်တို့အကြောင်းကြောင့် ငါ့ ဘုရားသခင်၏ကျေးဇူးတော်ကို အစဉ်မပြတ်ချီးမွမ်း၏။ ၇- ထိုကြောင့် သင်တို့ သည် ငါတို့သခင်ယေရှုခရစ်၏ပေါ်ထွန်းတော်မူခြင်းကို မျှော်လင့်၍နေစဉ် ဆု တော်တစ်စုံတစ်ခုမျှမလျော့ဘဲ စုံလင်လျက်ရှိကြ၏" (၁ကော၊ ၁:၅-၇)။ အချို့ သောဆုကျေးဇူးများရပ်ဆဲနေပြီဟု ယုံကြည်သူများက ဝိညာဉ်ဆုကျေးဇူးအ ချို့သည်သာ ယနေ့သန့်ရှင်းသူများအသက်တာ၌ သက်ဝင်လှုပ်ရှားနေခြင်းဖြစ် သည်ဟု ဆိုကြသည်။ သူတို့သည် မိမိတို့၏ရပ်တည်ချက်အတွက် ခုခံကာ ကွယ်ရန် တာဝန်ရှိသည်။ သူတို့၏ရပ်တည်ချက်ကို ကာကွယ်ရန် "ယခုမူကား ငါတို့သည် မစုံမလင်သိတတ်ကြ၏။ ပရောဖက်ဉာဏ်နှင့်မစုံမလင်ဟောတတ် ကြ၏။ ၁၀-စုံလင်ခြင်းသို့ရောက်သောအခါမူကား မစုံလင်သမျှတို့သည် ကွယ် ပျောက်ကြလိမ့်မည်" (၁ကော၊ ၁၃:၉-၁၀) ကို အသုံးပြုသော်လည်း ဤကျမ်း ပိုဒ်သည် သန့်ရှင်းသောဝိညာဉ်တော်၏လုပ်ဆောင်ချက်တစ်ခုလုံးကို ခုခံရန် ခဲ ယဉ်းလှသည်။

## ပိုမိုကြီးမားသောရည်ရွယ်ချက်များ

လွန်ခဲ့သောအချိန်ကတည်းကပင် ဝိညာဉ်ဆုကျေးဇူးအချို့သည် ရပ်စဲ သွားခဲ့သည်ဟုဆိုကြသည်။ ဆိုလိုသည်မှာ ဗျာဒိတ်ပေးခြင်း၊ ပရောဖက်ပြု ချက်နှင့်အံ့ဖွယ်နိမိတ်လက္ခဏာ ဆုကျေးဇူးများ မလိုအပ်တော့ပါဟု ဆိုကြသည်။ ထိုဆုကျေးဇူးများသည် (၁) တမန်တော်များ၏အခွင့်အာဏာ တည်မြဲစေရန် (ဖေက်၂:၂၀)၊(၂) လက်ဝယ်၌ ကျမ်းချက်မရှိသောသန့်ရှင်းသူတို့ကို လမ်းညွှန် ရန် လိုအပ်သောကြောင့်ဖြစ်သည်ဟု စောဒကတက်ကြသည်။ ဤရှင်းလင်း ချက်သည် အချို့သူများအတွက် ရှင်းရှင်းလင်းလင်းထင်ရသော်လည်း ကျေနပ် အားရဖွယ်ကောင်းသောရှင်းလင်းချက်မဟုတ်ခဲ့ပေ။ ထိုဆုကျေးဇူးများရပ်စဲ

နေပြီဟုဆိုသူများက အတည်ပြုခဲ့သည့်အတိုင်း ဝိညာဉ်ဆုကျေးဇူးများသည် တမန်တော်များ၏အခွင့်အာဏာကို အတည်ပြုရန်သာ ဖြစ်နေပါက ဝိညာဉ်ဆုကျေးဇူးများအတွက် ရည်ရွယ်ချက်က "အများကောင်းကျိုးအတွက် တစ်ဦးစီ၌ ဝိညာဉ်တော်၏ထင်ရှားခြင်း အခွင့်ကို ပေးတော်မူ၏" ဟု အဘယ်ကြောင့် (၁ကော၊ ၁၂:၇ စံမီကျမ်း) က ဆိုသနည်း။ တမန်တော်များခေတ်မှမဟုတ်ပေ၊ ယနေ့ချိန်ထိ ကိုယ့်ဘာသာစကားကျမ်းစာမရှိသေးသည့် သန့်ရှင်းသူများရှိနေသေးသည်။ ယနေ့ခေတ်တွင် ဧဝံဂေလိတရား ဟောပြောခြင်း၌ အံ့ဖွယ်အမှုများဖြစ်ပေါ်ရန် ပို၍ပင်အရေးကြီးလာပါသည်။ ထို့ကြောင့် ယနေ့ခေတ်တွင် ဝိညာဉ်ဆုကျေးဇူးအချို့ရပ်စဲပြီဟု ပြောဆိုခြင်းမှာ အလွန်ပင်ရယ်စရာကောင်းပေသည်။

## ထိုဆုကျေးဇူးကို အခြားသူများပိုင်ဆိုင်သည်

ယနေ့ခေတ်ကြီးမှာ ထိုသို့သောဆုကျေးဇူးများကို ရရှိသူများရှိနေသောကြောင့် တမန်တော်၏အခွင့်အာဏာကို အတည်ပြုစေရန်သာ ဖြစ်သည်ဟူသောယုံကြည်ချက်မှာ ပိုမိုအားနည်းလာရသည်။ ဥပမာ သတေဖန်သည် တမန်တော်မဖြစ်သော်လည်း ဝိညာဉ်တော်၏တန်ခိုးကြီးသောဆုကျေးဇူးများကို ကျင့်သုံးခဲ့သည်။ "သတေဖန်သည် ကျေးဇူးတော်နှင့်လည်းကောင်း၊ တန်ခိုးတော်နှင့်လည်းကောင်း ပြည့်စုံသဖြင့် ကြီးစွာသောနိမိတ်လက္ခဏာ၊ အံ့ဖွယ်သောအမှုတို့ကို လူများရှေ့မှာပြုလေ၏"(တမန်၊၆:၈)။ သတေဖန်သည် တမန်တော်မဟုတ်ဘဲ သင်းထောက်တစ်ဦးသာဖြစ်သည် (တမန်၊ ၆:၂၊ ၅)။

တမန်တော်များခေတ်ပြီးနောက် ဝိညာဉ်တော်၏လမ်းညွှန်ချက်အသစ်တွင် မည်သည့်ခြွင်းချက်မျှ ငြင်းခုံစရာမရှိပေ။ သို့သော် ထိုသို့သော ဆုကျေးဇူးများကို ရရှိပြီး အလွန်လေးစားခံရသည့်ခရစ်ယာန်ခေါင်းဆောင်အချို့လည်းရှိပါသည်။ ဥပမာ Spurgeon သည် လူထုပရိသတ်များကျူးလွန်ခဲ့သောအပြစ်နှင့်ပတ်သက်၍ အထူးဉာဏ်ပညာကို ရရှိခဲ့သူဖြစ်သည်။ ပရောဖက်ပြုချက်ဆုကျေးဇူးကို John Knox က သိသာထင်ရှားစွာရရှိခဲ့သည်။ ဤကျေးဇူးများထဲမှ အချို့သည် အချို့သောအခြေအနေများတွင် အလွန်ထင်ရှားခြင်းမရှိဟု ပြောဆိုပြုခြင်းလျှင် ပိုမိုကောင်းမွန်မည်မဟုတ်ပေလော။ ပြောဆိုချက်နှင့်ပြုလုပ်မှုမှန်သမျှသည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ဖြစ်သည်ကို မည်သူကမျှ

မပြောပါ။ ဝိညာဉ်တော်၏နာမ၌ လုပ်ဆောင်သည့် ကြောက်မက်ဖွယ်လုပ်ရပ်နှင့်လှည့်ဖြားသောလုပ်ရပ်များရှိပြီး အများအားဖြင့် ရုပ်ဝတ္ထုရရှိရန် ပြုမူလုပ်ဆောင်ကြသည်။ သို့သော် အလုံးစုံကို ပြတ်ပြတ်သားသားငြင်းဆိုမည့်အစား ကျွန်ုပ်တို့သည် ပိုင်းခြားသိမြင်ရန်လိုသည်။

## ထိမိ၍လဲစရာ

ကျွန်ုပ်တို့သည် ဤအခြေအနေ၌ ဟိုတစ်ခုကို ထောက်ခံသည်/ဟိုတစ်ခုကို ခုခံကာကွယ်သည်ဟူ၍မဟုတ်ပေ။ သို့သော် ဆုကျေးဇူးအချို့ရပ်စဲပြီဟု ယုံကြည်မှုအတွက် ကြီးမားသောစိန်ခေါ်မှုတစ်ရပ်ဖြစ်ပေါ်စေသည့် ကျမ်းချက်ကို တမန်တော်ပေါလုက ဤသို့ဖော်ပြပေးသည်။

"သင်တို့သည် ခရစ်တော်၏ကိုယ်ဖြစ်ကြ၏။ အသီးအသီးအင်္ဂါတော်ဖြစ်ကြ၏။ ဘုရားသခင်သည် ပဌမအရာ၌ တမန်တော်တို့ကိုလည်းကောင်း၊ ဒုတိယအရာ၌ ပရောဖက်တို့ကိုလည်းကောင်း၊ တတိယအရာ၌ ဆရာတို့ကိုလည်းကောင်း၊ ထိုနောက် တန်ခိုးပြသောသူတို့ကိုလည်းကောင်း၊ ထိုနောက် အနာရောဂါကို ငြိမ်းစေနိုင်သော အခွင့်ရှိသောသူတို့ကိုလည်းကောင်း၊ သင်းထောက်တို့ကိုလည်းကောင်း၊ စီရင်အုပ်စိုးသော သူတို့ကိုလည်းကောင်း၊ အမျိုးမျိုးသောဘာသာစကားကိုပြောနိုင်သောသူတို့ကိုလည်းကောင်း၊ အသင်းတော်၌ ခန့်ထားတော်မူ၏" (၁ကော၊ ၁၂:၁၇-၂၈)။

ပေါလုသည် ကောရိန္သုအသင်းတော်မှဝိညာဉ်ဆုကျေးဇူးများကို အလွဲသုံးစားလုပ်နေသည်ကို ချိုးနှိမ်ရန် အခွင့်အရေးကိုရယူပါသလော။ ထိုသို့လုံးဝမဟုတ်ပါ။ သို့သော် ယနေ့တိုင်အောင် ထိုသို့သောဆုကျေးဇူးများ ဆက်နေသေးသည်ဟု ထောက်ခံပြောဆိုခြင်းသာဖြစ်သည်။

## နိမ့်ကျသော တွေးခေါ်ခြင်း

အချို့သောဝိညာဉ်ဆုကျေးဇူးများသည် ယနေ့ခေတ်တွင် အလွန်ထင်ရှားပုံမပေါ်ပေ။ ဥပမာ ပရောဖက်သည် တရားဟောသူမဟုတ်ပါက ယနေ့ခေတ်အသင်းတော်များစွာ၌ တွေ့ရသည့်ပရောဖက်သည် မည်သို့မည်ပုံအံဝင်ခွင်ကျဖြစ်နေသည်ကို ပြောဆိုရန် အလွန်ခက်ခဲပါသည်။ ရိုးရှင်းသောစစ်ဆေးမှုကို မလုပ်ဆောင်ဘဲ ဆုကျေးဇူးအချို့ရပ်စဲနေပြီဟု လျောင်ပြောင်ခြင်းသည်


မလုပ်သင့်သောအရာဖြစ်သည်။ နောက်တစ်ခုမှာ အံ့သြဖွယ်အမှုများကို ပြုခြင်းဖြင့် ဘုရားသခင်၏တန်ခိုးတော်ဖြစ်ကြောင်း ဂုဏ်ယူစွာပြောဆိုနေခြင်းဖြစ်သည်။သို့သော် ဘုရားသခင်၏နှုတ်ကပတ်တော်ကို အလေးအနက်ထားသူများသည် ဝိညာဉ်ဆုကျေးဇူးများကို ထိုကဲ့သို့ မလုပ်/မပြောဆိုသင့်ကြောင်း နားလည်ကြသည်။ အချို့နေရာများတွင် ယုံကြည်ခြင်း မရှိသည်ကို ယေရှုပင် မြင်တွေ့ခဲ့ရသည်။ "မြို့သားများတို့သည် မယုံကြည်ကြသောကြောင့် ထိုအရပ်၌များစွာသောတန်ခိုးကို ပြတော်မမူ" (မဿဲ၊ ၁၃:၅၈)။ အနာငြိမ်းခြင်းနှင့် အံ့သြဖွယ်နိမိတ်လက္ခဏာဆုကျေးဇူး ရရှိသူများကို သက်သေပြရန် တောင်းဆိုသင့်ပါသလော။ လုံးဝမတောင်းဆိုသင့်ပေ။ တမန်တော်ပေါလုပင် သူ့ခန္ဓာကိုယ်ပြဿနာအတွက် အနာငြိမ်းခြင်းမရရှိခဲ့ပေ (၂ကော၊၁၂:၈-၉)။ ပေဖြောဒိတ်၏ သေလုမြောပါးအခြေအနေအတွက် နာကျင်ခဲ့ရသည် (ဖိ၊ ၂:၂၆-၂၇)။

## အပြုသဘောဆောင်သော တင်ပြချက်တစ်ခု

ကျွန်ုပ်တို့သည် စည်းလုံးခြင်း၏အဓိက သြဝါဒများကို အာရုံမစိုက်လိုသောကြောင့် အသင်းတော်ထဲသို့ ပျက်စီးခြင်းကို ယူဆောင်လာရန် စာတန်ကို ခွင့်ပြုတတ်ကြသည်။

စည်းလုံးခြင်းကို အာရုံမစိုက်ရုံတင်မက ကျမ်းချက်များကိုပါ ပြောင်းလဲပစ်ပြီး အသင်းတော်၏အစိတ်အပိုင်းများကို လျစ်လျူရှုရန် မိမိတို့ကိုယ်ကို အထူးခွင့်ပေးကြသည်။ ဤနည်းဖြင့် ကျွန်ုပ်တို့သည် ရန်သူ၏ကြံစည်မှုထဲ၌ ကူညီပေးနေပါသည်။ ချဉ်းကပ်မှုသုံးခုကို ဖော်ပြပါရစေ။

၁) ဆုကျေးဇူးအချို့ရပ်စဲနေပြီဟူသောဝါဒသည် ဘုရားသခင်၏ သာ၍ကြီးမြတ်သောရည်ရွယ်ချက်များကို ပြီးမြောက်စေရန် ကြိုးပမ်းခြင်းထက် ၎င်း၏အဓိကဆိုလိုရင်းကို ကွဲလွဲစေတတ်သည်။ ဆုကျေးဇူးအားလုံးဆက်ရှိနေသေးသည်ဟုခံယူသူများသည် ဆုကျေးဇူးအချို့ရပ်စဲနေပြီဟူသောဝါဒကို မိမိတို့၏ အစွမ်းအစများဖြင့် ဆန့်ကျင်တုံ့ပြန်ကြသည်။ ဤကိစ္စများကြောင့် ကျွန်ုပ်တို့ကို ကွဲပြားနေမည်ဆိုလျှင် ကျွန်ုပ်တို့အားလုံးသိထားသည့် တစ်ပါးတည်းသော ဝိညာဉ်တော်ကို ငြင်းဆိုနေခြင်းပင်ဖြစ်သည်။ ကျွန်ုပ်တို့သည် ခရစ်တော်၏ အင်္ဂါအစိတ်အပိုင်းများဖြစ်သောကြောင့် ပြဿနာကို အတူတကွအဖြေရှာရန် လိုအပ်ပါသည်။




၂) တစ်လုံးတစ်ဝတည်းဖြစ်ခြင်း၏အမြင့်မြတ်ဆုံးသော အရေးပါမှုကို ကျွန်ုပ်တို့နားလည်ပါက ကွဲပြားခြားနားသောချဉ်းကပ်မှုနှင့် ကောက်ချက်ချမှုများပင်လျှင် ကျွန်ုပ်တို့၏ဆက်ဆံရေးကို အဆိပ်သင့်စေမည့်သံသယများနှင့် ညံ့ဖျင်းသောကျမ်းကိုးကားချက်များကိုပယ်ချနိုင်မည်ဖြစ်သည်။ သံသယသည် အခြေအမြစ်မရှိသည့်နားလည်မှုလွဲမှားခြင်းကို ဖြစ်ပေါ်စေတတ်သည်။ သံသယကိုဘေးဖယ်ထားခြင်းဖြင့် ကျွန်ုပ်တို့သည် အလွန်အကျွံလွန်ကဲခြင်းများကို ဖယ်ရှားကာ အားလုံး၏ကောင်းကျိုးအတွက် ပိုင်းခြားသိမြင်မှုကို ပိုမိုကောင်းမွန်စွာအသုံးချနိုင်သည်။ Billy Graham က ကျွန်ုပ်တို့သည် တစ်လုံးတစ်ဝတည်းရပ်တည်ပါက စံနှုန်းအချို့ကို ကျွန်ုပ်တို့သဘောတူနိုင်သည်ဟုရေးသားခဲ့ဖူးပေသည်။ ထို့ကြောင့် ကျမ်းစာဖော်ပြထားသည့်အတိုင်း “ပရောဖက်ပြုခြင်းကို မထီမဲ့မြင်မမှတ်ကြနှင့်။ ၂၁- ခပ်သိမ်းသောအရာကို စုံစမ်း၍ ကောင်းသောအရာကို အမြဲကိုင်စွဲကြလော့။၂၂- မကောင်းသောအမှုအမျိုးမျိုးရှိသမျှကို ရှောင်ကြလော့”(၁သက်၊ ၅:၂၀-၂၂) ဟူသည်ကို သတိပြုကြပါစို့။

၃) အချို့က အံ့ဖွယ်နိမိတ်လက္ခဏာ၊ ဗျာဒိတ်ဖွင့်ပြခြင်း၊ တမန်တော်၊ ပရောဖက် စသည်ဆုကျေးဇူးများသည် ကနဦးတမန်တော်ခေတ်များနှင့်သာ သက်ဆိုင်သည်ဟုဆိုကြသော်လည်း ဤဆုကျေးဇူးများသည် တမန်တော်ဆယ့်နှစ်ပါးနှင့်သာ မသက်ဆိုင်ဘဲ ဧဝံဂေလိတရားဟောပြောရန် စေလွှတ်ခြင်းခံရသူများနှင့်လည်း သက်ဆိုင်ပါသည်။ တမန်တော်ဟူသောစကားလုံးကို ယေဘုယျဘာသာပြန်လျှင် “သာသနာပြုသူ” သို့မဟုတ် “စေလွှတ်ခံသူ” ဟုခေါ်ဆိုနိုင်ပါသည်။

# ဆွေးနွေးမေးခွန်းများ

၁။ ကျွန်ုပ်တို့၏ဝိညာဉ်ဆုကျေးဇူးအပေါ် မာနထောင်လွှားခြင်းမှ မိမိကိုယ်ကို မည်သို့ကာကွယ်နိုင်မည်နည်း။

၂။ ကျွန်ုပ်တို့သည် ယုံကြည်သူများနှင့် ပြိုင်ဆိုင်ခြင်းထက် အတူတူလက်တွဲ လုပ်ဆောင်နိုင်ရန် ဝိညာဉ်ဆုကျေးဇူးများကို မည်သို့ကိုင်တွယ်သင့်ပါသ နည်း။

၃။ သန့်ရှင်းသောဝိညာဉ်တော်၏ဆုကျေးဇူးအားလုံးသည် ယနေ့ခေတ်ကာလ ဟုတ်ပါသလော/ကနဦးအသင်းတော်အတွက်သာဖြစ်သလော။ ရှင်းပြပါ။

၄။ အချို့ဆုကျေးဇူးရပ်စဲသည်ဟူသောဝါဒနှင့် ဆက်ရှိနေဆဲဟူသောဝါဒ နှစ် မျိုးလုံးကို အဓိပ္ပါယ်ဖွင့်ဆိုပါ။ မည်သည့်ဝါဒကို သင်စွဲကိုင်ထားသနည်း၊ အဘယ်ကြောင့်နည်း။

၅။ ဝိညာဉ်ဆုကျေးဇူးကို ကျွန်ုပ်တို့နှင့်မတူကွဲပြားစွာရှုမြင်သော အခြားသူ များကို ကျွန်ုပ်တို့မည်သို့နားလည်ပြီး ဆက်ဆံသင့်သနည်း။

၆။ ဘုရားသခင့်အသင်းတော်၏စည်းလုံးညီညွတ်မှု အရေးကြီးပုံကို သင်ယုံ ကြည်ပါသလား (ဧဖက်၊ ၄:၁-၃)။ သခင်ဘုရားထံ စင်ကြယ်သောဝတ်ပြုမှု ကို ကျွန်ုပ်တို့မည်သို့ဆက်ထိန်းထားရမည်နည်း။

# အခန်း ၁၄
# ဝိညာဉ်တော်၏ဆုကျေးဇူးများ - ၂
**(၁ ကော၊ ၁၂:၈-၁၁)**

သန့်ရှင်းသောဝိညာဉ်၏ဆုကျေးဇူးများသည် ခရစ်တော်ကို ယုံကြည်သူတိုင်းအား ဘုရားသခင်၏ကျေးဇူးတော်ကို ထူးထူးခြားခြား သွန်းလောင်းရန် ဘုရားသခင်၏ကွဲပြားသောဆုကျေးဇူးများဖြစ်သည်။ သို့မှသာ ထိုသူတို့သည် အခြားသူတို့အပေါ် ဘုရားသခင်၏ကျေးဇူးတော်ကို တိုးချဲ့ရန် အခွင့်ထူးရရှိမည်ဖြစ်သည်။ ပေါလုနှင့်အခြားသူများသည် ကျွန်ုပ်တို့၏ဝိညာဉ်ဆုကျေးဇူးများကို ခွဲခြားသိမြင်နိုင်ရုံသာမက ကျွန်ုပ်တို့၏အသက်တာတွင် ကိုယ်တော်၏ဝိညာဉ်ရေးဆိုင်ရာလုပ်ဆောင်မှုကို တန်ခိုးရှိစွာပြီးမြောက်ရန် ဘုရားသခင်၏ဝိညာဉ်တော်ကို နှိမ့်ချစွာမျှော်လင့်စောင့်စားနေပါသည်။ ဝိညာဉ်ဆုကျေးဇူးနှင့်ပတ်သက်၍ ကျွန်ုပ်၏အဓိပ္ပါယ်ဖွင့်ဆိုချက်တွင် ဝိညာဉ်ဆုကျေးဇူးအချို့သာမက ဝိညာဉ်ဆုကျေးဇူးတိုင်းမှတစ်ဆင့် ဝိညာဉ်တော်၏အံ့ဖွယ်နည်းဖြင့်လုပ်ဆောင်ခြင်းပါဝင်ပါသည်။

ယုံကြည်သူများသည် ဝိညာဉ်ဆုကျေးဇူးများအပေါ်၌ အဘယ်ကြောင့်ဤမျှကွဲပြားသောအမြင်များရှိနေကြသည်ကို သင်အံ့ဩမိပေမည်။ တသမတ်တည်းဖြစ်သောသမ္မာကျမ်းစာ၏သွန်သင်မှုများမှ ခွဲထုတ်စေနိုင်သည့်အစွန်းရောက်သောအမြင်ကို ကျွန်ုပ်တို့သတိထားရမည်ဖြစ်သည်။ ရန်သူသည် ထိုသို့သောအမြင်များဖြင့် အသင်းတော်ပျက်စီးစေရန် သဘောထားကွဲလွဲမှုနှင့်မာနကို အသုံးပြုခဲ့သည်။ မေတ္တာထီးရိပ်အောက်တွင် ကျွန်ုပ်တို့၏အသက်တာနှင့်

ဓမ္မတရားများကြားတွင် သွားလာရန် သင်ယူကြပါစို့။ "ဤသုံးပါးတို့တွင် ချစ်ခြင်းမေတ္တာသည် အမြတ်ဆုံးဖြစ်သတည်း" (၁ကော၊ ၁၃:၁၃)။ မှန်ပါသည်၊ ကျွန်ုပ်တို့၏အမြင်များ ကွဲပြားနိုင်သည်။ သို့သော် ကျွန်ုပ်တို့သည် ညီအစ်ကိုများကဲ့သို့ ဝိညာဉ်တော်တစ်ပါးတည်း၌ စည်းလုံးညီညွတ်ကာ ဘုရားသခင်၏ရွေးနှုတ်ခြင်းအစီအစဉ်အတွက် အတူတကွလုပ်ဆောင်လျက် ကျမ်းစာထဲ၌ ကိုယ်တော်၏သမ္မာတရားကို စစ်မှန်စွာရှာဖွေကြစို့။ အစွန်းရောက်သင်ကြားခြင်းသည် သမ္မာတရားများ၏ဆက်စပ်မှုကို ဆုပ်ကိုင်ထားရမည့်အစား အချို့သောသမ္မာတရားများကို ဖယ်ထုတ်သည့်နည်းလမ်းဖြင့် သင်ကြားခြင်းကို မြှင့်တင်ရန်ဖြစ်သည်။

## က) ဘုရားသခင်မျှဝေသော ဆုကျေးဇူးများ (၁ကော၊ ၁၂:၇-၈)

"သို့သော် အများကောင်းကျိုးအတွက် တစ်ဦးစီ၌ ဝိညာဉ်တော်၏ထင်ရှားခြင်းအခွင့်ကိုပေးတော်မူ၏။ အကြောင်းမူကား ဝိညာဉ်တော်အားဖြင့် တစ်ယောက်သောသူအား ဉာဏ်ပညာစကားကိုလည်းကောင်း၊ ထိုဝိညာဉ်တော်အားဖြင့် အခြားတစ်ဦးအား အသိပညာစကားကိုလည်းကောင်း" (စံမီကျမ်း)။

သန့်ရှင်းသောဝိညာဉ်တော်၏ဝိညာဉ်ဆုကျေးဇူးများကို မျှဝေခြင်းသည် သူ၏သန့်ရှင်းသောအလုပ်ဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော်သည် အဓိကဖြစ်ပြီး ဆုကျေးဇူးရှင်ဖြစ်ကာ ကျွန်ုပ်တို့အား ကိုယ်တော်၏မျက်မှောက်တော်သို့ပေါင်းစည်းစေရုံသာမက ကိုယ်တော်၏ကျေးဇူးတော်ဖြင့် ဘိသိက်မင်္ဂလာပေးည်။ ယုံကြည်သူအသက်တာ၌ ဝိညာဉ်တော်အတူပါရှိခြင်းကို နည်းလမ်းများစွာဖြင့် ထင်ရှားနိုင်ပါသည်။ ယုံကြည်သူတစ်ဦးစီတိုင်း အနည်းဆုံးဝိညာဉ်ဆုကျေးဇူးတစ်ခုရရှိပါသည်။ ဤဆုကျေးဇူးများသည် ကျွန်ုပ်တို့၏ဝိညာဉ်ရေးအသက်တာကို မဖန်တီးပေးသော်လည်း ခရစ်တော်၏ကိုယ်ခန္ဓာကို တည်ဆောက်ခြင်း၌ ကျွန်ုပ်တို့၏ထူးခြားသောပံ့ပိုးကူညီမှုနယ်ပယ်များကို အဓိကအားဖြင့် အဓိပ္ပါယ်ဖွင့်ဆိုသည်။

ကျွန်ုပ်တို့သည် ဆုကျေးဇူးများကို မမျှဝေနိုင်သော်လည်း ဘုရားသခင်ပေးထားသောထိုဆုကျေးဇူးများကို မိမိတို့ကိုယ်ကျိုးစီးပွားအတွက် အလွယ်တကူအလွဲသုံးစားလုပ်နိုင်ပါသည်။ ခေါင်းဆောင်များသည် ယုံကြည်သူတိုင်းကို ဘုရားသခင်နှင့် ရင်းနီးစွာရှိနေရန်၊ ရရှိထားသောဝိညာဉ်ရေးဆုကျေးဇူးကို

အသုံးပြုရန် အားပေးဖို့ လိုအပ်ပါသည်။ ဝိညာဉ်တော်မှရရှိသည့်ဆုကျေးသည် ယုံကြည်သူတိုင်းတွင် ပုံမှန်နှင့်ထူးခြားစွာလုပ်ဆောင်ရန် ဝိညာဉ်တော်၏က တိကဝတ်ကို ရည်ညွှန်းပြီး သူ၏အလိုတော်ကို ပြီးမြောက်စေရန် ခမည်းတော် နှင့်ပူးပေါင်းလုပ်ဆောင်ရန်ဖြစ်သည်။

ဘုရားသခင်သည် ဝိညာဉ်ဆုကျေးဇူးများအားဖြင့် ယုံကြည်သူများ၏ အသက်တာ၌ အမျိုးမျိုးအလုပ်လုပ်ဆောင်နေပါသည်။ ဓမ္မဟောင်းကာလ၌ ဝိညာဉ်တော်၏အထူးဆုကျေးဇူးများသည် သန့်ရှင်းသူအချို့တို့အပေါ် သက်ရောက်သကဲ့သို့ သခင်ယေရှုအပေါ်နှင့်သူ၏အမှုတော်မြတ်ကာလ၌ပင် သက်ရောက်ခဲ့ပါသည်။ ဝိညာဉ်တော်သည် မပြောင်းလဲသောကြောင့် ယုံကြည်သူတိုင်းကို ဘိသိက်တန်ခိုးပေးသနားရုံသာမက ထိုဆုကျေးဇူးဆိုင်ရာကျေးဇူးတော်ကိုလည်း ပေးအပ်ပေသည်။ ပေါလုသည် အသင်းတော်ရှိ လူတို့က မိမိတို့၏ဆုကျေးဇူးများအသုံးပြုပြီး အခြားသူများအား ကူညီပေးနေကြသည်မှာ ဝိညာဉ်တော်၏အထူးဂရုစိုက်ခြင်းနှင့် အသိပညာပေးခြင်းကြောင့်ဖြစ်သည်ကို သတိပြုမိခဲ့သည်။ "သင်တို့သည် ထိုခရစ်တော်အားဖြင့် အရာရာ၌ နှုတ်သတ္တိ၊ ဉာဏ်သတ္တိအပေါင်းနှင့်ကြွယ်ဝပြည့်စုံကြသည်ဖြစ်၍ ယေရှုခရစ်အားဖြင့် သင်တို့အား ပေးတော်မူသောဆုကျေးဇူးတော်ကို ငါထောက်၍ သင်တို့အကြောင်းကြောင့် ငါ့ဘုရားသခင်၏ကျေးဇူးတော်ကို အစဉ်မပြတ်ချီးမွမ်း၏" (၁ကော၊ ၁:၅-၆) ဟူ၍ဖတ်ရသည်။

ယုံကြည်သူတိုင်းသည် သန့်ရှင်းသောဝိညာဉ်တော်နှင့် သူ၏ဆုကျေးဇူးကို အနည်းဆုံးတစ်ခုစီရရှိကြသည်။ ကျွန်ုပ်တို့အား ဤဆုကျေးဇူးပေးခြင်းမှာ အခြားသူများကို အစေခံခြင်းအားဖြင့် ခမည်းတော်ဘုရားသည် ယေရှု၏ဓမ္မအမှုတော်ကို ဆောင်ရွက်သည့်နည်းတစ်နည်းဖြစ်သည်။ ဤအကြောင်းအရာသည် ဒေသန္တရအသင်းတော်နှင့် စပ်ဆိုင်ကြောင်း သတိပြုစေလိုပါသည်။ အချို့သောသူတို့သည် သူတို့၏အသက်တာနှင့် မအပ်စပ်သောကြောင့် အသင်းတော်ကို စွန့်ခွာပြီး မိမိတို့၏နေအိမ်များ၌ မိမိတို့ဘာသာကိုးကွယ်ကြသည်။ ခေတ်သစ်ဝါဒသည် ဘုရားသခင်၏လူများကို ညစ်ညမ်းစေလျက် ၎င်းတို့၏ ဒေါ်လာရရှိရေးအတွက် အသုံးချနေကြရသည်။

အားတက်ဖွယ်တစ်ခုမှာ ဆုကျေးဇူးတိုင်းသည် ယုံကြည်သူအားလုံးအတွက် ကယ်တင်ခြင်း သတင်းစကားဝေငှခြင်း၌သာမက ဘုရားသခင်၏အ

လိုတော်ဆောင်ရာတွင် သန့်ရှင်းသောဝိညာဉ်တော်သည် မိမိတို့နှင့် ပူးပေါင်း လုပ်ဆောင်သည်ဟူသောအချက်ဖြစ်သည်။ ယုံကြည်သူတစ်ဦးသည် အသစ်တစ်ဖန်မွေးဖွားသောအခါ သူရရှိထားသည့်ဝိညာဉ်ဆုကျေးဇူးများကို မကြာခဏသတိမပြုမိပေ။ ဤအသိတရားသည် ရုပ်ပိုင်းဆိုင်ရာအသက်အရွယ်နှင့်မသက်ဆိုင်ဘဲ ဝိညာဉ်ရေးရင့်ကျက်မှုနှင့် ဘုရားသခင်၏နှုတ်ကပတ်တော်ကြားနာခြင်းတို့နှင့် ဆက်စပ်နေပါသည်။

## ခ) ဘုရားသခင်မျှဝေခဲ့သော ဆုကျေးဇူးများ (၁ကော၊ ၁၂:၈-၁၁)

"အကြောင်းမူကား ဝိညာဉ်တော်အားဖြင့် တစ်ယောက်သောသူအား ဉာဏ်ပညာစကားကိုလည်းကောင်း၊ ထိုဝိညာဉ်တော်အားဖြင့် အခြားတစ်ဦးအား အသိပညာစကားကိုလည်းကောင်း၊ ထိုဝိညာဉ်တော်အားဖြင့် အခြားတစ်ဦးအား ယုံကြည်ခြင်းကိုလည်းကောင်း၊ ထိုဝိညာဉ်တော်တစ်ပါးတည်းအားဖြင့် အခြားတစ်ဦးအား အနာရောဂါငြိမ်းစေနိုင်သောဆုကျေးဇူးကိုလည်းကောင်း၊ အခြားတစ်ဦးအား တန်ခိုးလက္ခဏာပြသောအခွင့်ကိုလည်းကောင်း၊ အခြားတစ်ဦးအား ပရောဖက်ပြုဟောပြောသောအခွင့်ကိုလည်းကောင်း၊ အခြားတစ်ဦးအား စိတ်ဝိညာဉ်တို့ကို ပိုင်းခြား၍သိရှိနိုင်သောအခွင့်ကိုလည်းကောင်း၊ အခြားတစ်ဦးအား အခြားသောဘာသာစကားအမျိုးမျိုးပြောဆိုနိုင်သောအခွင့်ကိုလည်းကောင်း၊ အခြားတစ်ဦးအား ထိုဘာသာစကားများ၏အနက်ကို ဖော်ပြနိုင်သောအခွင့်ကိုလည်းကောင်းပေးတော်မူ၏။ ထိုဝိညာဉ်တော်တစ်ပါးတည်းသည် ဤအမှုအရာအလုံးစုံတို့ကို လုပ်ဆောင်တော်မူ၍ အလိုတော်ရှိသည့်အတိုင်းထိုဆုကျေးဇူးများကိုတစ်ဦးစီအား အသီးသီးခွဲဝေပေးတော်မူ၏"(၁ကော၊ ၁၂:၈-၁၁ စံမီကျမ်း)။

အောက်ပါဖော်ပြထားသော ၁ ကောရိန္သု၊ ၁၂ မှ ဆုကျေးဇူးတစ်ခုစီအတွက် အဓိပ္ပါယ်နှင့်ရည်ရွယ်ချက်ကို အတိုချုံးမိတ်ဆက်ပေးပါမည်။

• တစ်ယောက်သောသူအား "ဉာဏ်ပညာ" (အငယ် ၈) ကို ပေးခဲ့သည်။ ဓမ္မဟောင်းကာလကယုံကြည်သူများသည် မှန်ကန်သောဆုံးဖြတ်ချက်များကို ချနိုင်ရန် ဘုရားသခင်သည် အချို့ထံ အထူးထိုးထွင်းသိမြင်မှုနှင့်ဉာဏ်ပညာပေးသနားတော်မူသည်။ ဒံယေလသည် အိပ်မက်နှင့်နံရံပေါ် ရေးသားသောစာကို အဓိပ္ပါယ်ဖွင့်ဆိုနိုင်ရန် ဉာဏ်ပညာဆုကျေးဇူးရရှိခဲ့သည်။ ရှောလမုန်

မင်းကြီးသည်လည်း လိမ္မာပါးနပ်သောဆုံးဖြတ်ချက်များချရန် ဉာဏ်ပညာကိုရရှိခဲ့သည်။ ယနေ့အသင်းတော်များ၌လည်း ဤဆုကျေးဇူးကို ရရှိသောခေါင်းဆောင်များနှင့်ယုံကြည်သူများ ရှိနေပါသည်။

- "အသိပညာ" (အငယ် ၈) ဟူသောစကားသည် ယုံကြည်သူများအား အသိပညာပေးခြင်း သို့မဟုတ် ထိုးထွင်းသိမြင်ခြင်းအတွက် ဆုကျေးဇူးပေးခြင်းဖြစ်ပြီး အခြားသူများကို အကောင်းဆုံးအစေရန်နှင့် ဂရုစိုက်နိုင်စေရန်ဖြစ်သည်။ ယုံကြည်သူ၌ ဝိညာဉ်တော်လုပ်ဆောင်မှုမရှိပါက ဤအသိပညာမှာ အသင်းတော်နှင့်ခရစ်ယာန်များအတွက် မည်သည့်အကျိုးမျှမရှိပေ။
- "အခြားတစ်ဦးအား ယုံကြည်ခြင်း" (အငယ် ၉) ကို ပေးသည်။ အထူးသဖြင့် စိန်ခေါ်မှုအခြေအနေများအတွက် ယုံကြည်သူအချို့အား ယုံကြည်စိတ်ချနိုင်ပြီး ဘုရားသခင်အား ကိုးစားကာ နာခံနိုင်စေသည့်ယုံကြည်ခြင်းမျိုးကို ဆိုလိုပါသည်။ ယုံကြည်သူတိုင်းက ယုံကြည်ခြင်းရှိကြသော်လည်း ခက်ခဲသောအချိန်၊ ပြင်းထန်သောဝိညာဉ်ရေးတိုက်ပွဲအတွက် အထူးယုံကြည်ခြင်းလိုအပ်ပါသည်။ ဤသည်မှာ ရဲရင့်ခြင်း သက်သက်မဟုတ်ဘဲ ခက်ခဲသောအခြေအနေ၌ ဘုရားသခင်စောင့်ရှောက်ပေးမည်ဟူသည့် နက်နဲသောယုံကြည်ခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့အားလုံးတွင် ယုံကြည်ခြင်းရှိသော်လည်း George Mueller နှင့် Hudson Taylor တို့ကဲ့သို့သော ယုံကြည်ခြင်းက ဘုရားသခင်ကို ဆက်လက်ကိုးစားရန် တွန်းအားဖြစ်စေပါသည်။
- "အခြားတစ်ဦးအား အနာရောဂါငြိမ်းစေနိုင်သောဆုကျေးဇူး" (အငယ် ၉) ကို ပေးသည်။ အနာရောဂါငြိမ်းခြင်းသည် ဘုရားသခင်၏ငြိမ်သက်ခြင်းကို ယူဆောင်ပေးပြီး လူတစ်ဦး၏ခန္ဓာကိုယ်နှင့်စိတ်ဝိညာဉ် ပူပန်သောကမှ လွတ်မြောက်စေသည်။
- "အခြားတစ်ဦးအား တန်ခိုးလက္ခဏာပြုသောအခွင့်ကို" (အငယ် ၁၀) ပေးသည်။ အမျိုးမျိုးသောအခြေအနေများတွင် ပေါ်ပေါက်လာသောအံ့ဖွယ်အမှုများများစွာရှိသည်။ အချို့သောသူများသည် မဖြစ်နိုင်တော့သည့်အခြေအနေများနှင့်ရင်ဆိုင်ရသည်။ ဥပမာအားဖြင့် ငှားရမ်းသည့်ပုဆိန် ရေထဲကျသွားသည့်အခြေအနေဖြစ်ပါသည်။ ဧလိယသည် ဝိညာဉ်တော်အားဖြင့် ထိုပုဆိန်ကို ရေပေါ် ပေါလောပေါ်စေပါသည် (၄ရာ၊ ၆:၅-၇)။ ဤဆုကျေးဇူးသည် ဝိညာဉ်တော်အားဖြင့် ဖြစ်ပေါ်ရသည်။

- "အခြားတစ်ဦးအား ပရောဖက်ပြုဟောပြောသောအခွင့်ကို" (အငယ် ၁၀) ပေးသည်။ အချေအတင်အဖြစ်ဆုံးဆုကျေးဇူးဖြစ်ပြီး ယုံကြည်သူအချို့သည် ဘုရားသခင်ထံတော်ပါးကစကားများကို လူတို့ကြားရန် လိုအပ်သည့်သမ္မာတရားဖြစ်သည်။ သို့သော် ယုံကြည်သူများသည် မှားယွင်းသောပရောဖက်ပြုချက်များကို အမြဲသတိထားရန် လိုအပ်သည် (၁သက်၊ ၅:၁၉-၂၁)။ လူတစ်ဦးတွင် ဘုရားသခင်၏ပရောဖက်စကားရှိလျှင်ပင် ၎င်းကို နှုတ်ကပတ်တော်အားဖြင့် စီရင်ဆုံးဖြတ်ရမည် (၁ကော၊ ၁၄:၃၇-၃၈)။ ပရောဖက်သည် ဘုရားသခင့်နှုတ်ကပတ်တော်ကို နားမထောင်ပါက အသိအမှတ်ပြုခံရမည်မဟုတ်ပေ။
- "အခြားတစ်ဦးအား စိတ်ဝိညာဉ်တို့ကို ပိုင်းခြား၍သိရှိနိုင်သောအခွင့်ကို" (အငယ် ၁၀) ပေးသည်။ ဤဆုကျေးဇူးရရှိသူသည် လူတစ်ဦးဟောပြောနေသည်မှာ ဘုရားသခင်ထံမှဖြစ်သလော သို့မဟုတ် နတ်ဆိုးထံမှဖြစ်သလော သို့မဟုတ် သူ့အသိတရားသက်သက်လောဟူသည်ကို အလွယ်တကူပိုင်းခြားသိမြင်နိုင်သည်။
- တမန်တော်ဝတ္ထုမှာ ဖြစ်ပျက်ခဲ့သကဲ့သို့ "အခြားတစ်ဦးအား အခြားသောဘာသာစကားအမျိုးမျိုးပြောဆိုနိုင်သောအခွင့်ကို (အငယ် ၁၀) ပေးသည်။ ဤစကားလုံး၏ဂရိမူရင်းမှာ ရုပ်ပိုင်းဆိုင်ရာအင်္ဂါ "လျှာ" tongues ဖြစ်ပြီး လူတို့ပြောသောဘာသာစကားကို ဆိုလိုပါသည်။ သို့သော် ယနေ့ခေတ်သစ်ကျမ်းစာများက "tongues" ကို "အခြားသောဘာသာစကားအမျိုးမျိုး" ဟု ဘာသာပြန်ဆိုနေကြမှာ ပို၍ရှုပ်ထွေးစေပါသည်။ အမှန်မှာ "tongues" ဟူသောစကားလုံးကို "language(s)" (ဘာသာစကားအမျိုးမျိုး) ဟုသာ ပြန်ဆိုသင့်သည်။ ဘုရားသခင်၏လူတို့သည် တိုင်းတစ်ပါးတို့၏ဘာသာစကားအမျိုးမျိုးပြောဆိုနေကြသည်ကို တမန်တော်ကျမ်းတွင် ပထမဆုံးစတင်မိတ်ဆက်ခဲ့သည်။ ဘုရားသခင်၏လူတို့သည် ဝိညာဉ်တော်နှင့် ပြည့်ဝကြသောအခါ ဘုရားသခင်က ဘေဘဲလ်မျှော်စင်တည်ဆောက်ရာတွင် ပေးထားသည့်ဘာသာစကားများ၏ရှုပ်ထွေးမှုကို ယခုအချိန်မှာ ပြောင်းပြန်လှန်ပစ်ခြင်းဖြစ်ကြောင်း ညွှန်ပြနေခြင်းဖြစ်သည် (က၊ ၁၁:၁-၉)။
- "အခြားတစ်ဦးအား ဘာသာစကားများ၏အနက်ကို ဖော်ပြနိုင်သောအခွင့်" (အငယ် ၁၀) ဖြစ်ပါသည်။ ဤဆုကျေးဇူးသည် တိုင်းတစ်ပါးဘာသာစကား/

ဘာသာစကားအမျိုးမျိုးဖြင့် ပြောဆိုခြင်း ဆုကျေးဇူးနှင့် လိုက်လျောညီထွေမှုရှိသည်။ ဘာသာစကားအမျိုးမျိုး၏ဆုကျေးဇူး (tongues) သည် အမှန်ပင် အဓိပ္ပာယ် ဖွင့်ဆိုရန် လိုအပ်သည်မှာ ဘာသာစကားတစ်ခု၏သဒ္ဒါနှင့် ၎င်း၏စကားလုံးများမှ အဓိပ္ပါယ်ရှိနေကြောင်း သက်သေပြနေပါသည်။

## ဂ) အခြားသော ဝိညာဉ်ဆုကျေးဇူးများ (ရောမ၊ ၁၂၊ ၁ ပေ၊ ၄)

ရောမ၊ ၁၂:၃-၈ နှင့် ၁ ပေတရု၊ ၄:၁၀-၁၁ တွင်ရှိသောဝိညာဉ်ဆုကျေးဇူးများစာရင်းနှစ်ခုသည် ၁ ကောရိန္သု၊ ၁၂ တွင် ပေါလု၏ဖော်ပြချက်ကို ဖြည့်စွက်ထားသည်။

"-၄ ဥပမာကား ကိုယ်တစ်ခု၌ အင်္ဂါအများရှိသည်ဖြစ်၍ ထိုအင်္ဂါအများသည် ဆောင်ရွက်စရာအမှု တစ်ခုတည်းမရှိသကဲ့သို့၊ -၅ ထို့အတူ အများဖြစ်သောငါတို့သည် ခရစ်တော်၌ တစ်ကိုယ်တည်းဖြစ်၍၊ အသီးအသီးအင်္ဂါချင်းဖြစ်ကြ၏။-၆ ထိုသို့ပေးတော်မူသော ကျေးဇူးတော်အတိုင်း ငါတို့သည် အသီးသီးအပြားပြားသောဆုများကိုခံရသည်ဖြစ်၍ ပရောဖက်အရာရှိလျှင် ယုံကြည်ခြင်း၏ပမာဏကို ရသည်အတိုင်း ပရောဖက်ပြုကြကုန်အံ့။-၇ ဓမ္မဆရာအရာရှိလျှင် ဓမ္မဆရာ၏အမှုကို ဆောင်ရွက်ကြကုန်အံ့။ ဆုံးမသြဝါဒပေးသောသူသည် ထိုအမှုကို ဆောင်ရွက်စေ။-၈ နှိုးဆော်သွေးဆောင်သောသူသည် ထိုအမှုကိုဆောင်ရွက်စေ။ အစွန့်အကြဲဝေငှသောသူသည် လျစ်လျူသောစိတ်နှင့်ဝေငှစေ။ အုပ်ချုပ်သောသူသည် လုံ့လဝိရိယနှင့် အုပ်ချုပ်စေ။ မစသနားခြင်းအမှုကိုပြုသောသူသည် စေတနာစိတ်နှင့်ပြုစေ" (ရောမ၊ ၁၂:၃-၈)။

"ကိုယ်တစ်ခု၌ အင်္ဂါအများရှိသည်ဖြစ်၍ ထိုအင်္ဂါအများသည် ဆောင်ရွက်စရာအမှုတစ်ခုတည်းမရှိသကဲ့သို့" (အငယ် ၄) ဟူသောအချက်က ခန္ဓာကိုယ်၏အပြန်အလှန်အကျိုးပြုသည့် လုပ်ဆောင်ချက်များ၊ အင်္ဂါအသီးသီး၏လှုပ်ရှားမှုသည် ကိုယ်ခန္ဓာတစ်ခုလုံး၏ကျန်းမာရေးအတွက် အပြန်အလှန်အရေးကြီးကြောင်း ဖော်ပြသည်။ ဤပုံရိပ်က ယုံကြည်သူများသည် ဝိညာဉ်ဆုကျေးဇူးများကို အသုံးပြုရာတွင် ပြိုင်ဆိုင်ခြင်းထက် ပူးပေါင်းလုပ်ဆောင်လျှင် မည်မျှအစွမ်းထက်မည်ကို ဖော်ပြသည်။ ကျွန်ုပ်တို့သည် တစ်ကိုယ်တည်းဖြစ်သောကြောင့် သခင်ဘုရား၏အမှုတော်အတွက် တူညီသောရည်ရွယ်ချက်ဖြင့် အတူတကွလုပ်ဆောင်ကြပါစို့။

"ထိုသို့ပေးတော်မူသော ကျေးဇူးတော်အတိုင်း ငါတို့သည် အသီးသီးအပြားပြားသောဆုများကိုခံရသည်ဖြစ်၍" (အငယ် ၆) ဟူသည်မှာ ဝိညာဉ်ဆုကျေးဇူးအားလုံး၏မူလအစတွင် ကျေးဇူးတော်ရှိကြောင်း သက်သေပြသည့်စကားစုဖြစ်သည်။ "ဆုကျေးဇူး" ဟူသောစကားလုံးပင်လျှင် မူရင်းဂရိစကား charismata တွင် "ကျေးဇူးတော်" ဟူသောအဓိပ္ပာယ်ပါရှိသည်။ ဤကျေးဇူးတော်သည် ဝိညာဉ်တော်ကျိန်းဝပ်ခြင်းခံရသည့်ကိုယ်တော်၏လူတို့၌သာ ရှိပြီး အခြားမည်သည့်နေရာတွင်မျှ မတွေ့မြင်ရပေ။ ရရှိထားသည့်ဆုကျေးဇူးများကို ဝိညာဉ်တော်အားဖြင့် ကိုယ်တော်၏ဘုန်းအသရေအတွက် မှန်ကန်စွာအသုံးပြုပါက အားလုံးသည် ဝိညာဉ်ရေးဆိုင်ရာအမှတ်အသားဖြစ်သည်။

ရောမ၊ ၁၂ တွင် ဆုကျေးဇူးများစွာရှိသည်ကို ဖော်ပြထားသည်။ ပရောဖက်ပြုဟောပြောခြင်း၊ အမှုတော်ဆောင်ရွက်ခြင်း၊ သွန်သင်ခြင်း၊ တိုက်တွန်းနှိုးဆော်ခြင်း၊ ပေးကမ်းဝေမျှခြင်း၊ စီမံအုပ်ချုပ်ခြင်း၊ လုံ့လဝီရိယစိုက်ထုတ်ခြင်း၊ မစသနားခြင်းတို့ဖြစ်သည် (အငယ် ၆-၈)။ အချို့သည် ၁ ကောရိန္သု၊ ၁၂ တွင်ပါရှိသောအချက်များနှင့် အတူတူပင်ဖြစ်ပြီး အချို့မှာ ကွဲပြားသည်။

"၈-အခြားသောအမှုအရာထက်မက အချင်းချင်းအားကြီးသောချစ်ခြင်းမေတ္တာရှိကြလော့။ချစ်ခြင်းမေတ္တာသည် များစွာသောအပြစ်တို့ကိုဖုံးအုပ်တတ်၏။ ၉-မြည်တမ်းခြင်းမရှိဘဲ အချင်းချင်း ဧည့်သည်ဝတ်ကို ပြုကြလော။ ၁၀-သင်တို့သည် ဆုကျေးဇူးတော်ကိုအသီးသီးခံရကြသည်နှင့်အညီ ဘုရားသခင်၏အထူးထူးအပြားပြားသောကျေးဇူးတော်ဘဏ္ဍာစိုးကောင်းကဲ့သို့အချင်းချင်းဝေငှပေးကမ်းကြလော့။-၁၁ ဘုရားသခင်သည် အရာရာ၌ ယေရှုခရစ်အားဖြင့် ဘုန်းတော်ထင်ရှားစေမည်အကြောင်း၊ ဟောပြောသောသူသည် ဘုရားသခင်၏ဗျာဒိတ်တော်နှင့်အညီ ဟောပြောစေ။ အခြားသောအမှုကို ဆောင်ရွက်သောသူသည်၊ ဘုရားသခင်ပေးသနားတော်မူသော အစွမ်းသတ္တိအတိုင်း ဆောင်ရွက်စေ။ ထိုဘုရားသခင်သည် ကမ္ဘာအဆက်ဆက် ဘုန်းအသရေ အစွမ်းသတ္တိ ရှိတော်မူစေသတည်း။ အာမင်" (၁ ပေ၊ ၄:၈-၁၁)။

ပေတရုသည် သူ့ကိုယ်ပိုင်အလေးပေးမှုရှိသည်။ သူသည် ဆုကျေးဇူးများနှင့်ပတ်သက်၍ ပေါလုစာရင်းပြုစုသကဲ့သို့ မပြုစုသော်လည်း ၎င်းတို့အားလုံးကို အုပ်စုနှစ်စုအဖြစ် အမျိုးအစားခွဲသည်။ ၁ကော၊ ၁၃ တွင် ပေါလုကဲ့သို့ "အခြားသောအမှုအရာထက်မက အချင်းချင်းအားကြီးသောချစ်ခြင်းမေတ္တာရှိ

ကြလော့” (အငယ် ၈) ဟူ၍မေတ္တာကို အလေးပေးဖော်ပြသည်။ စာတန်သည် ကျွန်ုပ်တို့၏ဆုကျေးဇူးများကို လမ်းချော်သွားစေရန် အားထုတ်နေပါသည်။

“မြည်တမ်းခြင်းမရှိဘဲ အချင်းချင်းဧည့်သည်ဝတ်ကို ပြုကြလော” (အငယ် ၉) သည် ဝိညာဉ်ဆုကျေးဇူးမဟုတ်သော်လည်း ယုံကြည်သူအားလုံးအပေါ် ချစ်ခြင်းမေတ္တာကို ချဲ့ထွင်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့တစ်ဦးစီသည် အခြားသူများကို အစေခံရန် မိမိတို့၏အသက်တာနှင့်ဆုကျေးဇူးများကို အသုံးပြုသင့်သည်။ ဆက်ကပ်သောယုံကြည်သူသည် မိမိ၏ဆုကျေးဇူးများကို ကြီးထွားစေနိုင်သည်။

ထို့ကြောင့် အခန်းငယ် ၁၀ က ကျွန်ုပ်တို့ရရှိထားသည့် ဝိညာဉ်ရေးဆုကျေးဇူးများကို မည်သို့အသုံးပြုရမည်ကို ဖော်ပြထားသည်။ အငယ် ၁၁ တွင် ပေတရုက ဟောပြောသူနှင့်အမှုတော်ဆောင်ရွက်သောသူသည် အစွမ်းအစရှိသည့်အတိုင်း ဆောင်ရွက်ရန်ဟူ၍ နှစ်မျိုးဖော်ပြပေးသည်။

## ဃ) ဝိညာဉ်ဆုကျေးဇူးများ တန်ဆာဆင်ခြင်း (ဧ ၄:၇-၁၃)

“သို့သော်လည်း ခရစ်တော်သည် ဆုပေးတော်မူသည်အတိုင်း ငါတို့သည် ကျေးဇူးတော်ကို အသီးအသီး ကိုယ်စီခံရကြပြီ။ ၈-ထိုသို့နှင့်အညီ ကျမ်းစာ၌လာသည်ကား မြင့်သောအရပ်သို့တက်ကြွတော်မူသဖြင့် များစွာသောသူတို့ကိုဖမ်းသွားတော်မူ၍ လူတို့အား ဆုလာဘ်များကို ပေးတော်မူသည်ဟုလာသတည်း။ ၉-တက်ကြွတော်မူသည်ဟု ဆိုသော် အစစွာ မြေကြီးအောက်အရပ်သို့ ဆင်းသက်တော်မူကြောင်းကို ရည်မှတ်၍ဆိုသည် မဟုတ်လော။ ၁၀-ဆင်းသက်တော်မူသောသူသည် အခြားသောသူမဟုတ်၊ အလုံးစုံတို့ကို ပြည့်စုံစေခြင်းငှာ ခပ်သိမ်းသော ကောင်းကင်တို့၏အထွဋ်ကို လွန်၍တက်ကြွတော်မူသောသူဖြစ်သတည်း။ ၁၁- ခရစ်တော်၏ကိုယ်တော်ကို တည်ဆောက်၍ ဓမ္မဆရာ၏အမှုကို ပြုတတ်မည်အကြောင်း၊ ၁၂- သန့်ရှင်းသူတို့ကို ပြင်ဆင်ခြင်းအလိုငှာ ထိုသခင်သည် လူအချို့တို့ကို တမန်တော်အရာ၌လည်းကောင်း၊ အချို့ကို ပရောဖက်အရာ၌လည်းကောင်း၊ အချို့ကို သာသနာပြုအရာ၌လည်းကောင်း၊ အချို့တို့ကို သင်းအုပ်အရာ၊ ဆရာအရာ၌လည်းကောင်း၊ ခန့်ထားတော်မူ၏။ ၁၃-ငါတို့ရှိသမျှသည် ယုံကြည်ခြင်းသို့လည်းကောင်း၊ ဘုရားသခင်၏သားတော်ကို သိကျွမ်းခြင်းသို့လည်းကောင်း၊ တညီတညွတ်တည်းရောက်၍

ခရစ်တော်၏ပြည့်စုံခြင်းပမာဏ အရပ်တည်းဟူသောကြီးရင့်သော လူတို့၏ အဖြစ်သို့ရောက်ကြသည်တိုင်အောင် ဖြစ်သတည်း” (ဖေက်၊ ၄:၇-၁၃)။

ဖေက်၊ ၄:၇-၁၃ သည် ဘုရားသခင်၏လူများကို ဘုရားသခင်၏နှုတ်က ပတ်တော်၌ တည်ထောင်ခြင်းအတွက် အခြေခံအုတ်မြစ်ဖြစ်ပါသည်။ ထို့ပြင် အသင်းတော်ရှိရာထူးများ သို့မဟုတ် တာဝန်များနှင့် မကြာခဏဆက်စပ်နေ သည့် “တပ်ဆင်ခြင်း” ဆိုင်ရာဆုကျေးဇူးများသည်။ ဆုကျေးဇူးလေးမျိုးသည် ဘုရားသခင်၏နှုတ်ကပတ်တော် ဟောပြောခြင်းကို အလေးပေးသည်။ လူအ ချို့တို့ကို တမန်တော်အရာ၌လည်းကောင်း၊ အချို့ကို ပရောဖက်အရာ၌လည်း ကောင်း၊ အချို့ကို သာသနာပြုအရာ၌လည်းကောင်း၊ အချို့တို့ကို သင်းအုပ်အ ရာ၊ ဆရာအရာ၌လည်းကောင်း၊ ခန့်ထားတော်မူ၏” (အငယ် ၁၂)။

ဘုရားသခင်၏လူတို့သည် အမှုတော်ဆောင်ရန် အပြည့်အဝအဆင် သင့်ဖြစ်နေစေရန်အတွက် ကိစ္စရပ်တိုင်းတွင် ဘုရားသခင်၏လူများကို တည် ဆောက်ရန် နှုတ်ကပတ်တော်များကို အသုံးပြုကြသည်။ “ခရစ်တော်၏ကိုယ် တော်ကို တည်ဆောက်၍ ဓမ္မဆရာ၏အမှုကို ပြုတတ်မည်အကြောင်း သန့် ရှင်းသူတို့ကို ပြင်ဆင်ခြင်းအလိုငှာ (အငယ် ၁၁-၁၂) ဟူ၍ ဖတ်ရပါသည်။ အ ချုပ်အားဖြင့်ဆိုရသော် ဆုကျေးဇူးများ တပ်ဆင်ပေးခြင်းသည် ခရစ်တော်၏ ကိုယ်ခန္ဓာကို ပြည့်စုံခြင်း ပမာဏသို့တည်ဆောက်ရန် အထူးရည်ရွယ်ချက် ဖြစ်သည်။

ဝိညာဉ်ဆုကျေးဇူးအားလုံးတို့သည် ခရစ်တော်၏ဆုကျေးဇူး အတိုင်းအ တာပမာဏဖြစ်ပြီး (အငယ် ၇) သားတော်ထံသို့ ပေးအပ်သည့် ဘုရားသခင်၏ ဆုကျေးဇူးနှင့် ဆက်နွယ်နေသည်ကိုဖော်ပြသည်။ ထိုမှ ကိုယ်တော်၏လူတို့ သည် ၎င်းကိုလက်ခံရရှိကြသည်။ ဝိညာဉ်ဆုကျေးဇူးများသည် သန့်ရှင်းသော ဝိညာဉ်တော်၏ဘိသိက်ပေးခြင်း အစိတ်အပိုင်းတစ်ခုဖြစ်သည်သာမ မိမိတို့ သည် ၎င်းအားဖြင့် ခရစ်တော်၏ကျေးဇူးတော်ကို မြေကြီးပေါ်တွင် ဖော်ပြနိုင် ပါသည်။

## င) အမျိုးမျိုးသောဘာသာစကားအကြောင်း ရှင်းလင်းချက် (၁ကော၊ ၁၂: ၂၇-၃၁)

၁ ကောရိန္သု ၁၂ ၏အဆုံးပိုင်းသည် အမျိုးမျိုးသောဘာသာစကားကို အထူးထိုးထွင်းသိမြင်စေပါသည်။

"၂၇- သင်တို့သည် ခရစ်တော်၏ကိုယ်ဖြစ်ကြ၏။ အသီးအသီး အင်္ဂါတော်ဖြစ်ကြ၏။၂၈-ဘုရားသခင်သည် ပထမအရာ၌ တမန်တော်တို့ကိုလည်းကောင်း၊ ဒုတိယအရာ၌ ပရောဖက်တို့ကိုလည်းကောင်း၊ တတိယအရာ၌ ဆရာတို့ကိုလည်းကောင်း၊ ထိုနောက် တန်ခိုးပြသော သူတို့ကိုလည်းကောင်း၊ ထိုနောက် အနာရောဂါကို ငြိမ်းစေနိုင်သော အခွင့်ရှိသောသူတို့ကိုလည်းကောင်း၊ သင်းထောက်တို့ကိုလည်းကောင်း၊ စီရင်အုပ်စိုးသော သူတို့ကိုလည်းကောင်း၊ အမျိုးမျိုးသောဘာသာစကားကိုပြောနိုင်သောသူတို့ကိုလည်းကောင်း၊ အသင်းတော်၌ ခန့်ထားတော်မူ၏။ ၂၉-သင်းဝင်သူ ရှိသမျှတို့သည် တမန်တော်ဖြစ်ကြသလော။ ရှိသမျှတို့သည် ပရောဖက်ဖြစ် ကြသလော။ ရှိသမျှတို့သည် ဆရာဖြစ်ကြသလော။ ရှိသမျှတို့သည် တန်ခိုးကို ပြနိုင်ကြသလော။၃၀-ရှိသမျှတို့သည် အနာရောဂါကို ငြိမ်းစေနိုင်သော အခွင့်ရှိကြသလော။ ရှိသမျှတို့သည် အမျိုးမျိုးသော ဘာသာစကားကို ပြောနိုင်ကြသလော။ ရှိသမျှတို့သည် ထိုဘာသာစကား၏အနက်ကို ဖော်ပြနိုင်ကြသလော။၃၁-သင်တို့သည် အမြတ်ဆုံးသောဆုကျေးဇူးတော်တို့ကို အလွန်အလိုရှိကြသည်တွင် သာ၍မြတ်သောလမ်းကို ငါပြဦးမည်" (၁ကော၊ ၁၂:၂၇-၃၁)။

ယုံကြည်သူအများစုက အခြားဝိညာဉ်ဆုကျေးဇူးများ ဆက်ရှိနေသေးသည်ဟုဆိုသော်လည်း အချို့က မရှိတော့ပေဟုဆိုကြသည်။ဗျာဒိတ်ပေးခြင်း၊ အံ့ဩဖွယ်နိမိတ်လက္ခဏာပြခြင်း၊ ပရောဖက်ပြုဟောပြောခြင်း ဆုကျေးဇူးများကို ခရေစမက်တီးများက အလေးထားပြောဆိုကြသည်။ ကမ္ဘာတစ်ဝှမ်းရှိ ခရစ်ယာန်ယုံကြည်သူအများအပြားက အခြားသောဘာသာစကားပြောဆိုရန် တောင်းဆိုနေကြသည်/မျှော်လင့်နေကြသည်။ ဤအလေးပေးမှုသည် လွန်ကဲသောကွဲပြားမှုကို ဖြစ်ပေါ်စေပြီး ဤဆုကျေးဇူးရပ်စဲနေပြီဟူသော စတင်ယုံကြည်မှု ပြဿနာကို ပေါ်လွင်စေခဲ့သည်။

အကယ်၍ ပေါလုက အချို့သောဆုကျေးဇူးများသည် ယာယီဖြစ်သည်သို့မဟုတ် အကန့်အသတ်ဖြင့် အသုံးပြုသည်ဟုဆိုပါက ထိုသို့အသုံးပြုသည့်

နေရာကို ဖော်ပြပေမည်။ ကောရိန္တုယုံကြည်သူအများအပြားသည် ၎င်းတို့၏ ဆုကျေးဇူးများကို လွဲမှားစွာအသုံးပြုခဲ့ကြသောကြောင့် အခန်းကြီး ၁၃ တွင် ချစ်ခြင်းမေတ္တာအကြောင်း ရှည်လျားစွာဆွေးနွေးခြင်းဖြစ်သည်။ တစ်စုံတစ်ဦးက အံ့သြဖွယ်နိမိတ်လက္ခဏာပြုခြင်းနှင့်အနာရောဂါငြိမ်းခြင်းများကို တမန်တော်များကိုသာ ပေးမည်ဆိုလျှင် ၎င်းတို့ကို ဝိညာဉ်ဆုကျေးဇူးများစာရင်းထဲ ထည့်မည်မဟုတ်ဟု တွေးထင်နေပေမည်။

အမျိုးမျိုးသောဘာသာစကားပြောခြင်း/အခြားသော ဆုကျေးဇူးများကို ကယ်တင်ခြင်း ရရှိကြောင်း အမှတ်လက္ခဏာ သို့မဟုတ် ဝိညာဉ်ရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု အမှတ်အသားအဖြစ် မစဉ်းစားသင့်ပေ။ ပေါလုက ဘာကို ရှင်းရှင်းလင်းလင်းပြောသနည်း။ "ရှိသမျှတို့သည် အနာရောဂါကို ငြိမ်းစေနိုင်သောအခွင့်ရှိကြသလော။ ရှိသမျှတို့သည် အမျိုးမျိုးသောဘာသာစကားကို ပြောနိုင်ကြသလော။ ရှိသမျှတို့သည် ထိုဘာသာစကား၏အနက်ကို ဖော်ပြနိုင်ကြသလော" ဟူ၍ပြောခဲ့သည် (အငယ် ၃၀)။ အမျိုးမျိုးသောဘာသာစကားပြောခြင်းကို အချို့က ကယ်တင်ခြင်း သို့မဟုတ် ဝိညာဉ်ရေးဆိုင်ရာ အမှတ်လက္ခဏာအဖြစ် လွဲမှားစွာအခိုင်အမာပြောဆိုခဲ့ကြသည် (၁၂:၂၈၊ ၃၁)။ ဤမမှန်မကန်ပြောဆိုမှုများကို ကျွန်ုပ်တို့သတိထားသင့်သည်။ အခန်းကြီး ၉ တွင် ကယ်တင်ခြင်း ရရှိကြောင်း ပြသရန် အမျိုးမျိုးသောဘာသာစကားပြောဆိုရန် မလိုအပ်ကြောင်း ပြသခဲ့သည်။ ယင်းအစား အမျိုးမျိုးသောဘာသာစကား ပြောဆိုခြင်းသည် ဘုရားသခင်၏လူများထံ ဘုရားသခင်၏ဝိညာဉ်တော်ဆင်းသက်လာခြင်း အမှတ်အသားဖြစ်သည်။

ယင်းအစား တမန်တော်ဝတ္ထုတွင် အမျိုးမျိုးသောဘာသာစကားပြောဆိုခြင်းက နယ်ပယ်အသစ်တွင် ဧဝံဂေလိတရားထိုးဖောက်ခြင်းကို အတည်ပြုခြင်းဖြစ်ပြီး ပင်တေကုတ္တေပွဲနေ့၌ ကိုယ်တော်ပြုခဲ့သည့်အတိုင်း ဂျူးမဟုတ်သူများကြားတွင် ဘုရားသခင်၏စစ်မှန်သောအလုပ်ဖြစ်ကြောင်း တမန်တော်များအားဖြင့် သက်သေပြခြင်းဖြစ်သည်။

ဘုရားသခင်၏လူတို့အနေဖြင့် အမျိုးမျိုးဘာသာစကားပြောခြင်းနှင့် အခြားဆုကျေးဇူးများသည် ဝိညာဉ်ရေးရာအမှတ်အသားဖြစ်သည် ထိုဆုကျေးဇူးများမရရှိပါက ဝိညာဉ်ရေးဆိုင်ရာအမှတ်အသားမရှိဟု ကောက်ချက်မချသင့်ပေ။ ဆုကျေးဇူးအားလုံးသည် ဝိညာဉ်တော်မှမဟုတ်လော။ ပေါလုက အငယ်

၃၀ တွင် "အားလုံးက အနာရောဂါငြိမ်းခြင်း၊ အမျိုးမျိုးသောဘာသာစကား ပြောခြင်း၊ ထိုအမျိုးမျိုးသောဘာသာစကားကို အနက်ဖွင့်ဆိုနိုင်ခြင်း မရရှိကြ ဟုဆိုခဲ့သည်။ ပေါလုသည် ဤသို့မရင့်ကျက်သော ကောက်ချက်ချမှုကို ခွင့်မ ပြုခဲ့ပေ။ ဝိညာဉ်ဆုကျေးဇူးအားလုံးသည် ယုံကြည်သူ၏အသက်တာ၌ လုပ် ဆောင်နေသော ဘုရားသခင်၏သန့်ရှင်းသောဝိညာဉ်တော်၏လက္ခဏာတစ် ရပ်ဖြစ်သည်။

တချို့က လူတိုင်းအမျိုးမျိုးသောဘာသာစကားပြောသင့်သည်ဟူသော ယူဆချက်ကြောင့် အခြားသူများကို သင်ပေးသည့်အလေ့အထရှိလာသည်။ အမျိုးမျိုးသောဘာသာစကား ပြောတတ်အောင် သွန်သင်အကြံပြုချက်မှာ မှားယွင်းပါသည်။ ထိုသို့သင်ပေး၍ရပါက ဝိညာဉ်တော်ထံပါးကဆုကျေးဇူးမ ဟုတ်တော့ဘဲ သင်ပေးမှုကြောင့် ရရှိခြင်းသာဖြစ်ပေမည်။ ဝိညာဉ်တော်သည် လူတစ်ဦးအား အခြားတစ်ဦးကို ဆုကျေးဇူးအကြောင်း သင်ပေးရန် အဘယ် ကြောင့် ခွင့်မပြုသနည်း။ ပေါလုက ၁ကော၊ ၁၃း၁ တွင် ကောင်းကင်တမန် များဘာသာစကားဖြစ်သည်ဟု ဖော်ပြသော်လည်း ၎င်းသည် ဤကမ္ဘာပေါ်ရှိ အခြားဘာသာစကားများကဲ့သို့ပြောဆိုဆက်ဆံသည့်ဘာသာစကားတစ်ခုဖြစ် နေဆဲဖြစ်သည်။

ယနေ့အမျိုးမျိုးသောဂိုဏ်းဂဏများက အမျိုးမျိုးသောဘာသာစကား များပြောဆိုခြင်း အလေးပေးသည်ကို နားလည်ရန် အရေးကြီးပါသည်။ ဥပမာ အားဖြင့် အဘယ်ကြောင့် အမျိုးမျိုးသောဘာသာစကားပြောခြင်းကို ပုဂ္ဂိုလ် ရေးအရတွယ်တာမှုကြီးပြီး အခြားကျန်သည့်ဆုကျေးဇူးများကို အလွန်ချစ်ခင် တွယ်တာခြင်း သို့မဟုတ် ဆည်းကပ်ခြင်းမရှိကြသနည်း။ ဥပမာအားဖြင့် လူ တိုင်း စီမံအုပ်ချုပ်မှုဆိုင်ရာဆုကျေးဇူးကို ရရှိကြောင်း သေချာစေရန် ကျွန်ုပ် တို့ကြိုးစားပါသလော။ အချို့က စီမံအုပ်ချုပ်မှုဆိုင်ရာဆုကျေးဇူးထက် အမျိုး မျိုးသောဘာသာစကားပြောခြင်း ဆုကျေးဇူးသည် ဝိညာဉ်ရေးပိုဆန်သည်ဟု ဆိုကြသည်။ ဆုကျေးဇူးလေးမျိုးအပါအဝင် အမျိုးမျိုးသောဘာသာစကား ပြောခြင်း ဆုကျေးဇူးကို ပေါလုက ထိပ်ဆုံးမှဝါဝင်သည်ဟုမပြောဘဲ နောက် ဆုံးစာရင်း၌သာ ဖော်ပြသောကြောင့် ဆုကျေးဇူးတစ်ခုကို အသားပေးဖော်ပြ ခြင်းသည် သမ္မာကျမ်းစာသွန်သင်ချက်နှင့် ဆန့်ကျင်သည်။

အချို့က အမျိုးမျိုးသောဘာသာစကားပြောခြင်းကို ကယ်တင်ခြင်းနှင့် ဆက်နွယ်သည်ဟုဆိုကြသည်။ ဝိညာဉ်ရေးရာ၌ သေနေသောသူကို စစ်မှန်သောကယ်တင်ခြင်းဖြင့် အစားထိုးရန် ဘုရားသခင်၏ဝိညာဉ်တော် လိုအပ်ပါသည်။ဝိညာဉ်ဆုကျေးဇူးအားလုံး ဆက်ရှိနေသေးသည်ဆိုသူများသည် ဝိညာဉ်ဆုကျေးဇူးအချို့ ရပ်စဲပြီဟုဆိုသူများထက် ဧဝံဂေလိတရားကို ထက်သန်စွာ ဟောပြောနေပါသည်။ ယုံကြည်သူအချို့က ဘုရားသခင်သည် ယုံကြည်သူများကို စကားပြောနေသေးသည်ဆိုလျက် ဧဝံဂေလိတရားကို ကမ္ဘာတစ်ဝှမ်း ဟောပြောနေကြသည်။ ပင်တေကုတ္တေပွဲနေ့တွင် ဖြစ်ပျက်ခဲ့သည့်အရာများကို ယနေ့ကျွန်ုပ်တို့မျှော်လင့်သင့်ပါသည်။ ဘုရားသခင်သည် သူ၏တာဝန်ကို ပြီးမြောက်စေရန် ကမ္ဘာတစ်ဝှမ်းရှိ စစ်မှန်သောယုံကြည်သူများအားဖြင့် အစွမ်းထက်စွာလုပ်ဆောင်နေပါသည်။ သို့သော် အမျိုးမျိုးသောဘာသာစကားပြောခြင်းကို ဝိညာဉ်တော်အတူပါရှိခြင်း၏အမှတ်လက္ခဏာအဖြစ် အသုံးပြုခြင်းသည် မလိုအပ်သောအရာဖြစ်သည်သာမက သမ္မာကျမ်းစာသွန်သင်ချက်နှင့် လုံးဝမကိုက်ညီပေ။ “ရှိသမျှတို့သည် အမျိုးမျိုးသောဘာသာစကားကိုပြောနိုင်ကြသလော” (၁ကော၊ ၁၂:၃၀) ဟူသောစကားကို သတိပြုစေလိုပါသည်။

ယုံကြည်သူအချို့သည် အခြားသောဝိညာဉ်ဆုကျေးဇူးများနှင့်မတူဘဲ ဤအမျိုးမျိုးသောဘာသာစကားပြောခြင်း ဆုကျေးဇူးတစ်ခုအပေါ် အဘယ်ကြောင့်အာရုံစိုက်ကြသနည်း။အမျိုးမျိုးသောဘာသာစကားပြောခြင်းဆုကျေးဇူးသည် ဘုရားသခင်နှင့် ရင်းနှီးစွာပြောဆိုဆက်ဆံနိုင်ပြီး ကြီးထွားရှင်သန်နိုင်သည့် အထူးဝိညာဉ်ရေး ဆက်သွယ်မှုတစ်ခုဖြစ်ခြင်းထက် ဝိညာဉ်ရေးရာဆုကျေးဇူးဖြစ်သည်ဟု ယူဆကြသည်။

ဘုရားသခင်သည် ယုံကြည်သူတိုင်း၌ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ရှင်သန်နေပါသည်။ ဝိညာဉ်တော်မရရှိသူတိုင်းသည် ဘုရားသခင်နှင့်မဆိုင်ပေ။ ယုံကြည်သူအများအပြားသည် ဘုရားသခင်နှင့် ရင်းနှီးသောဆက်ဆံရေးမရှိသည်မှာ သံသယရှိစရာမလိုပေ။ တစ်စုံတစ်ဦးသည် ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့နိုင်ဖို့ရန် အမျိုးမျိုးသောဘာသာစကားပြောရမည်ဟူ၍ အခိုင်အမာပြောဆိုခြင်းသည် ကျမ်းစာသွန်သင်ချက်နှင့် ကြီးစွာလွဲချော်သွားနိုင်သည်။ တမန်တော်ရှင်ပေါလုက “မခြားမလပ်ဆုတောင်းပတ္ထနာပြုကြလော့” (၁သက်၊ ၅:၁၇) ဟုဆိုသည်။ ၁ ကောရိ ၁၄:၂ တွင် ဖော်ပြထားသည့်အတိုင်း

အမျိုးမျိုးသောဘာသာစကားပြောသူများသည် ဘုရားသခင်နှင့် စကားပြောဆိုကြသည်ကို ကျွန်ုပ်တို့မငြင်းဆိုပေ။ သို့သော် ၎င်းသည် စစ်မှန်သော *glossa* ဆုကျေးဇူးဖြစ်ရပါမည်။

အမျိုးမျိုးသောဘာသာစကားပြောခြင်း ဆုကျေးဇူးသည် ဘုရားသခင်နှင့်နီးကပ်စွာဆက်ဆံစေသည့် အထူးအခွင့်ထူးတစ်ရပ်ကို ဖော်ပြသည်ဟု ယုံကြည်မည့်အစား (မာနကို အလွယ်တကူဖြစ်စေနိုင်သည်) ဝိညာဉ်ဆုကျေးဇူးအားလုံးသည် ကျမ်းစာသွန်သင်ချက်အတိုင်း ဝိညာဉ်တော်၏ထင်ရှားခြင်းဖြစ်သည်ကို မိမိတို့ဝမ်းမြောက်သင့်သည်။




ထို့ကြောင့် ကျွန်ုပ်တို့သည် အခြားဆုကျေးဇူးများထက် အမျိုးမျိုးသောဘာသာစကားပြောခြင်းဆုကျေးဇူးကို အမြင့်မြတ်ဆုံးဟု ထင်မြင်နေရန် မလိုအပ်ပေ။

ယုံကြည်သူတိုင်း မိမိတို့၏ဆုကျေးဇူးများကို မှန်ကန်စွာအသုံးပြုနိုင်မည်အကြောင်း ဘုရားသခင်၏ဝိညာဉ်တော်သည် ၎င်းတို့အား ထူးခြားစွာနှိုးဆော်ခြင်း၊ လမ်းပြခြင်း၊ ယုံကြည်ခြင်းကို ပေးဆောင်ခြင်း၊ သတိပေးခြင်းများပြုပေးသည်။ ဘုရားသခင်သည် ဝိညာဉ်ရေးဆုကျေးဇူးများကို မှန်ကန်စွာအသုံးပြုသူများအားတည်ဆောက်ပေးသည်။ အမျိုးမျိုးသောဘာသာစကားပြောသူတို့သည် သာ၍မကြီးမြတ်သလို ယုံကြည်ခြင်း အားကြီးသူတို့သည်လည်း သာ၍မမြင့်မြတ်ပေ။ အကြောင်းမှာ ဝိညာဉ်ဆုကျေးဇူးများကို မှန်မှန်ကန်ကန်အသုံးပြုသည်နှင့်အညီ ကျွန်ုပ်တို့အားလုံးသည် ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့သည့်အပြင် အချင်းချင်းလိုအပ်ကြသည်။ ကျွန်ုပ်တို့၏အတွေ့အကြုံကို စံပြအဖြစ် သတ်မှတ်ပြီး အခြားသူများလည်း ထိုကဲ့သို့သောအတွေ့အကြုံရှိသင့်သည်ဟုပြောသည့်အခါ ကျမ်းစာ၏သွန်သင်ချက်ကို ချိုးဖောက်ရာရောက်ပါသည်။ အားလုံးသည် တူညီသောဆုကျေးဇူးများကို မရရှိကြပေ။

## ဝိညာဉ်ဆုကျေးဇူးများဆိုင်ရာ အပြုသဘောဆောင်သောဖော်ပြချက်


ယုံကြည်သူတိုင်းအား ခရစ်တော်၏ကိုယ်ခန္ဓာအတွက် အမှုတော်ထမ်းစေခြင်းငှာ ဝိညာဉ်ဆုကျေးဇူးနှင့်အတူ အထူးဘိသိက်ပေးရန် ဘုရားသခင်သည် ခရစ်တော်၏ဝိညာဉ်တော်ကို အသုံးပြုသည်။ မည်သည့်ယုံကြည်သူမျှ ကိုယ့်ဘာသာကိုယ်အသက်ရှင်၍မရပေ။ ကျွန်ုပ်တို့သည် ကိုယ်တစ်ကိုယ်၏အင်္ဂါအစိတ်အပိုင်းများဖြစ်ပြီး မေတ္တာအားဖြင့်လည်းကောင်း၊ ဝိညာဉ်ဆုကျေးဇူးများအားဖြင့်လည်းကောင်း အချင်းချင်းအစေခံရန် ဖန်ဆင်းခံရခြင်းဖြစ်သည်။

**၁)** သခင်ဘုရားနှင့် ဆက်နွယ်ခြင်းသည် ယုံကြည်သူတိုင်းအတွက် အခြေခံအုတ်မြစ်တစ်ခုအဖြစ် အမြဲရှိနေပါသည်။ ကျွန်ုပ်တို့အားလုံးသည် ဝိညာဉ်ရေးအရ "သခင်ဘုရားနှင့် ကွန်ရက်သဖွယ်ပေါင်းသင်းဆက်နွယ်သူများဖြစ်သည်။ သန့်ရှင်းသောအသက်တာသည် သခင်ဘုရားနှင့် ဆက်နွယ်ဆက်ဆံခြင်းတွင် မရှိမဖြစ်လိုအပ်နေဆဲပင်။ ဘုရားသခင်၏မျက်မှောက်တော်ကို မရှာဖွေပါက တစ်ခုခုမှားနေပြီဖြစ်သည်။ ကျွန်ုပ်တို့သည် ခမည်းတော်နှင့်နက်ရှိုင်းသောရင်းနှီးမှုကို ခံစားရန် အမျိုးမျိုးသောဘာသာစကားပြောခြင်း သို့မဟုတ် ဝိညာဉ်ဆုကျေးဇူးတစ်ခုခု သို့မဟုတ် အတွေ့အကြုံတစ်ခုခု မလိုအပ်ပေ။

**၂)** ဝိညာဉ်ဆုကျေးဇူးများသည် စစ်မှန်သောယုံကြည်သူများ၏အသက်တာ၌ ဘုရားသခင်၏အထူးလိုအင်ဆန္ဒ အကောင်အထည်ဖော်ရန် အမှတ်အသားပြုပါသည်။ ဆုကျေးဇူးများသည် ကျွန်ုပ်တို့တစ်ဦးချင်းစီအတွက် ဝေမျှပေးသည့် ခရစ်တော်၏ဆုကျေးဇူးတစ်စိတ်တစ်ပိုင်းဖြစ်သည်။ ကျွန်ုပ်တို့သည် မိမိကိုယ်ကို အခြားသူများနှင့်နှိုင်းယှဉ်ခြင်း၊ တစ်ဦးနှင့်တစ်ဦး ပုတ်ခတ်ပြောဆိုခြင်းမပြုလုပ်သင့်ပေ။ ကျွန်ုပ်တို့၏ဆုကျေးဇူးများအားဖြင့် အခြားသူများကို အစေခံရန်နှင့်ကောင်းချီးပေးရန်သာဖြစ်သည်။

**၃)** ဆုကျေးဇူးများသည် မိမိကိုယ်ကို အစေခံခြင်းထက် ပိုမိုကြီးမားသောရည်ရွယ်ချက်ရှိသည်။ မိမိတို့ကိုယ်ကို သို့မဟုတ် မိမိတို့၏ဆုကျေးဇူးအပေါ် အာရုံစိုက်မှုကြီးလာသည့်အခါတိုင်း ကျမ်းစာဘက်ပြန်လှည့်လာဖို့ လိုအပ်ပါသည်။ ဆုကျေးဇူးများသည် ကျွန်ုပ်တို့နှင့်မသက်ဆိုင်၊ ကျွန်ုပ်တို့အားဖြင့် ဘုရားသခင်၏လူများကို ခွန်အားဖြစ်စေရန်နှင့် ဘုရားသခင်၏ရည်ရွယ်ချက်များကို ထင်ဟပ်စေရန်ဖြစ်သည်။ကျွန်ုပ်တို့အားဖြင့် ဘုရားသခင်၏ချစ်ခြင်းမေတ္တာ၊ ဉာဏ်

ပညာ၊ နှစ်သိမ့်မှု စသည်တို့ကို သူလူတို့၏ဘဝထဲသို့ ယူဆောင်လာသည်ကို မြင်တွေ့ရသည်မှာ အလွန်အံ့ဩဖွယ်ကောင်းပေသည်။




**၄)** ကမ္ဘာပေါ်ရှိ သူတော်စင်များသည် ရရှိသောဆုကျေးဇူးများ ကွဲပြားသော်လည်း ဘုရားသခင်၏ရွေးနှုတ်ခြင်းအစီအစဉ်ကို အတူတကွလုပ်ဆောင်ရန် လိုအပ်ပါသည်။ အောင်မြင်မှုဟူသည်မှာ မည်သည့်အခါမျှတစ်ဦးတစ်ယောက် ထဲ၌မရှိပေ။ တမန်တော်များ၊ ပရောဖက်များ၊ ဓမ္မဆရာများနှင့် အခြားသူများ သည် ထိရောက်သောအမှုတော်အတွက် အကောင်းဆုံးဖြစ်စေရန် အခြားသူ တို့ကို တပ်ဆင်ပေးနေကြောင်း ကျွန်ုပ်တို့တွေ့ရှိရသည် (ဧဖက်၊ ၄:၁၁-၁၂)။

# ဆွေးနွေးမေးခွန်းများ

၁။ ဝိညာဉ်ဆုကျေးဇူးသည် သဘာဝဆုကျေးဇူးနှင့် မည်သို့ ကွာခြားသနည်း။

၂။ မည်သည့်ဆုကျေးဇူသည် အခြားဆုကျေးဇူးများထက် ဝိညာဉ်ရေးအရ ရင့်ကျက်မှု၏လက္ခဏာရှိသနည်း။ ရှင်းပြပါ။

၃။ ယုံကြည်သူတစ်ဦးအနေဖြင့် သင်၌ အနည်းဆုံး ဝိညာဉ်ဆုကျေးဇူးတစ်ခုရှိသည်။ မည်သည့်ဆုကျေးဇူးဖြစ်မည်နည်း။

၄။ လူအချို့သည် ၎င်းတို့၏ဝိညာဉ်ဆုကျေးဇူးကို အဘယ်ကြောင့် အခြားသူများဆုကျေးဇူးထက် သာလွန်ထူးခြားသည်ဟု ယူဆကြသနည်း။

၅။ ခရစ်တော်၏ကိုယ်အင်္ဂါအစိတ်အပိုင်းများဖြစ်သော သင်တို့သည် သင်တို့ကိုယ်သင်တို့ အခြားသူများနှင့် ရှုမြင်နိုင်ရန် အကောင်းဆုံးနည်းလမ်းမှာ အဘယ်နည်း။

၆။ အခြားသူများက ခရစ်တော်ကို ယုံကြည်သည်ဟု ပြောပြီး ယုံကြည်ခြင်းမရှိသောအခါ သင်ဘာလုပ်သင့်သနည်း။

၇။ အမျိုးမျိုးသောဘာသာစကားပြောခြင်း ဆုကျေးဇူးကို သက်သေပြသော သမ္မာကျမ်းစာဆိုင်ရာ အကြောင်းပြချက်ကား အဘယ်နည်း

၈။ ဘုရားသခင်နှင့်ဆက်နွယ်ဆက်ဆံခြင်းသည် ဝိညာဉ်ဆုကျေးဇူးတစ်ခုခုနှင့် ဆက်စပ်မှုရှိပါသလား။ ရှင်းပြပါ။

# အပိုင်း ၄
# ခရစ်ယာန် ဩဝါဒ -
# မေးခွန်းများနှင့်သီအိုလော်ဂျီ




"ငါသွားရခြင်းသည် သင်တို့အတွက်အကျိုးရှိ၏။ အဘယ်ကြောင့်ဆိုသော် ငါမသွားလျှင် ကူညီမစသူသည် သင်တို့ထံသို့လာမည်မဟုတ်" (ယော၊ ၁၆:၇)။

# အခန်း ၁၅
# ဝိညာဉ်တော်၏ဘိသိက်ပေးခြင်း

(ယော၊ ၇:၃၇-၃၉)

ခရစ်ယာန်တစ်ဦးကို သင်မည်သို့ဖော်ပြသနည်း။ ထပ်တူကျသောအဖြေသုံးခုကို ကျွန်ုပ်ပေးပါရစေ။ ကျွန်ုပ်တို့၏ကောင်းကင်ဘုံရှင် အဖကဲ့သို့ဖြစ်ခြင်း၊ ခရစ်တော်ကဲ့သို့ဖြစ်ခြင်း၊ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် အသစ်တစ်ဖန်မွေးဖွားလာခြင်း ဟူ၍ဖြစ်သည်။ ကျဆုံးခြင်းကြောင့် ကျွန်ုပ်တို့ဆုံးရှုံးခဲ့သော "ဘုရားသခင်၏ပုံသဏ္ဍာန်" ကို ဘုရားသခင်၏ကျေးဇူးတော်က မည်သို့ပြန်လည်ရရှိစေကြောင်း ဖော်ပြထားပါသည်။ အာဒံအပြစ်ကျူးလွန်ပြီးနောက် ထိုသို့လူကို နှင်ထုတ်ပြီးလျှင် အသက်ပင်လမ်းကို စောင့်ရှောက်စေခြင်းငှာ မီးစက်လက်နက်နှင့်တကွ ခေရုဗိမ်တို့ကို ဧဒင်ဥယျာဉ်အရှေ့ဘက်၌ ထားတော်မူ၏" ဟူ၍ဖတ်ရသည် (က၊ ၃:၂၄)။ ကိုယ်တော်သည် အပြစ်ကြောင့် လူသားတို့ကို ထိုသို့ပြုသော်လည်း တစ်ခါ ခရစ်တော်၌ ထာဝရအသက်ကို ပေးသနားတော်မူသည် (ရော၊ ၁၆:-၁၇)။

ဘုရားသခင်သည် သူ့လူအားလုံးကို ဘုရားသခင်၏ဗိမာန်တော်အသစ်သို့ ပုံသွင်းရန်နှင့် သူ့ဝိညာဉ်တော်အားဖြင့် ကျွန်ုပ်တို့အထဲ၌ ကျိန်းဝပ်ရန် ပဋိညာဉ်သစ်ကို အသုံးပြုသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏လူတော်ဖြစ်လာရန် အရည်အချင်းမပြည့်မီသောသူများ၊ ဘုရားသခင်ရှေ့၌ အသရေပျက်သောသူများဖြစ်ကြသော်လည်း (ရော၊ ၃:၂၃) သူ့ကျေးဇူးတော်ကြောင့် သားတော်ယေရှုခရစ်အားဖြင့် ကျွန်ုပ်တို့ကို ရွေးနုတ်ကယ်တင်ခဲ့သည်။ ခရစ်တော်အား

ဖြင့်ပေးဆောင်ခဲ့သော အလွန်ကြင်နာမှုနှင့်ကရုဏာကြောင့်သာ ကောင်းကင်နိုင်ငံကို ဝင်ခွင့်ရရှိခြင်းဖြစ်သည်။ ကိုယ်တော်၏ရွေးနှုတ်ခြင်း အစီအစဉ်သည် ခရစ်တော်၌ လူသားတို့အတွက် ဘုရားသခင်၏ကောင်းသောရည်ရွယ်ချက်များမှတစ်ဆင့် လူသားတို့၏ကြီးမြတ်သောအနာဂတ်ကို ဖန်တီးပေးပါသည်။ လူတစ်ဦးယုံကြည်သူဖြစ်လာရန် သန့်ရှင်းသောဝိညာဉ်တော်၏လုပ်ဆောင်မှုသည် အဓိကအချက်ဖြစ်ပါသည်။

## က) သန့်ရှင်းသောဝိညာဉ်တော်၏ခေတ် (ယော၊ ၇:၃၇-၃၉)

"၃၇-ထိုပွဲကိုခံ၍ နောက်ဆုံးဖြစ်သောနေ့မြတ်၌ ယေရှုသည်ရပ်၍ကြွေးကြော်တော်မူသည်ကား ရေငတ်သောသူရှိလျှင် ငါ့ထံသို့လာ၍ သောက်လော့။ ၃၈-ငါ့ကိုယုံကြည်သောသူသည် ကျမ်းစာလာသည်အတိုင်း အသက်ရေထွက်ရာစမ်းရေတွင်းဖြစ်လိမ့်မည်ဟု မိန့်တော်မူ၏။ ၃၉- ထိုသို့မိန့်တော်မူသော် ယုံကြည်သောသူတို့သည် ခံရလတ္တံ့သောဝိညာဉ်တော်ကို ရည်မှတ်၍မိန့်တော်မူ၏။ ယေရှုသည် ဘုန်းပွင့်တော်မမူသေးသောကြောင့် သန့်ရှင်းသောဝိညာဉ်တော်ကို ပေးတော်မမူသေး" (ယော၊ ၇:၃၇-၃၉)။

သခင်ယေရှုသည် လူတို့ကို သူ့ထံသို့လာပြီး အသက်စမ်းရေသောက်ရန် ဖိတ်ခေါ်ထားသည်။ အသက်စမ်းရေသည် သန့်ရှင်းသောဝိညာဉ်တော်ကို ရည်ညွှန်းသည်။ "ယေရှုသည် ဘုန်းပွင့်တော်မမူသေးသောကြောင့် သန့်ရှင်းသောဝိညာဉ်တော်ကို ပေးတော်မမူသေး" ဟူ၍ဖတ်ရသည် (အငယ် ၃၉)။ ယောဟန်က ကိုယ်တော်ကို ယုံကြည်မည့်သူများနှင့်အနာဂတ်မှာ ဖြစ်လာမည့်အမှုအရာကို ရှင်းရှင်းလင်းလင်းရည်ညွှန်းခြင်းဖြစ်သည်။

စစ်မှန်သောယုံကြည်သူအားလုံးအပေါ်၌ ပဋိညာဉ်သစ်၏အကျိုးသက်ရောက်မှုများကို ယေရှုက သူ့လူများကို သူ့အသွေးတော်နှင့် တံဆိပ်ခတ်ခြင်း၊ အထက်ကောင်းကင်သို့ချီယူခြင်းခံပြီးနောက် ဝိညာဉ်တော်သွန်းလောင်းခြင်းစသည်တို့ဖြင့် ရှင်းရှင်းလင်းလင်းဖော်ထုတ်ခဲ့သည်။ လက်ဝါးကပ်တိုင်အပေါ် သခင်ယေရှုအသေခံခြင်းသည် အပြစ်ခွင့်လွှတ်ခြင်းနှင့်ပြန်လည်သင့်မြတ်ခြင်းကိုဆောင်ကြဉ်းပေးပြီး ကောင်းကင်သို့တက်ကြွမှုဖြင့် သန့်ရှင်းသောဝိညာဉ်တော်ကို သူ့လူတို့၏စိတ်နှလုံးထဲ၌ ကျိန်းဝပ်ရန် စေလွှတ်တော်မူသည်။

**ပဋိညာဉ်တရားဟောင်း မဖြစ်သေးပါ**



**ပဋိညာဉ်တရားသစ် ဖြစ်ရမည်**


အသက်စမ်းရေ၏နက်နဲသောအဓိပ္ပာယ်ကို ရှင်းလင်းနေပါက "ရေငတ်သောသူရှိလျှင် ငါ့ထံသို့လာ၍ သောက်လော့" ဟူသော ယေရှု၏ဖိတ်ခေါ်ချက်ကို ကျွန်ုပ်တို့စိတ်ချနိုင်ပါသည်။ သခင်ယေရှုသည် သူ၏ကျေးဇူးတော်၌ တွန့်တိုမနေပါ။ ကိုယ်တော်သည် ကျွန်ုပ်တို့အားလုံးကို သူ၏ကြွယ်ဝသောကျေးဇူးတော်ထဲသို့ ဝင်ရောက်ရန် အားပေးတိုက်တွန်းနေပါသည်။ ယေရှုထံတော်သို့လာရောက်ပါက သူ၏ကျေးဇူးတော်နှင့်မျက်နှာသာပေးခြင်း၌ ကျွန်ုပ်တို့မှီခိုအားထားရမည်ကို မည်သည့်အခါမျှမမေ့သင့်ပါ။ ဤဖိတ်ခေါ်ခြင်းသည် သခင်ယေရှုအားဖြင့်သာဖြစ်ပြီး မည်သည့်ဘာသာတရား၊ မည်သည့်ခရစ်ယာန်အဖွဲ့အစည်းမှမဟုတ်ပေ။

"သင်တို့သည် ဘုရားသခင်၏ဗိမာန်တော် ဖြစ်ကြသည်ကိုလည်းကောင်း၊ ဘုရားသခင်၏ဝိညာဉ်တော်သည် သင်တို့အထဲ၌ ကျိန်းဝပ်တော်မူသည်ကိုလည်းကောင်း မသိကြသလော" (၁ကော၊ ၃:၁၆)။

"အသက်ရေထွက်ရာစမ်းရေတွင်းဖြစ်လိမ့်မည်" (အငယ် ၃၈) ဟူသောစကားစုသည် သူ့ကြောင့် သူ့လူတို့၏အထဲမှ ကြွယ်ဝသောသက်စမ်းရေ ပန်းထွက်လာလိမ့်မည်ဟူသည့် မူလမျှော်လင့်ချက်ကို ရရှိစေသည့် ဘုရားသခင်၏ရည်ရွယ်ချက်ကို ဖော်ပြသည်။ ဘုရားသခင်၏လူများကို သူ၏ဗိမာန်တော်ဟုခေါ်သည် (ဖေက် ၂:၂၁၊၂ ကော၊ ၆:၁၆)။ ပဋိညာဉ်တရားသစ်သည် ပဋိညာဉ်တရားဟောင်းထက် (ဟေဗြဲ၊ ၈း၇-၁၃) ထက် သာ၍ကြွယ်ဝချမ်းသာသောအသက်ကို ကတိပြုကာ ဘုရားသခင်နှင့် ရင်းနှီးမှုကို ပေးစွမ်းသည်။ ယုံကြည်သူအားလုံး၏အသက်တာ၌ဘုရားသခင်လုပ်နိုင်သည့်အရာနှင့်လုပ်ဆောင်ပေးမည့်အရာများအတွက် ကျွန်ုပ်တို့၏မျှော်လင့်ချက်များကို အဆင့်မြှင့်တင်ရန်လိုအပ်ပါသည်။

အောက်ဖော်ပြပါပုံသည် ကျေးဇူးတော်မြစ်၏ဦးတည်ချက်ကို ဖော်ပြသည်။ ဘုရားသခင်၏ကြွယ်ဝသောကျေးဇူးတော်သည် သူ၏အတူပါရှိခြင်းနှင့်ဆက်စပ်ပြီး အထက်အရပ်မှဆင်းသက်လာကာ သူ့လူတို့တွင် နေထိုင်ခြင်းဖြင့် ဘိသိက်ပေးသည်။

**ဝိညာဉ်တော်၏ကျိန်းဝပ်ခြင်း**




ကျွန်ုပ်တို့၏အသက်တာသည် ကိုယ်တော်၏ကရုဏာနှင့်သစ္စာတရားကြောင့် ပြောင်းလဲပြီး ကြမ်းတမ်းသောဘဝလမ်းခရီးကို ညင်သာသောစမ်းချောင်းရေကဲ့သို့စီးဆင်းစေကာ မျှော်လင့်ချက်ကို ရရှိစေပါသည်။ ထိုသက်စမ်းရေသည် ပထမဦးစွာ မိမိတို့၏ဘဝအသက်တာအပေါ်၌ နက်ရှိုင်းစွာသက်သက်ရောက်ပြီး မိမိတို့ပတ်ဝန်းကျင်ရှိ လူများ၏ဘဝများကို တို့ထိပြောင်းလဲစေပါသည်။ ထို့ကြောင့် သခင်ယေရှုက ကျွန်ုပ်တို့အား "သင်တို့သည် ဤလောက၏အလင်းဖြစ်၏"ဟုခေါ်ဆိုရခြင်းဖြစ်သည်(မဿဲ၊၅:၁၄)။ အကြောင်းမှာ ယေရှုသည် အလင်းဖြစ်ပြီး ကျွန်ုပ်တို့၏အသက်တာများကို ပြောင်းလဲစေကာ ဤလောကတွင် ထင်ရှားပေါ်လွင်စေသောကြောင့်ဖြစ်သည်။ နောက်ဆုံးတွင် လူတို့သည် ကျွန်ုပ်တို့၏အသက်တာအားဖြင့် ဘုရားသခင်၏ဘုန်းတော်ကို မြင်ပြီး ကိုယ်တော်ထံသို့ ပြန်လှည့်လာကြသည်။

"သင်တို့သည် ဤလောက၏အလင်းဖြစ်ကြ၏။ တောင်ထိပ်၌တည်သောမြို့ကိုမကွယ်နိုင်။ ဆီမီးထွန်း၍ တောင်းဇလားအောက်၌ဖုံးထားလေ့မရှိ။ အိမ်သူအိမ်သားအပေါင်းတို့သည် အလင်းကို ရစေခြင်းငှာ ဆီမီးခုံပေါ်မှာ တင်ထားလေ့ရှိ၏။ ထိုနည်းတူ သူတစ်ပါးတို့သည် သင်တို့၏ကောင်းသောအကျင့်ကိုမြင်၍ ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဘ၏ဂုဏ်တော်ကို ချီးမွမ်း

စေခြင်းငှာ သူတစ်ပါးရှေ့၌ သင်တို့အလင်းကို လင်းစေကြလော့” (ရှင်မဿဲ၊ ၅:၁၄-၁၆)။

## ခ) ယေရှုကို ဝိညာဉ်တော်ဘိသိက်ပေးခြင်း (လု၊ ၄:၁၇-၂၁၊ ဟေ၊ ၆၁:၁-၂)

သခင်ယေရှု၏ဘိသိက်ပေးခြင်းသည် ခရစ်ယာန်ယုံကြည်သူအတွက် အရေးပါသောသက်ရောက်မှုများရှိသည်။သခင်ယေရှု၏ဘိသိက်ခံခြင်း အရေးပါပုံကို ဦးစွာရှင်းလင်းပြီးမှ ၎င်းကို ယုံကြည်သူများနှင့် ချိတ်ဆက်ပါမည်။

ပရောဖက်ဟေရှာယ၏ကျမ်းစာကို သခင်ယေရှုလက်သို့ အပ်လိုက်၏ ဟုဖတ်ရသည် (အငယ် ၁၇)။ ထို့နောက် ယေရှုက “ယနေ့ပင် ဤကျမ်းစာချက်သည် သင်တို့ကြားသည်အတိုင်း ပြည့်စုံလေပြီဟုမိန့်တော်မူ၏” (ဟေရှာ၊ ၆၁:၂၁)။ ခမ္ဘဟောင်းပရောဖက်ပြုချက်ကို ယေရှုနှင့် ချိတ်ဆက်လေပြီ။

ဇရပ်စောင့်သည် ပရောဖက်ဟေရှာယ၏ကျမ်းစာကို ပေးသည်ဖြစ်၍၊ ကျမ်းစာကိုဖွင့်တော်မူလျှင် တွေ့သောအချက်စကား ဟူမူကား၊ ၁၈- ထာဝရဘုရား၏ဝိညာဉ်တော်သည် ငါ့အပေါ်၌တည်တော်မူ၏။ ၁၉-အကြောင်းမူကား ဆင်းရဲသားတို့အား ဝမ်းမြောက်စရာသတင်းကို ကြားပြောစေခြင်းငှာ ငါ့ကို ဘိသိက်ပေးတော်မူပြီ။ ကြေမွသောသူတို့၏အနာကို ပျောက်စေခြင်းငှာလည်းကောင်း၊ ဖမ်းသွားချုပ်ထားလျက် ရှိသော သူတို့အား လွှတ်ခြင်းအကြောင်းနှင့် မျက်စိကန်းသောသူတို့အား မျက်စိမြင်ပြန်ခြင်း အကြောင်းကို ပြစေခြင်းငှာလည်းကောင်း၊ ညှဉ်းဆဲခံရသောသူတို့ကို ကယ်မစေခြင်းငှာလည်းကောင်း၊ ထာဝရဘုရား၏မင်္ဂလာနှစ်ကာလကို ကြားပြောစေခြင်းငှာလည်းကောင်း၊ ငါ့ကိုစေလွှတ်တော်မူပြီဟု လာသတည်း။၂၀-ကျမ်းစာကိုလိပ်၍ ဇရပ်စောင့်အား ပေးပြီးမှ ထိုင်တော်မူ၏။ ဇရပ်၌ရှိသောသူအပေါင်းတို့သည် ကိုယ်တော်ကိုစေ့စေ့ကြည့်လျက်နေကြ၏။၂၁-ယေရှုကလည်း ယနေ့ပင်ဤကျမ်းစာချက် သည် သင်တို့ကြားသည်အတိုင်း ပြည့်စုံလေပြီဟု မိန့်တော်မူ၏”(လု၊ ၄:၁၇-၂၁၊ ဟေရှာ၊ ၆၁:၁-၂)။

“ထိုအခါ ယေရှုသည် ဂါလိလဲပြည်နာဇရက်မြို့မှ ကြွလာ၍ ယောဟန်လက်ဖြင့် ယော်ဒန်မြစ်၌ ဗတ္တိဇံကို ခံတော်မူ၏။ ၁၀- ရေမှပေါ်ထစဉ်တွင် ကောင်းကင်ကွဲ၍ ဝိညာဉ်တော်သည် ချိုးငှက်ကဲ့သို့ ကိုယ်တော်အပေါ်၌ ဆင်းသက်တော်မူသည်ကို မြင်ရ၍” (မာကု၊ ၁:၉-၁၀)။




"ထာဝရဘုရား၏ဝိညာဉ်တော်သည် ငါ့အပေါ်၌ တည်တော်မူ၏" (လု၊ ၄:၁၈) သည် ယေရှုဗတ္တိဇံစဉ် သန့်ရှင်းသောဝိညာဉ်တော်၏ဘိသိက်ပေးသည့်ပုံစံကို ရည်ညွှန်းသည်။ "ရေမှပေါ်ထစဉ်တွင် ကောင်းကင်ကွဲ၍ ဝိညာဉ်တော်သည် ချိုးငှက်ကဲ့သို့ ကိုယ်တော်အပေါ်၌ ဆင်းသက်တော်မူသည်"(မာ၊၁:၁၀)ဟူသောဖော်ပြချက်က ယေရှုအပေါ်၌ သန့်ရှင်းသောဝိညာဉ်တော်၏ဘိသိက်ပေးခြင်း အမှုတော်ကို သေချာစွာသွန်သင်ပေးသည်။ယုံကြည်သူများသည် သခင်ယေရှု၏တန်ခိုးကြီးသောအမှုတော်ကို သူ၏ဘုရားဖြစ်ခြင်းနှင့် မကြာခဏရောထွေးလေ့ရှိသည်။ သို့သော် ဖိလိပ္ပိ၊ ၂:၃-၁၁ တွင် ယေရှုသည် သူ၏ဘုရားဖြစ်ခြင်း တန်ခိုးများကို အသုံးမပြုဘဲ သန့်ရှင်းသောဝိညာဉ်တော်၏အစွမ်း ထက်သောဘိသိက်ပေးခြင်းအပေါ် မူတည်ကြောင်း ရှင်းရှင်းလင်းလင်းဖော်ပြထားသည်။

"ငါ့ကို ဘိသိက်ပေးတော်မူပြီ" (လု၊ ၄:၁၈) ဟူသောစကားက ယေရှုအသက်တာနှင့်အမှုတော်လုပ်ငန်းကို အကျယ်တဝင့်ဖော်ပြသည်။ ခရစ်တော်ဟူသောစကားလုံးသည် ဂရိစကားလုံး "crio" မှ ဆင်းသက်လာပြီး ဘိသိက်ပေးခြင်းဟုအဓိပ္ပာယ်ရသည်။ ဓမ္မဟောင်းအခေါ်အဝေါ် ဘိသိက်ပေးခြင်းဟုအဓိပ္ပာယ်ရှိသည့် မေရှိယသည် အသံဖလှယ်ပြီး မေရှိယဟုပြန်ဆိုကာ အင်္ဂလိပ်ဘာသာဖြင့် ခရစ်တော်ဟူ၍ရေးသားလျက် (ယော၊ ၁:၄၁)။ ဘုရားသခင်၏ဘိသိက်ခံဖြစ်သည်။ သားတော်အပေါ် ဘုရားသခင်၏ဝိညာဉ်တော်သွန်းလောင်းခြင်းသည် ဘုရားသခင်၏အထူးကယ်တင်ခြင်း ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ရန်အတွက် လိုအပ်သောဆုကျေးဇူးများဖြစ်သည်ဟု ပုံဖော်ပါသည်။

"ဝမ်းမြောက်စရာသတင်းကို ကြားပြောစေခြင်းငှာ" (၄:၁၉) ဟူသောစကားက သန့်ရှင်းသောဝိညာဉ်တော်သည် သခင်ယေရှုအား ရှုပါရုံနှင့်တန်ခိုးကိုပေးဆောင်ပြီး နိမိတ်လက္ခဏာများနှင့်တကွ ဘုရားသခင်၏နှုတ်ကပတ်တော်ကို လူသိရှင်ကြား ဟောပြောသွန်သင်ခြင်းကို ဆိုလိုပါသည်။

## ဂ) ခရစ်ယာန်များအတွက် ဘိသိက်ပေးခြင်း (၁ ယော၊ ၂:၂ဝ၊ ၂၇)

သန့်ရှင်းသောဘုရားထံမှ ဘိသိက်ပေးခြင်း ရရှိကြသည်ကို သင်တို့အား လုံးသိကြသည် (၁ယော၊ ၂း၂ဝ၊ ငါ၏အမှုကို အလေးပေး)။

“သို့သော်လည်း သန့်ရှင်းတော်မူသောဘုရား၏လက်မှသင်တို့ခံရသော ဘိသိက်ကျေးဇူးတော်သည် သင်တို့၌ရှိသည်ဖြစ်၍ အဘယ်သူမျှသင်တို့ကိုဆုံး မဩဝါဒပေးစရာအကြောင်းမရှိ။ ထိုဘိသိက် ကျေးဇူးတော်သည် ဖြစ်ယောင် ဆောင်သည်မဟုတ်၊ အမှန်ဖြစ်လျက် ခပ်သိမ်းသောအရာတို့ကို သင်တို့အား သွန်သင်တော်မူသည်အတိုင်း၊ သင်တို့သည် သားတော်၌ တည်နေကြလော့။ (၁ ယော၊ ၂:၂၇၊ ငါ၏အမှုကို အလေးပေး)။

“သင်တို့နှင့်ငါတို့ကို ခရစ်တော်၌တည်စေ၍ ဘိသိက်ပေးသောသူကား ဘုရားသခင်ဖြစ်သတည်း” (၂ကော၊ ၁:၂၁၊ ငါ၏အမှုကို အလေးပေး)။

အထက်ပါအပိုဒ်ငယ်များက ခရစ်တော်ဘိသိက်ခံခြင်းသည် ယုံကြည် သူများလက်ခံရရှိသည့်ဘိသိက်နှင့်ဆင်တူကြောင်း ရှင်းရှင်းလင်းလင်းဖော်ပြ ထားသည်။ အပြည့်အဝတူပါသလား။ ထိုအကြောင်းသည် အခြေအတင်ဆွေး နွေးစရာဟုထင်ရသော်လည်း ယုံကြည်သူများအား အသစ်ပြုပြင်ခြင်းဆီသို့ ဦးတည်သွားစေသော သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးကြီးမားသောမျက် မှောက်တော်နှင့် ယေရှု၏ဘိသိက်ခံခြင်းကို ကျွန်ုပ်တို့ချိတ်ဆက်သင့်သည်။

“သင်တို့သည် သန့်ရှင်းတော်မူသောဘုရား၏လက်မှ ဘိသိက်ကျေးဇူး တော်ကို ခံရ၍” ဟူသောအချက်က ယုံကြည်သူများ၏ဘိသိက်ကျေးဇူးသည် ခရစ်တော်အားဖြင့် ဘုရားသခင်ထံမှဘိသိက်ပေးခြင်းနှင့် ရှင်းရှင်းလင်းလင်း ချိတ်ဆက်ပေးသည်ဟုဆိုလိုသည်။ ဘိသိက်ပေးခြင်းသည် တစ်စုံတစ်ဦး၏ စွမ်းဆောင်မှုအချို့ကြောင့် ရရှိသည့်ဆုလာဘ်မဟုတ်ဘဲ တစ်စုံတစ်ဦး၏ယုံ ကြည်ခြင်းမှလာပါသည်။

ဤဘိသိက်ကျေးဇူးသည် ဒေသန္တရအသင်းတော်ရှိ ယုံကြည်သူအားလုံး ကို ရည်ညွှန်းပြီး အထူးရွေးချယ်ထားသောသူများကိုသာ ရည်ညွှန်းခြင်း လုံးဝ မဟုတ်ပေ (၁ ယော၊ ၁:၃-၄)။ ထို့ကြောင့် ဤဘိသိက်ကျေးဇူးသည် ယုံကြည် သူအားလုံးနှင့် တိုက်ရိုက်သက်ဆိုင်ပါသည်။ “ငါတို့သည် ဘုရားသခင်၏သား ဖြစ်ကြသည်ဟု ဝိညာဉ်တော်သည် ငါတို့၏ဝိညာဉ်နှင့်အတူ သက်သေခံတော် မူ၏” (ရောမ၊ ၈:၁၆)။ “ငါတို့သည် လောကီဝိညာဉ်ကို မခံရကြ။ ဘုရားသခင်

ပေးတော်မူသောအရာတို့ကို သိခြင်းအလိုငှာ ဘုရားသခင်ထံမှကြွလာသောဝိညာဉ်ကိုခံရကြပြီ” (၁ကော၊၂:၁၂) ဟူ၍ အတည်ပြုပါသည်။

“သင်တို့ခံရသောဘိသိက်ကျေးဇူးတော်သည်” (အငယ် ၂၇) ယုံကြည်သူများအတွက် အတိတ်ကာလက ဒုတိယအကြိမ်မွေးဖွားချိန်၌ ဖြစ်ပျက်ခဲ့ပြီးသားဖြစ်ပြီး ခရစ်တော်၌တွေ့ရှိထားသည့် ကျွန်ုပ်တို့၏ယုံကြည်ခြင်းအသစ်နှင့်အလားသဏ္ဍာန်တူကြောင်း အတည်ပြုပါသည်။ “သန့်ရှင်းတော်မူဘုရား၏လက်မှ သင်တို့ခံရသော” (အငယ်၂၇) က ဤဘိသိက်ကျေးဇူးသည် ရရှိခြင်းမဟုတ်ဘဲ ကယ်တင်ခြင်းနှင့်တွဲဖက်သည့် ခမည်းတော်ဘုရားသခင်ထံမှ ဆုလက်ဆောင်တစ်ခုဖြစ်ကြောင်း ကျွန်ုပ်တို့အား သတိပေးသည်။

ထို့ကြောင့် ဘုရားသခင်၏လူတို့သည် ယေရှုကဲ့သို့ပင် ဝိညာဉ်တော်၏ဘိသိက်ပေးခြင်းခံရပြီး ဝိညာဉ်တော်က ယေရှုကိုပြုသကဲ့သို့ ခရစ်တော်အားဖြင့် ဘုရားသခင်နှင့် ရင်းနှီးစွာဆက်သွယ်နိုင်သည်။ သူတို့သည် ဘုရားသခင်၏အလိုတော်ကိုဆောင်ရန် ခရစ်တော်ကဲ့သို့ သီးခြားခွဲထားခြင်းခံပြီး ၎င်းတို့အား ခန့်အပ်ထားသည့် ဘုရားသခင်၏တာဝန်များကို ပြီးမြောက်စေရန် မည်သည့်အရာမျှဟန့်တားရန် မလိုအပ်ပါ (ဖေက်၊ ၂:၁၀)။ ဝိညာဉ်တော်ကြောင့်ကျွန်ုပ်တို့၌ ဘုရားသခင်၏တန်ခိုးတော်၊ ဉာဏ်ပညာနှင့်ကျေးဇူးတော်ရှိသည်။ ကျွန်ုပ်တို့သည် ဤကောင်းချီးများကို မိမိတို့အပေါ်စိတ်ချစေရန် ဝိညာဉ်တော်အားဖြင့် သခင်ဘုရား၌ တည်နေရန်သာ လိုအပ်သည်။ ထိုကောင်းချီးများကိုကိုယ်တော်နှင့် ကျွန်ုပ်တို့၏နေ့စဉ်အချိန်ယူခြင်း၊ တစ်နေ့တာလုံး ကိုယ်တော်နှင့်ကျွန်ုပ်တို့ဆက်နွယ်မှုအရေးပါမှုကို တစ်ဖန်အလေးပေးဖော်ပြသည် (မခြားမလပ်ဆုတောင်းမတ္တနာပြုကြလော့ ၁သက်၊ ၅:၁၇)။

## ဃ) သန့်ရှင်းသောဝိညာဉ်တော်၏တံဆိပ်ခတ်ခြင်း (၂ကော၊ ၁:၂၁-၂၂)

“သန့်ရှင်းသောဝိညာဉ်တော်၏တံဆိပ်ခတ်ခြင်း” ကို သုံးကြိမ်အသုံးပြုသည် (ဧ၊ ၁:၁၃၊ ၄:၃၀၊ ၂ကော၊ ၁:၂၂)။ “တံဆိပ်ခတ်ခြင်း” ဟူသောစကားလုံးသည် အကြောင်းအရာတစ်ခုကို တာဝန်ခံသည့်စာရွက်စာတမ်းတစ်ခုပေါ်တွင်အခွင့်အာဏာအမှတ်အသားနှင့် တံဆိပ်ထုခြင်းကို ခေါ်ပါသည်။ ဥပမာအားဖြင့် ဘုရင်တစ်ပါးသည် တစ်စုံတစ်ခုကို မိမိပိုင်ဆိုင်ကြောင်း၊ မည်သူမျှနှင့်မသက်ဆိုင်ကြောင်း သက်သေပြရန် စာရွက်စာတမ်းတစ်ခုပေါ်တွင် ၎င်း၏တံ

ဆိပ်ကို အသုံးပြုနိုင်သည်။ ကျွန်ုပ်တို့သည် သခင်ဘုရား၏အသွေးတော်အား ဖြင့် ဆေးကြောခံရပြီး စာတန်နှင့်မသက်ဆိုင်တော့ကြောင်း ဝိညာဉ်တော်ဖြင့် သူ၏လူများကို တံဆိပ်ခတ်တော်မူသည်။

“သင်တို့သည်လည်း ကယ်တင်တော်မူခြင်းအကြောင်းနှင့် ယှဉ်သောဧဝံဂေလိတရားတည်းဟူသော သမ္မာတရားကိုကြားနာ၍ ထိုခရစ်တော်ကို ယုံကြည်ပြီးမှ ကတိတော်နှင့်ယှဉ်သောသန့်ရှင်းသောဝိညာဉ်တော်၏တံဆိပ်ခတ်ခြင်းကို ခံရကြပြီ” (ဧဖက်၊ ၁:၁၃)။

“ရွေးနုတ်ခြင်း နေ့ရက်တိုင်အောင် သင်တို့ကို တံဆိပ်ခတ်တော်မူသော ဘုရားသခင်၏သန့်ရှင်းသောဝိညာဉ်တော်ကို စိတ်မနာစေကြနှင့်” (ဧ၊ ၄:၃၀၊ ဗျာ၊ ၇:၅၊ ၈၊ ၉:၄)။




“သင်တို့နှင့် ငါတို့ကို ခရစ်တော်၌တည်စေ၍ ဘိသိက်ပေးသောသူကား ဘုရားသခင်ဖြစ်သတည်း။ ၂၂- ထိုဘုရားသခင်သည် ငါတို့ကိုတံဆိပ်ခတ်၍ ငါတို့စိတ်နှလုံးထဲ၌ ဝိညာဉ်တော်တည်းဟူသောစရန်ကို သွင်းပေးတော်မူ၏” (၂ ကော၊ ၁:၂၁-၂၂)။

ဘုရားသခင်သည် သူ၏ဝိညာဉ်တော်အားဖြင့် သူ၏လူများအပေါ်တွင် သူ၏အမှုတော်ကို ဆက်လက်ဖြစ်ပေါ်နေပါသည်။ “သင်တို့နှင့်ငါတို့ကို ခရစ်တော်၌တည်စေ၍”(အငယ် ၂၁) ဟူသောစကားစုသည် တံဆိပ်ခတ်ခြင်းအပါအဝင် အတိတ်က ဝိညာဉ်တော်ပြုခဲ့သည့်သုံးခုအပေါ် အခြေခံထားသည်။

(၁) “ငါတို့ကို ဘိသိက်ပေးသောသူသည် ဘုရားသခင်ဖြစ်တော်မူ၏” (အငယ် ၂၁)၊

(၂)“ငါတို့ကို တံဆိပ်ခတ်သည်” (အငယ် ၂၂၊ ဗျာ၊ ၇:၅၊ ၈၊ ၉:၄)။

(၃) “ငါတို့၏စိတ်နှလုံး၌ ဝိညာဉ်တော်ကို စရန်အဖြစ် ပေးတော်မူသည်” (အငယ် ၂၂)။

# ဆွေးနွေးမေးခွန်းများ

၁။ စစ်မှန်သောယုံကြည်သူတိုင်း သန့်ရှင်းသောဝိညာဉ်တော်ထံမှ ဘိသိက်ခံသည်ဟုအကြံပြုရန် ရဲရင့်လွန်းပါသလော။ ရှင်းပြပါ။

၂။ ဘိသက်ခြင်း ဟူသောစကားလုံးသည် ဘာကိုဆိုလိုသနည်း။ ရုပ်ပိုင်းဆိုင်ရာရော ဝိညာဉ်ရေးရာရော ဆိုလိုရင်းအဓိပ္ပါယ်ကို ရှင်းပြပါ။

၃။ ထိုဘိသိက်ခြင်းသည် မည်သည့်ပုံစံနည်း။ ထိုဘိသိက်မှ သင်မည်သည့်အရာကို မျှော်လင့်သနည်း။

၄။ ဝိညာဉ်တော်၏ဘိသိက်ပေးခြင်းနှင့်ပတ်သက်၍ ခရစ်ယာန်များအနေဖြင့် အချင်းချင်း သဘောမတူသည့်အရာက အဘယ်နည်း။

၅။ သင့်အသက်တာ၌ ဤဘိသိက်ပေးခြင်းကို သင်မည်သို့တွေ့မြင်ရသနည်း။ သင်နောက်ထပ် မည်သည့်အရာကို တွေ့ကြုံသင့်သည်ဟု ထင်ပါသနည်း။ အဘယ်ကြောင့်နည်း။

၆။ ပဋိညာဉ်သစ်သည် သန့်ရှင်းသောဝိညာဉ်တော်၏ဘိသိက်ပေးခြင်းနှင့် မည်သို့ဆက်စပ်သနည်း။

၇။ ယုံကြည်သူများ၌ ဘုရားသခင်၏ဝိညာဉ်တော် အသက်ရှင်ခြင်း၏သက်ရောက်မှုကား အဘယ်နည်း။ ဤအရာက ဒေသန္တာရအသင်းတော်နှင့် မည်သို့ဆက်စပ်မှုရှိပါသနည်း။

# အခန်း ၁၆
# ဝိညာဉ်တော်၏အထူး အတွေ့အကြုံများ

အသင်းတော်၌ ဖြစ်ပေါ်နေသောပြဿနာနှစ်ခုမှာ-

(၁) အသင်းတော်သည် အဘယ်ကြောင့် သေနေပုံပေါက်သနည်း။

(၂) အဘယ်ကြောင့် ခရစ်ယာန်အများစုသည် ဘုရားသခင်၏ဝိညာဉ်တော်နှင့် မပြည့်ဝကြသနည်း (ဗျာ၊ ၂-၃)။

ခရစ်ယာန်များသည် ယေဘုယျအားဖြင့် ဘုရားသခင်၏မေတ္တာတော်နှင့်သမ္မာတရားကို အသင်းတော်နှင့်လူ့အဖွဲ့အစည်းအပေါ် ကြီးမားသောအကျိုးသက်ရောက်မှုရှိရန် အလိုဆန္ဒရှိကြသည်။ သို့သော် အသင်းတော်၏အားနည်းချက်ဖြစ်စဉ်များကို ကိုင်တွယ်ဖြေရှင်းရန် အခက်တွေ့ကြသည်။ သီဩလော်ဂျီနှင့်အသင်းတော်ကို ရှုတ်ချဝေဖန်မည့်အစား အသင်းတော်နှင့်ကျွန်ုပ်တို့အပေါ် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် အသက်ပြောင်းလဲခြင်းလုပ်ငန်းကို ခိုင်မာစွာနားလည်ခြင်းဖြင့် ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို ခိုင်ခံ့စေကြပါစို့။

ကျွန်ုပ်တို့သည် ကယ်တင်ခြင်းခံရရုံသာမကပဲ ဘုရားတရားကိုင်းရှိုင်းသည့်အသက်တာ၌ အသက်ရှင်နေထိုင်ရန် ဝိညာဉ်တော်သည် မိမိတို့အသက်တာ၌ ထိရောက်စွာလုပ်ဆောင်ရန် လိုအပ်သည်ကို အာရုံစိုက်ကြပါမည်။ ယနေ့မိမိကိုယ်ကို ခရစ်ယာန်ဟုခေါ်ဆိုသောသူတို့အပေါ်၌ အမှန်ပင်ဘုရားသခင်

၏ဝိညာဉ်တော်တည်ရှိပါသလား။ ဝမ်းနည်းစရာကောင်းသည်ကား လူတို့က ဘုရားသခင်၏လူဖြစ်ကြောင်း ဝန်ခံကြသော်လည်း ခရစ်တော်ကို မရရှိကြပါ။ အချို့က သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးနှင့် ချစ်ခြင်းမေတ္တာတော်၌ ကြီးထွားရန် ကြိုးစားနေကြသော်လည်း လွဲနေဆဲပင်။ ဖြစ်နိုင်ချေကား ထိုသူတို့ ဘုရားသခင်၏လူအစစ်အမှန်များမဟုတ်ကြပေ။

## က) ဝိညာဉ်တော်၏အလုပ်အတွက် လိုအပ်ချက်

"ဘုန်းပွင့်တော်မမူသေးသောကြောင့် သန့်ရှင်းသောဝိညာဉ်တော်ကို မရသေး" (ယော၊ ၇:၃၉) ဟူသောအချက်သည် ဘုရားသခင်က သူ၏လူများကို ရွေးနုတ်တော်မူသည့်နေရာလက်ဝါးကပ်တိုင်ကို ညွှန်ပြသည်။ လက်ဝါးကပ်တိုင်မှာ ခရစ်တော်၏အသေခံခြင်းအားဖြင့် ခွင့်လွှတ်ခြင်းရရှိသည်။ ထို့နောက် ဘုရားသခင်သည် အမျက်တော်ပြေသွားသဖြင့် သူ့လူတို့နှင့်ဆက်ဆံရန် ရွှေ့လာခဲ့သည်။ "ထိုသခင်သည် ငါတို့၏အပြစ်မက လောကီသားအပေါင်းတို့၏ အပြစ်ဖြေစရာအကြောင်း ဖြစ်တော်မူ၏" (၁ယော၊ ၂:၂)။ ဝိညာဉ်တော်တွေ့ကြုံခြင်းနှင့် သမ္မာကျမ်းစာသွန်သင်ချက်ကောင်းများကို ဆက်လက်ထိန်းသိမ်းထားရန် ကျမ်းပိုဒ်နှစ်ပိုဒ်ကို ဦးစွာကြည့်ရှုကြပါစို့။ ဤအဖိုးတန်ချိန်ခွင်လျှာသည် ကျွန်ုပ်တို့၏ဘဝတစ်လျှောက်လုံး ဘုရားသခင်ထံနီးကပ်နေစေရန် ကူညီပေးပါလိမ့်မည်။

ပေါလုက ကျွန်ုပ်တို့သည် တစ်ချိန်ကဝိညာဉ်ရေးရာမှာ သေနေသောသူများဖြစ်ပြီး မာရ်နတ်၏တန်ခိုးနှင့်မှောင်မိုက်ထဲတွင် အသက်ရှင်လျှောက်လှမ်းကြသည်ဟုဆိုသည် (ဧဖက်၊၂:၁-၂)။ သခင်ဘုရား၏မျက်မှောက်တော်သို့ မရောက်လာမီ တစ်နည်းအားဖြင့် ယခုကဲ့သို့သောဘဝအသက်တာကို ကျွန်ုပ်တို့တစ်ယောက်ချင်းစီအတွက် သခင်ဘုရားရည်မှန်းထားသည်မှာ အလွန်ရှည်လျားသောခရီးပင်ဖြစ်သည်။ ကျူးလွန်သောအပြစ်များ၌ သေနေသောငါတို့ကို ခရစ်တော်နှင့်အတူ အသက်ရှင်စေတော်မူ၏ဟူ၍ ဖတ်ရသည် (အငယ် ၅)။

"ဘုရားသခင်သည် မိမိဘုန်းအသရေတော်၏ကြွယ်ဝမှုနှင့်အညီ မိမိ၏ဝိညာဉ်တော်အားဖြင့် သင်တို့၏အတွင်းဝိညာဉ်လူကို တန်ခိုးနှင့်တကွ ကြံ့ခိုင်သန်စွမ်းစေတော်မူ၍" (ဧဖက်၊ ၃:၁၆ စံမီကျမ်း)။

ပေါလုက "ဝိညာဉ်တော်အားဖြင့် ... တန်ခိုးနှင့်တကွ" ဟူသောစကား ဖြင့်ဆက်လက်ဖော်ပြပြီး ဘုရားသခင်၏လူတို့သည် လောကကို အောင်နိုင် သည်ဟု အသေအချာပြန်လည်ဖော်ပြသည်။ တန်ခိုးသည် ကျွန်ုပ်တို့အသက် ရှင်ဖို့အတွက် ခွန်အားဖြစ်သည်သာမက ဘုရားသခင်၏သာသနာကို ရှင်းရှင်း လင်းလင်းရှုမြင်နိုင်ရန်လည်းဖြစ်သည်။ ကျွန်ုပ်တို့အတွက် ကိုယ်တော်အလိုရှိ သမျှကို ကျွန်ုပ်တို့လုပ်ဆောင်နိုင်သည်။ ဤသည်မှာ ကျွန်ုပ်တို့၏သဘာဝစွမ်း ရည်များကြောင့်မဟုတ်ဘဲ (ဖေက်၊ ၂:၁၊ ၆:၁၀-၁၂) ကျွန်ုပ်တို့၏အသက်တာ၌ သန့်ရှင်းသောဝိညာဉ်တော်၏အဆက်မပြတ်လုပ်ဆောင်မှုနှင့်ခွန်အားပေးလုပ် ဆောင်မှုများကြောင့်ဖြစ်သည်။

နောက်ဆုံးအနေဖြင့် ဝိညာဉ်တော်၏အကျိုးသက်ရောက်မှုအများစုမှာ "အတွင်းလူ" ဖြစ်ပြီး ဆိုလိုသည်မှာ ကျွန်ုပ်တို့၏လူဟောင်းခန္ဓာကိုယ်အတွင်း ၌ရှိသော ကျွန်ုပ်တို့၏အသစ်သောအသက်ဖြစ်ကြောင်း ကျွန်ုပ်တို့ကိုယ်ကို သ တိပေးရပါမည်။ ဤအတွင်းလူလုပ်ဆောင်မှု၏ရလဒ်သည် ကျွန်ုပ်တို့၏ဘဝ အသက်တာနှင့် ရွေးချယ်မှုများအပေါ် သေချာပေါက်အကျိုးသက်ရောက်လိမ့် မည်။ သို့သော် ကျွန်ုပ်တို့သည် ယုံကြည်သူများအဖြစ် ခိုင်ခံ့လာစေရန်အတွက် ဦးစွာအတွင်းလူအသက်တာကို ပြုစုပျိုးထောင်ရမည်ဖြစ်သည်။ မှန်ကန်သော တွေးခေါ်မှု၊ မှန်ကန်သောသမ္မာကျမ်းစာအမြင်ကို ပိုင်ဆိုင်ထားခြင်းဖြင့် မိမိတို့ အသက်တာ၌ အမှန်တကယ်ဖြစ်ပျက်နေသည့်အရာများကို ဘုရားသခင်၏ ရည်ရွယ်ချက်များနှင့် ချိတ်ဆက်နိုင်စေရန်ဖြစ်သည်။ သို့မှသာ ဝိညာဉ်တော် ၏အမှုတော်နှင့် ပူးပေါင်းလုပ်ဆောင်နိုင်ပြီး ဘုရားသခင်သည် ကျွန်ုပ်တို့၏ဘ ဝအသက်တာကို ပိုမိုနက်ရှိုင်းစွာအကျိုးသက်ရောက်စေမည်ဖြစ်သည်။

"ငါတို့သည် သင်တို့နှင့်အတူနေသောအခါ သင်တို့အတွက် အဘယ်သို့ သောသူ ဖြစ်သည်ကို သင်တို့သိကြသည်နှင့်အညီ ငါတို့ဟောပြောသောဧဝံဂေ လိတရားသည် သင်တို့၌ စကားသက်သက်ဖြစ်သည်မဟုတ်။ တန်ခိုးနှင့်လည်း ကောင်း၊ သန့်ရှင်းသောဝိညာဉ်တော်နှင့်လည်းကောင်း၊ ဝိစိကိစ္ဆာမရှိဘဲ အမှန် သိခြင်းနှင့်လည်းကောင်း ပြည့်စုံသောတရားဖြစ်၏" (၁သက်၊ ၁:၅)။

ဧဝံဂေလိတရားသည် ကျွန်ုပ်တို့၏အသက်တာပြောင်းလဲခြင်းကို အစ ပြုပေးသည့်တရားဖြစ်ပြီး ဘုရားသခင်နှင့် ကျွန်ုပ်တို့၏ဆက်ဆံရေးတွင် အံ့ဩ ဖွယ်ရာပြောင်းလဲမှုများကို ဆောင်ကြဉ်းရန် ဘုရားသခင်၏ဝိညာဉ်တော်မှအ

သုံးပြုသောဘုရားသခင်၏ကယ်တင်ခြင်းသတင်းစကားဖြစ်သည်။ ဟောပြောသောနှုတ်ကပတ်တော်သည် တမန်တော် ၂:၃၇ တွင် ကျွန်ုပ်တို့တွေ့ခဲ့သည့်အတိုင်း သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးနှင့် သိမြင်စေခြင်းကို ဆောင်ကြဉ်းသင့်သည်။ ဤသည်မှာ သက်သာလောနိတ်မြို့၌ ပေါလု၏ဟောပြောခြင်းမှတစ်ဆင့် သခင်ဘုရားပြုတော်မူသည့်အရာဖြစ်ပြီး သင့်ရွာ၊ သင့်မြို့နှင့်သင့်နှလုံးသား၌လည်း လုပ်ဆောင်နိုင်သည်။ ဤအရာအားလုံးကို ဖော်ပြရခြင်း၏အချက်မှာ ကျွန်ုပ်တို့အသက်တာထဲသို့ ဝိညာဉ်တော်ပေးဆောင်သည့်ဆုကျေးဇူးများအကြောင်း နားလည်သဘောပေါက်ရန်ဖြစ်သည်။ ပေါလုသည် ကျွန်ုပ်တို့အသက်တာ၌ ကြီးမားသောပြောင်းလဲမှုများကို မီးမောင်းထိုးပြရန် "တန်ခိုး" ဟူသောစကားလုံးကို အသုံးပြုသည်။

## အရေးကြီးသောမေးခွန်းများ

- သန့်ရှင်းသောဝိညာဉ်တော်သည် စစ်မှန်သောယုံကြည်သူတိုင်းနှင့် အတူနေရန် ဆင်းကြွလာသလော။ ဆင်းကြွလာပါသည်။ ဝိညာဉ်တော်၏ဘိသိက်ပေးခြင်း/ဗတ္တိဇံပေးခြင်းသည်ယုံကြည်သူတိုင်းအတွက်ဖြစ်ပြီး ဝိညာဉ်တော်သည် ကျွန်ုပ်တို့နှင့်အတူ အမြဲရှိနေသည်ဟူသော စိတ်ချရသည့်ငြိမ်သက်မှုကို ဆောင်ကြဉ်းပေးပါသည်။
- ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်ကို မဆုံးရှုံးနိုင်ပါ။ အချို့က ဒါဝိဒ်၏ဆုတောင်းချက် "သန့်ရှင်းသောဝိညာဉ်တော်ကို ရုပ်သိမ်းတော်မမူပါနှင့်" (ဆာလံ၊ ၅၁:၁၁) ဟူသောကျမ်းစကားကို စွဲကိုင်ပြီး ယုံကြည်သူတစ်ဦးထံမှ ဝိညာဉ်တော်ထွက်သွားနိုင်သည်ဟုဆိုကြသည်။ ဓမ္မဟောင်းကာလတွင် လူတို့အပေါ် ဝိညာဉ်တော်ကွဲပြားစွာဆင်းသက်လာပြီး ၎င်းတို့နှင့်အတူ အမြဲရှိနေမည်ဟု ကတိမပေးခဲ့ပေ။ "ထာဝရဘုရား၏ဝိညာဉ်တော်သည် ရှောလုမှထွက်သွား၍ ထာဝရဘုရားထံတော်က ဆိုးသောဝိညာဉ်သည် နှောင့်ယှက်တတ်၏" (၁ ရာ၊ ၁၆:၁၄) ဟူသောအဖြစ်အပျက်ကို ဒါဝိဒ်ကိုယ်တိုင်မြင်ခဲ့ရသည်။ ရှောလု၏မနာခံခြင်းကြောင့် ဝိညာဉ်တော်သည် သူ့ထံမှထွက်သွားရခြင်းဖြစ်သည်။ ဒါဝိဒ်သည်လည်း လူသတ်မှုနှင့် အိမ်ထောင်ရေးဖောက်ပြန်မှု ကျူးလွန်ခဲ့ခြင်းအတွက် အမှန်တကယ်စိုးရိမ်ပူပန်မိသောကြောင့် ဤသို့ဖော်ပြခဲ့သည်။

ဓမ္မသစ်ကာလ၌ ဝိညာဉ်တော်အတူပါရှိခြင်းသည် ကယ်တင်ခြင်းနှင့် ဆက်စပ်နေသည်။ ကယ်တင်ခြင်းဆုံးရှုံးနိုင်သည်ဟု ယူဆသူများသည် ဝိညာဉ်တော်ဆုံးရှုံးနိုင်သည်ဟု ပြောခြင်းနှင့် အတူတူပင်ဖြစ်သည်။ ဝိညာဉ်တော်သည် လူတစ်ဦး၌ မတည်လျှင် သခင်ဘုရားကို မသိသောကြောင့်ဖြစ်သည် (၁ယော၊ ၂:၁၉)။ ဒုတိယမွေးဖွားခြင်း မခံရသေးသောကြောင့်ဖြစ်သည်။ ယုံကြည်သူသည် ဒုစရိုက်အပြစ်ကြောင့် ဘုရားသခင်နှင့် ရင်းနှီးမှုမှ ဆုံးရှုံးနိုင်သည်၊ ဝိညာဉ်တော်ကို ဝမ်းနည်းစေနိုင်သည် (ဧဖက်၊ ၄:၃၀)၊ ဝိညာဉ်တော်ကို အရှိန်ငြိမ်းစေနိုင်သည် (၁သက်၊၅:၁၉)။ ၎င်းသည် ဘုရားသခင်၏အမှုတော်ကို တားဆီးနိုင်သည်။ သို့သော် ဓမ္မဟောင်းကာလကကဲ့သို့ မိမိတို့အထဲမှဝိညာဉ်တော်ထွက်မသွားတော့ပေ။ အကယ်၍ ဒုစရိုက်အပြစ်ပြုမိပါက မိမိတို့နှင့်ဘုရားသခင်ကြား ဆက်နွယ်မှုပြန်ကောင်းဖို့ရန် ဝန်ချတောင်းပန်ရမည် (၁ ယော၊ ၁:၉)။ စစ်မှန်သောယုံကြည်သူသည် ကယ်တင်ခြင်း သို့မဟုတ် သန့်ရှင်းသောဝိညာဉ်တော်ကို မဆုံးရှုံးနိုင်သော်လည်း ဝိညာဉ်တော်၏အကျိုးသက်ရောက်မှုသည် အလွန်စိတ်မကောင်းဖြစ်နိုင်ပါသည်။

- သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့အား ပြည့်ဝစေခြင်းဖြင့် သူ့ကိုယ်သူ အမြဲတမ်းအပြည့်အဝထင်ရှားမည်လော။ ဝိညာဉ်တော်သည် ကယ်တင်ခြင်း၌ ကျွန်ုပ်တို့၏အသက်တာတွင် အစပြုလုပ်ဆောင်ခြင်းများစွာကို လုပ်ဆောင်သည်။ သို့သော် “ဝိညာဉ်တော်နှင့်ပြည့်ဝကြလော့” ဟူသောမိန့်မှာချက်က (ဧဖက်၊ ၅:၁၈) ကျွန်ုပ်တို့အား ဝိညာဉ်ရေးကြီးထွားမှုသည် သူ၏နှိုးဆော်မှုအပေါ် မိမိတို့၏တုံ့ပြန်မှု၌မူတည်ကြောင်း ရှင်းရှင်းလင်းလင်း သွန်သင်ပေးပါသည်။
- ယုံကြည်သူသည် ကယ်တင်ခြင်းပြီးနောက် ဝိညာဉ်တော်၏ဒုတိယကောင်းချီးကို ရှာသင့်သလော။ ဤသွန်သင်ချက်က မမှန်ကန်ပေ။ ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်ရရှိသောအခါ မိမိတို့အထဲ၌ ထိုသန့်ရှင်းသောဝိညာဉ်တော်ရှိနေသောကြောင့် မိမိတို့လိုအပ်သောအရာရှိပါသည်။ သာ၍ကြီးသောပြဿနာမှာ ကျွန်ုပ်တို့၌ ဝိညာဉ်တော်တည်ရှိနေခြင်းမဟုတ်ဘဲ ထိုဝိညာဉ်တော်ကို မသိနားမလည်မှုနှင့် မနာခံခြင်းပင်ဖြစ်သည်။ ယုံကြည်သူအားလုံး၏အသက်တာတွင် ဝိညာဉ်တော်၏အထူးဘိသိက်ပေးခြင်းကို ရ

ရှိပြီးဖြစ်သည်။ ကောရိန္သုမြို့မှဇာတိခရစ်ယာန်များကိုပင် ဘုရားသခင်၏ ဗိမာန်တော်ဟု ခေါ်ဝေါ်ခြင်းခံရသည် (၁ကော၊ ၆:၁၉)။

- ယုံကြည်သူတို့သည် ကျွန်ုပ်တို့၏အသက်တာ၌ ဝိညာဉ်တော်၏တန်ခိုး၊ မျက်မှောက်တော်၊ ချစ်ခြင်းနှင့်ဉာဏ်ပညာကို အပြည့်အဝဖော်ပြရန် သူ့ကို ရှာဖွေသင့်သည်မဟုတ်လော။ ရှာဖွေသင့်သည်၊ ခရစ်ယာန်အသက်တာသည် ကြီးထွားနေသောဆက်ဆံရေးတစ်ခုအဖြစ် ပုံဖော်ထားသည်။ နေ့ရက်တိုင်းသည် သင့်စိတ်နှလုံးကို ဘုရားသခင်၏ဝိညာဉ်တော်နှင့် ကိုယ်တော်၏အမှုတော်အတွက် သင့်နှလုံးသားကို ဖွင့်ရန် အခွင့်အရေးများစွာပေးသည်။
- သန့်ရှင်းသောဝိညာဉ်တော်ကို စော်ကားရန် ဖြစ်နိုင်ပါသလား။ ယုံကြည်သူများသည် ဤဆိုးဝါးသောအမှား သန့်ရှင်းသောဝိညာဉ်တော်အား စော်ကားပြောဆိုခြင်းကို ကြောက်ရွံ့ရန် မလိုအပ်ပါ။ အကြောင်းမှာ ယုံကြည်သူများအတွက် အသက်၏ရင်းမြစ်ဖြစ်သောဝိညာဉ်တော်ကို မည်သို့မျှငြင်းပယ်၍ မရသောကြောင့်ဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော်ကို စော်ကားခြင်း ပြဿနာသည် အံ့ဖွယ်အမှုတော်ကို မြင်သော်လည်း ဘုရားသခင်ကို ဆန့်ကျင်သောစိတ်နှလုံးခိုင်မာသောသူတို့အား ယေရှု၏ဆုံးမခြင်းမှ အစပြုပါသည်။ စစ်မှန်သောယုံကြည်သူများသည် ဝိညာဉ်တော်အားဖြင့် မွေးပြီး (ယော၊ ၃:၅-၆) ဝိညာဉ်တော်အားဖြင့် အသက်ရှင်စေခြင်းခံရသောကြောင့် (ယော၊ ၆:၆၃) ဝိညာဉ်တော်ကို စော်ကားခြင်းအပြစ် မကျူးလွန်နိုင်ကြပေ။ ထိုသူတို့သည် ရှုပ်ထွေးသော/လွဲမှားသောယုံကြည်သူများမဟုတ်ဘဲ ဝိညာဉ်တော်ဖြင့် ယေရှုပြုတော်မူသောတန်ခိုးကြီးသောအမှုများကို မြင်ရသော်လည်း ခရစ်တော်၏ပြောဆိုချက်များကို ငြင်းဆိုနေသူများကိုသာ ဆိုလိုပါသည်။ ဤလူတို့သည် ကယ်တင်ခြင်းတံခါး၊ ဘုရားသခင်၏ဝိညာဉ်တော် တံခါးကို ပိတ်ထားသောကြောင့် ခွင့်လွှတ်ခြင်းကို ရှာမတွေ့နိုင်ပေ။

## ခ) ဝိညာဉ်တော်၏အလုပ်အတွက် ဝေါဟာရများကို ဖော်ပြခြင်း

ဝိညာဉ်တော်၏အလုပ်နှင့်ဆက်စပ်သော ကျမ်းစာဝေါဟာရများကို ဂရုတစိုက်သတ်မှတ်ခြင်းဖြင့် များစွာသောရှုပ်ထွေးမှုများကို ရှောင်ရှားနိုင်ပြီး မိမိတို့၏အသက်တာနှင့် သက်ဆိုင်သည့်သန့်ရှင်းသော ဝိညာဉ်တော်၏အလုပ်ကို တိကျစွာဆုပ်ကိုင်နိုင်ကြသည်။ ယုံကြည်သူတို့၏အသက်တာ၌ သန့်ရှင်းသော

ဝိညာဉ်တော်၏အလုပ်နှင့်ပတ်သက်၍ ရှုပ်ထွေးစေသည့်အကြောင်းရင်းများစွာရှိပါသည်။

- "ဝိညာဥ်" ဒ အသေးနှင့်စရေးသောစကားလုံးကို "ဝိညာဉ်" ဉ အကြီးနှင့် ရေးသောစကားလုံးနှင့် မကြာခဏရောထွေးလေ့ရှိသည် (ဒ အသေးနှင့် ဉ အကြီးနှင့် ရေးသော "ဝိညာဉ်တော်" ဝေါဟာရကို သမ္မာကျမ်းစာတွင် ၅၁၉ ကြိမ်အသုံးပြုထားသည်)။
- ဝိညာဉ်တော်၏အလုပ်ကို ရည်ညွှန်းချက်များသည် ကမ္ဘာဦးကျမ်းမှ ဗျာဒိတ်ကျမ်းအထိ လွှမ်းခြုံထားသည် (က၊ ၁:၂၊ ဗျာ၊ ၂၂:၁၇)။
- ပင်္ဂိညာဉ်တရားသစ်မတည်မီ သို့မဟုတ် အပြီးတွင်ဖြစ်စေ၊ လက်ဝါးကပ်တိုင်မတိုင်မီ သို့မဟုတ် အပြီးတွင်ဖြစ်စေ ဝိညာဉ်တော်သည် မတူညီသောအချိန်များတွင် နည်းလမ်းအမျိုးမျိုးဖြင့် လုပ်ဆောင်ခဲ့သည်။
- သန့်ရှင်းသောဝိညာဉ်တော်သည် မျက်မြင်မရပေ။ သူ၏မျက်မြင်မရသောသဘာဝက သူ့ကိုနားလည်ရခက်စေသည်။ ဝိညာဉ်တော်ဖြစ်သည့်လေကိုရှင်းပြပါ။
- ဆိုးယုတ်သောခေတ်သစ်လှုပ်ရှားမှုတွင် နေရာတိုင်း၌ မှားယွင်းသောသဘောပေါက်နားလည်မှုများ ပေါ်လာသည်။
- သန့်ရှင်းသောဝိညာဉ်တော်နှင့်ပတ်သက်သည့် မှားယွင်းသောသွန်သင်ချက်များစွာသည် လှည့်စားပြီး အမြဲရှုပ်ထွေးစေပါသည်။
- သန့်ရှင်းသောဝိညာဉ်တော်နှင့်ပတ်သက်၍ ကျမ်းစာသွန်သင်ချက်ကောင်းမရှိခြင်းသည် အလွန်ဒုက္ခပေးသည်။
- ရန်သူသည် ဘုရားသခင်၏လူများကိုလမ်းလွဲစေရန်ရည်ရွယ်၍ စစ်မှန်သောအတုကို အတုလုပ်လေ့ရှိသည်။
- မနာခံခြင်းသည် မယုံကြည်ခြင်းကြောင့် ဖြစ်ပေါ်လာသည်။

## ကျမ်းစာဝေါဟာရများက ဝိညာဉ်တော်၏အလုပ်ကို ဖော်ပြသည်

သန့်ရှင်းသောဝိညာဉ်တော်၏အလုပ်ကို ဖော်ပြသောကျမ်းစာဆိုင်ရာအဓိပ္ပါယ်ဖွင့်ဆိုချက်ခြောက်ခုကို ဖော်ပြထားပါသည်။ ကျမ်းစာ၌ ဖော်ပြထားသည်များကို အခိုင်အမာပြောဆိုသည့်အခါ ကျွန်ုပ်တို့သည် အတုအယောင်

များကိုတားဆီးနိုင်ပြီး ဝိညာဉ်တော်၏မျက်မှောက်တော်နှင့်လုပ်ဆောင်မှုတွင် ကျွန်ုပ်တို့၏မွေ့လျော်မှုကို နက်ရှိုင်းစေနိုင်သည်။

**ဒုတိယမွေးဖွားခြင်း** (တိတု၊ ၃:၅၊ ယော၊ ၃:၇) သည် ဘုရားသခင်၏လူများကိုလှုပ်ရှားစေသော သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် တစ်ကြိမ်တည်းသောအသက်ပေးလုပ်ဆောင်မှုဖြစ်ပြီး သူ၏မျက်မှောက်တော်၊ တန်ခိုးနှင့်ချစ်ခြင်းမေတ္တာတို့၌ မြင်တွေ့ရခြင်းဖြစ်သည်။ ၎င်းသည် ယုံကြည်သူ၏စိတ်နှလုံးနှင့်အသက်တာတွင် ဘုရားသခင်၏ကယ်တင်ခြင်း ကျေးဇူးတော်အမှတ်အသားများကို ထုတ်ပေးသည့် ဝိညာဉ်တော်၏အသက်သစ်ဖြင့် စတင်သည်။

**ဝိညာဉ်တော်၏တံဆိပ်ခတ်ခြင်း** (၂ ကော၊ ၁:၂၂၊ ဧ၊ ၁:၁၃) သည် ကယ်တင်ခြင်း၌ ယုံကြည်သူတစ်ဦးအား အမြဲဘုရားသခင်နှင့်သက်ဆိုင်ကြောင်း တစ်ကြိမ်တည်းသောဝိညာဉ်ရေးအမှတ်အသားကို ရည်ညွှန်းသည်။

**ဝိညာဉ်တော်၏ဗတ္တိဇံ** (လု၊ ၃:၁၆; တ၊ ၁:၅၊ ၂:၃၈၊ ၁၀:၄၇) သည် ဒုတိယမွေးဖွားခြင်းမှစီးဆင်းလာသော ယုံကြည်သူ၏အသက်တာ၌ ဘုရားသခင်၏သိသာထင်ရှားသောအမှုတော်ကို ရည်ညွှန်းခြင်းဖြစ်သည်။ ယုံကြည်သူများ၏အသက်တာ၌ ဘုရားသခင်တည်ရှိကြောင်း တွေ့ကြုံခံစားခြင်းသည် သခင်ယေရှု၏အသွေးတော်အားဖြင့် ပဋိညာဉ်သစ်အသက်ဝင်လာပြီးမှဖြစ်ပါသည်။ တစ်နည်းဆိုသော် ခရစ်တော်ရှင်ပြန်ထမြောက်ပြီးနောက်ပိုင်း သန့်ရှင်းသောဝိညာဉ်တော်ဆင်းကြွလာချိန်၌ ဖြစ်ပေါ်သည် (တ၊ ၁:၄-၅)။

**ဝိညာဉ်တော်နှင့် ပြည့်ဝခြင်း** (ဧ၅:၁၈) သည် ယုံကြည်သူတို့၏အသက်တာ၌ ဝိညာဉ်တော်အတူပါရှိခြင်းဖြင့် ၎င်းတို့ကိုအပြည့်အဝလွှမ်းမိုးရန် အခွင့်ထူးကိုဆိုလိုသည်။ ဝိညာဉ်တော်နှင့် ပြည့်ဝခြင်းသည် ယုံကြည်သူတိုင်း၏စိတ်နှလုံးထဲသို့ သန့်ရှင်းသောဝိညာဉ်တော်ရောက်ရှိခြင်းဖြင့် အပြည့်အဝပြောင်းလဲနိုင်သည့်အလားအလာကို ကျွန်ုပ်တို့အား သတိပေးသည်။

**ဝိညာဉ်တော်၏သက်သေခံချက်** (ရော၊ ၈:၁၆) သည် ဝိညာဉ်တော်၏ထူးခြားသောဗျာဒိတ်တော်အကြောင်းကို ပြောထားပြီး ဘုရားသခင်၏လူတို့သည် သခင်ဘုရားနှင့်သက်ဆိုင်ကြောင်း ယုံကြည်လက်ခံစေပါသည်။ ဤအာမခံချက်သည် အချိန်နှင့်အမျှ အမျိုးမျိုးသောအတွေ့အကြုံများမှတစ်ဆင့် ကြီးထွားလာသော်လည်း ကျွန်ုပ်တို့သည် အစဉ်အမြဲကိုယ်တော်နှင့် စပ်ဆိုင်သည်ဟူသောသတင်းစကားသည် အတူတူပင်ဖြစ်သည်။

**ဝိညာဉ်တော်၏သန့်ရှင်းစင်ကြယ်စေခြင်း** (၂တိ၊ ၂:၁၃၊ ၁ပေ၊ ၁:၂၊ ၁၅-၁၆)။ ဆိုလိုသည်မှာ ဘုရားသခင်ကဲ့သို့ သန့်ရှင်းစေရန်အတွက် ဝိညာဉ်တော်အားဖြင့် အသက်တာပုံသွင်းခြင်း တိုးပွားလာခြင်းကို ရည်ညွှန်းသည်။ “သန့်ရှင်းခြင်း” ဟူသောစကားလုံးသည် တစ်ကြိမ်တည်းလုပ်ဆောင်ခြင်းကို ရည်ညွှန်းပြီး (၁ ကော၊ ၁:၂၊ ၆:၁၁)၊ ဘုရားသခင်၏လူတို့ကို သန့်ရှင်းစေသည်ဟု ဆိုလိုပါသည်။




## ၈) အထူးကောင်းချီးများကို ဖော်ပြခြင်း (ယော၊ ၁၅:၇-၈)

ကျွန်ုပ်တို့၏အသက်တာတွင် သန့်ရှင်းသောဝိညာဉ်တော်၏လုပ်ဆောင်ချက်နှင့်ပတ်သက်၍ သမ္မာကျမ်းစာပြောထားသည်များကို ခိုင်မာစွာနားလည်ပြီး လေးမြတ်ခြင်းဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်၏လူတို့ တွေ့ကြုံခံစားရသောအထူးအတွေ့အကြုံများကို သဘောပေါက်နိုင်မည်ဖြစ်သည်။ အချို့ယုံကြည်သူများသည် ဤအတွေ့အကြုံများကို အလေးပေးသော်လည်း အချို့ကငင်းတို့ကို ပြတ်ပြတ်သားသားပယ်ချသည်။ ကျွန်ုပ်တို့သည် မောရှေ၊ ယေရှု၊ ပေါလု၊ ယောဟန်နှင့် တစ်ချိန်ကရွေးချယ်ခံရသောသူများနှင့် ပူးပေါင်းသည်။ အချို့မှာ အတုအယောင်များဖြစ်ပြီး အချို့မှာ အစစ်အမှန်များဖြစ်ကြသည်။ နောက်ပိုင်းတွင် တမန်တော်ပေါလုက သူသည် မရှင်းပြနိုင်သောခရီးစဉ်တစ်ခုအဖြစ် တတိယကောင်းကင်သို့ ချီဆောင်ခြင်းခံရသည်ဟုဆိုသည် (၂ကော၊ ၁၂:၁-၂)။

တစ်ချို့က တစ်စုံတစ်ဦးသည် ဝိညာဉ်တော်နှင့် ပြည့်ဝသောအသက်တာနှင့်အသက်ရှင်ခြင်းငှာ ကယ်တင်ခြင်းအပြင် ဝိညာဉ်တော်ကို ဒုတိယအကြိမ်တွေ့ကြုံခံစားရန် လိုအပ်သည်ဟုဆိုကြသည်။ နောက်တစ်ကြိမ် ဤအကြောင်းအရာကို အခြားရှုထောင့်မှကြည့်ရန် ကျမ်းပိုဒ်ငယ်အချို့ကို လေ့လာကြည့်ကြပါစို့။ ကျွန်ုပ်တို့သည် ကောင်းကင်ခမည်းတော်ထံမှ နောက်ထပ်များစွာတောင်းဆိုသင့်သည်ဟု ကျွန်ုပ်တို့အား ပြောပြထားသည့်သခင်ယေရှု၏လှုံ့ဆော်ခြင်း စကားများဖြင့် စတင်ပါမည်။

"သင်တို့သည် အဆိုးဖြစ်လျက်ပင် ကိုယ်သားတို့အား ကောင်းသောအရာကို ပေးတတ်လျှင် ထိုမျှမက ကောင်းကင်ဘုံ၌ ရှိတော်မူသော သင်တို့အဘသည် ဆုတောင်းသောသူတို့အား သန့်ရှင်းသောဝိညာဉ်တော်ကို သာ၍ပေးတော်မူမည်မဟုတ်လောဟု မိန့်တော်မူ၏" (လု၊ ၁၁:၁၃)။

"သန့်ရှင်းသောဝိညာဉ်တော်ကို သာ၍ပေးတော်မူမည်" ဟူသောစကားစုသည် ဘုရားသခင့်ဝိညာဉ်တော်၏မျက်မှောက်တော်သည် သူ့လူတို့အပေါ်သို့ရောက်ရှိလာသည့်ပုံစံကိုဖော်ပြသည်။ သို့သော် အတုအပများစွာရှိနေသောကြောင့် သတိထားရမည်။ ကျွန်ုပ်တို့၏သွေးသားဇာတိများကို ထလာ၍ မိမိတို့၏သိရှိနားလည်ခြင်းကို တိမ်ကောစေနိုင်သည်။သန့်ရှင်းသောဝိညာဉ်တော်မူကား ကျွန်ုပ်တို့၏အသက်တာကို အကောင်းဘက်သို့သက်ရောက်စေမည့် ဘုရားသခင်ထံမှ အလွန်ကောင်းသောဆုကျေးဇူးတစ်ခုဖြစ်ပါသည်။

"သင်တို့သည် ငါ၌တည်၍ ငါ့စကားသည် သင်တို့၌တည်လျှင် သင်တို့သည်တောင်းချင်သမျှကို တောင်း၍ရကြလိမ့်မည်။ သင်တို့သည် များစွာသောအသီးကို သီးသောအားဖြင့် ငါ့ခမည်းတော်သည် ဘုန်းထင်ရှားတော်မူ၍ သင်တို့သည်လည်း ငါ၏တပည့်မှန်ကြလိမ့်မည်" (ယော၊ ၁၅:၇-၈)။


ဝိညာဉ်တော်၏ထိတွေ့မှုတိုင်းသည် ထူးခြားပါသည်။ အနန္တတန်ခိုးရှင်ဘုရားသခင်သည် သူ၏လူများနှင့် စကားပြောဆိုရန် သူ၏ဝိညာဉ်တော်ကို အသုံးပြုသော်လည်း ထိုအရာသည် ဘုရားသခင်၏လူတို့အတွက် ပုံမှန်ဖြစ်သင့်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ယုံကြည်သူလူငယ်များအား ဆုတောင်းပြီး ဘုရားသခင်၏နှုတ်ကပတ်တော်ကို ဖတ်ရှုရန် သွန်သင်ပေးသည်။ ယုံကြည်သူတို့သည် နှုတ်ကပတ်တော်ညွှန်ကြားထားသည့်အတိုင်း ခရစ်တော်နှင့် တည်

မြဲသောဆက်ဆံရေးရှိဖို့ လိုအပ်သည်။ သခင်ယေရှုက သူ၌ အမြဲတည်နေရန် ကျွန်ုပ်တို့ကို မိန့်ဆိုခဲ့သည်။

## သမိုင်းအမြင်

အထူးအတွေ့အကြုံများတွင် ဤအချက်ကို နိဂုံးမချုပ်မီ သန့်ရှင်းသော ဝိညာဉ်တော်ထံ အသင်းတော်၏ယေဘုယျ ချဉ်းကပ်ပုံနှင့် ဤအထူးဝိညာဉ်တော်အတွေ့အကြုံများအကြောင်းကို သမိုင်းဆိုင်ရာရှုထောင့်တစ်ခုကို တင်ပြလိုပါသည်။ ကျွန်ုပ်တို့၏ပတ်ဝန်းကျင်တွင် ကြီးမားသောလွန်ကဲမှုများကြောင့် ယခုနှင့်ယခင်က ကျွန်ုပ်တို့သည် တစ်ဖက်နှင့်တစ်ဖက် ဆန့်ကျင်ဘက်ဖြစ်တတ်သည်။

Puritanism ဝါဒီသည် မူလက ရိုမန်ကက်သလစ်တွင် တွေ့ရှိရသည့် သမ္မာကျမ်းစာနှင့်မကိုက်ညီသောကြီးထွားမှုမှ ခွဲထွက်လာသောပြင်ပြောင်းလဲမှုကို ကိုယ်စားပြုသည်။ အခြားသူများပေးသော ဆုတောင်းစာအုပ်ကို ဖတ်ခြင်းထက် ဘုရားသခင်၏နှုတ်ကပတ်တော်ကို လွတ်လွတ်လပ်လပ်ဟောပြောရန် တောင်းဆိုခဲ့ကြသည်။ သူတို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်ဘက်သို့ မိမိတို့၏စိတ်နှလုံးများကို ဖွင့်ဟကြသည်။ သို့သော် Puritanism ဝါဒီသမားများသည် ဆိုးဝါးသောစုံစမ်းစမ်းသပ်မှုများကို ခံစားခဲ့ရသဖြင့် Puritanism အတွင်း ကြီးမားသောတုံ့ပြန်မှုနှစ်ခုဖြစ်လာသည်။ ဇယားပုံကိုကြည့်ပါ။ ဆင်ခြင်တုံတရားတွေးခေါ်မှုဝါဒီသည် John Owen နှင့် Tomas Goodwin ကို ကိုယ်စားပြုပြီး အခြားတစ်ဖက်ရှိ အတွေ့အကြုံဝါဒီသည် George Fox နှင့် Quakers ကို ကိုယ်စားပြုပါသည်။ ပညာတတ်များသည် Quakers ကို ကြောက်ရွံ့ပြီး ဆင်ခြင်တုံတရားတွေးခေါ်မှုကိုသာ အာရုံစိုက်ခဲ့ကြသော်လည်း ကမ္ဘာကြီး၏လွှမ်းမိုးမှုမှာ အလွန်အကျွံဖြစ်ခဲ့သည်။ Fox သည် သီဩလော်ဂျီအရ မတွေးဘဲ အတွင်းပိုင်းဖွင့်ပြခြင်းကိုသာ အာရုံစိုက်ခဲ့သည်။




Jonathan Edwards မှုကား သူ့စာအုပ် Religious Affections နှင့်အခြားသောစာအုပ်များတွင် ဖော်ပြထားသည့်အတိုင်း ဤအကြောင်းအရာနှစ်ခုလုံးသည် ဘုရားသခင်၏အသင်းတော်ကို ခိုင်ခံ့စေရန်အတွက် ရှင်းရှင်းလင်းလင်းပေါင်းစပ်ကာ သီသြလော်ဂျီအရ ရောနှောခြင်းသာမက ဘုရားသခင်ကို အတွေ့အကြုံအရ နားလည်မှုကိုပါ အခိုင်အမာရရှိစေခဲ့သည်။ ဤသည်မှာ အဓိကအချက်ဖြစ်သည်။ ကျွန်ုပ်တို့၏အသက်တာ၌ ဝိညာဉ်တော်၏လုပ်ဆောင်မှုကို အပြည့်အဝအာရုံစိုက်နိုင်ရန် အသင်းတော်၌ ဘုရားသခင်၏နှုတ်ကပတ်တော်နှင့် ဝိညာဉ်တော်၏လုပ်ဆောင်မှုကို ခိုင်ခံ့သောကတိကဝတ်ဖြင့် စောင့်ထိန်းထားရမည်ဖြစ်သည်။

## ဃ) နိုးကြားမှုကို ရှာဖွေခြင်း

နိုးကြားခြင်း စတင်ခြင်းသည် ဘုရားသခင့်ဝိညာဉ်တော်၏လုပ်ဆောင်မှုအတွက် အလွန်အရေးကြီးသည်။ နိုးကြားခြင်းသည် ယုံကြည်သူများအပေါ်တွင် ဘုရားသခင်၏ဝိညာဉ်တော် သွန်းလောင်းခြင်းဖြစ်ပြီး များစွာသောသူတို့သည် သခင်ဘုရားကိုသိလာစေရန် ၎င်းတို့၏အသက်တာတွင် ဘုရားသခင်၏အမှုတော်ကို ရှေ့သို့တွန်းပို့သည့် နည်းလမ်းဖြစ်သည်။

လက်ရှိမြင်ကွင်းမှာ မြောက်အမေရိကနှင့်ဥရောပအတွက် ဘုရားသခင်၏သမ္မာတရားအားဖြင့် ပြန်လည်နိုးထလာစေရန် တောင်းလျှောက်နေသည်မှာ သံသယဖြစ်စရာမရှိပါ။ လိုအပ်သည်မှာ ဤနေရာတွင်ရှိသော်လည်း လူအ

နည်းငယ်ကသာ အပြစ်/ဘုရားသခင်၏သမ္မာတရားအတွက် ငိုကြွေးကြသည်။ ခရစ်ယာန်သွန်သင်ခြင်းနှင့်ကျင့်ထုံးများအပေါ် ရန်လိုမုန်းတီးမှုများ ကြီးထွားလာချိန်တွင် အသင်းတော်သည် တဖြည်းဖြည်းကွယ်ပျောက်လျက်နေသည်။ ဘုရားသခင်၏လူတို့သည် အလွန်သတိရှိရပါမည်။ အကျဉ်းကျနေသောတမန်တော်ပေတရုအတွက် သန့်ရှင်းသူတို့သည် ထက်ထက်သန်သန် ဆုတောင်းခဲ့ပုံကို သတိပြုပါ။ “ပေတရုသည် ထောင်ထဲ၌ အကျဉ်းနေရစဉ် သင်းဝင်သူတို့သည် သူ့အဖို့ကြိုးစား၍ ဘုရားသခင်ကိုဆုတောင်းပတ္ထနာပြုကြ၏”(တ၊ ၁၂း၅)။ ဘုရားသခင်၏လူတို့သည် စည်းလုံးညီညွတ်စွာကြိုးပမ်းအားထုတ်လျက် ဆုတောင်းလျှင် ပြောင်းလဲခြင်းသို့ရောက်နိုင်သည် (တ၊ ၁၂း၁၂-၁၇)။ နောက်ဆုံးတွင် ပေတရုသည် ကြားဝင်ပေးသောကောင်းကင်တမန်တစ်ပါးအားဖြင့် လွတ်မြောက်ခဲ့သည်။

ထိုးဖောက်ဝင်ရောက်လာသော အမှောင်ထုက ဘုရားတရားကိုင်းရှိုင်းသောမိသားစုကို မျိုသိပ်ထားသည်။ ဆာလံဆရာကဲ့သို့ပင် ကျွန်ုပ်တို့သည် “အိုထာဝရဘုရား၊ ကယ်တင်တော်မူပါ။ သူတော်ကောင်းမျိုးသည်ပြတ်၍ သစ္စာရှိသောလူမျိုးသည် လူသားတို့တွင် ကွယ်ပျောက်ပါ၏” ဟုငိုကြွေးသည် (ဆာ၊ ၁၂း၁)။ ကျွန်ုပ်တို့၏မိသားစုများနှင့် အသင်းတော်များသည် ကျွန်ုပ်တို့၏မျက်စိရှေ့မှောက်၌ပင် ယိုယွင်းပျက်စီးနေပြီဖြစ်၍ ပြန်လည်နိုးထလာစေရန် အသနားခံဆုတောင်းသင့်သည်။ အသင်းတော်ခိုင်ခံ့စေရန်အတွက် ဘုရားသခင်၏လူတို့သည် ကိုယ်တော်၏မျက်မှောက်တော်နှင့်သမ္မာတရားကို ဆောင်ကြဉ်းပေးနိုင်သည့်နည်းလမ်းကိုလည်း သိရှိဖို့ လိုအပ်ပါသည်။

သင့်အတွက်သာမက သင့်ပတ်ဝန်းကျင်ရှိသူများအတွက်ပါ နိုးကြားမှုရှိလာစေရန် ရှာဖွေပါ။ ဘုရားသခင်၏ဘုန်းတော်သည် ယခုမှောင်မိုက် အုပ်စိုးနေသည့်နေရာများတွင် နောက်ထပ်ဘုန်းတော်ဖြင့် လွှမ်းမိုးပါလိမ့်မည်။ သခင်ယေရှုသည် သူ့လူများကြားတွင် အံ့ဩဖွယ်အလုပ်လုပ်မည်ဖြစ်ပြီး သူ၏သတို့သမီးတို့အား အံ့ဩဖွယ်သူဆင်းကြွလာခြင်းအတွက် သန့်ရှင်းမြင့်မြတ်သော အဖြူရောင်မင်္ဂလာဝတ်စုံကို ဝတ်ဆင်ကာ ပြင်ဆင်ပေးတော်မူရန်ဖြစ်သည်။

# ဆွေးနွေးမေးခွန်းများ

၁။ အသင်းတော်တစ်ခုခု ပျောက်ဆုံးနေသည် သင်ထင်ပါသလား။ ရှင်းပြပါ။
၂။ လူတစ်ဦးသည် ယုံကြည်သူဖြစ်လာသောအခါ ဘုရားသခင်၏ဝိညာဉ်တော်၏အခန်းကဏ္ဍကို ရှင်းပြပါ။
၃။ ဘုရားသခင်၏လူတို့၌ ဘုရားသခင့်ဝိညာဉ်တော်၏အလုပ် အစစ်အမှန်နှင့် အတုအယောင်တို့ကို မည်ကဲ့သို့ပိုင်းခြားသနည်း။
၄။ ဒုတိယမွေးဖွားခြင်းသည် လျှပ်တစ်ပြက်အတွင်း မကြာခဏ ဖြစ်ပေါ်တတ်သည်ဖြစ်၍ အချို့အတွက် ယုံကြည်ခြင်းသည် အဘယ်ကြောင့် အချိန်အတော်ကြာသည်ဟု ထင်ရသနည်း။
၅။ သင်သည် ဒုတိယအတွေ့အကြုံကို တောင့်တပါသလော သို့မဟုတ် သင့်အထဲ၌ အလုပ်လုပ်ရန် ဘုရားသခင်၏တည်နေခြင်းကို အားရပါသလော။
၆။ ယနေ့အသင်းတော်အတွက် နိုးကြားမှုလိုအပ်သည်ဟု ခံစားရပါသလော။ အဘယ်ကြောင့်နည်း။ သင်အနေဖြင့် မည်သည့်အရာကို ဖြစ်ပျက်စေလိုပါသနည်း။ ဤအတွက် သင်ဆုတောင်းပါသလား။
၇။ ခရစ်တော်ပြန်ဆင်းကြွလာသောအခါ မင်္ဂလာပွဲအတွက် မည်သည့်နည်းလမ်းများဖြင့် ပိုကောင်းအောင်ပြင်ဆင်နိုင်သနည်း။ ယနေ့သင့်အသက်တာ၌ လက်တွေ့ကျသည့်အပြောင်းအလဲများကို ရှာဖွေလိုက်ပါ။

# အခန်း ၁၇
# ပုဂ္ဂိုလ်ဖြစ်သော
# သန့်ရှင်းသောဝိညာဉ်တော်

(ယောၵ ၁၄:၂၆)

သန့်ရှင်းသောဝိညာဉ်တော်၏ပုဂ္ဂိုလ်ဖြစ်ခြင်းနှင့်ပတ်သက်၍ အဆက်မပြတ်ရှုပ်ထွေးနေမှုမှာ ဝိညာဉ်တော်၏သဘာဝနှင့်ကျွန်ုပ်တို့၏သဘာဝကြားကြီးမားသောကွာဟချက်ကြောင့်ဖြစ်သည်ကို နားလည်နိုင်သည် (တ၊ ၁၉:၂)။ ခရစ်ယာန်များသည် ပုံမှန်အားဖြင့် ဝိညာဉ်တော်၏ပုဂ္ဂိုလ်ထက် ဝိညာဉ်တော်၏လုပ်ဆောင်မှုကို ပိုမိုအာရုံစိုက်ကြသည်။ သို့သော် ဝိညာဉ်တော်၏ပုဂ္ဂိုလ်ဖြစ်ခြင်းကို ကောင်းစွာနားလည်ခြင်းသည် ကျွန်ုပ်တို့၏ခရစ်ယာန် ကြီးထွားမှုအဆင့်ဆင့်တွင် အမှန်ပင်များစွာအထောက်အကူဖြစ်သည်။ ထိုဝိညာဉ်တော်သည် မိမိတို့နှင့် ဝေးကွာနေသည် သို့မဟုတ် အစွမ်းတန်ခိုး အရင်းအမြစ်ဖြစ်သည်ဟု ခံစားရမည့်အစား သူသည် မိမိတို့အထဲသို့ကြွလာ၊ အသက်ရှင်လျက်အလုပ်လုပ်လျက်နေသည်ဟုတွေးရပါမည်။

ဝိညာဉ်တော်သည် တစ်ဆင့်ခံတန်ခိုးရှင်မဟုတ်၊ သူကိုယ်တိုင် သူ၏အခွင့်အာဏာ၊ တန်ခိုး၊ ထင်မြင်ချက်နှင့် ရည်ရွယ်ချက်တို့ကို ပိုင်ဆိုင်ပေသည်။ ဝိညာဉ်တော်သည် မျက်မြင်၍မရနိုင်သော၊ ကျွန်ုပ်တို့သည် သူ့ကို မမြင်နိုင်။ ဝိညာဉ်တော်သည် လေနှင့်တူသော်လည်း သူသည် ပုဂ္ဂိုလ်ဖြစ်ပြီး ကျွန်ုပ်တို့

တစ်ဦးချင်းအဆင့်ဆင့်၌ ဆက်ဆံသည်။ သန့်ရှင်းသောဝိညာဉ်တော်၏ပုဂ္ဂိုလ် အကြောင်းကို ဆက်လက်ဆင်ခြင်ကြပါစို့။

### က။ ဖြစ်လာမည့်ပြောင်းလဲမှု (ယော၊ ၁၄:၂၆)

"ခမည်းတော်သည် ငါ့အတွက်ကြောင့် စေလွှတ်တော်မူသော ဥပဓ္ဈာယ် ဆရာတည်းဟူသော သန့်ရှင်းသောဝိညာဉ်တော်သည် သင်တို့အား ခပ်သိမ်း သောအရာတို့ကို ပြသသွန်သင်တော်မူ၍၊ ငါပြောခဲ့သမျှသော စကားတို့ကို မှတ်မိသောဉာဏ်ကို သင်တို့အား ပေးတော်မူမည်" (၁၄:၂၆)။

"ထိုသူသည် ငါ့ဘုန်းကိုထင်ရှားစေလိမ့်မည်။ အကြောင်းမူကား၊ ငါနှင့် စပ်ဆိုင်သောအရာကိုယူ၍ သင်တို့အား ဖော်ပြလိမ့်မည်" (၁၆:၁၄)။

သန့်ရှင်းသောဝိညာဉ်တော်အကြောင်း ယေရှု၏ဖော်ပြချက်ကို တချက် ကြည့်လိုက်ခြင်းဖြင့် ဝိညာဉ်တော်အကြောင်းနှင့်ပတ်သက်၍ ကျွန်ုပ်တို့၏နား လည်မှုကို အများကြီးမြှင့်တင်ပေးသည်။ သမ္မာကျမ်းစာထဲ၌ပင် မရှင်းမလင်း ဖြစ်နေသည့်အရာသည် ရုတ်တရက်ပင် ပို၍ရှိုးရှင်းလာသည်။

သန့်ရှင်းသောဝိညာဉ်တော်၏ကိုယ်ပိုင် သဘောသဘာဝနှင့်စပ်လျဥ်း၍ ရှင်ယောဟန် ၁၄:၂၆ တွင် ဖော်ပြထားသည့်ရှုပ်ထွေးနက်နဲမှုများကို ဦးစွာရှင်း လင်းလိုပါသည်။ ဓမ္မသစ်ကျမ်းဂရိမူရင်းကျမ်းတွင် သန့်ရှင်းသောဝိညာဉ်တော် ကို "လေ" ဟုသုံးပြီး "ဖိုမ" ဟူ၍မဖော်ပြပေ။ သို့သော် သခင်ယေရှုသည် သန့် ရှင်းသောဝိညာဉ်တော် (လေ) ကို ဖိုသဘာဝကဲ့သို့အသုံးပြုပြီး ကျွန်ုပ်တို့အား တန်ခိုးရှင်သက်သက်မဟုတ်၊ ပုဂ္ဂိုလ်ဖြစ်သည်ဟု ကောက်ချက်ချစေခဲ့သည်။ ၁၆:၁၄ တွင် ယေရှုသည် တူညီသောပုလ္လိင်နာမဝိသေသနပုံစံကို ထပ်မံအသုံး ပြုပြီးယေရှုဖော်ပြချက်စကားလုံးကိုရည်ရွယ်ချက်ရှိရှိအသုံးပြုခဲ့သည်ဟူသော အချက်ကို အလေးပေးဖော်ပြသည်။

သန့်ရှင်းသောဝိညာဉ်တော်သည် မိမိအလိုဆန္ဒ၊ အကြံအစည်များ၊ မနှစ် သက်မှုများ၊ လုပ်ဆောင်မှုများရှိပြီး လူတစ်ဦး၌ ရှိသည့်ဝိသေသလက္ခဏာများ ရှိကြောင်း တွေ့ရှိရသည်။ထို့ကြောင့် သန့်ရှင်းသောဝိညာဉ်တော်သည် တပည့် များကို သွန်သင်ဆုံးမနိုင်သည်။ ဝိညာဉ်တော်သည် လူမဟုတ်သော်လည်း ကျွန်ုပ်တို့နှင့် အလွန်ကွာခြားခြင်းမရှိသော ကိုယ်ပိုင်သဘာဝကို ပိုင်ဆိုင်ထား သူဖြစ်သည်။ ဝိညာဉ်တော်ကို စကားပြော၍ရသကဲ့သို့ နားထောင်နိုင်ပါသည်။

ကျွန်ုပ်တို့ကို သူနှိုးဆော်သောအခါ ဘုရားသခင်၏မဟာအကြံအစည်အတွက် ရည်ရွယ်ချက်ရှိရှိလုပ်ဆောင်ခြင်းဖြစ်သည်။ သူပေးသော ဝိညာဉ်ဆုကျေးဇူးများသည် မတော်တဆမဟုတ်၊ ရည်ရွယ်ချက်ရှိရှိပုံဖော်ထားသည်။ သူ၏ဆန္ဒများကို ကျွန်ုပ်တို့ပတ်ဆို့သောအခါ သူဝမ်းနည်းတတ်သည်။

သန့်ရှင်းသောဝိညာဉ်တော်သည် မြေကြီးခန္ဓာနှင့်သက်ဆိုင်သူ ယေရှုနှင့်မတူဘဲ တပြိုင်နက်တည်း နေရာများစွာ၌ ရှိနေနိုင်ပြီး ဘုရားသခင်၏လူအပေါင်းတို့အား ဉာဏ်ပညာ၊ ခွန်အား၊ အသိပညာ စသည်တို့ကို ပေးစွမ်းနိုင်၏။ ယေရှုသည် မြေကြီးပေါ်၌ရှိစဉ် တစ်ဦးနှင့်အတူရှိလျှင် အခြားတစ်ဦးနှင့်အတူမရှိနိုင်ပေ။ သန့်ရှင်းသောဝိညာဉ်တော်မူကား တစ်ကြိမ်တည်းမှာပင် ယုံကြည်သူအားလုံးနှင့် တပြိုင်နက်ရှိနေနိုင်သည်။ ထို့ကြောင့် ယေရှုသည် ကျွန်ုပ်တို့၌ ကျိန်းဝပ်ပြီး သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ကျွန်ုပ်တို့ကို သက်ဝင်လှုပ်ရှားစေသည်ဟုဆိုကြသည်။ ကျွန်ုပ်တို့အသင်းတော်၌ အမှုပြုနေသောဝိညာဉ်တော်သည် ကမ္ဘာတစ်ဝှမ်းရှိ အသင်းတော်များတွင်လည်း အလားတူကြီးမားသောအမှုတော်ကို လုပ်ဆောင်နေကြောင်း ကျွန်ုပ်တို့စိတ်ချနိုင်ပါသည်။

မူရင်းဂရိစကားလုံး *Paraklete* မှ “ကူညီမစသူ” ဟုဘာသာပြန်သည်မှာ လက်ခံနိုင်သော်လည်း ဤနေရာတွင် အသုံးပြုထားသော တကယ့် ဂရိစကားလုံးအတွက် မူရင်းအဓိပ္ပာယ်ကို အလွန်ကန့်သတ်ထားသည်။ ယောဟန်တစ်ဦးတည်းသာလျှင် နာမ်ပုံစံဖြင့် *paraklete* ကိုအသုံးပြုပြီး သန့်ရှင်းသောဝိညာဉ်တော်ကို အမြဲရည်ညွှန်းသည် (၎င်းကို တစ်ခါတစ်ရံ “အတိုင်ပင်ခံ” နှင့် “အာမခံသူ” ဟုလည်းပြန်ဆိုသည် (ယော၊ ၁၄:၁၆၊ ၂၆၊ ၁၅:၂၆၊ ၁၆:၇)။

ယောဟန် ၁၄:၁၆ တွင် သခင်ယေရှုက “ငါသည်လည်း ခမည်းတော်ကို တောင်းလျှောက်သဖြင့် ခမည်းတော်သည် အခြားသောကူညီမစသူတစ်ပါးကို သင်တို့နှင့်အတူ ကာလအစဉ်အဆက်ရှိစေရန် သင်တို့အားပေးတော်မူမည်” ဟုမိန့်ဆိုခဲ့သည်။ ဝိညာဉ်တော်၏အစဉ်အမြဲတည်ရှိခြင်းကို သတိပြုပါ။ ယေရှုသည် မိမိ၏အသေခံခြင်းနှင့်တက်ကြွခြင်းတို့ကို မျှော်မှန်းလျက် ဤအရာအားလုံးကို မိန့်ဆိုခဲ့သည်။ ယေရှုသည် ကိုယ်ခန္ဓာအားဖြင့် ပြန်မလာဘဲ ကျွန်ုပ်တို အသက်တာ၌ ဝိညာဉ်တော်အားဖြင့် တည်လျက်နေသည်။

ယောဟန် ၁၅:၂၆ တွင် သခင်ယေရှုက “ခမည်းတော်ထံမှ သင်တို့ထံသို့ငါစေလွှတ်မည့်ကူညီမစသူတည်းဟူသော ခမည်းတော်ထံမှလာသည့်သမ္မာ

တရား၏ဝိညာဉ်တော်ရောက်လာသောအခါ ငါ့အကြောင်းကို သက်သေခံလိမ့်မည်” ဟု မိန့်ဆိုခဲ့သည်။ ယောဟန် ၁၆း၇ တွင် ဘုရားသခင်၏ဝိညာဉ်တော် ဆင်းကြွလာစေရန် ယေရှုသွားခဲ့ရကြောင်း ဖော်ပြပြီး ၁ ယောဟန် ၂:၁ က လည်း ယေရှုကို ကူညီဖြေရှင်းပေးသူဟု ခေါ်ဆိုခဲ့သည်။ “တစ်စုံတစ်ယောက် သောသူသည် ဒုစရိုက်ကိုပြုမိလျှင် ဖြောင့်မတ်တော်မူသောအရှင်ယေရှုခရစ် တည်းဟူသော ငါတို့အမှုဆောင်သခင်သည် ခမည်းတော်ထံ၌ ရှိတော်မူ၏။” ဤတွင် *Paraklete* သည် ယေရှုခရစ်ကိုသာ ရည်ညွှန်းပြီး မိမိတို့ကိုယ်စား အသေခံခြင်းဖြင့် တရားခံရှေ့နေကဲ့သို့ပင် မိမိတို့ကို အမြဲကာကွယ်ပေးသည်။

ဘုရားသခင်၏ဝိညာဉ်တော်သည် ပြောင်းလဲပြီးသောသူကို နှစ်သိမ့်ပေးသည်(တ၊၁၆:၇)၊ တည်ဆောက်ပေးသည်၊ ခိုင်ခံ့စေသည် (တ၊ ၉:၃၁)၊ ခွန်အားပေးသည် (တ၊ ၁၅:၃၁)၊ တိုက်တွန်းသည် (၁ကော၊ ၁၄:၁-၃)။ ဝိညာဉ်တော်၏အလုပ်သည် နှစ်သိမ့်မှုမှတိုက်တွန်းခြင်းအထိ အမျိုးမျိုးရှိပြီး ကျွန်ုပ်တို့ကို ရှေ့သို့တက်လှမ်းနိုင်ရန် ကူညီမစပေးသည်။ အားနည်းသောသူကိုလည်း ဆွဲခေါ်သွားသည်။

## ခ) သန့်ရှင်းသောဝိညာဉ်တော်၏သဘောသဘာဝများ (ယော၊ ၃:၈)

ရှင်ယောဟန် ၁၄:၂၆ ကို ဂရုတစိုက်ကြည့်ရှုသောအခါ အထူးသဖြင့် ဝိညာဉ်တော် *Paraklete* ဟူသောစကားလုံးသည် သန့်ရှင်းသောဝိညာဉ်တော်၏သဘောသဘာဝကို ကျွန်ုပ်တို့အား ပိုမိုကောင်းမွန်စွာနားလည်ရန် ကူညီပေးသည်။ ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်လုပ်ဆောင်သည့်အရာများနှင့် ၎င်းတို့က သူ၏သဘောသဘာဝအပေါ် မည်သို့ထင်ဟပ်နိုင်သည်ကို ကျွန်ုပ်တို့သုံးသပ်ပါမည်။ ဝိညာဉ်တော်ကို ဖော်ပြဖို့ရန် ယေရှုအသုံးပြုထားသည့်လေဖြင့် စတင်ကြပါစို့။

“လေသည် အလိုရှိတိုင်းသွားလာ၏။ လေ၏အသံကို သင်သည်ကြားရသော်လည်း အဘယ်အရပ်ကဖြစ်သည်၊ အဘယ်အရပ်သို့သွားသည်ကို မသိနိုင်။ ထိုနည်းတူ ဝိညာဉ်တော်မွေးသောသူဖြစ်သည်ဟု မိန့်တော်မူ၏” (ယော၊ ၃:၈)။

လေသည် ဘုရားသခင်၏ဝိညာဉ်တော်ကို ပုံဆောင်သည် (ယော၊ ၃:၈။ လေဟူသောဝိညာဉ်တော်အတွက် စကားလုံးရင်းမြစ်ဖြစ်သည့် ဟေဗြဲနှင့်ဂရိစ

ကားများကို တွေးခေါ်ဆင်ခြင်ပါက ပို၍ပင်နက်နဲပါသည်။ ဘုရားသခင်၏ဝိညာဉ်တော်သည် လေကဲ့သို့မြင်၍မရနိုင်သော၊ နေရာတိုင်း၌ရှိသော၊ တန်ခိုးကြီးသောဘုရားဖြစ်သည်ဟု မဝံ့မရဲကောက်ချက်ချနိုင်ပါသည်။ ဝိညာဉ်တော်ကို နားလည်ရန် ခက်ခဲနိုင်သော်လည်း လေကို နားလည်ခြင်းသည် မိမိတို့၏အသိပညာကွက်လပ်အချို့ကို ဖြည့်ဆည်းပေးသည်။

လေသည် အိမ်ထဲသို့ဝင်လာ၍ အထူးသဖြင့် ဆောင်းရာသီတွင် အအေးဓာတ်ကို သယ်ဆောင်လာသည်။ ၎င်းသည် သက်မဲ့ဖြစ်ပြီး မိမိသွားမည့်နေရာကို မရွေးချယ်ဘဲ အရှေ့အနောက်၊ တောင်မြောက်သို့ရွေ့သွားတတ်သည့်နည်းတူ ဘုရားသခင်၏ဝိညာဉ်တော်သည်လည်း ခမည်းတော်၏အလိုတော်အားဖြင့် ရွေ့လျားတတ်သည်။ ဓမ္မဟောင်းကာလတွင် သန့်ရှင်းသောဝိညာဉ်တော်၏ပုဂ္ဂိုလ်ဖြစ်ခြင်း သဘောသဘာဝကို ရှင်းရှင်းလင်းလင်း ပိုင်းခြား၍မရပေ။ ဓမ္မသစ်ကာလ၌မူ သန့်ရှင်းသောဝိညာဉ်တော်သည် တန်ခိုးရှင်သက်သက်မဟုတ်တော့ဘဲ ပုဂ္ဂိုလ်ဖြစ်ကြောင်း သိရှိရပါသည်။

"ထာဝရဘုရားကလည်း ငါ့ဝိညာဉ်သည် လူတို့တွင်အစဉ်မဆုံးမရ။ အကြောင်းမူကား လူတို့သည်အသားဖြစ်၏။ သူ၏အသက်တမ်းသည်လည်း အနှစ်တစ်ရာနှစ်ဆယ်ဖြစ်စေဟု မိန့်တော်မူ၏" (က၊ ၆:၃)။

"ငါသည် သူ့အား ဘုရားသခင်၏ဝိညာဉ်နှင့်အတူဉာဏ်ပညာ၊ ထိုးထွင်းဉာဏ်၊ အသိပညာ၊ လက်မှုအတတ်ပညာအမျိုးမျိုးတို့ဖြင့် ပြည့်ဝစေမည်"(ထွ၊ ၃၁:၃)။

"သူတို့သည်လည်း ပုန်ကန်၍ သန့်ရှင်းသောဝိညာဉ်တော်ကို နာစေကြ၏။ထိုကြောင့် သူတို့ကိုရန်ဘက်ပြု၍ စစ်တိုက်တော်မူ၏" (ဟေရှာ၊ ၆၃:၁၀)။

- သန့်ရှင်းသောဝိညာဉ်တော်က တစ်စုံတစ်ဦးအား စကားပြောဆိုခြင်းကို ရည်ညွှန်းသောကျမ်းပိုဒ်များဖြစ်သည်။

  "ငါသည် တွေးတောခြင်းမရှိဘဲ ထိုသူတို့နှင့်အတူ သွားရမည်အကြောင်း ဝိညာဉ်တော်သည် မိန့်တော်မူ၏" (တ၊ ၁၁:၁၂)။

  "ထိုကြောင့် သန့်ရှင်းသောဝိညာဉ်တော် မိန့်တော်မူသည်ကား ယနေ့တွင် သင်တို့သည် ဗျာဒိတ်တော်အသံကို ကြားလျက် ရှိသည်ဖြစ်၍" (ဟေဗြဲ၊ ၃:၇)။

“ထိုသို့နှင့်အညီ သန့်ရှင်းသောဝိညာဉ်တော်သည် ငါတို့အား သက်သေပေးတော်မူသည်မှာ” (ဟေဗြဲ၊ ၁၀:၁၅)။
“ပေါလုသည် စကားတစ်ခွန်းကို ပြောလိုက်သည်မှာ၊ သန့်ရှင်းသောဝိညာဉ်တော်သည် ပရောဖက် ဟေရှာယအားဖြင့် မိန့်တော်မူချက်ဟူမူကား” (တ၊ ၂၈:၂၅)။

- လူတစ်စုံတစ်ဦးသည် အခြားလူတစ်ဦးထံသို့ သတင်းစကားတစ်ခုကို ဆက်သွယ်ပေးသကဲ့သို့ ဝိညာဉ်တော်သည် ပရောဖက်ပြုချက်တစ်ခုကဲ့သို့သော အသိဉာဏ်ရှိသည့်သတင်းစကားများကို ဆက်သွယ်ပေးသည်ဟု ဆိုထားသည်။

“အကြောင်းမူကား အနာဂတ္တိစကားသည် လူအလိုအားဖြင့် ဖြစ်ဖူးသည်မဟုတ်၊ ဘုရားသခင်၏သန့်ရှင်းသူတို့သည် သန့်ရှင်းသောဝိညာဉ်တော်၏ တိုက်တွန်းတော်မူခြင်းကို ခံရ၍ ဟောပြောကြ၏” (၂ပေ၊ ၁:၂၁)။
“ဝိညာဉ်တော်သည် သမ္မာတရားဖြစ်၍ သက်သေခံတော်မူ၏” (၁ယော၊ ၅:၇)။
“ဝိညာဉ်တော်သည် အသင်းတော်တို့အား အဘယ်သို့ မိန့်တော်မူသည်ကို နားရှိသောသူမည်သည်ကား ကြားပါစေဟု မိန့်တော်မူ၏” (ဗျာ၊ ၃:၂၂)။
“ငါတို့သည် ဘုရားသခင်၏သားဖြစ်ကြသည်ဟု ဝိညာဉ်တော်သည် ငါတို့၏ဝိညာဉ်နှင့်အတူ သက်သေခံတော်မူ၏” (ရော၊ ၈:၁၆)။
“ပထမတဲတော်မပျက်မီတိုင်အောင် သန့်ရှင်းရာဌာနသို့သွားသောလမ်း မဖွင့်သေးသောအကြောင်းကို ထိုအမှုအရာအားဖြင့် သန့်ရှင်းသောဝိညာဉ်တော်သည် အရိပ်ပေးတော်မူ၏” (ဟေဗြဲ၊ ၉:၈)။
“သို့သော်လည်း ချည်နှောင်ခြင်း၊ ညှဉ်းဆဲနှိပ်စက်ခြင်းအမှုတို့သည် ငါ့ကို ဆိုင်းလင့်သည်ဟု သန့်ရှင်းသောဝိညာဉ်တော်သည် ခပ်သိမ်းသောမြို့တို့၌ ငါ့အား သက်သေခံတော်မူ၏” (တ၊ ၂၀:၂၃)။
“ဘုရားသခင်၏ဝိညာဉ်တော်ကို အဘယ်သို့သိနိုင်သနည်းဟူမူကား လူဇာတိအားဖြင့် ကြွလာတော်မူသောယေရှုခရစ်ကို ဝန်ခံသောဝိညာဉ်မည်သည်ကား ဘုရားသခင်နှင့်စပ်ဆိုင်၏” (၁ယော၊ ၄:၂)။

**ဘုရားသခင်၏ဝိညာဉ်တော်သည် ကိုယ်ပိုင်သဘောဘာဝကို ရည်ညွှန်းသည့်နည်းလမ်းများဖြင့် လုပ်ဆောင်သည်။**

- ဖော်ပြ - "ထိုအရာတို့ကို ဘုရားသခင်သည် မိမိဝိညာဉ်တော်အားဖြင့် ငါတို့အားဖော်ပြတော်မူ၏" (၁ကော၊ ၂:၁ဝ)။
- ရှာဖွေ - "ဝိညာဉ်တော်သည် ဘုရားသခင်၏ နက်နဲသော အရာတိုင်အောင် ခပ်သိမ်းသောအရာတို့ကို စစ်တော်မူ၏" (၁ကော၊ ၂:၁ဝ)။
- တံဆိပ်ခတ် - "ထိုခရစ်တော်ကို ယုံကြည်ပြီးမှ ကတိတော်နှင့်ယှဉ်သော သန့်ရှင်းသောဝိညာဉ်တော်၏တံဆိပ်ခတ်ခြင်းကို ခံရကြပြီ" (ဧ၊ ၁:၁၃)။
- အတည်ပြု - "အဗ္ဗအဘဟု ခေါ်တတ်သော သားတော်၏ဝိညာဉ်တော်ကို သင်တို့စိတ်နှလုံးထဲသို့ ဘုရားသခင် စေလွှတ်တော်မူ၏" (ဂလာ၊ ၄:၆)။
- လမ်းပြမှု - "ဘုရားသခင်၏ဝိညာဉ်တော်ရှေ့ဆောင်လမ်းပြမှုကို ခံယူသမျှသောသူတို့သည် ဘုရားသခင်၏သားများဖြစ်ကြ၏" (ရော၊ ၈:၁၄)။
- ဆုံးဖြတ် - "အခြားသောဝန် သင်တို့၏အပေါ်၌ တင်ခြင်းငှာ သန့်ရှင်းသောဝိညာဉ်တော်နှင့် ငါတို့သည် အလိုမရှိ" (တ၊ ၁၅:၂၈)။
- သန့်ရှင်းစေ - "လူမျိုးခြားတို့ကိုသန့်ရှင်းသောဝိညာဉ်တော်အားဖြင့် သန့်ရှင်းစေခြင်းခံရသည့်နှစ်သက်လက်ခံဖွယ်ပူဇော်သက္ကာဖြစ်စေရန်"(ရောမ၊ ၁၅:၁၆)။
- ယုံကြည်စေ - "ငါတို့မူကား ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ ရောက်မည်ဟု မျှော်လင့်သောကျေးဇူးတော်ကို ဝိညာဉ်တော်အားဖြင့် ငံ့လင့်၍နေကြ၏" (ဂလာ၊ ၅:၅)။
- ကျိန်းဝပ် - "သင်တို့သည် ဘုရားသခင်၏ဗိမာန်တော်ဖြစ်ကြသည်ကိုလည်းကောင်း၊ ဘုရားသခင်၏ဝိညာဉ်တော်သည် သင်တို့အထဲ၌ ကျိန်းဝပ်တော်မူသည်ကိုလည်းကောင်း မသိကြသလော" (၁ကော၊ ၃:၁၆)။
- အသက်ကိုပေး - "ကျမ်းဟောင်းတရားကို မဆိုလို၊ ဝိညာဉ်တော်တရားကို ဆိုလို၏။ ကျမ်းဟောင်းတရားသည် အသက်ကို သတ်တတ်၏။ ဝိညာဉ်တော်တရားမူကား ရှင်စေတတ်၏" (၂ကော၊ ၃:၆)။
- ဆုတောင်းခြင်းကို ညွှန်ပြ - "အမျိုးမျိုးသောဆုတောင်းခြင်းနှင့်အသနားခံခြင်းတို့ဖြင့် အချိန်ရှိသရွေ့ဝိညာဉ်တော်၌ဆုတောင်းကြလော့" (ဧ၆: ၁၈)။

- ဧဝံဂေလိ ဟောပြော - ကောင်းကင်ဘုံမှ စေလွှတ်တော်မူသောသန့်ရှင်းသောဝိညာဉ်တော်ပါလျက်၊ သင်တို့အား ဧဝံဂေလိတရားကို ဟောပြောသောသူတို့သည် (၁ပေ၊ ၁:၁၂)။

## ဘုရားသခင်၏ဝိညာဉ်တော်သည် လူကဲ့သို့တုံ့ပြန်

- စိတ်နာ - ရွေးနုတ်ခြင်း နေ့ရက်တိုင်အောင် သင်တို့ကို တံဆိပ်ခတ်တော်မူသော ဘုရားသခင်၏သန့်ရှင်းသောဝိညာဉ်တော်ကို စိတ်မနာစေကြနှင့် (ဧ၊ ၄:၃၀)။
- ငြိမ်းစေ - "ဝိညာဉ်တော်၏အရှိန်ကို မငြိမ်းစေကြနှင့်" (၁သက်၊ ၅:၁၉)။
- ပြည့်စုံပါ - "လွန်ကျူးစေတတ်သောစပျစ်ရည်နှင့် ယစ်မူးခြင်းကိုရှောင်၍ ဝိညာဉ်တော်နှင့် ပြည့်စုံလျက်ရှိကြလော့" (ဧ၊ ၅:၁၈)။
- မိတ်သဟာယ -သခင်ယေရှုခရစ်၏ကျေးဇူးတော်လည်းကောင်း၊ ...သန့်ရှင်းသောဝိညာဉ်တော်၏မိတ်သဟာယတော်လည်းကောင်း၊ သင်တို့အပေါင်း၌ ရှိစေသတည်း" (၂ကော၊ ၁၃:၁၄)။

သန့်ရှင်းသောဝိညာဉ်တော်၏ကိုယ်ရည်ကိုယ်သွေးနှင့်ပတ်သက်၍ ဓမ္မသစ်ကျမ်းအချို့ကျမ်းပိုဒ်များတွင် မရေရာသောသဘောကို ခွင့်ပြုထားသော်လည်း သူလုပ်ဆောင်သောနည်းလမ်းများစွာဖြင့် ဝိညာဉ်တော်၏ကိုယ်ပိုင်သဘောသဘာဝကို ပိုမိုရှင်းလင်းစေသည်။ သူသည် ပုဂ္ဂိုလ်အဖြစ် ကျွန်ုပ်တို့နှင့်ပေါင်းသင်းရန် အလိုတော်ရှိသည်သာမက ပေါင်းသင်းနိုင်သည်။

## ဂ) ဝိညာဉ်တော်၏ကိုယ်ပိုင်သဘောသဘာဝ သက်ရောက်မှုများ

နောက်ဆုံးအနေဖြင့် မိမိတို့သိရှိထားသည့် သန့်ရှင်းသောဝိညာဉ်တော်၏ကိုယ်ပိုင်သဘောသဘာဝကို ဝိညာဉ်တော်အားဖြင့် မိမိတို့၏အသက်တာ၌ ဘုရားသခင်၏ပြည့်စုံခြင်းကို ရှာဖွေရန် အသုံးချလိုပါသည်။ ပထမအဆင့်မှာ သန့်ရှင်းသောဝိညာဉ်တော်မဟုတ်သောအရာကို ရှင်းလင်းရန်ဖြစ်သည်။ ပြီးမှ သူသည် မည်သူမည်ဝါဖြစ်သည်ကို ရှင်းရှင်းလင်းလင်းသိရန်ဖြစ်သည်။

## ဝိညာဉ်တော်နှင့်ပတ်သက်၍ ရောထွေးသည့်နားလည်မှုများ

အရှေ့အာရှဘာသာများနှင့် သူတို့၏အရာခပ်သိမ်းကို ကိုးကွယ်သည့်ဝါဒီကြောင့် သန့်ရှင်းသောဝိညာဉ်တော်နှင့်ပတ်သက်၍ လူတို့၏နားလည်မှုကို ရှုပ်ထွေးစေခဲ့သည်။ အနာငြိမ်းခြင်း၊ ဆုကျေးဇူးများ၊ အသစ်ပြုပြင်ခြင်းများမှလွဲ၍ သန့်ရှင်းသောဝိညာဉ်တော်နှင့်ပတ်သက်သည့် သွန်သင်မှုအနည်းငယ်သာရှိသည်မှာ အမှန်ပင်ဖြစ်သည်။ ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်ကိုယ်တိုင်နှင့်သူ့ရည်ရွယ်ချက်များကို နားမလည်ပါက သန့်ရှင်းသောဝိညာဉ်တော်၏ဆုကျေးဇူးများကို မည်သည့်အခါမျှနားလည်မည်မဟုတ်ပါ။ ခေတ်သစ်လှုပ်ရှားမှု၏တဟုန်ထိုးရေပန်းစားမှုသည် ကျမ်းစာနှင့် ကင်းကွာရန် အားပေးပြီး ဝိညာဉ်တော်ဘုရားကို ဘုရားသခင်၏စွမ်းအားတစ်ခုအဖြစ်သာ သဘောထားစေပါသည်။

စိတ်ဝင်စားစရာကောင်းသည်မှာ Sanskrit စကားလုံး “Atman” သည် “ထွက်သက်” သို့မဟုတ် “ဝိညာဉ်” ဟုအဓိပ္ပာယ်ရသည့်ဟေဗြဲစကားလုံး (ru-wach) သို့မဟုတ် ဂရိစကားလုံး (pneuma) တို့သည်နှင့် တူညီမှုရှိသည်။ ဘာသာများစွာက တရားထိုင်ခြင်း အဆင့်ဆင့်ကျင့်ရာတွင် အသက်ရှူထုတ်ခြင်း စည်းကမ်းချက်များလုပ်ဆောင်နေကြသည်ကို တွေ့ရှိနိုင်ပါသည်။

ထို့ကြောင့် ကျွန်ုပ်တို့တွင် ဝိညာဉ်တော်၏ကိုယ်ရေးကိုယ်တာနှင့် ကိုယ်ရေးကိုယ်တာမဟုတ်သော သဘောသဘာဝအကြား ခြားနားချက်ကို သက်သေပြရန်နှင့်ရှင်းပြရန် လုပ်ဆောင်ခြင်းဖြစ်သည်။ ဝိညာဉ်တော်သည် ပုဂ္ဂိုလ်မဟုတ်ဟူသောသွန်သင်ချက်သည် ကျွန်ုပ်တို့၏တွေးခေါ်မှုကို လွဲချော်စေ၍ ဖန်ဆင်းရှင်ဘုရားသခင်ကို ငြင်းပယ်ကာ ထာဝရတည်ရှိမှုကိုသာ ဝန်ခံသည်။ ဘုရားသခင်မှာ ကိုယ်ပိုင်ဆန္ဒမရှိလျှင် အကျင့်စာရိတ္တအမှားအမှန်ဟူ၍ ရှိမည်မဟုတ်ပေ။ ကျွန်ုပ်တို့သည် ခရစ်တော်ကို သိရှိ၍ ဝိညာဉ်တော်သည် မိမိတို့အထဲ၌ တည်နေသောကြောင့် အရာအားလုံးကို ပိုင်းခြားနိုင်သည်။

## သန့်ရှင်းစင်ကြယ်စေခြင်း ဝိညာဉ်တော်

သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့ကို ဘုရားသခင်သဏ္ဍာန်အဖြစ် အစဉ်ပုံဖော်ပေးသည့် သန့်ရှင်းစင်ကြယ်စေသောဝိညာဉ်တော်ဖြစ်သည်။ ကျွန်ုပ်တို့၏အသက်တာအသစ် ပြောင်းလဲခြင်းအားဖြင့် ဝိညာဉ်တော်၏သန့်

ရှင်းသောစရိုက်လက္ခဏာများသည် ကျွန်ုပ်တို့၏အသက်တာကို အကျိုးသက်ရောက်စေပါသည်။ သန့်ရှင်းသောဝိညာဉ်တော်၏ကိုယ်ပိုင် သဘောသဘာဝသည် ကျွန်ုပ်တို့၏အသက်တာအတွက် တန်ခိုးကိုသာ ဆောင်ကြဉ်းပေးသည်မဟုတ်၊ ဘုရားသခင်၏ချစ်ခြင်းမေတ္တာကိုလည်း ယူဆောင်လာပေးသည်။ ထို့ကြောင့် ယောဟန်သည် စစ်မှန်သောယုံကြည်သူမည်သူမျှ အပြစ်တရား၌ဆက်လက်ရှင်သန်နေမည်မဟုတ်ကြောင်း အခိုင်အမာဖော်ပြခဲ့ခြင်းဖြစ်သည် (၁ယော၊ ၃:၆)။

ဝိညာဉ်တော်အားဖြင့် ဘိသိက်ခံသောအခါ (၁ ယော၊ ၂:၂၇)၊ ကျွန်ုပ်တို့၏အနက်ရှိုင်းဆုံး ကိုယ်ကိုကိုယ်ဗဟိုပြုသည့်ဘဝမှ အခြားသူများကို ဗဟိုပြုလာကာ အမှန်တကယ်ချစ်မြတ်နိုးသူဖြစ်လာသည် (၁ ယော၊ ၃:၁၁၊ ၃:၂၃၊ ၄:၇၊ ၁၁-၁၂)။ ဘုရားသခင်သည် ကျွန်ုပ်တို့အခြားသူများကို ဆက်ဆံပုံနှင့်ပတ်သက်၍ အလေးထားပါသည်။ ကျွန်ုပ်တို့၌ သန့်ရှင်းသောဝိညာဉ်တော် တည်ရှိခြင်းသည် အမှန်ပင်ကျွန်ုပ်တို့၌ ဘုရားသခင်တည်ရှိနေခြင်းဖြစ်ပြီး မိမိတို့ကိုယေရှုကဲ့သို့ထင်မြင်စေသည်။ ဝိညာဉ်တော်၏ပင်ကိုယ်သဘောသဘာဝသည် ဘုရားသခင်၏အထူးဂုဏ်တော်များကို မိမိတို့၏အသက်တာ၌ အမြစ်တွယ်စေသည် (ဖေက်၊ ၃:၁၇)။

## ပေါင်းသင်းဆက်သွယ်နိုင်သော ဝိညာဉ်တော်

ဝိညာဉ်တော်သည် ပေါင်းသင်းဆက်သွယ်နိုင်သောဝိညာဉ်တော်ဖြစ်ပေသည်။ ပုဂ္ဂိုလ်မဟုတ်သောအသံသည် ပုဂ္ဂိုလ်မရှိသောကြောင့် ထိုအသံ၏ဆိုလိုရင်းမှာ အဓိပ္ပါယ်ကင်းမဲ့လိမ့်မည်။ အသိဉာဏ်ရှိသူသည် အသိပညာကိုဆက်သွယ်ရန်အတွက် အသံများကို ပုံသွင်းထားခြင်းမရှိပါက မည်သည့်မက်ဆေ့ချ်မျှရရှိမည်မဟုတ်ပေ။ တစ်ဖက်တွင် ဘုရားသခင်သည် ကျွန်ုပ်တို့အားပညာရှိသတင်းစကားများ ပေးသည်။ အသိသာဆုံးကို ကျွန်ုပ်တို့အတွက် မှတ်တမ်းတင်ထားပြီး ဘုရားသခင်၏နှုတ်ကပတ်တော်ဟုခေါ်သည်။ သမ္မာကျမ်းစာသည် ဘုရားသခင်၏ဝိညာဉ်တော်မှုတ်သွင်းခြင်းဖြစ်ပြီး (၂တိ၊ ၃:၁၆-၁၇)၊ ကယ်တင်ခြင်းသတင်းစကားကို ယူဆောင်လာကာ ကျွန်ုပ်တို့၏ယုံကြည်ချက်ကို လမ်းညွှန်ပေးရုံသာမက အသက်နှင့်အားပေးမှုကိုလည်း ပေးပါသည်။

*Paraklete* ဟူသောစကားလုံးသည် သန့်ရှင်းသောဝိညာဉ်တော်က ကျွန်ုပ်တို့၏စိတ်နှလုံးကို နှစ်သိမ့်ပြီး ကျွန်ုပ်တို့၏စိတ်ဝိညာဉ်ကို ခွန်အားပေးရန်အတွက် အထူးအထောက်အကူဖြစ်စေသောစကားလုံးများကို ယူဆောင်လာသည်ဟုအဓိပ္ပာယ်ဖွင့်ဆိုသည်။ ဥပမာအားဖြင့် ဝတ်ပြုကိုးကွယ်သောသူသည် ဘုရားသခင်၏နှုတ်ကပတ်တော်ထဲမှ တရားဟောသူ၏ဟောပြောချက်အားဖြင့် ခွန်အားရရှိနိုင်ပါသည်။ အကြောင်းမှာ သမ္မာကျမ်းစာ၏အရှင်၊ သန့်ရှင်းသောဝိညာဉ်တော်သည် ယုံကြည်သူအား အလင်းပေး၍ အတိအကျကူညီရန် ထိုသမ္မာတရား အသုံးပြုသောကြောင့်ဖြစ်သည်။ ဝိညာဉ်တော်သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို ကျွန်ုပ်တို့၏အသက်တာအတွက် ခွန်အားနှင့်လမ်းညွှန်မှုကို ရှာဖွေနိုင်စေရန် အာရုံစိုက်စေပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် ပုံမှန်ဝိညာဉ်ရေးစည်းကမ်းများ၏တန်ဖိုးကို မည်သည့်အခါမျှ လျှော့မတွက်သင့်ပေ။

ခမည်းတော်ဘုရားသခင်သည် ဝိညာဉ်တော်အားဖြင့် ကျွန်ုပ်တို့အား တစ်ဦးချင်းစကားပြောဆိုသည်။ ကျွန်ုပ်တို့အား လမ်းညွှန်ပေးရန် သူ၏နှုတ်ကပတ်တော်ကို မကြာခဏအသုံးပြုသော်လည်း "ဖြည်းညင်းသောအသံ" ကိုလည်း အသုံးပြုတတ်သည်။ ဝိညာဉ်တော်သည် ကျွန်ုပ်တို့အမှားတစ်ခုခုလုပ်မိသောအခါ ကျွန်ုပ်တို့သွားရမည့်လမ်းကို လမ်းညွှန်ပေးကာ မှန်ကန်စွာလုပ်ဆောင်ရန် ခွန်အားပေးခြင်းဖြင့် ကျွန်ုပ်တို့သိသောစိတ်ထက် သာလွန်ပြီး ပို့ဆောင်ပါသည်။

# ဆွေးနွေးမေးခွန်းများ

၁။ သန့်ရှင်းသောဝိညာဉ်တော်၏မည်သည့်ဂုဏ်ရည်တော်သည် သင့်အား အံ့အားသင့်စေသနည်း။
၂။ ဘုရားသခင်၏ဝိညာဉ်တော်ကို ဝမ်းနည်းစေသည့် အတွေ့အကြုံတစ်ခုကို မျှဝေပါ။ ၎င်းကို သင်မည်သို့ကျော်ဖြတ်ခဲ့သနည်း။
၃။ သန့်ရှင်းသောဝိညာဉ်တော်သည် သင့်အား ကူညီပေးသည်ကို သင်မည်ကဲ့သို့မြင်ဖူးသနည်း။
၄။ သင့်နေ့စဉ်ဘဝတွင် သင့်ကိုကူညီလိုသည့်ပုံစံကို ပိုမိုအာရုံစိုက်ရန် သင်လုပ်ဆောင်နိုင်သည့် အဆင့်တစ်ဆင့်မှာ အဘယ်နည်း။
၅။ သန့်ရှင်းသောဝိညာဉ်တော်သည် တန်ခိုးသာမက သုံးပါးပေါင်းတစ်ဆူထဲမှပုဂ္ဂိုလ်တစ်ဦးဖြစ်သည်ကို သင်မည်သို့ဆွဲဆောင်နိုင်မည်နည်း။
၆။ သန့်ရှင်းသောဝိညာဉ်တော်၏ပုဂ္ဂိုလ်ဖြစ်ခြင်းအကြောင်းကို မယုံကြည်သူများနှင့် ငြင်းခုံရန် အရေးကြီးပါသလား။ အဘယ်ကြောင့်အရေးကြီး၍ အဘယ်ကြောင့် အရေးမကြီးပါသနည်း။

# အခန်း ၁၈
# သုံးပါးတစ်ဆူ၏ဝိညာဉ်တော်

(မဿဲ၊ ၂၈:၁၈-၂၀)

သုံးပါးတစ်ဆူကိုနားလည်ခြင်းသည် အချိန်၏အစကိုနားလည်ရန် ကြိုးစားသည့်လူသားများနှင့် များစွာတူသည်။ ထာဝရကာလ၏နက်နဲသောအရာကိုဆုပ်ကိုင်ရန် ကြိုးစားခြင်းသည် သုံးပါးတစ်ဆူကို နားလည်ရန် ကျွန်ုပ်တို့၏အချည်းနှီးသောကြိုးပမ်းမှုများနှင့် ဆင်တူပြီး ကျွန်ုပ်တို့အား နားမလည်နိုင်သောအချက်တစ်ခုဆီသို့ လျင်မြန်စွာပို့ဆောင်ပေးသည်။ တချို့သည် ပုရွက်ဆိတ်က သူ့ကို ငေးကြည့်နေသူများကို နားလည်ရန် ကြိုးစားနေသကဲ့သို့ဖြစ်သည်။ ပုရွက်ဆိတ်က ဘယ်လောက်ကြာကြာ ကြိုးစားနေပါစေ လူသားတို့၏အဖြစ်မှန်ကို သေချာသိရှိနိုင်မည်မဟုတ်ပေ။ ပုရွက်ဆိတ်များ၏နားလည်နိုင်စွမ်းသည် ပုံမှန်အတိုင်းလည်ပတ်နေသော်လည်း ကျွန်ုပ်တို့လူသားများ၏ကြီးမားသောကွဲပြားမှုများကို မည်သည့်အခါမျှကောင်းစွာသိနိုင်မည်မဟုတ်ပေ။

သို့ဆိုလျှင် လူသားသည် သူ့ကို ဖန်ဆင်းရှင်ဘုရားသခင်ကို နားလည်နိုင်သလော။ ကျွန်ုပ်တို့လူသားများသည် ဘုရားသခင်ဖန်ဆင်းခံများဖြစ်သောကြောင့် ဘုရားသခင်၏ပုံသဏ္ဌာန်တော်ကို ဆောင်ထားသော်လည်း သူ့ကိုအသေးစိတ်မသိနိုင်ပေ။ “ထိုသို့ ဘုရားသခင်သည် မိမိပုံသဏ္ဌာန်နှင့်အညီ လူကိုဖန်ဆင်းတော်မူ၏။ ဘုရားသခင်၏ပုံသဏ္ဌာန်တော်နှင့်အညီ လူယောကျ်ား၊ လူမိန်းမကိုဖန်ဆင်းပြီးလျှင်”(က၊၁:၂၆-၂၇) ဟူ၍ဖတ်ရသည်။ ဘုရားသခင်နှင့်ကျွန်ုပ်တို့၏ဆင်တူမှု အတိအကျရှိသော်လည်း ကျွန်ုပ်တို့သည် ဖန်ဆင်းရှင်

ဘုရားသခင်၏ဖန်ဆင်းခြင်းခံရ၍ ကွဲပြားမှုများစွာရှိနေဆဲပင်။ ဘုရားသခင်၏ သဘောသဘာဝ နက်နဲသောအရာကို ဆုပ်ကိုင်ရန် မဖြစ်နိုင်သော်လည်း တူညီမှုများက ကျွန်ုပ်တို့အား ဘုရားသခင်ကို ရှာဖွေနားလည်နိုင်စေသည်။

ဘုရားသခင်၏သဘောသဘာဝသည် ကျွန်ုပ်တို့နားလည်နိုင်စွမ်းထက် ကျော်လွန်နေသော်လည်း သုံးပါးတစ်ဆူကို ဆင်ခြင်သုံးသပ်ပြီး ဖော်မပြနိုင်သောအရာကို ဖော်ပြရန် အချိန်ယူရမည်ဟု ကျွန်ုပ်မျှော်လင့်ထားသည်ဖြစ်၍ ဤကြီးစွာသောလျှို့ဝှက်ဆန်းကြယ်သည့် ဘုရားသခင်အကြောင်းကို ဖော်ပြရခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ရှေ့တော်မှောက်၌ တုန်လှုပ်လျက်၊ ကြောက်ရွံ့မှုနှင့်ပြည့်လျက်နေသော်လည်း သူ၏ကြီးမားသောထာဝရ မေတ္တာလှိုင်းကို ကျွန်ုပ်တို့အပေါ် နှိမ့်ချစွာထုတ်ဖော်လျက် လွှမ်းမိုးထားလေသည်။

ဘုရားသခင်နှင့်စပ်လျဉ်း၍ ကျွန်ုပ်တို့၏ညံ့ဖျင်းသော အတွေးများသည် ရက်စရာကောင်းလောက်အောင် များပြားသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ကို အမှန်တကယ်ကြောက်ရွံ့ခြင်းမရှိသဖြင့် သူ့ကို ကျွန်ုပ်တို့ထဲကတစ်ဦးဦးကဲ့သို့ဆက်ဆံကြသည်။ ဤအမှားများအပြင် ဘုရားသခင်သည် ကျွန်ုပ်တို့အား တောင်းပန်နေသည်ဟု သူ့ကို သူတောင်းစားသဖွယ် ထင်မြင်ခြင်းသည် အလွန်တရာမိုက်မဲရာရောက်ပါသည်။ ပိုဆိုးသည်မှာ ကျွန်ုပ်တို့သည် အမှန်တကယ် တရားစီရင်ခြင်းခံရမည့်သူများဖြစ်သော်လည်း သူ၏ကြင်နာသောဆက်ဆံမှုကို အလွဲသုံးစားအသုံးပြုခြင်းဖြစ်သည်။ ဘုရားသခင်ကို အမှန်ပင် ကျွန်ုပ်တို့သိရှိနားလည်ပါက မိမိတို့၏စိတ်နှလုံးထဲတွင် အလွန်နှိမ့်ချရမည်ဖြစ်သည်။ စိတ်နှလုံးထဲတွင် ကြွားလုံးထုတ်စရာ နေရာရှိမည်မဟုတ်ပေ။

ဓမ္မဟောင်းကျမ်းပိုဒ်များစွာက ဘုရားသခင်ကို တွေ့မြင်ရခြင်းသည် အန္တရာယ်ရှိကြောင်း ပြောပါသည်။ ရှံဆုန်၏ဖခင် "မာနောဝ်ကလည်း ငါတို့သည် ဘုရားသခင်ကို မြင်သောကြောင့် ဆက်ဆက်သေတော့မည်ဟု မယားအားပြောသော်" (တရားသူ၊ ၁၃:၂၂) ဟူ၍ဖတ်ရသည်။ သို့ရာတွင် "မယားက ထာဝရဘုရားသည် ငါတို့ကို သတ်ခြင်းငှာ အလိုတော်ရှိလျှင် မီးရှို့ရာယဇ်နှင့် ဘောဇဉ်ပူဇော်သကာကို ငါတို့လက်မှ ခံယူတော်မမူ။ ဤအခြင်းအရာအလုံးစုံတို့ကိုလည်း ပြတော်မမူ။ ယခုအခါ၌ ဤသို့သောစကားကိုလည်း မိန့်တော်မမူဟု ပြန်ပြော၏" (အငယ် ၂၃)။ ဘုရားသခင်၏အမျက်တော်သည် လူသားများ

အပေါ်၌ လွှမ်းခြုံထားသည်ဟုဆိုစဉ်၌ပင် အပြစ်ရှိသောဤလူလင်မယားတို့သည် ရှေ့တော်မှောက်၌ ရှင်မြူးနေကြပါသည်။

ကျွန်ုပ်တို့၏တန်ပြန်အတွေးများသည် မှော်ကိုးကွယ်မှုကဲ့သို့ ကျွန်ုပ်တို့ထိန်းချုပ်နိုင်ပြီး ကိုင်တွယ်နိုင်သည်ဟူသောအတွေးဖြင့် ဘုရားသခင်ကို အရှိအသေမဲ့စေသည် (တရား၊ ၅:၆-၉)။ ဘုရားသခင်ကို ကျွန်ုပ်တို့၏နားလည်မှုသည် ဘုရားသခင်၏ဝိညာဉ်တော်အပေါ် ကျွန်ုပ်တို့၏တွေးခေါ်ပုံ အကောင်းဖြစ်စေ၊ အဆိုးဖြစ်စေ အလွန်အကျိုးသက်ရောက်ပေသည်။ ထို့အပြင် သန့်ရှင်းသောဝိညာဉ်တော်၏သွန်သင်ချက် မရှင်းမလင်းဖြစ်သောအခါ လူတစ်ဦးအပေါ် ဘုရားသခင်၏ဘုန်းတော်တိမ်တိုက်သည် ကွယ်လျက်နေတတ်သည်။ အယူဝါဒသမ္မာတရားသည် ကျွန်ုပ်တို့၏အတွေးအမြင်နှင့် ယုံကြည်မှုစနစ်သို့ စိမ့်ဝင်ပြီး ကျွန်ုပ်တို့၏ဝိညာဉ်ရေးအသက်တာ အခြေခံအုတ်မြစ်ကို ခိုင်မာစေကာ ကိုယ်တော်၏ဝိညာဉ်တော်နှင့် ပြည့်ဝစေရန် လှုံ့ဆော်ပေးသည်။

## က) သုံးပါးတစ်ဆူ၏လုပ်ဆောင်ချက်များသည် တစ်လုံးတစ်ဝတည်းဖြစ်

သုံးပါးတစ်ဆူ၏အမြင်ကို နားလည်ရန် အလွယ်ဆုံးကား သုံးပါးတစ်ဆူဖြစ်သည့်ခမည်းတော်၊ သားတော်နှင့် သန့်ရှင်းသောဝိညာဉ်တော်တို့သည် အတူတကွလုပ်ဆောင်ကြသည်ဟူ၍ဖြစ်သည်။ သူတို့မှာ ကိုယ်ပိုင်ဆန္ဒရှိသော်လည်း ဆန္ဒတစ်ခုတည်းထားရှိပြီး ပြီးပြည့်စုံစွာလက်တွဲလုပ်ဆောင်ကြသည်။ Athanasian ယုံကြည်ချက်က "ငါတို့သည် သုံးပါးတစ်ဆူဘုရားသခင်တစ်ဆူ၊ စည်းလုံးညီညွတ်သောသုံးပါးပေါင်းတစ်ဆူကို ကိုးကွယ်ကြသည်။ ထိုသုံးပါးတစ်ဆူဘုရားသခင်သည် ဝေခွဲမရသောပုဂ္ဂိုလ်များမဟုတ်သလို ကိုယ်ဒြပ်ကွဲပြားနေခြင်းလည်း မရှိပါပေဟုဆိုကြသည်။

သစ္စာရှိသောဇနီးသည်အထောက်အမတစ်ဦးသည် ခင်ပွန်းဖြစ်သူ၏အလုပ်ကို တတ်နိုင်သမျှပံ့ပိုးပေးသည့်အခါ ကောင်းမွန်သောအိမ်ထောင်ရေးတွင် ရောနှောထားသောဆန္ဒ၏ဥပမာတစ်ခုကို တွေ့မြင်ရပေမည်။ ဇနီးသည်သည် ခင်ပွန်းဖြစ်သူ၏လိုအင်ဆန္ဒကို လိုက်လျောသကဲ့သို့ ဝိညာဉ်တော်၏ဆုံးဖြတ်ချက်သည်လည်း ခမည်းတော်နှင့်သားတော်၏လိုအင်ဆန္ဒကိုအမြဲလိုက်လျောပေသည်။ စည်းလုံးညီညွတ်မှုရှိပြီး ဘုရားသခင်၏အလိုတော်တစ်ခုတည်း၌ ပေါင်းစပ်ထားသော်လည်း တစ်ပါးထက်ပိုပါသည်။

ဖန်ဆင်းခြင်း၊ ရွေးနှုတ်ခြင်း၊ ဘုရားသခင်၏နှုတ်ကပတ်တော်၊ ကယ်တင်ခြင်းနှင့်ဆက်သွယ်ခြင်းများတွင် ဘုရားသခင်၏ပုဂ္ဂိုလ်အသီးသီး အတူတကွလုပ်ဆောင်သည့်နည်းလမ်းများဖြင့် တစ်လုံးတစ်ဝတည်းဖြစ်ခြင်း သမ္မာတရားကိုတွေ့နိုင်သည်။ ဥပမာအားဖြင့် ခမည်းတော်ဘုရားသခင်သည် "ကောင်းကင်နှင့်မြေကြီးကို ဖန်ဆင်းတော်မူ၏" (က၊ ၁:၁) ဟုဆိုသော်လည်း အပိုဒ်ငယ် ၂ တွင် "ဘုရားသခင်၏ဝိညာဉ်တော်သည် ရေမျက်နှာပြင်ပေါ်မှာ လှုပ်ရှားတော်မူ၏။" ခပ်သိမ်းသောအရာတို့သည် ခရစ်တော်အားဖြင့် ဖြစ်တည်လာသည်ကို ဤသို့ဖော်ပြသည်။

"အကြောင်းမူကား ထိုသားတော်သည် ကောင်းကင်ပေါ်၊ မြေကြီးပေါ်မှာရှိသမျှသောရူပအရာ၊ အရူပအရာ၊ ရာဇပလ္လင်ဖြစ်စေ၊ အစိုးရခြင်းတန်ခိုးဖြစ်စေ၊ အထွဋ်အမြတ်ဖြစ်စေ၊ အာဏာစက်ဖြစ်စေ၊ ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်းတော်မူ၏။ ထိုသခင်အားဖြင့်လည်းကောင်း၊ ထိုသခင်အဖို့အလို့ငှာလည်းကောင်း၊ ခပ်သိမ်းသောအရာတို့သည် ဖန်ဆင်းလျက်ဖြစ်ကြ၏။ ၁၇- သားတော်သည်လည်း ခပ်သိမ်းသောအရာမဖြစ်မီဖြစ်တော်မူ၍ ခပ်သိမ်းသောအရာတို့သည် တန်ခိုးတော်အားဖြင့်သာ တည်ကြ၏" (ကော၊ ၁:၁၆-၁၇)။

သုံးပါးတစ်ဆူ၏ပုဂ္ဂိုလ်အသီးသီး၌ ကွဲပြားသောအခန်းကဏ္ဍရှိကြောင်း ကျွန်ုပ်တို့သိသော်လည်း ရိုးရှင်းသောကြွေးကြော်သံကား "မိုးကောင်းကင်ကို ဖန်ဆင်းတော်မူသောထာဝရဘုရား၊ မြေကြီးကို ပြုပြင်ဖန်ဆင်း၍ အမြဲတည်စေတော်မူသောအရှင်၊ အချည်းနှီးဖန်ဆင်းသည်မဟုတ်၊ သတ္တဝါနေစရာဖို့ ဖန်ဆင်းတော်မူသော ဘုရားသခင်မိန့်တော်မူသည်ကား ငါသည် ထာဝရဘုရားဖြစ်၏။ ငါမှတစ်ပါး အခြားသောဘုရားမရှိ" (ဟေရှာ၊ ၄၅:၁၈) ဟူ၍ဖြစ်၏။ သန့်ရှင်းသောဝိညာဉ်တော်သည် သားတော်ကဲ့သို့ပင် အဓိကအခန်းကဏ္ဍမှပါဝင်သော်လည်း ဘုရားသခင်သည် ကမ္ဘာကို ဖန်ဆင်းတော်မူခဲ့သည်။

ဤသည်မှာ ကယ်တင်ခြင်းအတွက်လည်း မှန်ပါသည်။ "အို ဣသရေလအမျိုး၏ဘုရားသခင်၊ ကယ်တင်တော်မူသောဘုရား၊ အကယ်စင်စစ် ကိုယ်တော်သည် ကိုယ်ကိုထင်ရှားစွာပြတော်မမူသော ဘုရားသခင်ဖြစ်တော်မူ၏" (ဟေရှာ၊ ၄၅:၁၅)။ သို့သော် ကျွန်ုပ်တို့သည် ကျမ်းချက်များကို ပိုဂရုတစိုက် ကြည့်ရှုသောအခါ ကယ်တင်ခြင်းတွင် ခမည်းတော်၊ သားတော်နှင့် သန့်ရှင်း

သောဝိညာဉ်တော်ပါဝင်သည့် အခန်းကဏ္ဍများသည် အလွန်ကွဲပြားပြီး မိမိတို့ တွေးတောဆင်ခြင်နိုင်သည့် အံ့ဩဖွယ်လက်ရာကို ပေးစွမ်းသည်။

"သမ္မာတရားနှင့်ပြည့်စုံသော ထိုဝိညာဉ်တော်သည် ရောက်လာသော အခါ သမ္မာတရားကို သင်တို့အား အကြွင်းမဲ့သွန်သင်ပြလိမ့်မည်" (ယောဟန်၊ ၁၆:၁၃)။

"ထာဝရဘုရားကလည်း ငါ့ဝိညာဉ်သည် လူတို့တွင်အစဉ်မဆုံးမရ။ အကြောင်းမူကား လူတို့သည်အသားဖြစ်၏။ သူ၏အသက်တမ်းသည်လည်း အနှစ်တစ်ရာနှစ်ဆယ်ဖြစ်စေဟု မိန့်တော်မူ၏" (က၊ ၆:၃)။

"ငါ့ဝိညာဉ်ကိုလည်း သင်တို့အထဲသို့သွင်းပေးသဖြင့် သင်တို့သည် ငါ၏ တရားလမ်းသို့လိုက်၍ ငါစီရင်တော်မူချက်တို့ကို စောင့်ရှောက်ကြလိမ့်မည်" (ယေဇ၊ ၃၆:၂၇)။

သမ္မာကျမ်းစာ၌ဖော်ပြထားသည့်အတိုင်း ဘုရားသခင်၏ကြိုတင် ရွေးနှုတ်ခြင်း အလုပ်ထဲတွင် ကျွန်ုပ်တို့ကြီးစွာယုံကြည်စိတ်ချမှုရှိသော်လည်း (ဧ၊ ၁:၃-၄) ကျွန်ုပ်တို့သည် ဤနေရာတွင် သုံးပါးပေါင်းတစ်ဆူကို ကာကွယ်ခြင်း သို့မဟုတ် ဖော်ပြခြင်းမဟုတ်ဘဲ သန့်ရှင်းသောဝိညာဉ်တော်၏ထူးခြားသော အခန်းကဏ္ဍကို ချဲ့ထွင်နေခြင်းဖြစ်သည်ကို သတိပြုရမည်။

ယေရှု၏နှစ်ခြင်းခံချိန်စဉ် ဘုရားသခင်၏ဝိညာဉ်တော် လုပ်ဆောင်မှုအကြောင်းကို တွေးတောခြင်းဖြင့် ကျွန်ုပ်တို့ရှေ့ဆက်နိုင်ပေမည်။

"ယေရှုသည် ဗတ္တိဇံကိုခံတော်မူပြီးလျှင် ရေမှပေါ်ထစဉ်တွင် ကောင်းကင်ဖွင့်လှစ်သဖြင့် ဘုရားသခင်၏ဝိညာဉ်တော်သည် ချိုးငှက်ကဲ့သို့ဆင်းသက်၍ ကိုယ်တော်အပေါ်၌ နားတော်မူသည်ကို မြင်ရ၍ ၁၇- ဤသူကား ငါနှစ်သက်မြတ်နိုးရာ၊ ငါ၏ချစ်သားပေတည်းဟု ကောင်းကင်က အသံတော်ဖြစ်လေ၏" (မဿဲ၊ ၃:၁၆-၁၇)။

တစ်ဖက်တွင် ခမည်းတော်သည် ယေရှုဗတ္တိဇံအားဖြင့် သားတော်ဖြစ်ကြောင်း ကြေညာခဲ့သည်။ ဘုရားသခင်၏ဝိညာဉ်တော်သည် ရေနှစ်ခြင်းခံယူတော်မူသောယေရှုအပေါ် ချိုးငှက်ကဲ့သို့ဆင်းသက်လာခြင်းဖြင့် ခမည်းတော်ဘုရားသခင်သည် သားတော်ယေရှုခရစ်အပေါ်သို့ သူ၏ကောင်းချီးအပြည့်အစုံကို မိန့်မြွက်ပြီး လွှတ်ပေးခဲ့သည်။ ဤအံ့ဩဖွယ်အမှု၏ပြီးပြည့်စုံသော ရောစပ်မှုကို ဤသို့ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။

ပေါလုက "သခင်ဘုရားဟုဆိုသော် ဝိညာဉ်တော်တရားကို ဆိုလိုသတည်း။ သခင်ဘုရား၏ဝိညာဉ်တော်တရားသည် လွတ်ခြင်းချမ်းသာကို ပေးတတ်၏။ ၁၈- ငါတို့ရှိသမျှသည် မျက်နှာဖုံးကိုဖွင့်လျက် မှန်ကို ကြည့်သကဲ့သို့ သခင်ဘုရား၏ဘုန်းအသရေတော်ကို ကြည့်မြင်၍ ဝိညာဉ်တော်တရား၏အရှင်သည် ရောင်ခြည်တော်ကို လွှတ်တော်မူသည်အတိုင်း၊ ငါတို့သည် ဘုန်းအသရေ တိုးပွား၍ ပုံသဏ္ဍာန်တော်နှင့်အညီ ပြောင်းလဲခြင်း ရှိရကြ၏" (၂ကော၊ ၃:၁၇-၁၈)။

ဓမ္မဟောင်းကျမ်းကို ဖန်တီးသော သန့်ရှင်းသောဝိညာဉ်တော်သည် ဓမ္မသစ်ကျမ်းကိုလည်း ဖန်တီးစုစည်းပေးသူဖြစ်သောကြောင့် ဓမ္မဟောင်းကျမ်းမှ ဤဘိသိက်ခြင်းကို ကျယ်ပြန့်သောသုံးပါးတစ်ဆူရှုထောင့်မှ စဉ်းစားကြည့်ကြပါစို့။ သုံးပါးတစ်ဆူအကြောင်း သွန်သင်ချက်သည် ကျွန်ုပ်တို့ဘဝအသက်တာနှင့်ဆက်စပ်နားလည်ရန် အခက်ခဲဆုံးအကြောင်းအရာဖြစ်ကောင်းဖြစ်နိုင်၏။ သန့်ရှင်းသောဝိညာဉ်တော်သည် မျက်မြင်မရနိုင်သော၊ သန့်ရှင်းသောသူဖြစ်သည်။ ကျွန်ုပ်တို့မူကား မျက်မြင်ရသည်သာမက အပြစ်ရှိသောသူများဖြစ်ကြသည်။ ကျွန်ုပ်တို့သည် မြေကြီးပေါ်၌ အချိန်တိုတိုအတွင်း နေရာကျဉ်းကျဉ်းလေးတွင် နေထိုင်စဉ် ဝိညာဉ်တော်သည် ထာဝရတည်ရှိနေပါသည်။ ကျွန်ုပ်တို့သည် သုံးပါးတစ်ဆူ၏ထာဝရပုဂ္ဂိုလ်များကို အလဟဿဆုပ်ကိုင်ရန် ကြိုးပမ်းသောအခါ သုံးပါးတစ်ဆူဘုရားသည် ကျွန်ုပ်တို့၏အကန့်အသတ်စိတ်အအပေါ် တုန်လှုပ်မိမည်ဖြစ်သည်။

"ထိမိ၍လဲခြင်းနှင့် ကင်းလွတ်စေမည်အကြောင်း သင်တို့ကို စောင့်ရှောက်ခြင်းငှာလည်းကောင်း၊ အပြစ်မရှိဘဲ ဝမ်းမြောက်ခြင်းနှင့် ပြည့်စုံလျက်ရှိသော သင်တို့ကို ဘုန်းအသရေတော်ရှေ့၌ ဆက်သခြင်းငှာလည်းကောင်း တတ်နိုင်တော်မူသောသူတည်းဟူသောငါတို့ကို ကယ်တင်တော်မူသောအရှင်၊ တစ်ဆူတည်းသောဘုရားသခင်သည် ငါတို့သခင်ယေရှုခရစ်အားဖြင့် ယခုမှစ၍ ကမ္ဘာအဆက်ဆက် ဘုန်းတန်ခိုးအာနုဘော်နှင့် အစွမ်းသတ္တိအာဏာစက် ရှိတော်မူစေသတည်း။ အာမင်" (ယုဒ၊ ၁:၂၄-၂၅)။

"ငါထောက်မသော ငါ့ကျွန်ရင်း၊ ငါနှစ်သက်မြတ်နိုးရာ ငါရွေးချယ်သောသူကို ကြည့်ရှုလော့။ ထိုသူ၏အပေါ်၌ ငါ့ဝိညာဉ်ကို ငါတည်စေမည်။ သူသည် လူအမျိုးမျိုးတို့ကို တရားပေးလိမ့်မည်" (ဟေရှာ၊ ၄၂:၁)။

ခမည်းတော်ဘုရားသခင်သည် သားတော်ကို "ငါ့ကျွန်" ဟူ၍ပုံဖော်ထားသည်။ သားတော်သည် ခမည်းတော်ရွေးချယ်ထားသောသူဖြစ်ပါသည်။ "ငါနှစ်သက်မြတ်နိုးရာ" ဖြစ်သည်ဟုဆိုသည်။ သူ့အပေါ်၌ "ငါ့ဝိညာဉ်" ကို တင်ထားသည်ဟု ခမည်းတော်ဆို၏။ ယင်းက ယေရှုရေနှစ်ခြင်းခံပြီးနောက် သူ့အပေါ်သို့ဆင်းသက်လာ ကောင်းကင်ချိုးငှက်ဘိသိက်ပေးသည့် မြင်ကွင်းကို အပြည့်အဝရောင်ပြန်ဟပ်နေသည်မဟုတ်လော။ ထို့ကြောင့် သုံးပါးတစ်ဆူ၏လုပ်ဆောင်ချက်ကို ဓမ္မဟောင်းကျမ်းမှ ကိုးကားသည့် "ထိုသူ၏အပေါ်၌ ငါ့ဝိညာဉ်ကို ငါတည်စေမည်" ဟူသည်မှာ လူသားများ၏ကယ်တင်ခြင်းလုပ်ငန်းစဉ်၌ အသက်ဝင်လာပြီး ပဋိညာဉ်သစ်၏အရေးပါသောအစိတ်အပိုင်းသာမက အခြားကျမ်းချက်များနှင့်လည်း လုံးလုံးသဘောတူညီမှုရှိသည်။ ခမည်းတော်သည် ညွှန်ကြား၍ ဆုံးဖြတ်လိုက်သောအခါ သားတော်သည် နာခံလျက်နှုတ်ထွက်စကားအတိုင်း သွားလေသည် (ယော၊ ၁:၁-၂)။ တစ်ချိန်တည်းတွင် သန့်ရှင်းသောဝိညာဉ်တော်သည် ခမည်းတော်၏အမှုတော်ကို ထမ်းဆောင်နေသူအား ခွန်အားပေး၍ တန်ခိုးနှင့်ပြည့်စေသည်။ ကျွန်ုပ်တို့သည် ခရစ်တော်၌ရှိသောကြောင့် ဝိညာဉ်တော်သည် ကျွန်ုပ်တို့ကို ဘုရားသခင်၏လူများအဖြစ်စေတနာအပြည့်ဖြင့် ဘိသိက်ပေးသည်။

## ခ) သုံးပါးတစ်ဆူအမည် (မ၊ ၂၈:၁၈-၂၀)

သုံးပါးတစ်ဆူ၏သီအိုရီကို ဖော်ထုတ်ရန် ကျွန်ုပ်တို့အား တွန်းအားပေးသည့်ကျမ်းကိုးကိုးကားများစွာရှိသည်။ ကျွန်ုပ်တို့သည် ၎င်းကို ဩဝါဒဟုခေါ်ဆိုသော်လည်း ဤလျှို့ဝှက်ဆန်းကြယ်မှု၏အဓိပ္ပါယ်ကို ခန့်မှန်းရန် သဲလွန်စများနှင့်ကျိုးကြောင်းဆီလျော်သော ဖြတ်တောက်မှုများကို ကျွန်ုပ်တို့အသုံးပြုနေပါသည်။ အကယ်၍ ကျွန်ုပ်တို့က သုံးပါးတစ်ဆူဘုရားဟုပြောလျှင် အခြားဘာသာတရားများက ခရစ်ယာန်များမှာ ဘုရားသုံးပါးကိုးကွယ်သည်ဟု စွပ်စွဲကြမည်ကို သခင်ဘုရားကြိုတင်သိထားပါသည်။ ခရစ်ယာန်များအနေနှင့် သုံးပါးတစ်ဆူဘုရားအကြောင်းကို ဓမ္မဟောင်း/ဓမ္မသစ်ကျမ်းချက်များ ဟန်ချက်ညီစွာနားလည်သဘောပေါက်ရပါမည်။ အထူးသဖြင့် သုံးပါးပေါင်းတစ်ဆူအကြောင်းကို မယုံကြည်သူများနှင့် ငြင်းခုံခြင်း လုံးဝမလုပ်သင့်ပေ။ သူတို့နားလည်သဘောပေါက်ရန် စိတ်ဝင်စားပါက ပထမခြေလှမ်းမှာ ဧဝံဂေလိတရား

ကိုလက်ခံရယူခြင်းပင်ဖြစ်သည်။ သို့ရာတွင် ကျွန်ုပ်တို့ယုံကြည်သူများသည် ဘုရားသခင်နှင့် သိကျွမ်းနားလည်နိုင်စွမ်းကို နှစ်သက်ကြသည်။

သုံးပါးပေါင်းတစ်ဆူသည် ဤစာအုပ်၏အစမဟုတ်ပေ။ ယင်းအစား သန့်ရှင်းသောဝိညာဉ်တော်နှင့်ပတ်သက်၍ ကျွန်ုပ်တို့၏အတွေ့အကြုံများနှင့် နားလည်မှုဖြင့် စတင်ခဲ့သည်။ သုံးပါးပေါင်းတစ်ဆူအကြောင်း ဆွေးနွေးခြင်းသည် ဘုရားသခင်ကို စစ်မှန်စွာသိရှိနားလည်းရန် ရှာဖွေသူများအတွက် သီးသန့်ဖြစ်သည်။ သုံးပါးပေါင်းတစ်ဆူ၏တည်ရှိမှုအား သမ္မာကျမ်းစာထဲတွင် အရိပ်အမြွက်ဖော်ပြထားပြီး ထိုဖော်ပြချက်များကို သတိပြုမိရန် လိုအပ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ရည်ရွယ်ချက်မှာ သုံးပါးတစ်ဆူထဲမှ တစ်ပါးဖြစ်သည့် သန့်ရှင်းသောဝိညာဉ်တော်အကြောင်းကို ပိုမိုကောင်းမွန်စွာနားလည်သဘောပေါက်ရန်နှင့်နှစ်သက်စေရန်ဖြစ်သည်။သုံးပါးတစ်ဆူအကြောင်း ကိုးကားချက်ကို လေ့လာကြည့်ကြပါစို့။

**ရှင်မဿဲ၊ ၂၈:၁၈-၂၀**

"ယေရှုသည် အနီးအပါးသို့ ချဉ်းတော်မူပြီးလျှင် ကောင်းကင်ဘုံ၌လည်းကောင်း၊ မြေကြီးပေါ်၌လည်းကောင်း၊ စီရင်ပိုင်သောအခွင့်တန်ခိုးရှိသမျှတို့ကို ငါခံရပြီ။ ၁၉- သင်တို့သွား၍ လူမျိုးတကာတို့ကို ငါ့တပည့်ဖြစ်စေလျက်၊ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏နာမ၌ ဗတ္တိဇံကို ပေးကြလော့။ ငါသည် သင်တို့အား ပေးသမျှသောပညတ်တော်တို့ကို စောင့်ရှောက်စေခြင်းငှာ ဆုံးမသြဝါဒပေးကြလော့။ ငါသည်လည်း ကပ်ကမ္ဘာကုန်သည်တိုင်အောင် သင်တို့နှင့်အတူအစဉ်မပြတ်ရှိသည်ဟု တပည့်တော်တို့အား မိန့်တော် မူ၏" (မဿဲ၊ ၂၈:၁၈-၂၀)။

မဿဲသည် ခမည်းတော်၊ သားတော်နှင့် သန့်ရှင်းသောဝိညာဉ်တော်ဟူသောနာမည်တစ်ခုစီဖြင့် ဖော်ပြသော်လည်း ကမ္ဘာဦးကျမ်း အခန်းကြီး ၁ တွင် အများကိန်းအသုံးပြုထားသည့်လေိုဟိမ် (Elohim) နှင့်ကိုက်ညီမှုရှိပေသည်။ သမ္မာကျမ်းစာကလည်း တစ်ဆူတည်းသောဘုရားတစ်ပါးတည်းသာ ရှိသည်ဟု အတည်ပြုထားသည် (တရား၊ ၆:၄၊ မလ၊ ၂:၁၀၊ ၁ကော၊ ၈:၆၊ ဖေက်၊ ၄:၆၊ ၁တိ၊ ၂:၅)။ ဘုရားသခင်သည် ဤမဟာစေခိုင်းချက်ကို ပြီးမြောက်စေရန်အတွက် သူ၏လူများတွင် ထူးထူးခြားခြားလုပ်ဆောင်နေပါသည်။ သုံးပါးတစ်ဆူတွင် ပါဝင်သောပုဂ္ဂိုလ်တစ်ဦးစီသည် တူညီသောအဆင့်အတန်းရှိကြပြီး

ဘုရားသဘောသဘာဝရှိကြပြီး နာမတော်တစ်ခုစီရှိကြသည်။ တစ်လုံးတစ်ဝတည်း လုပ်လုပ်ကြသည်။ ထို့ကြောင့် မဟာစေခိုင်းချက်သည် တစ်ခုတည်းသာရှိပြီး ၎င်းကို ပြီးမြောက်အောင်မြင်ရန် အသင်းတော်သည် အားနည်း၍ ပျော့ညံ့နေသော်လည်း ဘုရားသခင်၏မြင့်မြတ်သောရည် ရွယ်ချက်အပြည့်အစုံကို မည်သည့်အရာကမျှ ရပ်တန့်စေမည်မဟုတ်ပေ။

**၁ ပေ၊ ၁:၂**

ပေတရုသည် သုံးပါးတစ်ဆူဘုရား၏အံ့ဩဖွယ်အမှုတော်ကို ရှင်းပြရန် အံ့ဩဖွယ်ကျစ်ကျစ်လျစ်လျစ်သောဝါကျဖြင့် အကျဉ်းချုံးထားသည်။

"ယေရှုခရစ်တော်ကိုနာခံရန်နှင့် ကိုယ်တော်၏သွေးတော်ပက်ဖျန်းခြင်းခံရရန်အတွက် ဝိညာဉ်တော်အားဖြင့် သန့်ရှင်းစေခြင်းခံရ၍ ခမည်းတော်ဘုရားသခင်၏ကြိုတင်သိမြင်သောဉာဏ်တော်အတိုင်း ရွေးကောက်ခံရသောသူတို့ထံသို့ စာရေးလိုက်ပါ၏။ ကျေးဇူးတော်နှင့်ငြိမ်သက်ခြင်းသည် သင်တို့၌ တိုးပွားပါစေသော" (၁ပေ၊ ၁:၂ စံမီကျမ်း)။

သုံးပါးတစ်ဆူထဲကတစ်ပါးစီသည် ကယ်တင်ခြင်းလုပ်ငန်းစဉ်တွင် အရေးကြီးသောအပိုင်း/အခန်းကဏ္ဍတွင် ပါဝင်ကြသည်။ ခမည်းတော်သည် ရွေးချယ်ပြီး သူ၏အလိုတော်ကို ကျင့်သုံးသည်။ ဝိညာဉ်တော်သည် ဘုရားသခင်၏လူတို့၌ ကျိန်းဝပ်၍ သားတော်ယေရှုသည် သူ၏အသွေးကို အပြစ်ဖြေခြင်းအဖြစ် ပေးသည်။

**ယောဟန်၊ ၁၄:၂၆**

"ခမည်းတော်သည် ငါ့အတွက်ကြောင့် စေလွှတ်တော်မူသောဥပဇ္ဈာယ်ဆရာတည်းဟူသော သန့်ရှင်းသောဝိညာဉ်တော်သည် သင်တို့အား ခပ်သိမ်းသောအရာတို့ကို ပြသသွန်သင်တော်မူ၍ငါပြောခဲ့သမျှသောစကားတို့ကို မှတ်မိသောဉာဏ်ကို သင်တို့အား ပေးတော်မူမည်" (ယော၊ ၁၄:၂၆)။

ယောဟန် ၁၄:၂၆ ကိုအစောပိုင်းတွင် ဆွေးနွေးခဲ့သည်။ သို့သော် သုံးပါးတစ်ဆူနှင့်ပတ်သက်၍ အသွင်ကူးပြောင်းမှုကို မြင်နိုင်စေမည့် ယေရှု၏စကားများဆီသို့ပြန်လှည့်သွားသည်။ ဘုရားသခင်သည် လိပ်ပြာအသွင်ပြောင်းလဲသကဲ့သိုအဆင့်ဆင့်ပြောင်းလဲခြင်းမဟုတ်ပေ။ ဥပမာအားဖြင့် ခမည်းတော်

မှသားတော်အဖြစ်သို့လည်းကောင်း၊ သားတော်မှသန့်ရှင်းသောဝိညာဉ်တော် အဖြစ်သို့လည်းကောင်း ပြောင်းလဲခြင်းလုံးဝမဟုတ်ပေ။ သန့်ရှင်းသောဝိညာဉ်တော်သည် ယေရှုကို ကိုယ်စားပြုခြင်းသက်သက်မဟုတ်၊ ကျွန်ုပ်တို့အထဲ၌ ကျိန်းဝပ်အသက်ရှင်ပြီး မိမိတို့ကို နေ့စဉ်သွန်သင်ရန်နှင့်လမ်းပြရန်ဖြစ်သည်။

## ဟေရှာ၊ ၆၃:၈-၁၀

"အကယ်စင်စစ် သူတို့သည် ငါ၏လူဖြစ်ကြ၏။ သစ္စာမပျက်သောသား လည်း ဖြစ်ကြ၏ဟု မိန့်တော်မူသဖြင့် သူတို့ကို ကယ်နုတ်တော်မူ၏။ ၉-အမှု ရောက်လေရာရာ၌ သူတို့ကို ညှဉ်းဆဲတော်မမူ။ ရှေ့တော်မှစေလွှတ်သော ကောင်းကင်တမန်သည် ကယ်တင်လျက် မေတ္တာကရုဏာတော်ရှိသည်အ တိုင်းရွေးနုတ်တော်မူ၏။ ရှေးကာလပတ်လုံး သူတို့ကို ချီဆောင်တော်မူ၏။ ၁၀- သူတို့သည်လည်း ပုန်ကန်၍ သန့်ရှင်းသောဝိညာဉ်တော်ကို နာစေကြ၏။ ထိုကြောင့် သူတို့ကို ရန်ဘက်ပြု၍ စစ်တိုက်တော်မူ၏။"

ဟေရှာယ ၆၃:၈-၁၀ သည် ဘုရားသခင်၏ပုဂ္ဂိုလ်သုံးပါးစလုံးကို အရိပ် အမြွက်ဖော်ပြသည်။ (၁) ခမည်းတော်က အစ္စရေးသည် ငါ့လူမျိုးဖြစ်သည်ဟု မိန့်တော်မူသည်၊(၂) သားတော်ကို ကယ်တင်သောကောင်းကင်တမန်ဟု ဖော် ပြသည်၊ (၃) သန့်ရှင်းသောဝိညာဉ်တော်ကို ဝမ်းနည်းစေကြ၏ဟူ၍ ဖော်ပြ သည်။ ဤဝမ်းနည်းပူဆွေးခြင်းဆိုင်ရာအယူအဆကို ဓမ္မသစ်ကျမ်းတွင် ဖော် ပြထားပြီး ဝိညာဉ်တော်ကို လိုအင်ဆန္ဒနှင့်ရည်ရွယ်ချက်ရှိသူအဖြစ် ရှင်းလင်း စွာသရုပ်ဖော်ထားသည်။

## ရောမ၊ ၁၅:၃၀ နှင့် ၂ ကော၊ ၁၃:၁၄

"ငါသည် ဘုရားသခင်၏အလိုတော်အတိုင်း ဝမ်းမြောက်သောစိတ်နှင့် သင်တို့ရှိရာသို့ရောက်၍ သင်တို့နှင့်အတူ သက်သာခြင်းကို ခံစားလိုသောငှာ" (ရော၊ ၁၅:၃၀)။

"သခင်ယေရှုခရစ်၏ကျေးဇူးတော်လည်းကောင်း၊ ဘုရားသခင်၏မေ တ္တာတော်လည်းကောင်း၊ သန့်ရှင်းသောဝိညာဉ်တော်၏မိတ်သဟာယတော် လည်းကောင်း၊ သင်တို့အပေါင်း၌ ရှိစေသတည်း" (၂ကော၊ ၁၃:၁၄)။

ဤနောက်ဆုံးအပိုဒ်ငယ်၌ "သန့်ရှင်းသောဝိညာဉ်တော်၏မိတ်သဟာယ" ဟူသောစကားသည် အများနှင့်ဆိုင်သော ကောင်းချီးပေးခြင်း၏အခြေခံကိုသတိရရန် အထောက်အကူဖြစ်စေသည်။ မိတ်သဟာယဖွဲ့ခြင်းဟူသောစကားလုံး၏ကြွယ်ဝသောအဓိပ္ပာယ်သည် အမှန်စင်စစ် သန့်ရှင်းသောဝိညာဉ်တော်၊ ဘုရားသခင်ကိုယ်တော်တိုင် ကျွန်ုပ်တို့နှင့် တရင်းတနှီးလုပ်ဆောင်ပုံအား ရှင်းလင်းစွာပြသသည်။

## ဂ) ဩဝါဒဆိုင်ရာနေရာ

ဤအရာအားလုံးမှ ကျွန်ုပ်တို့မည်သို့ကောက်ချက်ချရမည်နည်း။ ဩဝါဒသည် သမိုင်းအကြောင်းအရာအားဖြင့် ပုံဖော်ခံရပါသလား သို့မဟုတ် ဩဝါဒက အဖြစ်အပျက်ကို ပုံဖော်ခဲ့ပါသလား။ နှစ်ခုလုံးမှန်သည်မဟုတ်ပေလော။ ငါတို့ယုံကြည်သည့်ဩဝါဒသည် ကျမ်းစာများတွင် မှတ်တမ်းတင်ထားသည့် အဖြစ်အပျက်များဖြင့် ပုံသွင်းထားသည်။ သမ္မာတရားများကို အတည်ပြုရန်နှင့်ရှင်းလင်းရန် ဘုရားသခင်သည် အဖြစ်အပျက်များကို အသုံးပြုသည်။

ဩဝါဒတွင် ကျွန်ုပ်တို့သည် အခြားသူများကို နားလည်သဘောပေါက်ရန်နှင့်သွန်သင်ရန် မည်သို့လုပ်ဆောင်ရမည်ကို လမ်းညွှန်ပေးသည့် ဖော်ပြထားသောသမ္မာတရားများ ပါဝင်သည်။ မရှိမဖြစ်လိုအပ်သောနေရာများတွင် ဩဝါဒကွဲလွဲမှုဆိုသည်မှာ ကျွန်ုပ်တို့သည် အဖြစ်အပျက်များကို ငြင်းဆိုခြင်း သို့မဟုတ် တစ်နည်းတစ်ဖုံ ပြန်လည်ဖော်ပြခြင်းနှင့် နိဂုံးချုပ်ရန် ရည်ရွယ်ထားသည်ထက် အဆိုပါဖြစ်ရပ်များ၏အရေးပါမှုကို ပြန်လည်ဖော်ပြခြင်းဖြစ်သည်။

"ထိုသို့ဘုရားသခင်သည် လက်ယာလက်တော်နှင့် ချီးမြှောက်တော်မူသဖြင့် ထိုသခင်သည် ကတိတော်နှင့် ယှဉ်သောသန့်ရှင်းသောဝိညာဉ်တော်ကို ခမည်းတော်ထံ၌ ခံပြီးဖြစ်၍ သင်တို့သိမြင်ကြားရသောအရာကို ညွှန်းလောင်းတော်မူ၏" (တမန်၊ ၂:၃၃)။

"ခမည်းတော်ထံမှထွက်လာ၍သမ္မာတရားနှင့်ပြည့်စုံသောဝိညာဉ်တော်တည်းဟူသော ခမည်းတော်ထံမှ သင်တို့ဆီသို့ ငါစေလွှတ်လတ္တံ့သောဥပဇ္ဈာယ်ဆရာသည် ရောက်လာသောအခါ ငါ၏အကြောင်းကို သက်သေခံလိမ့်မည်" (ယော၊ ၁၅:၂၆)။

ဩဝါဒကိုနက်နဲသည့်အဆင့်ဖြင့် တွေးကြည့်လျှင် ကျွန်ုပ်တို့ကိုသွန်သင်ပေးသည့်အဖြစ်အပျက်များကို ပုံဖော်ပေးသည် (၂တိ၊၃:၁၆-၁၇)။ ကျွန်ုပ်တို့ယုံကြည်သောသွန်သင်ချက်များသည် သမိုင်းဖြစ်ရပ်များမှ ဖြစ်ပေါ်လာခြင်းမဟုတ်ဘဲ မှန်ကန်သောအရာအားလုံး၏လုပ်ဆောင်ခြင်းသာဖြစ်သည်။ ဤကိစ္စတွင် ကျွန်ုပ်တို့သည် သုံးပါးတစ်ဆူနှင့်ဆိုင်သည့်သမ္မာတရားကို ပြောဆိုနေခြင်းဖြစ်သည်။ သုံးပါးတစ်ဆူဘုရား၏အချက်အလက်များသည် အချိန်တန်သောအခါ မြေကြီးပေါ်ထိဆင်းသက်လာပြီး ခရစ်တော်အားဖြင့် ထာဝရဘုရားကို ယုံကြည်တွေ့ရှိစေသည့် ထာဝရသုံးပါးတစ်ဆူဘုရားဖြစ်သည်။

## ဂ) ဘုရားသခင်၏ဝိညာဉ်တော်အပေါ် ကျွန်ုပ်တို့၏တုံ့ပြန်မှု

ဘုရားသခင်၏ဝိညာဉ်တော်၌ သန့်ရှင်းသောတာဝန်ရှိသည်။ ကျွန်ုပ်တို့သည် ဝိညာဉ်တော်ကို သိရှိနားလည်ပြီး တုံ့ပြန်သောအခါ ဘုရားသခင်၏အလိုတော်နှင့်အညီ အသက်ရှင်သည်။ သို့ရာတွင် ကျွန်ုပ်တို့လုပ်ဆောင်ရန် သူ၏ညွှန်ကြားချက်ကို ဦးစားမပေးသောအခါ ကျွန်ုပ်တို့သည် ဝိညာဉ်တော်ကို ဝမ်းနည်းစေသည် (ဟေရှာ၊ ၆၃:၁၀၊ ဧ၊ ၄း၃၀)။ ဟေဗြဲဩဝါဒစာ ၁၀:၂၉ တွင် “ဆုကျေးဇူးကို ပေးသောဝိညာဉ်တော်ကို မထီမဲ့မြင်ပြုလျက်” ဟူသောစကားဖြင့် ဘုရားသခင်နှင့်ဆိုင်သောအရာများကို လျစ်လျူရှုကြောင်း ဖော်ပြထားသည်။

“ထိုမျှမက ဘုရားသခင်၏သားတော်ကို ခြေဖြင့်ကျော်နင်းလျက် မိမိကိုစင်ကြယ်စေသော ပဋိညာဉ်တရား၏သွေးကို အပြစ်တင်လျက် ဆုကျေးဇူးကိုပေးသောဝိညာဉ်တော်ကို မထီမဲ့မြင်ပြုလျက်ရှိသောသူသည် အဘယ်မျှလောက် ကြီးစွာသောဒဏ်ဖြင့် ခံထိုက်သည်ကို သင်တို့ထင်ကြသနည်း” (ဟေဗြဲ၊ ၁၀:၂၉)။

တောလည်ရာကျမ်းက ပရောဖက်များ၏အရေးကြီးသောနှုတ်ကပတ်တော်ကို အဆက်မပြတ်လျှော့ချခြင်းအားဖြင့် ဘုရားသခင်၏ညွှန်ကြားချက်ကို ဆန့်ကျင်ပြီး ကျွန်ုပ်တို့၏စိတ်နှလုံးကို ခိုင်မာစေကြောင်း မှတ်တမ်းတင်ထားသည်။ မှန်ပါသည်၊ ဝိညာဉ်တော်သည် မျက်မြင်မရနိုင်သောကြောင့် သူ၏တိုက်တွန်းမှုထက် ရုံဆုန်ပြုသကဲ့သို့ လူ၏အာရုံများကို ပို၍အာရုံစိုက်ရန် လွယ်ကူသည်။

ဝိညာဉ်တော်၌ ကျင်လည်သောသူတို့ကို ထာဝရဘုရားသည် ရှာတော်မူ၏။ ယောရှုကဲ့သို့ပင် ဘုရားသခင်၏ဝိညာဉ်တော်သည် ကျွန်ုပ်တို့၏အသက်တာ၌ သိသာထင်ရှားသင့်သည်။ "ထာဝရဘုရားကလည်း ဝိညာဉ်တော်ကိုရသော နုန်၏သားယောရှုကိုခေါ်၍ သင်၏လက်ကို သူ့အပေါ်မှာ တင်လော့" (တောလည်၊၂၇:၁၈)။ အချို့သောသူများသည် ဘုရားသခင်၏ဝိညာဉ်တော်အကြောင်းကို များစွာပြောဆိုနေကြသော်လည်း ဘုရားသခင်၏ဘုန်းတော်ကိုထုတ်ဖော်ခြင်းထက် မိမိတို့ကိုယ်ကို အာရုံစိုက်မှု ရရှိစေရန် ရှာဖွေတတ်ကြသည်။ ဘုရားသခင်၏ဝိညာဉ်တော်သည် အစဉ်အမြဲခမည်းတော်ဘုရား၏ဘုန်းတော်ကို ဆောင်လေ့ရှိ၏။ "ကိုးကွယ်သောသူမှန်သမျှတို့သည် ခမည်းတော်ကို နာမ်ဝိညာဉ်နှင့်လည်းကောင်း၊ သစ္စာတရားနှင့်လည်းကောင်း၊ ကိုးကွယ်ရမည့်အချိန်ကာလသည် လာ၍ ယခုပင်ရောက်လျက်ရှိ၏။ အကြောင်းမူကား ထိုသို့ကိုးကွယ်သောသူတို့ကို ခမည်းတော်သည် အလိုရှိတော်မူ၏" (ယော၊ ၄:၂၃)။ "ငါတို့သည် စိတ်ဝိညာဉ်အားဖြင့် ဘုရားသခင်ကို ကိုးကွယ်၍ ဇာတိ၌ကိုးစားခြင်းမရှိဘဲ ယေရှုခရစ်၌သာ ဝါကြွားဝမ်းမြောက်သောသူဖြစ်၍ မှန်သောအရေဖျားလှီးခြင်းကို ခံသောသူဖြစ်ကြ၏" (ဖိ၊ ၃:၃)။

အချို့က အကယ်၍ ဘုရားသခင်သည် လူတို့၏အထဲ၌ အသက်ရှင်တည်နေလျှင် လူတို့သည် ဖျားနာမှုနှင့်ဒုက္ခဆင်းရဲတို့ကို မည်သည့်အခါမျှခံရမည်မဟုတ်ဟုယူဆနိုင်ကြသည်။ ကျွန်ုပ်တို့၏အခက်ခဲဆုံး အချိန်များတွင်ပင် ဘုရားသခင်၏ဝိညာဉ်တော်သည် သူ့လူတို့၌ ကျိန်းဝပ်သည်မှာ နှစ်သက်အားရလျက်နေသည်။ သသေဖန်ကို ခဲနှင့်ပေါက်သတ်ကြစဉ်တွင် ဘုရားသခင်၏ဝိညာဉ်တော်သည် သူနှင့်အတူ ပါရှိလျက်နေသည်မဟုတ်လော။ "သူသည်လည်း သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်သဖြင့် ကောင်းကင်သို့စေ့စေ့ကြည့်မျှော်၍ ဘုရားသခင်၏ဘုန်းတော်ကိုလည်းကောင်း၊ ဘုရားသခင်၏လက်ယာတော်ဘက်၌ ယေရှုရပ်နေသည်ကိုလည်းကောင်းမြင်လျှင်" (တ၊ ၇:၅၅) ဟုဖတ်ရသည်။ "ခရစ်တော်၏နာမကြောင့် ကဲ့ရဲ့ခြင်းကိုခံရလျှင် မင်္ဂလာရှိကြ၏။ အကြောင်းမူကား ဘုရားသခင်၏ဘုန်းကြီးသော ဝိညာဉ်တော်သည် သင်တို့အပေါ်မှာ ကျိန်းဝပ်တော်မူ၏။ သူတို့၌ကား ကဲ့ရဲ့ခြင်း၊ သင်တို့၌ကား ချီးမွမ်းခြင်းရှိတော်မူ၏" (၁ပေ၊ ၄:၁၄)။

# ဆွေးနွေးမေးခွန်းများ

၁။ သုံးပါးတစ်ဆူ၏အဓိက သွန်သင်ချက်များကား အဘယ်နည်း။
၂။ ခရစ်ယာန်များသည် သုံးပါးတစ်ဆူကို အဘယ်ကြောင့်ယုံကြည်ရသနည်း။ သင့်အကြောင်းပြချက်များကို ကျမ်းဖြင့် ထောက်ခံပါ။
၃။ သုံးပါးတစ်ဆူ၏သွန်သင်ချက်ကို အသင်းတော်၏အဓိကသွန်သင်ချက်အဖြစ် ဘယ်အချိန်က ပထမဆုံးကြေညာခဲ့သနည်း။ မည်သို့ဖြစ်လာသနည်း။
၄။ ကျွန်ုပ်တို့၏အသက်တာ၌ သန့်ရှင်းသောဝိညာဉ်တော် အလုပ်လုပ်နေခြင်း၏အကျိုးဆက်ကား အဘယ်နည်း။
၅။ လူတစ်ဦးသည် ယုံကြည်သူဖြစ်လာရန် သုံးပါးပေါင်းတစ်ဆူကို ယုံကြည်ဖို့လိုအပ်သည်ဟု သင်ပြောမည်လော။ အဘယ်ကြောင့်နည်း။
၆။ ယုံကြည်သူတစ်ဦးသည် သူ၏အသက်တာ၌ လုပ်ဆောင်နေသော သန့်ရှင်းသောဝိညာဉ်တော်၏မျက်မှောက်တော်ကို မည်သို့မှန်ကန်စွာတုံ့ပြန်နိုင်သနည်း။
၇။ သင့်အသက်တာတွင် ဝိညာဉ်တော်၏အပြည့်အဝလုပ်ဆောင်မှုကို ဟန့်တားသည့်အရာများအတွက် သင့်အသက်တာကို ဆန်းစစ်ပါ။ သင့်အသက်တာ၌ ပို၍တန်ခိုးနှင့်ပြည့်ရန် ဝိညာဉ်တော်ကို ဖိတ်ခေါ်နေစဉ် ထိုအရာများကို ဝန်ခံပြီး ဖယ်ရှားပစ်ပါ။

# နိဂုံး

တူညီသောလေသည် လွန်ခဲ့သည့်ထောင်စုနှစ်များအတွင်း ကမ္ဘာကို ဖြတ်သန်းတိုက်ခတ်လာသော်လည်း ကျွန်ုပ်တို့သည် ၎င်း၏သခင်အကြောင်း ကိုမသိရှိခဲ့ပေ။ အလားတူပင် ဘုရားသခင်၏လူတို့သည် အပြစ်ရှိသောရည် ရွယ်ချက်အတွက် ဝိညာဉ်တော်၏တန်ခိုးကို အသုံးချရန် ကြိုးစားမှုတိုင်းတွင် ကျရှုံးလျက်ရှိကြသည်။ နိဒါန်းတွင် ဖော်ပြထားသည့်အတိုင်း ဖလော်ရီဒါရေ ကန်ရွက်လှေကို ကျွန်ုပ်တာဝန်ယူမည်ဆိုပါက အနီးအနားမှာ အခြားလှေများ မရှိသော်လည်း ၎င်းကို ရိုက်ချိုးမိမည်မှာ သေချာပါသည်။ ယနေ့ခေတ် လူများ စွာတို့သည် ကြီးမားသောလုပ်ဆောင်မှုများ၊ ငွေကြေးအမြောက်အများအစီအ စဉ်များ၊ ဝတ်ပြုကိုးကွယ်ခြင်း တန်ခိုးတို့ဖြင့် ဝိညာဉ်တော်၏ထိန်းချုပ်မှုကို ရယူရန် ဝမ်းနည်းစွာကြိုးစားကြသည်။ အသင်းတော်များသည် စိတ်လှုပ်ရှားမှု ကို မြှင့်တင်ရန် ကျယ်လောင်သောတူရိယာများပေါ်တွင် မှီခိုလာရပြီး ဝိညာဉ် တော်၏တိတ်တိတ်ဆိတ်ဆိတ် အလုပ်လုပ်ပုံကွယ်ပျောက်သွားလေသည်။

ဤစာအုပ်မှတစ်ဆင့် ဘုရားသခင်၏ဝိညာဉ်တော်သည် ကျွန်ုပ်တို့၏အ သက်တာနှင့် ဆက်ဆံပုံအဆင့်ဆင့်ကို မည်သို့လုပ်ဆောင်သည်ကို မီးမောင်း ထိုးပြထားပါသည်။ ဘုရားသခင်သည် တန်ခိုးနှင့်ဉာဏ်အလင်းကို ယူဆောင် လာသော်လည်း ကျွန်ုပ်တို့၏ပုဂ္ဂိုလ်ရေးအရ သစ္စာစောင့်သိမှုကို ရှာဖွေသော ဘုရားသခင်ဖြစ်သည်။ ကိုယ်တော်အပေါ် ကျွန်ုပ်တို့၏သစ္စာစောင့်သိမှုကို အ တည်ပြုခြင်း၌ အခွင့်အရေးကို မိမိတို့ဆုပ်ကိုင်နိုင်စေရန်အတွက် သူ၏အလို တော်ကို ထုတ်ဖော်တော်မူ၏။ ယနေ့ သင်ရှိနေသည့်နေရာမှစတင်ပြီး သူ့ ဘုန်းတော်အတွက် အလိုတော်ကို အကောင်အထည်ဖော်ရာတွင် ပြတ်သား စွာလုပ်ဆောင်ပါ။ သန့်ရှင်းသောဘုရားသခင်သည် သူ၏ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ရန် သင့်အား မည်သို့ထမ်းစေလိုသည်ကို သတိပြုပါ။ ကျွန်ုပ်တို့တွင် မတူညီသောဆုလက်ဆောင်များနှင့် အခွင့်အလမ်းများရှိသော်

လည်း သူ၏သားသမီးတစ်ဦးစီတွင် လုပ်ဆောင်လျက်ရှိသည့် သူ၏ဒီဇိုင်းပုံစံမှာ အတူတူပင်ဖြစ်သည်။ ခမည်းတော်ဘုရားသခင်၏ဘုန်းတော်ထင်ရှားရန် အတူတကွလုပ်ဆောင်ရန်ဖြစ်သည်။

ဝိညာဉ်တော်သည် ကျွန်ုပ်တို့၏အသက်တာအတွက် ဘုရားသခင်ထားရှိသည့်ကြီးမားသောရည်ရွယ်ချက်များကို လုံခြုံစေရန်နှင့် သူ၏ကြီးမာသောလုပ်ဆောင်မှုများတွင် ကျွန်ုပ်တို့ပါဝင်နိုင်စေရန်အတွက် ကျွန်ုပ်တို့ကို လမ်းပြပို့ဆောင်ပေးနေခြင်းဖြစ်သည်။ သခင်ဘုရားကို ကျွန်ုပ်တို့အပြည့်အဝနာခံခြင်းဖြင့် ဝိညာဉ်တော်၏လေကို တုံ့ပြန်ရန် သင့်အသက်တာ၏ရွက်များကို ဖွင့်ပါ။ သင့်အသက်တာကို နှုတ်ကပတ်တော်၌ အပ်နှံပါ။ ဘုရားသခင်၏နှုတ်ကပတ်တော်ကို နာခံဝံ့ပြီး ဝိညာဉ်တော်၏ဦးဆောင်မှုကို လိုက်လျှောက်ပါ၊ ထို့နောက် သခင်ဘုရား၏အံ့သြဖွယ်လုပ်ဆောင်ချက်များကို ကြည့်ရှုလိုက်ပါ။

# စာရေးသူအကြောင်း

တက်ကြွသောစာရေးဆရာနှင့်နိုင်ငံတကာနည်းပြဆရာ Rev. Paul J. Bucknell သည် ခရစ်ယာန်လေ့ကျင့်ရေးခေါင်းစဉ်များနှင့်သက်ဆိုင်သည့် စာအုပ်နှစ်ဆယ်ကျော် ရေးသားခဲ့သည်။ Paul သည် ၁၉၈၀ ခုနှစ်များအတွင်း ထိုင်ဝမ်နိုင်ငံတွင် အသင်းတော်တည်ထောင်သူအဖြစ် အမှုတော်ထမ်းဆောင်ခဲ့သည်။ ၁၉၉၀ ခုနှစ်ပြည့်လွန်နှစ်များတွင် တရုတ်အသင်းတော်တစ်ပါး၌ (အင်္ဂလိပ်ဘာသာဖြင့်) သင်းအုပ်လုပ်ခဲ့ပြီး၊ စာရေးခြင်းလုပ်ငန်းကို ၂၀၀၀ ခုနှစ်တွင် စတင်ခဲ့သည်။ သူ၏စာအုပ်များသည် သမ္မာကျမ်းစာ၏သမ္မတရားအပေါ် ကျွန်ုပ်တို့၏အသက်တာများကို ပိုမိုတည်ဆောက်လေ၊ ကျွန်ုပ်တို့၏ယုံကြည်ခြင်း ပိုမိုခိုင်ခံ့လာလေလေဖြစ်ကြောင်း ယုံကြည်ချက်ဖြင့် ရေးသားခဲ့သည်။ Paul ၏နိုင်ငံတကာလေ့ကျင့်ရေး နှီးနှောဖလှယ်ပွဲများသည် သင်းအုပ်ဆရာများနှင့်ခရစ်ယာန်ခေါင်းဆောင်များအတွက် ခရစ်ယာန်အသက်တာ ရှုထောင့်အမျိုးမျိုးမှ ဘုရားသခင်၏နှုတ်ကပတ်တော်ကို ခံယူပြီး ထိုသမ္မာတရားများကို အသုံးချသည်။ Freedom for Biblical Foundations တည်ထောင်သူအနေဖြင့် Paul သည် ဗီဒီယိုလေ့ကျင့်ရေးသင်တန်းများနှင့်လက်ရှိဝဘ်ဆိုဒ်ဓမ္မအမှုနှင့် အတူ ပုံနှိပ်ခြင်းနှင့်ဒစ်ဂျစ်တယ်မီဒီယာကို ပံ့ပိုးပေးပါသည်။ Paul သည် ၎င်း၏ဇနီး Linda နှင့်



အတူ သားသမီးရှစ်ဦးထွန်းကားကာ လက်ရှိတွင် မြေးငါးဦးနှင့် မွေ့လျော်လျက်ရှိသည်။